www.burmeseclassic.com

မွှေး စာပေ

(၁၂)ကြိမ်မြောက်
ရိုက်နှိပ်ခြင်း


BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ရုပ်ရှင်မပြမီ ကြိုတင်ထွက်လာမည်။



၁၉၅၉–ခုနှစ်က နှစ်ကြိမ်တိတိ ရိုက်နှိပ်ရာ
ပြိုက်ကနဲ ကုန်သွားသော ခင်နှင်းယု ၏ မွေး
ဇာတ်လမ်း ကောင်းလွန်း၍ ပြည်တော်အေး ရုပ်ရှင် ကုမ္ပဏီမှ
ဝယ်ယူကာ ဒါရိုက်တာ ဦးချစ်ခင်ကိုယ်တိုင် ရိုက်ကူးနေသော

**မွေး**

**ဝ**

**တတိယအကြိမ်**
**ထုတ်ဝေစဉ်ဇာမျက်နှာဖုံး**

## မွေးကမွေးခဲ့တဲ့အကြောင်းကို ရေးမိပါတယ်

*ဖိုးသောကြာ*

ဖိုးသောကြာနဲ့မစု (ခင်နှင်းယု)တို့ ခင်မင်ရင်းနှီးတာ (၄၅)နှစ် ကျော်ကြာပါပြီ။ မစုရဲ့ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်သောင်း ကျန်းမာရေးမကောင်းလို့ 'မြရတနာ'(မမလေးဒေါက်တာမြမြအေး) ဆေးခန်းမှာ တက်ရောက်ကုသချိန် ၁၉၆၉–ခုနောက်၊ ဆုံးပါးချိန်အထိပေါ့။ အဲဒီနောက်ပိုင်းမှာတော့ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ အဆက်အသွယ်ပြတ်ခဲ့ကြပေမယ့် စိတ်ကတော့ အမြဲရင်းနှီးနေခဲ့ပါတယ်။

ဖိုးသောကြာရေးချင်တာက မစုရဲ့ဂန္ထဝင် 'မွေး' အကြောင်းပါ။ ၁၉၆၀–ခုနှစ်ကပါ 'မွေး'ကို 'ပြည်တော်အေးရုပ်ရှင်' က ပွဲဦးထွက်ရုပ်ရှင်တစ်ကားအဖြစ် ဖန်တီးချင်ပါတယ်။ ဖိုးသောကြာက တိုက်တွန်းသူပါ။ ပြည်တော်အေးမှာ ပွဲခွန်တော်အင်စပက်တော် Entertainment က ထွက်ပြီး ရုပ်ရှင်လုပ်ငန်းထဲဝင်လာတဲ့ ဦးကျော်စိုး(ဘိတ်ကလာတဲ့ ငံပြာရည်) အိပ်ဆယ်စီယာ (ယခုဝဇီရာ)ရုပ်ရှင်ရုံပိုင်ရှင် ဦးရဲမြင့်(ရုပ်ရှင်မင်းသား ကွယ်လွန်သူကျော်သက်၏ဖခင်) နဲ့လိုက်ဟောက်စ် (ယခုရွှေဆောင်) ရုပ်ရှင်ရုံမန်နေဂျာ ဦးသိန်းအောင်တို့ ရှိနေကြပါတယ်။ အားလုံးက ဖိုးသောကြာရဲ့ ဘော်ဒါတွေပါ။ ဝါးခယ်မသား ဒါရိုက်တာဦးချစ်ခင်ကို မစုဆီက ''မွေး''ဝတ္ထုကိုဥာဏ်ပူဇော်ခပေးပြီး ရုပ်ရှင်အဖြစ်ဖန်တီးကြဖို့ ကန်တော့ပွဲပေးပြီးသွားပြီ။ ဒါပေမယ့် ရုပ်ရှင်ကားက တစ်လမှကျမလာဘူး။ ပြဿနာပေါင်းသောင်းခြောက်ထောင်နဲ့ပေါ့။ ကိုကျော်စိုးက မြို့မရုပ်ရှင်ရုံအပေါ်ထပ်မှာနေတယ်။ လဲကျလို့ ဒဏ်ရာအနာတရဖြစ်တယ်။ တစ်ခုပြီးတစ်ခုပေါ့။ သတင်း အမျိုးမျိုးနဲ့။

www.burmeseclassic.com



ဖိုးသောကြာက ဗမာ့ခေတ် (ယခင်အသုံး) သတင်းစာ သောကြာနေ့ရုပ်ရှင်ခန်းမှာ အဲဒီအကြောင်းကို ရေးတယ်။ မွေးကို ‘မွေ့’လို့ခေါင်းစဉ်တပ်ရေးခဲ့တယ်။ ‘မွေး’ကတော့ ‘မွေ့’နေပြီဆိုတဲ့သဘော ပေါ့။ နောက်တော့ ပြည်တော်အေးရုပ်ရှင်က မွေးဇာတ်လမ်းမှာပါတဲ့ အာရောဂျံဆေးရုံရှိတဲ့ အိန္ဒိယနိုင်ငံ မဒရပ်စ်မြို့မှာ မွေးရဲ့ဇာတ်ဝင်ခန်း သွားရိုက်ကြတယ်။ တိုက်ဆိုင်ချင်တော့ အိန္ဒိယနိုင်ငံ နယူးဒေလီမှာ အိန္ဒိယနဲ့ အိမ်နီးချင်းသုံးနိုင်ငံ မြန်မာ၊ ပါကစ္စတန်နဲ့ သီရိလင်္ကာ(အဲဒီ အချိန်က သီဟိုဠ်)က သတင်းစာအယ်ဒီတာများ ကွန်ဖရင့်လုပ်မှာမို့ မြန်မာနိုင်ငံကပါဝင်တက်ရောက်ဖို့ ဖိတ်တယ်။ အိန္ဒိယကို မြန်မာပြည်က သတင်းစာဆရာတွေက ဘယ်သူမှမသွားချင်ကြဘူး။ အဲဒီတုန်းက ပြန်ကြားရေးဌာနညွှန်ကြားရေးမှူးဦးခင် (နောင်ကုလသမဂ္ဂပြန်ကြားရေး) က ဗမာ့ခေတ်သတင်းစာ တာဝန်ခံ အယ်ဒီတာအဖြစ် ဖိုးသောကြာကို အိန္ဒိယကို လိုက်ဖို့ပြောတယ်။ ဖိုးသောကြာကငြင်းတယ်။ အဲဒီအချိန် (၁၉၆၁) မှာ ဗမာ့ခေတ်က ဦးလေး(ဗမာ့ခေတ်ဦးအုန်းခင်)နဲ့ အန်တီခင် (ဒေါ်ဒဂုန်ခင်ခင်လေး)တို့ရဲ့ အိမ်ထောင်ရေး မုန်တိုင်းက ‘လေဖိအား နည်းရပ်ဝန်း’ဖြစ်ပေါ်နေပြီ။ ဒါပေမယ့် ဦးခင်ကမရဘူး။ အတင်းတိုးထည့်တာနဲ့ ဖိုးသောကြာလည်း မလိုက်ချင် လိုက်ချင်နဲ့ မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးစိုးမောင် (သာဂရ စိုး)ကိုလည်း ခင်မင်အားနာတာမို့ လိုက်ခဲ့ရတယ်။

နယူးဒေလီ အယ်ဒီတာ ကွန်ဖရင့်အပြီး အိန္ဒိယနိုင်ငံတစ်ဝန်း ကို လေ့လာရေးထွက်ဖို့ ခရီးစဉ်ဆွဲတော့ ဖိုးသောကြာက မဒရပ်စ်က စထွက်ဖို့ အကြံပေးတယ်။ အကြောင်းက မဒရပ်စ်မှာ ‘မွေး’ဇာတ်ကား ရိုက်မယ့်အဖွဲ့ရှိနေတာကို ဖိုးသောကြာတို့အဖွဲ့ (ပါကစ္စတန်က မောနင်း





စတားအင်္ဂလိပ်ဘာသာထုတ် သတင်းစာအယ်ဒီတာ မစ္စတာမူစတာရှား၊ ဂျန့် (Junk) သတင်းစာ (ပါကစ္စတန်ဘာသာထုတ်) က အယ်ဒီတာ ‘မစ္စတာဒီဇူဇာ’တို့လည်း ပါကြတယ်။ မြန်မာ့အလင်းဦးစိုးမောင်ကတော့ ‘ဗုဒ္ဓဂါယာ’မှာ တရားသွားထိုင်ရင်း စောင့်နေမယ်ဆိုပြီး ‘ဒေလီ’ကနေ ‘ဂါယာ’ကိုသွားလိုက်လို့ ပါမလာတော့ဘူး။

မဒရပ်စ်လေဆိပ်အရောက်မှာ လာကြိုတဲ့ မြန်မာကောင်စစ်ဝန် ကို ရောက်ရောက်ချင်းမေးကြည့်တော့ ‘မွေး’ရုပ်ရှင်ရိုက်အဖွဲ့ရှိနေကြောင်း တည်းခိုသောနေရာကို သိကြောင်းပြောပြပါတယ်။ ဖိုးသောကြာကလိုက်ပို့ ပေးဖို့ အကူအညီတောင်းပြီး ဖိုးသောကြာတို့ တည်းရမယ့် ဟိုတယ်အို ရှင်းနစ် (Hotel Oecanic) ကို မွန်းလွဲတစ်နာရီမှာ ချိန်းကြပါတယ်။ ‘မွေး’ရုပ်ရှင်အဖွဲ့က တည်းနေရတဲ့နေရာက အလွန်ဈေးချိုပြီး အသင့် အတင့်သာရှိတဲ့ တည်းခိုခန်းတစ်ခုပါ။ ဖိုးသောကြာရောက်သွားတော့ ဦးသိန်းအောင်ရယ်၊ မင်းသားကြီးကျော်ဆွေ၊ မင်းသမီးမြင့်မြင့်ခင်၊ မြင့်မြင့်ခင်ရဲ့ခင်ပွန်း ဦးခင်မောင်ညွန့်တို့ ဝမ်းသာအံ့သြပေါ့။ မင်းသားကြီး ကျော်ဆွေက ဖိုးသောကြာရဲ့ ရှပ်အင်္ကျီအိတ်ထဲက ခရီးသွားချက် (T.C) ကိုတွေ့ပြီး “ဟာ . . . ကိုခင်မောင်လေးတို့ကတော့ T.C နဲ့ပါလား။ ကျုပ်တို့ကတော့ FE မရလို့ အစားအသောက်ကအစ ဒုက္ခရောက် နေကြတာပြောကြပါတယ်။ ဒါနဲ့ဖိုးသောကြာက “ခင်ဗျားတို့ကို ဒီညနေ ထမင်းကျွေးမယ်ဗျာ”လို့ ဖိတ်လိုက်တယ်။ ဖိုးသောကြာ တည်းနေတဲ့ ဟိုတယ်မှာ ကျွေးမယ်လို့ပြောတော့ အတူပါလာတဲ့ မြန်မာကောင်စစ်ဝန် ကြီးက “ကျွန်တော် ကျွေးပါရစေခင်ဗျာ။ ဟိုတယ်မှာတော့မဟုတ်ဘူး၊ ကျွန်တော်တို့ စားနေကျဆိုင်ပါ။ ကောင်းပါတယ်” ဆိုပြီးချိန်းလိုက် ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ညနေစာ' စားကြတဲ့ဆိုင်အပေါ်ထပ်မှာ သီးသီးသန့်သန့်လေးလုပ်ထားပါတယ်။ ဆိုင်တစ်ခြမ်းမှာတော့ မဒရပ်တက္ကသိုလ်ကကျောင်းသူ၊ ကျောင်းသားတစ်ဖွဲ့ လူ(၁၀)ယောက်လည်း သူတို့အစီအစဉ်နဲ့သူတို့ရှိနေကြတယ်။

ဖိုးသောကြာက "အိန္ဒိယမင်းသား ဒီလစ်ကူးမားတို့၊ ရပ်ဂျ်ကပူးတို့ ရန်ကုန်လာတုန်းကတော့ ခင်ဗျားတို့တစ်တွေဝိုင်းညှော်လိုက်ကြတာ၊ ခင်ဗျားတို့ကို လာမဆက်သွယ်ဘူးလား" လို့မေးတော့ "ကျွန်တော်တို့ ဒီရောက်နေတာတောင် မသိကြဘူးဗျာ"လို့ မင်းသားကြီးကျော်ဆွေက ပြောပါတယ်၊ "ကျွန်တော်ကတော့ ဒီမှာလွတ်လပ်တယ်ဗျို့။ လမ်းဘေးမှာ မတ်တတ်ရပ်အပေါ့သွားရင်တောင် သိတဲ့လူမရှိဘူးဗျ"တဲ့၊

ဦးသိန်းအောင်က သူတို့မနက်ဖြန် မဒရပ်စ်မှာ ရုပ်ရှင်စရိုက်မယ့်အကြောင်း ကားနဲ့ကင်မရာတင်ရိုက်ဖို့ ကားနောက်တွဲယာဉ် စီစဉ်ရတာကအစ ခက်ခဲပုံတွေ ရှင်းပြတယ်။ ရိုက်မယ့်အခန်းက အတွတ် (ကျော်ဆွေ)နဲ့ မွှေး (မြင့်မြင့်ခင်)တို့ ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက်စကားပြောခန်း။

ဖိုးသောကြာက "ကျွန်တော် မလာနိုင်တော့ဘူးဗျာ။ မနက်ဖြန်မနက် ဘုံဘေကိုဆက်ထွက်ရမယ်။ ရန်ကုန်ရောက်မှ တွေ့ကြတာပေါ့ဗျာ" လို့ပြောရတယ်။ အိန္ဒိယက ကမ္ဘာမှာဒုတိယအကြီးဆုံး ရုပ်ရှင်လုပ်ငန်းကြီးနိုင်ငံဖြစ်တယ်ခင်ဗျ။ ဘုံဘေက အိန္ဒိယရဲ့ (ဟောလီးဝုဒ်)ဖြစ်ပြီး (မဒရပ်စ်)က ဒုတိယမြို့တော်ဖြစ်တယ်။ အနုပညာမှာ 'မဒရပ်စ်'က မြင့်တယ်ခင်ဗျာ။ မန္တလေးလိုပေါ့။

ဖိုးသောကြာတို့နဲ့ ခန်းမတစ်ခုထဲမှာ ရှိနေကြတဲ့ မဒရပ်စ်တက္ကသိုလ်ကျောင်းသူတစ်ဦးနဲ့ ကျောင်းသားတစ်ဦးက ဖိုးသောကြာတို့





ကို ကွက်ကြည့်လုပ်နေတယ်။ ဖိုးသောကြာကမေးတော့ "ခင်ဗျားတို့မြန်မာပြည်ကလား"တဲ့။ "ဟုတ်တယ်"လို့ ပြောတော့ "ကျွန်တော့်ဆွေမျိုးတွေ မြန်မာပြည်မှာရှိတယ်"တဲ့။ ဒါကြောင့် "ကျွန်တော်က မြန်မာတွေပဲ ထင်လို့ကြည့်မိတာပါ"တဲ့၊ ဖိုးသောကြာက "ဘယ်မြို့မှာလဲ"လို့မေးတော့ "တောင်ငူဖေယျုဝတီ"မှာတဲ့။ ဒါနဲ့ဖိုးသောကြာက 'သူတို့က မြန်မာနိုင်ငံမှာ အကျော်ကြားဆုံး ရုပ်ရှင်မင်းသား မင်းသမီးတွေဖြစ်တယ်" လို့ပြောပြီးနာမည်ပြောပြတယ်။ သူတို့က "ဝမ်းနည်းပါတယ် မသိပါဘူး"တဲ့။ "မင်းတို့ ဒီလစ်ကူးမားနဲ့ ရပ်ဂျ်ကပူး(အိန္ဒိယရုပ်ရှင်မင်းသားတွေ)ကို သိလား"ဆိုတော့ သူတို့က သိပ်သိကြတာပေါ့ဗျာတဲ့။ "အေး...သူတို့ ဒီလစ်ကူးမားနဲ့ ရပ်ဂျ်ကပူး" တို့ရဲ့ ရုပ်ရှင်မိတ်ဆွေတွေပဲ၊ သူတို့လိုပဲ မြန်မာပြည်က ကျော်ကြားတဲ့ ရုပ်ရှင်မင်းသားမင်းသမီးတွေပဲ"လို့ ခပ်ကြွားကြွားပြောလိုက်တော့ သူတို့တစ်တွေ အံ့သြတဲ့မျက်နှာနဲ့ သူတို့အချင်းချင်းလည်း ပြောပြကြတယ်ထင်ပါရဲ့။ ကျော်ဆွေနဲ့ မြင့်မြင့်ခင်ကို လှမ်းလှမ်းကြည့်နေကြတာ ဖိုးသောကြာ သတိထားမိသဗျ။

'မွှေး'အဖွဲ့ လမ်းခွဲပြီး ဖိုးသောကြာ 'ဘုံဘေ'ကိုရောက်သွားပါတယ်၊ ဖိုးသောကြာတို့အဖွဲ့ရဲ့ ဆက်သွယ်ရေးအရာရှိ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ပြန်ကြားရေးအတွင်းဝန် မစ္စတာရှူကလားကို ဖိုးသောကြာက မင်းသားဒီလစ်ကူးမားနဲ့ တွေ့ချင်တယ်။ စီစဉ်ပေးပါလို့ ပြောတော့ မစ္စတာရှူကလား မျက်လုံးပြူးသွားပါတယ်၊ ခင်ဗျားက "ဒီလစ်ကူးမား"ကို ဘယ်လိုသိတာလဲ၊ ရင်းနှီးလားလို့ မေးတယ်၊ ဖိုးသောကြာက ရန်ကုန်လာတုန်းက သိတဲ့အကြောင်း အိန္ဒိယရုပ်ရှင်စာစောင် မဂ္ဂဇင်းအုပ်စု မီဒီယာကြီး (RUBY)ရဲ့ အယ်ဒီတာချုပ်ကိုပါ သိတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

## ဖိုးသောကြာ

ပြောပြတော့ "မစ္စတာရှုကလား"က သူတို့ကို တွေ့ဖို့မလွယ်ဘူး။ 'ဘုံဘေ'က ရုပ်ရှင်မြို့ဖြစ်လို့ ရုပ်ရှင်ဆက်သွယ်ရေး အရာရှိတွေရှိတယ်။ ဆက်သွယ်ကြည့်မယ်လို့ ပြောပါတယ်။ အဲဒီနေ့ညနေမှာပဲ "ဒီလစ်ကူးမား"နိုင်ငံခြားကို ခရီးထွက်နေကြောင်း လေးလေးစားစား ပြန်ကြားလာပါတယ်။

ဖိုးသောကြာရန်ကုန်ပြန်ရောက်တော့ ဒီအကြောင်းတွေကို ဗမာ့ခေတ်သတင်းစာ သောကြာရုပ်ရှင်ခန်းမှာ ရေးပါတယ်။ ဖိုးသောကြာရေးတာကို ဖတ်ရတဲ့ 'မစု'က ဖိုးသောကြာကို ဖုန်းဆက်ပြီး အကျိုးကြောင်း မေးလာပါသေးတယ်။

ဖိုးသောကြာနဲ့ မစုတို့ရဲ့ အမှတ်တရ တစ်ခုကို မစုကွယ်လွန်ခဲ့ရှာပြီဖြစ်လို့ အလွမ်းပြေရေးမိတာပါခင်ဗျား။ မစုကောင်းရာ သုဂတိကို ရောက်မှာပါ။

ဖိုးသောကြာ

ပေါ်ပြူလာ၊ တွဲ-၇ အမှတ်-၆၊

(၁၁-၂-၂၀၀၃)



## အစဉ်ပျံ့မွှေးနေသောမွှေး

"ယခုလိုအချိန်သို့ ရောက်ပြီဆိုလျှင် အတွတ်နှင့်မွှေးတို့ အတူတကွ မွှေးဖွ ခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်"

ဤစကားလုံးများနှင့် မွှေးဝတ္ထုကို ကျွန်မဖွင့်ခဲ့ပါသည်။ မွှေးဝတ္ထုကို ကျွန်မနှလုံးသားတွင် သန္ဓေတည်ခဲ့သည်မှာ အိန္ဒိယတွင် ကျွန်မဆေးကုသခံခဲ့စဉ်က ဖြစ်ပါသည်။

## သူ့စကားနားထောင်ကာ

ကျွန်မတို့မှာ တီဘီရောဂါမျိုးမရှိသော်လည်း ကျွန်မ၏မေမေမှာ တီဘီရောဂါနှင့် ကွယ်လွန်ခဲ့ပါသည်။ ဒုတိယ အစ်မဖြစ်သူမှာ ရောဂါကူးစက်ကာ အသက်ဆုံးရှုံးရပြန်သည်။ မဆုံးပြီး ကျွန်မတို့တစ်အိမ်သားလုံး ဆေးစစ်ကြပါသည်။ ကျွန်မ၏ညာဘက်ခြမ်းအဆုတ်တွင် အစက်တစ်စက်တွေ့ရပါသည်။ ထို့ကြောင့် ကျွန်မရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကုသခံခဲ့ပါသည်။ မဆုံးချိန်မှာ ကျွန်မဆေးရုံတက်သည်အထိ ကျွန်မခင်ပွန်းသည် ဗိုလ်ကြီးကျော်သောင်းမှာ ရန်ကုန်တွင် မရှိပါ။ ကလောတွင် စစ်ဦးစီးတက္ကသိုလ်ဝင် သင်တန်းသို့ တက်ရောက်နေပါသည်။ သူပြန်လာမှပင် ကျွန်မဆေးရုံတက်နေကြောင်း သိရပါသည်။

ဆေးရုံသို့ သူလာရောက်တွေ့ဆုံရင်း "မျိုးရိုးမရှိဘူးဆိုပေမယ့် အခု မေမေရော၊ မမရောဆုံးပြီ။ အချိုရဲ့အဆုတ်မှာလည်း အခုကူးစက်လာပြန်ပြီဆိုတော့ ကိုကြီးစိုးရိမ်တယ်။ မြန်မာပြည်မှာ ကုလို့ရတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် အိန္ဒိယကို သွားစေချင်တယ်။ မဒရပ်က တီဘီဆေးရုံမှာ သွား ကုပါ။ အချိုတို့မိသားစုမှာ တီဘီအမြစ် ပြတ်သွားစေချင်တယ်"

သူဆုံးဖြတ်ချက်အရ ကျွန်မသည် အိန္ဒိယသို့ ၁၉၅၈–ခုနှစ်၊ မတ်(၂)ရက်နေ့တွင် ထွက်ခွာလာခဲ့ပါသည်။ အစ်ကိုကြီးမှာ ဖေဖော်ဝါရီလ (၂၈)ရက်နေ့ကတည်းက မှတ်ကျွန်းသို့ တာဝန်နှင့်ထွက်ခွာသွားခဲ့ပါသည်။ ကျွန်မတို့နှစ်ယောက် ခရီးမထွက်ခင် မတွေ့ဆုံခဲ့ကြရပါ။ အမှန် တော့ ကျွန်မအဆုတ်မှာ ရန်ကုန်ဆေးရုံကြီးတွင် အနားယူကုသခဲ့သဖြင့် အနာကျက်ရှပ်နေပါပြီ။ သို့သော် သူစိုးရိမ်ပူပန်သည့်အတိုင်း ကျွန်မတို့ မိသားစုတွင် တီဘီဆက်လက်အမြစ်တွယ်မှာစိုး၍ ကျွန်မ သူ့စကားနားထောင်ကာ အိန္ဒိယသို့ သွားခဲ့ပါသည်။

## အားငယ်လိုက်သည့်ဖြစ်ခြင်း

အိန္ဒိယသို့(ဝါးခယ်မ) သခင်သိန်းဖေတို့ဇနီးမောင်နှံ၊ ဆရာဦးဆိုတင့်တို့နှင့်အတူ ကျွန်မလိုက်ပါသွားခဲ့ပါသည်။ သူတို့သည် ကျွန်မကို မဒနာပလီအထိ လိုက်ပို့ကြပါသည်။ အမှန်တော့ တီဘီကုသော အာရောဂျဆေးရုံမှာ မဒရပ်နယ် မဒနာပလီရွာလေးတွင် တည်ထောင်ထားခြင်း ဖြစ်ပါသည်။ ဆေးရုံရောက်တော့ သူတို့မှာ ညမအိပ်နိုင်၊ ကိုချင်ကို ခရီးဆက်ထွက်ရမည်ဖြစ်သည်။

သွားခါနီး သူတို့ကို ကျွန်မကန်တော့သောအခါ သူတို့လည်း ငိုကြသည်။ ကျွန်မကတော့ မျက်ရည်လည်ရွဲနှင့်။

ရန်ကုန်မှ ထွက်သည့်နေ့ကလည်း ချစ်သူနှင့် မတွေ့ရပါ။



တပ်မတော်သား ဇနီးပေပဲ ဒီလိုပဲပေါ့ဟု ကိုယ့်စိတ်ကိုယ်တင်းကာ ထွက်ခဲ့ပါသည်။ အိန္ဒိယရောက်တော့လည်း တစ်ယောက်တည်း ဆေးရုံတွင်ကျန်ရစ်ခဲ့ရသည်။ ဆေးရုံကလည်း ကျွန်မထင်သလိုမဟုတ်၊ ရန်ကုန်ဆေးရုံကြီးလိုအခန်းနှင့် လူနာများကိုထားသည်မဟုတ်။ တစ်ယောက်တစ်အိမ်၊ တစ်အိမ်နှင့်တစ်အိမ်ကလည်း ပေ(၁၀၀)လောက်ဝေးသည်။ သူတို့ပြန်သွားကတည်းက ကျွန်မအားငယ်လိုက်သည်ဖြစ်ခြင်း၊ ငို၍လည်းမဆုံးပါ။ ဆေးရုံသို့ရောက်နှင့်သော မြန်မာလူနာများက ကျွန်မရောက်သည့် သတင်းကြားပြီးကတည်းက အားပေးကြ၊ ပြုစုစောင့်ရှောက်ကြပါသည်။

ကျွန်မ ဘယ်လိုကုသခံခဲ့ရသည်ကို မွေးဝတ္ထုတွင် ရေးသားဖော်ပြပြီးဖြစ်၍ ကျွန်မ၏စာဖတ်ပရိသတ်က သိရှိပြီးဖြစ်ပါသည်။ ကျွန်မရောက်ကတည်းကပင် ဆေးစစ်ခံရစဉ်အတွင်း အနားယူရမည်ဆို၍ Yellow Bed အိပ်ရာတွင် လှဲနေရပါသည်။ မထိုင်ရပါ။ လူနာ၏နေ့စဉ်မှတ်တမ်းတွင် အဝါရောင်ပြသထားလျှင် ထိုလူနာမှာမထရ၊ အိပ်ရာပေါ်တွင်လှဲနေရပါသည်။ ကျွန်မကိုဆေးစစ်ပြီး ဘာမှမတွေ့၊ အနာကလည်း ကျက်သွားပြီဆိုပါသည်။ သို့သော် ပိုမိုသေချာအောင် တံတွေးကို Culture လုပ်ပြီး ပိုးမွေးထားပါသည်။ တနင်္ဂနွေ(၆)ပတ်ကြာမည်ဖြစ်သည်။ အများကလည်းမရှိ၊ သွေးနှင့်ရိုးရိုးတံတွေးများတွင်လည်း ပိုးမတွေ့၍ ဆေးစစ်ပြီးချိန်တွင် အဝါမှအပြာနုရောင် ပြောင်းလဲပေးပါသည်။ ကုလားထိုင်များနှင့် ထိုင်ခွင့်ရပါသည်။ လမ်းလျှောက်၍တော့မရပါ။ ကျွန်မအရပ်(၅)ပေ (၂)လက်မဆိုလျှင် အလေးချိန်မှာ ပေါင်(၉၀)မပြည့် လျော့နည်းနေ၍ ကောင်းကောင်းစား ကောင်းကောင်းနားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မွေးပျံ့သော တမာပွင့်ရနံ့

ထိုင်ခွင့်ရတော့မှ ကျွန်မသည် အိမ်ရှေ့တွင် ညနေတိုင်းထိုင်၍ ပတ်ဝန်းကျင်ကို ကြည့်ခွင့် လေ့လာခွင့်ရပါသည်။ ကျွန်မထိုင်သောနေရာမှာ တမာပင်အောက်ဖြစ်၍ တမာပွင့်ကြွေတို့မှာ မြေပေါ်တွင် ဖွေးဖွေးလှုပ်နေကြပါသည်။ တမာပွင့်ရနံ့မှာ လေထဲတွင် မွှေးပျံ့နေပါသည်။ အဝေးမှာ သစ်ရွက်စိမ်းများနှင့် ဥယျာဉ်အုပ်အုပ်ကိုလည်း မျှော်ကြည့်ရသည်။ လမ်းလျှောက်ထွက်ခွင့်ရသူ လူနာများကိုလည်း မေးကြည့်မိ၏။ အိမ်နီးချင်း လူနာအိမ်များကိုလည်း မျှော်ကြည့်ရင်းနှင့် စိတ်ဖြေရသည်။

ခပ်လှမ်းလှမ်းတွင် အိန္ဒိယတိုင်းရင်းသူ လူနာတစ်ယောက်ကို တွေ့ရသည်။ သူ့ကိုသူ့ဖခင်ကြီးကိုယ်တိုင် စောင့်ရှောက်ပေးသည်။ တစ်ညနေမှာတော့ ဆေးရုံမှ စာရေးလေးက စာတစ်စောင်ကို လူနာ၏ဖခင်လက်ထဲသို့ ထည့်သည်ကိုတွေ့ရသည်။ ဖခင်က ထိုစာကိုလူနာအား ဖတ်ပြသည်။ လူနာကလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

စာဖတ်ပြီးချိန် လူနာ၏အမူအရာမှာ ရွှင်လန်းနေပုံရ၏။ ထိုစာရေးလေး လမ်းမဘက်သို့ထွက်လာမှ ကျွန်မက လှမ်းခေါ်လိုက်၏။ သူယူလာသော စာထဲမှာ ဘာတွေပါသည်ကို ကျွန်မမေးကြည့်၏။ စပ်စုလို၍မဟုတ်ပါ။ အမှန်တော့ သူတို့၏ဝမ်းမြောက်စရာသတင်းကို ကျွန်မကြားချင်၍ဖြစ်ပါသည်။ တစ်ယောက်တည်း ကျန်နေရသောအခါ ကျွန်မနှင့်ဘဝတူ လူနာများအပေါ် ကျွန်မစိတ်ဝင်စား၍ဖြစ်ပါသည်။



## ဘုရားတခဲ့မိသောနေ့

"အဲဒီလူနာမှာ ကလေး(၃)ယောက်ရှိတယ်။ ဒီကလေးတွေကို သူ့ယောက်ျားက ပြုစုနေရတယ်။ စီးပွားရေးက တစ်ဖက်ဆိုတော့ လူနာကို လာမပြုစုနိုင်ဘူးလေ။ ဒါကြောင့် အဖေကြီးက သူကိုယ်တိုင် သမီးကိုလိုက်လာပြီး ပြုစုတာ။ တစ်ဦးတည်းသော သမီးလေ၊ အဲဒါရှေ့လကုန်ရင် သူ့ယောက်ျားက ကလေးတွေကို ဆေးရုံခေါ်လာပြီး ပြမယ်တဲ့"

ကျွန်မရင်ထဲမှာလည်း ဝမ်းသာသွားပါသည်။ သူတို့မိသားစုပြန်လည်တွေ့ဆုံကြတော့မည်။ တီဘီသွေးဆုတ်ဘီလူး၏ အရိပ်အောက်တွင် ဖရိုဖရဲဖြစ်ရသော မိသားစုဒုက္ခကို ကိုယ်တိုင်ခံစားရဖူး၍ ဘယ်အခါမဆို ကိုယ်ချင်းစာမိပါသည်။

သို့သော် စာရေးလေးက ဒီတွင်မရပ်။

"အဲဒီ လူနာမိန်းမက သူ့ယောက်ျားဆီ စာရေးလိုက်တယ်လေ။ သူဒီဆေးရုံရောက်နေတာ သုံးနှစ်ရှိပါပြီ။ သူ့ရောဂါကလည်း ကုမရတော့ဘူးဆိုတာ သူသိတယ်။ ကုရတဲ့အချိန်ကလည်း သိပ်ကြာမှာမို့ သူ့ယောက်ျားကို နောက်မိန်းမယူတော့လို့ စာရေးလိုက်တယ်။ ဒါကြောင့် သူ့ယောက်ျားက ရှေ့အပတ်မှာ မိန်းမယူတော့မယ့်အကြောင်း စာရေးလိုက်လို့ အဖေကြီးက ဖတ်ပြနေတာ"

ဘုရား... ဘုရား ကျွန်မသည် စာရေးလေး ထွက်သွားသည်အထိ စကားမပြောနိုင်။ လူနာမိန်းမကိုလည်း ချီးကျူးမိ၏။ လင်သားအပေါ် စိတ်လျှော့ခွင့်လွှတ်နိုင်၍ပဲလား။ သားသမီးတို့ကို တွေ့ရတော့မည်ဖြစ်၍လားမသိ။ ရွှင်လန်းတက်ကြွနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုညကတည်းက စိတ်ထဲမှာ အိမ်ကိုအထူးသတိရသည်။ အထူးသဖြင့် ကျွန်မတို့ အိမ်ထောင်ရေးဖြစ်ပါသည်။ တကယ်တော့ ကျွန်မသည် သမီးကောင်းတစ်ယောက်ဖြစ်ခဲ့ပါသော်လည်း ဇနီးကောင်း တစ်ယောက်မဖြစ်ခဲ့ပါ။

## ရေးလက်စစာမူ

လက်ထပ်ပြီးစကတည်းက အမေ့ငဲ့ရ အစ်မငဲ့ရ အဖေငဲ့ရနှင့် သူ့နောက်သို့ မလိုက်ပါနိုင်ခဲ့။ တစ်ခါတစ်ရံသာ သွားရောက်လည်ပတ်နိုင်ခဲ့သည်။ ယခုလည်း ကျွန်မရောဂါကြောင့် သူနှင့်ခွဲခွာလာခဲ့ရပြန်သည်။ သူသာ သဘောထားမကြီးခဲ့ပါလျှင် သို့မဟုတ် သစ္စာမရှိခဲ့ပါလျှင် နောက်မိန်းမယူလျှင်ကော ကျွန်မ ဘာများတတ်နိုင်မည်နည်း။ အိန္ဒိယတိုင်းသူ လူနာလို လင်သားအပေါ် ခွင့်လွှတ်နိုင်မည်လား။ ထိုအတွေးကို မှတည်၍ "မွေး"ဝတ္ထုသည် ကျွန်မနှလုံးသားတွင် သန္ဓေတည်ခဲ့သည်ဟု ဆိုလိုပါသည်။ တစ်ခုကလည်း အာရောဂျံတွင် မြန်မာလူနာများ စုဝေးစကားပြောရင်း အာရောဂျံတွင် လာရောက်ကုသရသော ဒုက္ခကြောင့် သူတို့ကုထုံးအတိုင်း ကုနိုင်လျှင် မြန်မာပြည်မှာရောသီးသန့် တီဘီဆေးရုံတစ်ခုဆောင်ရန် မဖြစ်နိုင်ဘူးလားဟု အကြံဖြစ်ကြသည်။ ကျွန်မရင်ထဲမှာလည်း ထိုစိတ်ကူးပေါ်ခဲ့ပါသည်။

အိန္ဒိယမှ ပြန်ရောက်ရောက်ချင်း ကျွန်မ သူ့နောက်ကို လိုက်ပါသွားခဲ့ပါသည်။ သူသည် ကလောမှာ ဦးစီးတက္ကသိုလ်တက်ရမည်ဖြစ်၍ အနားလည်းယူရင်းဖြစ်ပါသည်။ ယခင်က စဉ်ဦးစီးတက္ကသိုလ်ဝင်တန်း (၂)လတက်ပြီး ယခုစဉ်ဦးစီးတက္ကသိုလ် (၉)လသင်တန်းကို တက်ရမည်



ဖြစ်ပါသည်။ ဒီတုန်းကလည်း မွေးကို မရေးဖြစ်ပါ။ ၁၉၅၉–ခုနှစ်လောက်မှရေးဖြစ်ပါသည်။ ရေးတော့လည်း ကျွန်မက ရေးရင်းရေးရင်း စာမျက်နှာ(၂၀)လောက်အရောက်တွင် ရပ်ထားပါသည်။ ကျွန်မ၏ ရေးလက်စစာမူကို သူတွေ့သွားပြီး ဖတ်ပါသည်။

## ခင်ခင်လေးနှင့်မမလေး

"အချို ဒီဝတ္ထုကို ဘာလို့ဆက်မရေးတာလဲ" သူက မေးပါသည်။

"တီဘီအကြောင်းကို အခြေခံထားပြီး ရေးတာပဲ။ နိုင်ငံခြားမှာ ဆေးသွားကုရတာ ဒုက္ခရောက်လို့ သီးသန့်တီဘီဆေးရုံတစ်ခု မြန်မာပြည်မှာဆောက်စေချင်တယ်။ တီဘီကို စိတ်နာလို့ တီဘီရောဂါတိုက်ဖျက်ရေး ရည်ရွယ်ချက်နဲ့ ရေးမလို့ဘဲ။ ဒါပေမယ့် တချို့အကြောင်းက အချိုရဲ့ ကိုယ်ရေးကိုယ်တာတွေဆိုတော့ ပရိသတ်က လက်ခံပါ့မလားလို့"

ကျွန်မက သံသယနှင့် ပြေလိုက်၏။

"ဟာ . . . အချိုကလဲ စာဖတ်ပရိသတ်အနေနဲ့ ကိုကြီးက ဖတ်ကြည့်ပြီးပြီ စိတ်ဝင်စားစရာ ကောင်းတယ် ဆက်ရေး"

သူ့တိုက်တွန်းချက်ဖြင့် ကျွန်မ 'မွေး''ဝတ္ထုကို ရေးဖြစ်ပါသည်။ ကျွန်မသည် ဝတ္ထုကိုရှည်ရှည် မရေးတတ်။ မဂ္ဂဇင်းဝတ္ထုရှည်များကို လျှောက်လွှာစာရွက်နှင့် အလွန်ဆုံး စာမျက်နှာ(၉၀)လောက်ရေးလျှင် ဝတ္ထုပြီးသွားပါသည်။ ဝတ္ထုရှည်ကြီးများကို အထူကြီးရေးနိုင်သော ဒဂုန်ခင်ခင်လေးနှင့် ဂျာနယ်ကျော်မမလေးတို့ကို ကျွန်မ အစဉ်ပဲချီးကျူးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မွေးကိုတော့ မြဝတီမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် လေးလဆက်၍ ရေးခဲ့ပါသည်။ မဂ္ဂဇင်းတွင် မွေးဝတ္ထုရေးပြီးသောအခါ စာဖတ်ပရိသတ်များထံမှ လုံးချင်းထုတ်ရန် တိုက်တွန်းစာများ လာပါသည်။ ထိုစဉ်က မြဝတီမဂ္ဂဇင်းတွင် တက္ကသိုလ်ဘုန်းနိုင်၊ ကိုကိုမောင်တို့၏ အခန်းဆက်ဝတ္ထုရှည်များကို လုံးချင်းအဖြစ် မြဝတီမဂ္ဂဇင်းက ထုတ်ဝေပေးခဲ့ပါသည်။

ရှုမဝဦးကျော်ကလည်း မွေးကိုလုံးချင်းထုတ်ရန် ကမ်းလှမ်းခဲ့ပါသည်။ သို့သော် ကျွန်မက မြဝတီမဂ္ဂဇင်းကို ဦးစားပေးရမည်ဖြစ်၍ ထုတ်ဝေမည်လားဟု မြဝတီမဂ္ဂဇင်းကို မေးသောအခါ သူတို့က မထုတ်ပါဟု ဖြေပါသည်။

## အတိုင်ပင်ခံ ရှုမဝဦးကျော်

ဒါကြောင့် ဦးကျော်နှင့် လုံးချင်းကိုထုတ်ဝေခဲ့ပါသည်။ ထုတ်ထုတ်ချင်းကုန်သွား၍ ဒုတိယအကြိမ် ဦးကျော်က ဆက်လက်ထုတ်ဝေပါသည်။ ဒုတိယအကြိမ်မှာ ဦးကျော်က ကျွန်မကို ရာခိုင်နှုန်းနှင့် ပေးရုံသာမဟုတ်၊ ငွေရင်းထည့်ဝင်စေပါသည်။ ငွေရင်းပေါ်မှ အမြတ်ကိုလည်း ကျွန်မကို ပေးခဲ့သောကြောင့် ကျွန်မငွေပိုရရှိပါသည်။ နောက်ထပ်လည်း တခြား စာအုပ်တိုက်တို့တွင် (၇)ကြိမ်တိုင် ပြန်လည်ရိုက်နှိပ်ရပါသောကြောင့် မွေးဝတ္ထုမှာ ကျွန်မအတွက် စာအုပ်အဖြစ်နှင့် ငွေအများဆုံးရသောဝတ္ထုဟု ဆိုရပါမည်။

စာဖတ်ပရိသတ်အနေနှင့် မွေးဝတ္ထုမှာ ကျွန်မ၏ Master piece ဟု ဆိုကြပါသည်။



ဝတ္ထုထွက်ပြီးတော့ ပြည်တော်အေးရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်ရန်လာ၍ဝယ်ပါသည်။ ကျွန်မမှာတော့ အတိုင်ပင်ခံ ရှုမဝဦးကျော် တစ်ယောက်ပဲရှိပါသည်။ ဦးကျော်ကို တိုင်ပင်ကြည့်တော့ . . .

"ဒါလောက် ဖတ်အိမ်ကြီးတဲ့ ဝတ္ထုကို ရိုက်ရဲတဲ့သတ္တိရှိတာ ဒေါ်အေးအေးညွန့်ကို ချီးကျူးစရာပဲ၊ မစုရောင်းလိုက်ပါ" ဆိုသောကြောင့် ကျွန်မရောင်းလိုက်ပါသည်။ သို့သော် ဝတ္ထုမှာ နာမည်အကြီးဆုံးဖြစ်သော်လည်း မညွန့်က ကျွန်မကို ငွေ(၅၀၀၀)ကျပ်သာပေးပါသည်။ အိန္ဒိယသို့ရောက်အောင် သွားရောက်ရိုက်ရ၍ ငွေကုန်များသောကြောင့်ဟု ဆိုပါသည်။ တခြားဝတ္ထုများရောင်းလျှင် ကျွန်မ(၃၀၀၀)ကျပ်ရပါသည်။

## ဆရာသန်းဆွေ၏ မှတ်ချက်

ဘယ်လိုပင်ဖြစ်ဖြစ် မွေးရုံတင်သောအခါ ရုံလေးရုံ ပထမပတ်အပြည့်ဖြစ်၍ ကျွန်မ ဝမ်းသာသွားပါသည်။ Pre-booking မှာ နှစ်သောင်းကျော်ရပါသည်။ ပထမဆုံး ရုံတင်သောနေ့က ကျွန်မထံ သူငယ်ချင်းတွေ တယ်လီဖုန်းဆက်ပါသည်။ "မိစု ပေါ်စေ့လေးတွေ အိပ်ပျော်ရာကနိုးတာ ရုပ်ရှင်ထဲမှာလဲ မပါဘူး" ဟု ဆိုပါသည်။ ပြီးတော့ မွေးက ရည်လွန်း၍နောက်ဆုံးပွဲမှာ ညဉ့်(၂)ချက်တီးမှ အိမ်ပြန်ကြရသည်ဟု ဆိုပါသည်။ ထိုအကြောင်းကို ဦးချစ်ခင်အားပြောပြတော့ နောက်နေ့တွင် ဖြတ်သင့်သည်များကို ဖြတ်တောက်ပစ်ရပါသည်။

"ကျွန်တော် မဖြတ်ချင်ဘူး၊ အသေးစိတ်တွေ ကျွန်တော်ရိုက်ထားသမျှ မစုကို ပြချင်တယ်" ဟု ဦးချစ်ခင်က ပြောသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ သားအမိ သားအဖတွေ မြို့မရုပ်ရှင်ရိုက်သောခြံမှာ သွားကြည့်ပါသည်။ တကယ်ပင် ညဥ့်နှစ်ချက်တီးမှပြီး၍ သမီးမှိ အိပ်ပျော်နေသည်ကို ပွေ့ချီ၍ ပြန်လာကြရသည်။ ထိုအထဲမှာတော့ အတွတ် အင်္ဂလန်သို့ မထွက်ခင် ဝါးခယ်မကို တစ်ခေါက်ပြန်သည့် အခန်းများကိုပါ အသေးစိတ်ရိုက်ထား၍ လွမ်းမောဖွယ်ကောင်းပါသည်။ ပထမနေ့ သမ္ဘတရုံမှာပြသော မွေးကို ကျွန်မ၏ကျေးဇူးရှင် စာရေးဆရာကိုသန်းဆွေကို ဖိတ်ခေါ်၍ပြပါသည်။ သူက ...

"ကျော်ဆွေ အကောင်းဆုံးသရုပ်ဆောင်သွားတာပဲဗျာ" ဟု မှတ်ချက်ချပါသည်။ အမှန်တော့ ဦးထွန်းဝေ ကိုကိုနိုင်အဖြစ်၊ မြင့်မြင့်ခင်က မွေးအဖြစ် သရုပ်ဆောင်ခဲ့ပါသည်။ သူတို့နှစ်ဦးလုံးလည်း ကိုယ့်အခန်းကို ပိုင်နိုင်ကြပါသည်။

## ပန်းကြွေသောလမ်း

ကျွန်မအတွက်တော့ ထုံးစံအတိုင်း ဇာတ်သိမ်းတွင် ပေါင်းရေးမပေါင်းရေးပင်ဖြစ်သည်။ ဝတ္ထုထဲက ဇာတ်သိမ်းမှာ မွေးသည် ကိုကိုနိုင်ကိုလည်း ပြန်မပေါင်း၊ အတွတ်ကိုလည်း မယူဘဲ အဆုတ်နာဆေးရုံ တည်ထောင်ဖို့ လုပ်ငန်းများကို ဆောက်ချလုပ်ရန် မိတ္ထီလာသို့ အတွတ်နှင့်အတူ ထွက်ခွာသွားခြင်းဖြင့် အဆုံးသတ်လိုက်ပါသည်။

ရုပ်ရှင်မှာတော့ မွေးကကိုကိုနိုင်ကို ပြန်လည်လက်ခံလိုက်၍ အတွတ်နောက်ဆုတ်သွားခြေင်းနှင့် အဆုံးသတ်လိုက်ပါသည်။

ကျောချင်းကပ်၍ တရွေ့ရွေ့ခွာ၊ တစ်ကမ္ဘာစီ ဝေးပြီမွေးရယ်၊ ဆိုသော သီချင်းနှင့်အတူ အတွတ်တစ်ယောက် ထင်းရှူးပင်များကြား



တွင် တရွေ့ရွေ့လျှောက်သွားရင်း ဇာတ်သိမ်းလိုက်ပုံမှာ မရိုးစရာ ကောင်းပါသည်။ လေညှင်းများတိုက်ခတ်၍ ပန်းပွင့်ဖတ်တွေ ကြွေသောလမ်း၊ ရွက်ကြွေများလျှောကျလာသောလမ်းတွင် အတွတ်လျှောက်သွားပုံရော၊ မျက်နှာထားရော၊ ဆွေးမြေ့ကြေကွဲဖွယ်ကောင်းပါသည်။

"ပန်းကြွေသောလမ်း ဖြတ်သန်းလျှောက်သောအခါ ကိုယ့်ရင်ထဲ ဘယ်နှယ့်ရှိမယ် မွေးရယ်၊ အသည်းကြွေခြင်း၊ လေလွင့်ခြင်းတွေရယ်၊ မွေးကိုချစ်မိသော အဖြေရလဒ်တွေပါကွယ်"

ဟူသော ဇာတ်သိမ်းသီချင်းနှင့် အတွတ် (ကျော်ဆွေ)၏ အမူအရာမှာ နောက်ခံရှုမျှော်ခင်းနှင့် လိုက်ဖက်လှသည်။

သို့သော် ကျွန်မအတွေးမှာ ကြည့်ရင်းကြည့်ရင်းနှင့် "မွေး" ဝတ္ထုမဟုတ်တော့ဘဲ "အတွတ်" ဝတ္ထု ဖြစ်သလိုခံစားရပါသည်။ ကျွန်မလိုပဲ အများစု မိန်းကလေးတွေ ခံစားရဟန်တူပါသည်။ မွေးရုပ်ရှင်ကြည့်ပြီးတော့ ဇာတ်လိုက်မင်းသား ကျော်ဆွေအိမ်သို့ "အတွတ်ရေ အတွတ်ရေ" နှင့် ခဏခဏဖုန်းဆက်ကြသည်ဟု ဆိုပါသည်။

## အတွတ်ကို ပြန်ပြီးလက်ထပ်ပါ

ဝတ္ထုထဲကအတိုင်းဆိုလျှင် မွေးသည် ဇာတ်လိုက်ဖြစ်သည့်အတိုင်း အဆုံးသတ်မှာ မွေးကအားလုံးကို စွန့်လွှတ်၍ သူ့ဘဝကို တိတိတိုက်ဖျက်ရေးတွင် မြှုပ်နှံသွားရန် ထွက်ခွာသွားပုံကို ပြရင်းနှင့် အဆုံးသတ်ရပါမည်။ ပရိသတ်ကြိုက်မည်၊ မကြိုက်မည်တော့ မသိပါ။ အကယ်၍များ ယခုအချိန်ထပ်၍ မွေးကိုရုပ်ရှင်ရိုက်ရဲသော ကုမ္ပဏီတစ်ခုပေါ်လာလျှင် အခြေအနေအရပ်ရပ်က ပေးလာလျှင် မူရင်းဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖတ်သိမ်းကို ရိုက်ကြည့်လျှင် ဘယ်လိုနေမလဲဟု ကျွန်မတွေးမိပါသည်။

အတွက်မှာ စာဖတ်ပရိသတ်နှင့် ရုပ်ရှင်ကြည့် ပရိသတ်ကို မည်မျှလွှမ်းမိုးနေပါသနည်း ဆိုပါလျှင် ကျွန်မ၏ခင်ပွန်းသည် ကွယ်လွန်ပြီးသောအခါ ကျွန်မ မဟာစည်သာသနာ့ရိပ်သာတွင် တရားပြန်ဝင်ပါသည်။ တစ်နေ့တရားပွဲအပြီး ဖြူဖြူချောချော၊ အရပ်မြင့်မြင့် ယောဂီဝတ်နှင့် အမျိုးသမီးကြီးတစ်ယောက် ကျွန်မကို လာနှုတ်ဆက်ပါသည်။ ကျွန်မက ယခင်က မတွေ့ဖူး၍ အံ့အားသင့်နေပါသည်။

"မစုကို အနံတီအကြံတစ်ခု ပေးပါရစေ၊ ဖြစ်ခဲ့ပြီးတာတွေကတော့ ပြီးပါပြီ၊ ခုချိန်ခါမှာ မစုအတွက် အတွက်ကိုပြန်ပြီး လက်ထပ်ပါလို့ အန်တီတောင်းပန်ချင်ပါတယ်" သူသည်ဒါပဲပြော၍ ထွက်ခွာသွားပါသည်။ ကျွန်မမှာ အံ့အားသင့်လျက် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ကြောင်၍ကျန်ရစ်ပါသည်။ နေရာကရိပ်သာလိုနေရာ၊ ယောဂီဝတ်နှင့် တရားထိုင်နေဆဲမှာမှ အတွက်ကို ပြန်လည်လက်ထပ်ပါရန် အကြံပေးသွားသော အမျိုးသမီးကြီးကို ငေးကြည့်နေမိပါသည်၊ နောက်မှ အတွက်သည် သူ့စိတ်ကို မည်မျှလွှမ်းမိုးနေပါသလဲ၊ အတွက်ကို သူသနားလွန်း၍ ကျွန်မအား အတွက်ကိုပြန်လည် လက်ထပ်ပါရန် သူအကြံပေးသွားသည်ဟု ကျွန်မ နားလည်လိုက်ပါသည်။

ဝတ္ထုထုတ်ပြီးတော့ရော ရုပ်ရှင်ပြပြီးတော့ရော ဝေဖန်ရေးစာများ ရောက်လာပါသည်။ တချို့ကလည်း သတင်းစာထဲမှာ ဝေဖန်ပါသည်။



## ဘဝနှင့်ရေခဲတောင်

တက္ကသိုလ်က ဆရာတစ်ယောက်က . . .

"ဒေါ်ခင်နှင်းယု မွေးဝတ္ထုထဲမှာ မွေးကိုပေးထားတဲ့ ဒုက္ခတွေဟာ မများလွန်းဘူးလား" ဟု လှုချင်းတွေ့ မေးပါသည်။

"အပြင်က မွေးကိုတွေ့ဖူးပါသလား၊ အပြင်က မွေးကဝတ္ထုထဲက မွေးထက် ဒုက္ခပိုများပါတယ်"ဟု ကျွန်မဖြေလိုက်သောအခါ သူအံ့အားသင့်သွားပါသည်။

အမှန်တော့ ဝတ္ထုထဲတွင် ဖော်ပြ၍ရသော အကြောင်းမျှလောက်ပဲ စာဖတ်ပရိသတ်သိရှိရပါသည်၊ တချို့လူတို့၏ တကယ့်ဒုက္ခမှာ ဝတ္ထုသို့မဟုတ် ပါးစပ်နှင့်ပင်ဖော်ပြ၍ မရလောက်အောင် ကြီးမားကြသောအဖြစ်များရှိပါသည်၊ တစ်ခါတစ်ရံ ကိုယ်ဖော်ထုတ်ပြောပြလိုက်၍ တခြားလူသိကွာကျမည်စိုး၍ ဖော်ထုတ်မရေးနိုင်၊ မပြောနိုင်သည့် အကြောင်းများ လူ့လောကတွင်များစွာရှိနေကြသည်။ ထို့ကြောင့် ကျွန်မ "သပြေဝတ္ထုတွင် ဘဝတွင်ရေခဲတောင်နှင့် နှိုင်း၍ပြခဲ့ပါသည်။ ရေခဲတောင်သည် ပြေပြင်ပေါ်တွင် မြင်သာသည့်နေရာ၌ တစ်လက်မလောက်ပေါ်လွင်နေလျှင် ရေအောက်တွင် သုံးလက်မလောက် နစ်မြုပ်၍နေတတ်ပါသည်။ ဉပမာရေးပြပါသည်။ အတိုင်းအတာ အချိုးအစား သီးသန့်ရှိပါမည်။ ဘဝ၏ဒုက္ခများစွာလည်း ရေခဲတောင်လိုပါပင်တည်း။

တချို့ဝေဖန်သူတို့က အတွက်၏ စရိုက်မှာ တကယ့်လူ့ဘဝတွင် မရှိနိုင်သော စရိုက်ဟု၍ ဆိုပါသည်၊ ထိုကိစ္စနှင့်ပတ်သက်၍ ဒါရိုက်တာ ဦးချစ်ခင်အား ကျွန်မက ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မစုကလဲ၊ မစုက မိန်းကလေး။ ယောကျ်ားတွေအကြောင်း သိသလောက်ရေးပြတာ၊ ကျွန်တော်တို့က ယောကျ်ား။ ယောကျ်ားချင်း အကြောင်း ကောင်းကောင်းသိတာပေါ့။ ကိုယ့်ရင်ထဲကအချစ်ကို မဖွင့်ရဲလို့၊ မဖွင့်သင့်လို့၊ အခွင့်မသာလို့ ရင်ထဲမှာ မျိုသိပ်ပြီး သေသွားသည်အထိ နေသွားရတဲ့ ယောကျ်ားတွေတောင် ရှိပါတယ်။ အတွတ်လို စရိုက်အပြင်မှာ အများကြီးပါ"

ဦးချစ်ခင်ကတော့ ထောက်ခံပါသည်။ ကျွန်မကလည်း တဲ့တိုးကြီးတော့ သက်သေမထူရဲပါ။ အတွတ်ကိုပင် ပထမဆုံးတွေ့ခဲ့ပါသော်လည်း ချစ်ခွင့်မသာ၍ အချစ်ကိုမရသူ၊ အကြောင်းကြောင်းတို့ကြောင့် ကိုယ်ကျိုးကိုငဲ့ပြီး ချစ်သူကောင်းစားရေးကြောင့် လက်လွှတ်ခဲ့ပါသော "အတွတ်"ကို တကယ်တွေ့၍ ဇာတ်ကောင်တစ်ကောင်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။

## ကုသိုလ်ကြမ္မာမမီပါခဲ့

ဒီနေရာမှာလည်း မွေးကို အတွတ်က ပထမဆုံးတွေ့ခဲ့ပါသော်လည်း သူသည် အကျည်းတန်သော မိန်းကလေးတစ်ယောက်၊ ခေါင်းမာသော ရန်ဖြစ်ဖက် ငယ်သူငယ်ချင်း မိန်းကလေးတစ်ယောက်အနေနှင့်သာ မွေးကိုသူချစ်ခဲ့တွေ့ဆုံခဲ့သည့် အတွတ်အဖြစ်က ပုဂံမင်း မင်းယဉ် နရသိင်္ခ ဆန်သည်ဟု ဆိုရမည်၊ ဝေဠုဝတီကို လာရောက်ဆက်သစဉ်က ခြေသလုံးကြီး၊ နဘက်ကျယ်၊ ထီးနန်းနှင့် မတန်ဟု ငြင်းပယ်ခဲ့သည်။ ညီတော် နရပတိစည်သူကို ပေးခဲ့သည်။ ညီတော် အိမ်ရှေ့မင်းလက်ထဲရောက်မှ မယ်တော်က ဝေဠုဝတီကို နားရွက်သေးအောင်၊ ခြေသလုံးသေးအောင် ပြုပြင်လိုက်သည်။ ထိုအခါမှ ဝေဠုဝတီအလှကို တွေ့ရသော နရသိင်္ခမင်းမှာ တိမ်းညွှတ်သောစိတ် ပေါ်လာရသည်။



အတွတ်ကလည်း ငယ်စဉ်က ရင်းနှီးခဲ့ပေမယ့် သူငယ်ချင်း အချစ်ထက်မွေးအပေါ် မပိုခဲ့။ မွေးအလှကို လျစ်လျူရှုခဲ့သည်။ အရွယ်ရောက်ချိန်မှာ ဖရက်ဒီက မွေးကိုတွေ့သွားတော့မှ သူ၏အချစ်လည်း နိုးကြားလာသည်။ ဒီတော့မှ မွေးမှာ သူ့ညီမတွေလောက် မချောသော်လည်း အလှထက် ချစ်စရာစိတ်ဓာတ်များ အများကြီးရှိသည်ကို သိရှိလာသောအချိန်မှာ နောက်ကျ၍သွားခဲ့ပါပြီ၊ အတွတ်အဖြစ်ကို ရှင်တေဇောသာရကဗျာတစ်ပိုဒ်နှင့် ကျွန်မသက်သေလိုက်ခဲ့ပါသည်။

"စုလည်းမဆင်၊ ထုံးနောက်ရှင်နှင့်
မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း
ကုသိုလ်ကြမ္မာ၊ မမီပါခဲ့"

ထိုကဗျာကို ရွတ်ဆိုပြခဲ့ပါသည်။ အမှန်တော့လည်း ဝတ္ထုထဲတွင်မက လူ့ဘဝမှာလည်း ကုသိုလ်ကြမ္မာဟူသော ဖူးစာက်မပါလျှင် ဘယ်လိုပဲချစ်ချစ် မပေါင်းကြရပါ။

ထိုအကြောင်းကို အထောက်အထား တောင့်တင်းအောင် ဖရက်ဒီက မွေးကို စာစ၍ပေးချိန်မှာလည်း မွေး၏ပြန်စာတွင်...

"မွေးဟာ ဘိကျွန်မလုပ်မယ့် မိန်းမတော့မဟုတ်ဘူး။ ဒါပေမယ့် မွေးရဲ့ချစ်သူနဲ့ မွေးနဲ့လက်ထပ်သူဟာ တစ်ယောက်တည်းပဲ ဖြစ်စေချင်တယ်" ဟုရေးသားခဲ့ပါသည်။ အမှန်တော့ ထိုဆုကိုလည်း တောင်းဆိုချင်ကြပါသော်လည်း လောကီသားတွေမှာ ဆုတောင်းတိုင်းပြည့်သူ နည်းပါးလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ချုပ်ညရီတွင် ဖြုတ်ချည်းမြင်သည်

သတင်းစာဆရာ တစ်ယောက်ကတော့ ...

"အတွတ်ဟာ အလိုက်ကန်းဆိုးမသိတတ်တာမှာ လွန်လွန်းတယ်။ လင်မယား အဆင်မပြေချိန်မှာ ပုံပမာ" ခေတ်ပြားကိုသွားဖွင့်တယ်။ ပြီးတော့ ကိုကိုနိုင် အိမ်ပေါ်ကမှ မဆင်းရသေးခင် မွှေးကို လက်ထပ်ခွင့်တောင်းတယ်"ဟု ဝေဖန်ခဲ့ပါသည်။ သူဝေဖန်သည်မှာ မှန်သည်။

သို့သော် ကျွန်မသည် အတွတ်ဆိုသော သူငယ်လေးအား ဖန်ဆင်းကတည်းက အချိန်ကိုမတွက်ဆတတ်သူ၊ အရာရာမှာ နောက်ကျတတ်သူ၊ နှုတ်ဆိတ်တတ်သူတစ်ယောက်အဖြစ် ဖန်တီးလို၍ အတွတ်ငယ်ငယ်က စရိုက်နှင့်ပျိုးထားခဲ့ပါသည်။ လက်မြန်ခြေမြန် ဖရက်ဒီလိုလူက သကြန်မှာ မွှေးကိုရေလောင်းနေချိန် အတွတ်က ပိတောက်ပင်ပေါ်မှာ ငုတ်တုတ်။ ဖရက်ဒီက ပိတောက်ပန်းတွေကို မွှေးကိုပေးနေချိန်မှာ သူကသစ်ပင်ပေါ်က ဆင်းဖို့ပင်အချိန်မရ။

ဖရက်ဒီက မိုးနှောင်းတစ်ညနေခင်းတွင် မွှေးအလှကို မြင်၍ ဖော်ထုတ်ပြောတော့မှ သူ့ရင်ထဲလှုပ်ရှားလာကာ မွှေးအိမ်ဘက်ကို ကူးသွားမိသည်။ ညဦး မီးတိုင်အောက်တွင် မွှေးကိုမြင်တော့လည်း ...

"မချောစရာ ချောစရာလျှင်
ကေသာဆံလွှာ ထုံးနောက်စနှင့်
ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်
ရှင်သာရှိုင် တန်ဆောင်လော့"



ဟူသော ကဗျာကိုသာ ရွတ်ပြခဲ့သည်။ သူ့အချစ်ကို ဖွင့်ရန် နှုတ်လေးခဲ့သည်။

## အချိန်ကို မတွက်တတ်သူ

မိခင်ဖြစ်သူက လူကြီးချင်းသဘောတူ၍ ဒေါ်တင်တင်ကြီး သမီးထဲမှ တစ်ယောက်ယောက်နှင့် အတွတ်ကို လက်ဆက်ဖို့ပြောတော့လည်း မွှေးက ဖရက်ဒီကို ချစ်နေပြီ။ မွှေးအချစ်ကို မွှေးမချစ်ဘဲနှင့်လည်း သူမယူချင်။ ဒီတုန်းကလည်း တစ်ကြိမ်နောက်ကျခဲ့ရသည်။

ဖရက်ဒီနှင့် မွှေးကွဲသွားပြီတော့ သူမွှေးကိုရအောင်ယူမည်။ သူ့အချစ်ကို ဖွင့်ဟတော့မည်ဆိုကာမှ ကိုကိုနိုင်က မွှေးကိုယူရန် မွှေးမိခင်ဒေါ်တင်တင်ကြီးကို ချဉ်းကပ်ပြီးဖြစ်သည်။ ဒေါ်တင်တင်ကြီးနှင့် မွှေးတို့ ညီအစ်မတစ်စုက သူ့အပေါ်သားရင်းမောင်ရင်းတစ်ယောက်လို ချစ်သောအချစ်ကို သူလေးစားသည်ကလည်းပါသည်။ ဝတ္ထုစပျိုးကတည်းက အတွတ်စရိုက်ကို အလိုက်မသိတတ်သူ၊ လက်နှေးသူ၊ အချိန်ကို မတွက်ဆတတ်သူအဖြစ် ကျွန်မပို့ပေးထားပါသည်။ နောက်ဆုံး ကိုကိုနိုင် အိမ်ပေါ်ကမဆင်းခင် အတွတ်၏တောင်းဆိုချက်ကို မွှေးငြင်းပယ်လိုက်သောအခါ ...

မြန်သင့်သည့်အချိန်တွေတုန်းက အမြဲနှောင့်နှေးခဲ့၍ နှေးကွေးရမည့်အချိန်ကျမှ အလောတကြီး လုပ်မိသည်တကား။ အချိန်ကို မတွက်တတ်သော သူ့အဖြစ်ကို ဒေါသဖြစ်မိသည်ဟု အတွတ်အကြောင်းကို ကျွန်မ ဒီလိုဖော်ထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်၏။ အတွတ်စရိုက်ကို ဦးသြဘာသ၏ ဖနက္ကမင်းဇာတ်တော်မှ စကားလုံးသဘောကို ယူသည်ဆိုလျှင် မမှားပါ။ သိဝလိဒေဝီ အချစ်ကိုရယူရန် စစ်သူကြီး၊ ထီးတော်မိုး ဘဏ္ဍာစိုးတို့က ကြိုးပမ်းချိန်တွင် ရှုံးနိမ့်ပုံကို ဦးသြဘာသက အောက်ပါအတိုင်း စကားဖွဲ့ခဲ့ပါသည်။

"ထီးတော်မိုးကား၊ ထီးတော်ကိုသာ မိုးကိုင်နိုင်၏။ သမီးတော်၏ အချစ်ကို စိုးပိုင်ခြင်းငှာ မတတ်နိုင်"ဟု ဆိုခဲ့ပါသည်။

ထီးတော်မိုးစရိုက်နှင့် အတွတ်စရိုက်ကတော့ မတူပါ။ ဒါပေမယ့် အတွတ်သည် အချစ်ကို စွန့်လွှတ်ခြင်းဖြင့်မှ ဆရာဝန်တစ်ယောက်အနေနှင့် လူနာ၏အသက်ကို ရယူဖို့စွမ်းနိုင်ပါသော်လည်း မွေး၏အချစ်ကို ရယူဖို့ဘဲ မစွမ်းနိုင်၊ ခြေလှမ်းနေးခဲ့ရပါသည်။

## ခင်နှင်းယု၏ဒေသစွဲ

'ပုံပမာ'သီချင်းဖွင့်သည်ကတော့ အတွတ် အလိုက်မသိတတ်ပုံလည်း ဖော်ချင်သည်။ ထိုသီချင်းစာသားလိုပင် ကိုကိုနိုင်နှင့်မွေးသည် ကိန္နရီမောင်နှံလို အချစ်ကြီးချစ်ပါလျက်နှင့် ကုသိုလ်ကံကြမ္မာဖန်လာတော့ ကွဲကွာသွားရသည်။ ဒါကိုပေါ်စေချင်၍ ဖြစ်ပါသည်။ ပုံပမာသီချင်းကို သေသေချာချာ နားထောင်ကြည့်ပါ။ ကျွန်မခံစားသလို ခံစားရလိမ့်မည် ထင်ပါသည်။ မွေးကို စွန့်လွှတ်ရမည့်ဆဲဆဲ ကိုကိုနိုင်၏ အလွမ်းကို ပေါ်စေချင်၍ ဖြစ်ပါသည်။

ဦးကျော် ပြောပြသည်ကမှ ...

"ကျွန်တော် မွေးကို သဘောကျတာကတော့ အကျည်းတန်တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ယောက်ျားသုံးယောက်ရဲ့ အချစ်ကို ရခဲ့တာကိုပဲ သဘောကျတယ်" ဟု ဆိုသည်။ ကျွန်မဆိုလိုသော ရုပ်အလှထက် စိတ်အလှကို ဦးကျော်သဘောကျပုံ ရပါသည်။



တချို့ကတော့လည်း ခင်နှင်းယု ဒေသစွဲကြီးလွန်းသည်ဟု ဆို သည်။ မှန်ပါ၏။ ကျွန်မ၏မွေးဖွားတိ ဝါးခယ်မမြို့ကို ကျွန်မချစ်ပါသည်။ ယခုမှ အခြေအနေက ပြောင်းသွားလျှင်တော့ မသိပါ။ ပျိုးပင်စိမ်းစိမ်း လယ်ကွင်းများနှင့် မြစ်ရေယဉ်ဝိုင်းနေသော ကျွန်မဖွားတိမြို့လေး၏အလှ ကို ကျွန်မ မမေ့။ ယနေ့တိုင် သတိရနေပါသေးသည်။ ကျွန်မ အစ်ကို တစ်ယောက် အိမ်မှာ ဝါးခယ်မ တစ်ဘက်ကမ်း ရွာသစ်ရွာနှင့် သော်က ရွာကြားတွင် ရှိသည်။ ကျွန်မ ငယ်ငယ်ကထို အိမ်ကလေး နောက်ဘက် ဆောင်မှ သော်ကရွာဘက်ကိုကြည့်လျှင် သော်ကရွာနောက်မှာ စိမ်းမြ သော စပါးကွင်းတို့အလယ်တွင် ရွှေဝါရောင် တဝင်းဝင်းနှင့် သော်က ဘုရားကြီးကို ဖူးတွေ့ရပါသည်။

နေလုံးနီနီကြီး စပါးပင်တွေထဲ နစ်မြုပ်ချိန်ကို ငေးကြည့်ရင်း နွားကျောင်းသူမပျိုင်းထဲက မပျိုင်းလို လက်ခုပ်လက်ဝါးတီး၍ ရယ်ချင်ပါသည်။ လသာသော ညများတွင် ကျွန်မတို့ သူငယ်ချင်းတွေနှင့် ကျောင်းဝိတ်ရက် လမ်းမပေါ် ထုတ်ဆီးတိုးခဲ့သည်ကို မမေ့ပါ။

## စာရေးသူ စေတနာ

မွေးဝတ္ထုတွင် မွေးတို့ ငယ်ငယ်ဘဝကို ...

"တေးဆိုကြ ပျော်ကြတာတွေ ငယ်ငယ်က သဘာဝအခြေ"

ဆိုသော ကိုလှမြင့်၏ တေးနှင့်သရုပ်ဖော်ခဲ့ပါသည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့၊ ထိုင်ခဲ့၊ ချမ်းမြေ့ကြည်နူးခဲ့ရပါသော ငါးခယ်မ၏အလှက ကျွန်မရင်ထဲတွင် စိမ့်ဝင်၍ မွေးဝတ္ထုထဲမှာ တစ်ဖန်ပြန်လည် ရှင်သန်လာခဲ့ပါသည်။ မိမိ၏မွေးရပ်မြေမှာ မိမိ၏မိဘပါပဲ။ မွေးရပ်မြေကို မချစ်တတ်သူသည် ကိုယ့်တိုင်းပြည်ကိုလည်း ချစ်မည်မထင်။ မွေးရပ်မြေ ကျေးဇူးကို မသိသူသည် မိဘကျေးဇူး ကိုယ့်တိုင်းပြည် ကျေးဇူးကို သိမည်မထင်ပေ။

ကျွန်မ မွေးရပ်မြေကို ကျွန်မချစ်သလို ကျွန်မတို့ပြည်သူတွေလည်း ကျွန်မတို့ အမိမြန်မာပြည်၏အလှကို ကြည့်တတ်၊ မြင်တတ်၊ ချစ်တတ်စေလိုသော စေတနာနှင့်ရေးခြင်းဖြစ်ပါသည်။

သာမန်ကြည့်လျှင် မွေးသည် အိမ်ထောင်ရေး အချစ်ဇာတ်လမ်းတစ်ခုဟု ဆိုနိုင်ပါသော်လည်း ကျွန်မသည် တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဓာတ်ကို အခြေခံခဲ့ပါသည်။ မွေး၏ချစ်သူ ဖရက်ဒီအသိုင်းအဝိုင်းနှင့် မွေးတို့အသိုက်အဝန်း ကွာဟချက်ကို ကျွန်မဖော်ပြရာ၌ အခြေခံစရိုက် မတူပုံကို ခြယ်မှုန်းခဲ့ပါသည်။ ဒေါ်တင်တင်ကြီး ဦးစီးသော မွေးတို့မိသားစုက တိုင်းချစ်ပြည်ချစ်စိတ်ရှိသည်။ မွေး၏မိခင် ဒေါ်တင်တင်ကြီးသည် အမြင်ကျယ်၍ မျိုးချစ်စိတ်ထက်သန်သော မိခင်ကြီးအဖြစ် ကျွန်မ သရုပ်ဖော်ခဲ့သည်။

## ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်

ဖရက်ဒီ၏ဖခင် ဦးဘလုတို့ အသိုက်အဝန်းမှာ ကိုယ့်ဆွေကိုယ့်မျိုး ပတ်ဝန်းကျင်မှ လွဲ၍အပြင်ကို မျှော်မကြည့် နယ်ကျဉ်းသည်။



မြေရှင်ယာရှင်များပီပီ ငွေရှင်ကြေးရှင်စိတ်ကြောင့် လူထုနှင့်ကင်းကွာကြသည်။

အခြေခံချင်းမတူသော မိသားစုနှစ်ခုမှ ပေါက်ဖွားလာသော မွေးနှင့် ဖရက်ဒီတို့ အချစ်ကို မိခင်ဒေါ်တင်တင်ကြီးက မဆိုင်မြဲနိုင်ဟု ကြိုတင် နိမိတ်ဖတ်သည်။

"သမီး နှစ်နဲ့သုံးပေါင်းရင် ငါးလို့ လုံးခနဲ အဖြေထွက်ပေမယ့် 'က'နဲ့ 'ခ'ပေါင်းရင် 'က' အပေါင်း 'ခ'ပဲ ဖြစ်မယ်။ အလယ်က အပေါင်းလက္ခဏာကြီး ခြားနေမှာပဲ။ အခြေခံချင်း မတူတဲ့ သမီးတို့နှစ်ယောက်အချစ်ဟာ တစ်သားတည်း ပူးပေါင်းမသွားနိုင်ဘူး"

သမီးဖြစ်သူ မွေး ဖရက်ဒီကို ချစ်သွားပြီသိသည်နှင့် တစ်ပြိုင်နက် မိခင်ကြီးက ယူကျုံးမရ သတိပေးဆုံးမခဲ့သည်။

ကိုကိုနိုင်က တိုင်းချစ်ပြည်ချစ်စိတ်နှင့် တပ်မတော်သားတစ်ယောက်ဖြစ်သည်။ တိုင်းပြည်မှာ အရေးအခင်းကြုံတော့ ကျောင်းစာသင်ခန်းကို စွန့်လွှတ်၍ တိုင်းပြည်အတွက် တိုက်ပွဲဝင်ခဲ့သည်။ ဒီလိုလူကို သမက်အဖြစ် ဒေါ်တင်တင်ကြီးက ရွေးချယ်ခဲ့သည်။

ဒေါ်တင်တင်ကြီး၏ မူဝါဒက "လူသားသည် မိမိလူ့ဘောင်အတွက်ကောင်းကျိုး ကောင်းစားရေးကို စွမ်းဆောင်နိုင်ရမည်။ လူ့ဘောင်တစ်ခုလုံးအတွက် မစွမ်းနိုင်လျှင် ကိုယ့်တိုင်းပြည်အတွက် စွမ်းဆောင်နိုင်ရမည်။ ကိုယ့်တိုင်းပြည်အတွက် မစွမ်းဆောင်နိုင်လျှင် အနည်းဆုံးကိုယ့်ပတ်ဝန်းကျင်ကောင်းစားရေးကို စွမ်းဆောင်နိုင်ရမည်" ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

"လူဟာ ကိုယ်ကျိုးစွန့်လွှတ်တဲ့စိတ်နဲ့ အများအတွက် အနစ်နာခံနိုင်တဲ့စိတ်မရှိရင် တခြားသတ္တဝါတွေနဲ့ ဘာထူးခြားတော့မလဲ အတွတ်ရယ်" ဟု ဒေါ်တင်တင်ကြီးက အတွတ်ကို ပြောခဲ့သည်။

ဒေါ်တင်တင်ကြီး နိမိတ်ဖတ်သည့်အတိုင်း ဖရက်ဒီက တက္ကသိုလ်ရောက်တော့ သူတို့အသိုင်းအဝန်းက အောမိနှင့် ယှဉ်လိုက်ကြသည်။

## ကိုကိုနိုင့် ခံစားချက်

ကိုကိုနိုင်သည် ချစ်ဦးသူ ဖရက်ဒီရှိပြီးသော မွေးကိုသဘောထားကြီးစွာနှင့် ခွင့်လွှတ်၍ လက်ထပ်ခဲ့သည်။ မြတ်နိုးစွာ ပေါင်းခဲ့သည်။ ကြီးမားလှသော မွေးတို့မိသားစုတာဝန်ကို ခွဲဝေယူခဲ့သည်။ အမှန်တော့ ကိုကိုနိုင်သည် တာဝန်ကျေသော လင်သားတစ်ယောက်ဖြစ်ခဲ့သည်။ မွေးအနေနှင့်သာ မွေးဒုက္ခကြီးမားလွန်းသည်ဟု ဆိုရပါမည်။

ကြီးမားသော မေတ္တာထားခဲ့ရပါသော ဇနီးသည်မွေးနှင့် မွေးမိသားစုမှ အသိုက်အဝန်းကြားတွင် ကိုကိုနိုင် ခံစားရပုံကို ကျွန်မ စာတစ်ပိုဒ်နှင့် ဖော်ပြခဲ့ပါသည်။ ကိုကိုနိုင်သည် ထိုစာကိုရေးပြီးမှ မွေး စိတ်ထိခိုက်မှာစိုး၍မထည့်၊ ဘောင်းဘီအိတ်ထဲ ထည့်ထားရင်းမှ မွေးက ထိုစာကို သွား၍ဖတ်မိခြင်းဖြစ်ပါသည်။

ထိုစာကို ဖတ်ကြည့်လျှင် ကိုကိုနိုင့်စိတ်ခံစားကို အထင်အရှား သိနိုင်ပါသည်။ စာမှာ အဆုံးမသတ်ပါ။ တစ်ပိုင်းလက်စနှင့် ရပ်ထားပါသည်။



## ချစ်ဇနီးကြီးမွေး

အတူနေခဲ့ကြတဲ့တန်ဖိုးကို ခွဲခွာနေကြရမှပဲ ထင်ရှားသိရတော့တာပဲ။ မွေးပြန်သွားတဲ့နေ့က အိမ်ကြီးဟာ သဲကန္တာရလိုပဲ ခြောက်သွေ့နေတော့တယ်။ အဲဒီနေ့မှာ သီချင်းဆိုနေကျ ငှက်ကလေးတွေတောင် အိပ်ပျော်နေကြသလား အောက်မေ့ရတယ်။ အထူးပဲ တိတ်ဆိတ်ငြိမ်သက်ပြီး ဘာသံမှ မကြားရဘူး။

ကိုကိုနိုင်ရဲ့ အားလပ်ချိန်တွေကို ဘယ်လိုသုံးရမယ်ဆိုတာ ကိုကိုနိုင် မတွေးတတ်တော့ဘူး။ Mess မှာလဲ မပျော်ဘူး။ ခက်တာက အရက်ခွက် မကိုင်လိုတော့တဲ့အဖြစ် ရောက်နေတော့ ပိုဆိုးနေတယ်။ စာဖတ်မယ်လို့ စာအုပ်ကိုင်လိုက်တိုင်းလဲ အနားမှာ အမြဲထိုင်ပြီး စာဖတ်ဖော်၊ စာဖတ်ဖက်ဖြစ်နေတဲ့ မွေးကို ကိုကိုနိုင် သတိရစရာဖြစ်လာပြန်ရော...

တောကို ထွက်လာရတဲ့ ရက်တွေကျပြန်တော့လဲ တောတန်းရဲ့သာယာပုံ ပန်းတွေရဲ့လှပပုံကို မြင်ရရင် သဘာဝကို မြတ်နိုးတတ်တဲ့ ငါ့ချစ်သူဟာ ဒီလိုအလှအပလေးတွေကို မြင်ရင် ချစ်တတ်ရှာပေတယ်၊ ပျော်ရှာမှာပဲလို့ တွေးရတာကို အမောပဲ။

'ဟာ'တာက ရင်ထဲမှာ အားလုံးဟာနေတယ် မွေး။ ကိုကိုနိုင်ရင်ထဲမှာ ဟာချင်တာဟာရပါစေတော့။ မွေးဟာ စိတ်ချမ်းမြေ့သာယာစွာနဲ့ နေရတယ်ဆိုရင် ကိုကိုနိုင် ဖြေသာပါတယ်၊

ဟိုရက် ရန်ကုန်ကို ပြန်လာတုန်းက မွေးနေရာ— မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

တာ ကိုကိုနိုင် ရင်ထဲမှာ နာနေတော့တယ်။ အမှန်တော့ မွေးကို ကိုကိုနိုင့် အရိပ်မှာခိုပြီး နားနေစေချင်တယ်။ မွေးဟာ ကိုကိုနိုင့် ရင်ခွင်ထဲမှာတောင် နှစ်နှစ်ခြိုက်ခြိုက် မအိပ်နိုင်တဲ့ အဖြစ်ပါကလား လို့ တွေးမိတိုင်း မွေးအတွက် သိပ်မောမိတာပဲ။ မွေးနဲ့ကိုကိုနိုင် လက်ထပ်ကြတာဟာ တခြား အိမ်ထောင်ရေးတွေနဲ့ မတူခဲ့ဘူး။ ပိုက်ဆံနဲ့ပေးဝယ်ပြီး ဂုဏ်ချင်းဖလှယ် ခဲ့ကြတာလဲ မဟုတ်ဘူး။ မွေးကို မြတ်နိုးတဲ့စိတ်နဲ့သာ လက်ထပ်ခဲ့တာပဲ။ ကိုကိုနိုင်ဟာ အကြိုက်ဆုံးမိန်းမကို ရခဲ့တာအမှန်ပဲ။ ကိုကိုနိုင် သဘောအကျဆုံး မိန်းမရဲ့ ပုံစံဟာမွေးပါပဲ။ ဒါပေမယ့် လက်ထပ်ပြီးချိန်ဟာ အမြဲပဲ ခြောက်သွေ့နေရတာကို တွေးမိတိုင်း ကိုကိုနိုင်တို့နှစ်ယောက်ဟာ ဘာကြောင့်များ ဒီလောက်ကြာရှည်အောင် ခွဲခွာနေကြရသလဲလို့ တွေးမိပြန်ရော။

ကိုကိုနိုင် မွေးနဲ့အကြာကြီး ခွဲမနေချင်ဘူး။ အခုလည်း (၆)လကြာမှ တစ်ခါတွေ့ပြီး မတွေ့ရတာနှစ်ချီပြီး ကြာခဲ့ပြီ။ ဘာလို့ ခဏခဏ ပြန်မလာလဲဆိုရင် တီဘီရောဂါသည်ကြီးနားမှာ မောကြီး ပန်းကြီး အလုပ်လုပ်နေရတဲ့ မွေးကို မမြင်ရက်လို့ပဲ။ အေးလေ မွေးတစ်ယောက်တည်း လင့်အပေါ်ရော၊ မိသားစုအပေါ်မှာရော ထောင့်စေ့ဖို့ဆိုတာကလည်း ဘယ်ဖြစ်နိုင်မလဲ။ ကိုကိုနိုင်လေ . .

ဤစာကို ကြည့်လျှင် ကိုကိုနိုင်နှင့်ကလည်း မသက်သာသည်ကို တွေ့နိုင်ပါသည်။ ကိုကိုနိုင်တစ်ယောက် နောက်မိန်းမ ယူကိုယူသင့်သည့်အဖြစ် ရောက်အောင် ဤစာနှင့်ပို့ခဲ့ပါသည်။



## လူထဲက လူသားများ

မွေး အာရောဂျံက အပြန်ရန်ကုန်ရောက်တော့ ကိုကိုနိုင့်မိန်းမ ကလေးမွေးနေသည်ကိုတွေ့ရသည်။ မွေးသည် နောက်မိန်းမယူသည် ကို ခွင့်လွှတ်နိုင်သည်။ နောက်မိန်းမက ယောကျ်ားလေးမွေးသည်ဟု ဆိုသည်နှင့်တစ်ပြိုင်နက် သားဟူသော အတွေးကြောင့် ကိုကိုနိုင် မျက်နှာ ဝင်းလက်သွားရ၏။ ကိုကိုနိုင်၏သားလိုချင်သော ဆန္ဒကို ကိုကိုနိုင့် မျက်လုံးတွင် မြင်ရသောမွေးက သားမွေးမပေးနိုင်သော သူ့အဖြစ် ကြောင့် စိတ်ဓာတ်ကျသွားခြင်းဖြစ်သည်။

အမှန်တော့ ကျွန်မ၏ဇာတ်ကောင်ဖြစ်သော မွေး၊ ကိုကိုနိုင်၊ အတွတ်၊ ဖရက်ဒီတို့သည် လူသားများဖြစ်ကြပါသည်။ မွေးသည်မိသားစု တာဝန်ကို ထမ်းဆောင်ရင်း ကိုယ့်ကိုယ်အတွက်လည်း ဖွံ့ဖြိုးစေနိုင်ကြိုးစား သော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သဘောထားကြီးသည်၊ ကိုယ် ရေစွန်၍ အနစ်နာခံသည်။ ပြီးတော့ သမီးကောင်းတစ်ယောက်ဖြစ်ဖို့ အများဆုံး ကြိုးစားပါသော်လည်း ချစ်ဦးသူနှင့်တွေ့တော့ မိခင်စကားကို နားမထောင်သောကြောင့် မှဲ့တစ်ပေါက်စွန်းခဲ့ပါသည်။

ကိုကိုနိုင်သည်လည်း အရာရာခွင့်လွှတ်နိုင်စွမ်းသော တာဝန်ယူ ရဲသော စိတ်ထားမြင့်မြတ်သည့် ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ပေမယ့် ဇနီး သည်နှင့် ဝေးကွာနေချိန်တွင် အတွေ့မရှောင်နိုင်ဘဲ အဝိုက်မိကာ နောက် မိန်းမယူမိသွားသည်။

အတွတ်ကတော့ နှုတ်နည်း၍ အရာရာနောက်ကျတတ်သော အချိန်ကို မတွက်ဆတတ်သော သူငယ်ဖြစ်သည်မှလွဲ၍ မွေးအ စေတနာစစ်နှင့် ချစ်သူတစ်ယောက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဖရက်ဒီကတော့ ရေလိုပါပင်တည်း။ ထည့်ရာခွက်ပုံသဏ္ဌာန်လိုက်၍ ဆိုးသောအရောင်သို့ ပြောင်းလဲလွယ်သော သူတစ်ယောက်။

## အစဦးဖူး မွေးနေသော မွေး

အမှန်တော့ သူတို့အားလုံး ခြောက်ပြစ်ကင်း သဲလဲစင်များ မဟုတ်ကြပါ။ ကျွန်မဇာတ်ကောင်များမှာ အပြစ်အနာအဆာကလေးများနှင့်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူသားများဖြစ်သောကြောင့်တည်း။

ဖရက်ဒီမှအပ ကိုကိုနိုင်၊ အတွတ်၊ မွေးတို့သည် ပေးဆပ်လာသော ဘဝဒေါ်ဒုက္ခများကို လူးလိမ့်ခံစားကြရင်း သူတို့ဘဝပတ်ဝန်းကျင်အတွက် အတတ်နိုင်ဆုံးကောင်းအောင် ကြိုးစားသွားကြပြီး အကောင်းဆုံး ရလာဒ်ကိုတော့မရ၊ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရသည်ကတော့ အနတ္တ၏သဘောပေပဲ။

မည်သို့ပင်ဆိုစေ စာဖတ်ပရိသတ် နှလုံးသားတွင် အစဦးဖူးမွေးမှုစေသော "မွေး"ဟူသည့်အမည်ကို ပေးခဲ့ပါသော ဖရက်ဒီအား ကျေးဇူးတင်ပါ၏။

လုံမလေး အဲမျိုးသမီးမဂ္ဂဇင်း
၁၉၈၇-ခုနှစ်၊ ဇန်နဝါရီလ



## မွေး

*ယခုလို အချိန်သို့ရောက်ပြီဆိုလျှင် အတွတ်နှင့်မွေးတို့ အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့မြစ်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်။*

* * *

မတ်လသို့ပင် တိုင်သော်လည်း အာရောဂျ၏ နံနက်ခင်းတွင် အအေးငွေ့သည် မပြယ်သေးပေ၊ အရှေ့မြောက်နှင့် အရှေ့တောင်ဘက်တွင် ဝန်းရံပတ်နေသော ကျောက်တောင်ကုန်းများကို ဖြတ်ကျော်တိုက်ခတ်လာသော နံနက်ခင်းလေတွင် ဆောင်း၏ နှင်းကြွင်းနှင်းကျန်လေးများသည် တစ်စွန်းတစ်စ ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## ခင်နှင်းယု

ဤနေရာကို 'အာရောဂျ' ဟု နာမည်ပေးသူ၏ စိတ်ကူးမှာ ယဉ်လွန်းလှတကား။ တကယ်လည်း အဆုတ်နာရောဂါသည်များအတွက် အနားယူရာ စခန်းဖြစ်ပေသည်။

အိန္ဒိယပြည်တောင်ပိုင်း မဒရပ်နယ် မဒနာပလီမြို့အနီးတွင် ဖွင့်လှစ်ထားသော အေးချမ်းသည့် စခန်းတစ်ခုပင် ဖြစ်ပေသည်။ အာရောဂျ ပတ်ဝန်းကျင်သည် နှစ်မိုင်ပတ်လည်ခန့် ကျယ်ဝန်း၍ မြို့ငယ်ကလေးတစ်ခုလိုပင် အချိုးတကျတည်ရှိပေသည်။

လူနာများနေရာသည်လည်း ရွာငယ်ရှိ အိမ်များကဲ့သို့ပင် လူနာတစ်ယောက်ကို တိုက်ငယ်တစ်လုံးစီနှင့် ထားသော်လည်း ပြွတ်သိပ်ခြင်းမရှိပဲ တစ်ခုနှင့်တစ်ခု ပေ(၅၀)မှ ပေ (၁၀၀) အထိ ခြားပေသည်။ လူနာများ အိမ်၏အနောက်တက်တွင်မှ ဆေးရုံ ရုံး စာတိုက်နှင့် စမ်းသပ်ခန်း ခွဲစိတ်ခန်းများ ဓာတ်မှန်ရိုက်ခန်း ဓာတ်မှန်ကြည့်ခန်းများ စာကြည့်ခန်းများနှင့် လူနာလာရောက်ပို့သူတို့ ခေတ္တနားရာ ဧည့်သည်ဂေဟာတစ်ခုလည်း ရှိပေသည်။

အဆုတ်နာရောဂါသည်ကို လာရောက်ပို့သူတို့အတွက် ရောဂါကူးစက်ခြင်းမရှိရန် ဦးသန့်ထားသော နေရာဖြစ်ပေသည်။

ထိုအဆောက်အဦတို့နောက် မိုင်ဝက်အကွာလောက်တွင်မှ ဆေးရုံအုပ်ကြီးနှင့် အိမ်ထောင်သည် ဆရာဝန်တို့၏ အိမ်ကလေးများကို စိန်ပန်းပင်များကြားတွင် တွေ့ရပေသည်။



## မွေး

မဒနာပလီမှလာသော လမ်းမကြီးသည် ဆေးရုံဝင်းနှင့် လူပျို ဆရာဝန်တို့ အဆောက်အဦကို အလယ်မှတားဆီးထားပေသည်။ လမ်းမကြီးတစ်ဖက်တွင် လူပျိုဆရာဝန်ဂေဟာနှင့် ဘောလုံးကွင်းများကို ကျောက်တောင်လွင်ပြင်တို့အခြေတွင် သပ်ရပ်စွာတွေ့ရပေသည်။

နံနက်ခင်းတွင် အာရောဂျသည် အလှပ်ရှားဆုံးအချိန်ဖြစ်သည်။ ငှက်ငယ်များသည်လည်း စောစီးစွာ နိုးလာကြလေ၏။ လူနာများသည် အိပ်ရာထက်မှာပင် နားနေရင်း အလှည့်ကျလာရောက်ကြည့်ရှုမည့် ဆရာဝန်ကို စောင့်မျှော်ကြရသည်။

လူနာများ၏အစေခံများမှာ ဆရာဝန်ပြန်သွားပြီးနောက် လူနာသောက်ရန်အတွက် နွားနို့၊ ကြက်ဥ၊ ပေါင်မုန့်များကို အဆင်သင့်ပြင်၍နေကြရသည်။

ဒေါက်တာမိုးကောင်းသည်လည်း လူပျိုဆရာဝန်များအနက် မြန်မာပြည်မှ ရောက်လာ၍ သင်တန်းတက်နေသော ဆရာဝန်တစ်ယောက်ဖြစ်သည်။ ဘောင်းဘီအဖြူ အပေါ်ကုတ်အင်္ကျီအဖြူဝတ်ကာ လည်စည်းအညိုကို စည်း၍ထားသော်လည်း သူ့မျက်နှာသည် မြန်မာပီသသောရုပ်ပင်တည်း။ အရပ်မြင့်၍ သူလမ်းလျှောက်ပုံမှာ ကြည့်ကောင်းသလိုရှိသည်။ မျက်နှာမှာ ချောမောသည်မဆိုသာသော်လည်း ကြည့်ကောင်းသော လူငယ်တစ်ယောက်ဖြစ်၏။

နံနက်တိုင်း ဖြတ်ကျော်သလိုပင် မဒနာပလီလမ်းမကြီးကို ဖြတ်၍ဆေးရုံဝင်းသို့ သူသည် ပေါ့ပါးရွှင်လန်းစွာပင် လျှောက်၍လာသည်။

www.burmeseclassic.com



စိတ်ယဲတွင်တော့ ယနေ့နံနက်သည် ပို၍ရှင်မြူးစရာကောင်းသလို ဖျတ်ဖျတ်လတ်လတ်ဖြစ်နေသည်။ စိန်ပန်းပွင့်များသည် ယခုအချိန်တွင် စောစီးစွာ ဖူးနေကာ အကိုင်းအခက်တို့ကြားတွင် ထွက်ပြူပြူနေလေသည်။ ဥသြငှက်သည်လည်း ပန်းမှုံပန်းငုံတို့ကြားတွင် နံနက်တေးကို ရွှင်ရွှင်ကြည်ကြည် သီဆိုနေတော့သည်။

ငှက်ငယ်၏ တေးဆိုသံကို သူသည် တအံ့တသြခေါင်းမော်၍ ကြည့်မိ၏။ သူ့ရုံးခန်းသို့အရောက်ထိပင် ဥသြငှက်ငယ်သည် တစ်ပင်မှ တစ်ပင်ကူးကာ လိုက်လာသည်ဟု ထင်ရပေသည်။ ငှက်ငယ်၏ ချိုအေးသော အသံကြောင့် သူ့မျက်နှာတွင် ပြုံးရွှင်လာလေသည်။ ရုံးခန်းသို့ ဝင်လိုက်လျှင် ပြတင်းအပြင်မှ ကိုင်းညွှတ်နေသော တမာခက်တို့၏ ရနံ့သင်းပျံ့ပျံ့မှာ သူ့ကိုဆီးကြိုဟန်ရှိသည်။

သူ့လိုပင် ဒေါက်တာအသီးသီးမှာ နံနက်ခင်းတွင် လုပ်ဆောင်ရမည့် တာဝန်များအတွက် စီစဉ်ခန့်ခွဲနေကြပေသည်။ အချို့ဆရာဝန်များမှာ အသစ်ရောက်လာသော လူနာများ၏ရောဂါရာဇဝင်၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းအခြေအနေကို စစ်မေးရန် သက်ဆိုင်ရာ အခန်းသို့သွားကြရသည်။

အချို့ဆရာဝန်များမှာ Tomogrephy ခေါ် အမှောင်ခန်းထဲတွင် လေးထောင့်ကျက်ထားသော မှန်သားအား လူနာ၏ရင်မှာ ကပ်၍ရောင်ခြည်ထိုးကာ အဆုတ်ကိုကြည့်သောအလုပ်ကို လုပ်ရန်ထွက်ခွာသွားကြသည်။





Screening reading ခေါ် အဆုတ်၏အထဲသို့ ရောက်အောင်အထိ တစ်လွှာချင်း ဓာတ်မှန်ရိုက်ယူရသော အလုပ်ကိုမူ နေ့ခင်းတိုင်မှ လုပ်ကြရသည်။

အချို့ဆရာဝန်များမှာ လူနာသစ်များ တိုင်းရင်းသားအိန္ဒိယသားများအား ကြည့်ရှုစစ်ဆေးလျက်ရှိကြသည်။ တိုင်းရင်းသား ဆင်းရဲသားများနှင့် ခရစ်ယာန်ဘာသာဝင်တို့အတွက်မူ လူနာ(၂၀)ခန့်စီထားသော ဟင်းလင်းပွင့် အခန်းရှည်ကြီးများထဲတွင် အခမဲ့ကုသခွင့်ရကြပေသည်။

ယနေ့အဖို့ ဒေါက်တာမိုးကောင်းအတွက်မူ လူနာများကို နံနက်ပိုင်း လှည့်လည်ကြည့်ရှုရမည်ဖြစ်ပေသည်။

ဂျွန်ဆင်သည် ဒေါက်တာရှေ့မှ ထွက်ခွာသွားနိုင်ရန် အဆင်သင့်ဖြစ်၍နေပေသည်။ အိန္ဒိယတိုင်းရင်းသားတစ်ယောက် ဖြစ်သော်လည်း ခရစ်ယာန်ဘာသာဝင်ဖြစ်သည့်အတွက် သူ့အမည်မှာ ဂျွန်ဆင်ဖြစ်ဟန်ရှိပေသည်။ ဦးထုပ်ဖြူအပြားကြီးအောက်တွင် ဂျွန်ဆင်၏မျက်နှာသည် မည်းမည်းခန့်ခန့်ကြီး ပေါ်လွင်လျက်ရှိ၏။ ဘောင်းဘီအညိုအပေါ်တွင် ဖားလျားကျအောင်ရှည်သော ရှပ်အင်္ကျီအဖြူမှာလည်း ဂျွန်ဆင်၏ အသားရောင်ကြောင့် ပို၍ဖြူဖွေးနေဟန် ရှိပေသည်။ သူ့လက်ထဲတွင်မူ လူနာများတစ်ဦးစီ၏ ရောဂါဖြစ်ပျက်ပုံ အလုံးစုံမှတ်သားထားသော ဖိုင်တွဲများကို ပိုက်ထားလျက်ရှိသည်။ ထိုဖိုင်တွဲများထဲတွင် ရောဂါအခြေအနေဖြစ်ရင်းအစမှ စ၍တိုးတက်ခြင်း၊ ဆုတ်ယုတ်

www.burmeseclassic.com



ခြင်းစသည်တို့ကို အစုံအစေ့ရေးမှတ်၍ ထားပေးသည်။ တစ်ပတ်တစ်ခါ စစ်ပြီးတိုင်း မှတ်တမ်းတင်ထားရသောကြောင့် ထိုဗိုင်တွဲမှာ လူနာများအတွက် အရေးကြီးဆုံးဖြစ်သလို ဗျွန်ဆင်အတွက်လည်း အရေးကြီး၏။ ဤဗိုင်တွဲကို ဆရာဝန်မှလွဲ၍ မည်သူမျှ ကြည့်ခွင့်မရ၊ သို့သော် စည်းမစောင့်သော လူနာများက ဆရာဝန်မရောက်ခင် ဗျွန်ဆင်လာ၍ တင်ထားနှင့်သော ဖိုင်တွဲကို ခိုး၍ကြည့်ကြသည်။ ကြည့်ခွင့်ရရန် ဗျွန်ဆင်ကို ငွေတစ်ကျပ်လောက်ပေးလိုက်လျှင် ဗျွန်ဆင်က ကျေကျေနပ်နပ်ကြီး ကြည့်ခွင့်ပြု၏။ ဒီလိုနှင့်လူနာများသည် ကိုယ့်ရောဂါအခြေအနေသိအောင်လုပ်ရင်း ဗျွန်ဆင်ကို လုပ်ကျွေးကြသည်။

ဆာရီအဖြူကို ဝတ်၍ဦးထုပ်ဖြူနှင့် သူနာပြုဆရာမလေး အဘီဂေးလ်မှာမူ ဒေါက်တာနှင့်အတူ လိုက်ပါရန် အဆင်သင့်ပင်ဖြစ်၍နေပေသည်။ အဘီဂေးလ်သည် ထိုဆေးရုံ၏ အဆုတ်နာလူနာဟောင်းတစ်ယောက်ပင် ဖြစ်ပေသည်။ သူ့ရောဂါပျောက်သွားပြီးနောက် အခြားသို့မသွားတော့ဘဲ ထိုဆေးရုံတွင်ပင် အလုပ်ဆက်၍လုပ်နေပေသည်။ သူ့ကိုယ်သည် သွေ့ခြောက်ခြောက်၊ ရှည်လျားလေးမို့ လမ်းလျှောက်လျှင် အဝတ်ဖြူတလွင့်လွင့်နှင့် ဝိညာဉ်ကလေးတစ်ခု ရွေ့လျားနေသလို ထင်ရပေသည်။ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောတတ်သော်လည်း အိန္ဒိယတောင်ပိုင်းသားတို့လို အသံဝဲကာ လျှာလိပ်လွန်းလှပေသည်။

ဗျွန်ဆင်မှာ ရှေ့ကထွက်သွားနှင့်ပြီဖြစ်၍ ဒေါက်တာမိုးကောင်းနှင့် အဘီဂေးလ်သည်လည်း နောက်မှလိုက်ကြရန် ပြင်ဆင်နေကြသည်။





"ဟဲလို . . . ကောင်းသောနံနက်ခင်းပါ ဒေါက်တာမိုး"

အင်္ဂလိပ်လို နှုတ်ဆက်လိုက်သော အသံတစ်သံမှာ အပြင်ထွက်ရန် ပြင်နေသော ဒေါက်တာမိုးကောင်း၏ ခြေလှမ်းများကို ရပ်တန့်သွားစေလေသည်။

သူ့ကို နှုတ်ဆက်သူမှာ ဆေးရုံဆရာမကြီး မစ္စလွှန်းဖြစ်သည်။ မစ္စလွှန်းသည် ဆွစ်ဇာလန်မှ လာရောက်အလုပ်လုပ်နေသော အသက် (၆၀)ရှိ ဆရာမအပျိုကြီးတစ်ဦးဖြစ်သော်လည်း အလုပ်ကို ယခုတိုင် သွက်လက်စွာ လုပ်ကိုင်နိုင်ပေသေးသည်။ သူ့အသံသည် သားငယ်ကို စကားပြောသော မိခင်အသံလို ချိုချိုအေးအေးရှိ၏။

"ကောင်းသော နံနက်ခင်းပါ ခင်ဗျာ။ ကျွန်တော် ဘာများ အကူအညီပေးစရာလိုပါသလဲ"

သူက ပြန်၍မေးသည်။

"ဒီလို မိုးရေ ညနေက မင်းတို့မြန်မာပြည်က မိန်းကလေး တစ်ယောက် ရောက်လာတယ်။ အခန်းနံပါတ် (၂၉)မှာရှိတယ်။ မင်း ဒီနေ့သွားရင် ကုသပြုလိုက်ပါကွယ်။ သူသိပ်အားငယ်နေတယ်၊ စရောက်ကတည်းက ငိုနေတာ အခုထိပဲ။ သူ တစ်ယောက်တည်းဆိုတော့ ကြောက်နေပုံလဲရတယ်"

"တစ်ယောက်တည်း သူ့ကို ဘယ်သူမှလိုက်မပို့ဘူးလား"

"လိုက်ပို့တဲ့ လူတွေက ချက်ချင်းပဲ ပြန်သွားတယ်။ သူ့ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေတွေ ထင်ပါတယ်။ ကိုယ်လည်း ညနေကျလာပါဦးမယ်လို့ ပြောလိုက်ပါ"

မစွလွန်းက ပြောပြီး အပြင်သို့ထွက်သွားတော့၏။ သူ့စိတ်ထဲတွင်မူ လမ်းလျှောက်ရင်း ထိုမိန်းကလေးကို တွေးလာသည်။ တန်းလျားတစ်ခုပြီးတစ်ခု ဝင်ရောက်စစ်ဆေးပြီး ဖြတ်လာခဲ့၏။

တိုက်ငယ်ကလေးများ တစ်ဆောင်ပြီးတစ်ဆောင် ဝင်လာခဲ့၏။ မိန်းကလေး၏ အခန်းသို့မရောက်သေးပေ၊ ဘယ်သူများပါလိမ့်။ ဘာကြောင့် ဒီလောက်ငိုနေပါလိမ့်၊ တစ်ယောက်တည်းများ ဘာကြောင့်လာပါလိမ့်၊ စိတ်ထဲတွင် မမြင်ရသေးသော မိန်းကလေးအတွက် တွေးတော စိတ်မကောင်းဖြစ်နေလေသည်။ အာရောဂျံမှာ ကျန်းမာရေးအနားယူရန်ကောင်းမွန်၍ စိတ်ချမ်းမြေ့သူတို့အဖို့ ကြည်နူးဖွယ် မြက်ခင်းများနှင့် သာယာသော်လည်း အမှန်တော့ သွေ့ခြောက် တိတ်ဆိတ်ကာ လူနာတစ်ယောက်အဖြစ် စိတ်အားငယ်သူအတွက် ကြေကွဲလွမ်းဆွတ်စရာ နေရာဖြစ်နေတော့သည်။

စိတ်အားအငယ်ရဆုံးမှာ အစားအသောက်နှင့် ပတ်သက်၍ဖြစ်သည်။ မြန်မာနဲ့ ရောက်ရောက်ချင်းအစီအစဉ်မရှိလျှင် အလွန်ဒုက္ခရောက်သည်။ ရန်ကုန်ဆေးရုံမှာကဲ့သို့ စားရင်းသွင်းရသေးဆင် တရုတ်တန်းမှာ အစားအသောက်၊ အဝယ်လွှတ်ကာ ဝယ်စား၍ရပေ။

အရင်ရောက်နှင့်နေသော မြန်မာလူနာများက ကရုဏာသက်ရောက်ကာ ဟင်းတစ်ခွက်စီ၊ ထမင်းတစ်ပန်းကန်စီဆိုသလို ပို့၍သာ





အစီအစဉ်မရှိသူများအဖို့ အကူအညီရပေသည်။ ထို့ကြောင့်ပင် အချို့လူများအဖို့ အာရောဂျံကို ခြောက်သွေ့သော ငရဲပြည်လိုမြင်ခြင်းဖြစ်ပေသည်။

နံနက်ပိုင်းတွင် ဆရာဝန်ခွင့်ပြုသော လူနာတချို့လမ်းလျှောက်ခြင်းနှင့် နံနက်ဈေးကလေးတွင် လူနာ၏အစေခံများ ဈေးဝယ်သည်ကလွဲ၍ လှုပ်လှုပ်ရှားရှားမရှိပေ၊ နေ့လယ် (၁၂)နာရီကျော်လျှင် လူနာများအနားယူချိန်တွင်မူ ကမ္ဘာ့ဒွန်းရိပ်သာလေးလို တိတ်ဆိတ်နေပေသည်။

ရှက်ခြောက်လေးများ ကြွေသံ၊ မြေကိုထိသံများကိုသာ တီးတိုးကြားနေရပေသည်။

ထိုမျှ သွေ့ခြောက်သော နေရာကို တစ်ပြည်တစ်ရွာမှ ဘာကြောင့်များ တစ်ယောက်တည်းလာခဲ့ပါလိမ့်။ များသောအားဖြင့် ထိုဆေးရုံတွင် အိန္ဒိယပြည်ထဲ နယ်တစ်ခုခုမှ လာသူများပင် အဖော်တစ်ယောက်၊ နှစ်ယောက်ပါကြသည်။ မြန်မာပြည်ကဆိုလျှင် နှစ်ယောက်သုံးယောက် ဆိုသလိုပါလာကြသည်။ အချို့မှာ လာပို့၍ လူနာနေသားကျမှ ပြန်သွားကြလေသည်။ အဖော်ရှိသော ယောက်ျားရင့်မာကြီး လူနာများပင် ရောက်စတွင် ခဏခဏငိုသည်ကို ဒေါက်တာများတွေ့နေကြဖြစ်ပေသည်။

အခန်းနံပါတ် (၂၉)သို့ ခြေလှမ်းစတွင် သူ့ရင်များသည် လှုပ်ရှား၍နေပေသည်။ အခန်းဟုဆိုသော်လည်း သီးသန့်အုတ်ခြံပိုး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကလေးတစ်လုံးဖြစ်ကာ တစ်ယောက်တည်းနေရလေသည်။ ထို အိမ်ရှေ့တွင် ကွင်းပြင်ကြီးတစ်ခုရှိ၍ တခြားမြန်မာလူနာများ အိမ်နှင့် အတော်လှမ်းပေသည်။

လူနာမိန်းကလေးသည် အိပ်ရာပေါ်တွင်လှဲကာ မျက်နှာကို လက်ကိုင်ပဝါတစ်ခုဖြင့် အုပ်၍ထားပေသည်။

"ကျန်းမာပါရဲ့လား ခင်ဗျာ"

သူသည် ခုတင်ဘေးတွင် မတ်တတ်ရပ်ကာ လူနာကို နှုတ်ဆက်လိုက်၏။ လူနာသည် အိပ်ပျော်နေခြင်းမဟုတ်၊ ရုတ်တရက်ပင် မျက်နှာမှ လက်ကိုင်ပဝါကို ခွာလိုက်ကာ သူ့ကိုမော့ကြည့်လိုက်၏။ မိန်းကလေးမျက်နှာကို ကြည့်ကာ သူ့မှာ ထိတ်လန့်သလိုဖြစ်သွားလေသည်။

ငိုထားလွန်း၍လားမသိ မျက်လုံးကြီးများမှာ မို့၍ရောင်နေကာ မျက်ခမ်းလွှာများသည်လည်း ထူထူရဲရဲကြီး ဖြစ်နေလေသည်။

သို့သော် သူ့မျက်လုံးများသည် မိန်းကလေးမျက်နှာမှ ခွာမရ၊ စေ့စပ်သေချာစွာ ကြည့်ရာမှ ပါးစပ်အဟောင်းသားဖြစ်ကာ အသက်ပင် မရှူနိုင်သလို ဖြစ်သွားလေသည်။

"မွေး"

သူ့အသံများသည် ဟစ်အော်ခေါ်လိုက်သလို အကျယ်ကြီး ထွက်၍သွားလေသည်။

"အတွတ်"





မိန်းကလေး၏ နှုတ်ဖျားကလေးမှာမှ လှုပ်ရုံသာ ရွေ့လျားကာ အသံတိုးတိုးလေးနှင့် တုန်တုန်ယင်ယင် ထွက်၍လာလေသည်။ မျက်ရည်များမှာ မျက်လုံးအိမ်မှ လိမ့်၍ကျလာပြန်ကာ ကိုယ်မှာသိမ့်သိမ့်တုန်နေတော့သည်။ သူ့ကို မြင်ကာမှ ရှိုက်ကာငင်ကာ ငိုနေပြန်တော့သည်။

"တိတ် ...တိတ်၊ ငိုမနေနဲ့လေ မွေး။ ကိုယ်နဲ့တွေ့ရပြီပဲ။ တိတ်တော့လေ။ တိတ်တော့၊ အမှန်တော့ ဝမ်းသာစရာကြီး။ ကိုယ်တို့ ကွဲနေကြတာ ဘယ်လောက်ကြာပြီလဲဟင်၊ ကဲ ...တော်ကြာဆေးခန်းက ရောဂါစစ်ဆေးရအောင် လာခေါ်ရင် ငိုရမ်ကြီးနဲ့လိုက်သွားရမှာ မရှက်ဘူးလား။ တိတ်စမ်း။ ငယ်စိတ်ကလည်း အခုထိမပျောက်သေးဘူး။ မငွလွန်းပြောလို့ ဘယ်သူလဲလို့ စိတ်[illegible]ထိတ်ထိတ်နဲ့ လာလိုက်ရတာ တွေ့တော့မှ မွေးမှန်းသိရတော့တယ်၊ ကဲ ...ရောဂါအတွက်လည်း စိတ်မပူနဲ့။ အခု ဆီးတွေ၊ ဝမ်းတွေ သူတို့လာယူပြီမဟုတ်လား။ ဒီနေ့ ကိုယ်ကိုစမ်းသပ်ကြည့်၊ ဓာတ်မှန်ယူပြီးရင် ရောဂါအခြေအနေ သိရမှာပဲ။ ရောဂါ သိပ်မများရင် မြန်မြန်ရပါတယ်ကွ။ အတွတ်တို့ သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ရတာ မွေးမပျော်ဘူးလားဟင်၊ ဒါကြောင့် မနက်က ဥသြကလေးက ကိုယ့်ခေါင်းပေါ်ကနေ အော်နေတာကိုး"

သူသည် ဝမ်းသာအားရ မိန်းကလေးကို နှစ်သိမ့်အောင် ရွှန်းရွှန်းဝေဝေ ပြောပြနေသည်။

"ဝမ်းသာပါတယ် အတွတ်ရယ်၊ ဒါပေမယ့် ရောက်ရောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မွေး သိပ်အားငယ်တာပဲ။ အိပ်ရာပေါ်က မထရ၊ ထမင်းချက်ကုလားမကလဲ ကုလားစကားကလွဲလို့ မတတ်။ မွေးကလည်း ကုလားစကား မတတ် ဘယ်လိုမှလဲ မလုပ်တတ်ဘူး''

''ညကရော မွေးနဲ့အိပ်ဖို့ ကုလားမ ချက်ချင်းရရဲ့လား။ ည စာရော စားရဲ့လား။ ဒီမှာ အစီအစဉ်မရှိရင် သိပ်ဒုက္ခရောက်တယ်''

''စားရပါတယ်။ ဦးပုဆိုတာက အပို့လွှတ်လိုက်တယ်။ ဘယ်မှာ ထမင်းမျိုးကျမလဲ အတွတ်ရယ်။ စောင့်အိပ်တဲ့ကုလားမကတော့ အင်္ဂလိပ်စကားတတ်တယ်။ ဒါပေမယ့် ည(၈)နာရီလာပြီး မနက်(၅)နာရီ ပြန်တာ ဘာလုပ်မလဲ''

''ကဲ ... ဒါတွေတပြည်းပြည်း အဆင်ပြေအောင် လုပ်ကြတာပေါ့။ အခုမဂ္ဂိုနဲ့တော့နော်။ ဒီက မြန်မာလူနာတွေကလည်း အင်မတန် ခင်တတ်ပါတယ်ကွယ်။ တော်ကြာ မွေး ပျော်လာမှာပါ''

သူသည် စားပွဲပေါ်မှ ဖိုင်တွဲကို လှမ်းကြည့်ရင်း ပြောပြနေ၏။

''တခြားလူနာတွေ ကြည့်ဦးမယ်နော်။ မအားသေးဘူး။ ညနေကျအားတယ်။ မွေးအနားမှာ ကိုယ်လာနေမယ်။ ကဲ . . . ကဲ တိတ်တော့၊ ကိုယ်သွားတော့မယ်''

သူ့မျက်နှာသည် ပြုံးရွှင်ကာ မွေး၏နဖူးကို လက်နှင့်သပ်၍ ထွက်သွားတော့သည်။

လူနာမိန်းကလေးသည် အိပ်ရာပေါ်မှ ဒေါက်တာထွက်သွားရာကို လှမ်းကြည့်နေ၏။





ယခုလို ပြန်လည်၍ မမျှော်လင့်ဘဲ တွေ့ရသည်မှာ ဘုရားသခင်တန်ခိုးတော်ပေပဲ။ ညကလိုသာ အမြဲအားငယ်နေရလျှင် ရောဂါကြောင့်မသေ၊ စိတ်ဆင်းရဲ၍ သေရမည်ဖြစ်သည်။

အိမ်တစ်လုံးလို သပ်သပ်ဖြစ်ရသည့်အထဲ အဝတ်အစား အခန်းများနှင့် ရေချိုးခန်းတွဲ၍ထားသော အိမ်နောက်ပိုင်းမှလွဲ၍ အကာအရံမှာ မျက်နှာစာတွင် လုံးဝမရှိပေ။ ညည်သို့ရောက်လျှင် ကွင်းပြင်ကြီးထဲတွင် အိပ်နေရသလို လေကဒလဟော တိုက်နေသည်။ ယင်းချုပ်ကြီးများက အင်္ဂတေတိုင်ကို ရိုက်ခတ်သံသာ ကြောက်စရာလို လှုပ်ရှားနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်း၍မှောင်အတိကျနေသည်က ပို၍ အားငယ်စရာကောင်းပေသည်။ ခြေရင်းသမံတလင်းပေါ်တွင် အစောင့်ကုလားမသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ပျော်နေသောကြောင့် သူ့ဟောက်သံမှာ ပို၍စိတ်ချောက်ချားစရာ ကောင်းတော့သည်။ မည်းမှောင်နေသော ကန္တာရထဲတွင် နေရသလို ကြောက်၍ ကြောက်၍လာသည်။ ကြောက်စိတ်များလာတိုင်း ပို၍ပို၍ ငိုရပြန်သည်။

နံနက်တွင် မျက်လုံးများက ဖွင့်မရလောက်အောင်ပင် ရောင်၍နေတော့သည်။

ဒေါက်တာမိုးကောင်း ထွက်သွားပြီးနောက် တစ်ကိုယ်လုံး ကာကီယူနီဖောင်း ဝတ်ထားကာ ကုလားကလေးတစ်ယောက်သည် လန်ခြားတစ်ခုကိုဆွဲကာ သူ့အိမ်လေးရှေ့တွင် ရောက်၍လာလေသည်။ ကုလားလေးသည် လက်ထဲမှစာကို မွေးအားထုတ်၍ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



စာထဲတွင် ရောဂါစစ်ဆေးကြည့်ရှုရန်အတွက် လူနာများကို စာရင်းအလိုက် ခေါ်နိုင်ခြင်းဖြစ်ပေသည်။

သူသည် အဝတ်အစားလဲကာ လန်ခြားပေါ်သို့ တက်၍လိုက်သွားသည်။

ထိုဆေးရုံတွင် မွေးအတွက် ထူးခြားသည်မှာ အပူချိန်ကို မြန်မာပြည်မှာကဲ့သို့ ပါးစပ်တွင် ပြဒါးတိုင်ထည့်၍ မတိုင်းဘဲ စအိုမှ ယူခြင်းနှင့် လန်ခြားစီးရခြင်းပင် ဖြစ်လေသည်။

ဆေးရုံလူနာများ စစ်ဆေးရာအခန်းသို့ရောက်လျှင် သူသည် အခန်းတစ်ခုထဲသို့ ဝင်၍သွားရသည်။

"ရှင် အင်္ကျီတွေ ချွတ်ပြီးရင် ရင်လျားထားပါ။ ရှင့်ကို ဆရာဝန် တွေ နားကျပ်နဲ့အဆုတ်ကို စမ်းသပ်ကြမယ်။ ပြီးတော့ ရှင့်ရောဂါရဲ့ စတင်ဖြစ်ပျက်ပုံတွေကို စစ်ဆေးပါလိမ့်မယ်"

မစ္စစ်ဆိုင်မွန်ဆိုသူ ဆရာမလေးသည် သူ့အားမြန်မာလိုဆီးကြိုပြောပြ၏။ သူသည် အိန္ဒိယတိုင်းရင်းသူဖြစ်သော်လည်း မြန်မာပြည်တွင်ကြီးသူဖြစ်၍ မြန်မာစကားကို ရည်ရည်မွန်မွန်ပြောတတ်ကြောင်းလည်းထပ်၍ပြောပြန်သည်။ ဆရာဝန်ရောက်လျှင် စက္ကူပါးလေးတစ်ခုကို မွေးအားလှမ်းပေးကာ ကုလားထိုင်တစ်ခုတွင် ထိုင်ခိုင်းသည်။ အင်္ကျီအားလုံးကို ချွတ်ထားသော မွေးသည် အသက်ကိုမှန်မှန် ရှူနေရ၏။ သူတို့ပေးသော စက္ကူပါးလေးကို ပါးစပ်တွင်ကပ်ကာ ချောင်းဆိုးပြရသည်။

မွေးသည် ချောင်းတစ်ခါဆိုးလိုက်၊ အသက်တစ်ခါရှူလိုက်နှင့်





(၁၀)ခါလောက် လုပ်ပြရသည်။ ထိုအချိန်တွင် ဆရာဝန်သုံးယောက်ခန့်သည် ကျောအထက်ပိုင်းနှင့် ရင်အထက်ပိုင်းကို နားကျပ်များနှင့် အသီး သီးနားထောင်ကြသည်။

"ကျွန်တော်မေးခွန်း အနည်းငယ်မေးပါရစေခင်ဗျာ"

စမ်းသပ်သော ဒေါက်တာများထဲမှ တစ်ယောက်သည် သူ့အား အင်္ဂလိပ်ဘာသာဖြင့်ပြောကာ ခွင့်တောင်း၏။

"ဟုတ်ကဲ့ မေးနိုင်ပါတယ်"

"နာမည်ကတော့ မွေးပဲနော်"

"မှန်ပါတယ်"

"ဒီကိုမလာခင် ဒီရောဂါအတွက် ဆေးကုခဲ့ပါသေးလား"

"ဟုတ်ကဲ့ ရန်ကုန်ဆေးရုံကြီးမှာ နှစ်လတက်ခဲ့ပါတယ်"

"မွေးမှာ မိဘရှိသေးလား"

"အဖေ ရှိပါတယ်။ အမေတော့ မရှိဘူး"

"အို ... ဝမ်းနည်းပါတယ်ခင်ဗျာ။ မိခင်က ဘာရောဂါနဲ့ ဆုံးပါသလဲ"

"အဆုတ်နာ"

မွေးသည် အံကြိတ်၍ ဖြေလိုက်၏။

"ဩော် ... မွေးမှာ သားချင်းများရော"

"ခုနစ်ယောက်ရှိပါတယ်"

"အားလုံး အခုရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း သုံးယောက်ဆုံးပါပြီ။ နှစ်ယောက်က ရိုးရိုးရောဂါနဲ့ အစ်မတစ်ယောက်ကတော့ အဆုတ်နာ"

သူသည် အံကြိတ်ရာမှ ထိုစကားလုံးကို မနည်းပါးစပ်ထဲမှ ထွက်ရ၏။ 'အဆုတ်နာ' ဟူသောစကားလုံးကို သူ့ပါးစပ်မှ ခဏခဏ မရွတ်ချင်၊ ရွတ်ဆိုရမည်ကို ရင်ထဲမှာကြောက်၏။ ရွံရှာ၏။ စက်ဆုပ်၏။ ပြင်းထန်သော လှိုင်းတံပိုးသည် ကမ်းပါးကိုရိုက်ချိုး ပုတ်ခတ်၍ ကမ်းကိုပြိုစေသလို ဒီရောဂါက သူတို့မိသားစု၏ ပျော်ရွှင်မှုကို ရိုက်ပုတ်ချိုးဖဲ့ဖျက်ဆီးခဲ့သည်။

သွေးစုတ်ဘီလူးကြီး လက်လိုပင် သူတို့မိသားစုထဲမှ မေမေနှင့် မမတို့အား တစ်ယောက်စီတစ်ယောက်စီ ဆွဲဖုတ်ယူသွားခဲ့သည်။ ထိုဘီလူးကြီး အရိပ်သည် သူတို့မိသားစုလေးအပေါ်တွင် ထိုးကျ မိုးမိုးနေပြန်သည်။ ယခင်က သာယာသည့် ချမ်းမြေ့သည့် ပျော်ရွှင်စရာကောင်းသည်ဆိုသော သူတို့မိသားစုလေး၏ အသိုက်အဝန်းမှာ ဖရိုဖရဲဖြစ်ခဲ့ရသည်မှာ ကြာပါပကော။

လောကခံကို အထပ်ထပ်ရင်ဆိုင်ရတိုင်း မကြောက်မရွံ့ မိန်းမပင်ဖြစ်သော်လည်း အပြုံးမပျက်ခဲ့သော မေမေသည် ထိုရောဂါကို အံ့ ထောက်ခဲ့ရ၏။ ယစ်ပလ္လင်အပူဇော်ခံရသော သားကောင်လို အဆုတ်နာ ယစ်ပလ္လင်တွင် အသက်ပျောက်ခဲ့ရသည်။

လွန်ခဲ့သော ဆောင်းဦးပေါက်က လုပ၍အေးဆေးသော သူ့၏မမကို အဆုတ်နာဘီလူးကြီးသည် ဆွဲ၍ယူသွားခဲ့ပြန်သည်။ ရင်ထဲ





မှာ နာနေရုံမက ကြောက်ရွံ့၍နေသည်။ ခိုကိုးရာမဲ့သလို အားငယ်နေသော စိတ်က ထိုရောဂါမှ လွတ်မြောက်ရာကို ကြောက်အားလန့်အားနှင့် ကြည့်နေရသည်။ ခြသေ့်အဖမ်းခံရသော ယုန်ကလေးလို တုန်တုန်ယင်ယင်နှင့် လွတ်မြောက်ရာကို ရှာနေခဲ့ရသည်မှာ ကြာပါပကော။

ဒေါက်တာသည် မွေး၏မိခင်နှင့်အစ်မများ သေဆုံးရခြင်း ရောဂါကို ရေးမှတ်ပြီး သူ့ကိုပြန်ကြည့်လိုက်သောအခါတွင် မွေး၏မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်နေပြန်သည်။

"မငိုပါနဲ့ခင်ဗျာ၊ ဒီလိုစိတ်ထိခိုက်စရာကောင်းတဲ့ မေးခွန်းကို မေးရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ တကယ်ကတော့ မွေးရဲ့ ရောဂါဟာ ဆွေစဉ်မျိုးဆက်အရ ကူးစက်လာတာလား။ အမျိုးထဲမှာ မရှိဘဲ အားနည်းရာကနေ ရောဂါဝင်လာတာလားဆိုတာ သိချင်လို့မေးရတာပါ"

"မှန်ပါတယ်။ ဒေါက်တာအနေနဲ့ မေးသင့်ပါတယ်။ ကျွန်မ စိတ်မနိုင်လို့ ငိုမိတာကိုလည်း ခွင့်လွှတ်ပါ"

"အို ... ဒီလိုပါပဲ။ အရင်တုန်းကဆို ဒီရောဂါ အင်မတန် ကြောက်စရာကောင်းပါတယ်၊ တစ္ဆေလိုပဲ လူတွေရဲ့ စိတ်ကို အမြဲခြောက်နေတာပဲ၊ လွန်ခဲ့တဲ့ ဆောင်းဦးကမှ ခင်ဗျားရဲ့အစ်မ ကွယ်လွန်ခဲ့ရတယ်ဆိုတော့ စိတ်ထိခိုက်စရာပါပဲ၊ ဒါပေမယ့် မွေးဟာ ဒီကညွှန်ကြားချက်အတိုင်း လိုက်နာနေထိုင်မယ်ဆိုရင် မွေးရဲ့ရောဂါဟာ မများပါဘူး။ ကုလို့ပျောက်နိုင်ပါပြီ။ ကင်ဆာရောဂါအတွက်သာ ကုနည်းရှာလို့မတွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သေးတာပါ။ အထူးသဖြင့် စိတ်ချမ်းသာမယ်။ လိုလောက်တဲ့ အနားယူမှု ကုသမှုရမယ်ဆိုရင် ချက်ချင်းကျန်းမာလာမှာပါ"

ဆရာဝန်ခများမှာ ဆရာဝန်ထုံးစံအတိုင်း သူ့ကိုအားပေးရှင်းပြရသည်။ သူ့စိတ်ထဲမှာ သူ့ရောဂါကျွမ်းမှ ပျောက်ပါ့မလားဟု သံသယဖြစ်နေဆဲပင် ဖြစ်ပေသည်။

"ဒါနဲ့ မွေးမှာ အိမ်ထောင်ရှိပါသလား"

"ဟုတ်ကဲ့"

"သူကတော့ ကျန်းကျန်းမာမာပဲနော်"

"ဟုတ်ကဲ့"

"မွေး ဒီရောဂါဖြစ်တယ်လို့ သိရတာ ဘယ်တုန်းလောက်ကလဲ"

"မွေးရဲ့ မမဆုံးပြီး တစ်အိမ်လုံးဆေးစစ်ကြရာမှာ မွေးရဲ့အဆုတ်မှာ အစက်တစ်စက် တွေ့ရတယ်လို့ သိရတာပါပဲ"

"လွန်ခဲ့တဲ့ နှစ်လက ဆိုပါတော့"

"မှန်ပါတယ်"

"အဲဒီအတွင်း ဘာများ ထူးထူးခြားခြား ဖြစ်ခဲ့သေးလဲ"

"ကိုယ်အလေးချိန်ဟာ တစ်ပတ်အတွင်း ငါးပေါင်လျော့လာခဲ့လို့ ကိုယ့်ဟာကိုယ် သက်သာမကောင်း ဖြစ်လာတာပဲ"

"ကိုယ်အလေးချိန် ရုတ်တရက် လျော့ကျတာဟာ စိုးရိမ်စရာ





တော့ ဟုတ်ပါတယ်။ ဒါပေမယ့် တခြားရောဂါကြောင့် ဖြစ်တာတော်ပါတယ်၊ ကြီးကြီးကျယ်ကျယ် ဘာရောဂါမျိုး မွေးဖြစ်ခဲ့ဖူးသလဲ"

"Jaundice"

"ဘယ်လောက်ကြာလဲ၊ ဘယ်တုန်းလောက်ကလဲ"

"သုံးလ နီးနီးလောက် လဲနေခဲ့ပါတယ်၊ လက်မထပ်ခင်ကပါ"

"ဩော် ဒါနဲ့ မွေးရောဂါအခြေအနေနဲ့ ပတ်သက်ပြီး အမြန်ဆုံးအကြောင်းပြန်ဖို့ ဗိုလ်မှူးနိုင်ဆိုတဲ့ သူ့ဆီက သံကြိုးစာတစ်စောင်ဆေးရုံအုပ်ကြီးမစ္စတာ ဂျေမ့်စ်ဒင်ဆီကို ရောက်လာပါတယ်။ ကျွန်တော်တို့ အစီရင်ခံလိုက်ပါမယ်၊ မွေးရဲ့ ရန်ကုန်လိပ်စာကရော ..."

"အဲဒီ ဗိုလ်မှူးနိုင်ဟာ မွေးရဲ့ ခင်ပွန်းပါပဲ"

"ဩော် ... ဒီလိုဆိုပြီးတာပါပဲ။ ကဲ ... ဓာတ်မှန်ရိုက်ကြဦးစို့နော်။ Screening Reading တော့ နက်ဖြန်မှ ယူပါ့မယ်။ Tomography ဒေါက်တာဂျေမ့်စ်ဒင်က လိုတယ်ဆိုရင် ကျွန်တော်တို့ ယူပါ့မယ်"

ဆရာဝန်သည် မွေးပြောကြားသမျှထဲမှ အကြောင်းအရာတချို့ကို ရေးမှတ်၍ ဖိုင်တွဲများကိုသိမ်းဆည်းကာ အပြင်သို့ထွက်သွားသည်။

မစ္စစ်ဆိုင်မွန်က မွေးအား အဝတ်အစား ပြန်ဝတ်စေကာ ဓာတ်မှန်ခန်းဆီသို့ ကူးလာလေသည်။

ဒီနေ့အဖို့ မွေး၏ သွေး၊ ဆီး၊ ဝမ်းနှင့် ကိုယ်ခန္ဓာကို စစ်ဆေး၍ပြီးခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သော အာရောဂျံ၏ နေ့လယ်ပိုင်းတွင် နွေဦးလေသည် အပူငွေ့များကို ဆောင်ယူ၍ လာသောကြောင့် နံနက်က နှင်းငွေ့လည်း ပျောက်ပျက်သွားတော့သည်။ လူနာအားလုံးပင် အိပ်ရာထက်တွင် နားနေအိပ်စက်နေကြလေပြီ။

မန်ကျည်းရွက်ခြောက်လေးများသည် လေဝှေ့လိုက်တိုင်း လူနာခန်းများဆီသို့ ဝဲကာဝိုက်ကာ သွန်ကျလာကြသည်။ တမာပွင့်ဖတ်များသည်လည်း မြေပြင်တွင် ဖွေး၍နေကြတော့သည်။

မွေးသည် အိပ်ရာထက်တွင် အိပ်မပျော်နိုင်သလို၊ ထမင်းစားပြန် ခေတ္တနားနေချိန်တွင် အိပ်ရာပေါ်တွင် လှဲနေသော ဒေါက်တာမိုးကောင်းအဖို့လည်း မေး၍မရ။

မွေး မျက်လုံးထဲတွင် ဒေါက်တာမိုးကောင်းကို မမြင်။ 'အတွတ်' ဆိုသော သူငယ်လေးကိုသာ မြင်ယောင်၍ ဒေါက်တာမိုးကောင်း မျက်လုံးထဲတွင်လည်း ဆံရစ်ဝိုင်း သျှောင်ထုံးလေးနှင့် 'မကျည်းတန်လေး၏ မျက်နှာသည် တရိပ်ရိပ်ပေါ်လာသည်။ အတိတ်ဆိုသည်ကလည်း မေ့ပျောက်နိုင်ခဲသော အရာတစ်ခုပါတကား။

အဝေးမှကျောက်တောင်ရုံကို ပွဲတင်ပြန်လာသော ဥသြငှက်၏ အသံကလည်း ညှင်းတွဲ့တွဲ့နှင့် သူတို့နှစ်ဦးကြားတွင် လူးလာယှက်နေသလိုကြား၍ နေရပေသည်။

ဥသြသံသည် အနီးကပ်ကြားရချိန်တွင် နွေဦး၏တမန်တော်သဖွယ် လှပညွှတ်နူးစရာကောင်းသည့် နွေ၏သာယာ တော်၏သာဟန်များကို ရင့်ကျူးသီဆို၍ ကောင်းချီးပေးကာ လူသားတို့အား ပြောပြနေလေသလားဟု ထင်မှတ်ဖွယ်ဖြစ်သော်လည်း အဝေးမှနေ၍ ဥသြငှက်၏ သာသာညှင်းညှင်း လေးလေးတွဲ့တွဲ့ တွန်မြည်သံကမူ ဝေးခဲ့ကွာခဲ့ပြီဖြစ်သော အတိတ်၏ပုံပြင်တို့ကို ပြန်လည်ဖွဲ့နွဲ့၍ တင်ပြဟန်ရှိခဲ့၏။

ဥသြသံသည် မှုံ၍မှုံ၍ အဝေးတွင် ကွယ်ပျောက်လုမတတ် သဲ့သဲ့မျှသာ ကြားရသော်လည်း တစ်ခါကဇာတ်ကြောင်းများကိုမူ သူတို့နှစ်ဦး၏ နှလုံးသားတွင် ထင်း၍ထင်း၍ အသစ်ဖြစ်ကာ ပေါ်လာရပြန်သည်။

သူတို့နှစ်ဦး၏ အတွေးအာရုံတွင် အာရောဂျံသည် မှုန်ကာမှေးကာ နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။ မဒနာပလီလမ်းမကြီးသည် တသွင်သွင် တငြိမ့်ငြိမ့် ဆင်းလျက်ရှိသော ဝါးခယ်မမြစ်အသွင်သို့ ပြောင်းလွဲသွားတော့၏။

ထိုမြစ်ကြောင်း တစ်ကွေ့တွင် အတွတ်နှင့် မွေးတို့ တွေ့ခဲ့ကြ၏။ မြစ်ရေယဉ်စီးသလို ဘဝဆိုသည်က ရပ်တည်မနေဘဲ ရေကြောင်းပြောင်းခဲ့သည်မှာ ကာလကြာမြင့်ပါပကော။

အတွတ်ကတော့မူ ဘယ်တော့မှ မမေ့။ မြစ်ရေယဉ်သည် ပင်လယ်သို့ စီးဆင်း၍ အစပျောက်ဆုံးတော့ သူသည် မွေအတ္တုဝါယ်ပြီးခဲ့သော ပုံပြင်အစကိုလိုက်၍ ရှာဦးမည်။ ပြန်လည်တွေ့ဆုံနိုးနှင့် ဤအတ္တုဝါတစ်ဘက်တွင် စောင့်နေဦးမည်သာ ဖြစ်သည်။ ယခုတော့ သူမျှော်လင့်သလို ပြန်လည်၍ တွေ့ဆုံကြပါပကော။




www.burmeseclassic.com

www.burmeseclassic.com



မွေးဆိုသည့် မိန်းကလေးကလည်း ဟိုခပ်ငယ်ငယ် မကျည်းတန်လေးအဖြစ်နှင့်ကတည်းက ဝါးခယ်မမြစ်ကို ဒီမှာဘက်မှ ဟိုမှာဘက်သို့ရောက်အောင် နေ့စဉ်ကူးနေရသော မွေးပါတကား။ ယခုလည်း သူ့မှာ မြစ်ကို ကူးနေရဟန်ရှိသေး၏။ မိန်းကလေးနှယ် ဘာကြောင့်များ ကမ်းတစ်ဖက်ဖက်တွင် အခြေမစိုက်နိုင်သေးပါလိမ့်။ မြစ်ကိုကူးရသည့်အဖြစ်က မြင်နေကျမို့ မခဲယဉ်းသလို အကြောင်းမထူးသလိုရှိနေသော်လည်း တကယ်တော့ အန္တရာယ်များလှသည်။

လှိုင်းကလည်း ထန်ချင်ထန်မည်။ မိုးသက်က ဆင်ချင်ဆင်မည်။ သဘောကြီးတွေကလည်း မွေးလိုလှေငယ်ရှင်အတွက် အန္တရာယ်ကြီးလှပါတကား။ အမှန်တော့ မွေး နားချိန်တန်ပေပြီ။

မွေးသည် မြစ်ကြောင်းများကို အလျားလိုက် ကူးနေလေသလား။

မွေး၏အကြောင်းကို ပြန်လည်တွေးရသည်မှာ ရင်နာစရာကောင်းပေမယ့် အတွက်အဖို့ အရသာရှိသလို အမြဲတွေးနေချင်သည်။ အခြေအနေအရ ဘဝအမျိုးမျိုး ကူးပြောင်းခဲ့၍ ယခု ဆရာဝန်တစ်ယောက်အဖြစ် လူကြီးဘဝသို့ ပြောင်းလာခဲ့သော်လည်း ဤမိန်းကလေး၏ပုံပြင်က သူ့နှလုံးသားထဲမှ မထွက်။ ဘယ်တော့မှလည်း မရိုးနိုင်ခဲ့။

လ, ရောင်အောက်မှ မြကြိုးလို သွယ်ပျောင်းတောက်ပနေသော ဝါးခယ်မမြစ်။

မိုးဦးလေတွင် ယိမ်းနွဲ့လှုပ်ရှားနေသော စပါးပင်ပျိုများ။





ကောလိပ်ကျောင်း ရုံးရှေ့ရှိ ရေတာမာပင်ကြီး။ ပြီးတော့ ဗိုလ်မှူးနိုင်။ သူ့ခေါင်းထဲတွင် ထိုကဗျာများသည် တသတ်စီ ရှိခဲ့ကြသည်၊

"တေးဆိုကြ၊ ပျော်ကြတာတွေ၊
ငယ်ငယ်က သဘာ၀အခြေ။
မြင်ယောင်လို့နေ၊ ခုနေများ၊
ဟိုခေတ်ခါတွေ၊ ယှဉ်ကာပဲ
ကြည့်လိုက်ရင်လေ၊ လွန်ကွာခြားပေ၊
အမြဲပဲတွေ့ပါရစေ၊ အခါခါဆုတောင်းနေ၊
ကျောင်းဘုရား သွားကာပင်၊
တူယှဉ် မကွဲပေ၊"

သူသည်ခေါင်းဖြီးရင်း ရေချိုးရင်း ဤသီချင်းလေးကို မရိုးနိုင်အောင် ခဏခဏဆိုမိသည်။ ဆိုပြီးတိုင်း အသံတိမ်ဝင်ကာ မွေး၏အာရုံသို့ ကူးပြောင်းသွားရသည်မှာ များပါပကော။

* * *

ဝါးခယ်မတစ်ဖက် ဤမြစ်ကမ်းခြေတွင် သူတို့မိသားစု နှစ်အိမ်ထောင်၏ ဘိုးဘွားများသည် ဘယ်တုန်းကများ အခြေစိုက်ခဲ့သည်ကို အတွတ် မမှတ်မိပေ။

တစ်ခါတစ်ရံတော့ ဆင်ဝင်ခန်းတွင် အတွတ်ကို မေမေ ပုံ ပြောသလို ပြောပြ၏။ ဘိုးဘွားများ အညာမှ ပန်းတနော်ရောက်လာပုံ၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်မှ သူ့အဘိုးများလက်ထက်တွင် ဝါးခယ်မမြစ်၏ ဤမှာဘက်၌ အခြေစိုက်လာပုံတို့ကို ပြောပြ၏။ သို့သော် ပုံပြင်များမှာ ရှည်ကြာလွန်း၍ ဝိုးတိုးဝါးတားနှင့် ကွယ်ပျောက်ခဲ့လေသည်။

ထင်ထင်ရှားရှား မှတ်မိသည်မှာ မွေးတို့မိသားစုနှင့် ခြံချင်းကပ်နေရခြင်းဖြစ်၏။ သူတို့အိမ်နေရာများမှာ သော်ကရွာနှင့် ရွာသစ်ကြားတွင်ဖြစ်၍ သီးသန့်အိမ်နှစ်ဆောင်လို ဖြစ်နေသည်။ အိမ်ပုံစံ နှစ်ခုသည် ဆင်တူ၍ ရှေးကျလှသည်။ လေးပင်သုံးခန်း၊ နှစ်ထပ်အိမ်မြင့်ကြီးတွင် ဆင်ဝင်ခန်းများသည် ခံ့ခံ့လွင့်လွင့်ကြီးဖြစ်၍ နေပေသည်။

တောအိမ်ဖြစ်၍ ခြံဝင်းများက ကျယ်ပြန့်လှသည်။ အိမ်နှစ်ခုကြား စည်းရိုးနှစ်ခုဆုံရာတွင် ပိတောက်ပင်ကြီးသည် မြင့်မြင့်မှိုင်းမှိုင်းနှင့် နှစ်ဖက်မြေပေါ်တွင် မိုး၍နေကာ နောက်ဘက်တွင်မူကား ကွဲ့ကော်ပင်များအုပ်၍နေပေသည်။ တောင်လေတိုက်ခတ်ချိန်တွင် မြစ်ဖက်မှ လေထန်သည်မို့ ပိတောက်ပင်ကြီး၏ လှုပ်ရှားသံကို လှိုင်းကယက်သံတို့ကြားမှ ကြား၍နေရသည်။

မြောက်လေပြန်လည်လျှင်လည်း ကျောဘက်လယ်ကွင်းများဆီမှ ရွှေရောင်စပါးတို့၏ တံစဉ်လက်သို့ မရောက်ခင် တီးတိုးညည်းညူသံများမှာ အိမ်ဝန်းကျင်တွင် လွင့်ပျံ့နေသည်။ ဆောင်းနှောင်းသို့တိုင်လျှင် မြောက်လေတွင် ရိုးပြတ်ရနံ့များသည် သင်းပျံ့၍လာခဲ့၏။

အိမ်များသည် မြစ်ဘက်သို့ မျက်နှာမူသော်လည်း လယ်များ





ရှိရာ နောက်ဘက်မျက်နှာစာတွင်လည်း အပေါ်ထပ်၌ ဆင်ဝင်လို အဆောင်ပိုလေးများထုတ်၍ ထားသည်။ ထိုဆင်ဝင်မှ ကြည့်လျှင် လယ် ကွင်းများအလယ်၌ ရွှေရောင်ဝင်းနေသော သော်ကဘုရားကြီးကို ညွတ်နူး ဖွယ်ဖူးမြင်နေရပေသည်။

တစ်ခါတုန်းက ဤအဆောင်များမှ သူ၏ အဘိုးအဘွားတို့သည် သော်ကဘုရားကို အာရုံပြုကာ ကြည့်ညိုခဲ့ကြသည်ဟု မေမေက ပြောပြဖူးသည်။ မွေးတို့မိခင် ဒေါ်တင်တင်ကြီး၏ မိဘများလည်း ဤ သို့ပင် အနောက်ဆောင်လေးမှ ဘုရားကိုအာရုံပြုကြသည်ဆို၏။ သူတို့ နှစ်အိမ်ထောင် ဘိုးဘွားများသည် အယူအဆ၊ အတွေးအခေါ် တူညီခဲ့ ကြဟန်ရှိပေသည်။

မွေးတို့မောင်နှမတစ်သိုက် ကျောင်းထားချိန်တွင်မူ မွေးတို့ ခြံစောင့်ဦးဆယ်သည် လှေတစ်စင်းနှင့်ကလေးများကို တင်ကာ ဝါးခယ်မ ဘက်ကမ်းသို့ ကျောင်းသွားပို့ရ၏။ အငယ်ဆုံး ထွေးမှလွဲ၍ သူတို့ အားလုံး ကျောင်းသွားကြရသည်။

မွေးအစ်ကိုကြီး နှစ်ယောက်မှာ အတန်းကြီးသမားများ ဖြစ်ကြသော်လည်း အစ်မဖြစ်သူ အေး၊ မွေးနှင့် လေးတို့မှာ အတွတ်လိုပင် မူလတန်းသားများ ဖြစ်ကြသည်။

အတွတ်သည် အလွန်အဆင်မပြေမှ တစ်ယောက်တည်း ကျောင်းသို့သွားသည်။ များသောအားဖြင့် မွေးတို့မောင်နှမတစ်စုနှင့်သာ သူကျောင်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ခင်နှင်းယု

ဆောင်းရာသီသည် သာတောင့်သာယာရှိသော်လည်း စာမေးပွဲနီးသောကြောင့် ကလေးများအတွက် အမှတ်မထင် ကုန်လွန်ခဲ့ရသည်။

နွေသို့ရောက်လျှင်မူ ကျောင်းပိတ်ရက်လည်း များလာခဲ့၍ ခြံဝင်းများထဲတွင် ရှည်လျားသော အရိပ်များမိုးလာသည့် တစ်ပြိုင်နက် မွေးတို့မောင်နှမတစ်စုနှင့် အတွတ်မှာ သစ်ပင်များကြားမှ မထွက်တော့ပေ။

လ,သာသော ညများတွင်မူ လယ်ကွင်းစပ် ပတ်ကြားအက်ပေါ်တွင် စိန်ပြေးတမ်းကစားရချိန်သည် အတွတ်တို့အတွက် မမေ့နိုင်ကောင်းသော ညများသာတည်း။

တစ်ခါတစ်ရံ ခြံစောင့်ခွေးများသည်ပင် သူတို့ကစားရာမှာပါခဲ့ကြသည်။

လေထဲတွင် မိုးသက်ပါလာချိန်မှာမူ သရက်ကင်းတို့ ကြီးစ,ပြုလာ၏။ လေတစ်ချက်ဝှေ့လိုက်တိုင်း သူတို့သည် တဖြုတ်ဖြုတ်ကြွေနေကြသော သရက်ကင်းလေးတွေကို အပြိုင်အဆိုင် အပြေးအလွှားကောက်ခဲ့ကြရသည်။

ကျောင်းတက်ရက်များတွင် ကလေးတို့အတွက် ကစားချိန်လျော့၍လာခဲ့သည်။ ကျောင်းမသွားခင် နံနက်ပိုင်းလေးတွင်မှာတော့ သူ့ဆရာမဖို့ ငါ့ဆရာမဖို့နှင့် ရာသီလိုက်ပွင့်သော ပန်းရုံများနားတွင် ပန်းပွင့်လုကြရသည်မှာလည်း သူတို့အတွက် အလုပ်တစ်ခုပင်။



## မွေး

တစ်ခါတစ်ရံ အတွတ်တို့ခြံထဲမှ ပန်းရုံကို ရောက်လာကြသည်။ တစ်ခါတစ်ရံတော့ မွေးတို့ပန်းချုံမှာ ဖြစ်သည်။ သို့သော် ဘယ်အခါမဆို အတွတ်သည် မွေးတို့မောင်နှမ တစ်စုကြားတွင် လုံးလုံးလုံးလုံးနှင့် ပါခဲ့သည်သာ ဖြစ်သည်။

မွေးအစ်ကိုများ ခုနစ်တန်းအောင်ပြီး တခြားမြို့များသို့ ကျောင်းပြောင်းချိန်တွင်မူ မွေးသည် လောကိုပဲ့ကိုင်နိုင်လောက်အောင် လော့လော့ကျွမ်းကျင်လာသည်။ ထိုစဉ်ကတည်းက သူ့တက်နှင့်သူလော့ကာ အေးနှင့်ဘူကွ ညီမလေးများကိုတင်ကာ ကျောင်းသွားခဲ့သည်။ ဒီတော့လည်း အတွတ်သည် အတူပါခဲ့သည်က များခဲ့၏။ မွေးပင်ပန်းပုံပေါ်သော အခါတွင် မွေး၏လက်မှ လော့တက်ကို လှမ်း၍တောင်းတိုင်း မွေးသည် အတွတ်ကို မပေးခဲ့ပေ။

ထိုစဉ်ကတည်းက ခေါင်းမာသော ကောင်မလေး တစ်ယောက်အနေနှင့် မွေးကို စိတ်ထဲက ခပ်ချဉ်ချဉ် ဖြစ်မိသည်။

သူရှင်ပြုသောနေ့က မွေးနှင့်ရန်ဖြစ်ခဲ့ရသည်။ သူသည် ခဏခဏပဲ ရှင်ပြုရ၏။ ဘွားဘွားဆုံးခါနီးတုန်းကလည်း သင်္ကန်းဝတ်၍ ပြခဲ့ရ၏။

ခမ်းခမ်းနားနားရှင်ပြုရသည်မှာ (၁၂)နှစ်သားတုန်းက ဖြစ်သည်။ မေမေက သားတစ်ယောက်တည်းမို့ အငြိမ့်တွေ ကွက်စိပ်တွေနှင့် တခမ်းတနားလုပ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## ခင်နှင်းယု

ထိုညြည့်ခံသောနေ့က မွေးတို့မောင်နှမအားလုံး လာသည်။ ထိုစဉ်က သူသည် မွေးကိုမကျည်းတန်ဟုပင် ခေါ်သည်။ သူ့မျက်စိထဲတွင် ညီမအားလုံးထဲ၌ မွေးသည် အလွန်အကျည်းတန်သော ကလေးပင်တည်း။

အစ်ကိုတွေက ထောင်ထောင်မောင်းမောင်း ယောကျ်ားပီပီ ချောကြသည်။ မွေးထက်အကြီး အေးကာ မင်းသမီးလေးလို ဖြူဖြူနွဲ့နွဲ့ဖြစ်၏။ သူ့ဆံပင်လေးများသည် ကွေ့ကွေ့ဒိုက်ဒိုက်နွယ်ကာ ဖြူနေသော နဖူးအိအိလေးပေါ်တွင် ဝဲနေသည်။ သွားတက်လေးပေါ်အောင် ပြုံးနေလျှင် မမအေးသည် ပိုမို၍လှပ၏။ စကားနည်းနည်းပြောကာ ငြိမ်ငြိမ်သက်သက်လေးပင် နေတတ်သည်။ အပျိုဖော်ဝင်စတွင် ဖြူဖြူမြင့်မြင့်လေးမို့ ပိုးတောင့်တဲလေးလို ချစ်စရာကောင်းပေသည်။ လေးနှင့်ထွေးတို့ နှစ်ယောက်ကလည်း ဖြူဖြူဝဝလေးတွေဖြစ်၏။ မျက်လုံး မျက်ခုံးများ အားလုံးတောက်ပ မည်းနက်ကြသည်။

မကျည်းတန်ကတော့ အားလုံးထဲတွင် အသားညိုလွန်းရသည့်အထဲ သူ့လည်ပင်းက ပုတိုတိုလေးနှင့် အေးကဲ့သို့ သွယ်သွယ်ပျောင်းပျောင်းမနေပေ။ စကားပြောလျှင် သွက်သွက်လက်လက်နှင့် ပြတ်ပြတ်ပြောသည်။ ထိုနေ့က မွေးသည် နားကွင်းအကြီးကြီး နားတွင်ပန်ကာ ရွှေတောင်ပိုးလုံချည် အနီရဲရဲကို သူ့ညီမများနှင့် ဆင်တူဝတ်ထားကြ၏။ ဂျပန်ပိုးအင်္ကျီအနီ ဖားဖားကြီးနှင့် မွေးကိုကြည့်ရသည်မှာ ကုလားမနှင့်တူနေသည်။ ပြီးတော့ သူသည် သူ့အစ်မများ ညီမများကဲ့သို့ သနပ်ခါးကို သပ်သပ်ရပ်ရပ် လူးတတ်ပုံမရပေ။



## မွေး

"ရုပ်ကိုကဟယ် နန္ဒင်းမှုန့်ရောင်းတဲ့ ကုလားမကျနေတာပဲ"

မွေးက သူစားရန် ကြာဆံကြီးကို အမှတ်တရ သူ့ဆီလာပို့ချိန်တွင် သူကမွေးကို ရက်ရက်စက်စက်ပြော၏။ အတွတ်မှာ သက်နိုးမတတ်ခင် ရှင်လောင်းဖြစ်နေ၍ လှလှပပတတ်ကာ ငြိမ်ငြိမ်နေရသော အချိန်ဖြစ်သည်။ မွေးက သူ့ကိုမျက်စောင်းကြီးထိုးလိုက်၏။ မွေး၏ ချောင်ထုံးကြီးမှာမူ နက်နက်ချောချောကြီး ဖြစ်၏။

"ညနေကျ ငါသက်နိုးစည်းပြီးရင် လာခဲ့မယ်။ မကျည်းတန် ငါ့ ကို ရှိခိုးရမယ်နော်"

"ဘယ်တော့မှ မရှိခိုးဘူး။ အတွတ်လာရင် မွေးလည်း ထွက်မလာဘူး"

မွေးသည် နှုတ်ခမ်းကြီးစူကာ ခပ်ဆောင့်ဆောင့်ပြော၍ ထွက်သွားသည်။ မွေးက သူ့ထက်တစ်နှစ်ငယ်၏။ "နင်နှင့် ငါနှင့်" သူ့ကို မပြောပေ။

ညနေစောင်း၌ ဆံချတာရားနာပြီး သော်ကကျောင်းသို့ သူ့ကို သွားပို့ကြချိန်တွင် မောင်နှမအားလုံးပါသော်လည်း မွေးသည် နေရစ်ခဲ့၏။ စည်းရိုးအနီးမှ ကရမက်ချုံနားတွင် နှုတ်ခမ်းထော့ထော့စူကာ သူ့ကို ကြည့်နေသည်။ သူသည် ခေါင်းတုံးပြောင်ကလေးနှင့် သက်နိုးရုံထားရပြီဖြစ်၍ ဣန္ဒြေကြီးလုပ်နေရ၏။ လိုက်ပို့ကြသည့် လူစုထဲတွင် မွေးမပါဘူးဆိုတော့လည်း သူ့စိတ်က ဝမ်းနည်းချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွတ် လူထွက်ပြီး နောက်တစ်နေ့တွင် နှစ်စဉ်ကျင်းပမြဲသော်ကဘုရားပွဲတော် စ,လေသည်။ အနောက်ဘက်လယ်ကွင်းတွင် စပါးပင်များ ရိတ်သိမ်းပြီး၍ လယ်မြေများပင် ပတ်ကြားအက်၍နေပေသည်၊

ဘုရားသို့ ကုန်းကြောင်းလျှောက်၍ရသော်လည်း မွေးတို့က သူတို့ဘွားဘွား လုပ်ပေးခဲ့သော လှည်းယာဉ်နှစ်စီးကိုပြင်၍ထား၏။ မွေးတို့ပါသော လှည်းမှာ သူ့ဖေမေနှင့် မွေးမေမေတို့ ပါကြသည်။ အေးက လှည်းအလယ်တွင် လူကြီးများနှင့် အတူထိုင်၏။ မွေးနှင့် အငယ်နှစ်ယောက်က လှည်းနောက်မြီးတွင် ခြေတွဲလွဲလေးတွေချကာစီ၍ ထိုင်နေကြသည်၊ သူတို့ခြေလေးများ လှည်းဆောင့်၍ လှုပ်တိုင်း ခြေကျဉ်းများမှာ တလက်လက် တောက်ပ၍ တချွင်ချွင်မြည်နေသည်။

သူသည် မွေးအစ်ကိုများနှင့်အတူ မွေးတို့လှည်းနောက်မှ လိုက် ရသည်။ ညနေစောင်းတွင် အနောက်ဘက်လယ်ကွင်းအစပ်၌ နေလုံးရဲရဲကြီးမှာ နစ်စပြု၍နေလေသည်။ ဝါဖျော့ဖျော့ နေရောင်ထဲတွင် လှည်း နှစ်စီး ပြေးနေသည်မှာ ကြည့်၍မြူးရွှင်စရာ ကောင်းပေသည်၊

အဝေးတွင် ရွှေပိန်းနေသော သော်ကစေတီကြီးသည် ဝင်ဆဲနေတဆွင် ရွှေတောင်ကြီးလို ညီးညီးပြောင်နေသည် ပွဲခင်းဆီမှ လူသံ၊ တေးသံတွေမှာ လေညင်းတွင် လွင့်ပျံ့နေသည်။

မွေးတို့ညီအစ်မသုံးယောက်သည်လည်း သီချင်းဆိုနေကြသည်၊





သူသည် သီချင်းသံကို အစကနားစိုက်မထောင်မိပေ။ သေချာစွာ နားထောင်လိုက်သည့်အခါတွင်မှ မွေးတို့ ဆိုနေသည်မှာ သီချင်းမဟုတ်ပေ။

"ကိုရင်လူထွက် ငါးပိချက်၊ ခေါင်းတုံးပြောင် အုံးမောင်နှပ် ချေးထူ" ထိုစကားလုံးတွေကိုသာ လက်ခုပ်တီး၍ အော်ဆိုမှန်း သူသိရ တော့သည်။ သူ၏ခေါင်းတုံးကို သရော်သည့်အတွက် သူ့စိတ်ထဲတွင် ဒေါသဖြစ်သွား၏။ သို့သော် မွေး၏အစ်ကိုများ သီချင်းသံတွင် သူ့ဒေါသ ပြေသွားရလေသည်။

ဘုရားသို့ရောက်လျှင် မွေးဘွားဘွား၏ တန်ဆောင်းထဲရှိ ကျောက်ဆင်းတု ရုပ်ပွားတော်ရှေ့၌ ဆီမီးပူဇော်ကြရသည်။ သူသည် မွေးနှင့်အတူယှဉ်၍ ဖယောင်းတိုင်များကို တစ်တိုင်ပြီးတစ်တိုင် ညှိ၏။ သူတို့ရှေ့တွင် ဒေါ်တင်တင်ကြီးနှင့် မေမေက မီးမညှိရသေးသော ဖယောင်းတိုင်များကို စိုက်နှင့်၏။ ဒေါ်တင်တင်ကြီးလက်မှ ဖက်ထုပ်စိန်လက်စွပ်ကြီးမှာ မီးရောင်နှင့်ရောထွေး တောက်ပနေပုံရသည်။

မွေးကို ဒေါသဖြစ်နေသော်လည်း မေမေ့ရှေ့တွင် သူသည် ရန်မဖြစ်ရဲသေးပေ။ ဖယောင်းတစ်တိုင်ကို မီးကူးနေသော မွေး၏လက်ချောင်းကလေးများကို စိုက်ကြည့်နေ၏။

"မကျည်းတန်ရာ မင်းရုပ်သာ မလှတယ်၊ မင်းလက်ချောင်းလေးတွေကတော့ ဖောင်းဖောင်းလှလှလေးတွေနော်"

သူသည် ဒေါသကိုမေ့ကာ ပြောလိုက်လျှင် မကျည်းတန်က မဲ့ပြုံးပြုံး၍ နေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်တန်းအောင်ပြီးနောက် တောင်လေတိုက်စ ပြုလာသော နှစ်ဦး၌ အတွတ်မှာ စာအုပ်သေတ္တာများကို ပြင်နေရ၏။ သင်္ကြန်လွန်ပြီး တစ်ပတ်တွင် သူရန်ကုန်ကျောင်းသို့ ပြောင်းရမည်ကို မေမေက ပြောထားနှင့်ပြီးဖြစ်သည်။

ဝါးခယ်မအရှေ့ပိုင်းက ဝတ်လုံဦးဘလှသားနေသော ကျောင်းတွင် ထားမည်ဟုဆို၏။ ဦးဘလှသည် ဝါးခယ်မသားတစ်ယောက်ဖြစ်၍ ရန်ကုန်တွင် ဝတ်လုံလိုက်နေသည်ဆိုသည်ကလွဲ၍ ဦးဘလှကိုရောသားဖြစ်သူကိုပါ မမြင်ဘူးပေ။

"ဖရက်ဒီဘလှက သားနဲ့ရွယ်တူပဲ။ သူလဲ ခုနစ်တန်းမှာ။ ဟိုကျ သားပျင်းမှာ မဟုတ်ပါဘူး" ဟု ဖေဖေက ဆို၏။

သို့သော် သူ့စိတ်ထဲတွင် မွှေးတို့ ညီအစ်မတစ်စုနှင့် လေ့စီးကာ ဝါးခယ်မဘက်ရှိ ကျောင်းသို့ပင် သွားချင်နေပေသည်။

ညနေတွင် မွှေးကို နှုတ်ဆက်ချင်၍ ခြံစည်းရိုးတစ်ဖက်ကို ကူးလာခဲ့သည်။

မလွယ်ပေါက်သည် ပိတောက်ပင်ခြေတွင် ဖောက်ထား၍ ပိတောက်ပင်ကြီးအောက်မှ ဖြတ်လျှောက်လာခဲ့၏။

အေးနှင့်မွှေးမှာ စံပယ်ရုံဘေးတွင် စံပယ်ပန်းလေးများကို သီ ပြီးကြေးနန်းကြိုးလေးများနှင့် ပန်းဆိုင်းဖြစ်အောင် ခိုင်နေကြပေသည်။

လေးနှင့်ထွေးကတော့ ထဘီလေးတွေ ခါးတောင်းကျိုက်ကာ ခြံထဲမြေညီလမ်းပေါ်တွင် ဇွဲလိုမ့်နေကြပေသည်။





"ဟယ် ... အတွတ်ပါလား၊ လာ ... ထိုင်လေ"

အေးက သူ့ကိုခုံတန်းလျားတစ်ဖက်စွန်း၌ နေရာပေး၏။ မွှေးကမူ စံပယ်ပွင့်ကလေးတစ်ပွင့်ကို ကိုင်ကာ သူ့ကိုငေးကြည့်နေသည်။

"ကျွန်တော် မမအေးတို့ကို လာနှုတ်ဆက်တာ။ ရန်ကုန်ကျောင်း ကို သွားရတော့မယ်"

သူပြောနေစဉ်တွင် သူ့အသံများသည် တုန်နေသလို ဖြစ်နေပေသည်။

"ဒေါ်ဒေါ်စိန်ကလည်း ပြောတယ်၊ အတွတ်ကို စိန့်ပေါလ် ကျောင်းကိုပို့မလို့တဲ့" မွှေးက သူသိပြီးသလို ပြန်ပြောလိုက်၏။

"ဟုတ်တယ်၊ ကိုယ်ကတော့ မသွားချင်ဘူး။ ဒါပေမယ့် ဖေဖေက အင်္ဂလိပ်စာ သိပ်တော်စေချင်တာ၊ ဟိုမှာ ဖရက်ဒီဘလှလဲ ရှိတယ်လို့ ပြောတာပဲ၊ ကိုယ်တော့ ပျင်းမှာပါပဲ"

သူတို့ညီအစ်မနှစ်ယောက်သည် ခေါင်းများငြိုင်တူ ညင်ညင်သာသာ ညိတ်၍နေကြသည်။

"အိမ်ထဲမှာ ကိုကိုတို့ရှိလား။ ကြီးကြီးတင်တို့ ဦးတို့ကိုလဲ ကိုယ်သွားကန်တော့ဦးမယ်"

"သွားလေ မမအေး လိုက်ခဲ့မယ်"

သူနှင့် မမအေးသည် အိမ်ဘက်ဆီသို့ သွားကြသည်။

မွှေးက ပန်းခုံတွင် နေရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မွှေးအစ်ကိုများဖြစ်သော ကိုနောင်နှင့် ကိုအောင်သည် ဘာကို ဆွေးနွေးနေသည်မသိ၊ လှိုင်းသုံးယောက်နှင့် အခြေအတင် စကားပြောနေ၍ နှုတ်ဆက်ရန် အတော်စောင့်ခဲ့ရသည်။

အပြန်တွင် စံပယ်ရုံနား၌ ခြင်းတောင်းလေးထဲတွင် ပန်းခက်များကို စီထည့်နေသော မွှေးကို တစ်ယောက်တည်း တွေ့ရသည်။ နေ ရောင်မှာ ဖျော့လွန်း၍ မှောင်ရိပ်ပင် သမ်းလာစပြုနေပုံရ၏။

"မွှေး ရန်ကုန်ကို ဘာမှာချင်သေးသလဲ"

သူသည် ခပ်တိုးတိုးပင် မွှေးအနားသို့ ကပ်၍မေးလိုက်၏။ မွှေးကပြုံး၍ပင် ကြည့်နေကာ သူ့ကိုဘာမှပြန်မပြောပေ။

"တို့ရန်မဖြစ်ရတော့ဘူးနော်။ ကိုယ် ဟိုရောက်ရောက်ချင်း စာရေးမယ်၊ မင်းစာပြန်နော်"

"ပြန်ပါ့မယ်"

"ကဲ ... ကိုယ်သွားတော့မယ်။ နက်ဖြန်ညနေ သင်္ဘောဆင်းရင် မင်းတို့ကို လိုက်ပို့ပါလား"

"မေမေ ခိုင်းရင် လိုက်ပို့ပေးမယ်လေ"

သူသည် မွှေး၏မျက်နှာကို စေ့စေ့ကြည့်ကာ အလိုလို ဝမ်းနည်းလာ၏။

"သွားမယ်ကွာ ကိုယ်စိတ်ညစ်သလိုပဲ"

သူသည် မွှေး၏ခြင်းထဲမှ ပန်းတစ်ခက်ကို ယူကာ မလွယ် ပေါက်ဆီသို့ ပြန်လာခဲ့သည်။





ညဦးတွင် တောင်လေသည်ပို၍ ပြင်းပြင်းထန် တိုက်ခတ်လာ၏။ မိုးသက်ပါလာဟန်ရှိသော်လည်း လေသည် ကံ့ကော်ပန်းရနံ့ဖြင့် မွှေးနေသည်။

မွှေးတို့အိမ်ကြီးဘက်ဆီမှ ညီမတစ်ရာ၏ ဝတ်တက်သံသည် လေထဲတွင်ဝဲကာ ပါလာပြန်သည်။ သူသည် အိမ်ခန်းပြတင်းမှ ထုမ်း၍ ကြည့်မိ၏။ လရောင်အောက်တွင် အိမ်မြင့်မြင့်ကြီးကို မြင်နေရသည်။ အိပ်ရာဆီသို့ ကမန်းကတန်းပြေးကာ ခေါင်းအုံးနှင့် မျက်နှာအပ်တာ ရှိုက်ကြီးတငင် သူငို၍နေမိသည်။

မကြာခင်ပင် အေးချမ်း၍သာယာသော ကြေးစည်သံကို သူကြားလိုက်ရပေသည်။

သူ့လက်ထဲတွင် မွှေးထံမှ ယူခဲ့သော စံပယ်ပန်းလေးများသည် ကြေမွ၍ နေကြပေပြီ။

* * *

နောက်နှစ် (နွေဦးကျောင်းပိတ်ရက်တွင်) ဝါးခယ်မကို သူပြန်လာခဲ့သည်။ ရောင်ခြည်ပျို့စ နီတွေးတွေးရောင်ပေါ်တွင် သင်္ဘောကြီးသည် အပြေးအလွှားပြေးကာ ဝါးခယ်မဆိပ်ကမ်းသို့ ကပ်၍လာခဲ့သည်။

သူသည် တစ်ဘက်ကမ်းကိုမျှော်၍ကြည့်၏။ မွှေးတို့အိမ်ရှေ့မှ ရေဆင်းတံတားလေးကို မှုန်မွှားသော ရောင်ခြည်တွင် ခပ်ရေးရေးမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ဘာရယ်လို့မဟုတ်။ မွေးတစ်ယောက်များ ရေဆင်းတံတားလေးတွင် သူ့ကိုစောင့်များ စောင့်နေမည်လားဟု ထင်ယောင်နေသည်။ အိမ်ကြီးပေါ်ရှိ ဘုရားခန်းဘက်ဆီမှာမူ မီးရောင်လင်းနေသည်။

သင်္ဘောရပ်လျှင် ကိုသာဘော် လှေလှော်လာသော သမ္ဗန်သည်သင်္ဘောဘေးတွင် ယှဉ်ကပ်ကာ သူ့ကိုလာကြိုသည်။ ဖေဖေနှင့်မေမေက သူပါလာသော အပေါ်ထပ်ကို ပြေးတက်လာ၏။

မေမေက "သား"ဟု အော်ခေါ်လိုက်ကာ သူ့ခေါင်းလေးကို လက်နှင့်ဖက်၍ထားလေသည်။ သမ္ဗန်ပေါ်သို့ ပစ္စည်းများ အားလုံးတင်ပြီး တငြိမ့်ငြိမ့်နှင့် အိမ်ဘက်သို့ ကူးလာကြ၏။

အိမ်မှာတော့ သူပြန်လာမှာမို့ အိမ်သားများ ပျားပန်းခတ်နေပုံပေါ်သည်။

ဖေဖေကမူ ကျောင်းအကြောင်းတွေကိုသာ အမျှင်မပြတ် မေးလွန်းသောကြောင့် သူစိတ်တိုလာသည်။

သူသည် လက်ဖက်ရည်ကြမ်းပွဲ ပြင်နေသော မေမေ့အနားထ,၍လာသည်။ မေမေ၏ဗန်းထဲတွင် စားတော်ပဲပြုတ်၊ ငါးခြောက်ဖုတ်နှင့် ကောက်ညှင်းပေါင်းတို့မှာ အဆင်သင့်ထည့်ပြီး ဖြစ်သည်။

"မေမေ မွေးတစ်ယောက် နေကောင်းရဲ့လား"

"အမလေး စောစောစီးစီး သူ့မွေးအကြောင်း မေးလိုက်ရတာဟယ်၊ နေကောင်းပါတယ်။ ကလေးမလေး စာသိပ်တော်တာပဲ။ အေး တော့ ကျောင်းထွက်သွားပြီ"





"သူက သားဆီကို စာလဲမရေးပါဘူး။ မေမေရာ"

သူသည် ပဲပြုတ်များကို ကော်ခတ်၍စားနေသည်။ နှမ်းဆီအရသာက လျှာပေါ်တွင် ဆိမ့်၍ဆိမ့်၍နေ၏။ ပြီးတော့ ရေနွေးကြမ်းကို သောက်ချလိုက်လျှင် ကျောင်းက စားရသည်များနှင့် ဘာမျှမတူသော အရသာကို သူတွေ့ရသည်။

မိုးစင်စင်လင်းလျှင် မွေးတို့ခြံဘက်ကို ကူးလာခဲ့မိ၏။

အဘိုးကြီးတစ်ယောက်ကို တွဲယူကာ မွေးသည်နေရောင်ခြည်ထဲသို့ထွက်လာ၏။ သူ့ကိုမြင်လျှင် မွေးကအားရပါးရ ပြုံးရယ်လိုက်ကာ အတွက်ပြန်လာကြောင်းကိုလည်း အိမ်ထဲသို့လှမ်းအော်ပြောလိုက်သေးသည်။ သူသည် မွေးအနားတွင်ရပ်ကာ မွေးကိုရွှန်းရွှန်းစားစား ပြုံးကြည့်နေ၏။ မွေးသည် သူနှင့်ခွဲသွားစကထက် အရပ်မှာပို၍မြင့်လာသည်။ မြို့မဆံတောက်ကြောင့် မိန်းမထွားကြီးဟန် ပေါက်နေသည်။ မွေးတွဲခေါ်လာသော အဘိုးကြီးအား နေရောင်ခြည်ထဲရှိ ကြိမ်ကုလားထိုင်ပေါ်တွင် မွေးကနေရာချထားခဲ့၏။ သူတို့နှစ်ယောက်သည် အိမ်ထဲသို့ ဝမ်းသာအားရ ပြေးလွှားဝင်လာခဲ့၏။ ညီမလေးတွေရော ဒေါ်တင်တင်ကြီးကပါ လိုက်လိုက်လှဲလှဲ နှုတ်ဆက်ကြ၊ သတင်းမေးကြနှင့် တစ်အိမ်လုံး ဆူညံသွားတော့သည်။ အိမ်ကြီးမှာလည်း ကျယ်ဝန်းသလောက် လူတွေများနေပုံရ၏။ ရုပ်ချင်းတူသော အသက်သုံးဆယ်ကျော်ခန့် မိန်းမနှစ်ယောက်ကိုလည်း အိမ်သားသစ်များအဖြစ် သူတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွက်သည် မွှေးအနားသို့ ကပ်ကာ ထိုမိန်းမများအကြောင်းကို မေးကြည့်ရလေသည်။

"ပန်းတနော်က ခဏလာနေတဲ့ မေမေ့ညီမဝမ်းကွဲတွေလေ၊ ဒေါ်လေးသူဇာနဲ့ ဒေါ်လေးမူရာ၊ ဒေါ်လေးမူရာ ယောကျ်ားက ပညာတော်သင်သွားနေလို့ သူတို့တိုက် ရန်ကုန်မှာငှားထားခဲ့ပြီး ဒီမှာခဏလာနေတာ"

အတွက်မှာ ဒီတော့မှ မေမေစကားစပ်မိတိုင်း ပြောပြသော ပန်းတနော်အဆက်တွေကို ပြန်တွေးမိ၏။ အိမ်သားအားလုံးကို နှုတ်ဆက်ပြီးထွက်အလာတွင် အဝတ်အစားနွမ်းနွမ်းနှင့် လူ(၁၀)ယောက်ခန့် မွှေးတို့အိမ်ထဲသို့ ဝင်လာသည်။

မွှေးအစ်ကို အကြီးဆုံး ကိုအောင်နှင့်အိမ်ရှေ့ခေါင်းရင်းခန်းဘက်ရှိ စားပွဲတစ်လုံးတွင် ဝိုင်းထိုင်ကာ စကားပြောနေကြသည်။ သူတို့စကားဝိုင်းမှ ရေကြီးသည့်အကြောင်း၊ စပါးအထွက်နည်းကြောင်း တစ်ချက်တစ်ချက် သူကြားလိုက်ရလေသည်။ အတွက်ပြန်ချိန်တွင် ပိတောက်ပင်အောက်အထိ မွှေးက သူ့ကိုလိုက်၍ပို့လေသည်။ သူ့ခြံဘက်သို့ အကူးတွင် မွှေးတို့နောက်ဘက်ခြံစည်းရိုးဆီမှ ခုန်ဆွခုန်ဆွနှင့် ပြေးလာသော လူတစ်ယောက်ကို သူတွေ့ရပြန်သည်။ သေသေချာချာကြည့်မှ မွှေး၏ဖေဖေမှန်း သိရတော့၏။

"တို့မေမေ လာပါပြီ၊ တို့မေမေ လာပါပြီ"





လက်ခုပ်နှစ်ခုကို အားရပါးရ ကလေးငယ်သဖွယ် တီးခတ်ကာ ပြေးလိုက်ခုန်လိုက်နှင့် လုပ်နေလေသည်။ သူ့စိတ်ထဲ၌ မွှေးတို့တစ်အိမ်လုံး ဘာဖြစ်နေသည်ကို တွေး၍မရပေ။

အိမ်ရောက်လျှင် သူ့အိပ်ခန်းသို့တက်၍ သွား၏။ ညကအိပ်ရေးပျက်သောကြောင့် အိပ်ရန်ပြင်လိုက်သည်။ မေမေက အညာစောင်ပါးပါးလေးကို သူ့ကိုယ်ပေါ်မှာလာ၍ ခြုံပေး၏။

"မေမေရာ မွှေးတို့အိမ်မှာ ဘာတွေဖြစ်နေတာလဲ၊ လူတွေလဲ များလိုက်တာ၊ သူ့အဖေကြီးကလဲ မနက်က ကလေးလိုပဲ ခုန်ပေါက်ပြေးနေလိုက်တာ"

မေမေက သူ့ဘေးတွင် ထိုင်ရင်း သူ့မေးခွန်းကို ဖြေ၏။

"မွှေးရဲ့ဖေဖေ စိတ်နောက်သွားတယ်၊ ပြီးတော့ မွှေးရဲ့ဘကြီးကလဲ ခြေမသန်လို့ သူတို့အိမ်လာနေတယ်၊ မနက်က နေရောင်ထဲကို မွှေးတွဲပြီးထုတ်လာတာ သားမမြင်ခဲ့ဘူးလား၊ မနက်တိုင်း ခြေထောက်ကို နေပူလှန်းပေးနေရတယ်။ ဟို ပန်းတနော်က ကြီးဒေါ်ခင်တို့သား အမိတစ်တွေလဲ တင်တင်ကြီးနဲ့အတူ လာနေကြတယ်"

"သြော် ... ဒီအထဲမှာ မွှေးရဲ့အစ်ကိုအကြီးဆုံး ကိုကိုအောင်ကလည်း လူတွေဝစ်ပြုကြီးနဲ့ ဘာတွေပြောနေမှန်းမသိဘူး၊ ရေကြီးတဲ့ အကြောင်းတွေ ပြောနေတယ်"

"အေးလေ မိုးတွင်းတုန်းက ရေတွေကြီးလိုက်တာ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းတွေတောင် မြုပ်တယ်၊ စပါးပင်ပျက်ပြီး လယ်သမားတွေတောင် ဒုက္ခရောက်တယ်။ တင်တင်ကြီး စပါးကျီတွေလဲ ရေမြုပ်တော့ လှောင်ထားတဲ့ စပါးတွေ အကုန်လုံးပစ်ရ၊ ကျန်တာတွေလဲ အညှောင့်ထွက်ကုန်တယ်။ ဒါကြောင့် လယ်သမားတွေ အမတော်ကြေးရဖို့ လယ်ခွန်တော်လျှော့ဖို့၊ သီးစားခလည်း အပြေမပေးနိုင်ကြဘူး။ အဲဒါတွေ ဘယ်လိုလုပ်ရမလဲဆိုတာ မောင်အောင်ဆီ လာတိုင်ပင်ကြတာပေါ့''

''မွေးတို့ရဲ့ ကိုကိုအောင်က ဒါတွေ လုပ်ပေးတယ်''

''အကုန်လုံး ညီအစ်ကို နှစ်ယောက်လုပ်ပေးတာ၊ ရေမကြီးခင်တစ်ပတ်က မွေးရဲ့အစ်ကို အငယ်ဆုံး နောင်နောင် ဆုံးသွားတယ်လေ''

''သူတို့ သားကို ဘာမှလဲပြောပြဘူး၊ ဒီနှစ်တော်တော် ဒုက္ခရောက်ကြတာပေါ့နော်။ သားကဆုံး၊ လင်က စိတ်နောက်၊ ပစ္စည်းပျက်''

''ဒါပေမယ့် သားရယ် တင်တင်ကြီးက အပြုံးမပျက်ပါဘူး။ ဒီလိုမိန်းမမျိုး ရှားပါတယ်။ သား အိပ်လေ အိပ်''

မေမေက ကျောကိုပုတ်လိုက်လျှင် ငယ်ငယ်တုန်းကလို မျက်လုံးလေးမှိတ်၍ မှိန်းနေလိုက်၏။

သူ့ဘဝလေးက အတော်ကျဉ်းမြောင်းသည်ပဲ။ သူမွေးဖွားရာ ဇာတိ မြစ်ဝကျွန်းပေါ် ဒေသဘက်တွင် ရေကြီးလိုက်သည်ကို မသိလိုက်၊ စပါးခင်းတွေ ဘာဖြစ်သွားသည်ကိုလည်း ဂရုမထားမိ၊ ကျောင်း၏





နံရံလေးဘက်မှလွဲ၍ သူဘာကိုမျှ မမြင်ပါတကား။ အိမ်ပြန်ရောက်တော့လည်း သူ့ကမ္ဘာလေးက ဖေဖေနှင့်မေမေပဲ ဖြစ်ပေသည်။

ကျောင်းပိတ်ရက် ညနေများတွင်တော့ ရိုးပြတ်များပေါ်တွင် မွေးနှင့်အတူ လမ်းလျှောက်ကြသည်။ မိုးကုပ်စက်ဝိုင်းတွင် လိမ္မော်သီးကြီးလို တင်နေသော နေဝန်းကြီးကို နှစ်ယောက်သား ငေးမျှော်ကြည့်နေကြသည်။ သော်ကရွာစွန်းရှိ သရက်တောအုပ်ဆီမှ ဥဩငှက်၏လေး တွဲ့တွဲ့ တွန်မြည်သံသည် သူ့နှလုံးသားကို နွေးနွေးလေးဖြစ်၍ သွားစေ သည်။

တစ်ခါတစ်ရံ သူ့ဘေးတွင် မွေးသည် တည်ငြိမ်စွာထိုင်ကာ အဝေးသို့ ပျံသွားသော ဇျိုင်းဖြူတစ်အုပ်ဆီသို့ ငေး၍နေပေသည်။

သူသည် မွေးကိုကျောင်းအကြောင်းပြန်၍ ပြောပြ၏။ ဖရက်ဒီဘလုသာ သူ့မိတ်ဆွေဖြစ်၍ ကျန်သော သူငယ်ချင်းများနှင့် ကစား၍မရကြောင်း ပြောပြမိသည်။

''ဖရက်ဒီတဲ့လား သူ့မှာ မြန်မာနာမည် မရှိဘူးလား''

မွေးက ဖရက်ဒီအကြောင်း ပြန်မေး၏။

''ရှိတယ် တင်အောင်ထွန်းတဲ့လေ''

''သြော် . . . အတွက်ရဲ့ ကျောင်းနာမည်ကရော''

သူသည် ရှက်သလို ပြုံးရယ်လိုက်ပြီးမှ ဖြေ၏။

''ကျော့သင်းမောင်၊ ဒါပေမယ့် ကိုယ့်ကို အတွတ်လို့ပဲ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပါ မွေးရယ်၊ ကိုယ်လေ ကျောင်းနာမည်ကို မုန်းတယ်၊ ပြီးတော့ မောင်မိုးကောင်းဆိုတဲ့ နာမည်ကိုလဲ မုန်းတာပဲ၊ ဖရက်ဒီကိုလဲ အတွတ် ပဲခေါ်နိုင်းတယ်။ သူ့ကိုတော့ ကိုယ်က 'ဖရက်' လို့ခေါ်တယ်။ လူ အေးလေးကွယ်၊ ညှိုညှိုနွဲ့နွဲ့လေးပါပဲ၊ သူဝါးခယ်မမှာ မွေးပေမယ့် ကြီး မှ ပြန်မရောက်ဘူး။ ပြီးတော့ ကိုယ့်မှာလေ သိပ်ချစ်တဲ့သူငယ်ချင်း မကျည်းတန်ဆိုတာ ရှိတယ်လို့ ဖရက်ကို ခဏခဏပြောပြတယ်''

မွေးက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီးမှ ''အတွတ် မွေး ကို ချစ်တယ်ဆိုတာ မယုံပါဘူးကွာ'' ဟု ဆိုပြန်၏။

''ငယ်ငယ်တုန်းကသာ မုန်းတာပါကွာ'' အတွတ်သည် နှုတ်ခမ်း လေးများကို ဖွဲ့ရှုံ့၍ လှုပ်ပစ်ရင်း ခေါင်းငုံ့ပြော၏။

''ကိုယ် မွေးအကြောင်းပြောတိုင်း ဖရက်က အကျည်းတန် သော ဘဲကလေး Ugly Duck ပုံပြင်လားတဲ့၊ အမြဲမေးတယ်။ မွေး လဲ ခုနှစ်တန်းအောင်ရင် ရန်ကုန်ကျောင်း ပြောင်းပါလား''

''ဝါးခယ်မမှာ ဆယ်တန်းဖြစ်တော့မယ်၊ ဒီမှာပဲ ဆက်နေမှာ ပေါ့''

''အေးကွယ် ထူးတော့ မထူးပါဘူး။ စိန်ပေါလ်တို့ ဘာတို့ ဆိုတာကတော့ အင်္ဂလိပ်စကားပြောကောင်းတာ ရှိတာပဲ''

''မေမေကတော့ အဲဒီစိန့်ပါတဲ့ကျောင်းထွက်တွေဟာ ပုံမကျ ပါဘူးတဲ့၊ အတွတ်ရဲ့ မေမေကိုတောင် သတိပေးနေသေးတယ်''





''မေမေကလဲ မထားချင်ပါဘူးဟာ။ ဖေဖေရယ် ဘာမှန်း မသိပါဘူး။ အတင်းပို့တာပဲ။ ကိုယ်ဖြင့် မိုးရွာလာရင် မေမေ့ကိုရော၊ မွေး ကိုရော အားကြီးလွမ်းတာပဲ၊ တစ်ညတုန်းကလဲ မိုးရေထဲမှာ မွေးနဲ့ ကိုယ် သရက်ကင်းလေးတွေ ကြွေတာဆင်းကောက်တယ်လို့ အိပ်မက် မက်လို့- ဖရက်ကို ပြောပြရသေးတယ်၊ နောင်နှစ် နွေကျောင်းပိတ်ရင် ဖရက်ကို အလည်ခေါ်ခဲ့မယ်။ မင်းလဲပဲ ဖရက်ကိုတွေ့ရင် ချစ်မှာပါ''

''သူတို့ ဝါးခယ်မမှာ မနေဘူးလား''

''သူ့အဖေအလုပ်က ရန်ကုန်မှာ၊ သူ့မှာလဲ အမေမရှိတော့ ဘူး။ သူ့အဒေါ်တွေရယ်၊ သူ့အဖေရယ် အတူနေတယ်။ ကိုယ့်စိတ်ထဲ မှာ ထင်တယ်၊ သူသာ နဖူးကျယ်သလို မျက်လုံးလေးတွေ ဝိုင်းရင် အတွတ်ထက် ချောမှာ''

မွေးက ရုတ်တရက် ရယ်လိုက်ရင်း ...

''ခုတော့ အတွတ်က ချောနေသလား''

အတွတ်သည် ဘာမျှပြန်မဖြေပေ။

''မွေးက အလှမကြိုက်ပါဘူး။ အတွတ်သာ ငယ်တုန်းက မွေးကို မလှလို့ မချစ်ရုံတင်မဟုတ်ဘူး။ မကျည်းတန်လို့တောင် ခေါ် သေးတာပဲ''

''ဒါတွေ မေ့လိုက်ပါတော့ မွေးရယ်''

သူတို့နှစ်ယောက်သည် ဘာမျှအရေးကြီးလှသည် မဟုတ်သော အကြောင်းများကို လျှောက်ပြောရင်း ပျော်နေ၏။ နေလုံးပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွား၍ အလင်းရောင်မှေးမှေးသော လယ်ကွင်းပေါ်တွင် ကျန်ရစ်တော့မှ နှစ်ယောက်သား ခြံစည်းရိုးအနားမှကပ်ကာ လျှောက်၍ ပြန်လာခဲ့ကြ၏။

* * *

ဒီလိုပင် နွေမှာပြန်၍ မိုးဦးကျတွင် အတွတ်ကျောင်းသွားခဲ့ရသည်။ နွေမှာ ပြန်ရသည်ကို ပျော်သော်လည်း မိုးဦးကျကျောင်းပြန်ချိန်တွင် သူငိုချင်သည်။

လူပျိုပေါက်ပင်ဖြစ်နေပြီမို့ ငိုရမလားဟု မေမေက ဆိုတတ်သည်။ လူပျိုပေါက်ဖြစ်လာသည်က တခြားပင်ဖြစ်၏။ မိုးတစ်ပြိုက်ရွာပြီးလျှင် လယ်ကွင်းများထဲတွင် ရေပြည့်လာ၏။ တောင်လေသုတ်သုတ်တိုက်ခတ်လာပြန်တော့လည်း ဖျိုးပင်စိမ်းစိမ်းတို့ ရေပြင်ပေါ်တွင် ခေါင်းပြူထွက်လာဟန်မှာ ကလေးငယ်တို့လို့ပင် ချစ်ဖွယ်ကောင်းသည်ဟု ထင်သည်။

မှတ်သုန်လေကြောင့် အုံ့မှိုင်းညှို့မှောင်နေသော ကောင်းကင်နောက်ခံတွင် သော်ကာဘုရား၏ ရွှေရောင်မှာဝင်းပ၍ လယ်ကွင်းများပေါ်သို့ မိုးနေသည်။ သူ့ဇာတိရှိ ထိုမြင်ကွင်းကို သူရှာကြံ၍ ကြည့်တတ်၏။ ချစ်တတ်၏။

ကျောင်းဖွင့်ချိန်တွင် ကျောင်းသို့ပြန်ရတိုင်း ဘာကိုမျှ မမြင်ရ။ ကတ္တရာစေးလမ်းနှင့် မော်တော်ကားတွေကိုသာ မြင်နေရသည်မှာ စိတ်ဆင်းရဲစရာဖြစ်နေ၍ ကျောင်းနေရသော အချိန်များကို မြန်မြန်ကုန်လိုက်ချင်သည်။





သူ့ဆုတောင်းသည် ပြည့်၍လာလေသလားမသိ။ ကိုးတန်းနှစ် ဆောင်းဦးပေါက်တွင် ကျောင်းပိတ်ရက် မဟုတ်ဘဲ ဖေဖေကလာ၍ခေါ်သည်။

သူသည် အရူးအမူး ပျော်မိ၏။ အစီအစဉ်မရှိဘဲ ကသုတ်ကရက် ပြန်လာရသည်ကိုပင် ပျော်စရာလို ထင်မိသည်။ ဖေဖေကတော့ စစ်ကြီးဖြစ်တော့မှာမို့ စာသင်ပျက်ရမည်ကို ညည်းညည်းညူညူ ပြောနေပြန်သည်။

အပြန် သင်္ဘောပေါ်တွင် ဖရက်ဒီတို့ မိသားစုပါလာသည်။

ဦးဘလှနှင့် သူ့နမများသည် ဖေဖေနှင့်လမ်းတစ်လျှောက်လုံး စကားလက်ဆုံကျတိုင်း ဂျပန်စစ်ကြေညာကြောင်း၊ ပုလဲဆိပ်ကမ်းဗုံးကြဲကြောင်း၊ စစ်၏ကြောက်မက်ဖွယ်ရာကောင်းကြောင်းများကိုသာ သူတို့သည် မျက်ကလူး ဆန်ပြာပြောနေကြ၏။ ဦးပိုင်းပဲ့ပိုင်းရှိသမျှ လူတွေကလည်း မြန်မာပြည်သို့ ဦးတည်လာသော စစ်ကြောင်းအကြောင်းကိုသာ ကိုယ့်ထင်မြင်ချက်နှင့်ကိုယ် ဝေဖန်နေကြသည်။

အတွတ်ကတော့ ဘာကိုမှမကြားလို။ ဖရက်နှင့် နှစ်ယောက်သား ကော်ဇောပေါ် အိပ်၍လိုက်လာကြသည်။ သူ့အတွေးထဲတွင် နောက် နှစ် ကျောင်းပြန်မသွားရမည်ကိုသာ တွေး၍ပျော်နေသည်။

မနက်လင်းတွင် ဝါးခယ်မသို့ ရောက်၏။ ရောက်ရောက်ချင်း မွေးတို့၏အိမ်ဆီသို့ပြေးရ ပြန်သည်။ မွေးတို့အိမ်မှာ ယခင်ကလို



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ရှုပ်မြဲရှုပ်ကာ ခြေမသန်သူ အဘိုးကြီးကိုလည်း နံနက်ခင်း နေခြည်ထဲသို့ မွှေးက ထုတ်မြဲထုတ်နေ၏။ ပန်းတနော်မှ အမြွာညီ အစ်မကိုလည်း တွေ့ရလေသည်။ ကြီးဒေါ်ခင်ကမူ အခန်းတစ်ခုထဲတွင် နာတာရှည်နှင့် လဲနေလေသည်။

သူမမြင်သည်မှာ ကိုကိုအောင် တစ်ယောက်ဖြစ်၏။

"မွှေး ကိုကိုအောင် တစ်ယောက်မတွေ့ပါလား"

မွှေးသည် ခေါင်းကိုညွတ်လိုက်ကာ အသံတိုးတိုးလေးနှင့် ပြောပြ၏။

"ကိုကိုအောင် သာယာဝတီထောင်မှာ"

"ဟယ် ဘာဖြစ်လို့လဲ"

"အင်္ဂလိပ်အစိုးရကို ဆန့်ကျင်လို့ပေါ့။ တကယ်လို့ စစ်ကြီးဖြစ်လာရင် အင်္ဂလိပ်အစိုးရဘက်က မြန်မာပြည် ဝင်မတိုက်ဘူး။ လွတ်လပ်ရေးပေးရင်တော့ ဝင်တိုက်မယ်ဆိုတဲ့ ကြေညာစာတမ်းကို ဖတ်လို့"

"အို ... ကိုကိုအောင်ကလဲ အေးအေးနေရောပေါ့"

သူသည် ထိုစဉ်က ကလေးအတွေးထက် ဘာမှ မပိုခဲ့ပေ။

"ဘာဖြစ်လို့ အေးရမှာလဲ၊ တစ်ပြည်လုံး ပူနေရတာ။ တို့မိသားစုက အေးနေရမလား။ အစိုးရကပြောတယ် ဒီလိုနောင်ကို မလုပ်ပါဘူးလို့ တောင်းပန်ဝန်ချရင် ကိုကို့ကို လွှတ်ပေးမယ်တဲ့"





"ဒီလိုဆို သူတို့ပြောတဲ့အတိုင်း လုပ်လိုက်ပါလား"

မွှေးက မျက်လုံးပြူးကာ သူ့ကိုကြည့်ရင်း ...

"အတွတ်ကလဲ သတ္တိမရှိလိုက်တာကွယ်၊ မေမေကပြောတယ် ငါ့သားတစ်ယောက်အနေနဲ့ ဘယ်တော့မှ ဗြိတိသျှအစိုးရကို ဒူးမထောက်ရဘူးတဲ့။ ကဲ ... ပြီးရော မဟုတ်လား။ ကိုကို့ကို နှစ်နှစ်နဲ့ကိုးလ ထောင်ချပစ်လိုက်တယ်"

"ဖြစ်မှ ဖြစ်ရလေဟာ ထောင်ထဲမှာ"

သူ့အသံများသည် တုန်တုန်ယင်ယင်ဖြစ်သွား၏။

"ဒါကြောင့် မေမေကပြောတာ၊ စိန့်ပါတဲ့ကျောင်းတွေမှာ ထားတာ အင်္ဂလိပ်စာတော်သလောက် မြန်မာလေးတွေ နှလုံးသားထဲမှာ မျိုးချစ်စိတ် ဇာတိမာန် မျိုးစေ့လေးတွေကို ဖျက်ဆီးခံရတာ အသည်းနာစရာကောင်းတယ်တဲ့၊ အပြင်မှာ အရေးတော်ပုံတွေ ဘာဖြစ်နေသလဲ ဆိုတာ အတွတ်တို့မသိဘူး"

"ဟယ် မွှေးစကားတွေကလဲ ကြီးကျယ်လိုက်တာဟာ၊ မင်း မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"၁၆ နှစ်ထဲမှာ"

"အင်း ကိုယ်လဲ ၁၇ နှစ်ပြည့်တော့မယ်"

သူသည် အသက်များကို ရေတွက်ရင်း မွှေး၏အသိဉာဏ်များ ပြောင်းလဲလာပုံကို အံ့သြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အတွတ်အကြောင်း ဒေါ်ဒေါ်က လာပြောပါတယ်၊ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတုန်းကလဲ သပိတ်မမှောက်ဘဲ အတွတ်ဦးလေး အိမ်မှာ သွားနေတယ်ဆို"

အတွတ်က ပြုံး၍ပြကာ "ငါ ဘာလုပ်ရမှန်းမှမသိဘဲ" ဟု ဆို၏။

"တို့များ မောင်နှမတွေကတော့ အားလုံး သပိတ်မှောက်တယ်၊ တချို့ မိဘတွေကတော့ မွေးတို့ စိတ်ဓာတ်တွေ ကူးကုန်မှာစိုးလို့ သူတို့ ကလေးတွေ မွေးတို့နဲ့ ပေးမကစားဘူး"

"ဟင် ကိုယ်ကတော့ မွေးတို့ မိသားစုနဲ့ အမြဲနေချင်တာပါ ကွာ"

"ဒါပေမယ့် သပိတ်မှောက်တာ၊ နိုင်ငံရေးလုပ်တာက တခြား စာကတော့ ကြိုးစားရတယ်၊ မေမေက စာမကြည့်ရင် မရဘူး၊ သပိတ် လုန်လို့ စာမေးပွဲထိုင်တော့ အစိုးရစစ်မှာ သပိတ်မှောက်တဲ့ မွေးတို့ သူငယ်ချင်းတွေ မရှင်ရော မလှရင်ပါ အောင်တယ်၊ မမှောက်တဲ့ လူတွေ ကျလို့ နောက်ဆက်တွဲ ထိုင်ရသေးတယ်"

မွေး ပြောပုံဆိုပုံ အမူအရာများကို သူကကြည့်၍ နှစ်သိမ့်နေသည်။ သူတို့စကားပြောနေသည်မှာ ဧည့်ခန်းတွင်ဖြစ်၍ စာကြည့်ခန်း ထဲမှ စာအုပ်များကိုလှမ်း၍ မြင်နေရသည်။

စာကြည့်ခန်းသို့ ထ၍သွား၏။ ဘီရိုထဲတွင် သူမတွေ့ဖူးသေး သော စာအုပ်များ အများကြီးတွေ့ရသည်။





"အဲဒီ စာအုပ်တွေအားလုံးလိုလို မေမေ ဝယ်ပေးထားတယ်။ အိုင်ယာလန်ပြည် အရေးတော်ပုံနဲ့ ပတ်သက်ပြီး မရှင်းတာတွေရှိရင် မေမေက ရှင်းပြတယ်"

မွေးက သူ့နောက်မှလိုက်ကာ စာအုပ်များ ရာဇဝင်ကို ပြော ပြနေ၏။

"ကိုယ် ကြီးကြီးတင်ကို သွားတွေ့ဦးမယ်။ ပြီးတော့ ညနေ ဖရက်လာလည်ရင် မွေးဆီခေါ်လာခဲ့မယ်နော်"

မွေးက ခေါင်းညိတ်ပြ၏။

ကြီးကြီးတင်ရှိရာ နောက်အဆောင်သို့ အကူးတွင် လေးကို ရုတ်တရက် တွေ့ရ၏။ လေးမှာအတော်ပင် လှနေရုံမက ဖဲကြိုးပြာပြာ လေးနှင့် အုပ်လုံးသွင်းစ ဆံပင်တိုကိုချည်ကာ အလှပြင်တတ်၍ နေပါ ပကော။

ကြီးကြီးတင်ကိုမူ အနောက်ဆောင်ထဲ၌ အံပြုန်ကြီးတစ်ခုအား ၌တွေ့ရ၏။ အံပြုန်မှာ မေမေ့အံပြုန့်လိုပင် ကျောက်ကာပေါ်၌ ဆေးနီ သုတ်၍ထားသည်။ အံပြုန့်ထဲမှာ ဆေးရိုးများကို ရှမ်းဖက်ထဲထည့်ကာ လိပ်ရန် ပြင်ဆင်နေသည်။

"ဟော အတွတ် ပြန်လာပြီလား၊ ဒီတစ်ခါ ဝါသား သိပ်ထွား လာတာပဲ"

သူ့ကို စတင်၍ ကြီးကြီးတင်က နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့်စိမ့် ပြုံးအေးအေးနှင့် တည်ငြိမ်သော ကြီးကြီးတင်၏ မျက်နှာကို သူသည်ငုံ့စိုက်၍ကြည့်နေမိသည်။ ဒီအဒေါ်ကြီး မျက်နှာကြည့် ရသည်မှာ အားရှိစရာ ကောင်းသလိုလို ရင်အေးသလိုလို ဖြစ်သည်ဟု သူ့စိတ်ထဲတွင် ထင်လိုက်မိသည်။

ကိုကိုအောင် အကြောင်းနှင့်တခြားအကြောင်းတွေကို သူက မေး၏။ စကားပြောရာမှ ဆုညံသံကြား၍ အိမ်နောက်ဖေးဘက်တွင် ကွင်းစပ်သို့ကြည့်လိုက်ရာ မွေးနှင့် သူ့ဖေဖေတို့ ကျည်းသားကောက် ကစားရာမှ ငြင်းခုန်နေကြခြင်း ဖြစ်ပေသည်။

* * *

ဖရက်နှင့်မွေးတို့ တွေ့ရပုံမှာ ဘာမှပွဲနွဲ့စရာမရှိသလို ထင်ခဲ့၏။ မွေးသည် သူ့မေမေနှင့် မမရှေ့တွင် ခပ်ရိုးရိုးပင် ညှိခံခဲ့သည်။ သူ့အမူအရာသည် ဖရက်အား ထူးထူးထွေထွေ ဂရုစိုက်ဟန် မရှိပေ။

သို့သော် ထိုညနေက မြက်ခင်းပေါ်ရှိ ခုံတန်းပေါ်တွင် ထိုင်နေကြသည်ဖြစ်၍ နေရောင်ဝင်းဝင်းလေးမှာ မွေးကိုယ်ပေါ်တွင် ကွက်၍ ကျနေသည်ကို ဖရက်ရော အတွတ်ပါ ဂရုပြုမိကြသည်။ ဆောင်းနှောင်း ၏ ညနေခြည်များဖြစ်သောကြောင့် မွေးအတွက် အပူငွေ့မပြင်းစေ တော့ပေ။

မွေးသည် မိုးကောင်းကင်လို အပြာရင့်ရင့် ထဘီပေါ်တွင် ပိတောက်ခက် ကြဲကြဲလေးများပါသော လုံချည်ကိုဝတ်၍ထား၏။ ပဒုမ္မာ ထူထူအင်္ကျီကြောင့် လုံချည်သည် ပို၍ပြာသလို ဖြစ်နေပေသည်။





ဖရက်ပြန်ချိန်၌ မြစ်ပြင်ပေါ်၌ မြူလေးများပင် ဆိုင်းစပြုလာ၍နောက်ဘက် လယ်ကွင်းဆီမှ လေစိမ့်စိမ့်အေးအေးပင် တိုက်ခတ်လာလေသည်။

အတွတ်သည် သူတို့အိမ်ရှေ့ ရေဆင်းတံတားဆိပ်အထိ ဖရက်ကိုလိုက်၍ပို့သည်။ ဖရက်လှေကောင်းကောင်း မလှော်တတ်သေးသောကြောင့် အတွတ်ကို ခြံစောင့်ဦးကွန့်ကြီးက လှေလှော်၍ ပို့ရသည်။ တံတားဦးထိပ်တွင် လှေပေါ်မှထိုင်ကာ ဦးကွန့်က ဖရက်ကိုစောင့်နေသည်။

ဖရက်သည် လှေပေါ်ကို ရုတ်တရက် မဆင်းသေး၊ မှုန်ပြာပြာဖြစ်နေသော မြစ်ပြင်ကို ငေး၍ကြည့်နေသေး၏။ သူ့မျက်လုံးထဲတွင် အခိုးအငွေ့များ သမ်းနေသလို ထင်နေရသည်။ သူသည် အတွတ်ကို သေသေချာချာကြည့်ပြီးမှ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ စကားပြောတော့သည်။ အတွတ်ကမူ သူ့အမူအရာကို နားမလည်ပေ။

"ကျောင်းမှာ အတွတ် ခဏခဏပြောတဲ့ မကျည်းတန်ဟာ သူပဲလား"

"ဟုတ်တယ်"

ခေါင်းသာညိတ်လိုက်ရသော်လည်း အတွတ်သည် ရုတ်တရက် ဖရက် ဘာအဓိပ္ပာယ်နှင့် မေးသည်ကို နားမလည်ပေ။

"မင်းက မကျည်းတန်လို့ ဘာလို့ခေါ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်တုန်းက အကျည်းတန်လို့ ကိုယ်ကခေါ်တာ။ သူ့နာမည်အစစ်က မွှေးပါ"

"ဟုတ်တယ်၊ မွှေးဆိုတဲ့နာမည်က ချစ်ဖို့ကောင်းတယ်။ ပြီးတော့ လှတယ်လို့ မဆိုနိုင်ပေမယ့် စွဲမက်စရာကောင်းတယ်လို့ ပြောရမလား မသိဘူး။ သူ့ပါးလေးတွေက ညိုတယ်ဆိုတာတောင် စိုစိုဝင်းဝင်းနော်။ သူ့မျက်လုံးတွေဟာ စကားပြောနိုင်သလိုပဲ"

ဖရက်၏စကားအဆန်းများကြောင့် အတွတ်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဖရက် ဘာတွေပြောနေတာလဲ"

အတွတ်စိတ်တွင် ဖရက်ပြောနေသော စကားများကို နားမထောင်ချင်သလို ဖြစ်လာသည်။

"ဒီလိုပါ မွှေးရဲ့မျက်လုံးတွေက တန်ခိုးရှိတယ်လို့ ပြောတာ။ ဝန်းဝန်းမှောင်မှောင်နဲ့။ အမှန်တော့ သူ့မမက တော်တော်ချောတာပဲ။ ဒါပေမယ့် မမကိုကြည့်ရတာ လှလို့ဆက်ကြည့်နေချင်စရာပဲ ကောင်းတယ်။ မွှေးကိုကြည့်ရတာက မွှေးကပြန်ကြည့်လိုက်ရင် ရင်ထဲမှာ နွေးသလို အေးသလိုပဲ"

"ဟား ... ဟား ... ဟား ... ဟား"

အတွတ်သည် အသံကုန် တဟားဟား ဟစ်၍ရယ်၏။

"မင်း အရူးလားကွ"





ဖရက်က မျက်နှာကြီးနီ၍ ဆို၏။

"ငါက ငါ့ရင်ထဲမှာ တစ်ခါမှ မခံစားဘူးတဲ့အဖြစ်ကို ပြောပြတာ ရယ်စရာလားကွ"

"မင့်ကို သောတာ မဟုတ်ပါဘူးကွာ။ စိတ်မဆိုးပါနဲ့။ စကားလုံးတွေက မိန်းမဘွဲ့ကျနေတာပဲ"

"ကိုယ့်ကို မင်းသိသားနဲ့။ ကိုယ်ဘယ်တုန်းကမှ မိန်းမအကြောင်းပြောလို့လဲ၊ တို့များပြောဖို့လဲ ငယ်သေးတယ်ဆိုတာ ကိုယ်သိပါတယ်။ ကိုယ်သွားတော့မယ်" အတွတ်က ဖရက်ကို တောင်းပန်ရင်း လှေပေါ်ဆင်းသွားလေ၏။ လှေလေး ရေဆင်းတံတားမှ ခွာမှပင် သူပြန်တက် လာသည်။

တက်လာတော့လည်း အိမ်ဘက်သို့မပြန်ချင်သေး။ မွှေးရှိရာကို ပြန်၍သွားချင်သည်။ ဖရက်ပြောသည်ကို ကြားကတည်းက စိတ်ထဲတွင် ဘာဖြစ်နေမှန်း မသိပေ။ မွှေး၏အလှကို သူမသိသေးဘဲ ဖရက်က ဖော်ထုတ် ချီးကျူးသွားသည်ကိုပင် မခံချင်သလို၊ ဘာရယ်လို့မပြောနိုင်သော စိတ်က ရင်ထဲတွင် လှုပ်ရှားလာ၍ မွှေးတို့ခြံဘက်သို့ပြေး၍ လာခဲ့မိသည်။

မွှေးတို့ကို ခြံထဲတွင်မတွေ့ရတော့ပေ။ အိမ်ထဲသို့ လိုက်သွားတော့မှ မွှေးကိုစာဖတ်ခန်းထဲတွင် တစ်ယောက်တည်းတွေ့ရ၏။

"ဘာလုပ်နေလဲ မွှေး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘုရားရှိခိုးနေလို့ တို့များဝတ်တက်ဖို့စောင့်နေတယ်"

မွေးက ဘာမှမဖြစ်သလို စာအုပ်တစ်အုပ်ကို လှန်လှောနေရာ မှ သူ့ကိုပြန်ပြော၏။

အပြင်မှာ မှောင်စပျိုးနေသော်လည်း အလင်းရောင် မှိန်မှိန် လေးကျန်နေပေသေးသည်။ စားပွဲတင် မှန်အိမ်မှ မီးရောင်မှာ မွေး၏ မျက်နှာတစ်ခြမ်းပေါ်ကို လင်း၍ကျနေသည်။ မွေးသည် ညနေကကဲ့သို့ ပင်ဝတ်၍ထား၏။ တစ်ပတ်လျှိုပြည့်ပြည့်ထုံးထားသော နောက်တွဲဆံထုံး အောက်မှ မဝင့်တဝင့်ဖြစ်နေသော ဆံစဆံနွယ်လေးများမှာ ကုပ်ပေါ် တွင် တစ်စွန်းတစ်စကျနေလေသည်။ မွေးအုပ်လုံးသိမ်းသည်မှာ ဘာမျှ မကြာသေးသည်ကို သူအမှတ်ရလိုက်၏။ မီးရောင်ဖြာကျနေသော ပါးမို့ လေးမှာ ညိုစိမ့်စိမ့် ဖောင်းဖောင်းလေးဖြစ်နေသည်။ မကျည်းတန် ဘဝတုန်းကလို ညိုမည်းမည်း ခြောက်သွေ့သွေ့လေး မဟုတ်တော့ သည်ကို သတိပြုမိပြန်သည်။

"အတွတ် ထိုင်လေ ဘာငေးနေတာလဲ"

မွေးက မျက်လုံးကိုလှန်ကာ သူ့ကိုကြည့်၍ပြောလိုက်၏။ သူ့ စိတ်ထဲတွင် မွေး၏မျက်လုံးများသည် ည၏မှောင်ဝန်းထဲ၌ ပြေးနေသော ကြယ်ပွင့်တန်းများလို ဝင်းလက်လှုပ်ရှားသွားသည်ဟု ထင်သည်။

ဒါကိုပင် ဖရက်ပြောသည် ထင်ပါရဲ့။

သူသည် အသက်ပြင်းပြင်း ရှူလိုက်ကာ မွေးနှင့်မျက်နှာချင်း ဆိုင် ထိုင်လိုက်သည်။





"စာဖတ်ချင်လို့လား"

မွေး၏ မေးခွန်းကို မဖြေပေ။

**"မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွှာ၊ ထုံးနောက်စ နှင့်၊ ချပ်ညရိတွင်၊ ဖြတ်ချည်းမြင်သည်၊ ရှင်သာရှိုင်တန်ဆောင် လော့"ဆိုတဲ့ ကဗျာ ဘယ်သူစပ်တာလဲလို့ မေးမလို့"**

သူသည် ရင်ထဲမှ လှိုင်းခတ်လာသော ကဗျာလေးကို ရွတ် လိုက်သည်။ ထိုကဗျာကို ခြောက်တန်းတွင် သင်ခဲ့ရ၏။ သို့သော် မြန်မာ ကျောင်းများလို အသေးစိတ် မသင်ခဲ့ရပေ။

"အောင်မယ် ဘာများလဲလို့၊ မြန်မာကဗျာတွေ ဘာတွေ ရရိုက်လာပါပကော၊ ရှင်တေဇောသာရ ရေးတာလေ၊ သိပ်ကောင်း တာပဲနော်၊ အထက်တန်းကဗျာ ကောက်နုတ်ချက်ထဲကပေါ့"

မွေး၏အဖြေကို နားထောင်ရင်း မွေး၏မျက်လုံးများကို စိုက် ၍ကြည့်ပြန်၏။

"မိန်းမတွေဟာ ညနေဆည်းဆာမှာ ပိုပြီးလှတယ်ထင်ပါရဲ့။ သူရေးတဲ့ စာထဲမှာ ညနေစောင်းလေးမှာ တွေ့တယ်လို့ အမြဲပါတယ်"

"ဪ . . . သူ့အမြင်ကို သူပေါ်အောင် ဖော်တာပေါ့။ ဒါပေမယ့် အတွတ်ရယ် နောက်ဆုံးဆိုဒ်လေးကျတော့ သနားပါတယ် နော်။ **'စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုး ပါလိုလည်း။ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့'**ဆိုတော့ သူက ချစ်ချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကသိုလ်ကံ မဆုံစည်းအကြောင်းက မတိုက်ဆိုင်လေတော့ သူတို့နှစ်ယောက် မပေါင်းရဘူးပေါ့နော်"

အတွတ်သည် ခေတ္တငိုင်၍ သွားကာ ပါးစပ်မှလေကို မှုတ်ထုတ်လိုက်၏။

"ငါလဲလေ မြန်မာစာ သိပ်တော်ချင်တာပဲ၊ ငါချစ်တဲ့ ကောင်မလေးတွေ့ရင် သူတို့ထက် လှတဲ့ကဗျာတွေကို ဖွဲ့ချင်လို့"

မွှေးက သူ့စကားကို နားထောင်ရာမှ ရယ်မောပစ်လိုက်တော့သည်။

* * *

သကြံန်ရက်တွင် မိုးဖြိုင်ဖြိုင်ရွာလိုက်သောကြောင့် ပိတောက်ပွင့်များသည်လည်း ဖြိုးဖြိုးဝေနေကြလေသည်။ ခြံဝင်းနှစ်ဖက်စလုံးထဲသို့ ပိတောက်ခက်များသည် ရွှေနွယ်များလို အိရှုံ့သွတ်ကျနေသည်။ လေတိုက်ပုံကလည်း စိမ့်စိမ့်အေးအေးနှင့်။ ပန်းရနံ့ကလည်း မွှေးနေသည်။

ဦးကွန့်၊ ဦးဆယ်တို့နှင့်အတူ အတွတ်သည် ပိတောက်ပင်ပေါ်ရောက်၍နေလေသည်။ မြေကြီးပေါ်တွင်မူ မွှေးတို့ညီအစ်မတွေနှင့် မေမေက ပိတောက်ခက်များကို ကောက်၍သိမ်းနေကြသည်။ ပိတောက်ကိုင်းများနှင့်အတူ ရေစက်ရွှေများများသည် ပင်ခြေသို့ တဖြောက်ဖြောက်ကျလာကြသည်။

ပိတောက်တစ်ကိုင်းကို အတွတ်က လှမ်း၍ချိုးလိုက်သည်တွင်





ပင်ခြေမှ မွှေး၏စူးစူးရှရှ အော်သံကိုကြားလိုက်ရသည်။ ချိုးပြီးအကိုင်းကို လွှတ်မချဘဲ မွှေးရှိရာသို့ သူလှမ်း၍ကြည့်လိုက်၏။

ဖရက်သည် ရောစပ်ပုံးကိုကိုင်ကာ မွှေး၏ကိုယ်ပေါ်သို့ အားရပါးရ လောင်းနေသည်ကို တွေ့ရလေ၏။ စိတ်ထဲတွင် ခုန်ဆင်းလိုက်ချင်သည်။ လက်ထဲမှ ပိတောက်ကိုင်းကိုလည်း ဖရက်ခေါင်းတည့်တည့်ပေါ်သို့ ပစ်ချလိုက်ချင်သည်။ သို့သော် သင်္ကြန်ဆိုသည်မှာ မည်သူက မည်သူ့ကိုမဆို ရေသွန်းလောင်းနိုင်သည် မဟုတ်ပါလား။

သူ့စိတ်ထဲတွင်မူ မွှေးကိုယ်ပေါ်တွင် သူလောင်းသော ရေကလွဲ၍ ဘယ်ရေမှ မစွတ်စေလိုပေ။

ဖရက်ကို မွှေးကခပ်ထေ့ထေ့ နှုတ်ခမ်းစူကာ ဘာတွေပြောနေသည်မသိ။ အိမ်ဘက်သို့ မွှေးထွက်သွားသောအခါတွင် မြေပေါ်ရှိ ပိတောက်ခက်များကို ဖရက်က ပွေ့ချီကာ မွှေးနောက်မှ လိုက်သွားတော့သည်။ သူဆင်း၍လိုက်ချင်ပေမယ့် သစ်ပင်ပေါ်ရောက်နေသောကြောင့် သူလိုက်ရမည့်အချိန်မှာ နောက်ကျ၍ နေပါပကော။

ပိတောက်ပွင့်သော ရက်များကုန်ပြီးသည့်နောက် ဖရက်သည် နေ့စဉ်လိုလို အတွတ်ဆီသို့ ရောက်လာသည်။ လသာသော ညများတွင် မြသားလို ပြာနေသော မြစ်ပြင်ပေါ်၌ လရောင်ခြည်ဖြာလာမှ ဖရက်တစ်ဖက်ကမ်းသို့ ပြန်တော့သည်။

စစ်ဖြစ်သည်ဆိုသော်လည်း ငါးဆယ်မမှာမူ အစစ အေးအေးချမ်းချမ်းပင်ရှိပေသည်။ ဂျပန်ခေတ်၏ဒုက္ခ မငြိမ်းချမ်းသောကာလ၏



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များကို မတွေ့ကြသေးပေ၊ သူတို့အားလုံး ကျောင်းတက်မပျက်ကြပေ။

မိုးသည်းထန်စွာ ရွာနေသော ညနေက မေမေနှင့်အတူ မွေးတို့အိမ်သို့ လိုက်သွားရ၏။

မွေးတို့မိသားစုအားလုံး ပျော်နေကြလေသည်၊ ဒေါ်ဒေါ်တင်ကြီးသည် သားကြီးထောင်မှလွတ်၍ ဗမာ့လွတ်လပ်ရေး တပ်မတော်ထဲသို့ ဝင်သွားကြောင်း၊ မြန်မာပြည်မြောက်ပိုင်းဘက်သို့ စစ်ချီသွားကြောင်းများကို သူ့မေမေအား အားပါးတရ ပြောပြနေသည်။

သူ့စိတ်ထဲတွင်တော့ သံယောဇဉ်ငြိကာ ချစ်နေသော ကိုကိုအောင်ကို ပြန်မတွေ့သေး၍ စိတ်မကောင်းပေ၊ သူသာ ကိုကိုအောင်လို စစ်ထဲလိုက်သွားလျှင် မေမေသည် ဒေါ်တင်တင်ကြီးကဲ့သို့ ဝမ်းပန်းတသာ ရှိမည်မဟုတ်ပေ။

ကျောင်းကို သွားစနေ့စ်တုန်းကတောင် သဘော်ဆိပ်အဆင်းတွင် ဖေဖေ့ကွယ်ရာ၌ မေမေက ငိုသေးသည်။

တကယ်ဆိုတော့ စစ်ဆိုသည်မှာ ဘယ်လိုများနေသည်ကို သူမသိ။ ထိုစဉ်က ဝါးခယ်မသည် လောကနိဗ္ဗာန်လေးလိုပင် မဟုတ်ပါလား၊ ကျောင်းပိတ်ရက်များမှာပင် စာသင်မပျက်ဘဲ အင်္ဂလိပ်စာအပိုသင်တန်းများကို တစ်ဖက်ကမ်းကူးကာ မှန်မှန်တက်ခဲ့၏။

ပြီးတော့ ဗမာ့တပ်မတော်ဆိုသည်ကလည်း ဘာပါလိမ့်၊ အတွက်၏ အဘိဓာန်တွင် ထိုစကားလုံးများ ဘာမျှမရှိသေးပေ၊





အမှန်တော့ သူသည်အလွန်ပင် ငယ်ပါသေးဓါတကား။ မွေးက သူ့ကို "အပြင်တွင် ဘာတွေဖြစ်နေသည်ကို မသိရကောင်းလား" ဟု ပြောလိုက်စဉ်က ရှက်စိတ်တော့ ပေါ်လိုက်မိသည်။ ဒါပေမယ့် သူ့ အသိုင်းအဝိုင်းက ဘာကိုမျှ သိခွင့်မရပေဘဲ၊ မေမေလုပ်နေသည်ဆိုသော လှစင်များရှိရာသို့ပင် သူတစ်ခါတည်းသာ ရောက်ခဲ့ဖူးသည်။ ဂေါ်ဒုသောင်ဘက်ရှိ လယ်များရှိရာကိုမူ ခြေဦးမျှပင် မလှည့်မိပေ။

မွေးတို့အိမ်ကအပြန်တွင် အိမ်အထိ လက်ဆွဲမှန်အိမ်လေးနှင့် ဦးဆယ်က လိုက်၍ပို့သည်။ မိုးရေကြောင့် ခြံမြေပွက်ထနေကာ သူ့ခြေထောက်များတွင် ရွှံ့ပေနေလေသည်၊ အိမ်ရောက်လျှင် ဖရက်ကို မမျှော်လင့်ဘဲ တွေ့ရ၏။

"ဟော့ . . . စောင့်နေတာ ကြာပြီလား"

သူသည် တံစက်မြိတ်အောက်ရှိ ရာဝင်အိုးကြီးထဲမှ ရေခပ်ကာ ခြေဆေးရင်း ဖရက်ကို လှမ်းမေးလိုက်သည်။

"ကြာပါပြီ ဆိုပါတော့။ မိုးသိပ်ရွာရင် အတွက်တို့အိမ်မှာ အိပ်မယ်လို့ ဖေဖေ့ကို ပြောခဲ့တယ်"

"လာလေကွာ ကိုယ့်အိပ်ခန်းကို သွားကြစို့။ မင်းမပြန်ပါနဲ့တော့၊ လေကလဲ သိပ်ထန်တယ်။ ကိုကိုအောင့် သတင်းကို ကြားချင်လွန်းလို့သာ မွေးတို့အိမ်သွားရတယ်၊ ချမ်းလိုက်တာ လွန်ရော လာလာ"

သူနှင့် ဖရက်သည် အိမ်ပေါ်ထပ်သို့ တက်လာ၏။ အတွက်

www.burmeseclassic.com



၏ အိပ်ခန်းမှကြည့်လျှင် မွေးတို့အိမ်ခြေရင်းဘက်ရှိ မွေး၏အိပ်ခန်းကို မြင်နေရသည်။ သို့သော် ထိုညတွင် မိုးသည်းထန်နေ၍ တံခါးများကို ပိတ်ထားရသည်။

ဖရက်က သူ့အိပ်ရာပေါ်တွင် လှဲနေ၏။

"ကိုယ် အခု လှေကောင်းကောင်း လှော်တတ်ပြီ နှောင်ကို ကိုယ့်ဘာသာပဲ လှော်လာတော့မယ်၊ တကယ်လို့သာ ဒီမြစ်ကြီးဟာ ရေတွေမဟုတ်ဘဲ မြေကြီးဆိုရင် ကိုယ်လာတာနဲ့ တစ်ခါပြန်ပြီး မြစ်ဖြစ်သွားမှာ"

အတွတ်က စားပွဲတင် မီးအိမ်ကိုထွန်းပြီးမှ ခုတင်ဘေးတွင် လာထိုင်ကာ ဖရက်ပြောသည်ကို နားထောင်နေ၏။ ဖရက်၏ စကားလုံးများသည် မရှင်းလှပေ။

"ဒီလိုဆိုလဲ မင်း ငါတို့အိမ် လာနေပါလား"

"မဖြစ်ဘူး။ မနက်ဆို မြန်မာစာတော်အောင် အိမ်မှာ စာသင်ရသေးတယ်"

"ကိုယ့်ကိုလဲ မွေးတို့နဲ့အတူ ရှေးအပတ်ကစပြီး စာသင်ရမယ်လို့ မေမေက ပြောထားတယ်၊ ကျောင်းတွေ ပိတ်တုန်း တို့များစာသင် မပျက်အောင်တဲ့။ ဖရက်ပါ လာသင်ပါလား။ ပြီးတော့ ဆယ်တန်းဝင် ဖြေရမယ်"

"မဖြစ်နိုင်တော့ဘူး ကိုယ် မွေးရဲ့မေမေကို သိပ်ကြောက်သွားပြီ"





"ဟယ် ...ဘာဖြစ်လို့လဲ၊ သိပ်သဘောကောင်းပါတယ်ကွာ"

"အေး အဲဒါ ပြောပြမလို့၊ ဒီနေ့ မွေးဆီက စာပြန်လာတယ်"

ဘုရား ...ဘုရား အတွတ်ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ကာ တလှပ်လှပ်ဖြစ်လာ၏။ ဘယ်လို အခြေအနေများဆိုက်၍ နေကြပြီလဲ။ သူ့မှာတော့ ဘာမှမသိလိုက်ရပါတကား။

"ဘယ်လို ပြန်လာလို့လဲ"

သူ့အသံကို မနည်းထိန်းပြောရပေမယ့် နှုတ်ခမ်းများက တုန်နေသည်။

"ဒီသူငယ့် လက်ရေးကို ကြည့်ရုံနဲ့ပဲ သမီးအပေါ်မှာ သစ္စာရှိမှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ကိုယ့်ကို မချစ်ရဘူးတဲ့ကွာ"

"မင်း ...မင်း ဘယ်တုန်းက မွေးကို စာပေးလဲ"

"အတွတ်ကို ဖွင့်မတိုင်ပင်တာ စိတ်မရှိနဲ့နော်၊ သကြန်ပြီးတုန်းကပေးတာပဲ၊ ဒါပေမယ့် မွေးကို ကိုယ်ချစ်နေတာက ဟိုညက ထဘီအပြာလေးနဲ့ တွေ့ကတည်းကပဲ"

ကျောင်းသွားရမည့် ညနေက တစ်ယောက်တည်း ငိုသလို အတွတ်က ငိုချင်လာသည်။ ဘာမဆို သူသည် အလွန်အချိန်နောက်ကျ လုပ်တတ်သော သူငယ်လေးပါလားဟု ကိုယ့်ကိုယ်ကိုယ် နောင်တရနေသည်။ တကယ်ဆိုတော့ မွေးနှင့်တွေ့လာသည်မှာ သူကအရင်ဖြစ်သည်။ မွေးကတည်းက ဆိုကြပါစို့။ လည်ပင်းဖက် ကြီးလာသူတွေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ သူသည်မွှေး၏အလှကို မကြည့်တတ်ခဲ့ပါသလဲ။ မွှေး၏နှလုံးသားကို ချစ်မြတ်နိုးရမှန်း မသိခဲ့ပါသလဲ၊ မွှေးသည် မြတ်နိုးစရာကောင်းသော သူငယ်မလေးတစ်ယောက်ဟု ဖရက်ကပြောသော ညနေက အပြေးအလွှား မွှေးကိုသွားကြည့်ခဲ့ရ၏။ ထိုညကတော့ သူသည် လူပျိုပေါက်စအရွယ်တွင် မဖြစ်ဖူးသော စိတ်လှုပ်ရှားမှုကို ခံစားလိုက်ရ၏။ ဆံတောက်သိမ်းစ ဆံထုံး ကပိုကရိုနှင့် မွှေးကိုမြင်တော့လည်း စိတ်ထဲက ကြည်နူးမိသား။ အလှဘွဲ့ကဗျာကိုပင် ရေးချတ်လိုက်မိသေးသည်။

ခုတော့ ဖရက်က ပိတောက်ပန်းတို့ ပွင့်ပြီးသောရက်များတွင် မွှေးကို စ,ပြီးခဲ့ပါကော။

သူ့ခေါင်းကို ဖော်၍မရသေးပေ။ အပြင်မှ လေများသည် ပြင်းပြင်းထန်ထန် တိုက်ခတ်ကာ အရွယ်ရောက်စ သူငယ်လေးနှစ်ယောက်၏အချစ်စိတ် မြူးနေပုံကို ထိုးဆွနေပုံရသည်။

"ဘာလို့ ငိုင်နေတာလဲ အတွတ်၊ ကိုယ်မွှေးကို တကယ်ချစ်တာပါ၊ ကိုယ်တော့ ဘာဖြစ်ဖြစ် မွှေးကိုရအောင်ယူမှာပဲ၊ မွှေးစာထဲမှာ သူ့မေမေက တခြားအကြောင်းတွေကိုလဲ ပြောသေးတယ်တဲ့။ လူတစ်ယောက်ဟာ ကိုယ့်လူ့ဘောင်က လူသားအားလုံးရဲ့ ကောင်းကျိုးချမ်းသာဖြစ်နိုင်ရေးအတွက် မတတ်နိုင်ရင် ကိုယ်နေတဲ့ တိုင်းပြည်တစ်ပြည်အတွက်၊ တစ်တိုင်းပြည်လုံးအတွက် မတတ်နိုင်လဲ ယုတ်စွအဆုံး ကိုယ် နေတဲ့ရပ်ရွာက လူတွေကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်





ဆောင်ရွက်ရဲတဲ့ သတ္တိရှိရမယ်တဲ့။ ကိုယ်ကျိုးစွန့်လွှတ်ခြင်းနဲ့ အချစ်အကြောင်း နှစ်ခုပေါင်းမှာ တစ်ခုဖြစ်သတဲ့၊ ကဲ သူ့မေမေရဲ့စကားတွေ ကြီးကျယ်လိုက်တာကွာ"

အမှန်တော့လည်း စကားလုံးများမှာ သူတို့အတွေးအခေါ်နှင့် စာလိုက်လျှင် မြင့်လွန်းလှသည်ကို အတွတ်က နားလည်၏။ သို့သော် အဘွားကြီးက စာအလွန်ဖတ်သော အဘွားကြီးဖြစ်၏။

"မွှေးကရော မင်းကို ဘာပြန်ပြောသလဲ"

"သူဟာ ဘိကျွနီ လုပ်မယ့်မိန်းမတော့ မဟုတ်ဘူးတဲ့။ ဒါပေမယ့် လောကကြီးမှာ သူ့ချစ်သူနဲ့ သူလက်ထပ်ရမယ့် သူဟာ တစ်ယောက်တည်း ဖြစ်စေချင်သတဲ့၊ အသက်အရွယ် ကြီးရင့်လာကြတဲ့ အလျောက် အတွေးအခေါ်တွေဟာလဲ ပြောင်းလဲလာကြမှာမို့ ခုလို ငယ်တုန်းမှာ ဘာမှမဆုံးဖြတ်ချင်ဘူးတဲ့၊ ဒါပါပဲ သူရေးတာကတော့"

အတွတ်က သက်ပြင်းကြီး ချလိုက်၏။ ဖရက်ကလည်း ငြိမ်သက်၍ သွားပြန်သည်။

"ကိုယ်လေ စစ်ပြီးရင် ကျောင်းပြန်နေမယ်။ ဒီဂရီရပြီးရင် မွှေးကို လက်ထပ်မယ်ကွာ၊ ဘာဖြစ်နေနေ ဘယ်သူတွေက သဘောတူတူ မတူတူ ရအောင်ကို ယူမယ်"

ဖရက်က စိတ်ပါလက်ပါပြောနေစဉ် အတွတ်က လွှတ်နေသောခေါင်းအုံးတစ်ခြမ်းပေါ်သို့ ပစ်၍လှဲလိုက်၏။ သူ့ရင်ထဲတွင် နုပ်နုပ်စင်းခံနေရသလို ခံပြင်းလှပါတကား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အခု မြန်မာစာသင်နေရပြီ၊ အစတုန်းကတော့ မွေ့နန်းမင်းသမီးရဲ့အလှကို မြင်တာနဲ့ မင်းနန္ဒာဟာ ဒဂုန်ကနေ သန်လျင်ဘက် ခဏခဏ ကူးတာကို လွန်လွန်းတယ်လို့ ထင်မိတယ်။ ကိုယ်တွေ့ကြုံတော့မှ မလွန်ဘူးဆိုတာ သိတယ် သူငယ်ချင်းရေ၊ ကိုယ်လဲ တစ်ဖက်ကမ်းကနေ တစ်ဖက်ကမ်းကူးကူးနေတာ ဘယ်တော့ ရင်ကွဲနာကျသေမလဲ မသိဘူး"

အတွတ်စိတ်ထဲမှာတော့ ဖရက်စကားများသည် နည်းနည်းပိုသည်ဟု ထင်သည်။ သို့သော် နောက်ဆုံး သူသည် မွေးရွတ်ပြသော ကဗျာလေးကို ရွတ်ဆိုကာ မျက်စိကို မှိတ်လိုက်၏။

"စုလည်းမဆင်၊ ထုံးနောက်ရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း။ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့"

* * *

ဂျပန်ခေတ်နောက်ပိုင်းကို ရောက်လာသောအခါတွင် မွေး ဖရက်နှင့် အတွတ်တို့သည် ဆယ်တန်းစာမေးပွဲကို အောင်မြင်ပြီးကြသည်။

မွေးသည် တစ်ဖက်ကမ်းကို မကူးတော့ပေ၊ အိမ်တွင်ပင် မြန်မာစာကို ညီမများနှင့်အတူ တစ်နေ့တစ်နာရီ မှန်မှန်သင်ရ၏။

အတွတ်ကမူ အင်္ဂလိပ်စာ အပိုသင်တန်းအတွက် တစ်ဖက်ကမ်းသို့ ကူးရလေသည်။

ယခုတလောတွင် မေမေက ဘေးရန်ကင်းပုံ မပေါ်၍ ဝါးခယ်မဘက်သို့ ကူးကာစာသင်သည်ကို ခွင့်မပြုတော့ပေ။ အမှန်တော့ တစ်ဖက်





ကမ်းတွင် ဘာဘေးရန်များသည်ကို အတွတ်မစဉ်းစားမိ။ သူ့အတွက်လည်း ဘေးရန်ရယ်လို့ ရှိလှသည်မဟုတ်။ မြို့ထဲတွင် ကောလဟာလ သတင်းများတော့ မျိုးစုံနေပေသည်။ မျက်မြင်တွေ့ရသည်မှာ တစ်ခါတစ်ရံ လယ်ကွင်းစပ်ကိုဖြတ်၍ သွားသော လေယာဉ်ပျံမည်းမည်းကြီးများဖြစ်၍ လယ်ကွင်းထဲတွင် ရှောခနဲ၊ ချောင်းစပ်တွင် မည်းခနဲ ပေါ်၍ပေါ်၍ လာတတ်သည်။ အဝေးမှ စက်သေနတ်သံ သဲ့သဲ့ကိုသာ ကြားရတတ်သော်လည်း ဝါးခယ်မမြို့တွင်မူ ထိခိုက်ဒဏ်ရာရသူဟူ၍ မရှိသလောက် ဖြစ်ခဲ့သည်။

နံနက်တိုင်းလိုလို မွေးတို့ညီအစ်မတစ်စုနှင့်အတူ တစ်နာရီခန့်စာသင်ရသော်လည်း ယခင်ကလောက်တော့ မွေးနှင့်အတူ မတွဲရပေ၊ လယ်ကွင်းစပ်များဆီသို့ သူတစ်ယောက်တည်းသာ လာခဲ့ရချိန်များ၏။

ကမ်းခြေစပ်တွင်လည်း သူတစ်ယောက်တည်းသာ ထိုင်ခဲ့ရချိန်ကများ၍လာလေသည်။ တစ်ခါတစ်ရံ တိမ်တောက်သော ညနေ၌ မွေးသည် သူနေထိုင်ရာသို့ ရောက်၍လာတတ်၏။ မွေး၏မျက်လုံးကလေးများသည် ယခင်ကထက် တောက်ပဟန်ရှိ၍ စကားပြောပုံကလည်း သွက်၍လှပလာသည်။ ရင်သားမို့မို့လေးမှာ မွေးအရွယ်ရောက်လာသော အချိန်၏အပြောင်းအလဲကို ပြနေဟန်ရှိသည်။ ယခင်ကစကားပြောလျှင် မွေးမျက်နှာနှင့် လယ်ကွင်းပြင်ကိုလည်းကောင်း၊ တောအုပ်ဆီသို့လည်းကောင်း ကြည့်တတ်သော်လည်း ယခုတော့ သူ့မျက်လုံးများသည် မွေး၏မို့သောတင်ပါးနှင့် ပေါင်တံများဆီသို့ ခဏခဏကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် အရွယ်ပြောင်းလဲလာသည့်အတွက် သူနှင့်သိပ်မတွဲတော့ခြင်း ဖြစ်သည်ဟု သူကယူဆ၏။ မွေးကို သူဘာမျှမမေးပေ။ မွေးကတော့ ငယ်ငယ်တုန်းကလိုပင် စကားပြောရာ၌ ရောရောဝင်ဝင် ပြောတုန်းပင် ဖြစ်သည်။

ဂျပန်ခေတ်တွင် သော်ကဘုရားပွဲတော်လည်း မကျင်းပဖြစ်တော့၍ သူတို့မိသားစု နှစ်အိမ်ထောင် သိုက်သိုက်ဝန်းဝန်း သွားရသည်လည်း မရှိတော့ပေ။

တွေ့ရသောအချိန်များတွင် ကြည့်လိုက်တိုင်း မွေးကသာ အလှအပကိုယ်ခန္ဓာ အသွင်အပြင်တို့ ပြောင်းလဲလာသည်ထင်သည်။ သူကမူ ဘာမျှမပြောင်းလဲသလို ဖြစ်နေ၏။

တစ်ခါတစ်ရံ သန်းခေါင်ယံတွင် ရုတ်တရက်နိုးနေတတ်သည်သာ ဖြစ်၍လာတတ်သည်။ မေမေက ညနေပိုင်းတွင် လှုပ်လှုပ်ရှားရှား ကစားနိုင်၏။ တစ်ယောက်တည်း ကစားရသည်ကိုလည်း သူပျင်းသည်။ ဖရက်ဘို့ တစ်ဖက်ကမ်းကိုလည်း သူမကူးချင်ပေ။

အခုတလော ဖရက်ကလည်း မွေးကို စပြီးပြီဆိုကတည်းက ခဏခဏ မလာရဲသလို ဖြစ်နေပုံရသည်။ အိပ်မပျော်သော ညများတွင် သူစာဖတ်၏။ စာဖတ်မရလျှင် မီးမှိတ်ကာ အခန်းထဲတွင် တစ်ယောက်တည်း ငြိမ်နေတတ်၏။ ဤပျင်းရိုးငွေ့မွှယ်ကောင်းသော စက်ကာလမှာ ဘယ်သောအခါမှ ကုန်ဆုံးပါမည်နည်း။

တစ်ဖက်ကမ်းတွင် လူငယ်ကလေးများ လှုပ်ရှားနေသော သင်းပင်းအဖွဲ့အစည်းများတွင်လည်း သူပါဝင်ခွင့် မေမေက မပေးပေ။





တန်ဆောင်မုန်းလဆန်းတွင် လသာပုံသည် ပို၍လှခဲ့၏။ ညဉ့်သို့တိုင်လျှင် မြစ်ရေပြင်ကိုလည်း တစ်လှည့်ကြည့်ရသည်။ စပါးနှံတို့ ဖုံးစ စပါးပင်ပျိုများ လှုပ်ရှားဟန်ကိုလည်း တစ်လှည့်ကြည့်ရသည်။ လရောင်အောက်တွင် သော်ကစေတီကိုလည်း မျှော်၍ဖူးရသေးသည်။ စေတီတော်သည် ယခင်ကလိုတော့ ရွှေရောင်ဖြင့် ဝင်းပခြင်းမရှိတော့ပေ။ တစ်ခါတစ်ရံ စပါးပင်ရှည်ကြီးများ၏ တေးညည်းသံ ဝိုးတဝါးကို နားစွင့်ရင်း ငိုက်မြီးအိပ်ပျော်သွားတတ်၏။

လဆန်း(၁၄)ရက် ညကမူ တစ်ဖက်ကမ်း၏ တန်ဆောင်တိုင်မီးများကို ရေခဲတံတားဦးထိပ်မှ မျှော်ငေးကာ စောစောပင် အိပ်ရာဝင်ခဲ့သည်။ သို့သော် သန်းခေါင်ယံတွင် သူ့အကျင့်အတိုင်း တစ်ရေးနိုးပြီးကာ ပြန်၍အိပ်မရတော့ပေ။

လမင်း၏အရောင်မှာ မှန်ပြတင်းပိတ်ထားသည့် ကြားကပင် အိမ်ခန်းထဲသို့ ဝင်၍ကျနေပေသည်။ လယ်ကွင်းဘက်ဆီမှ စပါးပင်တို့ ယိမ်းနွဲ့လှုပ်ရှားသံ၊ မြစ်ပြင်ဆီမှ လှိုင်းဂယက်တို့ ရိုက်ခတ်သံများသည် မြစ်လယ်၏ သဘင်ပွဲတွင် သဘာဝ၏တေးဆိုသံလို သာယာချမ်းမြေ့လှလေသည်။ အပြင်တွင် သဘာဝသည် ဘယ်လောက်များ လှနေမည်လဲ။

မှုန်ဝါးသော လရောင်ခြည်သည် မြစ်လယ်၏ အလှအပများကို ကြည့်ရန် သူ့ကိုဖိတ်ခေါ်၍ သူသည် အိပ်ရာမှထကာ ဘေးဘက်ပြတင်းကို ဖွင့်လိုက်သည်။ လရောင်သည် မှန်ထဲမှာမြင်ရသည်ထက် အပြင်တွင် ရွှန်းရွှန်းပပ သာနေပေသည်။ မွေးတို့အိမ် မားမားမြင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ လရောင်အောက်တွင် ငြိမ်သက်တိတ်ဆိတ်နေသည်။ သစ်ရွက်ကလေးများပေါ်တွင် နှင်းစက်ကလေးများ ပုံ့ကြဲနေကြသောကြောင့် လရောင်ထိလိုက်လျှင် ဆောင်းနတ်မယ်၏ ဝတ်ရုံလို တလက်လက် တောက်ပနေသည်။ စိမ်းသောစပါးခင်းပေါ်တွင် လမင်း၏ငွေရည်များကလည်း ပုလဲမှုန်လို သွန်းကျနေကျပေ၏။

ညဉ့်ငှက်သည် မြစ်ကိုစုန်ကာ ညဉ့်သုံးယံတေးကို ကျူးရင့်ရာသည်။ ဂယက်စိတ်ကလေးများ တဖျတ်ဖျတ်လှုပ်ရှားကာ တောက်ပနေသော ငွေရေပြင်ပေါ်တွင် လူးလာတုံ့ကာ ချစ်သူကိုရှာနေဟန်ရှိ၏။

ပူလောင်သော ဖောစိတ်တို့ဖြင့် အမောကြီးမောကာ လူသားတို့အိပ်ပျော်နေချိန်ဖြစ်၍ သဘာဝ၏အလှနတ်များသည် တိတ်ဆိတ်သော ညဉ့်လယ်တွင်မှ နိုးကြွလာကြကာ အလှသဘင်ပွဲကို ခင်းကျင်းလျက်ရှိကြပေသည်။

ဆောင်းရာသီကို ကြိုသောလေညင်းတွင် ကရမက်ပန်းရနံ့ကလည်း သင်းသင်းမွှေးကာ ပါ၍လာခဲ့ပေသည်။

အတွတ်သည် မြစ်လယ်ဘက်ဆီသို့ မျှော်၍ကြည့်မိ၏။ မြစ်လယ်ဆီမှ လှေငယ်တစ်စင်းသည် သူတို့အိမ်များရှိရာဘက်သို့ ကပ်လာသည်။ လှေကလေးသည် မွေးတို့ရေဆိပ်တွင် ရပ်နားလိုက်၏။ လရောင်အောက်တွင် တစ်ယောက်တည်းသော သူငယ်၏ လှုပ်ရှားဟန်များကို အတွတ်အားလုံးမြင်နေပေသည်။ လူငယ်သည် မွေးတို့ခြံထဲသို့ ဖြည်းညင်းစွာ ဝင်၍သွားလေသည်။





"ဖရက်များလေလား"

ဉာသွင်ပြင်ကို သူဘာမှ မမှတ်မိစရာမရှိ၊ ဖရက်မှ ဖရက်အစစ်ပင်။ သူ၏ရင်တို့သည် တလှပ်လှပ် လှုပ်ရှားစပြုလာသည်။ လှိုင်းသည် မြိုင်ရိပ်တွင် ပျောက်ကွယ်သွားပြီးနောက်၊ မွေး၏အိပ်ခန်းဆောင်မှ မတ်တတ်တံခါးများ ပွင့်၍လာသည်။

ဝရန်တာကို ဖြတ်ကာ လှေကားမှဆင်းလာသော မွေးသဏ္ဌာန်ကို သူပြတ်သားစွာမြင်ရသည်။ မွေးသည်လည်း မြေပေါ်ရောက်လျှင် ပန်းရုံတစ်ခုအောက်တွင် ပျောက်၍သွားပြန်သည်။

သူတို့နှစ်ယောက် ညတွင်တွေ့ဆုံကြသည့် စခန်းသို့ပင် ရောက်ပါပကော၊

သူသည် မောလှစွာ တံတားဘောင်ကို မှီလိုက်ရ၏။ အသက်ကို မနည်းရှူရသလို ရင်ထဲကကျုပ်၍လာသည်။ မျက်လုံးများကတော့ ခြံဝင်းထဲတွင် ချစ်သူနှစ်ယောက်ကို ရှာမိ၏။

အမှန်တော့ လှပသော ဉာညခင်းသည် ချစ်သူတို့အတွက် ပါကလား။ ယခုမှပင် ညသည် ပို၍လှပလာသည်။ ညဉ့်၏အရှင်နတ်သမီးသည် ချစ်သူနှစ်ဦးတို့အတွက် ဉာညများကို ဖန်ဆင်းနေသလား။ ချစ်သူတို့ တွေ့ဆုံ ချစ်တင်းနှီးနှောဟန်ကို သီဆိုကျူးရင့်ရန်ပင် ငှက်ကလေးများကို တမန်တော်အဖြစ် စေလွှတ်လေသလား။

ကြယ်ပွင့်ကလေးများပင် ပိုမိုတောက်ပလာကာ ပန်းလေးတို့သည်လည်း ငုံရာမှပွင့်လာကြပြီထင်သည်။ လေညင်းရနံ့သည်ပို၍ သင်းပျံ့လာပါပကော၊



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . မိရွှေမွှေးကိုလည်း ဆုံးရှုံးရပြန်ပကော။

ယခုမှ လက်လွှတ်ရခြင်းသည် ပို၍သေချာလာပြီဟူသော အသိက အတွတ်၏နှလုံးသားကို ဆုပ်၍ဆွဲကိုင်လှုပ်ရှားပစ်လိုက်သည်။ လမင်းသည် အနောက်သို့စောင်းငဲ့လာသောအခါ ကြေးနီရောင်သို့ ပြောင်း၍လာခဲ့၏။ ညဉ့်ငှက်ငယ်သည်ပင် အသိုက်သို့ ပျံပြီဖြစ်၍ မိုး သောက်ယံကို ကြိုမည့်ငှက်ငယ်လေးတို့၏အသံကို ကြားရပေပြီ။

သူကတော့ ပြတင်းဘောင်မှ ခွာမရ။ ဖရက်သည် မွှေးပခုံး ကိုဖက်ကာ လေကားရင်းအထိ လိုက်ပို့သည်။ ဖရက်၏ရင်ခွင်အတွင်း သို့ မွှေး၏ကိုယ် ယိုင်ညွှတ်သွားသည်ကိုမူ သူသည်မကြည့်ပေ။ မျက်နှာ ကို လက်ဖဝါးနှင့်အုပ်ကာ ခုတင်ဆီသို့ ပြန်လာခဲ့၏။

နံနက်(၄)နာရီထိုးပြီဖြစ်၍ ဝါးခယ်မဘာက်ကမ်းမှ သကျမဟာ သီရိဘုရားကြီးကို မျက်နှာသစ်တော်ရေ ကပ်ချိန်တွင် တီးမှုတ်သော နရည်းသံသည် ငြိမ့်အေးညက်ညောစွာ လေညင်းတွင်ပါ၍လာလေသည်။

အတွတ်အဖို့တော့ ဆုံးရှုံးခြင်း အထိမ်းအမှတ်အတွက် တီး ခတ်သော နရည်းသံသာတည်း။

* * *

နံနက်တွင် အကြောင်းမရှိဘဲ ခြံနောက်ဘက်တွင် တစ်ယောက် တည်း ဝေ့ကာပတ်ကာ လျှောက်နေသည်။ ရပ်တည်ရာမရဆိုသည်မှာ ဒီလိုအဖြစ်မျိုးများပေလား။

မိုးပိုဆီမှ ဖေဖေ့အသံရော၊ မေမေ့အသံရော ဆူဆူ–ညံညံနှင့်





တစ်လှည့်စီ ကြားနေရပေသည်။ သူသည် ထင်းပုံဘေးမှ မီးဖိုဘက် သို့လှည့်ကာ ထိုင်၍ကြည့်နေ၏။ မေမေ့ရှေ့တွင် အဝတ်တစ်ပုံမှာ ပုံလျက်ဖြစ်နေပေသည်။

"ခေတ်ကြီးက မကောင်းတော့ဘူးဆိုတာ ကိုသင်းမောင် အသိပဲ။ နေ့သေမလား၊ ညသေမလား မသိတဲ့အချိန်မှာ အစုတ်ပလုတ် ထဲကများ ငွေထွက်အောင် ရှာမနေပါနဲ့တော့၊ အလကားပေးလိုက်တော့ ဘာဖြစ်လဲ"

မေမေ့အသံမှာ ကျယ်သော်လည်း ဒေါသဖြစ်ပုံမပေါ်ပေ။ ဖေဖေ့မျက်နှာကတော့ နီ၍နေပေသည်။

"ငါက ရောင်းရတာ မဟုတ်ပါဘူး။ မသက်စု သမက်ကိုက ခြင်ထောင်တစ်လုံး ငါးရာကျပ်နဲ့ ရောင်းပါပြောနေလို့"

မေမေက အဝတ်ပုံကို ဆွဲဖွလိုက်ကာ အကောင်းဟု၍ တစ် ကွက်မျှ ရှာမရအောင် ဖွာလန်ကြဲနေသော ဓာခြင်ထောင်တစ်ခုကို မ, ၍ ကြည့်လိုက်၏။

"အလကားပေးရတာတောင် ပေးရတဲ့သူက ရှက်ဖို့ကောင်း သေး။ ဒါကို ဘယ်လိုများ ချုပ်မလဲမသိ"

"မင်းအော်လို့ လန့်ပြေးတာ၊ ဒီအစုတ်ကို သူတို့သေသေချာ ချာကြည့်ပြီးပြီ။ ယူမယ်တဲ့။ အမိုးပိတ်ကိုလည်း အကျီချုပ်ရမယ်တဲ့"

"သိန်းဖေ . . . သိန်းဖေ၊ ရော့ အဲဒီခြင်ထောင်ရော၊ ဟို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးစွပ်အစုတ်ရော ယူသွား။ ဒေါ်သက်စု သမက် စံမောင့်အိမ် သွားပို့''

မေမေသည် သိန်းဖေဘက်သို့ အဝတ်ပုံကို ထိုးပေးလိုက်သည်။

''ရှင်နဲ့ ကိုဘလှနဲ့ အတူတူပဲ။ သူများတွေ ဒုက္ခရောက်နေပါတယ်ဆိုမှ တယ် ငွေရှာကောင်းတယ်။ မနေ့က တင်တင်ကြီးကလည်း ကိုဘလှတို့ကို ဒေါသထွက်လို့''

''ဘာဖြစ်လို့လဲ''

ဖေဖေက မျက်လုံးလေး ပြူး၍မေးပြန်၏။

''ဘာဖြစ်ရမလဲ။ မသက်စုတို့ အညာဘက်က ဆန်ပို့တုန်းက ငွေလိုတာနဲ့ မြလက်ကောက်နဲ့ ရွှေငါးကျပ်သား ကိုဘလှတို့မောင်နှမ ဆီထားခဲ့ပြီး ငွေယူတယ်။ ခုငွေပေါ်လို့ သွားရွေးတော့ မြလက်ကောက် ဟာ ရောင်းတာဆိုပြီး အပိုင်ယူထားလိုက်တယ်''

''သူတို့က စာမချုပ်ဘူးလား''

''ဩော် . . . တင်တင်ကြီးဆီမှာ ထားတုန်းကလိုပေါ့။ ဒီလိုပဲ ယုံကြည်မှုနဲ့ထားနေကြပေါ့။ ခုတင်တင်ကြီးက မတတ်နိုင်တော့ ပိုသွားတာပဲ။ ကိုဘလှနှမကလည်း မသိတာမဟုတ်။ မသက်စုက ဇတ်နိုးလာခင်းတယ်။ စံမောင်လေးကလည်း စက်သေနတ်ထိပြီး နစ်လို့။ ဒီကြားထဲကများ ရှင်က ခြင်ထောင်တစ်လုံး ငါးရာကျပ်နဲ့ ရောင်းစားချင်သေးတယ်။ မြို့ရေးရွာရေးဆိုလည်း သူတို့မောင်နှမ ဘယ်တုန်းကပါခဲ့





လဲ။ အင်္ဂလိပ်ခေတ် လယ်တွေရေမြုပ်တုန်းကများ သူတို့က လယ်သမားတွေအပေါ် တစ်ပြားအလျှော့မပေးခဲ့ဘူး။ လည်ပင်းညှစ်ပြီး သူတို့ ရဖို့သာ မရမကယူခဲ့တယ်။ ဒါကြောင့်လည်း တင်တင်ကြီးနဲ့ မျက်နှာချင်းဆိုင်ငုံမရ ကြတာ''

ဖေဖေက မျက်နှာကြီးနီကာ ငုံ့နေရာမှ တစ်ချက်ဝင်ပြောပြန်သည်။

''မင်း . . . တင်တင်ကြီးကတော့ တရားလွန်ပါတယ်။ ကိုယ့် အခြေအနေပျက်လာတာတောင်၊ သားတွေကို စီးပွားရေးမလိုက်စေရ ဘူး။ နိုင်ငံရေးပဲ''

''ဒါကတော့ တိုင်းပြည်အတွက်ဆိုရင် တစ်ကြောင်းမကျ တစ်ကြောင်းကျရမှာပဲ။ ကျွန်မတို့သားကို နိုင်ငံရေးမှာ မထည့်နိုင်တော့ တို့ဗမာအစည်းအရုံးကစပြီး ငွေရေးကြေးရေးနဲ့ ကူခဲ့ရတာပဲ။ ခုလဲ အခြေအနေကတော့ တစ်ခုခုပြောင်းလဲလာဦးမှာပဲ''

မေမေသည် ရှေ့စကားမဆက်တော့ဘဲ ထ၍သွားတော့သည်။ အတွက်ကမူ ထင်းပုံဘေးမှ ရွေ့၍မရ။ ဘာတွေများ ပြောင်းလဲလာဦးမှာလဲ။ မေမေက သူ့ကို ကလေးလေးလို နေရာမပေးဘဲ ဖယ်ထားလွန်းလှသည်ဟု သူ့စိတ်ထဲမှာ ထင်မိ၏။

မျက်လုံးထဲမှာမူ ညကမြင်ကွင်းသည် မပျောက်နိုင်သေး။ ဤဒေါ်တင်တင်ကြီး ဤဦးဘလှဆိုသော အခြေခံချင်း လုံးဝမတူကြသည့် နှစ်အိမ်ထောင်မှ ပေါ်ထွက်လာသော သက်တံပေါင်းကူးတံတားသည်



www.burmeseclassic.com

www.burmeseclassic.com



တွင်အတူလျှောက်နေကြသည့် မွှေးနှင့်ဖရက်တို့ လမ်းခရီးကရော မည် မျှ ကြာကြာခိုင်မြဲပါမည်နည်း။

* * *

မတ်လတော်လှန်ရေး ပြီးသည့်နောက် နွေရာသီ၏နှောင်းချိန်သည် သာတောင့်သာယာရှိလှသည်။

နွေရာသီ၏ နေရောင်များလို လူတွေ၏ဟန်ပန်များကလည်း ယခုမှ ပွင့်လင်းလှုပ်ရှားဟန်ပေါ်လာတော့သည်။

မွှေးတို့အိမ်ဘက်တွင်မူ ယခင်ကထက် တိတ်ဆိတ်နေသည်မှာ ထူးခြားသည့် အသွင်ပင်ဖြစ်ပေသည်။ ယခင်တစ်ပတ်က တပ်မတော်သား စစ်ဗိုလ်အချို့ လာရောက်တည်းခိုသွားကြ၏။

မွှေးက အတွတ်တို့အိမ်ဘက် မကူးသည်မှာ ကြာခဲ့ပြီ။ တော်လှန်ရေးအချိန်အတွင်းတွင်လည်း အတွတ်တို့မိသားစု ဝါးခယ်မဘက်သို့ ခေတ္တပြောင်းကာ အိပ်ကြ၏။ အတွတ်တို့ ပြန်လာသည်မှာလည်း ငါးရက်လောက်ပင် ရှိသေးသည်။ မွှေးတို့ခြံနောက်ဘက် စည်းရိုးနားရှိ သော်ကပင်ကြီးသည် ရွက်နုတို့နီထွေးထွေးနှင့် ပန်းရောင်ပွင့်များ ဝေလျက်ရှိသည်။

ပွင့်ဖတ်ကြွေများသည် မြေညီခင်းပေါ်ဝယ် ပြန့်ကြဲလျက်ရှိ၏။ မြေပေါ်တွင် ကြွ၍နေသော သစ်မြစ်ကြီးပေါ်တွင် မွှေးသည်တစ်ယောက်တည်း ထိုင်လျက်ရှိသည်။ လက်ထဲမှ ဝါးခြမ်းပြားဖြင့် မြေပြင်ပေါ်ရှိ ပွင့်ဖတ်ကလေးများကို တစ်ခုချင်းယယ်၍ ပစ်နေသည်။ လက်က





လှုပ်ရှားနေသော်လည်း သူ့စိတ်များသည် ပွင့်ဖတ်များနှင့် ဝါးခြမ်းကို ဂရုထားဟန်မတူပေ။ သူတို့အိမ်မှာလည်း အထူးတိတ်ဆိတ်နေသည်။

အတွတ် သူ့အနားတွင် လာရောက်ထိုင်သည်ကိုပင် သူသတိမထားမိပေ။

"မွှေး"

အတွတ်အသံသည် တိုး၍တုန်ယင်နေသည်။ မွှေးက အတွတ်ကို လှမ်းကြည့်လိုက်သော်လည်း အံ့ဩပုံမရ။ ငြိမ်လွန်းလှသည်။

"မေမေက ပြောလို့ မင်းကိုလိုက်ရှာလိုက်ရတာ။ ဒီမှာ လာကုပ်နေတာကိုး။ မင်းမေမေ့အနားမှာ နေဖို့ကောင်းတယ်"

အတွတ်က အားငယ်ဟန်နှင့်ဆို၏။

"မေမေက စိတ်ထိန်းနိုင်ပါတယ်။ မွှေးသာ စိတ်မထိန်းနိုင်လို့ တစ်နေရာတည်း ရပ်မနေချင်ဘူး"

"ဒီသတင်းက ဘယ်လောက်မှန်မှာလိုက်လို့ကွယ်။ သိပ်လဲ စိတ်မပူပါနဲ့"

"တစ်နေ့ကလာတဲ့ စစ်ဗိုလ်ဟာ ကိုကိုအောင်နဲ့အတူတူ အနောက်မြောက်တိုင်းမှာ ဂျပန်တော်လှန်ရေး တာဝန်ကျတဲ့သူတွေပဲ။ ဒါကြောင့် ကိုကိုအောင် ကျဆုံးသွားတာကို မေမေ့ဆီလာပြောကြတာ"

သူတို့နှစ်ယောက်လုံးသည် ငြိမ်သက်သွားကြ ပြန်သည်။ သော်ကပင်ထက်ရှိ ရွက်သစ်နုတို့မှာ တော်လှန်ရေးမှာ ပေါ်ပေါက်လာသော အင်အားသစ်တို့၏ ဟန်ဖြင့် တက်ကြွရွှင်မြူးလျက်ရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တပြုတ်ပြုတ်ကြွေကာ မြေသို့သက်သည့် ပန်းပွင့်အလွှာများကမှ ကျခုံး ရှာသော တော်လှန်ရေး ရဲဘော်များကို ကိုယ်စားပြုဟန်ရှိသည်။

"ဖေဖေကတော့ မနက်ဖြန်ကို ရန်ကုန်သွားမလို့။ ဟိုမှာ အတွတ် ကျောင်းနေဖို့အတွက် စီစဉ်မယ်လို့ ဆိုတာပဲ"

"ကောင်းပါတယ်၊ မွေးတို့တော့ ဘာလုပ်ရမယ်မသိဘူး။ ဂျပန် ခေတ်မှာ ၁၀ တန်းအောင်ထားတာပဲရှိတယ်"

"အေး ... ဒါကြောင့် ခုဖွင့်မယ့် အရေးပေါ်တက္ကသိုလ်မှာ ငါတို့နေနိုင်တာပေါ့။ ဖေဖေနဲ့အတူ ဖရက်တို့အဖေလည်း လိုက်မယ်။ မေမေက ကိုယ့်ကို ဆရာဝန်လိုင်း လိုက်နိုင်းတယ်။ ပြီးတော့ အများ အတွက် အသုံးကျအောင်လုပ်တဲ့"

မွေးသည် ပိုရှုငြိမ်သက်စွာ နားထောင်နေ၏။ ပြီးတော့ သူ သက်ပြင်းချလိုက်သည်။ သူသည် ဘာကိုများ လေးလေးနက်နက်စဉ်း စားနေသည် မသိပေ။ မျက်လုံးများသည် လဟာပြင်ထဲတွင် တစ်ခုခု ရှာနေဟန်ကိုလည်း ပြ၏။

"မင်းကော အရေးပေါ်တက္ကသိုလ်မှာ ဆက်နေမလား"

"မေမေက ဘာပြောဦးမလဲမသိဘူး။ မွေးတော့ နေရမယ် မထင်ပါဘူး။ အခုဆိုရင် အိမ်မှာ မွေးဟာ မျက်နှာသာအပေးမခံရပါ ဘူး။ ဒါကြောင့်လဲ မဟုတ်ပါဘူးလေ။ မွေးတို့အိမ် စီးပွားရေးက ဘာမှ ရှိတော့တာ မဟုတ်တော့။ အလုပ်လုပ်ချင်လုပ်ရမှာ"

"ဒါနဲ့ ဘာဆိုင်လဲ။ မျက်နှာသာမပေးတာနဲ့"





"မွေး ဖရက်ကို ချစ်နေလို့"

အစက သိပြီးဖြစ်သော်လည်း မွေးပါးစပ်နှင့် တိတိလင်းလင်း ပြောလိုက်သောအခါ အတွတ်စိတ်ထဲတွင် နင့်သွားတော့သည်။

မွေးသည် ဝါးခြမ်းလေးကို မြေပေါ်တွင် ထောက်လိုက်ပြန်၏။

"မေမေ့ကို ဖွင့်ပြောကတည်းက မေမေက မချစ်နဲ့လို့ ယတိ ပြတ်ပြောသာ။ ခက်တာက အတွတ်ရေ ... မွေး ဖရက်ကို မချစ်တဲ နေလို့မရဘူး။ စိတ်ကလည်း ဘာကြောင့် ထိန်းမရလဲမသိ။ ကိုယ် သွားတော့မယ်"

မွေးသည် မျက်နှာကိုငုံ့ကာ သူ့အပါးမှ ထခွာသွားတော့သည်။ အတွတ်ကမူ ဘာလုပ်ရမှန်းမသိ။ ကြောင်၍ကျန်ရစ်၏။ နောက်မှ ကြီးကြီးတင်ကို သွားတွေ့ရန် ထသွားလိုက်မိသည်။ ကြီးကြီးတင်သည် အနောက်ဆောင်ခန်းတွင်ပင် ဆေးလိပ်ပတ်ရန် ချည်ရစ်လျက်ရှိသည်။ သူ့မျက်လုံးများသည် အားနည်းနေပုံရ၍ စိတ်မပျော်ဟန်ပြသော်လည်း သူ့စိတ်ကို အလုပ်တစ်ခုခုပေး၍ ဖြေနေပုံလည်းရပေသည်။

သူ့ကို မြင်မြင်ချင်းပင် "ထိုင်ဟေ့ သားရေ ရေနွေးကြမ်း သောက်ဦး" ဟု စ၍နှုတ်ဆက်သည်။

အတွတ်က ခပ်ကျုံ့ကျုံ့ပင် ထိုင်နေသော်လည်း ဘာစကား ပြောရမှန်းမသိသလိုဖြစ်နေသည်။

"မိမွေးကို တွေ့ရဲ့လား"

အဘွားကြီးက ထပ်မေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တွေ့ပါတယ်။ ကိုကိုအောင် တိုက်ပွဲကျတယ်ဆိုတာ မေမေပြောပေမယ့် မယုံလို့ မွှေးပြောပြမှပဲ ယုံတော့တယ်"

"အေး ... ဟုတ်ပါတယ်။ သားတို့အဖေလည်း နက်ဖြန် ရန်ကုန်လိုက်မလို့ဆို"

"ဟုတ်ကဲ့"

"အတွတ် ကျောင်းနေဖို့အတွက် စီစဉ်မယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်။ မွှေးကိုရော ကျောင်းဆက်ထားဦးမလား ကြီးကြီး"

"သူ အလုပ်လုပ်ရမယ်ထင်တယ်၊ ဖရက်နဲ့မွှေးတို့အကြောင်း သိပြီးပြီလား။ ငါ့သားကတော့ မောင်နှမလိုပဲဟာ သိသင့်ပါတယ်"

အဘွားကြီးအမေးမှာ ရှင်းခနဲဖြစ်သွားလွန်း၍ အတွတ် ဘာပြန်ဖြေရမှန်းမသိပေ၊

"ကြီးကြီးတင် စိတ်ထဲမှာ သားကျဆုံးသွားတာကို ဂုဏ်ယူနိုင်သလောက်၊ မွှေး ဖရက်နဲ့ကြိုက်သွားတာကို ရင်နာလို့မဆုံးဘူး။ သူတစ်နေ့ သိမှာပဲ။ ခုနစ်တန်း၊ ရှစ်တန်းပညာနဲ့ တွက်တောင်ရသေးတယ်။ အက္ခရာသင်္ချာသဘောလိုပဲ အခြေခံချင်းမတူတဲ့ ဂဏန်းနှစ်ခုဟာ ဘယ်မှာပေါင်းလို့ရမလဲ။ ရိုးရိုးဂဏန်းမှာ သုံးနဲ့နှစ်ပေါင်းရင် ငါး ဖြစ်နိုင်သေးတယ်။ အက္ခရာသင်္ချာမှာ က,ခနဲ့ စ,ဆဟာ ပေါင်းလို့ ငါးဆိုပြီး ဘယ်မှာလုံးသွားမလဲ။ အလယ်က အပေါင်းဂဏန်းကြီးခံပြီး ကခ+စဆ ဖြစ်မှာပဲ။ အလကားပဲကွယ်။ မိန်းကလေး သိပ်မှားတာပဲ"





အတွတ်မှာ ကခရော၊ စဆရော နားထဲတွင် လုံးထွေးသွားကာ ငိုင်မြိုင်ငိုင်မိ၏။ စိတ်ထဲမှာလည်း ရှုပ်ရှုပ်ပွေပွေဖြစ်သွားသည်။ ဘာကို ပြောရပါ့မလဲ။ ကြီးကြီးတင် နှစ်သိမ့်အောင် ပြောရမလား။ ဖရက်အကြောင်းပြောရမလား။ ဒီလိုဝင်ရောက် စွက်ဖက်နိုင်လောက်အောင် သူသည်အရွယ်ရောက်ပြီလား။ သူ့ကိုနေရာထား၍သာ ကြီးကြီးတင်ကလည်း ပြောခြင်းဖြစ်သည်။

"ငယ်ရွယ်သူတွေဆိုတာကတော့ စိတ်ကူးယဉ် တတ်တာပဲ။ ခုနေ ကြီးကြီးတင် ဖွင့်ဝင်ပါရင် ငယ်စိတ်ကြွနေတုန်း မဟုတ်တရုတ်တွေဖြစ်သွားနိုင်တယ်။ အရှိန်ကျသွားတဲ့အခါကျတော့လည်း မြင်လာမှာပေါ့"ဟု ကြီးကြီးတင်က ဆက်ပြော၏။

အိမ်ရှေ့ဘက်မှ ပစ္စည်းများရွှေ့သံ၊ သယ်ယူသံများ ကြားနေရပေသည်။

"ကြီးကြီး ဘယ်သူတွေ ဘယ်ပြောင်းလို့မလဲ"

ခုမှပဲ အတွတ်က စကားစရှာရတော့၏။

"သူဇာနဲ့ မူရာ ရန်ကုန်ပြောင်းတော့မယ်။ မူရာယောက်ျားလည်း ဦးဝီစာရလမ်းကအိမ် ဂျပန်လက်ထဲက ပြန်ရသတဲ့"

"သြော် ... ကျွန်တော်တော့ ကိုကိုအောင်ကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ အမြဲသတိရနေတယ်။ ကိုကိုအောင်တို့လို လူတွေ အသေခံတိုက်လို့သာ ကျွန်တော်တို့တစ်တွေ စာအေးအေး ပြန်သင်နိုင်ရတော့မယ်ဆိုတာကိုတော့ ကျွန်တော် အမြဲသတိရနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် သားရယ်၊ အမှန်တော့ လက်နက်စွဲကိုင်ပြီး တပ်ထဲဝင်တဲ့သူတွေသာ ကျေးဇူးတင်ထိုက်တာ မဟုတ်ပါဘူး။ ဒီတော်လှန်ရေး မတိုင်ခင် လက်နက်မဲ့ဘဝနဲ့ ဗြိတိသျှအစိုးရကို အံတုတိုက်ခိုက်ခဲ့လို့ စစ်ဖိနပ်၊ ပုလိပ်ဖိနပ်အောက်မှာ လှိမ့်ခံခဲ့ရတဲ့ လယ်သမားကြီးတွေ၊ အလုပ်သမားကြီးတွေဟာလည်း လွတ်လပ်ရေးရဲ့ ကျေးဇူးရှင်တွေပဲ"

ကြီးကြီးတင်အသံမှာ သိမ်မွေ့၍ အေးလှသည်။

"ကျွန်တော်တို့လည်း တိုက်ရေးခိုက်ရေးမှာတော့ မစွမ်းဘူး။ မေမေက စာမေးပွဲအောင်ရင် ငွေထက်လူတွေရဲ့ အသက်ကို ကယ်နိုင်အောင် ကြိုးစားဖို့ပြောပါတယ်။ ဒါကြောင့် ဆရာဝန်လိုင်း လိုက်နိုင်းတာပဲ"

"ကောင်းပါတယ်၊ လူတွေဟာ မေတ္တာပြဗ္ဗာမိုရ်ဆိုတဲ့ စိတ်နဲ့ အများအတွက် အနစ်နာခံနိုင်တဲ့စိတ်၊ နှစ်ခုပေါင်းရှိမှ လူ့ဘဝဟာ အဓိပ္ပာယ်ရှိတာပဲ။ နို့မို့ရင် လူဟာ အခြားသတ္တဝါနဲ့ ဘာများကွာတော့မလဲ"

"ဟုတ်ကဲ့၊ မွေးအတွက်လည်း သိပ်မစိုးရိမ်ပါနဲ့။ သူဟာ သိပ် မဆိုးပါဘူး၊ ဆိုးဆိုးရွားရွားလည်း မဖြစ်နိုင်ပါဘူး"

"အေး မင်းနှမကံပေါ့၊ ကြီးကြီးတင်က ထိန်းပေးနိုင်ရှုပဲ။ သားသမီးအပေါ် နိုင်ထက်စီးနင်းဆိုတာလဲ မလုပ်ချင်ဘူး"

"ကျွန်တော် ပြန်ဦးမယ် ကြီးကြီးတင်"

သူသည် နှုတ်ဆက်ကာ အိမ်ရှေ့ဘက်သို့ လှည့်ထွက်လာခဲ့





၏။ အလယ်ခန်းမတွင် မမအေးသည် တောသို့ ဖောက်သည်ပေးမည့် အထည်ကြမ်းများကို ချုပ်လုပ်နေသည်။ မွေးကလည်း အနားက စက်တစ်လုံးဖြင့် ဘော်လီချုပ်နေသည်။ သူ့ကို လှမ်း၍နှုတ်ဆက်သော်လည်း မွေးမျက်နှာက မပြုံးပေ။

* * *

ကျောင်းမွှင့်ရက်သည် တဖြည်းဖြည်း နီးကပ်လာ၏။ အတွက်နှင့် ဖရက်တို့မှာ စာအုပ်နှင့်ပစ္စည်းပစ္စယများကို တိုင်တိုင်ပင်ပင် ပြင်ဆင်နေကြသည်။ မွေးကိုမူ အတွက်သည် ယခင်ကထက်ပင် အမြင်ရ ဝေး၍လာတော့သည်။

လဆန်း(၁၄)ရက် ညများသည်လည်း ရာသီသို့လိုက်၍ ပြောင်းလဲခဲ့၏။ တစ်ခါတစ်ရံ ထုံညဝှင် နှင်းမှုန်တို့ သွန်ကျ၍ လရောင်ခြည်ကို ရွှန်းရွှန်းပပ မမြင်ရခဲ့။ တစ်ခါတစ်ရံ နွေ၏ရွက်သစ်ဦးများပေါ်တွင် သစ်လွင်သော လရောင်ခြည်ကို တွေ့လိုက်ရ၏။

မိုးသို့တိုင်လျှင် လဝန်းသည် ဘိမ်ညိုတို့နောက်မှ ကောင်းကင်ကို ထွန်းပနေသော်လည်း လဝန်းကိုမူ မမြင်စွမ်းနိုင်ပါတကား။

ဤကုန်ခဲ့သော လဆန်း (၁၄)ရက် ညများတွင် အတွက်အဖို့ လဝန်းကို မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ ရွှန်းပသောရောင်ခြည်သည် ကောင်းကင်တွင် ဖြိုးဖြိုးဝေနေသည့်နောက် ဤစကြဝဠာ၏ တစ် နေရာရာတွင် လမင်းရှိနေလိမ့်မည်ကို မှန်းဆနိုင်မည်ဖြစ်၏။

မွေးတို့နှစ်ယောက် တွေ့ဆုံကြုံကိုလည်း သူတပ်အပ်သော



www.burmeseclassic.com

www.burmeseclassic.com



ရှာ မမြင်ရပေမယ့် မြူးကြွနေသော ချစ်ရောင်ခြည်များ ယှက်သမ်းနေသည့်နောက် ဤလှပသော မြို့ကြီးတစ်နေရာတွင် မွေးနှင့်ဖရက် ချစ်သူနှစ်ယောက်ရှိနေကြမည်ကို အတွတ်ကသိ၏။ ယခင်ကုန်ခဲ့သော လဆန်း(၁၄)ရက်နေ့ညများတွင်တော့ အတွတ်သည် ဘယ်တော့မှ အိပ်မပျော်ခဲ့။

အကယ်၍သာ သူတို့ကျောင်းကို သွားကြပြီဆိုလျှင် လဆန်း(၁၄)ရက်ညများတွင် မွေးတစ်ယောက် ဘယ်လိုများ ရှိနေရှာမည်နည်း။ အတွတ်က မွေးအတွက်သနား၏။

ဝါဆိုဦးညများတွင် အဖိတ်နေ့သို့တိုင်လျှင် ဝါးခယ်မဘက်မှအာရုံတော်ဝတ်အသင်း၏ ညဥ့်ဘက်လှည့်လည်၍ ချီချဉ်ခဲဖွယ်များ ခံယူရင်း တီးမှုတ်သွားသော တေးသံများသည် မြစ်ပြင်ကိုဖြတ်၍ မွေးတို့ရှိရာသို့ လွင့်လာခဲ့ပါလျှင် ကိုယ်ထီးကျန်ဖြစ်သော မွေးတစ်ယောက် ရင်နင့်ကာ လွမ်းနေရှာမည်လား။

မြစ်ပြင်ကြီးကမူ ငွေလရောင်အောက်တွင် တသွင်သွင် စီးမြဲစီးနေမည်သာတည်း။ လဝန်းသည်လည်း မှန်မှန်ပင် ပြည့်ကာ တစ်လပြီးတစ်လ ကုန်လွန်မည်သာတည်း။ ယခုလည်း လဝန်းပြည့်သည်နှင့်အမျှ သူတို့ကျောင်းဖွင့်ရက်သည် နီးကပ်လာ၏။ နီးလာသည်နှင့်အမျှ အတွတ်အဖို့ သူချစ်သော မွေး၊ သူချစ်သော မြင်ကွင်းတို့နှင့် ခွဲခွာရမည့် အချိန်သည်လည်း မဝေးတော့ပေ။ အနောက်ဘက်လယ်ကွင်းများထဲတွင် စပါးစေ့များသည် အိပ်ပျော်ရာမှ နိုးကြ၊ နိုးရာမှ နေရောင်ခြည်ကို ပြုံး၍ကြည့်ကြ၏။





သွန်းသွန်းဖြိုးကာ ရွာကျလာကြသော မိုးပန်းမိုးပွင့်တို့ တောအလယ်ဝယ် မြူထည်စိမ်းလေးများနှင့် စပါးစေ့လေးတို့ မြူးပျော်ကြ၏။ အရှေ့မြောက်လေသည် စပါးပင်လေးများပေါ်သို့ နှင်းမှုန်များကြဲလိုက်လျှင်မူ မြူထည်စိမ်းကိုစွန့်၍ အဝါရောင်ဝတ်ရုံကို လဲကြပြန်သည်။

ဆောင်းနှောင်းသို့တိုင်လျှင် စပါးစေ့လေးတို့သည် ငိုက်မျဉ်းကိုင်းညွှတ်ကာ ပတ်ကြားအက်ထဲ၌ နားနေအိပ်စက်ရမည့်အချိန်ကို စောင့်မျှော်နေကြသည်။ ယခုတော့ ထိုမြင်ကွင်းများကို စွန့်၍အတွတ်သည် ကျောင်းသို့သွားရ ပြန်ဦးတော့မည်။ မိုးဦးကျလာချိန်တွင် ရန်ကုန်သို့ ဖရက်တို့သားအဖနှင့်အတူ အတွတ်တို့သားအဖ ထွက်လာခဲ့ကြသည်။ ဝါးခယ်မတွင် ဖရက်၏အဒေါ်ကြီးတစ်ယောက်သာ ဆရာမလုပ်၍ ကျန်ရစ်ခဲ့သည်။ အတွတ်အဖို့ ယယ်ယယ်တုန်းကလိုပင် နွေမှာ အိမ်သို့ပြန်၍ မိုးဦးတွင် ကျောင်းသို့လာခဲ့ရ၏။

တက္ကသိုလ်မှာလည်း ရွှေဘုံသာလမ်း အရေးပေါ်တက္ကသိုလ်မှ အင်းလျားကန်ဘေး တက္ကသိုလ်သို့ ပြောင်းရွှေ့လာခဲ့ရသည်။ တက္ကသိုလ်တွင်မူ ဖရက်က အဆောက်အဦအင်ဂျင်နီယာဘက်လိုက်၍ အတွတ်က ဆရာဝန်ဘက်ကို လိုက်သည်။ ဖရက်သည် နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တိုင်း အတွတ်နှင့်အတူ ပါလာခဲ့၍ တစ်ပတ်ခန့် ဝါးခယ်မတွင် နေပြီးမှ ပြန်သည်။ သုံးနှစ်မြောက် နွေရာသီကျောင်းပိတ်ရက်တွင်မူ ဖရက်သည် အတွတ်နှင့်အတူ ပါမလာတော့ပေ။

အတွတ်သည် ဖရက်ကိုယ်စား ရှည်လျားသော စာများကို



www.burmeseclassic.com

www.burmeseclassic.com



သာ မွေးထံသို့ယူခဲ့၏။ မွေးမှ စိတ်ချမ်းသာပါစေတော့ဟု စာကိုယူလာခဲ့ရသော်လည်း ကိုယ်တိုင်ပေးရသော အခါတိုင်း ရင်ထဲမှာနင့်၍သွား၏။ မွေးကတော့ ချစ်သူထံမှ စာရသောအခါတွင် မျက်နှာလေးမှာ ဝင်းထိန်သွားတော့သည်။

"မွေး ... မင်းကို ချစ်လွန်းလို့ စိတ်မှ ချမ်းသာပါစေတော့လို့ ဒီစာတွေကို ငါ့လက်နဲ့ယူလာခဲ့ရတာ။ ငါဘယ်လောက်ရင်နာမယ်ဆိုတာတော့ မွေးမသိဘူး"

သူသည် ဖရက်ထံမှစာကို မွေးအားပေးရတိုင်း နှုတ်ခမ်းများပင် တလှုပ်လှုပ်ဖြစ်ကာ ဖွင့်၍ပြောလိုက်ချင်သည်။ သို့သော် သူ့ထုံးစံအတိုင်း ပါးစပ်များတွင် စကားလုံးများသည် ပျောက်ကွယ်၍ သွားကြသည်။

ကျောင်းဖွင့် အပြန်ရက်တွင်မူ ကြီးကြီးတင်ထံမှ သူမမျှော်လင့်သော စကားကိုကြားလိုက်ရ၏။

"ဒီတစ်ခါ အတွတ်ကျောင်းပြန်သွားရင် မွေးကို ရန်ကုန်ထည့် ရလိမ့်မယ်"

"ဗျာ"

သူသည် ဝမ်းသာအံ့ဩသလို၊ ရုတ်တရက် အာမေဋိတ်သံထွက်၍သွား၏။

"ဟုတ်တယ်၊ ဟိုမှာ အလုပ်လုပ်ဖို့ မူရာနဲ့ စီစဉ်ပြီးပြီ။ မွေးက မူရာတို့အိမ်ကနေ အလုပ်တက်လိမ့်မယ်"





"ကောင်းတော့ ကောင်းပါတယ်ခင်ဗျာ၊ ပိုကောင်းတာကတော့ သူကျောင်းဆက်နေနိုင်ရင်"

"ဒါကတော့ အတိုင်းထက်အလွန်ပဲ။ ဒါကတော့ မဖြစ်နိုင်သေးဘူး"

ကြီးကြီးတင်က ဒါပဲပြောကာ သူနှင့်စကားစပြတ်သွား၏။

သူသည် အိမ်ကြီးကို ပတ်လည်လှည့်ကာ မွေးကိုရှာရပြန်သည်။

အိမ်ကြီးသည် ခြောက်သွေ့နေ၏။ ပန်းခင်းများမှာလည်း ယခင်ကလောက် စည်စည်ပင်ပင် မရှိတော့ပေ။ ခြေမသန်သော ဘကြီးကို အိမ်ဦးခန်းတွင် တွေ့ရ၍ အစုတ်အပြဲတစ်ပုံကို သီချင်းတကြော်ကြော်နှင့် လက်ချုပ်ချုပ်နေသော မွေးအဖေကိုလည်း ထိုဘကြီးအနားတွင် တွေ့ရပြန်သည်။

သူသည် အနောက်ဆောင်ဘက်သို့ ကူးခဲ့၏။ မီးဖိုထဲတွင် ထမင်းချက်နေသော ဒေါ်အေးကို လှမ်းမြင်ရ၏။ မွေးကိုမူ အနောက်ဆောင်ရှိ စက်ပေါ်၌ ဘော်လီချုပ်နေသည်ကို တွေ့ရသည်။

"မွေး မင်းရန်ကုန် လိုက်ရတော့မယ်ဆို"

မွေးသည် သူ့ကိုမော်ကြည့်ကာ ပြုံးလိုက်၏။ မွေး၏အပြုံးသည် ပေါ့ပေါ့ပါးပါး မရှိလှပေ။

"ဒီလိုဆို မင်းပိုပြီး စိတ်ချမ်းသာမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အတွတ်က စက်ခုံပေါ် လက်ထောက်ကာ ခပ်တိုးတိုးမေးပြန်သည်။

"တကယ်လို့သာ ကျောင်းနေဖို့ ဟန်နဲ့ပန်နဲ့ သွားရင်တော့ ဝမ်းသာစရာပေါ့။ အခုတော့ အလုပ်လုပ်ရမှာ။ ပြီးတော့ မောင်နဲ့လည်း မတွေ့ရဘူးတဲ့။ မေမေက ကတိတောင်းတယ်"

အတွတ်သည် ပါးစပ်ကလေးဟ၍ သွားသည်။

"မောင်"

သူက ထပ်၍ဆိုလိုက်၏။

"ဖရက်ကို ပြောတာပါ"

မွှေးသည်ရှက်ဟန်ဖြင့် ခေါင်းငုံ့သွားရင်း စကားဆက်ပြော၏။

"ဒီမှာက မမအေးတစ်ယောက်တည်း စက်ချုပ်တဲ့ ဝင်ငွေနဲ့ဆိုတော့ သိပ်အဆင်မပြေဘူး။ မွှေးပညာတွေ သင်ထားတာ အိမ်ကို ကူဖို့ အလှည့်ရောက်လာပြီပေါ့"

"အေးကွယ်၊ ပစ္စည်းဆိုတာ သခါရပါပဲ" သူက လူကြီးလေးလို ညည်းလိုက်၏။ နားထဲမှာတော့ "မောင်" ဆိုသောလေသံမှာ ခုန် ကာ ပျံကာရစ်ဝဲ၍နေတော့သည်။

ထိုနေ့က ထမင်းစားပြီးမှ မွှေးတို့အိမ်က ပြန်ခဲ့သည်။ ဘယ်သူနှင့်မှ စကားမပြောတော့ဘဲ သူ့အိပ်ခန်းရှိရာသို့ တောက်လျှောက်တက်လာခဲ့သည်။ အိမ်ခန်းထဲတွင်မူ မေမေ့ကို မမျှော်လင့်ဘဲ သူတွေ့လိုက်ရသည်။





"သား အခုမှ ပြန်လာတာလား။ ထမင်းစားချိန်ကတောင် အခေါ်လွှတ်မလို့၊ သိန်းမေကို ပြောသွားတယ်ဆို မွှေးတို့အိမ်မှာစားမယ်လို့"

"ဟုတ်ကဲ့ မေမေ"

သူသည် ခုတင်ပေါ် အသာလှဲလိုက်၏။

"သားကို မေမေစကားပြောချင်လို့ စောင့်နေတာ"

ထူးထူးဆန်းဆန်း သူ့ကို လူရာသူရာ မေမေကသွင်း၍ စကားပြောချင်သည်ဆိုတော့ သူ့မှာ တအံ့တဩဖြစ်သွားရပြန်သည်။

"သားက ကျောင်းမှာ လူပျိုဖားဖားဖြစ်နေတော့ ရည်းစားတွေဘာတွေများ ရှိလားလို့"

မေမေက သူ့ကို စေ့စေ့ကြည့်ကာမေးလိုက်၏။ သူသည် မဲ့ပြုံး လေးပြုံးလိုက်ကာ . . .

"မရှိပါဘူး မေမေရာ၊ သားဘယ်သူ့ကိုမှ ချစ်လို့မရပါဘူး"

သူက အဓိပ္ပာယ်နှင့် ပြောသည်ကို မေမေနားလည်မည်မဟုတ်၊ မွှေးကလွဲ၍ ဘယ်မိန်းကလေးကိုမှ ချစ်မရသည်ကို သူ့ကိုယ်သူသာ သိပေမည်။

"ဒီလိုဆို မေမေ မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ချင်လို့"

"ဘာ"

အတွတ်သည် မိန်းကလေးတစ်ယောက်ကို ချစ်ရမည်ဆိုသည်ကိုပင် လန့်၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မွေ့တာပဲ၊ သားကို ဇာတ်စုံခင်းရဦးမယ်။ မေမေတို့နှစ်အိမ်ထောင်ဟာ ဘိုးဘွားကစပြီး ဒီနေရာမှာ အခြေစိုက်လာတာ အမျိုးလိုဖြစ်နေပြီ၊ ဒါပေမယ့် တင်တင်ကြီးမှာ အခန့်မသင့်တော့ စီးပွားကလဲပျက်၊ လင့်ရောဂါကလဲ ကုမရတော့ဘူး။ သားကလဲ တော်လှန်ရေးမှာကျသွားတော့ သူ့စီးပွားရေးဟာ တော်တော်ကျပ်သွားတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတွေကိုလည်း ပညာသင်ပေးရသေးတယ်။ ခုတောင် အေးတစ်ယောက်တည်း စက်ချုပ်တဲ့ဝင်ငွေနဲ့ဘယ်ဖြစ်မလဲ။ ဒါကြောင့် မွေးရန်ကုန်အလုပ်သွားလုပ်ရမယ်"

မေမေ့စကားမှာ ဘယ်ကိုရောက်သွားမှန်း အတွတ်မသိပေ၊

"ဒီတော့ သား ဒီဂရီရရင် အေးနဲ့လက်ထပ်ဖို့ အခုထဲက စေ့စပ်ထားရင် မကောင်းဘူးလား။ တို့များဟာ တင်တင်ကြီးအပေါ် သစ္စာရှိရာ ယိုင်းပင်းရာလဲ ကျတာပေါ့"

အတွတ်သည် မမျှော်လင့်သော စကားအတွက် အတန်ကြာ ပင်ငိုင်သွားသည်။

"မေမေ သဘောမတူတာကို သားမယူပါဘူး။ မမအေးကို သားက အစ်မလိုပဲ ချစ်လို့ရတာပါ။ မဖြစ်နိုင်ပါဘူး မေမေရာ"

"လေးလဲ အရွယ်ရောက်ပြီပဲ"

"ဟာ သူကလှလွန်းပါတယ်"

မေမေမှာ သူ့စကားပြန်ပုံကို အံ့ဩသလို၊ ရယ်ချင်သလိုနှင့် ကြည့်နေသည်။





"ဒါဖြင့်သား ..... မွေးကို"

"မွေး ... မွေးကို၊ ဟုတ်လား ..."

အတွတ်သည် အသံမြှင့်၍ပြောပြီးမှ "မွေးကိုချစ်ချင်ပါတယ် မေမေရာ၊ မွေးက သားကို မချစ်ပါဘူး မချစ်ပါဘူး"

သူသည် တစ်ခါတုန်းကလိုပင် ခေါင်းအုံးကို မျက်နှာအပ်ကာ ဝမ်းနည်းပမ်းနည်း မေမေ့ကို အော်ပြောလိုက်၏။

ဘာမှ နားမလည်သော မေမေမှာ သားကိုဆက်မပြောတော့ဘဲ နေရာမှထသွားတော့သည်။

အမှန်တော့ မေမေဆောင်ကြဉ်းသမျှကို ထိုစဉ်က လက်ခံလိုက်ပါလျှင်လည်း မွေးနှင့်လက်ထပ်ဖြစ်နိုင်ပေသေးသည်။ သို့သော် မွေးမချစ်ဘဲနှင့် မွေး၏လင်သားဘဝကိုတော့ အတွတ်က မလိုချင်ပေ၊ မွေးသည် သူချစ်သောသူနှင့်ရကာ စိတ်ချမ်းသာစေချင်သည်။

* * *

သဘော်စက်အရှိန်ကြောင့် ရေပန်းရေဟုန်များမှာ တဖွားဖွားလိုင်းကြကာ သဘော်နောက်တွင် ကျန်ရစ်သည်။ အတွတ်နှင့် မွေးကမူ သဘော် ဝရန်တာမှ မခွာကြသေးပေ၊ လက်တဝှေ့ဝှေ့ တယမ်းယမ်းပြကာ နိမ့်တုံမြင့်တုံဖြစ်နေသော ပွဲပိုင်းမှသမ္ဗန်ကို နှုတ်ဆက်နေသည်။ သမ္ဗန်ပေါ်တွင် မွေးအမေ ဒေါ်တင်တင်ကြီး၊ အတွတ်မေမေ ဒေါ်သောင်းစိန်နှင့် အေးတို့ပါ သူတို့နှစ်ယောက်ကို လက်ပြနေသည်။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းရှိ သူတို့အိမ်ရှေ့တွင်မူ အသံကုန်ဟစ်ကာ ခုန်မတတ်လက်မြှောက်ပြနေသော ဖေဖေ့ကို မွှေးကလှမ်း၍မြင်နေရသည်။

မိုးစင်စင်လင်းပြီမို့ မြင်ကွင်းများသည် ထင်ရှားပြတ်သားလာသော်လည်း သင်္ဘောက တဖြည်းဖြည်း ဝေးကွာလာသောကြောင့် သူတို့အိမ်ကြီးများမှာ မှေးမှုန်ကာ ကျန်ရစ်တော့သည်။ မွှေးသည် ထပ်၍ မြင်ရဦးတော့မလို လည်ဆန့်၍မျှော်ကြည့်၏။ သူမွှေးကတည်းက တစ်ခါမှမျှမခွဲခဲ့သေးသော ချက်မြှုပ်ဇာတိကို ယခုတော့ စွန့်ခွာရပေပြီ။ ကာလမည်မျှ ကြာအောင်များ အပြင်သံသရာတွင် လည်ရဦးမည်မသိ။ မွှေးသည် အလုပ်သမားတစ်ယောက်လို ထွက်ခွာလာခြင်းဖြစ်၍ ကျောင်းသားလို တစ်နှစ်တစ်ခါ ပြန်ရမည်ဆိုသော အတွေးမှာ တွေး၍မဖြစ်ပေ။

"တို့များနှစ်ယောက် မြစ်ကြီးကို စုန်လာခဲ့ပြီနော်"

အတွတ်က မွှေးအနားမှ မခွာသေးဘဲ ပြောပြ၏။

"တို့ဘိုးဘွားတွေက ဒီမြစ်ကမ်းခြေမှာ အခြေစိုက်၊ တို့များက ဒီမြစ်ကမ်းကိုခွာပြီး အခြေသစ်၊ အနေသစ်တွေကို ရှာဦးမယ်နော်"

ယခု အတွတ် ပြောပုံဆိုပုံကတော့ လေးလေးနက်နက်ရှိလာသည်။

အတွတ် မျက်နှာကို စေ့စေ့ပြန်ကြည့်လိုက်၏။ အတွတ်က စကားဆက်ပြောမြဲ ပြောနေသည်။

"ကိုယ်ကျောင်းသွားစကလဲ ဒီလိုပဲ စိတ်တော်တော် ထိခိုက်





တယ်၊ အလုပ်လုပ်ရတယ် ဆိုတာကတော့ သူများစိတ်နဲ့ ကိုယ့်ကိုယ်ကို ချင့်ရတဲ့အခါ ပြန်နိုင်ပါတယ်။ ကျောင်းသားလိုတော့ မလွတ်လပ်ဘူးပေါ့။ စစ်ပြီးခေတ် ဒဏ်တွေပဲ၊ ဒီလိုပဲ တောမြို့က မိန်းကလေးတွေ စစ်ပြီးမှ ရန်ကုန်လာအလုပ်လုပ်ကြတာပဲ"

ဝါးခယ်မမြို့သည် သူတို့မျက်စိအောက်မှ လုံးဝပျောက်ကွယ်သွားတော့သည်။ သင်္ဘောကြီးကမူ မြစ်ကို ဆက်၍စုန်လာခဲ့၏။ မွှေး၏ ရင်ထဲတွင်မူ . . .

"ကြက်ကားတတွေး ဒေါင်းတငေးမျှ မဝေးကြဘူး"

ဟူသော ကဗျာပိုဒ်ကလေးကို သတိရနေသည်။

ရှင်မဟာသီလဝံသ၏ မွေးရပ်မြေကိုချစ်ရသော နှလုံးသားမှ ထွက်လာသည့် ကဗျာစကားလုံးများတည်း။ သူလည်း မွေးရပ်မြေက စွန့်ခွာရသောအခါတွင် ဆွေးဆွေးမြေ့မြေ့နှင့် တမ်းတစရာများပေါ်လာခဲ့၏။ တစ်ဖက်ကလည်း ချစ်သောသူနှင့် နီးရမည်မို့ ဝမ်းပင်သာရမည်လားမသိပေ။ သို့သော်လည်း နီးရမည်ဟူသော စကားလုံးကို မွှေး က ဒီ့ပြမတွေးရဲသောအခါ အသက်ရှူရသည်မှာ တင်းတင်းကျပ်ကျပ်ဖြစ်၍လာလေသည်။

* * *

ဒေါ်လေးမှုရာသည် ဆင်း၍မကြိုသောကြောင့် အတွတ်က ဦးဝိစာရလမ်းအိမ်အထိ လိုက်ပို့ရသည်။ အိမ်ဝတွင် ဒေါ်လေးမှုရာမှာ စောင့်နေဟန် ရှိသော်လည်း မျက်နှာသွင်ပြင်က ပျူပျူငှာငှာမရှိ၊ မင်



www.burmeseclassic.com

www.burmeseclassic.com



အေးအေးပင်တွေ့ရသည်။ အိမ်တွင်းဘက်သို့ ထွန်းမောင်ဆိုသူအား လှမ်းခေါ်လိုက်ကာ မွေး၏ ပစ္စည်းများကို တစ်နေရာသို့ သယ်သွားခိုင်း၏။

ဧည့်ခန်းထဲတွင် မွေးနှင့်အတွတ်တို့ကို ခဏထိုင်ခိုင်းရင်း သူက စကားပြောနေ၏။ အိမ်မှာ နှစ်ထပ်တိုက်အိမ်ဖြစ်၍ ကျယ်ကျယ်ဝန်းဝန်းရှိသည်။ အမှောင်ပျိုးလာ၍ ဧည့်ခန်းတွင် မီးများလင်းလာသည်။

ဒေါ်လေးမူရာက အရင်မတ်တတ်ရပ်ကာ ''ကဲ . . . အတွတ်လည်း ကျောင်းဆောင်သွားရမှာ မိုးချုပ်မယ်၊ မွေးနေရမယ့် အခန်းကို မသိန်းလိုက်ပို့လိမ့်မယ်'' ဟုဆို၏။

အတွတ်နှင့် မွေးသည် မသိန်းဆိုသူ နောက်သို့လိုက်၍ သွားကြ၏။ ဧည့်ခန်းဘေး တံခါးမကြီးမှထွက်ကာ တိုက်နောက်ဘက်ဆီသို့ လျှောက်လာကြသည်။ မီးဖို၏အနောက်တောင်ဘက်တွင် ခြေတံရှည်အိမ်တစ်ခုနှင့် အနောက်မြောက်ဘက်တွင် တန်းလျားတစ်ခုကို တွေ့ရသည်။ မသိန်းသည် ခြေတံရှည်အိမ်ဘက်သို့ ခေါ်သွား၏။ အိမ်အောက်တွင် ကားထားကာ အပေါ်မှာအခန်းနှစ်ခန်းတွေ့ရသည်။

သူတို့သည် မှောင်နေသော လှေကားကို စမ်း၍တက်ရ၏။ လှေကားဆုံးလျှင် လက်ဆွဲမှန်အိမ် ထွန်းထားသော (၁၀၊ ၁၅)ပေခန့် ရှိ အခန်းတစ်ခုထဲတွင် မွေး၏ပစ္စည်းများကို တွေ့ရသည်။

''ဒါဟာ မွေးနေဖို့ အခန်းလား''

''ဟုတ်ပါတယ်၊ မနေ့ကပဲ ကျွန်မတို့ ရှင်းထားတယ်''





အတွတ်သည် မွေး၏မျက်နှာကို လှမ်း၍ကြည့်လိုက်သည်။ မွေးက ခပ်အေးအေးပင် ပြုံး၍ပြလိုက်သည်။ အတွတ်ကတော့ အံကြိတ်လိုက်၊ သက်ပြင်းချလိုက်လုပ်ကာ မွေးပစ္စည်းများကို နေရာချပေးနေသည်။

''အတွတ် မိုးချုပ်ပြီ၊ သွားတော့လေ၊ ကျောင်းပိတ်ရက်တွေကျ လာတာပေါ့''

''အင်း ''

သူသည် လက်ကိုင်အိတ်ကို ကိုင်ကာ လှေကားမှ တစ်လှမ်းချင်းဆင်းသွားတော့၏။

အတွတ်သွားလျှင် မွေးသည် အဝင်တံခါးကို အလုံပိတ်လိုက်၏။ မှန်အိမ်ကို သေတ္တာပေါ်တင်ကာ အိပ်ရာကို ဖြန့်ခင်းလိုက်သည်။ ခေါင်းရင်းပြတင်းကို ဖွင့်လိုက်လျှင် လေအေးများ အခန်းတွင်းသို့ ဝင် လာကြသည်။ သူသည် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်၏။ အသက်ကို ပြင်းပြင်းရှူကြည့်သည်။ အသက်ရှူရသည်မှာ မဝသလို ကျပ်တည်းလှသည်။ အခန်း၏အနံ့က မှိုနံ့ဖြင့် အောက်တောင့်တောင့်ဖြစ်ကာ ထိုင်းမှိုင်းလှသည်။

ဘယ်လိုပင် ဆင်းရဲသည် ဆိုပေမယ့် မေမေ့အိမ်က ကျယ်ပြောလှသည်။ လေက လတ်ဆတ်၍ စပါးနံ့အနံ့ဖြင့် သင်းပျံ့လှပေသည်။

ဪ . . . အမေ၏ အသိုင်းအဝိုင်း၊ အမေ၏ ပတ်ဝန်းကျင်မှ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် ပြင်ပလောကသည် စိတ်မောနွမ်းရိုစရာကောင်းလှသည်တကား။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ဘာအခါသို့ရောက်သည်ကို မွေးသတိပြုလိုက်မိ၏။ နောက်တစ်နေ့မနက်တွင် ကိုထွန်းမောင်၊ မသိန်းတို့က သူ့စားရေးသောက်ရေးအတွက် စီစဉ်ပေးကြသည်။ ဒေါ်လေးမူရာနှင့်တော့ ကြာကြာစကားမပြောဖြစ်ခဲ့ပေ။ ဒေါ်လေးသူဇာသည် လွန်ခဲ့သော ခြောက်လခန့်ကပင် အိမ်က သဘောမတူသူ လူတစ်ယောက်ကိုယူ၍ ဒေါ်လေးမူရာက ပြန်၍မကြည့်တော့ကြောင်း ကိုထွန်းမောင်ထံမှ မွေးသတင်းမေးယူရ၏။

ဒေါ်လေးမူရာ ယောကျ်ားကလည်း မွေးကို တွေ့စဉ်တွင် ဟက် ဟက်ပက်ပက် မရှိလှသောကြောင့် မွေးသည် အိမ်ကြီးဘက်သို့ မသွား တော့ပေ။

ထမင်းစားချိန်တွင်သာ ကိုထွန်းမောင်သည် ချိုင့်တစ်လုံးဆွဲ၍လာပို့၏။ အတွတ်ကို နောက်လဆန်းမှပင် တွေ့ရသည်။ အတွတ် ခဏခဏ လာပေမယ့် မွေးအလုပ်သွားနေ၍ မတွေ့ရခြင်းဖြစ်၏။

ယနေ့တော့ တနင်္ဂနွေနေ့ဖြစ်၍ ဆိုက်ဆိုက်မြိုက်မြိုက် မွေးကို အတွတ်တွေ့ရသည်။ ခုတင်လေးပေါ်တွင် စာတစ်အုပ်ကို မွေးက ခွေခွေကလေး ဖတ်နေရာမှ တံခါးဝတွင် အတွတ်လာရပ်သောအခါ ဝမ်းသာအားရ ဆီး၍ကြိုသည်။ အတွတ်သည် အခန်းပတ်ဝန်းကျင်ကို ကြည့်ရင်း မျက်နှာပျက်သွားသည်။

"မွေးကို အိမ်ပေါ်မှာ ဘာလို့မနေစေတာလဲ"

"မွေး ဘယ်သိမလဲ"

မွေးက အေးအေးပင် ဖြေ၏။ ခုတင်ခြေရင်းဘက်သို့ ရွှေ့





ပေးကာ အတွတ်အတွက် နေရာပေးသည်။ ထိုင်ဦးလေ။ ဖရက်ကို တွေ့ပြီလား။ မွေးဒီရောက်နေတာတော့ သူ့ဆီကို စာကြို့ပေးထားလို့ သိရောပေါ့"

"သိပါတယ်။ ဒီမှာ စာပါလာတယ်"

သူ့အိတ်ထဲမှ စာထုတ်ကာ အတွတ်က မွေးလက်ထဲသို့ ထည့် လိုက်၏။ ခုတင်ခေါင်းရင်းတွင် ထိုင်ရင်း သူ့မျက်နှာမှာ တစ်ခုခုအလို မကျသလို ဖြစ်၍နေပေသည်။

"မဟုတ်သေးရဘူး မွေး။ မင်းတို့အိမ်မှာ သူတို့နေတုန်းကတော့ အိမ်ပေါ်ထပ်မှာ အတူတူစား၊ အတူတူနေ၊ မင်းလာနေတဲ့ အလှည့်ကျတော့ ဒီအစေခံတန်းလျားမှာ၊ ထမင်းစားတော့ကော"

အတွတ်၏ မေးခွန်းကို မွေးက ရုတ်တရက်မဖြေသေးဘဲ ငေး နေ၏။ ဖရက်ထံမှ စာလေးကို တယုတယကိုင်ရာမှ သူမဖြေချင် ဖြေချင်နှင့် ဖြေလိုက်၏။

"ထမင်းဆိုင်မှာ"

"ဟယ် . . . တကယ်ပြောတာလား မွေး"

"ညာစရာ မလိုပါဘူး။ ဆိုင်မှာတော့ သွားမစားရဘူး။ ထမင်းချိုင့် ထွန်းမောင် ယူလာပေးတယ်"

မွေး ဖြေသံသည် တိုး၍ မပွင့်တစ်ပွင့်ဖြစ်သည်။

"မွေး အလုပ်ဝင်လုပ်တာ လခ ဘယ်လောက်ရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရာ့ ငါးဆယ်ကျပ်ရတယ်၊ မေမေ့ဆီ တစ်ရာကျပ် ပို့ပေးတယ်၊ ထမင်းလခက သုံးဆယ့်ငါးကျပ်"

"ကျန်တဲ့ တစ်ဆယ့်ငါးကျပ်က ခရီးစရိတ်လား"

"ရုံးက ပြည်လမ်းမှာ ဆိုတော့ သိပ်မကုန်ပါဘူး"

အတွတ်သည် ခေါင်းကို တွင်တွင်ခါရမ်းလိုက်သည်။

"မဟုတ်သေးပါဘူး မွေးရယ်၊ မွေး ဆင်းရဲလွန်းလှတယ်၊ မွေး ဒီလိုနေတာတွေ ကြီးကြီးတင် သိမှာမဟုတ်ဘူးထင်တယ်၊ ကိုယ် စာရေးလိုက်မယ်"

"မွေးကိုချစ်ရင် မွေးနေထိုင်ရတဲ့ ဒုက္ခတွေ မေမေ မသိပါစေနဲ့အတွတ်ရယ်။ မေမေ့ဘာ မလွှဲသာလို့ မွေးကို ခွဲလွှတ်ရတယ်ဆိုတာ မွေးနားလည်တယ်။ မွေးဒီလိုနေရတာ သိရင် မေမေ ရင်ကွဲမှာပေါ့။ အတွတ် မပြောရဘူး"

အတွတ်သည် ငိုင်၍သွားတော့၏။

"ဒါတွေ အဆန်းမဟုတ်ပါဘူး။ ကိုယ်တို့မြို့က လာပြီးအလုပ်လုပ်ရတဲ့ မိန်းကလေးတွေ ပြည့်လို့ပါကွယ်။ သူတို့လဲ ဒုက္ခရောက်ကြတာပဲ။ အတွတ်ကလည်း ငိုင်မနေပါနဲ့"

"မွေးဒီလို စိစဉ်တယ်။ နောက်လကျရင် မေမေ့အထဲက ငွေနှစ်ဆယ်ယူမယ်။ ရုံးရှေ့က ဆရာမက စာသင်ပေးမယ်တဲ့။ မွေးက ဂျပန်ခေတ်က ဆယ်တန်းဆိုတော့ ရုံးအုပ်က အလုပ်သာခန့်တယ်။ အထင်သေးသလိုပဲ။ ဒီနှစ် မက်ထရစ်အောင်အောင် သင်မယ်"





မွေး၏ ငွေရေးကြေးရေး အခက်အခဲများကို အတွတ်က ကူချင်သည်။ သို့သော် မာနကြီးသော ကောင်မလေးသည် သူ့ထံမှ ငွေအကူအညီကို လက်ခံမည် မဟုတ်သောကြောင့် အတွတ်သည် ပါးစပ်မှ ငွေပေးလိုကြောင်း မထွက်ရက်ပေ။

"စာအုပ်တွေ ဘာတွေ အတွတ် ရှာပေးမယ်နော်။ လိုတာပြော"

မွေးကို မှာခဲ့၍ပြန်သာလာခဲ့ရသည် အတွတ်အဖို့ တစ်လမ်းလုံး စိတ်မကောင်းတော့ပေ။

မွေးသည် အတွတ်ပေးခဲ့သော ဖရက်ထံမှ စာကိုဖွင့်၍ ဖတ်၏။

အချစ်

ရန်ကုန်ကို ပြောင်းလာတယ်ဆိုတော့ မောင်သိပ်ဝမ်းသာတယ်။ ဒါပေမယ့် ခေတ်ပျက်ပြီး ရှုပ်ထွေးနေတဲ့ ရုံးတွေမှာ အချစ် အလုပ်လုပ်ရတာဆိုတော့ မောင်မကြည့်ရက်ဘူး။ တတ်နိုင်ရင် အလုပ်ထွက်ပြီး ပြန်ပါအချစ်ရယ် . . .။ မောင် နှစ်စဉ်မှန်မှန် ဝါးဆယ်မကို ပြန်လာခဲ့မယ်။

မောင်ရဲ့မွေးကို မောင်မမွေးရတာ ကြာခဲ့ပြီကော အချစ်ရယ်။ တွေ့ကြဦးဖို့။

မွေးရဲ့ကိုဖွေး



www.burmeseclassic.com

www.burmeseclassic.com



မွှေးသည် စာဖတ်ရင်း မျက်ရည်များ စို့၍စို့၍လာသည်။ ပြီးတော့ ရှိုက်ကာရှိုက်ကာ ငိုမိသည်။ မျက်ရည်စများကို သိမ်းလိုက်ကာ ကြမ်းပေါ်တွင် ထိုင်လိုက်၏။ စာရေးစက္ကူစာအုပ်ကို သေတ္တာပေါ်မှ ဆွဲယူကာ မောင့်ထံသို့ သူသည် အသေးစိတ် စာရေးလိုက်တော့သည်။

မောင်

စာကို ဖတ်ရတော့ ဝမ်းသာတာနှင့်အမျှ ဝမ်းလဲနည်းမိတယ်၊ ဘဝဟာ မွှေးတို့ထင်သလို စိတ်ကူးယဉ်ကဗျာ မဟုတ်ပေဘူးဆိုတာလည်း မွှေးတော့ ရန်ကုန်ရောက်မှပဲ သိတော့တယ်၊ မောင်က အလုပ် မလုပ်စေချင်သလို မွှေးလည်း မလုပ်ချင်ပါဘူး၊ ဟိုတုန်းက အတွေးတွေကတော့ မိန်းမပီသအောင်နေမယ်။ ကြိုးစားမယ်။ အိမ်ထောင်ထိန်းသိမ်းနိုင်မယ့် အချိန်ကျရင် လက်ထပ်မယ်ပေါ့။ ခုတော့ မွှေးအလုပ် ကြိုးစားလုပ်ရမယ်၊ မိန်းမပီသဖို့တို့၊ ဘာတို့ ဆိုတာတွေကို ခဏမေ့ထားရမယ်။

စစ်အတွင်းတစ်လျှောက်လုံး မွှေးတို့ရဲ့ စီးပွားရေးဟာ ဘာမှ မရှိခဲ့ဘူး၊ စစ်ပြီးတယ်ဆို မွှေးတို့လက်ထဲမှာ အိမ်ကလွဲလို့ အင်္ကျီဝယ် ငွေတောင်တစ်ပြားမှမရှိခဲ့ဘူး၊ အားကိုးရာရယ်လို့ ယောကျ်ားမားမားလည်းမရှိဘူး။ ပြီးတော့ စစ်ပြီးခေတ်မှာ အဆမတန် တက်လာတဲ့ ဈေးနှုန်းတွေက မိသားစုတစ်အိမ်ထောင်မှာ လူစုံတက်စေ့ အလုပ်လုပ်နိုင်မှ ဝလင်တော့မယ့်အခြေဖြစ်နေတယ်။ မောင့်ကိုမွှေး တိတိလင်းလင်းရေးပြဖို့ အချိန်ရောက်နေပြီလို့ ယူဆတယ်။ အခု နေရတာလဲ ပျော်လှတယ်မထင်နဲ့။ မွှေးနေရတဲ့ အခန်းလေးက





အစေခံတန်းလျား၊ စားရတာက ထမင်းဆိုင်က ထမင်းပဲ၊ မောင်ကတော့ထင်မယ်။ ဒီလောက် အခြေပျက်အနေပျက် ဖြစ်ရသလားမိန်းကလေးရယ်လို့ထင်လိမ့်မယ်။ မွှေးကိုမွှေးတောင် ဒီလောက်အပြောင်းအလဲ မြန်လိမ့်မယ်လို့ မထင်ဘူး၊ ဒါပေမယ့် အခြေတွေဘယ်လိုပျက်ပျက် မွှေးစိတ်ကိုတော့ မပျက်အောင် မွှေးအစဉ်ထိန်းမှာပဲ၊ အခြေဆိုတဲ့သဘောကတော့ မွှေးမှ မပိုင်လေပဲဟာ၊

မွှေးလဲ မောင့်ကို တွေ့ချင်ပါတယ်၊ မေမေ့ကိုတော့ မတွေ့ပါဘူးလို့ ကတိပေးခဲ့တယ်။

ခုတော့ စိတ်နောက်နေတဲ့အဖေ၊ အိုမင်းလာတဲ့အမေနဲ့ အရွယ်မရောက်သေးသူ ညီမငယ်များအတွက် မမအေးကို မွှေးကူနေရတာပဲ၊ ဒါပေမယ့် မစ်ထရစ်အောင်အောင် ကြိုးပမ်းလိုက်ပါဦးမယ်၊ အဆင်သင့်ရင် မောင်နဲ့အတူ မွှေးတက္ကသိုလ်မှာ နေနိုင်ဦးမှာပေါ့။

လဆန်း (၁၄)ရက်နေ့တိုင်ရင်သာ တစ်မြေထဲနေပေမယ့် မတွေ့နိုင်တဲ့ မွှေးရဲ့ချစ်သူကို မျှော်မှန်းလိုက်ပါဦးမယ်။

ချမ်းမြေ့ရွှင်လန်းပါစေ၊

မောင်ရဲ့မွှေး

ထိုစာကိုလည်း အတွတ်မှတစ်ဆင့် ဖရက်သို့ပေးခဲ့ရ၏။

နွေရာသီ ကျောင်းပိတ်ရက် နီးချိန်တွင် အတွတ်သည် မွှေးကို လာတွေ့၏၊ စာမေးပွဲရက်များအတွင်းက နှစ်ယောက်လုံး စာကြိုးစား၍ မတွေ့ခဲ့ကြပေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်အပြန်တွင် ဝါးခယ်မကို မှာစရာရှိက မှာရန် အတွက်က သက်သက်လာတွေ့ခြင်း ဖြစ်ပေသည်။

ယခုတစ်ခါ မွှေးကို တွေ့တွေ့ချင်း အတွက်က အံ့ဩသွား၏။ မွှေးသည် အတော်ပင် ပိန်၍ သွားသည်။ မျက်နှာဝိုင်းဝိုင်း မို့မို့လေးမှာ ရှည်သွယ်သွယ် ဖြစ်၍ နေတော့၏။ မျက်နှာကတော့ ခပ်ပြုံးပြုံးဟန်နှင့်ပင် အတွက်ကို ဆီးကြိုနှုတ်ဆက်၏။

"မွှေး ဘာဖြစ်လဲဟင်၊ နေလို့မကောင်းဘူးလား"

တစ်ခါမှ မထိစဖူး မွှေး၏နဖူးကို လက်နှင့်ထိ၍ မေးလိုက်သည်။

"ဝမ်းပျက်နေတယ်၊ အစားမမှန်လို့ ထင်တယ်၊ ဒီနေ့ ဆရာဝန်ဆီက ဝမ်းစစ်တဲ့စာရပြီ ဖတ်ကြည့်ပါဦး"

မွှေးကပေးသောစာကို အတွက်က ဖတ်ကြည့်၏။ ဝမ်းတွင် ဝမ်းကိုက်ပိုးများ ရှိရုံမက ဥပင် တွယ်၍နေပြီ။

"ဝမ်းက သိပ်မကောင်းဘူး၊ အစားအစာကလဲ မသန့်ရင် ဖြစ်တတ်တယ်"

"မသန့်တာကတော့ မပြောနဲ့။ ဟိုတစ်နေ့က ငါးကြော်ခေါင်းထဲမှာ ပိုးတွေ၊ ပြီးတော့လဲ ထမင်းဆိုင်ဆိုတာလဲ ဘယ်သန့်မလဲလေ၊ ဒီလိုပဲပေါ့။ ကျောင်းက မနက်ကနေ စာသင်ပြီး ရုံးဆက်သွားဆိုတော့လဲ မနက်စာ မစားရတာက များတယ်။ ရုံးမှာ ခေါက်ဆွဲ ဝယ်ဝယ်စားတာလဲ ဝမ်းပျက်တယ်ထင်ပါရဲ့"





အတွက်က လျှာထုတ်ခိုင်းကြည့်၏။ မျက်လုံးကို ဖြဲ၍ကြည့်၏။ မွှေးမှာ သွေးအားလည်း အတော်နည်းနေသည်။

"ကိုယ်ဆေးလာပြီး ထိုးပေးမယ်လေ၊ ဒီကရိ မရသေးပေမယ့် နောက်ဆုံးနှစ် ပထမပိုင်းသမားတွေပဲ၊ ဆေးထိုးနိုင်ပါတယ်"

မွှေးသည် သူ့ရောဂါအကြောင်းကို ဆက်၍ပြောချင်ပုံမရပေ၊ ရုတ်တရက် စကားကြောင်း ပြောင်းလိုက်၏။

"နေပေစေတော့ အတွက် ခုဆရာဝန်ကလဲ ဆရာမရဲ့မောင်ပဲ၊ ကဲ . . . သိပ်မဆိုးရိမ်ပါနဲ့။ စာမေးပွဲ ဖြေနိုင်ရဲ့လား"

"မွှေးကော ဖြေနိုင်လား"

"ဖြေနိုင်ပါတယ်"

"ဒေါ်ဒေါ်တင်တို့ဆီ ဘာမှာဦးမှာလဲ"

"သာကြောင်း မာကြောင်းနဲ့ မွှေး စာမေးပွဲ ဖြေထားတာသာ ပြောလိုက်ပါလေ၊ ဖရက်ကိုလဲ မတွေ့ပါဘူးဆိုတာ ပြောလိုက်ပါ"

"ဖရက်ကို တွေ့ချင်လို့လား"

အတွက်က မွှေးကို သနားသလို မေးလိုက်၏။

"တွေ့ချင်တာပေါ့ အတွက်ရယ်၊ ဘယ်လို ပြောပါလိမ့်၊ ဒါပေမယ့် ဖရက်နဲ့ တွေ့တာတွေ သွားတာတွေကို ဒေါ်လေးမှုရာသိရင် မွှေးကို မိန်းမပျက်၊ မိန်းမပေါ့လေးလို့ ထင်မှာပေါ့၊ အတွက်နဲ့တောင် မွှေးသွားလို့လား။ ဖရက်ဆီကို တစ်ပတ်တစ်စောင် စာထည့်ပါတယ်။ ကျောင်းပိတ်တော့မှ သူ့အိမ်ကို ရေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တောင် မတွေ့တာ ကြာသွားပြီ၊ တွေ့ရင်ကော မွှေးရဲ့ ဒုက္ခတွေကို ကိုယ်ပြောလိုက်ရမလား"

"မွှေးကိုယ်တိုင် စာရေးလိုက်ပြီးပြီ"

အတွက်မှာ မွှေးကို ကြည့်ရင်း စိတ်မောလှ၏။ နမြော်သလိုလည်း ဖြစ်သေးသည်။ ဝါးဆယ်မတွင်နေစဉ်က နှင်းစက်နှင့် ပွင့်လာသော ပန်းလေးလို လန်းလန်းဆန်းဆန်း ရွှင်ရွှင်လေးဖြစ်၏။ ယခု မြင်ရသည်မှာ မိုးအဏ်လေဒဏ်ကြားတွင် ပွင့်နေရသော ပန်းလို နွမ်းချွေချွေကြွေ လုလုဖြစ်နေတော့သည်။

* * *

မက်ထရစ်အောင်စာရင်းများ ထွက်ချိန်တွင် မွှေးနာမည်သည် ပါ၍လာခဲ့သည်။ မေမေ့ထံမှလည်း စာရှည်ကြီးတစ်စောင် ရောက်လာ၏။

**သမီးလေး မွှေး**

မနေ့က သတင်းစာထဲမှာ သမီး စာမေးပွဲအောင်တာ တွေ့ရတော့ အိမ်သားတွေ အားလုံးပျော်ကြတယ်။ မေမေဆိုတာ ငိုတော့ မပြောနဲ့တော့ စိတ်လွတ်နေတဲ့သူဆိုတော့ ကွေးနေအောင်ကတာပဲ။ သမီးစိတ်ထဲမှာ ဘာတွေ ဖြစ်နေမလဲဆိုတာ မေမေ အမြဲတွေးလျက်ပါပဲ။

ခုလို စာမေးပွဲအောင်တော့ သမီးလေး ကောလိပ်ဆက်သွားချင်မှာပဲ။ မေမေကလဲ သမီးကို အားပေးချင်ပါတယ်။ မိခင်တစ်ယောက်အနေနဲ့ သမီးလိုချင်သလောက် ပညာမပေးနိုင်လို့ မေမေဟာ တာဝန်မကျေဘူးဆိုတာ သိပါတယ်။





သမီး ရန်ကုန်မှာ ဘယ်လိုနေရတယ် ဆိုတာကိုလဲ သမီး ဘယ်လိုပဲ ဖုံးပေမယ့် မေမေ အားလုံးသိရလို့ တစ်နေ့မှ စိတ်မပျော်ဘူး။

ဒါပေမယ့်သမီး... ဘဝဆိုတာ ဒီလိုပဲ ကံ၊ ကံ၏အကျိုးတရား အကြောင်းတရားဆိုတာကတော့ ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ ဆင်းရဲတာဟာ အပြစ်မဟုတ်ပါဘူး။ တစ်ခုပဲ ဘယ်လိုပဲ ဆင်းရဲပေမယ့် ကိုယ်ကျင့် တရားမပျက်ဘဲ ကြံ့ကြံ့ခံနိုင်ဖို့တော့ သမီး သတ္တိရှိရလိမ့်မယ်။

မေမေ မကြာခင် ရန်ကုန်ပြောင်းနိုင်အောင် ကြိုးစားလျက်ပဲ။ မေမေ့တို့နဲ့အတူနေရတော့ သမီး စိတ်ချမ်းသာမှာပေါ့။

ထမင်းစားဝိုင်းမှာ ဖြစ်ဖြစ်၊ ပရိတ်ရွတ်ချိန်မှာ ဖြစ်ဖြစ် တစ်နေရာလစ်နေတာ တွေ့ရတိုင်း မေမေလဲ မပျော်ဘူး။

သမီး 'သူငယ်' နဲ့ မတွေ့ရတာကိုလဲ မေမေ့ကို သမီး အပြစ်တင်ချင်မှာပဲ၊ ဒါပေမယ့် သမီးရဲ့ ခံစားနေရတဲ့ ဒုက္ခတွေကို ကုန်စင်အောင် သမီးချစ်သူဆီ စာရေးကြည့်ပါ။ ရေးပြီးတော့မှ တွေ့ကြတာပေါ့။

ညတိုင်းတော့ မွှေစကြာ မပြတ်ရွတ်စေချင်တယ်။ သံသရာမှာကျင်လည်သရွေ့ တွေ့ရမယ့် ဒုက္ခတွေက လွတ်မြောက်ရာ အခြေခံတရားကတော့ မွှေစကြာပဲ သမီး။



www.burmeseclassic.com

www.burmeseclassic.com



အတွတ်အပြန်မှာ သမီးစားဖို့ ငါးကြော်နဲ့ ငါးပိကြော်ကို ရောသိ နည်းနည်းပဲထည့်ပြီး ကြော်ပေးလိုက်မယ်။

မိဘလုပ်ကျွေးသူ သမီးကို ဘုရားသခင်ဟာ အစဉ်စောင့်ရှောက်ပါလိမ့်မယ်။

သမီးလေး ချမ်းမြေ့ရွှင်လန်းပါစေ...

မေမေ

မွေးသည် စာရွက်ကို နမ်းလိုက်၏။

"မွေး ဒုက္ခတွေနဲ့ မွေးရဲ့ အခြေအနေအမှန်ကို မောင့်ဆီ စာရေးလိုက်ပြီးပါပြီ မေမေ"

သူသည် တိုးတိုးလေးရွတ်ကာ ပြောလိုက်သည်။

စာပွဲပေါ်တွင်မှ အဆင်သင့် ဖြည့်စွက်ပြီး တက္ကသိုလ်ကျောင်းဝင်ခွင့် လျှောက်လွှာသည် လေတိုက်၍ တဖျတ်ဖျတ် လှုပ်နေသည်။

စာမေးပွဲအောင်ပြီးစဖို့ မွေးသည် အရူးလေးနှင့် တူနေသည်။ မျက်စိထဲ မြင်နေရသည်မှာ တက္ကသိုလ်ဘွဲ့ထူး ပြီးတော့ ဖရက်နှင့် လက်ထပ်ကြမည်။

အမှန်တော့ သူ့အတွေးများသည် သက်တံပေါ်တွင် ဉယျာဉ်တည်သော အဖြစ်ကို မွေးသည် ရုတ်တရက် သတိမရ၊ စာမေးပွဲအောင်သောအချိန်က မွေးစိတ်ကို ဘက်ထရီ အားသွင်းပေးလိုက်သည်နှင့် တူနေသည်။ ဘာပဲဖြစ်ဖြစ် စာဆက်သင်ရန် သူ့လျှောက်လွှာကို သွားတင်





ဖို့ ထွက်လာခဲ့သည်။ ခြံဝတွင် ဒေါ်လေးမူရာနှင့် သွား၍ ဆုံနေလေသည်။ ဒေါ်လေးမူရာသည် အေးစက်စက်ဟန်နှင့်ပင် မွေး အပြင်ထွက်သည်ကို မကြိုက်သလို ကြည့်နေသည်။

"မွေး... ကောလိပ်ကို ခဏသွားဦးမယ်"

မွေးက ကိုယ်ကို အနည်းငယ်ရှိလိုက်ကာ ခွင့်တောင်းလိုက်၏။ ဒေါ်လေးမူရာသည် မွေးစာမေးပွဲအောင်သည်ကို မသိဘာသာ နေဟန်ရှိပေသည်။

"အိုင်အေမှာ ဆက်နေချင်လို့ လျှောက်လွှာသွားတင်မလို့။ ရုံးကခွင့်တစ်ရက် ယူထားတယ်"

မွေးက ဝမ်းသာသလို မရဲသလို အသံတုန်တုန်နှင့် ထပ်၍ ပြောပြန်၏။

"ဘာ...အိုင်အေ ဆက်နေမလို့။ ကိုယ့်ဘဝလဲ ကိုယ်သိဦးလေ။ ကျောင်းတက်နေလို့ အိမ်ကလူတွေ ဘာသွားစားမလဲ။ ဘယ်သူလာထောက်ပံ့ဦးမှာတဲ့လဲ"

ဒေါ်လေးသည် ဒါပဲပြောကာ ပုဏ္ဏရိက် ပန်းရုံဘက်ဆီသို့ ထွက်သွားသည်။ မွေးရင်ထဲတွင် ထင့်ခနဲဖြစ်၍ သွားသည်။ ဒေါ်လေးစကားသည် သတိပေးတာလား ဘဝင်မြင့်သည်ဟု ရှုတ်ချတာလား။ ကိုယ့်ဘဝကိုယ်သိဖို့တော့ လိုသည်။ မွေးက မသိသည်မှ မဟုတ်ဘဲ။ ဒါပေမယ့် ထည့်တော့ စဉ်းစားစရာတွေ အများကြီးပင် ဖြစ်သည်။ သူ ကျောင်းဆက်နေလျှင် ကျောင်းစရိတ်တွေ လိုလာမည်။ အိမ်စရိတ်



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်းလိုလာမည်။ လုလားမမြောက်သေးသည့် ကျောင်းသားတွေကလည်း အိမ်မှာရှိသေးသည်။

မွေးသည် နှုတ်ခမ်းကို ကိုက်လိုက်၏။ အံကို ကြိတ်လိုက်သည်။ သူ့ရင်ကို မတ်မတ်ထားကာ ကားလမ်းဘက်သို့ ခပ်မြန်မြန် ထွက်၍သွားသည်။

"ဘယ်နည်းနှင့်မဆို အိုင်အေကိုတော့ အောင်ရမည်" သူ့ရင်ထဲတွင် ဒါတစ်ခုကို သတ်မှတ်ထားလိုက်တော့သည်။

အင်းစိန်ကားသည် လှည်းတန်းထိပ် အဝိုင်းကြီးတွင် ရပ်လိုက်သည်။ မွေးသည် တက္ကသိုလ်ရိပ်သာလမ်းကိုဖြတ်ကာ ဘွဲ့နှင်းသဘင်လမ်းမပေါ်တွင် ခပ်သွက်သွက် လျှောက်လာသည်။ ရှေ့မှ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးကိုသာ မွေးက အထီးတည်း မြင်နေပေသည်။ သူဘယ်လောက် မြန်မြန်လျှောက်လာသည်မသိ။ ညာဘက်ရှိတက္ကသိုလ်ရုံးအနီးရောက်မှ အတော်လေး မောနေမှန်း သတိရလာသည်။ ဖွန်လနောက်ပိုင်း ရောက်နေ၍ မိုးဦးဆိုသော်လည်း နေရောင်သည် ခပ်ပြင်းပြင်းပူ၍နေပေသည်။ မွေးသည် ရေတမာပင်ရိပ်အောက်ကို ခေတ္တဝင်၍ ရပ်နေသည်။ ရေတမာပင်များသည် ရုံးရှေ့ ဘွဲ့နှင်းသဘင် လမ်းမကြီးတစ်လျှောက် စီ၍ပေါက်နေသည်။

ရုံးခန်းထဲတွင် ကျောင်းသူကျောင်းသားများ၏ အဝင်အထွက်တို့မှာရှုပ်ယှက်ခတ်နေသည်။ သူတို့မျက်နှာလေးများ ရွှင်လန်းတက်ကြွနေပုံမှာ ဆောင်းဦး၏ပွင့်စ၊ ပန်းတို့နှင့် တူလှ၏။ ယဉ်သွေးကြွပြာနှံ စိတ်ပျိုးမျှစ်





ခြင်း၏ အရောင်ပြန်ဟပ်ဟန်တို့မှာ သူတို့မျက်နှာများ၏ အလှများပေပဲ။ ကျောင်းသူများအားလုံးသည် လှပသည် မဆိုသာသော်လည်း လှသရွေ့တော့လှကြသည်။ မလှဘူးဆိုသူတို့ပင် ဝတ်ပုံစားပုံ သပ်ရပ်ကြော့ရှင်းသည်။ နိုင်လွန်ပေါ်စမို့ အသားရောင်လေးတွေမှာ အဝူး လှပစွာနိုင်လွန်သားအောက်မှာ ပေါ်လွင်နေကြပေသည်။

တစ်ဝက်ဖြတ် ဆံပင်ကောက်လေးများကို ဖဲပြားစနှင့် ချည်ထားသည့်ဟန်များမှာလည်း တော်တော်များများလေးပင် ဖြစ်သည်။ ထိုကျောင်းသူတွေထဲမှာ ရေတမာပင်အောက်မှ ရပ်နေသော မွေးကို ကြည့်ရသည်မှာ တောကျိုးကန်းမလေးနှင့် တူနေသည်။ ဘဝ၏ ဒဏ်ချက်များအောက်မှ မျက်နှာဝိုင်းဝိုင်းလေးမှာ ရာသီဥတုဒဏ်ကြောင့် ရင့်ရော်နေသော တံငါသည်၏ မျက်နှာနှင့် တူနေသည်။ မွေးအင်္ကျီသည် ပင်နီဖျင်မဟုတ်၊ ပိတ်အင်္ကျီ ဖြစ်သည်။ မွေးသည် နိုင်လွန်ပေါ်နေသည်ကို သိပေမယ့် ပေါ်စတစ်ကိုက် လေးဆယ့်ငါးကျပ်ကို ဝယ်၍မဝတ်နိုင်သေးပေ။ သူ့သရက်ထည် ထဘီတိုတိုအောက်မှ ခြေမျက်စိ ပြည့်ပြည့်လေးသာပေါ်နေသည်။ နဖူးမှချွေးကို လျှောက်လွှာစာရွက်နှင့် ခပ်ရင်း မွေးသည် လျှောက်လွှာတင်သင့် မတင်သင့်ကို စဉ်းစား၍နေပေသည်။ သက်ကြီး တက္ကသိုလ်ရှိသည် ဆိုပေမယ့် မွေးတက်ဖို့နေရာဝေးလှသည်။ မွေးရှေ့တွင် ကားများသည် တစ်စီးပြီး တစ်စီး ရပ်လိုက်၊ ထွက်လိုက်၊ ဖြတ်၍သွားလိုက်နှင့် ရှုပ်ယှက်ခပ်နေပေသည်။

မွေးလိုချင်သည်က ဆရာဝန်အတတ်ဖြစ်၏။ ကျောင်းမတက်ဘဲ လက်တွေ့ ဆင်းစရာတွေနှင့် စာမေးပွဲအောင်ဖို့ ခဲယဉ်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မွှေးနှုတ်မှ ရွှေးများ စို့လာပြန်သည်။ အင်းလျားရေပြင်ဖက်ဆီမှ တစ်ချက်တစ်ချက်လေအေးများ တိုက်ခတ်လာလျှင် မွှေးရင်ထဲတွင် အေး၍သွားပြန်သည်။

ခုနေများ မောင်တစ်ယောက် ဘယ်ဆီတွင် ရှိနေမည်လဲဟုလည်း သူ့စိတ်ကူးနှင့်သူ မျှော်၍ ကြည့်နေသည်။

စတေးရှင်ဝက်ဂွန်းကားညိုတစ်စီးမှာ မွှေး၏ ရှေ့တည့်တည့် လမ်းပေါ်တွင် ထိုးရပ်လိုက်သည်။ ကားမောင်းသူသည် မွှေးကို စေ့စေ့ကြည့်နေသည်။

"မောင် . . ."

မွှေးက လေသံလေးထွက်ကာ တိုးတိုးလေး ခေါ်လိုက်မိသည်။ မွှေးမျက်နှာ ဝင်းထိန်၍သွားသည်။ ကားမောင်းလာသူသည် ဖရက်ပေပဲ။ ဖရက်သည်မွှေးကို စေ့စေ့ကြည့်ပြီးမှ ဆင်းရန်ဖွင့်အံ့ဆဲဆဲ ကားတံခါးကို ပြန်ပိတ်ကာ ကားစက်ပြန်နှိုး၍ မောင်းထွက်သွားလေတော့သည်။

လျှပ်ပြက်သလို မြန်ဆန်သော အချိန်အတွင်းတွင် ဒက်ဒက်နှင့် ဖြစ်လိုက်သည်မှာ တရားမှတ်သလို ဘာမျှ မကြာလိုက်။ ကားသည် မွှေးမျက်စိအောက်တွင် ပျောက်၍သွားသည်။ မွှေးကိုယ်တိုင်လည်း ဘာအဓိပ္ပာယ်မှ နားမလည်လိုက်။ ပြီးတော့မှ အသက်မှန်မှန် ပြန်ရှူရသည်။ ဝေ့လာသော မျက်ရည်ကို ပြန်ထိန်းလိုက်ရသည်။ ရေတာမာပင်ကို အား ပြုကာ လက်တစ်ဖက်နှင့် မြဲမြဲဆုပ်၍ ထားလိုက်ရသည်။ လက်ထဲမှ လျှောက်လွှာစာရွက်ကို မွှေးက အစိတ်စိတ်အမြွှာမြွှာဖြဲ၍ မြက်ခင်းပေါ်





ကြဲပစ်လိုက်သည်။ မျက်စိထဲတွင် ဘွဲ့နှင်းသဘင်ခန်းမသည် ဟင်းလင်းပွင့်ကာ မြေပြင်လွင်တီးခေါင်ကိုသာ မြင်လိုက်တော့သည်။

သူသည် အားလုံးကို ကျောခိုင်းလိုက်၏။ ဘွဲ့နှင်းသဘင်လမ်းမကြီးတစ်လျှောက် လျှောက်ကာ ကားဂိတ်ဆီသို့ ထွက်လာခဲ့သည်။ လမ်း လျှောက်သည်မှာ ပြေးလုလု ဖြစ်အောင်ပင် မြန်လှ၏။

ကျောင်းကြီးပျော်တို့၏ ကားပုံစံ အမျိုးမျိုးများသည် မွှေးအနားမှသီကာ ပွတ်ကာဖြတ်၍ ဖြတ်၍ မောင်းသွားကြသည်။

မွှေးသည် ခြေထောက်ကို လှမ်းရသည်မှာ အားယူမနေရသလို ပင်ပန်းလှ၏။ ယခုပင် စက်ကိုင်းဆောင် ရှေ့သို့ရောက်စ ရှိပေသေးသည်။

"ထွေပြား . . . သစ္စာဆိုသူ မေတ္တာညို့မှ ငြီးငြိုထင့်လေး . . သွေလျားယစ်ခွာ သစ္စာဆိုသူ ရှိပြီထင့်လေး . . ."

စက်ကိုင်းဆောင်ပေါ်မှ ကျောင်းမသွားဘဲ ကျန်ရစ်ဟန်ရှိသော ကျောင်းကြီးပျော် တစ်ယောက်၏ သူ့အတွေးနှင့် သူဟစ်လိုက်သော သီချင်းသံမှာ မွှေးနှလုံးသားကို ဆုပ်၍ချေသလို ဖြစ်သွားသည်။ မွှေးသည် ဤကျောင်းဆောင်ရှေ့မှ တစ်ဟုန်ထိုး ဖြတ်ပြေးသွားလိုက်ချင်သည်။ ဝေ့လာသော မျက်ရည်က ပြည့်၍ပြည့်၍ လာသောကြောင့် လက်ကိုင်ပဝါဖြူနှင့် ခဏခဏတို့ရသေးသည်။

ဘွဲ့နှင်းသဘင် လမ်းမကြီးဆုံးလျှင် ညာကွေ့ကာ အင်းစိန်ဘတ်စ်ရှိရာသို့ အမြန်သွား၏။ မှတ်တိုင်တွင် အဆင်သင့်တွေ့ရသော ကားတစ်စီးပေါ် ပြေးတက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှ အပြေးအလွှား လိုက်လာသော အတွတ်ကိုပင် သူ မတွေ့။ သတိမထားမိတော့ပေ။ တက္ကသိုလ်၏ အသိုင်းအဝိုင်း အလုအပတို့သည် မွေးအတွက် သုသာန်တစပြင်သာတည်း။

အတွတ်က မမီလိုက်တော့သဖြင့် ကားဆိပ်တွင် မောလှန်း၍ ထိုင်ချလိုက်၏။ ကျောင်းသားတချို့က သူ့ကို ဝိုင်းကြည့်၏။ ဘယ်သူ ကြည့်ကြည့် သူ့မျက်လုံးများမှာ မြက်ခင်းပေါ်တွင်သာ ပုံကျနေတော့ သည်။ ဖြစ်ပုံကလည်း ပြောမပြောချင်တော့။ မွေး ရေစားပင်အောက် မှာရပ်နေပုံ၊ ဖရက် ကားထိုးရပ်ပြီးမှ ထွက်သွားပုံတို့ကို သူအားလုံးမြင် လိုက်သည်။ မွေးစာရွက်များ ဆုတ်ဖြဲ၍ ထွက်အသွား အပြေးအလွှား လိုက်မည်အလုပ်တွင်မှ ဆရာတစ်ယောက်နှင့်တွေ့၍ ကြွေနိုင်ရပ်ကာ စကားပြောနေရသေးသည်။

ယခုတော့ မွေးကို မမီလိုက်တော့ပေ။ ယခုတစ်ကြိမ်လည်း နောက်ကျ ရပြန်သည်တကား။

ဒီလိုအဖြစ်တွေ တစ်နေ့နေ့ ဖြစ်လာမည်ကို အတွတ်က သိပြီး ဖြစ်သည်။ သူသည် ဖရက်အကြောင်း မွေးကို ပြောပြရန် နှုတ်လေး သည်။

ဖရက်က အင်းလျားရေပြင်တွင် "လှေကလေးကို လှော်မည်" ဖတ်ထုပ်ကို ဒေါရိုအောင်ကြီး စတယ်လ်လာ၊ အေမီတို့နှင့် ခင်းကျင်းခဲ့ သည်မှာ တတိယနှစ် အင်ဂျင်နီယာ သင်တန်းတက်ကတည်းကပင်





ဖြစ်သည်။ မွေး၏ဖရက်သည် အရင်လို ရိုးရိုးအေးအေး မဟုတ်တော့ သည်ကို အတွတ်က ဘယ်လိုမှ ပြောမထွက်တော့ပေ။

တကယ်တော့ ဖရက်သည် အုံ့ပုန်းလေးပါတကား။

သူ့ရှေ့တွင် ကားတစ်စီး ရပ်ပြန်သည်။ ကားမောင်းသူမှာ ဖရက်ဖြစ်သည်။ သူငယ်ချင်းတစ်ယောက်ကို ကားဆိပ်သို့ လာပို့ဟန် ရှိသည်။ သူသည် ဖရက်ရှိရာသို့ ထပြေးသွား၏။ ဖရက်က သူ့ကို တအံ့တဩ ကြည့်နေသည်။

"မွေး... မွေးကို မင်းတွေ့လိုက်လား..."

ဖရက်သည် မဖြေသေးဘဲ ကြောင်ပြီး ကြည့်နေပြီးမှ ခေါင်းခါ လိုက်၏။

"ပြောင်လိမ်တဲ့ကောင်ကွာ... စေ့စေ့ကြည့် ဆင်းမယ်လုပ် ပြီးမှ ကားမောင်းထွက်သွားတာ ငါမြင်တယ်"

"အခု အတွတ် ဘယ်သွားမလို့လဲ... ကိုယ်လိုက်ပို့မယ်"

ဖရက်က အသံတုန်တုန်နှင့် မျက်နှာပျက်သွားကာပြော၏။

"မပိုနဲ့ အေမီ့ကို သွားတင်ပါကွာ၊ ငါတော့ မွေးဆီသွားမယ်၊ မွေးစိတ်ချမ်းသာအောင် အားပေးရမယ်၊ ခုတော့ မင်းပြောခဲ့တဲ့စကားတွေ မင်းမေ့ပြီပေါ့၊ အချစ်စစ်၊ အချစ်မှန်ဆိုတာ ဘယ်လို အခက်အခဲတွေ၊ ဖြားယောင်းမှုတွေ တွေ့ပေမယ့် ကျောက်တိုင် ကျောက်စိုင်လို ခိုင်ခိုင်မြဲ မြဲ ရှိရမတဲ့။ ထွီ...ရေ...ရေ...ရေလိုအကောင်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒေါသအလွန် ထွက်လာကာ အော်ပစ်လိုက်၏။ ဖရော်မျက်နှာသည် ဖြူပြာပြာဖြစ်၍ ကျန်ရစ်သည်။ သူကတော့ နောက်လာသော အင်္ဂလိပ်ဘတ်စ်ကားပေါ်သို့ ပြေးတက်သွားတော့သည်။

* * *

နောက်ပိုင်းတွင် မွေးကို ကြည့်ရသည်မှာ မြေမျက်နှာပြင်၏ သွင်ပြင်ဟန် ပေါက်လာသည်။ သူ့နှလုံးသားသည် ရင့်ကျက်လာသည်နှင့်အမျှ သူ့မျက်နှာသည်လည်း တည်ငြိမ်၍ လာခဲ့လေသည်။ တစ်ခါတစ်ရံသာ နှလုံးသားတွင် နာကြည်းခံခက်သော ဒဏ်ရာကို သူ့မျက်လုံး၏ အရိပ်အယောင်တို့မှ တစ်စွန်းတစ်စ မြင်ခဲ့ရ၏။

မွေးသည် ကလေးမဟုတ်တော့ပြီပဲ နှစ်ဆယ်ကျော်ဆိုသည်မှာအတွေးအခေါ်တို့ အနည်ထိုင်စ ပြုလာသောအချိန်ဖြစ်၏။ ဟိုတုန်းကတော့ မွေး၏နှလုံးသားပြင်တို့သည် ရေမျက်နှာပြင်လို လေညင်းတိုက်ခတ်ရုံမျှနှင့်ပင် လှိုင်းဂယက်ထကာ လှုပ်ရှားခဲ့၏။ တည်ငြိမ်မှုကို မရနိုင်ခဲ့။ ခုတော့ မြေမျက်နှာပြင်လို သူသည် ကြံ့ကြံ့ခံနိုင်သော စွမ်းရည်တို့ရခဲ့ပြီး တော်ရုံတန်ရုံ လေမုန်တိုင်း ဆင်ရုံလောက်နှင့်တော့ မွေး၏အသည်းနှလုံးတို့သည် တုန်လှုပ်တော့မည် မဟုတ်ပေ။

မွေးထံသို့ ရောက်လေတိုင်း အတွတ်က အားငယ်နေမည်လားဝမ်းနည်းကြေကွဲနေမည်လားဟု စိုးရိမ်၏။ သို့သော် ကျန်းမာရေးယုတ်လျော့သည်ကလွဲ၍ မွေးသည် သူထင်သလောက်မဆိုးခဲ့။ စာဖို၍ကြည့်နေသည်ကိုသာ တွေ့ရသောအခါ အတွတ်မှာ စိတ်သက်သာ၍လာသည်။ မွေးဖတ်ရန် ရာဇဝင်နှင့် အင်္ဂလိပ်ကဗျာ စာအုပ်များကို





ရှာဖွေပေးပို့ခဲ့၏။ အဝတ်အစားနှင့် ပတ်သက်၍မူ မွေးနေ့လက်ဆောင်ကိုပင် မွေးက အတွတ်ထံမှ လက်မခံခဲ့ပေ။

မွေးအိုင်အေ အထက်တန်းကိုပင် မက်ထရစ်အောင်ပြီး လေးနှစ်ကြာမှ ဖြေဆိုရသည်။ ထိုစာမေးပွဲနီးချိန်တွင်ပင် အတွတ်သည် သတင်းတစ်ခုပြော၍ပြ၏။ သူ့စိတ်ထဲတွင် မွေးသည် ထိုသတင်းကို ကြားရသောအခါ ဆောက်တည်ရာမရ တုန်လှုပ်ရှာလိမ့်မည်ဟု ထင်သော်လည်း မွေးက သူထင်သလို လှုပ်လှုပ်ရှားရှား မဖြစ်။

''ဘယ်သူနဲ့လဲ. . . '' ဟုသာ အေးအေးဆေးဆေးသာပြန်မေး၏။

''မေမြို့က အေမိနဲ့၊ သူတို့ စေ့စပ်ပြီးတာ မကြာသေးဘူး။ ရေအပတ်ထဲ ဖရော် လန်ဒန်မှာ ဆက်သင်ပြီး ဒီဂရီယူမယ်၊ လင်တာရာ Laugh Borough တက္ကသိုလ်မှာ ထင်တယ်. . .''

မွေးက ပြုံးပင် ပြုံးလိုက်သေး၏။ ''စေ့စပ်တာကို သတင်းစာထဲထည့်ရောပေါ့။ အခုလို သူ့ရည်မှန်းချက်အတိုင်း နိုင်ငံခြားမှာ ဒီဂရီယူနိုင်တာကိုပဲ ဝမ်းသာပါတယ်. . .''

အတွတ်သည် မွေး စကားပြန်ပြောနေသည်ကို နားထောင်စဉ် စိတ်ထဲကတော့ ဒေါ်တင်တင်ကြီးကို သတိရနေသည်။ ''အခြေခံချင်းမတူတဲ့ ဂဏန်းနှစ်ခုဟာ . . . ဘယ်တော့မှ ပေါင်းလို့မရဘူး'' အတွတ်သည် သက်ပြင်းချလိုက်၏။ ထိုအမျိုးသမီးတွင် ဒိဗ္ဗစက္ခုများရှိလေသလား။ မွေးသည် အတွတ်ရှေ့မှာပင် နေရာမှထကာ သေတ္တာတစ်ခုကိုထုတ်လိုက်ပြန်သည်။ ယွန်းသေတ္တာထဲမှာမူ စာရွက်များတစ်ထပ်ကြီးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာတွေ ဖတ်မလား။ မောင်က မွေးဆီ ပေးတဲ့စာတွေလေ။ ဒါတွေက သူ့ဓာတ်ပုံတွေ"

မွေးသည် ဓာတ်ပုံလေးများကို သူ့လက်ထဲသို့ ထည့်လိုက်သောအခါ အတွတ်ရင်ထဲတွင် တုန်တုန်ယင်ယင်ဖြစ်သွား၏။ လက်ဆန့်ကာ ဓာတ်ပုံလေးများကို ယူကြည့်လိုက်သည်။ ဓာတ်ပုံနောက်ကျောတွင် 'မောင်မှအချစ်သို့' ဟု စာတန်းလေးများ ရေးထားလေသည်။ ဖရက်သည် ဓာတ်ပုံထဲတွင် ပြုံးပြုံးအေးအေးလေးဖြစ်၏။ အားလုံးလိုပင် တစ်ပိုင်းပုံများဖြစ်၍ တစ်ပုံမှာ ဆေးတံကိုက်၍ထားသည်။ အတွတ်က ဆေးတံကိုခဲကာ မဲ့တရှိပြုံးနေသော ဖရက်ရုပ်ကို တအံ့တသြကြည့်နေသည်။

"အဲဒီ နောက်ဆုံးပုံပေးတော့ မောင့်စိတ်တွေဟာ သိပ်မဟန်တော့ပါဘူး...။ တန်ဆောင်တိုင်ပွဲတွေမှာ ကျောင်းသူတွေနဲ့ တွဲနေပြီဆိုတာ မွေးကြားသားပဲ။ ဆန်းတော့ မဆန်းပါဘူးလေ။ ဆင်းရဲဒုက္ခရောက်လာတယ်ဆိုရင် အသက်ပေးချစ်ပါတယ်ဆိုတဲ့ လူတွေလဲ အဝေးကိုရွှာပြေးကြတာပဲပေါ့"

"အခု ဒီစာတွေ ဘာလုပ်မလဲ မီးရှို့မလို့လား"

အတွတ်က မွေးလက်ထဲမှ စာများကိုကြည့်ကာ မေးလိုက်၏။ မွေးက ထပ်၍ပင် ရယ်လိုက်သေးကာ...

"မွေးက မိန်းမပေမယ့် မိန်းမ မဆန်ပါဘူး" ဟု ပြောလိုက်၏။

"မောင့်ဆီက စာလာတယ်။ မွေးစာတွေလဲ သူအားလုံး မီးရှို့





ပစ်လိုက်ပြီတဲ့။ သူ့စာတွေလဲ မီးရှို့ပစ်လိုက်ပါတဲ့။ မွေး ဒါမျိုး မလုပ်တတ်ပါဘူး အတွတ်ရယ်၊ ချစ်တုန်းကတော့ 'ချစ်လှချည်ရဲ့' နဲ့ အမျိုးမျိုး ပွဲ့နွဲ့ခွဲပြီး မုန်းမှမုန်းသလိုလုပ်ကြတာဟာ စိတ်နုလွန်းပါတယ်။ မွေး အသက်ရှိနေသရွေ့ သူ့စာတွေ၊ သူ့ဓာတ်ပုံတွေကို ရှိရှိသေသေသိမ်းထားမှာပဲ။ တစ်နေ့နေ့ သူ့လက်ထဲ ကောင်းကောင်းမွန်မွန် ပြန်အပ်ခဲ့မှာပါ။ ခုမှပဲ နားလည်တော့တယ် အတွတ်ရေ ... လောကကြီးမှာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတာထက် အရေးကြီးတဲ့ လူမှုရေး စားဝတ်နေရေးတွေက တစ်ပုံကြီးပဲဆိုတာ..."

မွေးက အရှည်ကြီး ဆက်ပြောပြန်သည်။

"အမှန်တော့ တွေးကြည့်ကြပြန်ရင်လဲ ငယ်ငယ်ရွယ်ရွယ် ၃၀ မကျော်ခင် ချစ်ကြတယ်ဆိုတဲ့ စိတ်တွေဟာ များသောအားဖြင့် အတွေး အခေါ် ဆင်ခြင်စိတ်တွေ သိပ်မပါလှပါဘူး။ emotional ခေါ်မှာပေါ့။ ရူးရူးမူးမူး စိတ်လှုပ်ရှားတုန်း ခဏလှိုင်းကြသလိုဖြစ်လာတာကို။ ဒါပေမယ့်သည်း အဲဒါက မေ့မရအောင် စိတ်ထဲမှာ စွဲတဲ့သူတွေအဖို့ကျတော့လဲ တစ်သက်လုံး နှလုံးသားမှာ ပါသွားတော့တာပဲ"

"အင်းပေါ့၊ ရည်းစားလိုချစ်တာထက် မြတ်နိုးတဲ့စိတ်နဲ့ ချစ်သူတွေအဖို့ကျတော့ ပိုဆိုးတာပေါ့ မွေးဘယ်တော့ အို...ဘယ်တော့မှမေ့မရဘူး"

အတွတ်သည် ယခုအခါ အဓိပ္ပာယ်အများကြီးနှင့် မွေးကို ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ၁၅၀၀ နဲ့ ချစ်တဲ့သူတွေ ပြတ်လွယ်ပေမယ့် မိတ်ဟမောင်နှမချစ်တွေဟာ ဘယ်လိုပဲ စိတ်နာအောင်လုပ်လုပ် မပြတ်နိုင်တာပေါ့"

အတွတ်ဆိုလိုသည့် အဓိပ္ပာယ်ကို နားလည်လေသလား။ မလည်သလား။ အမှုအရာ မွှေးက မပြသော်လည်း စာရွက်များကိုမူ တစ်ရွက်ပြီးတစ်ရွက်လှန်၍ ကြည့်နေရာမှ မိန်းမကြီးတစ်ယောက် ဟန်ပန်မျိုးနှင့် ပြောနေ၏။ အတွတ်က ဓာတ်ပုံများကို မွှေးလက်ထဲ ပြန်၍ ထည့်လိုက်၏။ မွှေးသည် (၁၀-၁၀-၄၅) နေ့စွဲနှင့် စာတစ်စောင်ကို လက်ထောက်ပြလိုက်၏။

"ဒီစာထဲမှာပေါ့၊ မောင်နဲ့အချစ် စေ့စပ်ပြီး နိုင်ငံခြားမှာ ဒီဂရီ သွားယူမယ်လို့ သူရေးခဲ့တာလေ"

အတွတ်သည် မွှေး ထောက်ပြသည်ကို အသာလှမ်း၍ ကြည့်လိုက်၏။

"မေမေသာသိရင် မေမေ အစက မပြောဘူးလား သမီးလို့ မွှေးကို မေးမှာပဲ"

"ကြီးကြီးတင်ကို ဘာမှ မပြောပါနဲ့၊ အမှန်တော့ မင်းတို့နှစ်ယောက် မညားတာကို ကြီးကြီးတင်က သဘောကျပါတယ်၊ ဒါနဲ့ ကိုယ် တို့မေမေလဲ ဒီပြောင်းလာတော့မယ်၊ ဟိုမှာ ကေအင်ဒီအိုတွေ လှုပ်လာတာ သိပ်မဟန်ဘူးတဲ့၊ ပြီးတော့ မင်းတို့အိမ်မှာ ကြီးဒေါ်ခင်လဲ ဆုံးသွားပြီဆို"





"ဟုတ်တယ်၊ မေမေ့အတွက်လဲ ကမာရွတ်ဘက်မှာ အိမ်လေး တစ်လုံး တစ်နေ့က မွှေး သွားကြည့်တယ်။ ခြေမသန်တဲ့ ဘကြီးလဲ သူ့သမီးများလာခေါ်လို့ မေမေ့မှာ ဏာဝန်လွတ်သွားပြီ မွှေးငှားထားတဲ့ အိမ်က အိမ်ဆိုရုံပဲ၊ အောက်ခင်းက အုတ်ခဲတွေ စီထားတယ်။ ဝင်းလေး တော့ ကျယ်သားပဲ၊ တစ်လ ၅၀၊ ရေမရ၊ မီးမရဘူး"

"အေးကွယ်၊ အဲဒီမှာနေရလို့ ကြီးကြီးတင် စိတ်ဆင်းရဲမလား"

"မေမေ့စာထဲမှာက သားသမီး တကွဲတပြားနဲ့ နေရတာဟာ စိတ်အဆင်းရဲဆုံးပဲတဲ့။ မွှေးအဖို့လဲ မေမေနဲ့ ခွဲနေရတာဟာ သိပ်ပြီး ဟာတာပဲ"

အတွတ်သည် မွှေးမျက်နှာလေးကို စေ့စေ့ကြည့်ပြန်သည်။ ရေခဲရေအေးမြသည်ဆိုသည်မှာ တကယ်တော့ စမ်းရေယဉ်၏ အအေး ဓာတ်မမှီနိုင်ပါကလားဟု တရားကျနေ၏။ ယခုတော့ အအေးဆုံးသော မေမေ့ ရင်ခွင်မှတစ်ပါး မွှေးသည် နိဝင်နားနေစရာ မရတော့ပေ။

မွှေးအခန်းဝသို့ လ,ရောင်ရောက်လာမှ အတွတ်သည် မွှေးကို နှုတ်ဆက်ကာပြန်ခဲ့၏။ ဒေါ်လေးမူရာတို့၏ ခြံကြီးကို ဖြတ်လျှောက်စဉ်တွင် လ,ရောင်သည် မြသစ်ရွက်များပေါ်တွင် တောက်ပ၍နေပေသည်။ အတွတ်သည် လ,ဝန်းကို မော်ကြည့်လိုက်၏။ ထင်းရှူးရွက်များတို့ အများတွင် မပြည့်သေးသော လ,ဝန်းကို မြင်လိုက်သည်၊ နက်ဖြန်သည် လဆန်း ၁၄ ရက်နေ့ဖြစ်သည်။ လ,မင်း၏ ရောင်ခြည်များ သစ်ရွက်နှင့် ပန်းပွင့်လေးများပေါ်တွင် လူးလာလှုပ်ရှားနေသည်ကို ဤခြံကျယ်ကြီးထဲ ၌မြင်ရသော မွှေးအဖို့တစ်ကိုယ်တည်း အားငယ်၍များ နေရှာမည်လား။



www.burmeseclassic.com

www.burmeseclassic.com



သူသည် နောက်ဆုံး စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်၏။ နောက်နှစ် ဒီဂရီရပြီးလျှင် မေမေ့ကို ဖွင့်ပြော၍ မွေးနှင့် စေ့စပ်လိုက်မည်။ ပြီးတော့သူလိုချင်သော သီးသန့်လိုင်းဖြစ်သည့် အဆုတ်နာကုသနည်း၊ အဆုတ်ကိုခွဲကုသပုံတို့ကို နိုင်ငံခြားသို့ သွားရောက်သင်မည်။ မွေးက သဘောတူညီခဲ့ပါလျှင် လက်ထပ်၍ မွေးကိုပါ တစ်ပါတည်းခေါ်သွားမည်။

အတွတ်၏ ခြေထောက်များသည် ပေါ့ပေါ့သွက်သွက်လေး ဖြစ်လာ၏။ နှုတ်ခမ်းဖျားမှ ဝလေအေးလေးဖြင့် လေချွန်ကာ သူ့မျက်နှာ၏အပြုံးသည်လည်း ကောင်းကင်မှလမင်းနှင့်ပြိုင်၍ ကြည်လင်နေသည် တကား။

* * *

သောင်းကျန်းမှုများ မြန်မာတစ်ပြည်လုံး လှုပ်ရှားနေချိန်တွင် ဖရက်သည် လန်ဒန်ရောက်ကာ အတွတ်အတွက်လည်း စာကြည့်မပျက်ပေ။ အင်းစိန်ကေအင်ဒီအိုများ လက်ထဲကျနေချိန် ခေတ္တသာ ကျောင်းပိတ်ထား၍ ကျောင်းတက်ရက်ပျက်ခဲ့၏။

အတွတ်၏အမေက ဝင်ဒါလမ်းသို့ ပြောင်းလာ၍ မွေးမေမေကလည်း မွေးငှားထားသော ကမာရွတ်အိမ်လေးတွင် လာ၍နေသည်။ မွေးသည် မိသားစု သိုက်သိုက်ဝန်းဝန်းနှင့်နေရ၍ သူ့ကျန်းမာရေးမှာ ပို၍ ကောင်းလာပုံရသော်လည်း မေမေက ခဏခဏ ဖျားတတ်၏။

တက္ကသိုလ်၏ မရန်းပင်ပျိုကိုင်းများတွင် ဥညသံဝေလာသည်





နှင့်တစ်ပြိုင်နက် ကျောင်းစာသင်တန်းများသည်လည်း ရပ်နား၍ စာမေးပွဲများ စတင်စစ်ဆေးစ ပြုလာလေသည်။

မွေးသည် အိုင်အေ အထက်တန်းအတွက် နောက်ဆုံးဘာသာကို ကျကျနန ဖြေဆိုခဲ့သည်။

စာမေးပွဲခန်းမှ ထွက်ချိန်တွင် နေပူရှိန် ပြင်းပြနေသလောက် နွေရူးလေများသည်လည်း ထန်လျက်ရှိသည်။ သူသည် ကမာရွတ်ဘက်ကို ခြေလျင်လျှောက်ရန် ဘွဲ့နှင်းသဘင်ခန်းမနောက်ဘက်ကို ထွက်ကာ အင်းလျားကန်ဘေးလမ်းတွင် တစ်ယောက်တည်း လျှောက်လာသည်။ ရပ်ထားသော ဂျစ်ကားစိမ်းတစ်စီးကို ဖြတ်လိုက်လျှင်ပင် 'ကျွန်တော်ကို ခွင့်ပြုပါခင်ဗျာ' ဟူသော အသံကိုကြားလိုက်ရ၍ မွေး၏ခြေများတုံ့ကာ ခေတ္တရပ်လိုက်သည်။ သူ့ရှေ့တွင် သူတစ်ခါမှမမြင်ဘူးသည့် လူတစ်ယောက် မတ်တတ်ရပ်နေသည်။ ထိုသူမှာ အရပ်ခပ်မြင့်မြင့်နှင့် ပခုံးကျယ်သလောက် ရင်ကိုချီထား၏။ နဖူးမှာကျယ်ပြန့်၍ နာတံပေါ်သော်လည်း သူ့မျက်နှာသည် ပြေပြစ်လှပသောရုပ်မဟုတ်ပေ။ ခံ့သည်ဆိုရုံသာ ပြောနိုင်သော ရုပ်ကြမ်းမျိုးဖြစ်၏။ မွေးမျက်နှာမှာ တည်ငြိမ်အောင်ထားသော်လည်း စိတ်ထဲကမူ ထိတ်၍နေပေသည်။

"ကျွန်တော် ခုလို အနှောင့်အယှက်ပေးရတာ အများကြီး ဝမ်းနည်းပါတယ်။ ရုတ်တရက် ကြုံတော့လဲ လွဲသွားမှာစိုးလို့ ကမန်းကတန်း နှုတ်ဆက်ရတာပါ။ ကျွန်တော့်ကို မွေးသိမှာ မဟုတ်ပါဘူး။ မွေး ကိုတော့ ကျွန်တော်သိတာ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်လောက်ကပဲ"

မွေးသည် ရုတ်တရက် ကြောင်တက်တက် ဖြစ်နေ၏။ ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်မှာ သိမ်သိမ်မွေ့မွေ့ ရှိ၍ ကြောက်စိတ် အနည်းငယ်ပြေ၍ လာသည်။

"ကျွန်မကို သိတယ်"

"ဟုတ်ကဲ့ ကျွန်တော့် အထင်ပြောရရင် မွှေး မက်ထရစ် အောင်ပြီးစကပေါ့။ ဟိုရေတာမာပင်အောက်မှာ စာရွက်တွေ ဆုတ်ဖြဲပြီး ထွက်သွားတုန်းကလေ"

မွှေးမျက်နှာတွင် ရှက်ရောင်များ သမ်းလာ၍ နီရဲသွားတော့သည်။

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်ရိုင်းသွားသလား"

မွှေးသည် ကူကြွေပြုန်ဆည်လိုက်၏။

"အဲဒီတုန်းက မွှေးကို မြင်တယ်လား"

"မြင်ပါတယ်။ ကျွန်တော်က အတွက်နားမှာ မွှေးကို တော်တော်စောစောက ကျွန်တော် တွေ့နေတယ်။ ဒါပေမယ့် ကျွန်တော် တစ်ခါမှမသိဘူးအဲဟာ။ စာရွက်တွေဆုတ်ပြီး ထွက်သွားတော့မှ ကျွန်တော့် စိတ်ထဲထူးထူးဆန်းဆန်းဖြစ်ပြီး ကျန်ရစ်တယ်။ အဲဒီနေ့က မွှေးနဲ့အတွက် မတွေ့ဘူးလား"

ထိုသူ့ ပြောဟန်များသည် မိတ်ဟောင်းဆွေဟောင်းများ လိုရင်းနှီးလှပေသည်။

"တွေ့ပါတယ်"

"အဲဒီနေ့ညဘက် အတွက် အခန်းကူးပြီး မွှေးရဲ့ သတင်း





ကိုမေးကြည့်ရတာပဲ၊ ဒါကြောင့် ကျွန်တော်ဟာ မွှေးကို တစ်ဖက်လောက် တော့သိနေတာပေါ့။ နောက်ပိုင်းတော့ ခွင့်မသာခဲ့ဘူး။ အမ်ဘီဘီအက်စ် မလိုက်ဖြစ်ဘဲ စစ်ထဲဝင်သွားခဲ့တယ်၊ ခုခွင့်ရတာနဲ့ စာကြည့်ပြီး ရှိုးရှိုး ဘီအေလာဖြေတာ"

"ဟုတ်ကဲ့ ... မွှေးကို ခုလို ဂရုပြုတယ်ဆိုတာ သိပ်ဝမ်းသာ တာပါပဲ၊ နောက်တွေ့ကြသေးတာပေါ့"

"ပြီးတော့ . . ."

ဆက်လက် လမ်းလျှောက်ရန် ဟန်ပြင်နေသော ခြေလှမ်းမှာ ထိုသူ၏ 'ပြီးတော့' ကြောင့်ရပ်၍ သွားတော့သည်။

"ပြီးတော့ ကျွန်တော် စစ်ထဲမှာ ဝါးခယ်မက ဆာဂျင်လေးတွေ၊ စစ်သားလေးတွေဆီက မွှေးရဲ့သတင်းအကြောင်းစုံတွေကိုလဲ စုံစမ်းခဲ့ပါတယ်။ ဒါကြောင့် လူချင်းမရင်းနှီးပေမယ့် မွှေးကိုတော့ ကျွန်တော့် စိတ်ထဲက တော်တော်သိနေပါပြီ၊ ခုမွှေးကို ကျွန်တော် လိုက်ပို့နိုင်ပါသလား"

မွှေးက ပြုံးကာ ခေါင်းခါပြလိုက်၏။ ပါးစပ်မှ "ကျေးဇူးတင်ပါတယ်"ဟုသာ ဖြေလိုက်သည်။

"ကျွန်တော့်နာမည်ကတော့ မောင်မောင်နိုင်လို့ ခေါ်ပါတယ်၊ အတွက်နဲ့ တွေ့တဲ့အခါ မေးကြည့်ပါ"

"ဟုတ်ကဲ့၊ မွှေးကို သွားခွင့်ပြုပါဦး"

မွှေးသည် ဒီတစ်ခါတော့ ခွင့်တောင်းကာ ခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ့အပါးမှ ခွာခဲ့တော့သည်။ ရင်ထဲတွင် ကြောက်စိတ်ပြေသွားသော်လည်း သူနှင့်တစ်ခါဖူးမျှ မတွေ့ဘူးဘဲ သူ့အပေါ်စိတ်ဝင်စားနေသော လူတစ် ယောက်အတွက် အံ့သြ၍နေတော့သည်။

အိမ်ရောက်လျှင် ချွေးသီးချွေးပေါက်ကျကာ မော၍နေပေသည်။ အတွတ်က သူ့ကို ဆီးကြို၏။

"စာမေးပွဲ ဖြေနိုင်လားမွေး၊ ကြီးကြီးတင် နေမကောင်းဘူးဆိုလို့ ကိုယ်လာကြည့်တာ"

"ဖြေနိုင်ပါတယ်၊ ထူးထူးဆန်းဆန်းတွေ့ခဲ့လို့ အတွတ်ကို မေးမလို့"

မွေးသည် လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်ကာ အတွတ် အနားမှာ လာထိုင်၏။

"အတွတ်မှာ မောင်မောင်နိုင်ဆိုတဲ့မိတ်ဆွေ ရှိလား"

အတွတ်က ခဏ စဉ်းစားနေ၏။

"ရှိတာပေါ့ ကိုကိုနိုင်ကြီးလေ၊ သူ့ကိုကိုယ်တို့ကတော့ ကိုကိုနိုင်လို့ခေါ်တယ်၊ အစက တစ်ခန်းတည်း အတူတူပဲ၊ သူက တစ်နှစ် စီနီယာပိုကျတယ်။ သောင်းကျန်းသူတွေ ထလာတော့ ကျုပ်မနေနိုင်တော့ဘူးဆိုပြီး ကျောင်းကထွက်သွားတယ်၊ စစ်တပ်ထဲမှာအခုဗိုလ်မှူးဖြစ်ပြီဆိုလားပဲ၊ အဲဒါ ဘာဖြစ်လို့လဲ"

"မွေးနဲ့တွေ့ခဲ့တယ်၊ သူက မွေးကို ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်တာ၊ မွေးကလဲ တစ်ခါမှမသိတော့ ကြောင်နေတာပေါ့"





"သိမှာပေါ့၊ အတွတ်က စကားဆုံမိတိုင်း မွေးရဲ့အကြောင်းကို ခဏခဏ ပြောနေမိတာကိုး၊ ခုမှသတိထားမိတာ၊ ရေတမာပင်အောက်မှာ မွေးစာရွက်ဆုတ်ပစ်နေတော့ သူကအနားမှာပဲ၊ လူက လူတော်ပါပဲ၊ တစ်ဦးတည်းသား၊ အမေပဲရှိတယ်။ အမေကလဲ လိုလေသေးမရှိ သူ့ဆန္ဒလိုက်ပါတယ်၊ ကွန်မြူနစ်သဘောတရားရေးဆရာ ကိုအောင်ဒိုးကြီးနဲ့ တစ်ခန်းတည်းပေါ့၊ သူတို့နှစ်ယောက် ဘယ်လောက် ထူးဆန်းလဲဆို၊ ကိုကိုနိုင်ကျတော့ သမထဆရာ"

မွေးက အတွတ်ပြောသည်ကို ရယ်ချင်လာပုံရ၏။

"အဟုတ်ပြောတာ၊ ဆေးကောလိပ်ရောက်တဲ့နှစ်ကဆို သူ့အခန်းထဲမှာ တစ်ခါတစ်ခါ သမထထိုင်နေတာပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အဲဒီတုန်းက တိုင်းပြည် အတိဒုက္ခ ရောက်နေတဲ့အခါ ကျောင်းစာသင်ခန်း ကို စွန့်ပြီးဝင်ဆောင်ရွက်တဲ့ ကျောင်းသားတော်တော်များများ စိတ်ဓာတ် ကိုတော့ ချီးကျူးစရာပဲ။ ကြီးကြီးတင်ပြောတဲ့ ကိုယ်ကျိုးမငဲ့တဲ့ စိတ်ဆို တာဒါမျိုးထင်ပါရဲ့"

မွေးသည် သူစ၍ မေးသော မေးခွန်းကို ဖြေနေသော အတွတ်၏ စကားကို ဆက်လက် နားထောင်လိုဟန် မရှိတော့သလို လက်ထဲမှ ဖြေဆိုခဲ့ပြီး မေးခွန်းလွှာကို ပြန်၍ နေတော့သည်။ သူဖြေဆိုခဲ့သည့် အဖြေများ မှန်မမှန် အတွတ်ကို ပြန်၍ မေးနေတော့၏။

ပြီးတော့မှ ကြီးကြီးတင် အိပ်နေရာသို့ သူတို့နှစ်ယောက် ဝင်လာကြသည်။ ကြီးကြီးတင်သည် အိပ်ရာပေါ်မှာ လှဲနေရှာ၍ပျင်းရိ နေပုံရပေသည်။ မျက်နှာမှာဖြူလျော်၍ အတော်ပင် ပိန်ကျနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနပဲ ကြီးကြီးတင်ကို အတွတ် ဆေးထိုးပေးခဲ့တယ်။ တစ်နေ့ နွားနို့လေးဆယ်သားနဲ့ ကြက်ဥ နှစ်လုံးတော့ မှန်မှန်တိုက်ရင် ကောင်းမယ် မှေး"

မှေးသည် မေမေ့လက်များကို ဆုပ်နယ်လိုက်၏။ မေမေ့မျက်နှာသည် နှစ်သိမ့်ခြင်းဖြင့် ပြုံးယောင်ယောင် ဖြစ်နေသည်။

"မေမေ့ရောဂါက နားရင် ပျောက်လွယ်တာပဲ ဘာမှ မပူပါနဲ့ မေမေရာ၊ မှေးလခလဲ နှစ်ရာ့ငါးဆယ်တောင် ရလာပြီပဲ။ မေမေ မြန်မြန်ကျန်းမာလာမှာ၊ ဆရာဝန်တစ်ယောက်လုံး အနားမှာရှိနေတာပဲ။ ဆေးဖိုးလဲ မပူနဲ့တော့"

မှေးက အတွတ်၏မျက်နှာကို လှမ်းကြည့်၍ ပျော်ပျော်ရွှင်ရွှင် ပြောလိုက်သောအခါ အတွတ်စိတ်ထဲတွင် အနာဂတ်ကို တွေး၍ ကြည်နူးလိုက်မိပေသည်။

မမအေးသည် ကြက်ဥနှင့် နွားနို့ပေါင်းပြီးသား ထည့်၍ ထားသော ပန်းကန်ကို ဇန်းငယ်တွင်ထည့်ကာ ယူလာသည်။

"မှေးရောက်နေတာတောင် မမအေး မသိဘူး။ မီလေးနဲ့ မီထွေး လဲ မက်ထရစ်ဖြေနိုင်လို့တဲ့ ရှင်နေတာပဲ"

"သူတို့ကတောင် မှေးထက် ဒီဂရီ စောဦးမယ်၊ မှေးက ပြတ်တောင်း ပြတ်တောင်းနဲ့ ဖြေရတာ"

မေမေသည် မှေးမျက်နှာကို ကွက်ခနဲ လှမ်းကြည့်လိုက်သောကြောင့် မှေးစိတ်ထဲတွင် ထင့်၍သွားပြန်သည်။ မေမေက ထထိုင်၍





မမအေးလက်ထဲမှ ပန်းကန်ကို လှမ်းယူလိုက်၏။ မမအေးက မပေးဘဲ မေမေ့ကို ဖွန်းနှင့်ခပ်ကာ ကလေးငယ်လို ကျွေး၍နေသည်။

အတွတ်နှင့် မှေးသည်လည်း အပြင်သို့ ခဏထွက်လာကြသည်။

"မင်းကလဲ ကျောင်းမနေရတာတွေ၊ စာမေးပွဲ မဖြေဖြစ်တာတွေ၊ ရုတ်ခနဲ မပြောပါနဲ့ကွာ၊ ကြီးကြီးတင် စိတ်မကောင်းပါဘူး"

"အေးကွယ်၊ မှေး နောက်သတိထားပါ့မယ်"

"ဒီနေ့ ဓာတ်မှန် result ရော တဲ့တွေးစစ်စာရောရခဲ့ပြီ၊ ကြီးကြီးတင်ရောဂါက တော်တော်ကျွမ်းနေပြီ၊ တကယ်လို့ ဆေးရုံမှာ နားပြီး တစ်နှစ်လောက်ကြာလို့ ညာဘက်အဆုတ်ကောင်းသွားရင် ဘယ်ဘက်ကို ခွဲစိတ်ပြီး ထုတ်ပစ်ကသရင်တော့ ကောင်းမယ်တဲ့။ ဒါက ဒေါက်တာသန်းအောင်ပေးတဲ့ အကြံဉာဏ်ပဲ ကိုယ်လဲ သူ့ယူဆပုံကို သဘောကျပါတယ်"

မှေးက နားထောင်ရင်း ခွေနှန်းနှန်း ဖြစ်သွား၏။ ဒီရောဂါမှာ ကြီးကျယ်ခမ်းနားရုံမက ရှည်လျားစွာ အနားယူခြင်း၊ အဖိုးတန် အားရှိသော အစားအစာများကို ကြိုက်ကြိုက် မကြိုက်ကြိုက် စားနေခြင်းမှာ လူနာများအတွက် စိတ်မောစရာ ဖြစ်သည်ကို မှေးက နားလည်ပြီး ဖြစ်၏။

"ဆေးရုံမှာ နားတာတော့ ပိုပြီး ကောင်းတာပဲ၊ ဒါပေမယ့် ရန်ကုန်ဆေးရုံကြီးရဲ့ အဆုတ်နာ အခန်းအကြောင်းကို အတွတ် သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အတွတ်က ခေါင်းညိတ်လိုက်၏။

"နေရာ . . . နေရာဟာ သိပ်လိုတာပဲ တော်ရုံလူနာဟာ ဒီအခန်းတက်တာနဲ့ အချင်းချင်းပြန်ကူးမှာတောင် စိုးရပေါ့ယ်၊ ပြီးတော့လဲ ခုတင်တစ်ခုရဖို့ဟာ မလွယ်ဘူး"

အတွတ်က စိတ်ပျက်စွာ ပြောပြ၏။

"အေးကွယ် ပိုက်ဆံခန်းကို မွှေးကြိုးစားမယ်၊ မေမေ သဘောတူရင်တင်ရအောင်"

"ဒါကလဲ မွှေးစဉ်းစားကြည့်၊ အထူးခန်း တစ်ခုလုံးမှ ဒေါက်တာသန်းအောင်က နှစ်ခုတင်ပဲရတယ်၊ တီဘီလူနာတစ်ယောက် တစ်ခါနားရင် ခြောက်လကနေ တစ်နှစ်အထိ ကြာတယ်၊ နောက်တစ်ယောက်တက်ဖို့ ဘယ်လောက် စောင့်ရမလဲဆိုတာ စဉ်းစားကြည့်ပေတော့၊ ကိုယ်တီဘီရိုးရိုးအခန်းဘက်ကျတုန်းက တော်တော်စိတ်မချမ်းမြေ့စရာတွေ တွေ့ခဲ့ရတာပဲ၊ နားချင်တယ်ထားဦး၊ နေရာမရှိလို့ ပြန်လွှတ်ခဲ့ရတာတွေ လာပြတုန်းအချိန်က အချိန်မီရောဂါအခြေအနေက မဆိုးသေးပေမယ့် နေရာကြောင့် ပြန်သွားရပြီး ပြန်လာတော့ ရောဂါလွန်နေတာတွေဟာ တော်တော်စိတ်မချမ်းမြေ့စရာပဲ၊ ဒေါက်တာတွေအနေနဲ့လဲ ဆေးနဲ့ကုသနည်းသာ တတ်နိုင်တာကိုး၊ အခန်းပြဿနာ၊ ခုတင်ပြဿနာကို သူတို့သိပ်ခေါင်းခဲတာပဲ"

"ဒီလိုဆို မေမေ့ကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"အတွတ်လဲ ဒေါက်တာသန်းအောင်ကို တိုင်ပင်ကြည့်မှာပါ။





ခုဒီခြံက လေကောင်းလေသန့်ရသားပဲ၊ ဒီမှာ နားနိုင်ပါတယ်။ မွှေးတို့ကိုယ်ကိုလဲ ဂရုစိုက်ပေါ့။ သောက်ရေခွက် စားခွက်မရောဘဲ သီးခြားထား၊ ကိုယ်လဲ ဆေးမှန်မှန်လာထိုးမယ်။ ဒေါက်တာသန်းအောင်က အခန်းအားတဲ့အခါ အကြောင်းကြားမယ်တဲ့။ ဒီတော့မှ အထူးခန်းတင်တာပေါ့၊ အထူးခန်းမှာဆို ကြီးကြီးတင်လဲ စိတ်ချမ်းသာမယ်၊ ရိုးရိုးအခန်းက လူနာအချင်းချင်း မြင်ရတာနဲ့ စိတ်မချမ်းမသာဖြစ်ပြီး ရောဂါတိုးမှာ"

မွှေးသည် ခေါင်းငုံ့ကာ နားထောင်ပြီ နားထောင်နေ၏။

"ကဲ . . . ကိုယ်ပြန်ဦးမယ်၊ ကိုကိုနိုင့်ကို တွေ့တဲ့အခါ အတွတ် ခေါ်လာခဲ့ဦးမယ်"

မွှေးက ခေါင်းတစ်ချက်ညိတ်ပြကာ ကျန်ရစ်တော့သည်။

* * *

ကိုကိုနိုင် ခွင့်ရက်မစေ့၍ မပြန်သေးခင် အတွတ်သည် နှစ်ကြိမ်လောက် ကိုကိုနိုင်ကို မွှေးတို့အိမ်သို့ ခေါ်လာခဲ့သည်။ နောက်ပိုင်းတွင် ကိုကိုနိုင်သည် သူတစ်ယောက်တည်း ခဏခဏသွား၏။ မွှေးတို့မိသားစုကို တွေ့တွေ့ချင်းပင် မိတ်ဆွေဟောင်းများလို ရင်းရင်းနှီးနှီးဆက်ဆံသည်။ တစ်ခါတစ်ရံ မျက်နှာပြုံးလိုက်ပိုလိုက်နှင့် ကွေးနေအောင်ကနေသော မွှေးအဖေကြီးနှင့်ပင် ခြံထောင့်၌ စကားလက်ဆုံကျအောင် ပြော၍ နေတတ်ပေသေးသည်။

နောက်ဆုံး ပြန်ခါနီး တစ်ခေါက်တွင်မူ ကြီးကြီးတင်၏ အိပ်ခန်းထဲ၌ ရောဂါအကြောင်းများ၊ သူ့စစ်တပ်အကြောင်းများကို ပြော၍ပြ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကြီးကြီးတင်ကလည်း တော်လှန်ရေးအကြောင်း၊ သူ့သားအကြောင်းကို ပြန်လည်ပြောရင်း သူတို့ရင်းနှီးပုံများမှာ အံ့သြစရာလို ဖြစ်၍လာတော့သည်။

သူတို့နှစ်ယောက် ပြန်ချိန်တွင်မူ မွေးသည် ခြံဝသို့လိုက်၍ ပို့၏။ ကိုကိုနိုင်က သူ့ကားကို မောင်း၍ထွက်သွားသည်အထိ မွေးကို လက်ဝှေ့ယမ်းကာ နှုတ်ဆက်လိုက်သေးသည်။

"မွေးလဲ တော်တော်ပိန်တယ်အတွတ်။ ကျန်းမာရေးဂရုစိုက်နိုင်းပါဦးဗျာ"

ကိုကိုနိုင်က ကားမောင်းရင်း အတွတ်ကို ပြော၏။

"ဒဏ်ကလည်း ပြင်းတယ် ကိုကိုနိုင်၊ ရန်ကုန်မှာ ငွေရှာရတယ်။ ကျောင်းကလဲ တစ်ဘက်တက်နေရတယ်ဆိုတော့ လွယ်တာမဟုတ်ဘူး၊ ညနေ ရုံးဆင်းချိန်ကျရင်လဲ သတင်းစာတိုက်တစ်ခုမှာ အလုပ်သင်ပြီး ဝင်ကူနေတယ် ကြားတယ်။ အဲဒီက သူ့ငွေပိုလေးဘာလေးရသတဲ့။ Editorial အဖွဲ့ထဲတောင် ပါသလိုလိုပဲ၊ မွေးကခေါင်းကလဲမာ၊ ဘယ်သူ့အကူမှလဲ လက်မခံဘူး၊ ပြီးတော့ တီဘီလူမမာတစ်ယောက် အိမ်ရှိနေတယ်ဆိုရင် ငွေကတော့ ဒလဟောပဲ၊ သူများမိန်းကလေး ဘဝကို စကြတယ်ဆိုတာက သူညကစရတာ၊ မွေးကာ သူညမှာ နောက်ကအနုတ်လက္ခဏာ ပါသေးတယ်။

"အေး . . . ကျွန်တော်တော့ မွေးကို ဘာသဘောကျမှန်းမသိဘူး၊ သိပ်သဘောကျတာပဲ။ သူ့ပုံစံဟန်ပန်က စစ်သားလိုပြောရ





ရင်မာတယ်၊ သွက်တယ်၊ ထက်ပုံရတယ်ဗျ၊ မျက်လုံးကရော အတွေးအခေါ်နဲ့ စွမ်းရည်အတော်ရှိတဲ့ မျက်လုံးမျိုး"

အတွတ်ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာပြန်သည်။ ယခုရင်ခုန်သံသည် လွန်ခဲ့သော ခုနစ်နှစ်ကျော် ရှစ်နှစ်လောက်က ရင်ခုန်သံနှင့်ထပ်တူထပ်မျှပါတကား၊ ဘုရား . . . ဘုရား လွန်ခဲ့သော ရှစ်နှစ်လောက်က မွေးတို့အိမ်သို့ ဖရက်ကို သူပင်ခေါ်လာခဲ့သည် မဟုတ်ပါလော၊

"စကားပြောပုံကလဲ မရှင်းဘူးလား၊ မပြတ်သားဘူးလားဗျာ၊ ကျွန်တော်သာ မွေးနဲ့ စကားပြောနေရင် ဘယ်တော့မှ ငြီးငွေ့မယ် မထင်ဘူး"

ကိုကိုနိုင့်စကားသံသည် ကားမောင်းရင်း လေတိုးသံကြောင့် မကြားပါရစေနှင့်ဟု အတွတ်က ဆုတောင်းမိ၏။ သို့သော် စကားသံများမှာ ပိုမို၍ပင် ပြတ်သားစွာ ကြားနေရပေသည်။

ကိုကိုနိုင်သည် နောက်နှစ်ရက်တွင်ပင် ပြင်ဦးလွင်သို့ ပြန်သွားခဲ့ပေသည်။

ဧပြီလ၏ နောက်ဆုံးပတ်သို့တိုင်လျှင် စာမေးပွဲ အောင်စာရင်းများထွက်လာခဲ့သည်။ မွေးတို့ညီအစ်မသုံးယောက်လုံး စာမေးပွဲအောင်မြင်ကြသည်။ အတွတ်သည်လည်း အမ်ဘီဘီအက်စ် ဒီဂရီရ၍ ကိုကိုနိုင်လည်း ဘီအေအောင်၍ သွားတော့သည်။

အတွတ်က သူကိုယ်တိုင်အောင်သည်ထက် မွေးအောင်သည်ကို ပျော်ရွှင်ကျေနပ်၍မဆုံးပေ၊ သူ့အတွက်မူ လန်ဒန်သို့ ဆင့်လက်



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်သွားဖို့ စီစဉ်နေသည်။ ဒီကြားအချိန်တွင် မွေးနှင့် မေမေ့ကို သူဘယ်လို ဖွင့်ပြောရပါ့။ အလိုလိုသာ မွေးသည် သူ့စိတ်ကို သိတတ်ပါလျှင် မည်မျှအဆင်ပြေမလဲဟု စိတ်ကူးကလည်း ယဉ်ပေသေးသည်။ မွေးက လက်ခံသည်ဆိုမှလည်း မေမေ့ကို ပြောချင်သည်။ မေမေကတော့ ပင်ကိုက ပေးစားချင်ချင်မို့ မွေးတို့မေမေကို နားဖောက်ဖို့ အများကြီး လွယ်သည်။ မွေးကများ ခေါင်းခါလိုက်ပါလျှင် သူရင်ကျိုးရချည်ရဲ့။ တစ်ယောက်တည်း မတွေးနိုင် မအန်နိုင်နှင့် နိုင်ငံခြားသို့ ထွက်ခွာရမည့် အချိန်မှာ တဖြည်းဖြည်းနီးလာတော့သည်။

ကြီးကြီးတင်ကို သွားကြည့်ရသည့် ညနေတိုင်း မွေးမျက်နှာကို သာ ပန်းပွင့်အလှ ကြည့်သလိုကြည့်၍ပြန်ခဲ့၏။ သူ့ရင်ထဲတွင် ဘာတွေ ဖြစ်နေသည်ကို စာထဲတွင် ချရေးလို့မရ၊ ပါးစပ်ကလည်း ဘယ်က စပြောရမည်ကိုတွေး၍ မတတ်ပေ။

တစ်ညနေကများ မိုးတွင်းဖြစ်၍ စံပယ်ပန်းများ လှိုင်လှိုင်ဖူး ၍နေချိန်ဖြစ်သည်။ အေးမှတစ်ပါး ကျန်ညီအစ်မ သုံးယောက်မှာ စံပယ် ဖူးများကိုခူး၍ ဇန်းခုံးလေးများထဲတွင် ထည့်နေကြသည်။ သူသည် ကြီးကြီးတင်ကို ဆေးထိုးပြီး အိမ်အထွက်ကာ မတ်တတ်ရပ်နေသည်။ မွေးတို့ဆီသို့ မျှော်ကြည့်ရင်း စိတ်ကအလိုလို မောနေသည်။ ဤခေတ် တွင် သူ့လိုနှုတ်နှေးသူ သူငယ်တစ်ယောက်ရှိနေသေးသည်ဆိုလျှင် မည် သူကမျှ ယုံမည်မဟုတ်ပေ။

နေ့လယ်က မိုးစိမ့်စိမ့် ရွာထားသောကြောင့် မြေမှာသိပ်နေ သည်။ ညနေ နေသာပုံလေးသည် ရှင်ကြည်ကြည်နှင့် လေကလည်း





အေးမြမြတိုက်လာသည်။ မွေးအနားသို့သွားရန်ဆုံးဖြတ်လိုက်၏။ ဘာပဲ ဖြစ်ဖြစ် မွေးကိုလက်ထပ်ပြီး လံဒန်ကို တစ်ပါတည်းခေါ်သွားမည့် အကြောင်းကို သူသည် ဘာစကားမျှ ပလ္လင်မခံဘဲ ပြောရန်ထွက်သွား တော့သည်။

မွေးရှေ့ရောက်လျှင် မွေးသည် လက်ထဲမှ ပန်းပွင့်တချို့ကို သူ့ကိုလှမ်းပေးလိုက်၏။

"မိုးဇရတီ သွားပေမယ့် ပန်းကလေးတွေက မွေးတုန်းပဲ အတွတ်ရယ်"

အတွတ်သည် ဘာမှမပြော။ မွေးကိုကြောင်၍ ကြည့်နေ သည်။ နှုတ်ခမ်းများ လှုပ်ရန်အားယူပြီးမှ . . .

"ကြီးကြီးတင်ဟာ မိုးအေးလို့ ထင်တယ်၊ ရောဂါတိုးနေ တယ်" ဟု ပြောချလိုက်သည်။

မွေးသည် သူ့မျက်နှာကို ထိတ်လန့်သလို ဖျတ်ခနဲ ကြည့်ကာ မြေပေါ်မှ ဇန်းခုံးလေးကိုပင် မကောက်တော့ဘဲ အိမ်ထဲသို့ ပြေးဝင် သွားတော့သည်။

အတွတ်သည် သူ့အဖြစ်ကို ရယ်ရမလား၊ ငိုရမလားတွေး ၍မတတ်တော့ပေ။ စိတ်ထဲမှာလည်း ရှုပ်ထွေးလာတော့သည်။ တစ်ချို့ ဖြင့်လွတ်၍သွားပြန်သည်တကား။

ယခုလည်း မေမေက မွေးတို့အိမ်ကို သွားနှုတ်ဆက်ရန် ပြော နေသည်။ မနေ့ကပင် ကြီးကြီးတင်ကို သွားကြည့်ရင်း သူလာ နှုတ်ဆက်မည့်အကြောင်းကို ပြောပြခဲ့သည်ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကားလေးကို ကိုယ်တိုင်မောင်းကာ ကမာရွတ်ဘက်သို့ ထွက်လာတော့သည်။ မွေးတို့ခြံဝတွင် ဖီးယက်မီးခိုးရောင် ကားတစ်စီးကိုလည်း တွေ့ရသည်။

သူအိမ်ထဲသို့ဝင်လျှင် မွေးကိုချက်ချင်းမတွေ့ရ။ အထွေးက ဆီးကြိုကာ ကြီးကြီးတင် အိပ်ခန်းထဲသို့ ပို့ပေးလေသည်။

"ဘယ့်နှယ်လဲ၊ ကောလိပ်ကျောင်းသူ အသစ်စက်စက်ကြီး တွေ စာလိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်"

အထွေးက သူ့မေးခွန်းကို ဖြေ၏။ ဒီလိုပြောရဖို့ နှုတ်က သွက်သလောက် မွေးနှင့်ဟိုလိုပြောရဖို့ အချိန်ဆိုလျှင် သူနှုတ်လေးလှသည်။ ကြီးကြီးတင် ခုတင်ဘေးတွင် ကိုကိုနိုင့်အမေကို တွေ့ရသည်။

"ဟော ...အတွတ်ပါလား။ ထိုင် သားရေ မောင်မောင်နိုင့် အမေကို သားသိတယ် မဟုတ်လား"

"သိပါတယ်"

အတွတ်က ပြုံးကာပြန်၍ နှုတ်ဆက်လိုက်သည်။

"ဒါလဲ ကျွန်မသားဆိုပါတော့၊ ဖါးဆယ်မ တစ်ဘက်ကမ်းမှာ ခြံချင်းကပ်ရက် တစ်မြေထဲနေ တစ်ရေတည်းသောက်တွေပေါ့"

ကြီးကြီးတင်က သူ့အကြောင်းကို ဖော်ပြနေသည်။

"အတွတ်တော့ မောင်မောင်နိုင်ကလဲ ခင်ပါတယ်"

ကိုကိုနိုင့်အမေကြီးမှာ ကိုကိုနိုင်လိုမဟုတ်။ အသားလတ်၍





ခပ်နွဲ့နွဲ့ဖြစ်သည်။ ဘယ်တုန်းကများ အမေကြီးမှာ ဒီအိမ်ကို ဝင်ထွက်နေသည်ကို အတွတ်က မသိပေ။

"သား ဘယ်တော့လောက် လန်ဒန်သွားမလဲ"

"ရှေ့အပတ် ဗုဒ္ဓဟူးနေ့ပဲ ကြီးကြီးတင်။ ကျွန်တော်မရှိလဲ အားမငယ်ပါနဲ့၊ ကျွန်တော့်ဆရာ ဒေါက်တာသန်းအောင်ကလဲ လာကြည့်ပါမယ်တဲ့"

"အေးကွယ် သာဓု သာဓု၊ အတွတ်ကိုလဲ ကြီးကြီး အများကြီး ကျေးဇူးတင်ပါတယ်"

အတွတ်သည် ခေါင်းငုံ့နေ၏။

"ကျွန်တော် မွေးကို သွားရှာဦးမယ်"

သူသည် အဘွားကြီးနှစ်ဦးအနားမှ အသာထလာခဲ့သည်။

မွေးတို့အိမ်မှာ တဲသာသာမို့ ယခင်လို စာဖတ်ခန်းဟူ၍ သတ်သတ်မရှိပေ။ မီးဖိုမရောက်ခင် ညီမလေးယောက်စီ၍အိပ်သော အိပ်ခန်းဝတွင် စားပွဲကလေးချ၍ထား၏။ မွေးတို့အားလုံး၏စာအုပ်များမှာ ထိုစားပွဲပေါ်တွင်ဖြစ်သည်။ အထဲက စာမရှိဘဲ ဖောက်ပြီးထားသော စာအိတ်တစ်ခုကို တွေ့ရ၏။ စာအိတ်ပေါ်တွင် မွေးသို့လိပ်စာ တပ်ကာ စာအိတ်ဘယ်ဘက်ထောင့်တွင်မှ 'မောင်မောင်နိုင်'ဟူ၍ လက်မှတ်ထိုးထားပေသည်။

သူသည် မီးဖိုခန်းကို ဖြတ်၍ နောက်ဘက် အိမ်အပြင်သို့ ထွက်လိုက်၏။ မြစည်းရိုးအနီး တရုတ်စံကားပင်အောက်ရှိ ခုံတန်းလျား



www.burmeseclassic.com

www.burmeseclassic.com



လေးပေါ်တွင် မွေးသည် လျှောက်လွှာစာမျက်နှာ ခုနစ်မျက်နှာခန့် စာရွက်များ ဖတ်၍နေပေသည်။

သူလာသည်ကို မြင်လျှင်မြင်ချင်းပင် မွေးကစာရွက်ကို လှမ်းပေးကာ သူ့ကိုခေါ်၏။

"ထိုင်ပါဦး အတွတ်ရယ် . . . အင်မတန်ထူးတဲ့စာ ဖတ်ကြည့်ပါဦး"

အတွတ်စိတ်ထဲတွင်တော့ ထိုစာမှာ သူ့စားပွဲပေါ်တွင် တွေ့ခဲ့ရသော စာအိတ်ထဲမှ စာဖြစ်ရမည်ဟု တစ်ထစ်ချ တွက်ပြီးဖြစ်လေသည်။

"ဘယ်ကလဲ"

"ကိုကိုနိုင့် ဆီကလေ"

အတွတ်သည် စာကို လှမ်းယူလိုက်သည်။ စာမှာ လက်ရေးနှင့်ရေးထားသောကြောင့် ပို၍ရည်လျားဟန်ရှိသည်။

"မွေးရယ် . . . မင်းစာက ဘာစာလဲ၊ ဝတ္ထုစာမူလား"

အတွတ်က စာဖတ်ရင်း မေးလိုက်မိလေသည်။

"မွေး . . .

ယခုစာကို ရေးတဲ့အချိန်ဟာ သန်းခေါင်ကျူးလို့ အရုဏ်ဦးသို့ ပြောင်းတဲ့အချိန်ပေါ့။ တော်တော်လှမ်းလှမ်းဆီက ခပ်ဆွဲဆွဲ တွန်လိုက်တဲ့ ကြက်သံလေးတွေဟာလည်း လောကဓာတ်တစ်ခုလုံးကို ပိုပြီးအိပ်မောကျစေမှာပဲ။ လေညင်း





ကလေးတွေကလဲ လူတစ်ကိုယ်လုံးကို ဖျန်းတော့ ပိုပြီးလန်းနေသလိုပဲ။ သဘာဝလောကကြီးဟာ တယ်ပြီးသာယာပါကလား မွေးရယ် . . .။

ကိုကိုနိုင်တို့မှာ နေ့ရှိသမျှ အချိန်ရှိသမျှ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မီးတွေလောင်တဲ့ အထဲမှာသာ အာရုံပြုနေကြတော့ သည်လိုသာယာတဲ့ သဘာဝအရသာကို ဂရုမထားနိုင်ခဲ့ကြဘူး။ ခုတော့မှပဲ မွေးဆိုတဲ့ ညီမငယ်တစ်ယောက်ရဲ့ ဂုဏ်ရည်ကလေးတွေကို တွက်ချက်ရင်းပဲ စိတ်အာရုံထဲမှာ မွေးရဲ့သဘာဝအရသာလေးတွေဟာ ပျောက်မရအောင် စွဲနေရာက ခုလိုသဘာဝအရသာကို ခံစားလိုက်ရပြန်တယ်။

ဟော့ . . . ကိုကိုနိုင်၊ ကမ္ဘာလောကကြီးထဲ ရှိရှိသမျှအရသာထဲမှာ ဘယ်အရာကို အတပ်မက်ဆုံးလဲလို့ မေးရင် အဲဒီသဘာဝ အေးမြကြည်လင် အပြစ်ကင်းစင်ပြီး အားယူနေတဲ့ လေညင်းကလေးတွေ၊ အေးချမ်းပြီးဆိတ်ငြိမ်ပြီး အိပ်မောကျနေတဲ့ လူ့လောကမှာ ခပ်အေးအေးကလေး ဖျန်းထားတဲ့လရောင်နဲ့ ပူလောင်မှုကင်းတဲ့ အရုဏ်ဦးကြက်တွန်သံကို အတပ်မက်ဆုံးပဲလို့ ဖြေရမှာပဲ။

ဒီလိုအချိန်မျိုးလေးကြုံတုန်းမှာ ကိုကိုနိုင် အတပ်မက်ဆုံး အမြတ်နိုးဆုံးဆိုတဲ့ အကြောင်းအရာကလေးတစ်ခုရယ်၊ သူနဲ့ပတ်သက်တဲ့ မေတ္တာတေးချင်းကလေး တစ်ပုဒ်ရယ်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုနိုင်ရဲ့ ဝါသနာအလျောက် သီကုံးလိုက်ချင်သေးတယ်။

အင်း... ဒါတွေ ရေးပြတော့ မွေးအနေနဲ့ ရယ်လိုက်ချင်မှာပဲ။ ဒါပေါ့လေ။ တစ်ဦးရဲ့ပင်ကိုကို နားလည်မထားသေးတော့ အမှန်ကို ရုပ်လုံးဖော်ကြည့်လို့ ဘယ်မှာရနိုင်ပါ့မလဲ။ သိပါတယ်။ မွေးတို့အမြင်မှာကတော့ ကိုကိုနိုင်ကြီးဟာလေ ယောကျ်ားကြီး၊ စစ်သားကြီး၊ အရာရှိကြီး အစရှိသည့်ဖြင့်ပေါ့လေ။ အပြင်ပန်းကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း အတွင်းစိတ်ထားကိုပါ တစ်ပါတည်း အရောင်ဟပ်မြင်ကြမှာကိုတော့ သိပါသေးတယ်။ နှလုံးသားကြီးတွေကလဲ ကျွဲပခုံးထအောင် ကြမ်းပြီးမာတယ်၊ ဦးနှောက်တွေကလဲ ရွှံ့မှက်ရောင်ပေါက်ပြီး မကြည်မလင်နဲ့ စသည်ဖြင့် မြင်ကြပေမှာပဲ။

မွေးတို့အမြင် သည်လို မြင်မယ်ဆိုတာလဲ မြင်ကြပေမှာပေါ့။ ကိုကိုနိုင်တို့အနေနဲ့ တချို့အစိတ်အပိုင်းတွေကို သဘောပေါက်အောင်က လုပ်မှမပေးနိုင်ကြသေးဘဲကိုး။ အမှန်တော့ ကိုကိုနိုင်တို့လို စစ်သားတွေဟာ အကြောင်းကြောင်းတွေ ဆုံဆည်းကြလွန်းလို့သာ အခုလို တိုင်းပြည်ကာကွယ် ရေးမှာ အမှုထမ်းနေကြရတာပါ။ အသည်းကြမ်းကြီးပိုက်မွေးလာပြီး ငါကြီးလာရင် စစ်သားကြီး လုပ်ရဦးမယ်လို့လဲ မသိခဲ့ကြပါဘူး။ သူလိုကိုယ်လိုမွေး သူလိုကိုယ်လို ကျောင်းအတူတူနေပြီး ကြီးလာကြရာက အပေါင်းအသင်း ပတ်ဝန်းကျင်တွေနဲ့





ကမ္ဘာစစ်မီးတောက်လာတဲ့အတွင်းမှာ ထားရာကနေပြီး ပြဇာတ်က,လာကြရသလိုပါပဲ။ တကယ့် တကယ်ကျတော့ သာမန်လုပ်စားကိုင်စားတွေထက်တောင်မှ တစ်ခါတစ်ခါ နှလုံးသားတွေဟာ နူးညံ့နေကြပါသေးတယ်။ အကြောင်းပြချက်တစ်ခုပေးမယ်။ သဘာဝတရားဟာ အမြဲတမ်းမျှပေးလေ့ရှိတယ်။ အမြဲတမ်း အပူချည်းလည်းမဟုတ်ဘူး၊ အမြဲတမ်းအအေးချည်းလည်းမဟုတ်ဘူး။ ကာကွယ်ရေးအတွက် လက်နက်ကိုင်ရတဲ့သူဟာ သာမန်ထက်တော့ သွက်ရတယ်။ မြန်ရတယ်၊ လျင်ရတယ်၊ မာရတယ်၊ ထက်ရတယ်။ ကဲ အဲဒီလိုချည်းရက်ဆက်အပူတပြင်း လုပ်နေတာကို ဘယ်အသည်းနှလုံးက ခံနိုင်ဦးမှာလဲ။ ပေးထားတဲ့ အပူဒီဂရီထက် တိုးပြီးလောင်မြိုက်ခြင်းကို ဘယ်မှာခံနိုင်ပါ့မလဲ။ အချိန်တန်တော့လည်း အပူဒီဂရီက တက်ရာကကျလာရတော့တာပဲ၊ အဲလိုကျလာတဲ့အချိန်ကလေးမှာဖြင့် မွေးရယ် ဘယ်လောက်များနူးညံ့ပြီး သိမ်မွေ့လိုက်မလဲဆိုတာ။ ခုလိုသဘာဝ အရသာကလေးတွေကို ဝအောင်ခံစားလိုက်ချင်တယ်။ ချစ်စရာ၊ ကြည်နူးစရာ၊ မြတ်နိုးစရာ အကွက်ကလေးတစ်ကွက်တွေ့လိုက်ရင် ဝအောင်အီအောင် တွေ့ပစ်လိုက်ချင်တယ်။

ကဲ...ကဲ... ကိုကိုနိုင်လိုလူနဲ့ သဘာဝ အေးမြသာယာမှုတွေဟာ ဘယ်လောက်ဟပ်စပ် လိုက်မလဲဆိုတာကို ဒါလောက်နဲ့ပဲ တစ်ခန်းရပ်လိုက်ပါဦးမယ်။ ဒါလောက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ လူမြင်ရုံနဲ့တော့ အသည်းနှလုံးဟာ ဒီလိုနေမှာပဲလို့ ပုံသေနည်းနဲ့မှတ်မထားနိုင်လောက်ဘူး ထင်ပါတယ်၊ ကိုကိုနိုင်ဟာ လူကြမ်းကြီးမဟုတ်ဘူးဆိုတာ သဘောပေါက်ပြီးတဲ့နောက် 'လက်ထပ်ကြခြင်း' ဆိုတဲ့အကြောင်းပေါ်မှာ ကိုကိုနိုင် ယူဆတာကိုတင်ပြပါရစေ၊ သမီးရည်းစားတဲ့၊ နှစ်ဖက်မိဘက သဘောတူလို့ မင်္ဂလာဆောင်တယ်တဲ့။ မိန်းကလေးက ရိုးလိုက်တာ ဘာမှမသိဘူးတဲ့၊ ဒါပေမယ့် အခု အိမ်ထောင်ကျပြီးကလေးတစ်ယောက်မွေးပြီတဲ့စတဲ့ စကားလုံးတွေဟာ ကိုကိုနိုင်အတွက်တော့ 'ဘဦး ရေကူးနေသည်၊ ဆေးကု၍မရပါ' ဆိုတာလောက်ပဲ နားရိုးလို့သာကြားရတယ်။ အလွတ်ရနေတယ်။ တော်တော်လည်း ရယ်စရာကောင်းတယ်။ ရွံစရာလည်းကောင်းတယ်။ အော့နှလုံးလည်းနာတယ်။ နန္ဒင်းစိမ်းစော်နံတယ်။ ကြက်သွန်နီနဲ့ ဘဲဥရောပြီး ပန်းကန်ဆေးတဲ့ရေပုပ်ထဲ ပစ်ထားတော့ နံတဲ့အနံ့မျိုးရတယ်။ အဲဒါကိုချစ်စရာတွေလို့ မအောက်မေ့ဘူး။ လူဖြစ်လာကြပြီး တဘဝအတွင်းတစ်သက်တာမှာ သံပတ်ပေးထားတဲ့ စက်ရုပ်လိုပဲ၊ ဘာရယ်လို့ မဟုတ်ပါဘူးထင်ပါရဲ့။ မွေးကြ၊ ကြီးကြလင်မယားလုပ်ကြ အိုကြသေကြ။ အဲဒီလို မလုပ်မိမှာစိုးပြီး လုပ်နေကြတာပဲ၊ တကယ်တော့ အချစ်ဆိုတာ အသက်ဝိညာဉ် မပါ,ပါဘူး။ ချစ်စရာကလေး၊ ကြည်နူးစရာကလေး၊ သာယာစရာကလေးဆိုတာက အဲဒါတွေနဲ့ တခြားစီပဲထင်ပါတယ်။





မွေးလိုက်၊ ကလေးဖြစ်လိုက်၊ အရွယ်ရောက်လိုက်၊ လင်မယား လုပ်ကြ အိုကြ နာကြ သေကြဆိုတဲ့ သံသရာက လူဘဝရဲ့ အတတ်ပညာတစ်ခုနဲ့ပဲ တူပါတယ်။ ကိုယ်ချစ်ချင်တာကလေးတွေ၊ ချစ်စရာအကွက်ကလေးတွေ ဟင်းခနဲ သက်ပြင်းချပြီး လှုပ်ရှားသွားအောင် အကြောတွေစိမ့်၊ အသည်းနှလုံးတွေ ခုန်နေအောင် ချစ်စရာကလေးအတွက် လှုပ်ရှားလိုက်ရတဲ့ လှုပ်ရှားမှုမျိုးပါမယ်လဲ မထင်ပါဘူး။ ဘာနဲ့တူသလဲဆိုတော့ တကယ့်ပိတောက်ပန်း ကလေးများအနံ့ရတာနဲ့လူဟာတုန်နေပြီ၊ ပန်းအိုးကြီးကို လက်ထဲပွေ့ရှုလိုက်ရရင် အာဟာရပြည့်ပြီး လူကိုဝလာတယ်လို့ကို ထင်ရလောက်အောင် အားရတယ်။ အရောင်တူအောင် အပွင့်တူအောင်၊ အခက်တူအောင် လုပ်ထားတဲ့ ပန်းစက္ကူလိပ်ကဖြစ်လာတဲ့ ပိတောက်ပန်းကျတော့ ပန်းနဲ့တူတာကလွဲလို့ ဘာတစ်ကွက်များ အရသာတွေ့စရာရှိသလဲ။ မရေတတ်လို့ စကားတွေလုံးနေရင်လဲ ခွင့်လွှတ်ပါဦး။ စိတ်ထဲက ပြောချင်တာကတော့ အချစ်ဆိုတာ အလွန်အရသာရှိရမယ့်ဟာ တစ်ခုပဲလို့ ဆိုချင်တာပါ။ အဲဒါတွေကို ချစ်စရာလုပ်နေတာတို့၊ အချစ် ဘာညာပေါ့လေ။ ခေါ်နေကြတော့ တကယ့်အချစ်ရဲ့အနှစ်သာရဟာ ကြာရင်ပျောက်ကုန်မှာစိုးလို့ ခွဲခြားရေးနေတာပါ။ မွေးရယ် ကိုကိုနိုင်ကတော့ မွေးကိုချစ်နေပြီလို့ ဆိုလိုက်ရင် တစ်လုံးတည်းပြီးတာပါပဲ။ ဒါပေမယ့် မွေးက



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာပေါ့။ လာပြန်ပြီအချစ်၊ ဘာအချစ်လဲ၊ နင်ချစ်တာ ငါသိပါတယ်လို့ပြောရင် ကိုကိုနိုင်လိုချင်တာ အချစ်ရဲ့ အရသာပါ။ တစ်သက်အတွက် အဲဒီတစ်လုံးတည်းနဲ့ ပျက်တာပဲ။ အဲဒါကြောင့် အချစ်ကို အလွဲသုံးစား လုပ်တဲ့အထဲ ပါသွားမှာစိုးလို့ ဘာမှလဲမဟုတ်ဘဲနဲ့ ထည့်ရေးနေရတာပါပဲ။

ကဲ... ထပ်ပြီးရေးပြဦးမယ်။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကိုကိုနိုင်မှာ အလုပ်ကလဲ ပြီးသွားလို့ ခေတ္တနားချိန် ကလေးရတယ်။ ကိုကိုနိုင့် မိတ်ဆွေတစ်ဦးမှာ အခါလည် သားကြီး ကလေးတစ်ယောက်ရှိတယ်။ အခါလည်သာ ဆိုတယ်၊ ကလေးကြီးက တုတ်တုတ်ဝဝ ဖြူဖြူပုံ့ပုံ့ကြီး။ သူ့ မအေနဲ့ဖအေက မအားလို့ထင်တယ်။ သူ့ချည်းတစ်ယောက်တည်း ဧည့်ခန်းထဲက ကြမ်းပေါ်ထိုင်ထားခဲ့တယ်။ မလှုပ်ဘူး။ ပုံ့ပုံ့ကြီးထိုင်နေပြီး ရှေ့တည့်တည့်ပဲ သူ့မျက်လုံးက ကြည့်နေတယ်။ ကိုကိုနိုင် သူ့ရှေ့ရောက်သွားတော့လဲ တစ်ချက်ပဲ လှမ်းကြည့်လိုက်ပြီး မူလကြည့်မြဲနေရာပဲ ခပ်တည်တည် ကြည့်နေတယ်။ သူ့မျက်လုံးကြီးက ကြည်မြပြီး ဘာအရိပ် အရောင်မှမပါဘူး။ အပြစ်ကင်းမဲ့တဲ့ မျက်လုံး။ သူတွေးချင် ရာတော့တွေးနေမှာပဲ၊ ဒါပေမယ့် အပြစ်ကင်းမဲ့တဲ့ တွေးပုံ မျိုး။ ခြင်္သေ့ကြီးလိုပဲ လက်နှစ်ဖက်ရှေ့ထောက်ပြီး ပုံ့ပုံ့ကြီး ထိုင်နေတာပဲ၊ ဝါတော်ငါးဆယ်လောက်ရတဲ့ ဆရာတော်ကြီး များ သမထထိုင်နေတာကျနေတာပဲ။ ကြည့်ရင်းကြည့်ရင်းပဲ





ကလေးကြီးပွေ့ခေါ်သွားပြီး လမ်းဘေးဟာဆိုင်မှာ ကြံရည် တိုက်ဦးမှပဲလို့ စိတ်ကူးပြီး သူ့ကို မ,ပြီးပွေ့သွားတယ်။ ခပ်တည်တည်ပဲ ပါလာတာပဲ၊ ကြံရည်ကုလားကလည်း မနေ နိုင်ဘူးထင်တယ် သူ့ကို မ,ပြီးပွေ့ပြန်ရော။ ကုလားလက်ထဲ မှာ ဖြူဖြူပုံ့ပုံ့ကြီး ထင်းနေတာပဲ။ ကြံရည်ခွက် ပါးစပ်တပ် လိုက်တယ်။ တပျတ်ပျတ်နဲ့ သောက်တော့တာပဲ၊ ပြီးတော့လဲ စားပွဲပေါ် ပြန်ချထားလိုက်တယ်၊ ပုံ့ပုံ့ကြီး ငွမ်းနိုင်ကြီး တင် ထားသလိုပဲ။ သူ့ကို ကြည့်ရင်းကြည့်ရင်း ချစ်စရာအကွက် တွေ့မလာဘူးလား။ အင်မတန် သန့်ရှင်းကြည်လင်ပြီး ဘာ ဆေးမှအရောင်မတင်ရဘဲ သဘာဝတောက်ပနေတဲ့ မျက်လုံး အလွန်သန့်ရှင်းတဲ့ သူ့အတွေးအခေါ်တွေ၊ သူ့ရုပ်ရည်၊ သူ့သဘောကောင်းတာတွေဟာ စိတ်ထဲမှာ လှိုက်လှိုက်ပြီး တက်လာတယ်။ သူ့ကို စားပွဲမှာချထားပြီး ကိုယ်ကတခြား မှာထိုင်နေရတာကို မခံနိုင်ဘူး။ နောက်ဆုံး သူ့ကိုတအား ပွေ့ပြီး သူ့ကျောကို ပါးနဲ့အပ်ထားလိုက်ရော၊ လက်ထဲမှာ ခပ်အေးအေးနဲ့ သူ့မျက်စိကလေးမှိန်းပြီး အိပ်ပျော်လိုက်လာ တယ်။ ကဲ... အသည်းနှလုံးတွေဟာ ကြည်လင်မလာဘူး လား။ သည်နေရာမှာ လုပ်ရမယ်ထင်လို့ ဝတ္တရားအတိုင်း လုပ်တာတွေ တစ်ခုမှမပါဘူး။ အလွန်သန့်ရှင်းပြီး ချစ်စရာ အကွက်ထဲမှာ တစ်ကြိမ်နစ်မွန်းနေမိတာပဲ။ အဲဒီအချိန် ကလေးအတွင်းမှာ ဘယ်လောက်အေးမြပြီး စိတ်သက်သာ လိုက်မလဲဆိုတာ တွေးကြည့်ပေတော့၊ အဲဒီလို မွန်းပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လောက်တဲ့ ချစ်စရာအချိန်တစ်ချိန် တွေ့လိုက်ရတယ်ဆိုရင် လှုကိုပုံပြီး အားပြည့်သွားတယ်လို့တောင် ထင်မိတယ်။ နောက်ကျတော့ ဒီကလေးကြီးအပေါ်မှာ ထားလိုက်ရတဲ့ စေတနာ၊ မေတ္တာ၊ အား‌‌‌‌၊ အားရှိရင် သူ့ဆီကိုသွားနေမိတယ်။ သည်အကောင်ကြီးကို ချစ်တယ်ဆိုတဲ့ စကားလုံးဟာ ဟိုချစ်တယ်ဆိုတာတွေနဲ့တော့ တခြားစီပဲ မဟုတ်လား။

ကိုကိုနိုင့်အနေနဲ့ မိန်းမတစ်ယောက်ကို အရမ်းချစ်ပါတယ်လို့ တစ်သက်မှာတော့ တစ်ခါမှမရှိသေးပါဘူး။ ဘာလို့တုန်းဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ပေမိချင်မှမိတာ။ ကိုယ်က ချစ်တယ်ဆိုပေမယ့် သူက ဟိုလိုနားလည်လိုက်ပြန်ရော၊ ရှုံသွားပြန်ရော၊ အဲဒါလောက်ပဲ ရေးပါရစေတော့၊ အတုအယောင်သဘောတွေ များနေတယ်။ ချစ်စရာအကွက်မရှိတဲ့နဲ့တော့လဲ ကိုကိုနိုင့်အနေနဲ့ မညာချင်ဘူး။ ညာလို့လဲ ရမှာမဟုတ်ဘူး။ ရှုံလွန်းအားကြီးပြီး ဟန်လုပ်မရတဲ့တစ်နေ့ ကျရင်ပေါ်မှာပဲ။

မိန်းကလေးတွေကို မြင်လိုက်ရင် ကိုကိုနိုင့် စိတ်ထဲမှာ သူတို့ရဲ့ လှုပ်ရှားဟန်ပန်၊ သူတို့အတွေးအခေါ်၊ အဲဒါကိုပဲ မှတ်ထားပြီး ပန်းကလေးတွေနဲ့ ရုပ်လုံးဖော်ပြီး ခပ်ဝေးဝေး စိတ်ကူးထဲမှာပဲ သူကတော့ နှင်းဆီလိုဟာလေး သူကတော့ စံပယ်ပွင့်လေး။ သူကတော့ ကလော့မှာပွင့်တဲ့ ဒေလီယာကြီး။ အဲဒါကြီးကတော့ ခေါင်ရမ်းပွင့်ညိုကြီးပဲဆိုပြီး စာဖွဲ့စိတ်





ကူးယဉ် အရသာခံမိတာပဲ။ ဘာလို့တုန်းဆိုတော့ သူတို့တစ်တွေ အနားကပ်လာရင် ကိုယ်စိတ်ကူးသလို မဟုတ်ဘဲ ဟိုကိစ္စပါလာ၊ သည်ကိစ္စပါလာနဲ့ လူ့ရဲ့အတတ်ပညာတွေ (ပညာတတ် နှိပ်စက်နည်းတွေ)ဟာ ပါလာတော့ စိတ်ပျက်ပျက်သွားတယ်။

သူ့အတတ်ပညာထဲမှာလဲ ကိုယ်နဲ့ နီးစပ်တဲ့ပညာ၊ ကိုယ်နဲ့မနီးစပ်တဲ့ပညာဆိုပြီး ပါလာတတ်တယ်။ ကိုယ်ချစ်တတ်တဲ့ ပန်းကလေးနဲ့လဲ နှိုင်းလို့ရမယ်။ လုပ်ညေ့ကိုင်ညေ့ အစွမ်းမှာလဲ နီးစပ်မယ်ဆိုရင် ချစ်စရာအတွက်၊ ဖွဲ့လမ်းစရာအတွက်၊ တစ်သက်မှာ လက်တွဲသွားလို့ရမယ့် အကွက်တွေပါလာတယ်။

အဲဒီအခါမှာ အခြေအနေက ခွင့်ပြုရင် နီးစပ်ပြီး နောင်တစ်သက်မှာ မိတ်ဆွေကောင်းအဖြစ် တစ်သက်လုံး လက်တွဲသွားလို့ရတာပဲ။ မှုပေါင်းလို့ရတာပဲ။ အဲဒါမှလဲ တအားတက်ပြီး လောကမှာ ကိုယ်နှစ်သက်တဲ့လုပ်ငန်းမှာ ရှုပ်ရှုပ်ချွံချွံ လုပ်သွားအားရှိမှာပဲ။ ကိုကိုနိုင့်အနေနဲ့တော့ အချစ်အကြောင်းကို အဲသည်လိုပဲ နားလည်တယ်။ တိုလီမိုလီတွေကိုတော့ ထည့်လဲမစဉ်းစားဘူး။ နားလဲမလည်ဘူး...''

အတွတ်သည် စာဖတ်ခြင်းကို ခဏနားကာ ကိုကိုနိုင် ဘာဆိုလိုသည်ကို စဉ်းစားရသေး၏။ ပြီးမှ ဆက်၍ဖတ်ရသည်။

... အခုအပိုင်းမှာဆိုရင် မွေးကို ကိုကိုနိုင်က ဟောသည်လို စိတ်ကူးမိတယ်။ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပထမကြည့်ရတာကတော့ ပေမိတယ်၊ အသားအရေပြည့်ဖြိုး ကျစ်လျစ်တယ်။ အချိုးကျတယ်။ မျက်နှာပြည့်တယ်။ မျက်လုံး ကအေးမြကြည်လင်တယ်။ ဘယ်လိုပဲ အလုပ်တွေများတယ်၊ ဆင်းရဲလို့ ဖယားရှုပ်တယ်ပဲပြောပြော၊ အဲသည် အကြားက နေပြီး အပြစ်ကင်းတဲ့ တွေးခေါ်ပုံရှိတယ်။ ညာဏ်သွက်တယ် ဆိုတဲ့မျက်လုံးဟာ ပေါ်နေတယ်။ ကျန်းမာသန်စွမ်းတယ်၊ အများစုနဲ့ ကိုယ်လက်လှုပ်ရှားကစား လေ့ကျင့်ခဲ့ဖူးတယ် ဆိုတဲ့ကိုယ်လုံးကိုယ်ပေါက်ရှိတယ်။ သွက်လက်တယ်၊ အမြဲ တမ်းကြည်လင်ပြီးနေတယ်။ အလုပ်လုပ်နေဖို့ ရှင်ပျကြည် လင်စွာနဲ့ အသင့်လုပ်ထားတဲ့ ဟန်ပန်ရှိနေတယ်။ လုပ်လဲ လုပ်နေတယ်။ အသားအရောင်လဲ မဆိုးပါဘူး။ မိန်းကလေး နဲ့တူသားပဲ၊ သပ်ရပ်တယ်၊ ယတိပြတ် clear cut ပုံရှိတယ်၊ သန့်တယ်၊ ခန္ဓာကိုယ်အကြောင်းနဲ့ ပတ်သက်ပြီး လုံလောက် ပြီ။

ကိုကိုနိုင်ရဲ့ မူလစိတ်ဝင်စားဆုံး အပိုင်းဖြစ်တဲ့ နှစ်သိမ့် စရာအကွက်တွေ၊ ဟင်းခနဲ သက်ပြင်းချပြီး အေးအေးကလေး အနားရနိုင်မယ့် အကွက်တွေ (အဲဒါတွေက တစ်သက်တာ တွဲသွားရမယ့် စွဲလမ်းစရာ ချစ်စရာအကွက်တွေပေါ့) အကြောင်း မြင်သလောက်ပုံဖော်ရရင် သဘောထားကြီးတာ က စ,ရမှာပဲ၊ သည့်ပြင်လူတွေကတော့ ပြောမှာပဲ၊ မိန်းမဟာ အတိုချုံးလို့။ မဟုတ်ပါဘူး။ အခု မွေးဟာ အသက်နုနုလေးနဲ့





အိမ်ထောင်ကြီးအတွက် တွက်ချက်ပြီး အလုပ်လုပ်နေတယ်။ မောရပန်းရမှန်းမသိ လုပ်တယ်။ ကိုကိုနိုင့်မျက်စိရှေ့မှာ မြင်နေ ရတာပဲ၊ မနိုမကာတ် လုပ်နေတယ်။ အများကိစ္စတွေမှာလည်း ကိုယ်မောလို့ လဲသေပစေ၊ အပြုံးလေး မပျက်ဘဲနဲ့ လုပ်ပေး တာတွေ မြင်နေရတာပဲ။ ဒါမျိုးမှ သဘောထားမကြီးဘူးဆို ရင် ဘယ်ဟာမျိုးကို ဆိုရဦးမလဲ။

တက်ချင်လိုက်ရတဲ့ တက္ကသိုလ်၊ လိုချင်လိုက်ရတဲ့ ဒီဂရီ အရူးကလေးကျနေတာပဲ၊ ဒါပေမယ့် အောင့်အည်းပြီး အိမ် ထောင်ကြီးအတွက် ကျိတ်ပြီးအလုပ်လုပ်နေရတယ်။ ရေဆန် ကိုလက်ပစ်ကူးနေသလို နေမှာပေါ့။ တစ်ခါတစ်ခါလဲ မော ပေမှာပဲ၊ ဒါပေမယ့် မမောပါဘူးဆိုပြီး ကျိတ်လုပ်နေတယ်။ ဝတ္တရားမလစ်ဟင်းရုံမကဘူး။ ရေရှည်နဲ့ အကွက်ကျယ် ကျယ်ကြည့်ပြီး စေတနာနဲ့ကို လုပ်ပေးနေတယ် ဆိုတာဟာ လဲထင်ရှားသားပဲ။ မွေးရဲ့ရုံးမှာရှိတဲ့ အလွန်တော်ပြီးတတ်နေ တဲ့ လူတွေအကြားမှာ မျက်နှာကလေးငယ်ငယ်နှင့်မမီမကမ်း အကွက်မိအောင် လိုက်နေရတဲ့ ဒုက္ခကိုလည်း မှိတ်ကျိတ်ခံ ပြီး လိုက်နေတာပဲ မဟုတ်လား။ ထားရာကနေ၊ ကျွေး သလောက်စားပြီး အကွက်မဟာရအောင် လိုက်နေတာဟာ သာမန်မှမဟုတ်ဘဲ။ ကိုကိုနိုင်တို့ ဗမာ့ကာကွယ်ရေးတပ်မ တော်၊ ဗမာ့မျိုးချစ်တပ်မတော်က ရဲဘော်တွေ စိတ်ထားမျိုးပဲ၊ ဘောင်းဘီဝတ်ပြီး သေနတ်မကိုင်တာဘဲ ကွာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အတွတ်သည် စာကိုခေတ္တကိုင်ကာ ဆက်မဖတ်ဘဲ နားနေရပြန်သည်။ ခုံစွန်းမှမွေးကို လှမ်းကြည့်လိုက်လျှင် သူသည်လက်ထဲမှ တရုတ်စကားပွင့်များကို တစ်ဖတ်စီချွေကာ ဆေးကြောင်ကြောင် ဖြစ်နေသည်။ အတွတ်သည် စာရွက်ကိုတလှည့် မွေးကိုတစ်လှည့် ကြည့်မိ၏။ သူတို့မတော့ ရေးတတ်လိုက်သည့်ဖြစ်ခြင်း၊ သူ့မှာတော့ ပွဲထဲက ပြောသကဲ့သို့ "ကျွန်တော်ပြောမယ့်စကားတွေဟာ သူပြောတာနဲ့ အတူတူပါပဲ" ဆိုသလိုပင် ကိုကိုနိုင်မြင်သလို မွေးကိုသူကမြင်ခဲ့ပါ၏။ သို့သော်သူသည် သူ့ရင်ထဲမှာ ခံစားရချက်ကို ကိုကိုနိုင့်လို မဖော်ပြတတ်ပါကလား၊ ထို့ကြောင့်ပင် သူများရေးထားသောစာကို သူဆက်ဖတ်ရပြန်၏။

"ကိုကိုနိုင်တို့ စစ်မိုလ်ဆိုတာ ကျဉ်းထဲကျပ်ထဲ အခက်အခဲရောက်လာရင် ကိုယ့်စွမ်းရည် ကိုယ်အားကိုးပြီး ရှုပ်ရှုပ်ချုံချုံ တိုက်နိုက်တတ်တဲ့ စစ်သားကို ချစ်တတ်တယ်။ မွေးကလည်း မွေးဘဝတိုက်ပွဲမှာ သတ္တိရှိပုံ၊ ခေါင်းမာပုံ၊ ရှုပ်ရှုပ်ချုံချုံရှိပုံတွေကို ကိုကိုနိုင် အသည်းစွဲခဲ့တာပဲ။

ယောက်ျားတိုင်းဟာ မတူကြပါဘူး။ တချို့ကတော့ ကလော ဒေလီယာလို ဖောင်းဖောင်းအိအိကြီးတွေမှ နှစ်သက်ပေမယ့် ကိုကိုနိုင်ကတော့ ဒါမျိုးကြီးတွေ ကြောက်တယ်။ သူတို့ဟာ အခက်အခဲရောက်လာရင် စွမ်းရည်မထုတ်ချင်ဘဲ သူတို့အလုရောင်းစားချင်တာပဲရှိမယ်။ အဲဒါမျိုးကြီးတွေက ခန္ဓာကိုယ်ချင်းသာ ပူးပေါင်းကောင်းမှာ စိတ်ခတ်ကတော့ရမှာ





မဟုတ်ဘူး။ ခန္ဓာကိုယ်ချင်း ပူးပေါင်းဖို့လောက်အတွက်နဲ့တော့ ကိုကိုနိုင် ကြီးကြီးကျယ်ကျယ် အိမ်ထောင်ကြီးတစ်ခု မထူထောင်ပါရစေနဲ့။ တာဝန်တစ်ခု မယူချင်ပါဘူး။ စိတ်စေတနာ တကယ်သက်ရောက်ပြီး ပူးပေါင်းနိုင်တဲ့ မိန်းမမျိုးကျတော့ တစ်ဘဝလုံး ပခုံးထမ်းပိုးပါရစေ။ ကိုကိုနိုင် မမောပါဘူး။ ပြီးတော့ မိန်းမပီလွန်းပြီး ထမင်းပွဲ ကိုကိုလာမှ စားမယ်ဆိုပြီး ထိုင်စောင့်နေတာမျိုးလည်း မလိုချင်ပါဘူး။ ကိုကိုနိုင့်ဘေးမှာ ကိုကိုနိုင်လို စာဖတ်၊ ကိုကိုနိုင် လိုချင်တဲ့ ဖြေချင်တဲ့ ပြဿနာတွေမှာ နှစ်ယောက်လက်တွဲ ဖြေရှင်းသွားနိုင်ရင် ကိုကိုနိုင် ကျေနပ်ပြီ။

တစ်နေ့က ပြင်ဦးလွင်မှာ ရုပ်ရှင်ကြည့်ရင်းပါလာတဲ့ ကြော်ငြာလေးတစ်ခုကို သွားသတိရတယ်။ Tarzan and his mate ဆိုတဲ့ ဇာတ်ကားကို ကြော်ငြာထိုးပြတဲ့နေရာ for the love of Tarzan ဆိုကာ ထိုးပြပြီး . . .

She made her home

She made her love

She made her culture.

ဆိုတဲ့စာကိုပြတယ်။ ဒါကိုမြင်တယ်ဆို မွေးကိုချက်ချင်း သတိရတယ်။ အင်မတန် အဖိုးတန်တဲ့ စာပိုဒ်လေးသုံးပိုဒ်ပဲ။ အနောက်က အနုပညာဆရာကြီးက သူ့မင်းသမီးရဲ့စွမ်းရည်ကို တိုတိုနဲ့သရုပ်ဖော် ပေးလိုက်တာပဲ။ ကိုကိုနိုင် ဆိုလိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲဒါပဲ၊ အဲဒီသုံးချက်ဖြစ်ဖို့ဆိုတဲ့ အမျိုးသမီးဟာ အတော့်ကို ရှားတယ်။ မွေးမှာတော့ သဘာဝကိုက ဒီလိုဖြစ်နေတာ ပါရမီတစ်ရပ်ပဲ၊ ဒီလိုမိန်းမမျိုးဟာ ဒီပြင်လူတွေနဲ့ညားရင် ဟိုလူအဖို့ သိပ်ကံကောင်းတာပဲ။

ဟိုလူဆိုလို့ မွေးမှာ ဖရက်(ခေါ်)တင်အောင်ထွန်းလို့ ခေါ်တဲ့ ချစ်သူရှိခဲ့ဖူးတယ်လို့ သိရတယ်။ သူ့အချစ်ကို ကိုကို နိုင် ဝင်လုတယ်လို့တော့ မထင်စေလိုပါ။ အဲဒီ လန်ဒန်ပြန် ကြီးကို စောင့်ဖို့အခွင့်ရှိသေးရင်လဲ စောင့်ပါလေ။ ကိုကိုနိုင် ကလဲ မွေးကိုစောင့်မှာပဲ၊ အို ဘယ်လောက်ပဲ စောင့်ရစောင့်ရ စောင့်မှာပဲ၊ စိတ်ပျက်လိမ့်မယ်လို့တော့ မအောက်မေ့နဲ့။ မွေး မှာ ကလေးနှစ်ယောက်မွေးပြီးသား အအိုကြီးပဲဖြစ်နေပါစေ၊ ကိုကိုနိုင်ကတော့ ချစ်မှာပဲ၊ အမှန်တော့ ချစ်တယ်ဆိုတဲ့ စကားလုံးထက် မြတ်နိုးတယ်လို့ သုံးရင်ပိုမှန်မယ်။

ဖရက်လို အချစ်အညွန့်အဖူးကို မပေးတောင်မှ သဗ္ဗေ သတ္တာထက်မကျော်ပြီး ကျွန်တော် မောင်မောင်နိုင့်ကို စေတနာ နဲ့ ချစ်စေချင်တာပဲ။

ကဲ . . . မွေးရယ်၊ အရှေ့ကလဲ ရောင်နီပျို့လာပြီ။ ပြင်ဦးလွင်ရဲ့ မိုးတွင်းဟာ ရန်ကုန်လို မဟုတ်တော့ စိမ့်အေးနေ တာပဲ။ မွေးဆီကို စာရေးနေတယ်ဆို စာလုံးလေးတွေကိုက ကိုကိုနိုင့်ကို ထွေးပွေ့ထားသလိုပါပဲ၊ စိတ်ထဲရှိတာတွေ ဆက်





ရေးရရင် ခုနစ်ညမိုးအလင်းဖြစ်မှာပဲ၊ မွေးလဲ စာဖတ်ရလို့ ညောင်း လှရော့မယ်။

အမှန်တော့ ဒီရည်းစားစာဟာ "တစ်သက်စာ" အတွက် ရေးတာပါ။ အခြေအနေမဟန်ရင်လဲ ဒီစာဟာ နောက်ဆုံး ရေးခြင်းပဲမွေး၊ ဒါလောက် ရှည်လျားတဲ့စာကို သည်းခံဖတ် တာပဲ ကျေးဇူးတင်လှပါပြီ။

ကိုကိုနိုင့်ကို ခွင့်ပြုပါ။

မွေးတစ်ယောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ၊

ကိုကိုနိုင်
ပြင်ဦးလွင်

အတွတ်သည် စာဖတ်၍ဆုံးလျှင် သက်ပြင်းကြီးချကာ မွေး ကိုလှမ်း၍ကြည့်ပြန်သည်။ မွေးလက်ထဲတွင် ပွင့်ဖတ်များ အားလုံးခြွေ ပြီး၍ ပန်းပွင့်အူတိုင်ပင် မကျန်ရစ်တော့ဘဲ အညာကလေးတစ်ခုသာ ရှိတော့သည်။ မွေးမျက်နှာကလည်း အပျိုဖော်ဝင်စက ဖရက်ထံမှ စာလေးများရတုန်းကလို ရှက်စနိုးပြုံးတုံ့တုံ့နှင့် သွေးနီရောင် လွှမ်းနေပုံ မရပေ၊ သူသည် ခပ်ငြိမ်ငြိမ်အေးအေးပင် စံကားပင်ပေါ်ရှိ အပွင့်ဖြူ များကို ငေးကြည့်နေသည်။

"ကိုကိုတွတ်ရေ မေမေက ခေါ်လာပါဦးတဲ့"

ထွေးက သူတို့ရှိရာသို့ ပြေးထွက်လာကာ လာ၍ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး . . . လာမယ်"

အတွတ်က အငွေ့သို့ ပြန်ဖြေပြီး သူ့လက်ထဲမှစာကို မွှေး လက်ထဲ ပြန်ထည့်လိုက်၏။

"ကိုယ်ပြန်လာခဲ့ဦးမယ်၊ မွှေး ဒီကပဲ စောင့်နေနော်"

မွှေးက သူ့ကိုခေါင်းညိတ်ပြ၏။ ကြီးကြီးတင် အခန်းရှိရာသို့ လျှောက်လာသော်လည်း အတွတ် စိတ်ထဲတွင် ပေါ့ပေါ့ပါးပါး မရှိလှ။ သူအခန်းထဲသို့ ဝင်လာချိန်တွင် ကိုကိုနိုင်၏ မေမေကိုလည်း မတွေ့ရ တော့ပေ။

"သား... ကြီးကြီးတင်အနားမှာ လာထိုင်ပါဦး။ မောင်မောင် နိုင့်အမေလဲ ခုပဲ ပြန်သွားတယ်"

အတွတ်သည် ကြီးကြီးတင် ဘေးတွင် ဝင်ထိုင်လိုက်၏။ မျက် နှာအရောင်မှာ အင်မတန် ဖျော့တော့၍ သွေးအားနည်းဟန်ရှိသော် လည်း ကြီးကြီးတင် မျက်လုံးများသည် အရောင်တောက်ပ၍ နေပေ သည်။ သို့သော် လက်ချောင်းများကမူ မြှောက်ရသည်ကိုပင် အနိုင်နိုင် အားယူရဟန်ရှိ၏။

"သား . . . သွားခါနီးမှာ ကြီးကြီးတင် ပြောစရာတွေ အများ ကြီးရှိတယ်"

ကြီးကြီးတင်က သားဟူ၍ ခေါ်လိုက်တိုင်း သူ့ရင်ထဲတွင် ဒိတ် ခနဲ ဒိတ်ခနဲ ဖြစ်၍သွား၏။

"ကြီးကြီးတင်တို့ အခြေအနေကို သားလဲသိပြီးသားပဲ။





ကြီးကြီးဟာ မောင်အောင်တို့ မောင်နောင်တို့ မရှိကြတော့တဲ့နောက် အတွတ်ကိုပဲ သားလိုချစ်ခဲ့တယ်။ ဒီတော့ သားကို ကြီးကြီးပြောခဲ့ချင် တယ်။ ကြီးကြီးရောဂါဟာ အပြုအစုကောင်းလို့ အသက်ရှင်နေတာပဲ၊ အရွယ်ကျလို့ အားဆုတ်ချိန်မှာ ကျွမ်းနေတဲ့ တီဘီရောဂါသမားတစ် ယောက်အဖို့ အသက်ရှင်ဖို့ရာ မျှော်လင့်စရာမရှိပါဘူး။ ဒီတော့ ကြီးကြီး တင်မျက်ကွယ်ရောက်ရင် အေးတို့ညီအစ်မတွေဟာ ဘယ်လောက်က သီမလဲဆိုတာ သားတွေးမိမှာပဲ၊ သူတို့မှာ အဖေကျန်ရစ်တယ်ဆိုပေ မယ့် ဦးနောက်က ကျပ်ပြည့်တဲ့သူမဟုတ်၊ အဲဒီ အဖေကပဲ သူတို့ကို အားကိုးရမယ်၊ သားသိတဲ့အတိုင်း အဒေါ်တွေကလဲ မွှေးတစ်ယောက် လာနေတာတောင် ဘယ်လိုနေရလဲ၊ တိတိကျကျ တာဝန်ယူ အားကိုး ဖို့ဆိုတော့ ဆင်းရဲတဲ့သူတွေအတွက် ဆွေမျိုးဟာမရှိဘူး၊ အေးကလဲ အကြီးဆုံးဆိုပေမယ့် အင်မတန် အေးရှာတယ်။ သူ့ကိုလက်ထပ်ဖို့လဲ ကြီးကြီး ဘယ်လိုမှတိုက်တွန်းလို့မရဘူး၊ ဒီတော့ မွှေးကို လက်ထပ် ပေးခဲ့ဖို့ ကြီးကြီးတင် စီစဉ်ချင်တယ်"

အတွတ်၏ မျက်နှာကလေးမှာ ရှင်ရှင်ပျပျ တောက်ပလာသည် ဟု အတွတ်က သူ့ကိုယ်သူ ထင်မိ၏။

"ဟုတ်ကဲ့ ... ဒီအစီအစဉ်ဟာ အင်မတန် ကောင်းပါတယ်"

"ဘုရား ... ဘုရား" အတွတ်သည် ရင်ထဲတွင် အလိုလို ဗိုလာပြန်၏။ ဘုရားသိကြားမလို့ သူနှင့်မွှေးကို ပေးစားချင်သည့် အကြောင်း ကြီးကြီးတင်က ဖွင့်ပြောခဲ့ပါလျှင် သူသည် ဒီတစ်ခါတော့ ခေါင်းညိတ်လိုက်တော့မည်။ ကိုကိုနိုင့်စာတွေ ဘာတွေက မွှေးစိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလာအောင် တတ်နိုင်တော့သည်မှ မဟုတ်။ သူက အတင်းဝင်လုသည်လည်းမဟုတ်။ အကြောင်းက အလိုလိုဖြစ်လာခြင်း ဖြစ်သည်။

"သားကလဲ မွေးဆိတ်ကိုသိတဲ့အတိုင်း တစ်ချိုတစ်ချို အင်မတန်ခေါင်းမာတယ်။ သူ့ဖရက်ကလွဲလို့ ကမ္ဘာမြေပြင်မှာ ယောကျ်ားမရှိတော့သလိုပဲ။ ဖရက်နဲ့မွေးဟာ ပူးပေါင်းလို့ မဖြစ်နိုင်ပါဘူး အတွတ်။ မွေးရဲ့ အကြွသုကြွတွေကို သိတဲ့တစ်နေ့ ဖရက်ဟာ မွေးကို စွန့်ပြေးမယ့် သူငယ်လေးပါ"

အတွတ်သည် စိတ်ထဲမှ ပြုံးမိ၏။ မွေး၏နောက်ပိုင်းအတ်လမ်းကို ကြီးကြီးတင် မသိရှာသေးသော်လည်း ကြီးကြီးတင် ဗေဒင်ကြိုဟောထားသကဲ့သို့ ဖြစ်လာခဲ့ပေပြီ။

"မွေးအပေါ် သဘောထားကြီးကြီးနဲ့ စောင့်ရှောက်နိုင်မယ့်သူမှ မွေးလက်ထပ်လို့ဖြစ်မှာပဲ၊ ဒီတော့ ကြီးကြီးတင် ဆန္ဒက..."

အတွတ် ရင်များသည် တဆတ်ဆတ် ခုန်ကာလက်ဖျားများအေးလာ၏။

"မောင်မောင်နိုင်နဲ့ မွေးကို ..."

နောက်ဆက်သော စကားလုံးများကို အတွတ်သည် မကြားသလိုဖြစ်သွား၏။ မျက်လုံးက ပြာတာတာဖြစ်သွားကာ ရင်ထဲ၌ လှိုင်းတံပိုးထလာသလို အခံရကျပ်လာတော့သည်။ ဒဏ်ရာအပြင်းထန်ဆုံးရ၍ သေအံ့ဆဲဆဲလူနာ တွေ့ချိန်ကပင် သူ့ဒါလောက် စိတ်မလှုပ်ရှားဖူးပေ၊ မျှော်လင့်ချက်ဆုံး ပြန်ပြီတကား။

"မောင်...မောင် ...နိုင် ..."





သူသည် တစ်လုံးစီ တုန်တုန်ယင်ယင်နှင့် ရွေရွတ်၏။ ကြီးကြီးတင်က ဘာမျှသိရှာဟန် မတူပေ၊ စကားဂဉ်မပျက် ဆက်ပြော၏။

"အေး... မောင်မောင်နိုင်ဟာ မွေးအတွက် အကောင်းဆုံးလက်ထပ်သင့်တဲ့လူလို့ ကြီးကြီး ယူဆတယ်။ သူ့မှာ သဘောထားကြီးရုံမက အတော်ဆုံးအရည်အချင်းက သူဟာသူ့ကိုယ်ကျိုးကြည့်တတ်တဲ့သူငယ်မဟုတ်ဘူး။ သူ့အမေကလဲ သုံးလေးခေါက်ရှိပြီ၊ လာပြီးတော့ မွေးကို တောင်းနေတယ်"

အတွတ်သည် တင်းထားသမျှ အားတွေကို အကုန်လျှော့ပစ်လိုက်၏။ ကိုကိုနိုင်က စစ်ဗိုလ်တစ်ယောက်ပေပဲ။ တိုက်ပွဲတစ်ပွဲကို အောင် နိုင်ရေးအတွက် နည်းပရိယာယ် အမျိုးမျိုးသုံးကာ စစ်ဆင်ရေးတွင် ဘယ်တောင်ပံတွင် ဘယ်သူ့ချိတက်၍ ညာတောင်ပံတွင် ဘယ်သူက ဘာလက်နက်ကို သုံးရမည်ကို ခန့်ခွဲတတ်သူဖြစ်၏။ မွေးကို ရဖို့နေရာတွင်လည်း တစ်ဖက်ကလူကြီးချင်းလွှတ်၍ ချဉ်းကပ်၏။ တစ်ဘက်က မွေး၏စခန်းသို့ သူကိုယ်တိုင် ထိုးဖောက်လာ၏။ အတွတ်သည် သူ့ကိုယ်ကို အလိုလိုအထင်သေးသလို ရှုံ့သလိုဖြစ်လာသည်။ ရရှိသည့်အခွင့်အရေးကို မြန်မြန်ထက်ထက်နှင့် ယိုင်ယိုင်ညွှတ်ညွှတ် ပြုရမည့်နေရာတွင် သူသည် ဘာကြောင့်နှောင့်နှေးသည်ကို မတွေးတတ်ပေ၊ ကြီးကြီးတင်စကားသံသည် အဝေးကြီးမှ ပြောသလို တိုးတိုး တိုးတိုး ကြားနေရ၏။

"ကြီးကြီးတင် တောင်းပန်ချင်တာကတော့ ...အတွတ်က အတွတ်ရဲ့ ညီမလေးကို ကူပြီးနားချပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတင်သည် စကားကိုအဆုံးသတ်လိုက်၏။ အတွတ်သည်သူ့စိတ်ကို သူ ယခုမှနားလည်၏။ အမှန်တော့ ကြီးကြီးတင်က သူ့ကိုသားလိုချစ်သည်။ မွှေးတို့က အစ်ကိုလို ချစ်သည်။ ဒီလိုမြတ်နိုးသန့်စင်သော အချစ်နှင့် သူတို့အားထားတိုင်း သူသည် မွှေးအပေါ် ချစ်ခွင့်ကို ဖွင့်ပြောဖို့ရာ၌ တုံ့ဆတုံ့ဆနှင့် နှောင့်နှေးမိခြင်းဖြစ်၏။ ယခုတော့လည်း အစ်ကိုတစ်ယောက် စိတ်မျိုးမွေး၍ ညီမငယ် ဖနောင်ရေးကိုမျှော်ခေါ်ကာ နားချပေးရဦးတော့မည်။ သူချစ်သောသူအား သူများနှင့်လက်ဆက်ရန် နားချသော အလုပ်ဆိုသည်မှာ ဆင်းရဲခြင်းတွင် ကြီးစွာသော ဆင်းရဲပါတကား။

"သား မသွားခင် ကြီးကြီးတင်ကို ဒါတစ်ခုတော့ ဆောင်ရွက်ပေးခဲ့ပါ။ ကြီးကြီးလဲ စိတ်ချမ်းသာနိုင်မှာပဲ၊ မွှေးက သားကိုချစ်လဲ ချစ်တယ်။ နာလဲ နာခံပါတယ်"

အတွတ်သည် ကြီးကြီးတင်မျက်နှာကို စူးစိုက်၍ ပြန်ကြည့်မိ၏။ သူ့တစ်ကိုယ်လုံးတွင် ချွေးများပြန်သလို ပူရှိန်းလာပြန်သည်။

"ဟုတ်ကဲ့ ကြီးကြီးတင် စိတ်ချမ်းသာအောင်နေပါ၊ ဒီ ရောဂါက စိတ်ချမ်းသာဖို့ အရေးကြီးတယ်။ အတွတ် မွှေးကိုရေလည်အောင် ပြောပြပါ့မယ်။ မွှေးဟာ ခေါင်းမာတယ်ဆိုပေမယ့် အမေကို သိပ်ချစ်ပြီး အမေ့အတွက်ဆိုရင် သိပ်ငဲ့တဲ့ မိန်းကလေးပါ"

"ကျေးဇူးတင်ပါတယ် သားရယ်၊ သူ့ကိုယ်သူ စက်ကြီးလို အောက်မေ့ပြီး မွှေးတစ်ယောက် မနားမနေ အလုပ်လုပ်သွားဖို့ကိုလဲ





ကြီးကြီးတင် မကြည့်ရက်ဘူး။ ပြီးတော့ သူ့ခန္ဓာကိုယ်ကရော ခံနိုင်မလား။ မွှေးဟာ အသက်တိုမယ်"

"ဟုတ်ပါတယ်၊ ကိုကိုနိုင်နဲ့ဆို သူနားရမှာပဲ။ ကျွန်တော်ခုပဲ သွားပြောမယ်"

အတွတ်သည် စိတ်ထဲမှ အားတင်းကာ ထိုင်ရာမှ ထလျှောက်လာ၏။ ကြီးကြီးအနားမှာ ကြာကြာမနေချင်ပေ၊ မွှေးအနားသို့ ရောက်ချိန်ထိ အံကြိတ်ထားမိပေသည်။ အသက်ကိုလည်း ပြင်းပြင်းရှူပစ်လိုက်၏။

"မရွှေမွှေးရဲ့၊ ခင်ဗျားကတော့ ဘာမှမသိဘူး။ သိရဲ့လား။ ကျုပ်မှာတော့ ကျုပ် အသည်းကွဲရမယ့် ဇာတ်လမ်းကို ကျုပ်ကိုယ်တိုင်ဝင်ကရတော့မယ် သိလား"

အတွတ်သည် ယခုလိုပင် အော်၍ပြောလိုက်ချင်သော်လည်း စကားလုံးများသည် နှုတ်ခမ်းဖျားမှ မထွက်ပေ၊ ဒီလိုသာ မျိုသိပ်ဖန်များလျှင် စကားလုံးတို့ အဆုတ်မှာကြပ်ကာ တီဘီရောဂါ စွဲရချည့်ရဲ့။

"မွှေး ကိုကိုနိုင့်ဆီကစာ ဖတ်ပြီးတော့ ဘယ်လိုစဉ်းစားလဲ"

"ဘယ်လိုမှ မစဉ်းစားဘူး"

ခပ်အေးအေးပင် ပြန်ဖြေသည်။

"တစ်ခုခုတော့ စဉ်းစားရမှာပေါ့ မွှေး"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် မျက်လုံးလေးပြူးကာ သူ့ကိုအထူးအဆန်းသဖွယ် ကြည့်ရှုမေးသည်။

"စဉ်းစားရမယ်လို့ ပြောတာ၊ မွေးရဲ့ လက်ထပ်ရေးဟာ မွေး တို့မိသားစုရဲ့ နောင်ရေးပဲ၊ မွေးက အားမာန်တွေတင်းပြီး ဒီခရီး အထိလာခဲ့တာ ဝတ္တရားကျေပါတယ်။ ရှေ့ဆက်ပြီး ကြီးကြီးတင်မရှိ တဲ့နောက် မွေးတို့ညီအစ်မတစ်သိုက် နေရေးထိုင်ရေးဟာမလွယ်ဘူး"

"အတွတ်ကကွယ်၊ ဒီတစ်ခါ ကြီးကြီးကျယ်ကျယ် စကားတွေ ပြောလိုက်တာ"

မွေးသည် မျက်လုံးကလေး ပြူးရယ်ရယ်နှင့် ငယ်ငယ်တုန်းက ဟန်မျိုးနှင့် သူ့ကိုဆို၏။ အတွတ်ကတော့ အလွန်မျက်နှာညိုးနေ တော့သည်။

"မှန်တယ်မွေး။ ဟိုတုန်းကတော့ မင်းနဲ့ကိုယ်နဲ့ဟာ လယ် ကွင်းတောမှာ ရန်ဖြစ်ကြတဲ့အချိန်ပဲ။ တည့်တဲ့အခါလဲ ပြေးလွှားကစား တဲ့ အချိန်တွေပေါ့။ ခုတော့ တို့များနှစ်ယောက်ဟာ တို့ဇာတ်လမ်းတွေ မှာ ဇာတ်ကောင်တွေ၊ ဇာတ်လိုက်တွေအဖြစ် ပါလာကြရပြီ။ ဒီတော့ တို့ဟာ တစ်ခါတလေ လေးလေးနက်နက် စဉ်းစားပြီး လေးလေးနက် နက် ပြောရတော့မယ်"

မွေးမျက်နှာသည် အံ့ဩသလို တစ်မျိုးပင် ပြောင်းလဲသွား ကာ အတွတ်ကို လေးလေးစားစား ကြည့်၏။

"ကြီးကြီးတင် ရောဂါအခြေအနေကလဲ တိတိလင်းလင်းဖွင့် ပြောရရင် သိပ်မဟန်ဘူး။ ဆေးရုံမှာ နားခွင့်ရလို့ အခန်းရတောင်





အနည်းဆုံးခြောက်လ၊ အများဆုံးတစ်နှစ်ပဲ။ သူမရှိတဲ့နောက် အတွတ် တို့က မွေးတို့ညီအစ်မတစ်စုကို မောင်လို အစ်ကိုလို ..."

သူသည် အသံများ တုန်လာလွန်း၍ စကားကို ခဏရပ်ထား ရ၏။ မျက်လုံးကို မွေးမျက်နှာမှ လွှဲပစ်လိုက်ကာ ခြံစည်းရိုးတန်းရှိ ကင်ပွန်းချဉ်ပင်များပေါ်သို့ ကြည့်လိုက်၏။ နောက်စကားလုံးများအတွက် မနည်းအားယူရပြန်သည်။

"စောင့်ရှောက်နိုင်တယ်ဆိုဦး၊ အဝေးကပဲ နေနိုင်ကြမယ် မဟုတ်လား။ ဦးလေး ထွန်းအေးဆိုတာက သူ့ဘဝက သွားပြီပဲ။ မွေးက ဒီလိုပဲဆက် အလုပ်လုပ်သွားမယ်ဆိုဦး၊ ပင်ပန်းလွန်းလှတယ်။ အငယ်မတွေ ဒီဂရီရအောင်၊ ပြီးတော့ ကြီးကြီးတင် စရိတ်ကြွေးတွေ ဘယ်လို တင်လာပြီဆိုတာလဲ အတွတ်သိပါတယ်။ ဒီတော့ လျှော့လိုက် ပါ မွေးရယ်။ မင်းလက်ထပ်ပါတော့။ မွေးလက်ထပ်မှ ကြီးကြီးတင်လဲ အသေဖြောင့်မယ်။ အားလုံးအဖို့လည်း ပြေပြေပြစ်ပြစ် ချောချောမော မောရှိမယ်"

သူ့အသံသည် ပြောရင်းတိမ်၍ ဝင်သွားသည်။ တံတွေးမျိုချ လွန်း၍ လည်ချောင်းသည် ခဏခဏ လှုပ်ရှားနေ၏။

"ပြီးတော့ ကိုကိုနိုင့်အပေါ်မှာ အမြတ်ထုတ်တာမှ မဟုတ်ဘဲ၊ ကိုကိုနိုင်ကလဲ အားလုံး သိပြီးသားပဲ၊ သဘောထားကြီးတယ်။ ပညာ တတ်တယ်။ ရည်မွန်တယ်။ အမျိုးချစ်တဲ့စိတ်ရှိတယ်ဆိုတဲ့ လူတစ်ယောက် ကိုမှ လက်မထပ်ရင် ဘယ်သူ့ကို လက်ထပ်မလဲ မွေး။ ကိုယ့်ကို ခွင့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပါ။ ကိုယ်နိုင်းယှဉ်ပြရရင် ဖရက်ဟာ တကယ်ဆို မွှေးကို လက်မထပ်ရင်နေပါ။ ဒုက္ခတွေအနန္တရောက်နေပြီလို့ သိတဲ့အချိန်မှာ မိတ်ဆွေကောင်းအနေနဲ့ ဖြစ်ဖြစ်၊ 'မွှေး . . . ဒီတစ်ကွေ့တော့ အားခဲဦး' လို့ အားပေးသင့်တယ်။ Encourage လုပ်သင့်တယ် မဟုတ်လား။ နောက်မှ တဖြည်းဖြည်း နောက်ဆုတ်ချင်ဆုတ်ပေါ့။ ခုတော့ မွှေးအပို့ တွယ်ရာမဲ့ အားကိုးရာမဲ့ အဆိုးဆုံးအချိန်မှာ မွှေးကို မုန်းပြီလို့ လုံးလုံးပစ်ရက်တဲ့သူပဲ။ ဖရက်ဟာ အတွတ်ရဲ့ အချစ်ဆုံး သူငယ်ချင်းပါပဲ။ ကိုကိုနိုင်ကတော့ မွှေးကို အနစ်နာခံပြီး ချစ်နိုင်တဲ့စိတ်ရှိတယ်။ အဆိုးဆုံးအချိန်မှာ လက်တွဲပြီး ဝင်ကူချင်တဲ့ စိတ်ရှိတယ် မဟုတ်လား"

သူသည် မောင်ကြီးက ညီမငယ်ကို ပြောဟန်များ တဖြည်းဖြည်း ဝင်လာ၏။ လောင်သော တဏှာဖြင့်ပြွမ်းသည့် အချစ်မှ တဖြည်းဖြည်း မွန်မြတ်သော မောင်နှမချစ်သို့ ကူးပြောင်း၍ပြောဆိုရသော ကြောင့်လားမသိ။ သူ့မျက်နှာသည်လည်း တဖြည်းဖြည်းအေး၍ ကြည်နူးရလာသည်။

"အတွတ်တို့ ဖရက်တို့ကမှ တိုင်းပြည်မီးလောင်ချိန်မှာ ကျောင်းစာသင်ခန်းက ဖင်နေရာမရွေ့ဘူး။ ဟိုကောင်ဆို ပညာတော် သင်ဘဝနဲ့အေးလို့။ ကိုကိုနိုင်ကြီးလဲ အေးနိုင်သားပဲ၊ သူတစ်ယောက် တည်း။ အတွတ်ဆို ခုဒေါက်တာကောင်းကောင်းဖြစ်နေပြီ၊ ဒါပေမယ့် တိုင်းပြည်မီးလောင်နေပြီဆို သူ့အပေါင်းအဖော်နဲ့ စာသင်ခန်းထဲက ထွက်သွားကြတာပဲ၊ အဲဒီစိတ်ကလေးတွေဟာ မြတ်နိုးစရာမကောင်း ဘူးလား။ မွှေးရဲ့စိတ်ကို သိပ်လည်းတင်းမထားနဲ့။ မွှေးဟာ မိန်းမ၊ အသည်းနုလုံးတို့၊ ဦးနှောက်တို့ ဆိုတာတွေမှာ အကန့်အသတ်ရှိကြ





တယ်။ သူတို့ရှိတဲ့အား သူတို့ခံနိုင်ရည် အင်အားထက် အလုပ်ပို မလုပ်နိုင်ကြဘူး။ လုပ်လာရင် မြန်မြန် ပျက်စီးသွားမှာပဲ။ ခုလိုမနား မနေ အလုပ်လုပ်၊ တစ်ဘက်ကစာသင်၊ တစ်ဘက်က တာဝန်ကြီး တစ်ခုနဲ့ဆို မွှေးမြန်မြန် အသက်တိုမယ်။ မင်းမေမေကို ကြည့်၊ ငါးဆယ့်သုံးနှစ်ဆိုတာ အများကြီးနေပျော်ပေမယ့် သူခံလိုက်ရတဲ့ ဒဏ် တွေကြောင့် သူဟာရှေ့နှစ်ဆို လူ့လောကမှာ မနေရတော့ဘူး။ မွှေး အတွတ်ပြောတာတွေ သဘောပေါက်တယ်နော်"

သူသည် မွှေးဘက်ကို ပြန်လှည့်ကာ မေးလိုက်၏။ မွှေးသည် ခေါင်းမဖော်တော့။ မျက်ရည်ပေါက်များမှာ မွှေးပေါင်ပေါ်သို့ တစ်ပေါက် ပေါက်ကျဆင်းနေတော့သည်။ အတွတ်၏ ရင်ထဲတွင်လည်း ထိုအချိန် မှာ ခံစားနေရသော ဝေဒနာကို ဘယ်လိုမှ ထုတ်ဖော်မပြောနိုင်တော့ပေ။

"ကိုယ်နားလည်ပါတယ် မွှေး၊ မင်းက ဖရက်ကို အသက်လို ချစ်တယ်ဆိုတာ၊ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဘူးပေါ့၊ ဒါပေမယ့် သူကတောင် ကိုယ့်ကိုစိမ်းပြီး အေမွှိရင်ခွင်မှာ ပျော်နိုင်သေးတာပဲ၊ မွှေး က ဆိုးရတာမှ မဟုတ်ဘဲ မွှေးရယ် . . . တိတ်ပါ၊ တိတ်၊ တိတ်၊ မငိုနဲ့"

သူသည် တသိမ့်သိမ့် လှုပ်နေသော မွှေးပခုံးလေးကို ပုတ် လိုက်၏။

"ကြိုးကြိုးတင်သိရင် စိတ်ညစ်ဦးမယ်၊ အတွတ်လဲ ပညာတော် သင်သွားရတော့မယ်။ အတွတ်လဲ စိတ်ချလက်ချ သွားနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုစကားကို မနည်းဟန်ဆောင် ပြောလိုက်ရပြန်သည်။

"ကဲ ...အတွတ် ကြီးကြီးတင်ကို နှုတ်ဆက်ပြီးပြန်မယ်။ မွှေးဆိုတဲ့ ရုပ်ကြီးနဲ့ ကြီးကြီးအနားမသွားနဲ့နော်။ တိတ်ပါကွယ်။ လောကကြီးဟာ ဒီလိုပဲ။ ကိုယ်လုပ်ချင်တာ လုပ်လိုက်တိုင်းလဲ စိတ်ချမ်းသာဖို့ အကြောင်းတွေက ဖြစ်ချင်မှဖြစ်လာတယ်။ ကိုယ်မလုပ်ချင်တာကို လုပ်လိုက်ပေမယ့်လဲ စိတ်ချမ်းသာစရာအကျိုးတွေ ဖြစ်ချင်ဖြစ်လာတတ်တာပဲ။ သွားတော့မယ် မွှေး"

သူသည် မွှေး၏ခေါင်းလေးကို ပုတ်ကာ အိမ်ထဲသို့ ဝင်သွားတော့၏။ ငိုနေသော မိန်းကလေး၏ပတ်ဝန်းကျင်တွင် ဝင်လုဆဲဆဲ နေရောင်မှာ ပြန့်ကျဲ၍ နေရစ်တော့သည်။

လန်ဒန်သို့ မထွက်ခွာခင် သူသည် ဝါးခယ်မသို့ တစ်ညအိပ်ထွက်လာခဲ့၏။ မေမေကတော့ အခြေအနေမကောင်းသေး၍ သူတို့ဘက်ကမ်းတွင် မအိပ်ဘဲ ဝါးခယ်မဘက်တွင် အိပ်ရန်မှာလိုက်သည်။ အတွတ်စိတ်ထဲတွင်တော့ သူ့အိမ်တွင် အိပ်ဖြစ်အောင် အိပ်ရန်ဆုံးဖြတ်လာခဲ့သည်။

မြို့သည် ကမ်းခြေတစ်လျှောက် တဲများဖြင့် ရုပ်ပွ၍ နေတော့သည်။ သကျမဟာသိဒ္ဓိ ဘုရားကြီးသာ ရွှေရောင်တဝင်းဝင်း ပန်းရနံ့တသင်းသင်းဖြင့် မပျက်မစီး မပြောင်းလဲသလို ရှိတော့သည်။

ကျန်သည့် အခြေအနေများကတော့ သူငယ်စဉ်က နေသွားရ





သည်နှင့် ဘာမှမတူပေ။ သူ့ကိုပင် မြို့နေလူများက တစိမ်းတစ်ရွာသားတစ်ယောက်လို စိမ်းစိမ်းကြည့်ကြ၏။ ဘုရားဖူးပြီး တဘက်ကမ်းသို့ ဦးကွန့်နှင့်အတူ ကူးလာခဲ့သည်။ ကမ်းနဖူးတွင် အိမ်အိုကြီးနှစ်ဆောင်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် သူ့ရင်ဘဲတွင်ဆို့၍သွားသည်။

ရေဆိပ်တံတားကို တစ်လှမ်းချင်းတက်ရင်း မျက်ရည်ဝေ့မလာအောင်ပင် စိတ်ကို တင်းရတော့သည်။ အတွတ်လေးတို့ မွှေးလေးတို့ ပြေးလွှားကစားသံ၊ တေးသံလေးများ သစ်ပင်များကြားမှ ထွက်လာသလို ဖြစ်လာသည်။

ခုတော့ အိမ်ကြီးနှစ်ဆောင်သည် သေ့ခြောက်နေသည်။ မွှေးတို့အိမ်မှာ အသစ်ပြုပြင် မွမ်းမံမည့်သူမရှိ၍ ပို၍ဟောင်းနွမ်းကာ တချို့ အဆောင်များမှာ ယိုင်လုလုဖြစ်နေတော့သည်။

ပိတောက်ပင်ကြီး တစ်ပင်တည်းသာ ဖူးငုံးငြိမ်းငွေ့ရွယ်ကောင်းသော ရှည်လျားသည့်ဘဝအတွက် ညည်းညူလှုပ်ရှားနေဟန်ရှိသည်။

သူသည် ပိတောက်ပင်အောက်တွင် ခဏရပ်လိုက်၏။ ဤနေရာမှဖြတ်ကာ မွှေးထံ ခဏခဏသွားခဲ့ရသည်။ ဤနေရာတွင် ရပ်ကာ မွှေးနှင့် မျက်နှာခိုကာ စကားပြောခဲ့ရ၏။ စိတ်ထဲတွင် မှိုင်းမှုန်လေးများပင် သွန်ကျလာကာ ပိတောက်၏ရနံ့သည် လေတွင်သင်းပျံ့လာခဲ့ဟန်ရှိ၏။

ပန်းများ ပွင့်သောနေ့က သူချစ်သော မွှေးကိုဖရက်က စ,ခဲ့၏။ ပန်းဆိုင်ရွှေဝါပွင့်များကို ပွေ့ကာဖက်ကာ ပြေးနေသော မွှေးသဏ္ဌာန်ကို မြင်ယောင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းရနံ့သည် လေတွင်ပျောက်သွားပြန်၏။ ဪ မိရွှေမှေးကို တမ်းတရသောစိတ်၊ ချစ်ခဲ့ရသော စိတ်တို့ကိုမူ နှလုံးသားမှ ဘယ်တော့မှလည်း မပျောက်။ နှလုံးသားအပြင်သို့လည်း ထွက်၍ဖွင့်ဟရန် ခဲယဉ်းခဲ့ပါတကား။

သူ . . . အိမ်ဘက်သို့ ပြန်ကူးလာကာ လှေကားကို တစ်လှမ်း ချင်းတစ်ထစ်ချင်း တက်လာခဲ့၏။ အနောက်ဆောင်ကို သွားရာလမ်းမှာ ဖုံများ ထပ်နေ၍ လင်းနို့ချေးနံ့ နံလျက်ရှိနေပေသည်။ အနောက်ဆောင် သည် ရေညှိများနှင့် စိမ်းညစ်ညစ်ရောင် ပေါက်နေ၏။ သော်ကာဘုရား လမ်းဘက်ဆီသို့ မျှော်ကြည့်လိုက်သောအခါတွင်မူ မျက်ရည်များမှာ ဝေ့ ၍ လာလေတော့သည်။

စေတီ၏ လုံးပတ်တော်သည် ရွှေရောင်မှိန်ကာ မည်းညို့ညို့ ကြီးဖြစ်နေတော့သည်။ နားထဲတွင် ခြူသံ၊ လှည်းသံ၊ မှေး၏မျက်လုံး လေးရိရိနှင့် သီချင်းဆိုသံများမှာ စီစီညံညံ ပေါ်လာပြန်၏။ ဝင်ဆဲနေလုံး ရဲရဲနှင့် အရောင်ဟပ်နေသော စေတီတော်၏ ကြည်ညိုဖွယ်ရာ သပ္ပာယ် သော မြင်ကွင်းသည်လည်း နိုးရိုမှုမြင်ကာ ပျောက်၍သွားတော့သည်။

"ဦးကွန့်ရေ လာဗျာ၊ ဟိုဘက်က ဦးဆယ်ကိုပါ ခေါ်။ ကျွန်တော် တို့ သော်ကာဘုရား သွားရအောင် ဖယောင်းတိုင်လဲ ယူခဲ့"

သူ့နောက်တွင် ရပ်နေသော ဦးကွန့်မှာ ပါးစပ်လေးဟကာ ကြောင် နေသည်။

အတွက်ရယ် ဖြစ်ပါ့မလား။ တော်တော်ကြာ အကြမ်းဖက် သောင်းကျန်းသူတွေနဲ့ တွေ့နေမှ . . .





"အိုဗျာ ကျွန်တော့်မှာ ရန်သူမရှိပါဘူး။ ကျွန်တော်တို့ သုံး ယောက် စုတ်စုတ်နုပ်နုပ်သွားတာပဲဟာ။ သွားခေါ်ဗျာ။ သွားမယ်။ လှေ ပါထုတ်။ ဒီအချိန်မှာ လယ်ကွင်းထဲက သွားလို့မဖြစ်ဘူး။ သော်ကာ ကူးတို့ဆိပ်ထိ လှေလှော်၊ ဟိုကျမှ လျှောက်သွားတာပေါ့"

ဦးကွန့်မှာ သူစီစဉ်သည့်အတိုင်း လုပ်၍ပေးရှာ၏။

သော်ကာ ကူးတို့ဆိပ်မှ ဘုရားသို့သွားရာ အုတ်လမ်းသည် အတော်ပင် ပျက်စီး၍နေတော့သည်။ အုတ်လမ်းသည် မိုင်ဝက်ခန့် ရှည် လျား၏။ နှစ်ဖက်မှ ကုက္ကိုပင်တန်းမှာ အချို့အပင်များ ယိုင်စ၊ ပြို၍ နေပေသည်။ ဘေးဘက် လယ်ကွင်းများထဲတွင်မူ စပါးပင်များ စိမ်းနေ ပေသေးသည်။ သူတို့ငယ်ငယ်တုန်းကလိုတော့ ကလေးတို့သည် လယ် ရိတ်သိမ်းပြီးချိန်တွင် ပြေးလွှားဆော့ခွင့် မရှိတော့ပေ။

မငြိမ်းချမ်းသော ကာလတွင် ကလေးတို့၏ ရယ်သံသည်လည်း ဆိတ်ခဲ့ပြီတကား။

လယ်တောသူတို့၏ တေးသံသည်လည်း ငြိမ်ကာ နွေအလျှ ခင်းမှ တေးသံသည်လည်း ပျောက်ခဲ့ရပြန်ပကော။

တန်ဆောင်းကြီးမှာ ပြိုပျက်နေ၍ အမိုးတစ်ခြမ်းပင် ဟင်းလင်း ပွင့်နေသည်။ ဂန္ဓကုဋိတိုက်ခန်းရှိ ကျောက်ဆင်းတုနှစ်ဆူမှာ အလယ်မှ အက်တောကွဲအက်နိမ့်ကျသွား၍ ဒူးတော်နှစ်ခု ဆိုင်ကာ ယိုင်လဲလု ဖြစ်နေ တော့သည်။

မှေးတို့ အခြေပျက်ခဲ့သလိုပင် မှေးဘွားဘွား၏ ဒါနအဆောင်



www.burmeseclassic.com

www.burmeseclassic.com



အဦသည်လည်း ပျက်စီးယိုယွင်းခဲ့၏။ အတွတ်သည် ဦးကွန့်လက်မှ ဖယောင်းတိုင်ထုပ်ကို လှမ်းယူကာ ဘုရားရှေ့တွင် ထွန်းညှိလိုက်သည်။

ဖယောင်းတိုင်အဖျား၌ မီးရောင်တငြိမ့်ငြိမ့် တလှုပ်လှုပ်ထွက်ပေးလာလျှင်ပင် လှပသော လက်ချောင်းရှင်ကို သတိရမိပြန်သည်။ မွှေးသည် သူ၏လှပသော လက်ချောင်းလေးများဖြင့် ဤနေရာတွင် တစ်ခါက အတွတ်နှင့်အတူ ဖယောင်းတိုင်လေးများ စိုက်ထူကာ ဘုရားမီးပူဇော်ခဲ့၏။ ထိုလက်ချောင်းလေးများ၏ ပိုင်ရှင်နှင့်တစ်မြေထဲတွင် မွေးဖွား၍ တစ်ရေထဲသောက်ကာ အတူတကွ ကြီးပြင်းလာခဲ့ပါလျက်နှင့် ချစ်ခွင့်ကိုမူ သူမရခဲ့ပါတကား။

သူသည် တန်ဆောင်းအပြင်သို့ ထွက်လာခဲ့၏။ လယ်ကွင်းဘက်ဆီမှ လေအေးများ တိုက်ခတ်လာကြသည်။ ဖျိုင်းဖြူအုပ်သည် စိမ်းသော လယ်ကွင်းကိုဖြတ်၍ ညိုညိုပြာပြာ ကောင်းကင်တွင် ပန်းပွင့်တန်းကြီး ရွေ့လျားသလိုပျံ၍သွားကြသည်။ မွှေးနှင့်အတူ ငွေဖျိုင်းဖြူတို့ကို မကြည့်နိုင်တော့ပြီတကား။

"အဲဒီ လယ်ကိုတောင် ကမန်းကတန်း စိုက်ကြပျိုးကြရတယ်အတွက်ရဲ့။ ဓေးတဲ့ခေါင်တဲ့နေရာကျတော့ အကြမ်းဖက်သောင်းကျန်းသူကို ဆက်ကြေးပေး၊ အကြမ်းဖက် သောင်းကျန်းသူနဲ့ နားလည်မှုယူပြီး စိုက်ကြ၊ ပျိုးကြရတာပဲ"

ဦးကွန့်ကတော့ အတွတ်သည် သူ့လယ်ယာများအကြောင်းကို သိချင်မည်ထင်၍ နောက်မှလိုက်ကာ ပြောပြ၏။





"မမသောင်းစိန် လယ်သမားတွေထဲကဆို ကိုပိုးမောင်တို့က တော်တော်သစ္စာရှိတယ်၊ ရသမျှ စပါးရော လယ်ခရော မနှစ်ကလာ ပေးရှာတယ်"

"ကဲ . . . ပြန်စို့ဗျာ"

သူသည် ရှေ့မှခပ်စိုက်စိုက် လျှောက်ကာ ဘုရားပရဝုဏ်မှ ပြန်ထွက်လာ၏။ ဦးကွန့်ကတော့ စကားတပြောပြောနှင့် နောက်မှလိုက်လာခဲ့၏။

"ဝါးခယ်မကတော့ ဘုရားတန်ခိုးတော်ပဲ၊ မြို့ပေါ်မှာ တိုက်ပွဲဖြစ်တယ်လို့ မရှိဘူး။ မြို့ဖျားတော့ ခဏခဏ လာပစ်တယ်။ ဒါပေမယ့် ရာသီလိုက် ပွဲတော်တွေကတော့ မပျက်ဘူးကွယ့်။ သီတင်းကျွတ်လဲ စည်တာပဲ။ တန်ဆောင်မုန်းရောက်လို့ ကထိန်ပွဲရောက်ရင် မမတို့ကို တယ်သတိရတယ်"

"တော်ပါတော့ဗျာ၊ ကျွန်တော်လဲ အမြဲ လွမ်းရက်ပါပဲ"

သူသည် ဒါပဲ ပြန်ပြောလိုက်၏။ သူတို့သည် တိတ်ဆိတ်စွာ လမ်းလျှောက် ပြန်လာခဲ့ကြ၏။

အိမ်ရောက်လျှင် အတွတ်သည် သူ့အိပ်ခန်းလေးရှိရာသို့သာ တန်းတန်းမတ်မတ် တက်လာခဲ့သည်။ ဦးကွန့်က သူ့အတွက် အိပ်ရာခင်းပေး၏။ သူသည် အိပ်ရာပေါ်လှဲရင်း မမြင်ရသော အငွေ့အသက်တို့ကို ပြန်၍လွမ်းဆွတ်မိသည်။ သူ လွမ်းဆွတ်တမ်းတချိန်တွင် ဖရက်သည် သူ့ကိုသတိမှ ရပါလေစ၊ မွှေးကရော သူ့ကို တမ်းတပါလေစ။

ညဉ့်သို့ ရောက်လာသောအခါတွင်မူ မွှေး၏ အိမ်တံခါးသို့

www.burmeseclassic.com



ဧေမောပ်ပြန်သည်။ အိမ်ကြီးသည် မည်းမှောင်နေသောကြောင့် လရောင် ရေးရေးတွင် မလှပတော့ပေ။ ခြံကြီးထဲတွင်မူ လရောင်အကွက်အပြောက် ကလေးများကို ခပ်ရေးရေး မြင်ရ၏။

တစ်ခါက ဤအိမ်ကြီးပေါ်မှ ကြေးစည်သံ၊ ပရိတ်ရွတ်သံတို့ သည် သူ့ဆီသို့ အေးငြိမ့်စွာ လွင့်လာကြသည်။ တေးသံနှင့် ရယ်သံ တို့သည်လည်း ပျံ့လွင့်လျက်ရှိ၏။

ယခုတော့ အစိုးမရခြင်း၏ သဘော၊ ပြောင်းလဲခြင်း သဘော တို့က ဤအိမ်ကြီး၏ သာယာချမ်းငြိမ်းခြင်းကို အားလုံးဖျက်ဆီး၍ ပစ် ခဲ့လေသည်။

အတွတ်သည် လ,ရောင်မှုန်မွှားမွှားအောက်တွင် တငြိမ့်ငြိမ့် နှင့် ရေအလျှင်မပြတ်ခဲ့သော မြရောင်မြစ်ကို လှမ်းမျှော်ကြည့်လိုက် ကာ နောက်ဆုံးပြတင်းတံခါးကို ပိတ်လိုက်တော့သည်။

ရန်ကုန်သို့ နောက်နေ့တွင် ပြန်လာပြီးနောက် ဗုဒ္ဓဟူးနေ့ မတိုင်ခင် ညနေတွင် သူမွှေးကို နောက်ဆုံးတွေ့ခဲ့၏။ မွှေးသည် သူနှင့် ကြီးကြီးတင်တို့၏ အစီအစဉ်ကို လက်ခံကြောင်း ကြီးကြီးတင်ထံမှ သိခဲ့ ရ၍ မွှေးကိုနောက်ထပ် သူဘာမျှ မပြောတော့ပေ၊ သို့သော် ပြန်ခါနီး တွင် မွှေးအား ခြံဝရှိ ဇီဇဝါပင်နားအထိ သူခေါ်လာခဲ့သည်။ မွှေးသည် သံပတ်ပေးထားသော အရုပ်ကလေးလို အသက်မပါသော လှုပ်ရှားခြင်း မျိုးဖြင့် လျှောက်ကာ သူ့နောက်မှ လိုက်ခဲ့၏။

သူတို့အနားတွင် ဇီဇဝါပန်းရနံ့သည် သင်းပျံ့လျက်ရှိသည်။

"မွှေး ...ကိုယ် နက်ဖြန် သွားတော့မယ်။ မင်းနဲ့ကိုယ်နဲ့





ဒီနေ့နောက်ဆုံး တွေ့ရခြင်းပဲ။ မင်းတို့လက်ထပ်ပွဲကို မစောင့်နိုင်တဲ့ အတွက် ခွင့်လွှတ်ဖို့ ကိုကိုနိုင်ကို ပြောပေးပါ။ ကိုယ်ကတော့ အင်္ဂလန် မှာ သင်ပြီးလဲ ပြန်မလာသေးဘူး။ ဆွစ်ဇာလန်သွားမယ် စိတ်ကူးတယ်။ ကိုယ်ပြန်လာချိန်ကျရင် မွှေးလဲ သားတွေ၊ သမီးတွေနဲ့ သိုက်သိုက်ဝန်း ဝန်း ရှိရောပေါ့နော်။ မွှေးရဲ့ အိမ်ထောင်ရေးဟာ သာယာချမ်းမြေ့ပါစေ လို့ ဆုတောင်းခဲ့ပါတယ် မွှေး။ ရော့ ဒါ မွှေးအတွက်၊ ခေါင်းမာတဲ့ ကောင်မလေးအတွက်၊ အတွတ်ဆီက ဘာအကူအညီမှ မလိုချင်တဲ့ မိန်းကလေးအတွက် အတွတ်ရဲ့ မင်္ဂလာလက်ဆောင်ကို ပေးခဲ့ပါတယ်"

အတွတ်သည် ကျောက်ရုပ်လို ရပ်နေသော မွှေး၏ဘယ်လက် ကို ဆွဲယူလိုက်၏။ မွှေး၏ လက်ခလယ်တွင် သူသည် တစ်လုံးတည်း စိန်လက်စွပ် ကလေးတစ်ကွင်းကိုဝတ်၍ ပေးလိုက်သည်။ လှပ၍ နူးညံ့ သော လက်ဖမိုးကလေးကို မ,ယူကာ သူသည် နမ်းရှုပ်လိုက်၏။ မွှေး မျက်နှာကို လှမ်းကြည့်လိုက်သောအခါတွင် ရွှန်းမှိုင်းစက်နေသော မျက် လုံး လှလှကြီးတွင် မျက်ရည်များ စို့နေတော့သည်။ မွှေးကို မြင်ခဲ့ရသော တစ်သက်တာ၌ ထိုအချိန်တွင် မွှေး၏မျက်လုံးတို့သည် အလှပဆုံးပါတကား။

* * *

မွှေး၏လက်ထပ်ပွဲကို တနင်္ဂနွေမနက်တွင် ကျင်းပကြသည်။ လက်ထပ်ပွဲမတိုင်ခင် ဆေးရုံမှာ သွားနေချင်သည်ဟု မွှေး၏ မေမေက ဆိုသည်။ မထနိုင်သော လူနာကြီးတစ်ယောက်အဖြစ်နှင့် မင်္ဂလာပွဲတွင် ပါဝင်ရန် အားတို့အားနာ ဖြစ်နေပုံရပေသည်။ ဒေါက်တာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးအခန်းတွင် ခေတ္တတက်ရောက်နေမှ ပိုက်ဆံခန်းရလျှင် ရချင်း ပြောင်းရသည်မှာ လွယ်ကူကြောင်း၊ ဆေးရုံတွင် ပိုမို၍ သင့်လျော်မည့် အကြောင်း အကြံဉာဏ်ပေးပေသည်။

ကိုကိုနိုင်သည် လက်ထပ်ပွဲမတိုင်မီ တစ်ပတ်စော ရောက်လာ၏။ မွေးတို့ ညီအစ်မတစ်စုအတွက် ကမာရွတ်မှာပင် လက်ရှိအိမ်ထက် ကျယ်ပြန့်သည့် ခြေတံရှည် ပျဉ်ထောင်အိမ်တစ်ခုကို ကိုကိုနိုင်၏အမေ ဒေါ်မညွန့်ကရှာ၍ ပေးသည်။ လူနာကို ဆေးရုံပို့ပြီး သူတို့အားလုံးက အိမ်သစ်သို့ ရွှေ့ပြောင်းကြရန် ဖြစ်ပေသည်။

ကိုကိုနိုင်သည် မွေးနှင့်အတူတူပင် ဒေါ်တင်တင်ကြီးကို ဆေးရုံသို့လိုက်၍ ပို့သည်။ ၁၅–ပေခန့်ကျယ်သော အခန်းထဲတွင် လူနာ အတွက် ခုတင်တစ်လုံးရပေသည်။ ထိုအခန်းလေးထဲတွင် အားလုံး ခုတင်ခြောက်လုံးရှိ၏။ ခြေရင်းခေါင်းရင်း ခုတင်များရှိ လူနာများကို ကြည့်ရသည်မှာ အတော်စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပေသည်။ တစ်ကိုယ် လုံး ဝါထိန်ကာ ဖောနေသော မိန်းမကြီးတစ်ယောက်မှာ မျက်လုံးပိတ် ၍ လှုပ်နိုင်မတူတော့ပေ။ သူ့ဆံပင်များသည် ကျဲ၍လက်တစ်ဆစ်ခန့် ထိ အပေါ်သို့ ထောင်နေပေသည်။ ဆေးရုံအဝတ်အစားများမှာ များ သောအားဖြင့် သွေ့ခြောက်ခြောက် အရောင်အဆင်း ကင်းမဲ့သော''ပြာ'' ရောင်များဖြစ်၍ လူနာရုပ်မှာ ပိုမိုကျက်သရေ ကင်းမဲ့နေတော့သည်။

မေမေနှင့် အနီးဆုံးခုတင်တွင်မူ ဝါခြမ်းလောက်ရှိ လက်ချောင်း များကို ထောင်ကာ ညည်းညူနေသော မိန်းမတစ်ယောက် ဖြစ်၏။





သူသည် ကိုကိုနိုင်တို့ ရပ်နေသော တစ်နာရီအတွင်းတွင်ပင် ဝမ်းလေး ခါမျှသွား၍ ပြီးပေပြီ။

တောင်ဘက်နံရံတွင် ကပ်နေသော လူနာကမူ မျက်လုံးမှတစ် ပါး လှုပ်လှုပ်ရှားရှား မရှိတော့ပေ။ ငြိမ်သက်စွာပင် သေရမည့်အချိန် ကို စောင့်မျှော်နေဟန်ရှိ၏။ မြောက်ဘက်နံရံတွင် ခုတင်လွတ်တစ်လုံး ကပ်ထား၍ ထိုခုတင်အနီးတွင်မူ တရုတ်မကြီးတစ်ယောက်သည် ချောင်း တဟွတ်ဟွတ် ဆိုးလိုက်တိုင်း သွေးများပါ၍ ထွေးခံထဲသို့ အန်ချလိုက် ဆိုးလိုက် ဖြစ်နေသည်။ သူ့အသားများမှာ ဖျော့တော့၍ မျက်လုံးတွင် လည်း လုံးဝအရောင်မရှိသလို ဖြစ်နေတော့သည်။

ကိုကိုနိုင်သည် ဒေါ်တင်တင်ကြီး၏ မျက်နှာကို လှမ်း၍ကြည့် ၏။ လူနာသည် စိတ်တင်းထားပုံရသော်လည်း ပတ်ဝန်းကျင် အနိဋ္ဌာရုံ များကို ကြောက်ရွံ့သောဟန်မှာ သူ့မျက်လုံးတွင် ဖုံးကွယ်၍ မရပေ။

ဆရာမ တစ်ယောက် ရောက်လာ၏။

''ရော့ . . . ဒီဆေးရုံအင်္ကျီတွေကိုလဲဝတ်။ ဒီမှာ ရှင့်အိမ်က အဝတ်အစားတွေ မဝတ်ပါနဲ့''

ဆရာမ ပြောပုံမှာ မာကျောလှသည်။ ဆေးရုံအဝတ်အစား တွေလည်း ဘယ်လိုပင် ပိုးသတ်ထား၍ သန့်ရှင်းသည်ပြောပြော မျက်စိ ထဲတွင်တော့ အကွက်မပေါ်၊ အစုတ်ကလည်း ပါသေးသည်။ ကျက် သရေအတော်တုံးသော အဝတ်အစားများသာတည်း။

မွေးသည် ဆရာမပေးသွားသော အဝတ်အစားများကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ယုလိုက်ကာ မေမေ့အနားသို့ တိုးကပ်သွား၏။ ကိုကိုနိုင့်စိတ်ထဲမှာလည်း အတော်ပင် ရှုပ်ထွေးလာသည်။ လူနာများသည် နာခေါင်းနှင့်ပါးစပ်တွင် အဝတ်စည်းထားသော်လည်း တာရှည်မတပ်ထားနိုင်ကြပေ။

"မွှေးရာ ...မေမေ့ကို အိမ်ပြန်ခေါ်သွားပါစို့။ ဆေးရုံဆိုတာ စိတ်ချမ်းသာစရာ ကောင်းမှုပေါ့။ ခုမြင်ရတာ ကိုကိုနိုင်တောင် သေချင်တယ်"

မွှေးသည် မေမေ့မျက်နှာကို တစ်လှည့် ကိုကိုနိုင်ကို တစ်လှည့်ကြည့်နေ၏။ မေမေကတော့ ဘာမျှမပြောပေ။

"ကိစ္စမရှိပါဘူး မေမေ၊ ကျွန်တော်တို့ လက်ထပ်ပွဲက တစ်နေရာမှာလုပ်မှာ။ မေမေ့ကိုလည်း အနှောင့်အယှက် မဖြစ်ပါဘူး"

"သားတို့ကို အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ"

"ဟာ ... ကိစ္စမရှိပါဘူး။ ဒီနေရာတော့ မထားချင်ဘူး"

သူတို့က စကားပြောနေတုန်းပင် ဆရာဝန်ကြီးရောက်လာ၏။

"မွှေး သိပ်ကံကောင်းတာပဲဟေ့၊ ခုပဲ ထားဝယ်က လူနာချက်ချင်းဆင်းချင် လုချည့်ရဲ့ဆိုပြီး လာပြောတယ်။ သူ့အခြေအနေလဲအတော်ကောင်းသွားပြီ၊ အခန်းတစ် (ဘီ)အားသွားပြီ၊ ကဲ-ပိုက်ဆံခန်းရွှေ့နိုင်ပြီ"

မွှေးမှာ ဝမ်းသာ၍ မဆုံးတော့ပေ။

"အတွတ်ဆီကရော စာလေးဘာလေး လာရဲ့လား"

"လာပါတယ် အန်ကယ်"





"ကဲ ... အန်ကယ်၊ ဆိုင်ရာကို ပြောလိုက်မယ်။ သူတို့လာရွှေ့လိမ့်မယ်နော်"

ဆရာဝန်ကြီးသည် လူနာကို စမ်းသပ်ကြည့်ပြီး ထွက်သွားမှ သူတို့အားလုံး အသက်ရှုချောင်သွားတော့သည်။

"ကဲ ...မေမေ အခန်းရွှေ့ပြီးတဲ့အထိ မွှေးစောင့်နေ၊ ကိုကို နိုင် ငွေပြန်ယူပြီး ဟိုကိုလိုက်လာခဲ့မယ်။ ပထမဆုံး ငွေ ၂၀၀ တင် ထားရသေးတယ် မဟုတ်လား"

မွှေးသည် ဘာပြန်ပြောရမှန်းမသိသလို ငိုင်နေသည်။ ကိုကိုနိုင်သည် ခပ်မြန်မြန် အပြင်သို့ထွက်သွားတော့၏။

* * *

ကိုကိုနိုင်မှာ ခွင့်ရက်များများ မရတော့၍ မေမေ့ကို ဆေးရုံတင်ပြီးပြီးချင်းပင် လက်ထပ်ပွဲကို စီစဉ်ရသည်။ ကိုကိုနိုင်၏ အမေမှာ နောက်ဆုံးအခန်းအပ်သည်အထိ လက်ထပ်ပွဲကို သိပ်သိပ်သည်းသည်း စီစဉ်ပေးရှာ၏။ သူ၏ချိုပြုံးသော မျက်နှာနှင့်ပင် မွှေးအနားသို့ ခဏခဏ ကပ်လာ၏။

"မေမေလဲ အရွယ်ထောက်လာတော့ သားအတည်တကျရှိပြီဆိုရင်ပဲ ဘယ်လိုဝမ်းသာမှန်းမသိဘူး။ မေမေ့မှာ သွေးတိုးရောဂါကလဲ ရှိတယ် မဟုတ်လား။ သမီးတို့မေမေလဲ မြန်မြန်ကျန်းမာလာမှာ၊ သမီး ဘာမှမပူနဲ့"

မွှေးက သူ့တွင်ထိုမျှ ကြင်နာသော မိခင်လို ယောက္ခမ ရလာလိမ့်မည်ဟု တစ်ခါမျှ မမျှော်လင့်ဖူးပေ။



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည့်များအားလုံး မရှိတော့သည့်အချိန် ညဘက်ရောက်မှ အဘွားကြီးက အိမ်ပြန်ရန်ပြင်၏။ ကိုကိုနိုင်ရော မွှေးပါကန်တော့ကြ၏။ မွှေးသည် ကားပေါ်အထိ လက်တွဲကာ ယောက္ခမကိုလိုက်၍ပို့ လိုက်သည်။ ကားထွက်သွားလျှင်မူ ကိုကိုနိုင်သည် သူ့အပါးကပ်၍ရပ် လျက်ရှိသည်။ အိမ်သည် အမြင့်ဖြစ်၍ ပြတင်းများမှ မီးရောင်မှာ တချို့ နေရာများတွင်ခြံထဲသို့ မှိုးကာလင်းနေပေသည်။

"ကဲ. . .မေမေကရော မွှေးကိုဘယ်လောက်ချစ်သလဲ။ မွှေးကိုယ်ကိုသာ ကန္တာရထဲရောက်နေသလို မွှေးကထင်နေတာ။ အမှန်တော့အချစ်တွေ အရှစ်တွေဆိုတာ မွှေးပတ်ဝန်းကျင်မှာ ပုံသိပ်နေတာပဲ"

မွှေးသည် ငြိမ်သက်စွာ ခေါင်းငုံ့နေ၏။ သူတို့အနားတွင် လ, ရောင်မှာ ထိန်ထိန်သာ၍ နေတော့သည်။ အံ့ဩဖွယ်ကောင်းသည်မှာ မွှေးလက်ထပ်သောနေ့သည် တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ဖြစ်၏။ မွှေးသည် လမင်းကိုမော်၍ မကြည့်ရဲသလို ဖြစ်နေသည်။ လွန်ခဲ့သော ခုနစ်နှစ်ခန့်က ထိုလရောင်အောက်တွင် မွှေးနှင့်အတူ ယှဉ်ရပ်ခဲ့သည်မှာ ဖရက်ဖြစ်၍ ယခုညတွင်မူ သူ့အပါးမှာ ရပ်သူမှာ ကိုကိုနိုင် ဖြစ်ပေသည်။

"ဘယ့်နှယ်လဲ မိန်းကလေးရယ်" ဟု လမင်းကပင် သူ့ကို မေးတော့သလို သူ့စိတ်ထဲတွင် စိတ်မလုံတော့ပေ။

"မွှေးကို ခွင့်လွှတ်ပါ လမင်းကြီးရယ်၊ မွှေးအပြစ် မဟုတ်ပါဘူး။ မွှေးရဲ့ ချစ်မေတ္တာဟာ လမင်းကြီးရဲ့ ရောင်ခြည်လိုပဲ အစဉ်သန့်ပြန့်ခဲ့ပါတယ်"





သူသည် စိတ်ထဲမှာ လမင်းကို စကားပြောနေမိ၏။

"မွှေး"

ကိုကို[illegible]သည် သူ့ပခုံးလေးကို ဖျစ်ညှစ်၍ ဖက်ထားကာ လက် တစ်ဘက် ၇ မွှေး၏မေးစေ့လေးကိုကိုင်ကာ မွှေးမျက်နှာကို ဆွဲယူမော့လိုက်သည်။ မွှေးမျက်လုံးများသည် လရောင်ခြည်ကြောင့် အရောင်တဖျတ်ဖျတ် တောက်ပနေသည်။

"မွှေး မပျော်ဘူးလားဟင်၊ လရောင်ကလဲ သိပ်လှတာပဲနော်"

"မွှေးက လရောင်ကို ရှက်နေလို့ပါ"

"ဟော့ဗျာ . . ." ကိုကိုနိုင်သည် ပြုံးရယ်လိုက်၏။

"လရောင်ကို ရှက်တယ်လို့" အဓိပ္ပာယ် နားမလည်သလို ပြောလိုက်၏။

"ဟုတ်တယ်၊ ဟိုလွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ညရဲ့ လရောင်အောက်မှာ မွှေးတွေ့ခဲ့တာက ယောကျာ်းတစ်ယောက်ဆိုတော့ ကိုယ့်သိက္ခာကို ရှိသေတဲ့ မိန်းကလေးဆိုရင် လမင်းကြီးကို ရှက်တာပေါ့"

"သိပါတယ်ဗျာ၊ ကိုကိုနိုင် မသိတာမှမဟုတ်ဘဲ၊ အဲဒီလူက တင်အောင်ထွန်း (ခေါ်) ဖရက်ဒီ မဟုတ်လား"

မွှေးသည် ခေါင်းငုံ့၍နေ၏။ ကိုကိုနိုင်က မွှေးကို တင်းကြပ်စွာဖက်လိုက်ပြီးမှ "ဒီလို လက်ထပ်ညဦးဆိုရင် ချစ်သူနဲ့ မပေါင်းရတဲ့ သူတွေဟာ ကိုယ့်အချစ်ဦးကို သတိရတာ မမှုတာပဲ။ ကဲ . . . ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



မေ့လိုက်ပါတော့။ မွေးရဲ့ဘဝက ဟိုဘက်မှာပြည့်ဖုံးကား ချလိုက်ပြီပဲ။ ဒီဘက်မှာ ကိုကိုနိုင်နဲ့အတူ ကဏ္ဍအသစ်တစ်ခု ဖွင့်ရတော့မယ် မိန်းကလေးရယ်။ စိတ်ကို ပျော်ပျော်ထားလိုက်စမ်းပါ။ ကိုကိုနိုင်ဟာ မွေးကို တကယ်မြတ်နိုးတဲ့သူပါ။ ယုံစမ်းပါကွယ်''

ကိုကိုနိုင်သည် မွေး၏မျက်နှာလေးကို မ,ယူကာ သူ့ပါးနှင့် အပ်လိုက်သည်။ မွေးပါးပေါ်မှ မျက်ရည်စများကြောင့် အေးသော်အခတွေ့မှာ ကိုကိုနိုင်အသည်းသို့ တိုင်အောင် စိမ့်၍သွားတော့၏။

* * *

ခွင့်ရက်စေ့၍ ပြန်သည့်တိုင်အောင် မွေးနှင့်အတူနေခဲ့သော ရက်သတ္တပတ်နှစ်ပတ်ကို ကိုကိုနိုင်က ကျေကျေနပ်နပ်ရှိခဲ့၏။ မွေးသည် ကျွမ်းကျင်လိမ္မာသော အိမ်ထောင်ရှင်မကြီးဟု မဆိုနိုင်သော်လည်း သူသည် တတ်သမျှ မှတ်သမျှကိုတော့ စေတနာရှိရှိနှင့် ပြုစုဆောင်ရွက်ပေးသည်ဆိုသော ဟန်မှာအမြဲပေါ်လွင်နေ၍ ကိုကိုနိုင်ကကျေနပ်၏။ ဒီလိုဟန်များကပင် လင်သားတစ်ယောက်၏ အသည်းနှလုံးကို အစဉ် ပွန်းစေသည် မဟုတ်ပါလား။

''အမှန်ကတော့ ကိုကိုနိုင် မွေးကိုခွဲမထားရက်ခဲ့ချင်ပါဘူး။ ဒါပေမယ့် ကိုကိုနိုင့်နေရာက ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဘက်ကိုပြောင်းရမယ်။ မွေးအဖို့ ပင်ပန်းမှာစိုးတယ်။ ပြီးတော့ မွေးမေမေ ကျန်းမာရေးအခြေအနေ ဆိုးနေတုန်း မွေးကိုခေါ်သွားလို့ ကိုကိုနိုင် ဘယ်တရားမလဲ။ ကျန်းမာရေးကို ဂရုစိုက်၊ အလုပ်လည်း ထွက်လိုက်တော့နော်''





မွေးသည် သက္ကလပ်အင်္ကျီကို ဝက်မင်ဘီးနှင့် ပွတ်တိုက်နေရာမှရပ်လိုက်၏။ ကိုကိုနိုင်ကို ကြင်နာစွာ ကြည့်လိုက်ပြန်သည်။

''ကိုကိုနိုင် ခေါ်တဲ့အခါကျရင် မွေးအလုပ်ထွက်ပြီး လိုက်ခဲ့မယ်၊ ခုတော့ ကိုကိုနိုင့်မေဂျာလခနဲ့ မွေးတို့ တစ်အိမ်ထောင်ရောကိုကိုနိုင်ပါ ခွဲသုံးရမှာ။ မေမေ့ဆေးခန်းခက ထိုးဆေးဘာဆေးမပါ တစ်လကို ၄၅ဝိ ကျတယ်။ ဒီတော့ မွေးအချိန်ရှိတုန်း အလုပ်လုပ်ပါရစေ''

''အို ...ကိုကိုနိုင်ရဲ့မေမေ တစ်ယောက်လုံး ရှိပြီပဲကွယ်၊ မွေးကလဲ ...''

''မဟုတ်ဘူး ကိုကိုနိုင်၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်လာတဲ့အခါ အမေ့ကို တာဝန်မပေးသင့်ဘူး။ အမေကတော့ လိုရင်ပေးမှာပဲ။ မွေးလဲသိပ်မကြာပါဘူး။ လေးတို့ ဒီကိုရောက်ပြီးရင် လက်လွှတ်ရေး တာဝန်လဲကျေရော၊ ဒီကြားထဲ မွေး ကိုကိုနိုင်ကို ကူညီပါရစေ။ ခု လခတိုးတော့ ၃၅ဝိ ဆိုတဲ့ငွေဟာ မနည်းဘူး။ ဒီအတိုင်းကြီး နေရမှာတော့ မွေး ကိုကိုနိုင်ကို အားနာတယ်''

''ဟား . . . ဟား . . .ဟား'' မွေးပခုံးလေးကို ထဖျစ်ကာ ကိုကိုနိုင်သည် ခွက်ထိုးခွက်လန် ရယ်၏။ ''လင်ကို အားနာတဲ့ မိန်းမတဲ့ကွာ'' သူ့ဘာသာသူ တစ်ယောက်တည်း သဘောကျနေတော့သည်။

ကိုကိုနိုင် ပြန်သွားပြီးနောက် မေမေ့အခြေအနေမှာ ဆိုးရွားလာခဲ့သည်။ နေ့ဘက်တွင် အေးကို အနားမှာစောင့်စေကာ ညဘက်အခွင်



www.burmeseclassic.com

www.burmeseclassic.com



မွေးက စောင့်၍အိပ်ရပေသည်။ မွေးတို့တွင် သိုက်သိုက်ဝန်းဝန်း အမျိုးအဆွေမရှိလှပေ။ ဒေါ်လေးမူရာထံကမူ ပေါလစ်တစ်ပုလင်းကို ထွန်းဆောင်ကို အမို့လွှတ်လိုက်သည်။ တီဘီဖြစ်၍ လာမမေးရဲကြောင်းကိုမှာလိုက်သေးသည်။ မွေးအဖို့ ထိုလောကခံလောက်ကို မမှုတော့ပေ။

တစ်ညဦးတွင်မူ ဒေါက်တာသန်းအောင်သည် အလည့်သဘောမျိုး မွေးထံ ရောက်လာခဲ့သည်။ မေမေက အိပ်ရာပေါ်တွင် မှိန်းနေ၍ သူ့ကို ဝရန်တာဘက်တွင် ဒေါက်တာက စကားပြောရန် ခေါ်သွားလေသည်။

“အတွက်က သွားခါနီး မွေးစိတ်ချမ်းသာအောင် ကူညီဖို့ တတွတ်တွတ် မှာခဲ့တယ်။ အန်ကယ်လည်း သူ့ကို တော်တော်ချစ်တယ်။ ဒါကြောင့် မွေးစိတ်ချမ်းသာပါစေတော့လို့သာ မင့်မေမေကို လက်ခံလိုက်ရတယ်။ ဆေးရုံတင်စကတည်းက အန်ကယ်တော့ သိပ်အားမရဘူး”

မွေးသည် ဒူးတွင် အားမရှိတော့သလို ယိုင်ညွတ်ညွတ် ဖြစ်သွားတော့သည်။

“ခုလဲ ပွင့်ပွင့်လင်းလင်း ပြောရရင် ဘာမျှမျှော်လင့်စရာတော့ မရှိတော့ဘူး။ အန်ကယ့်သဘောပြောရရင် ငွေကုန်ရုံပဲရှိမယ်။ မွေးတကယ်လို့ အိမ်ပြန်ခေါ်ချင်လဲ ခေါ်နိုင်တယ်။ ဒီမှာထားချင်လဲထား။ ဘယ်ဘက်အဆုတ်တစ်ဖက်က ကောင်းလာလိမ့်မယ်လို့ မျှော်လင့်တာ၊ မျှော်သင့်သလို ဖြစ်မလာဘူး။ လူကလဲ အရွယ်ကျသွားပြီ မဟုတ်လား။ ညာဘက်တော့ လုံးလုံးမကောင်းတော့ဘူး။ အဆုတ်ကို ထုတ်ပစ်ပြီး ကုဖို့က သူ့မှာ ခံနိုင်ရည်အားလည်း မရှိဘူး။ ဒီမှာလဲ မလုပ်နိုင်ဘူး”





မွေးသည် ငြိမ်သက်နေ၏။ ဘာလုပ်ရမှန်း မသိပေ။

“ကဲ ... အန်ကယ် ပြန်ဦးမယ်။ မင်းလည်း ကျန်းမာရေး ဂရုစိုက်ဦး။ မွေးက ပိန်တယ်။

“ကျေးဇူးတင်ပါတယ် အန်ကယ်၊ မွေးလည်း စဉ်းစားပါဦးမယ်”

မွေးနားထဲတွင် ဒေါက်တာ၏ တဒေါက်ဒေါက်နှင့် ဖိနပ်သံမှာသူ့အသည်းကို ခေါက်နေသလို နာကျင်နေတော့သည်။ ဝရန်တာအပြင်ရှိ မှောင်ထုသည် ပိုမို၍အားငယ်စရာ ကောင်းနေတော့သည်။ မွေးစိတ်ထဲတွင် လူတစ်ယောက် သေရတော့မည်ကို သိပါလျက်နှင့် ဘာမျှမလုပ်နိုင်သည်ကို မခံချည့်မခံသာ ဖြစ်နေသလိုလည်း ခံစားနေရပေသည်။

မေမေ ... မကြာခင်သူချစ်သော မေမေ့ကို ခွဲရတော့မည်။ မေမေသည် သူ့ကိုယ်သူ ကြိုတင်၍ တွက်တတ်၍လားမသိ။ သမီးလက်ထပ်ပွဲကို အမြန်စီစဉ်ခဲ့သည်။ အခြေတကျဖြစ်အောင် စီမံခဲ့ပေသေးသည်။

ဘယ်လိုပင် အလုပ်ကမော၍ လူကနွမ်း၍နေဦးတော့ ပြုံးရွှင်ကြည်လင်သော မေမေ့မျက်နှာက ဆီး၍ကြိုလိုက်လျှင် ချမ်းမြေ့အေးချမ်း၍ သွားခဲ့ရသည့်တကား။ ဘာမျှမကူညီနိုင်သည့်ထားဦး မေမေရှိနေသေးသည်ဆိုသော အသိကစိတ်ကို အမြဲအားပေးနေသည်။ အိမ်တောင်ကြီးတစ်ခုလုံးကို မေမေသည် အိပ်ရာပေါ်ကပင် စီစဉ်ထိန်းသိမ်းခဲ့သည်။

“မွေး ...ဟဲ့မွေး ဘာငိုင်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



မွှေး၏လက်ကို တစ်ယောက်ယောက်က ဆွဲလှုပ်နေ၏။ မွှေးလည်း ဘေးကိုလှည့်ကြည့်လိုက်ပြီး အံ့အားသင့်သွားတော့သည်။

“ဒေါ်လေးသူဇာ ... ဒေါ်လေးသူဇာ မွှေးတို့ကို သတိရတယ် နော်” မွှေး၏အသံများ တုန်ကာမျက်ရည်များမှာ လိမ့်ဆင်းလာတော့သည်။ ဒေါ်လေးသူဇာမှာလည်း အသံတုန်တုန်နှင့် သူ့ကိုကိုင်ရင်း စကားပြန်ပြော၏။

“သတိရပါတယ် တူမရယ်၊ ဒေါ်လေးဘဝက အစ်မကလဲ စွန့်ထားတာနဲ့ စိတ်ညစ်ပြီး ဘယ်ဆွေမျိုးနဲ့မှ အတွေ့မခံတာ။ မင်းတို့အားလုံးကို အမြဲသတိရပါတယ်။ ဝါးခယ်မမှာ မင်းတို့နဲ့ အတူနေခဲ့ရတဲ့အချိန်ကိုလဲ အမြဲသတိရ ကျေးဇူးတင်ပါတယ်။ မင်းအမေဟာ ဒေါ်လေးတို့ ကျေးဇူးရှင်မကြီးပါ။ မင်းတို့အကြောင်းတွေကိုလဲ အမြဲနားစွင့်လျက်ပဲ။ ခု မမတင် နေမကောင်းဘူးကြားလို့ လာခဲ့တာ”

“ဟုတ်တယ်၊ ဒေါ်လေးမူရာကတော့ တီဘီကူးမှာကြောက်လို့တဲ့၊ မွှေးတို့ အိမ်ဘက်ကို ခြေဦးမလှည့်ဘူး”

“အေး...သူ့သတင်းတွေလဲ ကြားပါတယ်။ မမတင်ကကော့ ဒေါ်လေးအဖြစ်ကို သိပါ့မလား။ ခွင့်လွှတ်နိုင်ပါ့မလား”

“မေမေဟာ အားလုံးကို ခွင့်လွှတ်နိုင်တဲ့ မိန်းမပါ။ အနစ်နာလဲ ခံနိုင်တဲ့ မိန်းမပါ၊ ဒါကြောင့်လဲ သူလူ့ပြည်မှာ ကြာကြာမနေရတော့ဘူး”

မွှေးသည် အသံများ တုန်လာ၏။ ဒေါက်တာသန်းအောင် ပြောခဲ့သည်ကို ဒေါ်လေးသူဇာအား ဖွင့်၍ပြောပြလိုက်၏။ ဒေါ်လေးသည်





လူနာအခန်းဘက်သို့ ကြည့်ရင်း မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ကြိတ် ရှိုက်ရှာသည်။

“ကြံဖန်ပြီးတော့ စိတ်ကိုဖြေပါ တူမရယ်။ သူဟာ လူ့ပြည်မှာ နေခဲ့တဲ့အချိန်အတွင်းမှာ တိုင်းပြည်အပေါ်မှာရော၊ သူနဲ့နီးစပ်သမျှ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအပေါ်မှာရော အင်မတန် စေတနာကောင်းကောင်းနဲ့ မျှမျှတတ သဘောထားကြီးခဲ့တဲ့ မိန်းမတစ်ယောက်ပဲ။ ဒီအကျိုးတွေက တမလွန်မှာ သူ့ကိုအေးချမ်းစေမှာပါ။ သားတွေ နိုင်ငံရေးလုပ်ချိန်မှာလဲ စီးပွားရေးလှည့်ကြည့်ပါလို့ တစ်လုံးမဟာဘူး။ သူကပဲ ကလေးတွေ အတွေးအခေါ် ရင့်သန်အောင် စာအုပ်စုပေး အကြံဉာဏ်တွေပေးခဲ့တယ်၊ သားကြီးထောင်ကျလို့ နောက်ဆုံးတိုက်ပွဲမှာ အသက်စွန့်ခဲ့တဲ့အထိ သူဟာ ကြံ့ကြံ့ခိုင်ခိုင် စိတ်တင်းနိုင်တယ်။ လင်သားအပေါ်မှာလဲ စိတ်နောက်နေတဲ့ အရူးကြီးကို မိခင်လို စောင့်ရှောက်ခဲ့ပါတယ်။ လင်ဘက်ကအမျိုးဆိုရင် ခြေမသန်တဲ့ဘကြီးတို့၊ ကြီးဒေါ်ခင်တို့ဟာ မမတင်ကို ခိုကိုးရတာပဲ၊ သူများဆိုရင် လင်ဘက်က အမျိုးဆိုအိမ်ရိပ်နင်းတာတောင် မကြိုက်ဘူး မဟုတ်လား။ ဒီဒဏ်တွေကို ခံရတော့ မင့်မေမေမှာ အသက်တိုရတာပဲ။ စိတ်ကိုဖြေပါ မွှေးရယ်။ တို့ဟာ လူ့လောကမှာ သူ့လိုဝတ္တရား ကျေပွန်နိုင်ပါ့မလားမသိဘူး”

ဒေါ်လေးသူဇာသည် မျက်ရည်သုတ်ကာ တိုးတိုး တိုးတိုးနှင့် ပြော၏။

“မင်းတို့က ငယ်လို့မသိတာ၊ အဲဒီဘကြီးရဲ့ ကြွေးတွေလဲ ထောင်သောင်းချီပြီး မမတင်က ဆပ်ပေးခဲ့တာပဲ၊ ကြီးဒေါ်ခင်ဘလဲ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကျတော့ မမတင်ဆီမှာ စားခဲ့ပေမယ့် သူ့မှာရှိတဲ့ရွှေတွေကျတော့ တခြားအမျိုးတွေပေးခဲ့တာပဲ။ မမှုရာပေါ်မှာရော သူ့လုပ်ပုံချိုးဆို ဘယ်သူမှ ခွင့်မလွှတ်နိုင်ဘူး မဟုတ်လား"

လူနာမှာ အနည်းငယ် လှုပ်လာ၍ သူတို့နှစ်ယောက် စကား လက်စသတ်ကာ အခန်းထဲသို့ တဖြည်းဖြည်း ဝင်လာကြ၏။ ဒေါ်လေး သူဇာကို မြင်မြင်ချင်း မေမေက လက်ကမ်းပေးလိုက်၏။ ဒေါ်လေးသူဇာ ၏ လက်ကိုဖြည်းညင်းစွာ ဆုပ်နယ်ရင်း အားယူ၍ပြုံးနေသည်ကို ဒေါ်လေးသူဇာသည် မကြည့်ရက်တော့ပေ။

"မှုရာ တစ်ယောက်ကော နေကောင်းလား"

"ကောင်းပါတယ် မမတင်"

မေမေသည် ခပ်ပြုံးပြုံးပင် ငြိမ်သက်နေရာမှ ဒေါ်လေးသူဇာ လက်ကို လွှတ်လိုက်၏။ ဒေါ်လေးသည် မေမေ့ခေါင်းမှ ကုလားထိုင်တွင် ထိုင်ချလိုက်၏။ မွှေးမျက်နှာကို မေမေက စေ့စေ့ကြည့်ရင်း ပို၍ပြုံးလာ ပြန်သည်။

"ဒီညနေ မေမေ မှေးလိုက်ရတာ အားပြည့်သလိုပဲ သမီးရယ်။ ဒါပေမယ့် မေမေနေရတာ ပေါ့လဲမလာဘူး။ သမီးလက်ကို မေမေ ကိုင် ချင်တယ်"

မွှေးသည် သူ့လက်ကို အဘွားကြီးလက်ထဲသို့ ထည့်လိုက် ၏။ မေမေ့လက်မှာ ပူနွေး၍နေတော့သည်။

"သမီးကို မေမေ အများကြီးကျေးဇူးတင်ပါတယ်"





မွှေးတစ်ကိုယ်လုံးသည် သိမ့်သိမ့်တုန်ကာ စကားမပြောနိုင်ဘဲ ပါးစပ်ဟ, နေမိတော့သည်။

"မောင်မောင်နိုင့်ဆီ စာရေးရင်လဲ မေမေက ကျေးဇူးတင်တဲ့ အကြောင်းထည့်ရေးပါ။ မေမေလဲ ငယ်ရာက ကြီးလာသူပါ။ လက်ထပ် ပြီးစ ဇနီးကို မေမေ့အတွက် ခွဲထားရစ်ခဲ့တာလဲ ဘယ်တော့မှ မမေ့ ပါဘူး"

မွှေးသည် မျက်ရည်မကျအောင် အားခဲထားရ၏။

"သမီးတို့ကသာ မေမေ့ကို ကျေးဇူးတင်ရမှာ။ မေမေ့ ကျေးဇူး တွေဟာ ဆပ်လို့မကုန်ပါဘူး"

"မေမေ နားလည်ပါတယ် သမီး။ သမီးအခြေအနေနဲ့ တစ်လ လေးရာငါးဆယ်ကျပ်ခန်းမှာ အမေ့ကိုထားဖို့ဟာ တော်ရုံသဒ္ဓါစေတနာနဲ့ မဖြစ်နိုင်ပါဘူး။ ကျေနပ်ပါတယ်ကွယ်။ ကျေးဇူးလဲ တင်ပါတယ်"

မွှေးသည် ကျောက်ရုပ်သဖွယ် ငြိမ်သက်နေမိတော့သည်။ မိခင် ၏ မေတ္တာအဟုန်ဆိုသည်မှာ ရေတံခွန်လို အစဉ်စီးဆင်းနေသော်လည်း မကုန်ခန်းနိုင်ပါတကား။ ထိုမကုန်ခမ်းနိုင်သော မေတ္တာရှင်တို့က သား သမီးတို့ထံမှ ရေတစ်စက်စာမျှ ကျေးဇူးတုံ့ပြန်မှုကို တွေ့ရလျှင် သူတို့ စိတ်ထဲ၌ ထိုရေတစ်စက်ကို ပင်လယ်အဏ္ဏဝါဗွေမျှထင်ကာ ကျေးဇူး တင်၍ မဆုံးတော့ပေ။

မေမေသည် မွှေးတို့အားလုံးကို နောင်နှစ် ကဆုန်လဆန်း လောက်တွင် ခွဲခွာ၍သွား၏။ သနားစရာ အကောင်းဆုံးမှာ ဘေးပြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ သူသည် သူ၏အိမ်လေးထဲတွင် မေမေ့ကို ကမ္ဘာတစ်ခုလို ပေါင်းသင်းနေရသူဖြစ်၏။ လေးနှင့်ထွေးလို ကျောင်းမိတ်ဆွေလည်းမရှိ။ မွှေးလို ချစ်သူရယ်၊ ချစ်လင်ရယ်ဟူ၍ ရှိရာသည် မဟုတ်ပေ၊ ဘယ်နေရာတွင်သွားထိုင်ထိုင် တစ်အိမ်လုံးသည် သွေ့ခြောက်၍ ဟာနေတော့သည်။

မွှေးအလုပ်သွားပြီး ညီမငယ်နှစ်ယောက် ကျောင်းသွားချိန်တွင် အေးသည် မျက်ရည်တစိမ့်စိမ့်နှင့် ကျန်ရစ်၏။ ဖေဖေကလည်း သတင်းစာကောင်းစဉ်တွင် ငိုလိုက်၊ သတိလွှတ်စဉ်တွင်မူ သီချင်းတကျော်ကျော်ဟစ်၍နေတော့သည်။

ဝါဆိုဦးတွင် ကိုကိုနိုင်က မွှေးကိုလာခေါ်သည်။ ကိုကိုနိုင့်အမေကလည်း မွှေးလိုက်သွားစဉ်တွင် အေးတို့ ညီအစ်မတစ်စုအား လာရောက်စောင့်ရှောက်မည်ဟု ဆိုသည်။

မွှေးရင်ထဲတွင်မူ အေးတို့ကို ထားရစ်၍ လိုက်သွားရန် မသွားရက်သလို ဖြစ်နေတော့သည်။ သူ့စိတ်ကိုလည်း ကိုကိုနိုင်အား ဖွင့်မပြောရဲ၊ ညီမတွေနှင့်လည်း မခွဲနိုင်ပေ။

မမအေးက မွှေးစိတ်ကို နားလည်ပေသည်။

"မွှေး လိုက်သွားမှပေါ့၊  လက်ထပ်ပြီးကြပြီပဲ၊ သူက ဒီလောက်ခွဲပြီးထားရစ်တာပဲ တို့များက ကျေးဇူးတင်ရဦးမယ်။ ကိုယ့်မှာ ဝတ္တရားရှိတယ်၊ မွှေးလိုက်သွား၊ မမအေးတို့အတွက်မပူနဲ့"

အေးက ညီမငယ် စိတ်ချမ်းသာအောင် ပျော်းဖျနေသလောက် မွှေးရင်ထဲတွင်မူ မတွေးနိုင် မအန်နိုင်သလို ဖြစ်လာပြန်၏။





ကိုကိုနိုင်ကတော့ ထင်းရှူးပုံးတွေကိုသာ တစ်ခုပြီးတစ်ခုဝယ်နေတော့သည်။

"စခန်းက လားရှိုးမှာဆိုတော့ မွှေးလားရှိုးမှာနေရမယ်၊ ဟောဒါက ဆေးထည့်ဖို့ပုံး၊ ဟောဒါက ဂွမ်းကပ်ထည့်ဖို့၊ ဒါက မွှေးဖတ်ဖို့စာအုပ်တွေထည့်ဖို့၊ သတ္တုလပ်စောင်တွေကတော့ သံသေတ္တာနဲ့ထည့်"

ကိုကိုနိုင် စီမံပေးသလို လေးနှင့်အထွေးတို့က လိုက်၍လုပ်ကြသည်။

"မောင်မောင်နိုင် သားရေး မင်းငှားထားတဲ့ အိမ်က ဆောင်းတွင်းမှာ အအေးလုံပါ့မလား။ မွှေးက ကျန်းမာရေး သိပ်မကောင်းဘူး။ ပြီးတော့ ဘဆောင်တို့ လင်မယားကို မေမေ ထည့်ပေးလိုက်မယ်။ မွှေး ရေအေးမချိုးစေနဲ့၊ သူတို့ကို ရေနွေး အမြဲတယ်ခိုင်း သိလား"

ယောက္ခမကြီးက ထပ်၍ သတိပေးပြန်သည်။

"စိတ်ချပါ မေမေရာ၊ တပ်ထဲက အိမ်မဖြစ်တောင် မွှေးအတွက် သပ်သပ်တစ်လုံး ရှာထားသေးတယ်။ ဟိုမှာ နွားနို့လဲပေါ၊ ကြက်ဥလဲပေါ၊ လူဟာ ကောင်းကောင်းနားပြီး အစာအာဟာရ ကောင်းကောင်းစားရင် တီဘီမဝင်နိုင်ပါဘူး၊ ဟုတ်တယ်နော် မွှေး"

မွှေးသည် သူ့ဘဝကို သူနားမလည်သလိုပင် အူကြောင်ကြောင်ဖြစ်လာတော့သည်။ သူ့ဘဝသည် ကံကောင်းသည်ဟု ဆိုရမည်လား၊ ကံဆိုးသည်ဟု ဆိုရမည်လား၊ မတွေးတတ်ပေ။

ကိုကိုနိုင် ဝယ်လာသော ဆေးပုလင်းများကို မွှေးက ထင်းရှူးပုံးတစ်ခုနှင့် သပ်သပ်ထည့်၏။ ဟဲလီဘတ်အပိုင်း၊ စကော့အီးမာရှင်း



www.burmeseclassic.com

www.burmeseclassic.com

## ခင်နှင်းယု

နေဗီတာမော့၊ ဘီဝမ်း၊ ဘီတွဲ၊ မာလတီဗိုက်တာပလက်စ်၊ ကလ်ဒီစီ၊ ဟပ်ပါတိုဂလိုဘင်၊ ဗိုက်တာမင် အေနှင့်ဒီ။

မွေးသည် ဆေးပုလင်းများအပေါ်မှ စာကိုဖတ်ရင်း စိတ်ရှုပ်လာ၏။ တစ်မျိုးကို အနည်းဆုံး သုံးပုလင်းစီလောက် ဝယ်လာသည်။ တချို့မှာ ဒါဇင်ဝက်ရှိ၏။

"ကိုကိုနိုင်ဟာက မလွန်ဘူးလား၊ ဒါတွေအားလုံး မွေး သောက်ရမယ်"

"ဒီလိုလေး၊ ဒေါက်တာနဲ့ တိုင်ပင်ပြီး ဝယ်လာတာ၊ စကော့အီမာရှင်းက အအေးခံနိုင်တယ်။ အဆုတ်အတွက် ကောင်းတယ်၊ ဟယ်လီဘတ်အဝိုင်းနဲ့ မာလတီဗိုက်တာပလက်စ်ဆိုတာက နေ့စဉ်လိုတဲ့ အာဟာရဓာတ်တွေပဲ။ ဟိုက တောမြို့မဟုတ်လား၊ လိုလိုမယ်မယ် ဝယ် သွားတာပေါ့ မွေးရယ်၊ လိုရင် အသုံးချရတာပေါ့"

အေးတို့ ညီအစ်မသုံးယောက်သည် မွေးကို ချစ်ရှာသော ကိုကိုနိုင်အား ကျေးဇူးတင်၍ မဆုံးတော့ပေ။

သို့သော် မွေး လားရှိုးသို့ လိုက်သွားသောနေ့တွင်မူ ဝါးခယ်မက မွေးထွက်သွားသည့်နေ့ကကဲ့သို့ ငိုမဲ့ငိုမဲ့ မျက်နှာကလေးများနှင့် ကျန်ရစ်ကြတော့သည်။

* * *

လားရှိုးတွင် သူတို့သည် မိုးနှင့်ဆောင်းကို တွေ့ကြရသည်။ မိုးဥတုသည် အေးဆိမ့်၍စိုစွတ်၏။ ဆောင်းဥတုမှာမူ အေးမြကာ ခြောက်သွေ့ပေသည်။



## မွေး

မိုးရာသီ၏ ညဦးများတွင် အိမ်ပြင်၌ ရာသီဥတု မသာယာပေ။ သူတို့နှစ်ဦးသည် အိမ်တွင်း မီးဖိုဘေးတွင် အချိန်ကုန်လွန်ခဲ့သည်က များသည်။

မွေးဖတ်ရသော စာအုပ်များမှာ ရှည်လျားပေသည်။ ချာချီ ရေးသော "ဒုတိယကမ္ဘာစစ်"ဆိုသော စာအုပ်ဖြစ်သည်။ အင်္ဂလိပ်လို ရော မြန်မာလိုရော ဖြစ်ပေသည်။

ကိုကိုနိုင်မရှိသော နေ့များတွင်မူ မွေးအဖို့ ညနေစောင်း၌ လမ်းလျှောက်ကာ ညဦးတွင် စာအုပ်နှင့်သာ အချိန်ကုန်ရသည်။ နံနက်ခင်းတွင်မူ မီးဖိုနောက်ရှိ ဟင်းသီးဟင်းရွက်ခင်းများထဲတွင် ပန်းစေ့ပျိုးရင်း မြက်နုတ်ရင်း အချိန်လွန်ခဲ့ရပေသည်။

ကိုကိုနိုင်က ခရီးထွက်သွားရတိုင်း သူ့ကိုယ်စား စာအုပ်တစ်ပုံကို ပေးခဲ့၏။ ချာချီ၏စာအုပ်ကို ဖတ်စေချင်သည်မှာ ချာချီ၏အင်္ဂလိပ်စာရေးဟန်ကို သိစေလို၍တစ်ကြောင်း၊ အတွေးအခေါ်ကို ဖော်ပြရာတွင်လည်း "ဒုတိယကမ္ဘာစစ်အတွင်း ကျွန်တော် လုပ်ကိုင်ဆောင်ရွက်နေပုံများသည် အမှန်ချည်းပင် ဖြစ်ပါသည်" ဟု ဖော်ပြရေးသားထားခြင်းမရှိသော်လည်း စာအုပ်ဆုံးသောအခါ စာဖတ်သူစိတ်ထဲတွင် ချာချီ၏ခြေလှမ်း၊ ချာချီ၏ဆောင်ရွက်ပုံမှာ သူ့အချိန်နှင့်သူ အံကိုက်ပါတကားဟု ထင်မြင်ယူဆလာအောင် ရေးတတ်ပုံကို သိရှိလို၍ တစ်ကြောင်း ဖတ်ခိုင်းသည်ဟု ကိုကိုနိုင်က ဆိုပေသည်။ မြန်မာဘာသာပြန် စာအုပ်ကို ဖတ်ခိုင်းခြင်းကမူ ဗိုလ်အေးမောင်၏ ဘာသာပြန် သိပ်သည်းရှင်းလင်းပုံကို သိစေလို၍ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးကတော့ ကိုကိုနိုင်ပေးခဲ့သမျှကို အချိန်ရတိုင်း ကောက်၍ ဖတ်၏။ စာအုပ်များကို ဖတ်ရင်း သူ့အတွေးအခေါ်ကတော့ ဘယ်လို ပေါ်လာသည်မသိပေ။ တစ်ခါတစ်ရံလည်း ရှေးဟောင်းမြန်မာကဗျာများ နှင့် သူကြိုက်နှစ်သက်သော အင်္ဂလိပ်ဝတ္ထုရှည်များကို ဖတ်၏။

ဆောင်းဥတု မတိုင်ခင်ကမူ အတွတ်ထံသို့ မြန်မာကဗျာ စာအုပ်များကို ခပ်များများ ရှာဖွေစုဆောင်း၍ မွေးက ပို့ခဲ့သည်။ ဆောင်း ဦးပေါက်တွင် ကိုကိုနိုင်နှင့် မွေးအတူနေရသောအချိန် တော်တော် ကလေးများလာ၏။ တစ်ခါတစ်ရံ လသာသော ညဦးများတွင် နှင်းမှုန် ဖွဲဖွဲကျနေသော လရောင်အောက်မှာ တောင်ကုန်းကလေးများကို တစ်ခု ပြီးတစ်ခုကျော်ကာ ဖြတ်လျှောက်လာကြ၏။ မွေး၏ တေးသံလွင်လွင် မှာ ကိုကိုနိုင့်နှလုံးသားကို ပြုံးရွှင်စေပေသည်။ ဆောင်းအလယ်သို့ ရောက်လာလျှင် လားရှိုး၏ အအေးသည် ပြင်းထန်လာ၏။ ည၏ အလှများကို မှန်ပြတင်းမှသာ မျှော်၍ကြည့်နိုင်တော့သည်။

အငွေ့တထောင်းထောင်းနှင့် အနံ့သင်းသော ကော်ဖီပြင်းပြင်း ခပ်ကျကျကို မွေးက ဖျော်ကာ မီးပုံဘေးတွင် ချ၍ပေး၏။ ကိုကိုနိုင်သည် သူ့အလုပ်ကို မီးပုံဘေးတွင်ပင်လုပ်ကာ မွေးကိုသူ့အပါးတွင် စာဖတ် စေပေသည်။

ထင်းစများကို တဖျောက်ဖျောက် ဝါးမျိုးနေသော မီးတောက် မီးလျှံ၏ ဝါနီရောင်မှာ ချစ်သူနှစ်ဦးမျက်နှာကို အရောင်ပြန်ဟပ်၍ နေတော့သည်။ ကိုကိုနိုင်သည် လက်စသတ်ပြီးသော သူ့ရုံးအလုပ်များ ကို ဘေးသို့ချလိုက်၏။ ပန်းကန်ကို ကောက်ကိုင်ရင်း မွေးကိုကြည့်လိုက်





သည်။ မွေးလက်ထဲတွင် သူဖတ်ခိုင်းသော ချာချီ၏စာအုပ်ကို မတွေ့ တော့ပေ။ "အီဂျစ်ပြည်သား" Egyptian ဆိုသော ဝတ္ထုစာအုပ်ကို တွေ့ရ၏။

"မွေး . . . ချာချီရဲ့ ဒုတိယကမ္ဘာစစ်ကို ဖတ်ပြီးပြီလား"

သူက အချိန်မြန်မြန်နှင့် စာဖတ်ပြီးသွားပုံကို အံ့သြသလို မေးလိုက်၏။ မွေးသည် သူ့စာအုပ်လေးကို ပိတ်လိုက်၏။ ကိုကိုနိုင့်ကို လှမ်းကြည့်လိုက်သည်။

"ပြီးပြီဆိုပါတော့၊ ဘာဖြစ်လို့လဲ"

"ရှည်လွန်းအားကြီးလို့ပါ၊ မွေး စာဖတ်ရတာ ပျင်းလား။ ကိုကိုနိုင်နဲ့ လိုက်နေရတာ ပျော်ရဲ့လား"

မွေးသည် ခပ်ပြုံးပြုံးပင် ကြည့်၍နေ၏။

"အကောင်းမေးတာပါ မွေးရဲ့၊ ပျော်ရဲ့လား"

"ပျော်ပါတယ်။ မွေးစိတ်ထဲမှာ ကိုကိုနိုင့်ကို နှမြောလို့ပါ။ ကိုကိုနိုင်နေချင်တဲ့ သဘာဝနဲ့ ကိုကိုနိုင် လုပ်နေတဲ့ အလုပ်က တခြား စီမို့ပါ"

ကိုကိုနိုင်က ဘယ်လိုသဘောပေါက်သည် မသိ၊ ခပ်ပြုံးပြုံး လုပ်၍နေပြန်သည်။

"ကဲ . . . ဆိုပါဦး။ ချာချီစာအုပ်ဖတ်ပြီး ကိုကိုနိုင် ယူဆသလို သဘောပေါက်လာသလား"

"ဟုတ်ကဲ့ အဲဒီလိုပဲ ချာချီအပေါ်မှာ တွေးမိပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မွှေးဟာ အဲဒါတွေအားလုံး၊ ခေါင်းထဲမစွဲတဲ့ သူ့ရေးတဲ့အထဲက တခြားဟာတွေ စွဲကျန်ရစ်တယ်"

"ဘာကိုလဲ"

"ဂျာမနီ နိုးကြားထကြွလာပုံနဲ့ ဟစ်တလာ တန်ခိုးတက်လာပုံရယ်၊ သူ့နောက်က နာဇီတပ်မတော်ရယ်၊ အဲဒါက ခေါင်းထဲက မထွက်လို့ပါ"

"ကဲ . . . ဆိုစမ်းပါဦး"

"မွှေးသာ တကယ်လို့ အဲဒီခေတ်က နာဇီတပ်မတော်ရဲ့ တပ်သားတစ်ယောက်ယောက်ရဲ့ မိခင်ပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ဖြစ်ခဲ့ရင် ရင်နာလို့ ဆုံးမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ကြေးစားစိတ်ဟာရှိသလောက်တော့ ရှိပေမယ့်လို့ စိတ်ဓာတ် ဆိုတာသာမပါရင် တပ်မတော်ရဲ့ ဒုပေနာပေဒဏ်ခံနိုင်ဖို့ တော်တော် ခက်သားလား။ အဲဒီခေတ်တုန်းကလဲ ပိုင်းအနိုမ်ခံရတဲ့ ဂျာမန်တစ်မျိုးသားလုံး စစ်ရှုံးလိုက်တဲ့ အဖဂျာမနီပြည်ကြီး တစ်ပြည်လုံးပြန်ပြီး နာလန်ထူနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်သာ ဂျာမန်တွေစိတ်မှာမရှိခဲ့ရင် ဂျာမန်တပ်မတော်နဲ့ ဟစ်တလာရဲ့ ပေါ်ပေါက်လာပုံဟာ ဒါလောက် မြန်ဆန်မှာမဟုတ်ဘူး"

ကိုကိုနိုင်သည် မွှေးပြောပုံကို စိတ်ဝင်စားလာ၏။ ခေါင်းတညိတ်ညိတ်နှင့် အင်းလိုက်လာ၏။

"ကဲ . . . မိခင်တွေရဲ့ စိတ်မှာရော၊ သားကိုစစ်မြေပြင်မှာ နိုင်စားဖို့ဆိုတဲ့ စိတ်ဟာ အင်မတန် နည်းပါတယ်။ ငါ့အဖ ဂျာမနီပြည်အတွက်၊ ကမ္ဘာမှာ ပိုင်းအနိမ့်ခံရတဲ့ ငါ့အမျိုးသားအတွက်ဆိုတဲ့ စိတ်ဓာတ်





နဲ့သာ စစ်တပ်ဆိုတဲ့ သေဘေးမျိုးစုံနဲ့ နီးတဲ့တပ်မတော်ထဲမှာ သားကို ထည့်တာပေါ့။ ဒါပေမယ့် ခေါင်းဆောင်သူတွေရဲ့ အတွေးအခေါ်တွေ ပြောင်းလဲလာတာနဲ့အမျှ တပ်မတော်ရဲ့ ပုံသဏ္ဌာန်ကလဲ ပြောင်းလဲလာလိုက်တာ၊ နောက်ဆုံး ဟစ်တလာဆိုတဲ့ အာဏာရှင်တစ်ယောက် တည်မြဲဖို့ ထောက်ခံဆောင်လုပ်ထားတဲ့ နာဇီဝါဒ စက်ရုံကြီးရဲ့ ဝက်အူလေးတွေ ဖြစ်မှန်းမသိ တပ်မတော်ဟာ ဖြစ်လာခဲ့တယ်။ ဒုတိယကမ္ဘာစစ်လဲပြီးရော တပ်မတော်သားတွေဟာ အင်မတန်ဆိုးရွားယုတ်မာတဲ့ နာဇီတပ်သား ဘီလူးသရဲတွေအဖြစ်နဲ့ ကမ္ဘာကအမြင်ခံရပြီး သူတို့အသက်စွန့်သွားရတယ်။ သူတို့ကိုယ်သူတို့လဲ သိချင်မှ သိရှာမယ်။ မွှေးသာ အဲဒီစစ်သားတစ်ယောက်ရဲ့ မိခင်ဖြစ်ခဲ့ရင် ရင်ကွဲနာကျသေပြီ"

"အလို . . . မွှေးကလဲ တယ်ဆိုပါလား"

"ဟုတ်တယ်လေ မွှေးရဲ့သားဟာ သူ့တိုင်းပြည် သူ့လူမျိုးအတွက် သေရကာယ်ဆိုရင် စစ်မြေပြင်မှာ ဆယ်ပြန်သေပါစေ။ ခုတော့ သူတို့ ဖွတ်သွင်းချင်တဲ့ ဝါဒကြီးတည်တံ့စေချင်လို့ ကိုယ့်သားကို ပဋ္ဋည်းကိရိယာတစ်ခုလို၊ ဝက်အူတစ်ချောင်းလို အသုံးချသွားပြီး သေရတာတော့ မခံနိုင်ဘူး။ အဲဒါ တွေးတွေးပြီး ကျဆုံးသွားရှာတဲ့ ဂျာမန်စစ်သားလေးတွေ၊ သူတို့ရဲ့ မိခင်တွေကိုပဲ မွှေးက သနားနေတယ်"

"အဲဗျာ . . . မွှေးက ပိုပြီး တွေးနေပြီကိုး"

"စာအုပ်ဖတ်တဲ့နောက် ဒီအပေါ်မှာ တည်ပြီး ကိုယ်တွေးချင်ရာ တွေးမှာပေါ့ ကိုကိုနိုင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မွေးက ပြုံးမဲ့မဲ့နှင့် ဆို၏။

"လက်ထဲက 'ဂျေစ်ရှန်'ရော ဖတ်ကောင်းလား"

"သိပ်ကောင်းတာပဲ၊ ဖတ်ဖူးသမျှမှာတော့ အကြိုက်ဆုံးပဲ။ ကိုကိုနိုင်အားရင် ဖတ်စမ်းပါ၊ နှစ်ပေါင်းသုံးထောင်လောက်ကအကြောင်း ရေးပေလို့ပဲ။ လက်ရှိ အီဂျစ်ကိုရော၊ တိုင်းပြည်အသီးသီး၊ အခြေအနေနဲ့ရောယှက်ပြီး ကြည့်နိုင်တယ်။ ဒီဝတ္ထုဟာ ဘယ်တော့မှ ရိုးမှာမဟုတ်ဘူး"

"မွေးက ဟိုတုန်းကရော စာသိပ်ဖတ်သလား"

"ခုမှ ပိုဖတ်တယ် ဆိုပါတော့၊ ရန်ကုန်မှာတော့ ကျောင်းစာနဲ့ ရုံးအလုပ်နဲ့ ပြီးခဲ့တာပဲ"

"ဒီလိုဆို ကိုကိုနိုင်နဲ့ နေရတာ ပျော်တယ်ပေါ့"

"ကိုကိုနိုင် ဘာလို့ ထပ်ခါထပ်ခါ မေးနေတာလဲ"

ကိုကိုနိုင်သည် မွေးပါးကို ဆွဲ၍ ဖျစ်လိုက်၏။

"ဪ . . . ကိုကိုနိုင်နဲ့ အတူတူနေရတဲ့ အချိန်တွေဟာ မွေး အတွက် ငြိမ်းငြိမ်းချမ်းချမ်း ရှိစေချင်လို့ပါ"

"စိတ်ချမ်းသာပါတယ်ရှင်၊ ပျော်ပါတယ်ရှင်"

မွေးက ခပ်နောက်နောက် ပြေလိုက်၏။

"စာအုပ်သေတ္တာထဲမှာ ကိုကိုနိုင် မဖတ်ရသေးတဲ့ စာအုပ်တွေ အများကြီးပဲ"





"ဟုတ်တယ်၊ ဒီ စာအုပ်ကို ကိုကိုနိုင် ဖတ်ကြည့်၊ အဲဒီအထဲမှာ ဖာတ်လိုက် ဆီနူးပြောတဲ့ စကားလေးတစ်လုံး မွေး သိပ်သဘောကျတာပဲ၊ သူ့မိတ်ဆွေ စစ်ဗိုလ်ကြီးက ဘုရင့်သမီးကို သိမ်းပိုက်၊ ဘုရင်ကို သတ်ပြီး အီဂျစ်ရဲ့ ဧကရာဇ်အဖြစ် အုပ်ချုပ်တဲ့အခါမှာ ဆီနူးကို ပြောတယ်လေ၊ သူ့သစ္စာခံပြီး သူ့အတွေးအခေါ်တွေကို လက်ခံဖို့၊ အဲဒီလိုဆိုရင် သူချီးမြှောက်မယ့်အကြောင်း။ ဒီတော့ ဆီနူးက ဘာပြန်ပြောသလဲဆို 'ပညာဟာအာဏာတန်ခိုးကို ဘယ်တော့မှ ဦးမညွတ်ဘူးတဲ့"

"ဘယ်လောက်ကောင်းတဲ့ စကားလုံးလဲ၊ မွေးတော့ သိပ်သဘောကျတာပဲ"

သဘောကျသည် ဆိုသည့်နေရာ၌ မွေးသည် မျက်လုံးလေးများ မေးကာနှစ်နှစ်မြိုက်မြိုက် ပီတိကျဟန်နှင့် ပြော၏။ ကိုကိုနိုင့်စိတ်ထဲတွင် ဤမိန်းကလေး၌ ဦးနှောက်အပြင် ချစ်စရာဟန်အမူအရာများလည်း အများကြီးရှိပါလားဟု မှတ်ချက်ချလိုက်၏။

"ပြီးတော့ ကိုကိုနိုင် ဖတ်ခိုင်းထားတဲ့ 'ရှိမယ်လ်' လဲပြီးသွားပြီ"

မွေးက နောက်ဆက်တွဲ ဆက်ပြောပြန်သည်။

"အဲဒီစာအုပ် အပေါ်မှာရော ဘယ်လိုယူဆလဲ"

"မွေး ထင်မြင်တာကို တကယ်ပြောရမှာလား"

"ပြောလေ"

"ရှိမယ်လ်ရဲ့ တိုက်နည်း ခိုက်နည်းတွေ၊ စစ်ဆင်နည်းတွေက



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတွေ အဖို့တော့ တန်ဖိုးရှိမှာပဲ၊ မွှေးအနေနဲ့ စာတစ်အုပ်လုံး ဖတ်ပြီး လန့်သွားတယ်''

''ဘာကို လန့်တာလဲ''

''ကမ္ဘာမှာ 'ရှီမယ်လ်' သေနည်းတွေ ပြန့်သွားမှာကို လန့်သွားတယ်''

ကိုကိုနိုင်သည် ပါးစပ်လေး ဟ,သွားၐ။

''ဟုတ်တယ် ကိုကိုနိုင်ရဲ့၊ ရှီမယ်လ် သေတာဟာ ရှေ့ကလာတဲ့ ရန်သူ့ကျည်ဆန်နဲ့ သေရတာမှ မဟုတ်တဲ၊ နောက်က ကျည်ဆန်နဲ့ သေရတာ။ ပြီးတော့ သူ့မိန်းမကို သိခွင့်ပေးတဲ့ အချိန်ကျတော့ ကား တိုက်သေတဲ့အနေနဲ့ သိရတော့တယ်၊ ဒီလိုကြောက်စရာကောင်းတဲ့ အမှောင်ခေတ်ကြီး တစ်ခေတ်ကြီးစိုးလာပြီး တကယ်တော်တဲ့ လူတွေ နောက်က ကျည်ဆန်နဲ့ သေရတဲ့နည်းတွေ ကမ္ဘာမှာပြန့်လာမှာ မွှေးက စိုးရိမ်သွားတယ်''

''တော်ပြီ ... တော်ပြီ မွှေး ကိုကိုနိုင် မွှေးကို ဒီစာအုပ်တွေမဖတ်ခိုင်းတော့ဘူး။ စိတ်ရွှင်လန်းစရာကောင်းတဲ့ စာအုပ်တွေရွေးရအောင်နော်။ ဒါနဲ့ နေ့လယ်က စာတစ်စောင် ကိုကိုနိုင့်ရုံးကတစ်ဆင့် မွှေးဆီရောက်လာတယ်။ အတွတ်ဆီက ထင်တယ်။ ကိုကိုနိုင့် ယူနီဖောင်းထဲမှာ သွားယူဦးမယ်''

မွှေးသည် ထသွားသော ကိုကိုနိုင်ကို ငေးကာ ကြည့်နေမိၐ။ သူ့မိန်းမအား စစ်သားတစ်ယောက်လို သင်တန်းပေးသူပင်တည်း။ ဒါကိုဖတ်။ ဒီလိုပင် တွေးစေချင်ဟန်ရှိၐ။ မွှေးက သူပေးထားသောပုံကို





မဝင်ချင်ပေ။ ကိုယ် တွေးချင်သလို တွေးလိုပေသည်။ အမှန်တော့လည်း ကိုကိုနိုင်သည် ပုံသွင်းချင်သူတစ်ယောက် ဟုတ်ချင်မှလည်း ဟုတ်မည်ဟု မွှေးက လှည့်၍တွေးမိပြန်ၐ။

''ရော့ ... ရော့ ... ဒီမှာစာ''

မွှေးက စာကိုယူ၍ ဖောက်ဖတ်လိုက်ၐ။ စာလေးမှာ ကဗျာနှင့် စ,ထားသော်လည်း ခပ်တိုတိုပင် ရေး၍ထားၐ။

''နတ်တော်ဆန်း၍ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမှု၊ အဖြူအနီ၊ စုံစီခြယ်လွှင်၊ ပြင်ထပ်သွင်၍ နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျမှု၊ ပုညတောင်ဆီ၊ ရှိလျက်မလင်း၊ မဝင်းအုံ့ဆိုင်း၊ စစ်ကိုင်းတစ်ဖက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ပြည့်လျှမ်း လိမ့်တကား''

မွှေး

အထက်က ကဗျာကတော့ မင်းပေးလိုက်တဲ့ ကဗျာစာအုပ်တွေထဲက ရှင်တွေးနာသိန်ရဲ့ ကဗျာပဲ။ သူသေလွန်တဲ့အခါ သူ့ခေါင်းအုံးအောက်က တွေ့ရတဲ့ မွှေးရုပ်မြေအင်းဝကို တမ်းတတဲ့ကဗျာပေါ့။

ကိုယ့်မှာတော့ သူတို့လို စာဆိုမဟုတ်လေတော့ ကိုယ့်ရွာနေကိုလွမ်းပေမယ့်လဲ စာမဖွဲ့တတ်ဘူး။

အရုပ်ဆိုးလှတဲ့ အင်္ဂလန်ရဲ့ ဆောင်းဦးရာသီအောက်မှာ နေရရင်း လွမ်းနေရတာကတော့ ကိုယ်တို့မြို့လေးရဲ့ ဆောင်းအလှပဲ၊ ခုလောက်ဆို တို့များအိမ်နောက်က လယ်ကွင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ စပါးတွေမှည့်တော့မယ်၊ မုန့်ဆန်းလဲပေါ်လို့ မီးဖိုတလှုလှုနဲ့ လယ်တဲတွေနားမှာ မုန့်ဆန်းထောင်းကြတော့မယ်ထင်ပါရဲ့။

မွေးရေ ... ကိုကိုနိုင့်ကိုလည်း အတွတ်က သတိရကြောင်း ပြောပြလိုက်ပါ။ အတွတ်ပြန်လာရင်သာ သားသမီးတွေ တစ်ထမ်းနဲ့ လာကြိုလှည့်ပါ။ အမှန်တော့ အတွတ် ဘယ်အချိန်ပြန်ရမယ်လို့ မမှန်းဆသေးဘူးမွေး။

မွေးတို့ ဇနီးမောင်နှံ ချမ်းမြေ့ရွှင်လန်းပါစေ၊

အတွတ်

မွေးသည် မျက်နှာလေးညှိုကာ စာကို ကိုကိုနိုင့်လက်ထဲသို့ ကမ်းပေးလိုက်သည်။

"ဖတ်ကြည့်ပါဦး ကိုကိုနိုင်၊ သူသာ မြန်မာစာကို ကျကျနန သင်ရရင် စာပေမှာတော်တော် တော်မှာပဲ၊ အခုတောင် တော်တော် မြန်မာစာပေကို အရသာခံတတ်လာတယ်"

ကိုကိုနိုင်သည် စာကိုဖတ်လိုက်၍ စာဆုံးလျှင် မွေးကိုကြည့်ကာမေးပြန်သည်။

"ဝါးခယ်မကာ ဒီလောက်ပဲ သာယာသလားမွေး"

"သြော် ... တခြားလူတွေ အမြင်နဲ့တော့ မြစ်ပတ်လည်ဝိုင်းပြီး ဗွက်ထူတယ်လို့ မြင်ချင်မြင်မှာပေါ့၊ မွေးတို့အနေနဲ့ကတော့ မွေးရာဇာတိလဲဖြစ်၊ ရာသီအလိုက် ပွဲလမ်းသဘင် သဘာဝရှုခင်းတွေရဲ့ အငွေ့အသက်တွေက ခံစားနေရတော့ အလှကွက်တွေကို ကြည့်တတ်မြင်တတ်တာပေါ့၊ ကိုကိုနိုင်ရော ကိုယ့်ဇာတိ ကိုယ်မလွမ်းဘူးလား"





"လွမ်းတာပေါ့ဗျာ၊ လွမ်းလိုက်တာမှလေ လဆန်း (၁၄)ရက်ညဆို ဖရက်ဆိုတဲ့ ကောင်လေးနဲ့ တွေ့ရတာတွေ"

"ဟာ ... ကိုကိုနိုင် မွေးကို မစောင်းနဲ့ သိလား"

မွေးက ထုမည့်ဟန်ပြင်လိုက်လျှင် ကိုကိုနိုင်သည် မွေးကို လှမ်းယူ၍ ပွေ့လိုက်၏။

"ကဲ ... ကဲ စိတ်မဆိုးပါနဲ့၊ ဖရက်နဲ့ တွေ့ခဲ့တဲ့ ပုံပြင်လေး ဘာလေးပြောပြပါဦး၊ နို့မို့ရင် အိပ်ရာအစောကြီးဝင်ရမှာ ပျင်းစရာကြီး"

ကိုကိုနိုင်က ပြုံးပြုံးရွှင်ရွှင်နှင့် အရွှန်းဖောက်လိုက်၏။ မွေးသည် တကယ်ပင် ကိုကိုနိုင် ရင်ခွင်ထဲမှာ ခွေကာ လ,သာသော ညများ ၏ ပုံပြင်ကို ပြောပြတတ်ပေသည်။

* * *

လားရှိုးတွင် ရှည်လျား၍ အေးမြသော ဆောင်းရာသီမှာ ကုန်ဆုံးစပြုလာလေသည်၊ သန့်စင်ရနံ့သည်လည်း လေတွင်ပါ၍မလာသည်မှာကြာမြင့်ခဲ့ရုံမက နှင်းများအောက်တွင် ချယ်ရီပန်းတို့သည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြ၏။ ပူနွေးသောနေရှိန်မှာမသိမသာဝင်ရောက်လာလေသည်။

မွေးက ပန်းကန်များကို သိမ်းလျက်ရှိ၏။ ကိုကိုနိုင်ကမူ တစ်ယောက်တည်း စာကြည့်စားပွဲဘေးတွင် ထိုင်လျက်ရှိသည်၊ သူ့လက်ထဲရှိစာရွက်ကို ကြည့်လိုက် သူ့ရင်ထဲတွင် ငြိမ်ငြိမ်ထိုင်၍ မရသလိုဖြစ်လာလိုက်နှင့် ပြတင်းဘက်ဆီသို့ ထ,သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကလေးသည် စားပွဲပေါ်တွင် ကျန်ရစ်၏။ စာရေးသောနေ့ကတည်းက ကိုကိုနိုင့်စိတ်မှာ ပေါ့ပေါ့ပါးပါး မရှိလှသော်လည်း မွေး ၏စိတ်ကို အနှောင့်အယှက် မဖြစ်စေချင်ပေ။ စာမှာ အတွေးထဲက ဖြစ်သည်။ မမအေး ရောဂါအခြေအနေမှာ ဆိုးရွားလာ၍ မွေးပြန်လာရန် ရေးလိုက်သော စာဖြစ်၏။ မမအေးရောဂါမှာ ဘယ်နည်းနှင့်မဆို တီဘီပဲဖြစ်ရမည်ဟု ကိုကိုနိုင်က ယူဆပြီးဖြစ်သည်။ သူချစ်သော မယားကို ထိုတီဘီမြို့ကြီးထဲသို့ မဝင်စေချင်ပေ။ ဒါပေမယ့် သူ၏ လှပသောစိတ်များက ရက်ရက်စက်စက် ကိုယ့်ကိုယ်ကျိုးကြည့်ရန် မဆုံးဖြတ်ရက်ပေ။ "မပြန်ပါနဲ့မွေး" ဟူ၍လည်း မတားရက်ပေ။ သူသည် မွေးကိုမြင်စ မွေးကိုလက်ထပ်မည်ဟု ရည်ရွယ်ကတည်းက မွေးခံစားရမည့် ဒုက္ခသုက္ခမှန်သမျှ လက်တွဲ၍ ခံကြရန်၊ လက်တွဲ၍မွေးကို ကူညီရန်ဆုံးဖြတ်ခဲ့သည် မဟုတ်ပါလော။ ပြီးတော့ စာရေးသောနေ့က မွေးက ပြောပြ၏။

"မွေးမှာဆို ချစ်ရမယ့် အားကိုးရမယ့် ကိုကိုနိုင် တစ်ယောက်လုံးရှိတယ်။ သူတို့တွေမှာ အမေလဲ မရှိဘူး၊ လင်သားလဲ မရှိဘူး။ အဖေကလဲ သိတဲ့အတိုင်းပဲ။ ဒီတော့ မွေး သူတို့ကို ပစ်မထားရက်ဘူး ကိုကိုနိုင်၊ မမအေးက အင်မတန် သနားစရာကောင်းတဲ့ မိန်းကလေး။ ကိုကိုတို့လူစု နိုင်ငံရေးလုပ်တုန်းကရော မွေးတို့ စီးပွားလျှောပြီး စာသင်တုန်းကရော မမအေးဟာ သူ့လက်မှုပညာလေးနဲ့ တစ်အိမ်ထောင်လုံးကို ကူညီခဲ့တာ။ ဒါကြောင့် မွေး သူ့ကို ပြန်ကြည့်ဖို့ ကိုကိုနိုင် ခွင့် လွှတ်မယ်ဆိုတာ မွေးယုံကြည်တယ်"

ကိုကိုနိုင်သည် ထိုနေ့ကတည်းက မွေးကို ဘာမျှပြန်မပြော





တတော့။ မျက်လုံးလေး အကြောင်သားနှင့် ကြည့်နေမိ၏။ ပစ္စည်းများကို တိတ်တိတ်ဆိတ်ဆိတ်ပင် ကူသိမ်းပေး၏။

"အကြောင်းက ဖြစ်လာပြီပဲ။ ဘဝဆိုတာ ဒီလို အားငယ်တွယ်ရာမဲ့တဲ့ လူတွေကို ကူညီစောင့်ရှောက်ကြရင်း တန်ဖိုးကို ဆုံးဖြတ်ရတာပဲ" သူ့စိတ်ကိုတော့ သူကြိတ်၍ ဒီလိုပင် ဖြေခဲ့၏။ ရင်ထဲမှတော့ မွေးကို သူ့ရင်ခွင်တွင် အေးချမ်းစွာ နားနေစေချင်ပေပြီ။ မွေးသည် သူနှင့်အတူ လိုက်နေမှ ယခင်ကထက် ပိုမိုစိုပြည်လာ၏။ ပါးမို့လေးများပင် သွေးရောင်လွှမ်းကာ နီထွေးထွေး ဖြစ်လာသည်။ ဆရာဝန်အကြံ ဉာဏ်ပေးသည့်အတိုင်း အပတ်တိုင်း ကိုယ်အလေးချိန် ချိန်လာသည်မှာ သိသိသာသာ တစ်ပတ်နှစ်ပေါင်ကျ တိုး၍လာခဲ့၏။

မွေး ရန်ကုန်သို့ပြန်လျှင် ဟိုမှာ 'မော'ရမည့် ပုံတို့ကို ကိုကိုနိုင် မြင်ယောင်နေပေသေးသည်။ ပြန်ရမည့် နံနက်ကမူ ရုံးမှခွင့်ယူထား၏။ တစ်မနက်လုံး ကိုဘခေါင်တို့ လင်မယား အလုပ်ရှုပ်သလို သူသည် မွေးအတွက် တစ်ယောက်တည်း အလုပ်ရှုပ်နေ၏။ မောင်မီးဖိုနှင့် နွားနို့ကို ကိုယ်တိုင်ကျိုသည်။ မွေးသည် နားမလည်သလို ကိုကိုနိုင် လုပ်ပုံများကို ကြည့်၏။ နွားနို့ဆူလာလျှင် ဘယ်တော့မှ ကြက်ဥကို ကိုယ်တိုင် ဖောက်မသောက်သော စစ်ဗိုလ်သည် ကြက်ဥကိုဖောက်လိုက်၏။ ကော်ပီပန်းကန်ထဲကို ထည့်သည်။ ပြီးတော့ ဆူနေသော နွားနို့ကိုငှဲ၍ ထည့်လိုက်၏။ လက်ဖက်ရည်ဇွန်းနှင့် ကြက်ဥကြေအောင် မွှေပြီးမှ အိပ်ခန်းထဲသို့ ယူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွေး ဘာမှမလုပ်နဲ့နော်၊ နောက်ဖေး သွားပြီးပြီလား။ ဝမ်းသွားပြီးရင် အဲဒီနွားနို့သောက်၊ ငှက်ပျောသီးတစ်လုံးလဲ စားဦး။ ကဲ စားစမ်း"

မွေးသည် ကိုကိုနိုင့်ရှေ့တွင် စားပြရင်း စိတ်ထဲမှ စိတ်မကောင်းသလို ဖြစ်လာသည်။ ကိုကိုနိုင်ကတော့ လက်ဆွဲအိတ်ထဲမှ ဆွယ်တာတစ်ထည်ကို ထုတ်လိုက်၏။

"ရော့ ... ဒါက လေယာဉ်ပျံပေါ်မှာ အေးမှာ၊ မွေးဝတ်သွားဖို့"

"ကိုကိုနိုင်ကလဲ မွေးဘာသာ လုပ်ပါ့မယ်"

"အို ... နေစမ်းပါကွယ်၊ ကိုကိုနိုင် အားလုံး လုပ်ပေးမယ်၊ ဟိုကျရင် အမြဲသတိထားရမှာက ကျန်းမာရေးပဲနော်။ ကျန်းမာရေးဟာ တစ်၊ ကျန်းမာရေးဟာ နှစ်ပဲ"

သူသည် ဆွယ်တာကို မွေး၏ပခုံးပေါ်သို့ ခြုံ၍ပေး၏။ မွေးမျက်လုံးလေးများမှာ အားငယ်၍ မျက်ရည်များ သမ်းလာသည်ကို ကိုကိုနိုင် တွေ့ရ၏။

"သူလဲ ငါ့ကို မခွဲချင်ပါဘူးလေ" သူ့စိတ်ထဲမှာ တစ်ယောက်တည်း ပြောလိုက်၏။ အမှန်တော့ မွေးပြန်သွားလျှင် တိတ်ဆိတ်ခြောက်သွေ့နေမည့်အချိန်များကို ရင်ဆိုင်ရမှာ သူ့စိတ်တွင် ကြောက်နေသည်။ တိုက်ပွဲများများ ဆင်းရပါစေဟုသာ ဆုတောင်းနေမိ၏။

မွေးကိုယ်တွင် အရောင်များ ရှိနေသလားဟု သူ့စိတ်မှာ ထင်သည်။ မွေးသည် ဘယ်နေရာ ရောက်နေနေ ရောက်နေသော





နေရာလေးတွင် သူ့အဝိုင်းအဝန်းမှာ သူ့အရောင်ကို ထွန်းပစေသည်။ ထိုအရောင် အရှိန်သည် မွေး၏တန်ခိုးပေပဲ။ ထိုအရှိန်အငွေ့ကလေးများ မွေးပတ်ဝန်းကျင်ကို စိုပြည်စေသည်။ လှုပ်ရှားစေသည်။ မွေးမရှိတော့လျှင် အရောင်မှေးမှိန်ပျောက်ကွယ်သွားသလို ဟာ၍မှောင်ကာ ကျန်ရစ်တော့မည်။ ထိုပတ်ဝန်းကျင်လေးသည်လည်း ဘာမျှလှုပ်ရှားမှုမရှိတော့သလို ငြိမ်နေတော့မည်ဖြစ်သည်။ ထိုကဲ့သို့ ငြိမ်သက်ခြင်းမျိုး လက်ထပ်ပြီးစ မွေးကိုခွဲထားရစ်ခဲ့စဉ်က တစ်ခါခံစားရဖူးပြီ။

ယခုလည်း ခံစားရပေဦးတော့မည်ဟူသော အသိက သူ့နှလုံးသားကို ခဲဆွဲထားသလို လေးတော့သည်။

မွေးလိုက်ပါသွားသော လေယာဉ်ပျံ ထွက်သွားလျှင် ခြောက်သွေ့တိတ်ဆိတ်နေသော သူ့အိမ်ရှိရာသို့ တစ်ယောက်တည်း ပြန်လာခဲ့၏။ ပစ္စည်းများမှာ Mess ကို ပြောင်းရွှေ့ရန်အတွက် အဆင်သင့် စုပုံသိမ်းဆည်းပြီးဖြစ်သည်။ မွေးနှင့်အတူ နေခဲ့ရသည်မှာ တစ်နှစ်ပြည့်ရန် တစ်လမျှလိုတော့သည်။ သူသည် သံသေတ္တာတစ်ခုပေါ်တွင် ထိုင်လိုက်၏။ အိမ်ထောင်ဆိုသည့် အကြောင်းကို စဉ်းစားမိသည်။ စဉ်းစားရင်း အိမ်ခန်းအားလုံး ဟိုဟိုသည်သည် ကြည့်မိ၏။ ယခင်က မွေး၏ သီချင်းသံလေးများသည် အခန်းထောင့်လေးများတိုင်းဆီက ထွက်ပေါ်နေကျဖြစ်၏။ ခပ်မြန်မြန် သွက်သွက်လျှောက်ပုံ၊ သွားပုံများသည် ဤအိမ်ထောင်ကြီးတစ်ခုလုံး၏ အသက်ဝင်နေပုံများတည်း။

ရာသီဥတု ပူနွေးလာပြီဆိုသော်လည်း နှင်းကြွင်းများကို ဆောင်ယူလာသော လေကပြတင်းဘက်မှ ခပ်အေးအေး တိုက်ခတ်လာပြန်သည်။ သူ့ပတ်ဝန်းကျင်သည် ပိုမို၍ အေးစက်သွားသည်ဟု ကိုကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကထင်၏။ သူသည် သက်ပြင်းရှည်လျားစွာ ချမိ၏။ မွှေးသည် သူ၏ မိသားစုအပေါ်တွင် ထားသင့်ထားထိုက်သော သံယောဇဉ်ထက်ပို၍ များနေလေသလား။ သူ့မိသားစုကို ခင်တွယ်သောစိတ်သည် လင်ဖြစ်သူကို ချစ်သော စိတ်ထက်ပင်ပိုလေသလား။ ထိုအတွေးကလည်း ကိုကိုနိုင့် ခေါင်းထဲသို့ ဝင်ရောက်လာပြန်သည်။

"မကြာပါဘူး။ သူ့မမ နေကောင်းရင် သူပြန်လာမှာပါ" ဟု ဖြေသာအောင် တွေးလိုက်ရာမှပင် "အင်း ... တီဘီဆိုတာက တစ်ခါပြန်မာလာဖို့ အနည်းဆုံး ခြောက်လ၊ အများဆုံးတစ်နှစ်၊ နှစ်နှစ် စောင့်ရမယ်။ ကိစ္စမရှိပါဘူးလေ။ တို့စစ်သားဆိုတာ မိန်းမကခွဲမသွားလဲ အရေးကိစ္စပေါ်ရင် မိန်းမကိုတောင် ခွဲခဲ့ရသေးတာပဲ" သူသည် တစ်ယောက်တည်းတွေး၊ တစ်ယောက်တည်း မေးနှင့် တစ်ယောက်တည်း ဖြေနေ၏။ သူသည် တစ်ခါဖူးမျှ လူတစ်ဦးတစ်ယောက်အပေါ်တွင် တမ်းတမ်းတတ လွမ်းဆွတ်ခြင်း မဖြစ်ဖူးသေးပေ။ မွှေးကို ဘာကြောင့်များ ဒါလောက်တမ်းတမိသည်ကို သူမတွေးတတ်။

ဤမိန်းကလေးတွင် သူတကာ မိန်းမတို့ကဲ့သို့ အလှအပ မရှိပါဘဲလျက် ဘာကများ စွဲလမ်းနှစ်သိမ့်စရာ ဖြစ်နေပါလိမ့်။

တကျိုင်းကျိုင်းနှင့် မောင်းနှင်လာသော စစ်ကားကြီးမှာ သူ့ပစ္စည်းများသယ်ရန် အိမ်ရှေ့တွင် ထိုးရပ်လိုက်၏။ ထိုအချိန်ကျမှပင် သူသည် အတွေးကို ရပ်ပစ်လိုက်တော့သည်။

* * *





နောက် ခြောက်လတွင် ကိုကိုနိုင်သည် ရှမ်းကိစ္စနှင့် ရန်ကုန်ကို ဆင်းလာခဲ့၏။ မွှေးက သူ့ကို မီးရထားဘူတာတွင် ဆင်းကြိုသည်။ မျှတ်လတ်သွက်လက်ပုံမှာ ယခင်ကလိုပင် ရှိသေး၍ မျက်လုံးများမှာ တောက်ပနေသော်လည်း အတော်ပင် ပိန်သွားပုံရသည်။

မမအေး နေကောင်းကြောင်း၊ ကိုကိုနိုင့်မေမေ လာကြောင်း၊ သူအလုပ်ဝင်၍ လုပ်နေကြောင်းတွေကို လမ်းမှာ ပြောလာသည်။ အိမ်မှာ ယခင်ကလိုပင် ဘာမျှအပြောင်းအလဲမရှိလှ။ ခေါင်းရင်းဆောက် ပေပေ အိပ်သော အခန်း၏ခြေရင်းခန်းတွင် မမအေးကို ပထမဆုံးသွား၍ နှုတ်ဆက်၏။ အခန်းဝ ဝင်ဝင်ချင်း သူ့ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားတော့သည်။ "ရတော့မည့် မဟုတ်" ဟူသော အသိက ခေါင်းထဲတွင် အလိုလို ဝင်လာသည်။ အေး၏မျက်နှာသည် သွေးမရှိသလို ဖြူနေသည်။ မျက်ခုံးနှင့်မျက်လုံးသာ မျက်နှာ၏အသွင်ကို ဆောင်နေပုံရ၏။ အတော်ပင်ကျ၍နေတော့သည်။ သူ့ကို အားယူ၍ ပြုံးကာနှုတ်ဆက်လိုက်သော နှုတ်ခမ်းနှစ်ခုမှာ ဖြူဖွေး၍ အားနည်းလှသည်။

"အေး ... တော်တော် နေကောင်းလာပြီနော်"

သူသည် ကြံဖန်၍ ပြောလိုက်ရသော်လည်း စိတ်က လူမမာ၏အခြေအနေကို သိနေ၏။ အေးက ခေါင်းကိုသာ ညင်ညင်သာသာ ညိတ်၍ ပြသည်။

အေးအခန်းမှ ထွက်လာလျှင် သူ့အခန်းထဲသို့ ဝင်ကာ မောလာသလို လှဲချလိုက်သည်။ မွှေးက သူရေချိုးရန် စီစဉ်နေ၏။

"မွှေး ခဏလာဦး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသုတ်ပဝါကို ပိုက်ထားသော မွှေးမှာ သူ့အနား ကပ်လာသည်။

"အေးကို ဒီလိုပဲထားရင် ဒုက္ခရောက်သွားမှာပေါ့၊ ဆေးရုံမတင်ဘူးလား"

မွှေးသည် အတော်ပင် မျက်နှာညိုးရှုံ့သွား၏။

"မမအေးက ဆေးရုံကို သိပ်ကြောက်တယ်။ ဆေးရုံကို ဖွတ်တင်ရင် သူတို့ ငါ့ကိုအိမ်မှာ မနေစေချင်လို့ဆိုတဲ့အတွေး သူ့ခေါင်းထဲဝင်သွားမှာ"

ကိုကိုနိုင်သည် သက်ပြင်းချကာ ဘာမျှမပြောတော့ဘဲ ငြိမ်နေ၏။

"တဖြည်းဖြည်းကတော့ နားလည်အောင် မွှေးလဲပြောလျက်ပဲ။ ဒေါက်တာ ခထာခထာ နားချလို့ အရင်တလောကတော့ မငြင်းပါဘူး။ ဒါပေမယ့် အခန်းက ခက်သေးတယ် မဟုတ်လား။ ရိုးရိုးအခန်းကို မွှေးလဲ ကြောက်နေပြီ"

"အင်း ... ဒီအခန်းနေရာ ပြဿနာကိုက အဆုတ်နာလူနာတွေအတွက် စဉ်းစားစရာပဲကွယ်၊ လာပါဦး မွှေးရယ်၊ ရေမချိုးချင်သေးပါဘူး"

ရပ်နေသော မွှေးကို သူသည် လှမ်းဖက်လိုက်ကာ ရင်ခွင်ထဲတွင် သိပ်လိုက်၏။

"ငါ့ မိန်းမကြီး အတော် မောလှရှာမယ်"





ပါးစပ်မှပြောကာ မွှေး၏ပါးပြင်ပေါ်သို့ သူ့ပါးကပ်၍ ထားလိုက်သည်။

ညသို့ရောက်လျှင် သူသည် မိခင်နှင့်အကြာကြီး ခွဲနေရသော ကလေးလို မွှေးအနားမှာပင် ခွေ၍နေချင်သည်။ လေးနှင့်အတွေးတို့မှာ စာကြည့်နေကြပြီဖြစ်၍ အိမ်မှာတိတ်ဆိတ်နေသည်။ အဘိုးကြီးသည် အရင်ကလောက် က,လိုက် ခုန်လိုက် မရှိတော့ဘဲ ဣန္ဒြေရလာသည်။ ခပ်စောစောကပင် အိပ်ရာသို့ဝင်၏။

မွှေးက အေးအခန်းထဲသွားကာ လုပ်ကိုင်ပေးပြီးမှ သူ့အိပ်ခန်းကိုဝင်၍ လာသည်။ ခွေနေသော ကိုကိုနိုင့်ဘေးတွင် ဝင်၍လှဲလိုက်၏။ ကိုကိုနိုင်သည် သူ့ရင်ခွင်ထဲသို့ မွှေးကိုဆွဲသွင်းကာ ဘာမျှမပြောဘဲ ငြိမ်သက်နေသည်။ ထိုငြိမ်သက်နေခြင်းက မွှေးကိုမည်မျှနားစေချင်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ပြလျက်ရှိ၏။

"အဟွတ် ... အဟွတ် ...အင့်"

အဆက်မပြတ် ဆိုးသောချောင်းသံမှာ တစ်ဖက်ခန်းမှ ပေါ်လာသည်။

"ဟော ...ကိုကိုနိုင်၊ မမအေး သိပ်ချောင်းဆိုနေပြီ၊ မွှေးသွားဦးမယ်"

မွှေးသည် ကိုကိုနိုင့်လက်ကို ဖြေကာ ကမန်းကတန်း ထ,သွားတော့၏။ ကိုကိုနိုင်ကတော့ သက်ပြင်းချကာ ကျန်ရစ်တော့သည်။

မွှေး ပြန်လာချိန်မှာ သန်းခေါင်သို့ ရောက်နေပေပြီ၊ ကိုကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ခန်းလုံး မှောင်ချကာ ပြတင်းပေါက်နားရှိ ကုလားထိုင်ပေါ်တွင် ဆေးလိပ်သောက်နေ၏။ မွှေး၏ နူးညံ့သော နှုတ်ခမ်းများသည် သူ့လည်ပင်းကို လာထိ၏။ သူသည် ဆေးလိပ်ကို ဘေးချကာ မွှေးကိုယ်ကို ဆွဲယူလိုက်သည်။

"ကိုကိုနိုင်အိပ်နှင့်ပါလား။ မွှေးကို စောင့်နေတယ်ထင်တယ်"

"မအိပ်ချင်သေးဘူး"

"အားနာလိုက်တာ၊ မမအေးက ခုလို ဆက်တိုက်ဆိုးလာရင် အပူရှိန်ကလဲပြင်း၊ ချွေးတွေပြန်ပြီး သိပ်ပင်ပန်းတာပဲ။ အနားမှာ ကလေးမ ရှိပေမယ့် မွှေးတို့ရှိတော့ သူအားရှိတာပေါ့"

ကိုကိုနိုင်သည် ဘာမျှပြန်မပြော၊ မွှေး၏ နှုတ်ခမ်းလေးများပေါ်ကိုသာ သူ့နှုတ်ခမ်းကို ဖိ၍ထားလိုက်သည်။ ညဉ့်သည် တိတ်ဆိတ်သော်လည်း ပူနွေး၍နေသည်။ ကိုကိုနိုင့်စိတ်ထဲတွင် မထွေးနိုင် မအန်ရက်ဖြစ်နေသည်။ ဒီလိုသာ လူနာနားမှာ သန်းခေါင်တိုင်အောင်နေ၊ နေ့ဘက်တွင် အလုပ်လုပ်ဆိုလျှင် မွှေးခံနိုင်ပါဦးမည်လား။ သူသည် မွှေးအတွက် ဖွင့်၍ပြောချင်သော်လည်း သူ့ကို အထင်လွဲမှာ၊ အထင်သေးမှာ စိုးရိမ်နေတော့သည်။

ထိုညတစ်ညလုံးတွင် သူသည် မွှေးအား ရင်ခွင်ထဲ၌ အေးချမ်းစွာ အိပ်ပျော်အောင် သိပ်သော်လည်း မမအေး ချောင်းဆိုးသံကြားတိုင်း မွှေး၏ကိုယ်လေးမှာ တွန့်ခနဲဖြစ်ကာ လူပ်ရှား၍ သွားတတ်ပေသည်။

သက်ပြင်းတချချ ရင်တမမနှင့်ပင် မွှေးနှင့်ငါးရက်အတူနေ





ကာ သူပြန်လာခဲ့သည်။ အလွန်အချစ်ကြီးသော မိန်းကလေးအား ရပ်နားရန် ဖန်တီးပေးသော်လည်း မွှေးသည် မနားနိုင်သေးပါတကား။

ပြန်မည့်ညကမူ နှစ်ယောက်စလုံး စိတ်ထဲတွင် လင်မယားဖြစ်ပါလျက်နှင့် သမီးရည်းစားလို ဖြစ်နေသည်။ ဒီတစ်ခါ ခွဲခွာခြင်းနှင့် ပြန်လည်ဆုံတွေ့ရမည့်အချိန်ကို တွက်ချက်ခြင်းသည် ဘာကြောင့်မှန်းမသိ၊ ရေရေရာရာမရှိလှ။ မွှေးကလည်း "ဒီတစ်ခါ ကိုကိုနိုင် ပြန်မှာကို ရင်ခုန်လိုက်တာ" ဟု ဆို၏၊ ကိုကိုနိုင့် စိတ်ထဲတွင်လည်း ပြောပြ၍မတတ်သော ခံစားမှုတစ်ခုမှာ လေးနေတော့သည်။ သို့သော် ဘာကိုမျှ မွဲ့မွဲ့နွဲ့နွဲ့ ရှည်ရှည်လျားလျားပြော၍တော့ မရကြ။ နှစ်ယောက်ဆုံကြတိုင်း ရင်ထဲတွင်တော့ တစ်ခုခု သိမ်းထားကြရသလို ဖြစ်နေပေမယ့် တိတ်တိတ်ဆိတ်ဆိတ် နေမိကြသည်။

မွှေးက သူ့ထုံးစံအတိုင်း နှုတ်ဆက်အနမ်းကို နမ်းစဉ်ကမူ ယခင်ကလို ကြည်ကြည်ရွှင်ရွှင် မရှိလှ၊ မျက်ရည်ဖြိုင်ဖြိုင် ကျကာရှိုက်၍ငိုသည်။ 'မွှေးကိုလက်ထပ်ရတာ ကိုကိုနိုင်ဒုက္ခပါပဲ' ဟုသာ ပြော၏။ ကိုကိုနိုင်ကမူ ဘာတစ်လုံးမျှ ပြောမထွက်ပေ။

ကိုကိုနိုင် ပြန်သွားပြီးနောက် ခြောက်လလောက်မှ မမအေးကို ဆေးရုံတင်ရန် နားချ၍ရတော့၏။ အမေဖြစ်သူ ဆေးရုံတက်စဉ်က ဆေးရုံဒုက္ခကို တွေ့ရသော အေးသည် ဆေးရုံကိုပင် ကြောက်စရာလို ထင်မိ၏။ ထို့ကြောင့် သူ့ရောဂါကို ဖွင့်မပြောဘဲ ကြိတ်မှိတ်ခံခဲ့သည်။ ယခု ဆေးရုံရောက်ချိန်တွင် လပိုင်းမှ နှစ်ပိုင်းသို့ ရောက်လာသော ကြောင့် အေးရောဂါမှာ ကျွမ်းစပြုလာလေသည်။ တစ်ရံတစ်ခါ ညများ



www.burmeseclassic.com

www.burmeseclassic.com



တွင် မွှေးသည် အစ်မကို ကိုယ်တိုင်သွားစောင့်၏။ အဖော်မိန်းကလေး မအေးသင်မှာ သစ္စာရှိ၍ ကြင်နာတတ်၏။ အေးကို ဆရာမလေးတစ်ယောက်လို ပွေ့ပွေ့ပိုက်ပိုက်ပြုစု၏။

"မမအေး ချောင်းဆိုးနေတုန်းဆိုရင် မမမွှေး ခြင်ထောင်ထဲ မဝင်နဲ့၊ ရောဂါ ကူးစက်တတ်တယ်" ဟူ၍လည်း သတိပေးတတ်၏။

ညပိုင်းတွင် မမအေးသည် ပြင်းပြင်းထန်ထန် ချောင်းဆိုးလာ၏။ ချောင်းဆိုးသံကြားလျှင် မွှေးသည် ခြင်ထောင်မကာ ကြည့်နေမိသည်။ ချွေးဆို့နေသော နှုတ်ခမ်းနှစ်ခုမှာ ချောင်းဆိုးလျှင် ဆတ်ဆတ်တုန်နေသည်။ ရင်ထဲမှာ မောလွန်း၍ လှိုင်းလိုလှုပ်ရှားနေတော့သည်။ နားထင်မှ စီးကျလာသော ချွေးများမှာ ဆံပင်စများကို စိုရွှဲနေတော့သည်။ အပူရှိန်မှာ တစ်ရာကျော်၍ လာတော့သည်။ မွှေးသည် ရေဆွတ်ထားသော လက်ကိုင်ပဝါလေးနှင့် အေးစက်နေသူများကို တို့ကာတို့ကာ ပေး၏။ ရေမွှေးရနံ့ဖြင့် အမောပြေအောင် လုပ်ပေး၏။ တစ်ခါတစ်ရံ အပူကျသွားသော်လည်း ချောင်းဆိုး၍ တစ်ညလုံးလိုလို မအိပ်ရပေ။

ခဏမျှ မှေးနေချိန်တွင် မမအေး မျက်နှာသည် အားနည်းလှသည်။ ရောဂါကြီး၏ အရှိန်ဒဏ်ကို မခံနိုင်သလို မျက်နှာညှိုးလျှနေတော့သည်။

အဖော်ကလေးမလေးသည် မွှေးကို လက်ကုတ်၍ ခေါ်၏။

အခန်းအပြင်သို့ရောက်လျှင် သူသည် နားနားကပ်ကာ—

"မမအေးကို ကျွန်မ ပြုစုပါ့မယ်၊ မမမွှေး သိပ်အပင်ပန်းမခံပါနဲ့" ဟုပြော၏။





"ဘာဖြစ်လို့လဲ ငါ့အစ်မကို ငါပြုစုချင်တာပေါ့။ သူချောင်းဆိုးတိုင်း ငါ့ရင်ထဲကို အပ်နဲ့ဆွသလိုပဲ၊ ငါအိပ်လို့မရဘူး"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမယ့် ကိုကိုနိုင်က မပြန်ခင် ကျွန်မကို မှာသွားတယ်၊ နင့် မမမွှေး နားချိန်ရအောင်ရယ်၊ ကျန်းမာရေးအတွက်ရယ်၊ အမြဲ သတိပေး ဂရုစိုက်ရမယ်တဲ့၊ မမမွှေး ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦး"

"မတတ်နိုင်ဘူး မအေးသင်၊ အထွေးတို့လဲ စာမေးပွဲနီးနေတာ"

အထဲမှ မမအေး လှုပ်သံကြား၍ မအေးသင်သည် စကားဖြတ်ကာ အခန်းတွင်းသို့ ဝင်သွား၏။ မွှေးသည် မှောင်ထဲတွင် တစ်ယောက်တည်း ရပ်နေခဲ့၏။ ဆေးရုံအခန်းတိုင်းလိုလို တိတ်ဆိတ်နေသော်လည်း နံပါတ်ရှစ်အခန်းမှ စပါယ်ရှယ်ဆရာမလေး တစ်ယောက်သာ ရေခွေးဖလုံနှင့် အလုပ်ရှုပ်နေသည်။

ကိုကိုနိုင့်မျက်နှာမှာ မွှေးမျက်စိထဲတွင် ပေါ်လာပြန်သည်။ "သူမအေးသင်ကို ငါ့ကျန်းမာရေးအတွက် မှာခဲ့သေးတယ်" မွှေးသည် သက်ပြင်းချမိ၏။ "မတတ်နိုင်ဘူး မတတ်နိုင်ဘူး" ခေါင်းကို ယမ်းကာ လက်ကိုတင်းတင်း ဆုပ်မိ၏။ ဖြစ်လာတာတွေက ကိုယ်ဖန်တီးသည်မှ မဟုတ်ပေဘဲ၊ သူတို့ကလည်း ဖန်တီးကြသည်မဟုတ်၊ အကြောင်းတရားတွေသာဖြစ်၏။ မေမေရော၊ မမရော အပြစ်မဲ့ကြသူတွေသာ ဖြစ်သည်။ သူတို့သည် လူ့လောကတွင် ပြုဖွယ်ကိစ္စများကို ပြုကြရင်း ဒဏ်ခံကြရသည်သာဖြစ်၏။ ဒီအခြေကျမှ ကိုယ်ကတစ်ယောက်တည်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်သွားဖို့ဆိုသည်က ဘဝကိုသစ္စာမဲ့လွန်းရာ၊ ကိုယ်ကျိုးကြည့်လွန်းရာကျသည်ဟု မွှေးကတွေးမိပြန်သည်။

"အဟွတ်...အဟွတ်...အဟွတ်...အဟွတ်" ချောင်းသံမှာ အဆက်မပြတ် ထွက်လာပြန်၏။ မွှေးသည် အေးရှိရာသို့ ခြေဖျားထောက်ကာ ပြေးသွား၏။ မမအေးသည် မခံမရပ်နိုင်အောင် မောနေပုံရ၏။ မွှေးက ပွေ့ယူလိုက်မှ ချောင်းဆက်ပြတ်သွားသော်လည်း ရင်အုံမှာ မငြိမ်သေးပေ။ မအေးသင်သည် ဘယ်အချိန်က ထွက်သွားသည်မသိ။ တာဝန်ကျ ဆရာမလေးမှာ သူ့နောက်တွင် ပါလာသည်။ ဆရာမက ဆေးတစ်လုံး ထိုးပေးမှ အေးမှာ အမောသက်သာသွားတော့သည်။ အမောပြေတော့လည်း အေးသည် သူ၏အပြုံးလေးကို အားယူပြီးကာ မွှေးကိုကြည့်၏။

"ဆေးရုံမှာနေတော့ မောတဲ့ပြတဲ့အခါ ချက်ချင်းဆေးရတော့ သက်သာတယ်"

သူသည် မွှေးကို တိုးတိုးနှင့် ဖြည်းဖြည်းပြော၏။

"ဟုတ်တယ်၊ မွှေးက အစောတြီးက ဆေးရုံတင်ချင်တာ၊ မမအေးက မျက်စိမျက်နှာပျက်အောင် ကြောက်နေတော့ မတင်ချင်တော့ဘူး။ ဖွတ်တင်ပြန်ရင်လဲ ရောဂါကူးမှာစိုးလို့၊ အိမ်မှာ မနေစေချင်လို့လို့ လူနာ အထင်လွဲမှာလဲ ကြောက်တယ်"

အေးသည် မွှေးလက်ကို ယုယစွာ ဆွဲယူလိုက်၏။ သူသည် ပျော့ပျောင်းစွာပင် ထပ်မံပြုံးကာ ...





"မမအေးက မွှေးအပေါ်မှာ ဘယ်တော့မှ အထင်မလွဲပါဘူး။ အများကြီး ကျေနပ်ပါတယ်ကွယ်။ ကျေးဇူးလဲ သိပ်တင်ပါတယ်"

မွှေးသည် နောက်စကားလုံးများကို ဆက်မကြားတော့။ မမအေးလက်ကို တင်းတင်းဖျစ်၍ ထားမိ၏။ ဘာမျှလည်း သူပြန်ပြော၍ မတတ် တော့ပေ။

မေမေသည် မဆုံးခင်တစ်ပတ်က ဒီလိုပဲ "ကျေးဇူးတင်ပါတယ်" ဟု မအေရင့်မကြီးက သမီးကို ပြောခဲ့၏။ ယခုလည်း မမက ဆိုပြန်သည်။

"မွှေးကို ကျေးဇူးမတင်ကြပါနဲ့၊ မတင်ကြပါနဲ့"

မွှေးသည် ကြပ်တည်းနေသော ရင်ပွင့်အောင် အော်ချင်သော်လည်း စိတ်ထဲမှသာ ရေရွတ်မိ၏။ သန်းခေါင်ကျော်လျှင် အေးသည် ငြိမ်သက်စွာ အိပ်၍သွားပြန်သည်။

နောက်နေ့တွင် မွှေးသည် ရုံးကခွင့်ယူလိုက်ရ၏။ တစ်ညလုံး အိပ်မရသောဒဏ်ကြောင့် ခေါင်းကမူးဝေနေသည်။ မအေးသင်နှင့်ပင် အေးကို ထားခဲ့ကာ အိမ်ကိုပြန်လာခဲ့သည်။

ညီမငယ် နှစ်ယောက်မှာ ကျောင်းသို့သွားချိန်ဖြစ်၏။ အဘိုးကြီးကမူ နို့ဆီခွက်၊ ပုလင်းလွတ်များကို စုပုံကာ အိမ်ရှေ့လှေကားတွင် ငုတ်တုတ်ထိုင်နေသည်။

မွှေးကို မြင်လျှင် ရယ်လိုက်၏။

" ငါ ဒါတွေရောင်းပြီး ဝါးခယ်မ ပြန်မလို့"



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် ခေါင်းကိုညိတ်ပြကာ ခပ်မြန်မြန်ပင် လှေကားကို တက်လာခဲ့သည်။ အဘိုးကြီးအတွက် စိတ်မညစ် စိတ်မရှုပ်နိုင်တော့ပေ။ စိတ်လွှတ်၍ ထင်ရာသွားကာ က,ခုန်မနေသည်ကိုဘဲ မွေးက ကျေးဇူးတင်မိ၏။

အိမ်ပေါ်ရောက်လျှင် အထွေးကို အိမ်ခန်းထဲတွင် ခွေလျက် တွေ့သည်။ အထွေးမျက်နှာသည် ရွှင်ရွှင်လန်းလန်းမရှိ။ မွေးသည် အထွေးနဖူးကို စမ်းလိုက်၏။

"အထွေး ဘာဖြစ်လို့လဲ ကိုယ်လဲ မပူပါဘူး။ ဒီနေ့ကျောင်းမှာ Class မရှိဘူးလား။ လေးရော၊ မွေးက ကျောင်းသွားတယ် ထင်နေတာ"

"လေး ကျောင်းကနေ ဆေးရုံဆက်သွားလိမ့်မယ်၊ ခုန ရဲဘော်တစ်ယောက် စာတစ်စောင်နဲ့ သေတ္တာနှစ်လုံး လာပို့သွားတယ်၊ ဒီမှာ စာ အစ်ကို့ဆီကလို့ ပြောသွားတယ်"

အထွေးသည် ခေါင်းအုံးအောက်မှ စာလေးကို ထုတ်ပေးလိုက်၏။ မွေးက စာကိုတယုတယ လှမ်းယူလိုက်သော်လည်း သူ့မျက်လုံးကမူ ညီမမျက်နှာမှခွာမရပေ။

"အထွေး ဘာဖြစ်လို့လဲပြောစမ်း။ မျက်နှာဘာလို့ဒါလောက် ညှိုးနေရတာလဲ"

အထွေးသည် အတော်ပင် မျက်နှာညှိုးနေရာမှ "စိတ်မကောင်းလို့ပါ" ဟုဖြေ၏။

"ဘာကို စိတ်မကောင်းတာလဲ"





အထွေးက မျက်ရည်လေးများ လည်လာကာ ဝမ်းနည်းပမ်းနည်း ပြောပြ၏။

"ကျောင်းမှာ နေ့လယ်စာကို စိမ်းစိမ်းအခန်းထဲမှာ အထွေးတို့ သူငယ်ချင်းတွေ အတူစားနေကျ။ ခုတလော ထွေးဝင်သွားရင် သန်းသန်းတို့၊ ရင်ရင်တို့ ဖယ်ဖယ်သွားတယ်။ ဒီနေ့ အထွေး စုံစမ်းကြည့်တော့မှ အထွေး အစ်မကလည်း တီဘီသမား။ အမေကလဲ တီဘီ နဲ့သေလို့တဲ့။ သူတို့က အထွေးကို အရောမဝင်ချင်တော့ဘူး"

အထွေးသည် ဝမ်းနည်းအားငယ်လာဟန် ရှိ၏။ မျက်ရည်များ ကျလာသည်။

"အထွေးကလဲကွယ် သူတို့ ဘယ်လိုပဲထင်ထင် အထွေးတို့ ဓာတ်မှန်ရိုက်၊ တံတွေးတွေ ဘာတွေ စစ်ပြီးတာ သုံးလပဲ ရှိသေးတာပဲ။ ဘာမှမရှိဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေပြီပဲဟာ ဝမ်းမနည်းပါနဲ့"

အထွေးသည် သူငယ်ချင်းတချို့ ပိုင်းပယ်သည့်အတွက် ဝမ်းနည်းနေဟန်ရှိ၏။

"သူငယ်ချင်းတွေ စိတ်ကိုသိရတာပေါ့။ တစိမ်းမပြောနဲ့ ဒေါ်လေးမူရာတောင် မေမေ့ဆီကို ကိုယ်တိုင်မလာတာကူးမှာကြောက်လို့တဲ့။ ဖွင့်ပြောတာပဲဟာ။ ဒါတွေမတွေးနဲ့ အထွေး။ ကဲ ... ပျော်အောင်အိပ်စမ်း။ ညနေကျတို့နှစ်ယောက် ဆေးရုံသွားရအောင်"

အထွေးကို သိပ်ခဲ့ကာ သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။ ကိုကိုနိုင်ထံမှ စာကိုဖောက်ဖတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မွေး

နယ်ခြားဘက်ဆီ တစ်ခါထပ်သွားရမှာမို့ မလိုတဲ့ အဝတ်အစားသေတ္တာနဲ့ စာအုပ်သေတ္တာတစ်ခု ပြန်ပို့လိုက်တယ်။ ဝန်ပေါ့အောင်လို့ပဲ နောင်မှ စာရှည်ရှည် ရေးလိုက်မယ်။

ကိုကိုနိုင် စိတ်ချမ်းသာစေချင်ရင် မွေးရဲ့ကျန်းမာရေးကိုပဲ အစဉ်ဂရုစိုက်ပါ။

ချမ်းမြေ့ရွှင်လန်းပါစေ၊

မွေးရဲ့ကိုကိုနိုင်

မွေးသည် စာရွက်ကို ပါးမှာအပ်ကာ ခုတင်ပေါ်သို့ လှဲလိုက်သည်။ မှုးနောက်ဝေနေသော ခေါင်းမှာ အနည်းငယ် ကြည်လင်လာသလိုရှိတော့၏။

နေ့လယ်ပိုင်းတွင် ရေချိုးလိုက်၍ ပေါ့ပါးသွားသောကြောင့် သေတ္တာနှစ်လုံးကို ဖွင့်၍ရှင်းရန် ပြင်လိုက်သည်။ စာအုပ်သေတ္တာမှာများ၍ အထွေးတို့နှင့်မှ အတူလုပ်ရန် နောက်ချန်ထား၏။ အင်္ကျီသေတ္တာကိုမူအလျင်ဖွင့်လိုက်သည်။ သေတ္တာထဲတွင် ရှိုးရိုးအင်္ကျီ၊ ရှပ်အင်္ကျီနှင့် ဘောင်းဘီအဟောင်းများ၊ ဇန်ကောက်လုံချည်များ ပါလာသည်။ နယ်ခြားဘက်ဖြစ်၍ အနွေးထည်နှင့် အကြမ်းထည်များသာ ယူသွားဟန်ရှိပေ၏။

မွေးသည် အင်္ကျီအိတ်များ၊ ဘောင်းဘီအိတ်များကို ရှင်းလင်းကာ နေပူလှန်းရန် ပုံ၍ထား၏။ ကိုကိုနိုင်သည် ရှုံးစာမဟုတ်သော





စာတို၊ စာပယ်ဟူသမျှ အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များတွင် ထည့်ထားလေ့ရှိပေသည်။

နွေဘက် ညဝတ်အင်္ကျီ အပါးစားတစ်ထည်၏ အိတ်ထဲမှမူ လိပ်စာမတပ်ထားသော လေကြောင်း စာပို့စာတစ်အိတ်ကို တွေ့ရသည်။ စာရွက်များမှာ အိတ်ကို ဆွဲအထုတ်တွင် အန်ကျလာ၏။ မွေးသည် စာ ရွက်အစတစ်ရွက်ကို ကောက်ကိုင်ရင်း အံ့အားသင့်သွား၏။ စာမှာ မွေးထံသို့ ခေါင်းစဉ်တပ်ထားသောကြောင့် ဖြစ်ပေသည်။

ချစ်ဇနီးကြီးမွေး

အတူနေခဲ့ကြရတဲ့ တန်ဖိုးကို ခွဲခွာနေရတဲ့အချိန်ကျမှပဲ ထင်ရှားသိရတော့တာပဲ။ မွေးပြန်သွားတဲ့နေ့က အိမ်ကြီးဟာ သဲကန္တာရလိုပဲ ခြောက်သွေ့နေတော့တယ်။ အဲဒီနေ့မှာ သီချင်းဆိုနေကျ ငှက်ကလေးတွေတောင် အိပ်ပျော်နေကြသလားအောက်မေ့ရတယ်။ အထူးပဲ တိတ်ဆိတ်ငြိမ်သက်ပြီး ဘာသံမှ မကြားရဘူး။

အလုပ်တွေဟာ အမြဲကိုပဲ များနေပါစေ၊ တိုက်ပွဲအစဉ်ပဲ သွားနေရပါစေလို့ ဆုတောင်းနေမိတယ်။ ကိုကိုနိုင်ရဲ့ အားလပ်ချိန်တွေကို ဘယ်လိုသုံးရမယ်ဆိုတာ ကိုကိုနိုင် မတွေးတတ်တော့ဘူး။ Mess မှာလဲ မပျော်ဘူး။ ခက်တာက အရက်ခွက်မကိုင်လိုတော့တဲ့အပြစ် ရောက်နေတော့ ပိုဆိုးနေတယ်။ စာဖတ်မယ်လို့ စာအုပ်ကိုင်လိုက်တိုင်းလဲ အနားမှာ အမြဲထိုင်ပြီး စာဖတ်ဖော် စာဖတ်ဖက်ဖြစ်နေတဲ့ မွေးကို ကိုကိုနိုင် သတိရစရာ ဖြစ်လာပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



တောကို ထွက်လာရတဲ့ ရက်တွေကျပြန်တော့လဲ တောတန်းရဲ့သာယာပုံ၊ ပန်းတွေရဲ့ လှပပုံကို မြင်ရရင်ပဲ သဘာဝကို မြတ်နိုးတတ်တဲ့ ငါ့အချစ်ဟာ ဒီလိုအလှအပလေးတွေကို မြင်ရင် ချစ်တတ်ရှာ ပေတယ်၊ ပျော်ရှာပေမှာပဲလို့ တွေးရတာကို အမောပဲ။

Mess က ရဲဘော်လက်ရာက အနောက်ဆန်ဆန် မြခေ ပေမယ့် မွေးရဲ့ အငွေ့တထောင်းထောင်းထနေတဲ့ ကြော်ချက် ဟင်းလောက် ကိုကိုနိုင် မမြိန်တော့ဘူး။

'ဟာ'တာကတော့ ရင်ထဲမှာ အားလုံး ဟာနေတယ် မွေး။ ကိုကိုနိုင့်ရင်ထဲမှာ ဟာချင်ဟာရပါစေတော့၊ မွေးဟာ စိတ်ချမ်းမြေ့ သာယာစွာနဲ့ နေရတယ်ဆိုရင် ကိုကိုနိုင် ဖြေသာပါတယ်။

ဟိုရက် ရန်ကုန်ကို ပြန်လာတုန်းက မွေးနေရတာကို မြင်ရတော့ ကိုကိုနိုင့်ရင်ထဲမှာ နာနေတော့တယ်။ အမှန်တော့ မွေးကို ကိုကိုနိုင့် အရိပ်မှာခိုပြီး နားနေစေချင်တယ်။ မွေးဟာ ကိုကိုနိုင့် ရင်ခွင်ထဲမှာတောင် နစ်နစ်မြုပ်မြုပ် မအိပ်နိုင်တဲ့ အဖြစ်ပါကလားလို့ တွေးမိတိုင်း မွေးအတွက် သိပ်မောမိတာပဲ၊ မွေးနဲ့ကိုကိုနိုင် လက်ထပ်ကြတာဟာ တခြားအိမ်ထောင်ရေး တွေနဲ့မတူခဲ့ဘူး။ ပိုက်ဆံနဲ့ ပေးထယ်ပြီး ဂုဏ်ချင်း ဖလှယ်ခဲ့ ကြတာလဲမဟုတ်ဘူး။ အမြတ်ထုတ်ချင် အပိုင်စီးချင်တဲ့ သဘော တွေလဲမပါခဲ့ဘူး။

မွေးကို မြတ်နိုးတဲ့စိတ်နဲ့သာ လက်ထပ်ခဲ့တာပဲ၊ ကိုကိုနိုင်





ဟာ အကြိုက်ဆုံးမိန်းမကို ရခဲ့တာအမှန်ပဲ။ ကိုကိုနိုင်လိုသဘော အကျဆုံးမိန်းမရဲ့ ပုံစံဟာမွေးပဲ။ ဒါပေမယ့် လက်ထပ်ပြီး ချိန်ကြီးဟာ အမြဲပဲခြောက်သွေ့နေတာကို တွေးမိတိုင်း ကိုကိုနိုင် တို့နှစ်ယောက်ဟာ ဘာကြောင့်များ ဒါလောက် ကြာရှည်အောင် ခွဲခွာနေကြရသလဲလို့ တွေးမိပြန်ရော။

မွေးတို့ မိသားစုရဲ့ ချစ်ခင်ကြပုံကိုလဲ ကိုကိုနိုင့်ကြောင့် ဖရိုပရဲမဖြစ်စေချင်ဘူး။ မွေးဟာ ကံခေသူပဲနော်။ ကိုကိုနိုင် ရေးရင်း ဘာရေးရမယ်ဆိုတာ တွေးမရပြန်ဘူး။ ခက်တာက အထင်လွဲမှာစိုးတယ်။ မွေး အထင်လွဲခံရမှာစိုးတယ်။ တကယ် ပြောချင်တာကတော့ ကိုကိုနိုင် မွေးနဲ့အကြာကြီးခွဲမနေချင်ဘူး။ ခုလဲ ခြောက်လကြာတစ်ခါတွေ့ပြီး မတွေ့ရတာ နှစ်ချီပြီးကြာ ခဲ့ပြီ၊ ဘာလို့ ခဏခဏပြန်မလာလဲဆိုရင် တီတီရောဂါသည်ကြီး နားမှာ မောကြီးပန်းကြီး အလုပ်လုပ်နေရတဲ့ မွေးကို မမြင်ရက် လို့ပဲ။ အေးလေ မွေးတစ်ယောက်တည်း လင့်အပေါ်ရော မိသားစုအပေါ်မှာရော ထောင့်စေ့ဖို့ ဆိုတာကလဲ ဘယ်တတ် နိုင်မလဲ၊ ကိုကိုနိုင်လေ . . .

သူ့စာမှာဆက်၍ရေးမထားတော့ဘဲ ထိုနေရာတွင် ပြတ် နေတော့သည်။ ထိုစာကိုရေးပြီး အဆုံးမသတ်တော့ဘဲ ထားဟန်ရှိ၏။ သိမ်းဆည်းထားရင်းမှ ပါလာခြင်း ဖြစ်ဟန်တူသည်။ မွေးသည် စာရွက် ကို ရင်တွင်အပ်ထားမိ၏။ ကိုကိုနိုင် ဘယ်လိုနေမည်ကိုလည်း သူတွေး မိ၏။ သူ့ရင်ထဲတွင် နှင့်၍လာတော့သည်။ စာခေါ်ရက်စွဲမှာ စက်တင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



တတိယပတ်ထဲတွင် ရေးထား၏။ ယခု သေတ္တာများရောက်ချိန်မှာ ဒီဇင်ဘာလလယ်ဖြစ်ပေသည်။

သူသည် သမီးကောင်းတစ်ယောက် (သို့မဟုတ်) ညီမကောင်း တစ်ယောက်ဖြစ်မည် ဖြစ်သော်လည်း မယားကောင်းတစ်ယောက် မဖြစ် သည်ကို တွေးမိသောအခါ မျက်ရည်များ စို့လာပြန်တော့သည်။ အင်္ကျီ ပုံပေါ်တွင် လှဲချကာ အလုပ်ဆက်၍ မလုပ်တော့ပေ။

တစ်ခါတစ်ရံ ကောင်းတာတွေ လုပ်ရင်းက စိတ်မချမ်းမြေ့စရာ များ အများအပြားပင် ဖြစ်လာတတ်ပါတကားဟု သူတွေးမိ၏။ သူတို့ ဇာတ်လမ်းထဲတွင် လူဆိုးမပါဘဲလျက် ဘာကြောင့် စိတ်မချမ်းမြေ့စရာ အကွက်များ ပါ၍လာပါလိမ့်။ ဘဝဆိုသည်မှာ အလွန်ဆန်းပြားသော ဇာတ်လမ်းတို့ က,ပြရာသာတည်း။ မွေးသည် သူတို့နှစ်ယောက်ဘဝ ကို နှမြောတသ လာမိပြန်သည်။ အမှန်တော့ မြတ်နိုးကြသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်ကြသည်။ ဝင်ငွေကောင်းသည် ဆိုသည့်နောက် အိမ်ထောင်ရေးသည် ပြေပြစ်ဖို့ကောင်း၏။ ယခုတော့ လူဆိုးမပါဘဲ စိတ်မချမ်းမြေ့စရာ ဇာတ်ကွက်ကို သူတို့နှစ်ယောက် က,ပြလျက်ရှိပေသည်။ သူသည် ဘာမှုမလုပ်ဘဲ အလိုလို မောဟိုက် လာ၏။ ရှင်း၍မရသော ချည်ခင်ကြီးများကို တစ်ထွေးပြီးတစ်ထွေး ဖြေနေရသလို စိတ်ထဲမှာ နောက်ကျိ၍ ရှုပ်လာတော့သည်။ အမှန်တော့ ချည်ခင်ကို တစ်နေရာရာမှ တိခနဲ ဖြတ်လိုက်လျှင် အစပေါ်ကာ ရှင်းလာမည်ဖြစ်သော်လည်း ဖြတ်ရမည့်နေရာကိုကား မွေးရှာ၍မတွေ့ သေးပေ။





ထိုနေ့ညနေတွင် အထွေးကိုသာ ဆေးရုံသို့ လွှတ်လိုက်၍ သူသည် အိပ်ခန်းထဲမှ မထွက်တော့ပေ။

* * *

နောက်နေ့ နံနက် ဆေးရုံသို့ ထမင်းသွားပို့ချိန်တွင် မွေး သည် မမအေးအခန်းသို့ ဝင်ဝင်ချင်း ခြေလှမ်းတုံ့သွား၏။ မမအေး ဘေးတွင် ဒေါ်လေးသူဇာသည် ပရိတ်များကို ရွတ်ဖတ်လျက်ရှိကာ မမအေးက မျက်စိကိုမှိတ်၍ မှိန်းနေပေသည်။

မွေးသည် သူ့မှာ အကျွရောက်နေသော ကျဉ်းထဲကျပ်ထဲ အချိန် ကျလျှင် ဒေါ်လေးသူဇာ ရောက်လာတတ်၍ စိတ်ထဲမှ ကျေးဇူးတင်မိ ပေသည်။

"မွေး လား"

မမအေးက မျက်လုံးဖွင့်၍ မေးလိုက်၏။

"ဟုတ်တယ် မမအေး။ ညက မွေး နည်းနည်းပန်းနေတာနဲ့ လာမအိပ်တာ"

သူသည် ခေါင်းကိုညိတ်၍ မွေးကို အနားသို့ခေါ်၏။ မွေးက နားဝကို အေးပါးစပ်နားသို့ ကပ်လိုက်၏။

"ညက တစ်ညလုံး မမအေး မောလိုက်တာ၊ အောက်စီဂျင် ရှူရတယ်။ ဒီနေ့မနက်ကျတော့ မမအေး ခြေထောက်တွေ အေးနေပြီ။ စမ်းကြည့်စမ်း။ မေမေ့တုန်းက ဒီလိုပဲ အေးလာတာပဲ"

မမအေးသည် တစ်လုံးချင်း အားယူပြောသော်လည်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းက တစ်ချက်မျှမပျက်၊ တည်တည်ငြိမ်ငြိမ်ပင်ရှိ၏။ မွေးရင်ထဲမှာမူ တဒိတ်ဒိတ်ခုန်ကာ ပြောင်းဆန်သွားတော့သည်။ အေးသည် သူသေရတော့မည်ကို သိပါလျက်နှင့် မတုန်လှုပ်သည်ကို မွေးက အံ့သြနေ၏။ အေးကိုပျော့ညံ့သည်၊ အေးစက်သည်၊ သတ္တိကြောင်သည်ဟူသောအယူအဆများသည် တစ်ရှုးတ်ချင်း ပျောက်သွားတော့သည်။ သူသည် စွာကျယ်စွာကျယ်နှင့် သတ္တိရှိသည်ဟု အများအထင်တွင် အထင်ခံခဲ့ရသော်လည်း သေခြင်းတရားကို ယခုလိုများ ရင်ဆိုင်ရပါလျှင် သေမည်ကိုသိရပါလျှင် မမအေးလိုမှ တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခံနိုင်မည်လား။

"ဒေါ်လေးသူဇာ ရွတ်ပြီးရင် မွေး မွေစကြာကို ရွတ်ဖတ်နော်၊ ကဲ . . . ငြိမ်ငြိမ် နားထောင်စမ်း"

အေးသည် ပါးစပ်မှ ပြောနေသော်လည်း မျက်စိကိုမူ မေးကာပရိတ်ကို ဆက်လက်နားထောင်နေ၏။ မွေးကမူ ငြိမ်ငြိမ် မနေနိုင်။ ဗျာယာခတ်နေပေပြီ။ သူသည် အခန်းစောင့် ဆရာဝန်ထံ ပြေးသွား၏။ ထိုနေ့မှာ ဒေါက်တာဒေါ်မြကြည်အလှည့် ဖြစ်ပေသည်။ သူ့ကိုမြင်မြင်ချင်း ဒေါ်မြကြည်က ခေါင်းကိုဖြည်းညင်းစွာ ယမ်းရှုပြ၏။ မွေးသည် လူက ကျောက်ရုပ်လို ငြိမ်သက်သွားသော်လည်း စိတ်ကမူ ဆောက်တည်ရာ မရသလို အော်ဟစ်၍ ထွက်ပြေးသွားချင်သည်။

"မနက်က ဒေါက်တာကိုကိုကြီးရော၊ ဦးသန်းအောင်ရော လာပါတယ်။ သူ့ရောဂါက လွန်နေပြီပဲကွယ်။ သိပ်မောတဲ့ဒဏ်ကိုမခံရအောင် ကိုယ်တို့ လုပ်ပေးပါ့မယ်၊ သူ သွေးဆုတ်နေပြီ"





ဒေါ်မြကြည်သည် သူ့ပခုံးကို ပုတ်၍ ညင်သာစွာပြောပြ၏။ မွေးသည် မျက်ရည်အဖြိုင်ဖြိုင် ကျရပြန်သည်။ ခဏခဏငိုကြွေးရသောဒုက္ခမှ ဘယ်သောအခါမှ လွတ်မြောက်ရပါလိမ့်။ လူ့ဘဝဆိုသည်မှာ မျက်ရည်တို့ဖြင့် လွှမ်းနေသော ပင်လယ်ပြင်များလေလား။

သူသည် ဆရာဝန်အခန်းမှ ထွက်ကာ မျက်နှာကို ရွှင်လန်းအောင်ပြုပြင်ပြီးမှ အေးထံသို့ ဝင်သွားသည်။ အေးသည် လှမ်း၍ပြုံးပြ၏။ ဒီလိုပြုံးပြလေလေ မွေးရင်ထဲတွင် မချိရလေဘဲ ဖြစ်၏။ သူတို့သားအမိသည် သေခြင်းတရားကို ရင်ဆိုင်ရသည့်တိုင်အောင် အပြုံးမပျက်ကြပါတကား။

"ကဲ . . . မွေး ရွတ်လေ"

အေးက ဆိုပြန်၏။ မွေးသည် မွေစကြာကို စ၍ရွတ်နေစဉ် ဆရာမတစ်ယောက်သည် အေးကိုဆေးတစ်လုံး လာထိုးပြန်၏။ အေး၏အသက်ရှူပုံမှာ ပြင်းလာ၍ အောက်စီဂျင်ပိုက်ကို သယ်ယူလာကာ နှာခေါင်းဝတွင် ပြွန်တံလေးကို တပ်ထားပေး၏။

"ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ၊ သမ္ပယောဂေါဒုက္ခော၊ ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံနလဘတိတမ္ပိဒုက္ခံ၊ သံခိတ္တေနပဉ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ"

မွေးက ထိုအပိုဒ်ကို ရွတ်ဖတ်ရင်း အသံတဖြည်းဖြည်း တုန်လာ၏။ ကွယ်လွန်ရအံ့ဆဲဆဲ လူတစ်ယောက်ကို ဤသံသရာဝယ် အိုခြင်း နာခြင်း သေခြင်း ပဋိသန္ဓေနေရခြင်းတို့နှင့်တကွ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ၊ လိုချင်ခြင်းကိုမရသော ဆင်းရဲတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အပန်တလဲလဲခံရခြင်းမှ လွတ်မြောက်ရသည့် မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင် အခြေခံဖြစ်သည်ဟု သတိပေးလို၏။ သို့သော် သတိပေးချင်သူ မွေးကိုယ်တိုင်က ဆောက်တည်ရာမရ တရားမဲ့လှ၏။ အသံမှာ တုန်၍တုန်၍သာလာသည်။ အေးကတော့ ငြိမ်သက်စွာပင် နားထောင်မြဲဖြစ်၏။

"မွေးကလဲ အသံတွေ တုန်လာလိုက်တာ၊ ပီပီရွတ်ပါကွယ်"

အေးကပင် ပြန်၍ သတိပေးပြန်၏။ မွေးသည် စိတ်ကိုတင်းကာ အဆုံးသတ်သည်အထိ ရွတ်ဖတ်ပြန်သည်။ နောက်တစ်ကြိမ်တွင်မူ မွေးသည် ရတနာ့သုတ်ကိုသတိရ၏။ ကံအကြောင်း ကုန်ပြီဖြစ်၍မဆိုပိုင်မတားဆီးနိုင်သော သေခြင်းတရားကို နောက်ဆုံးအကြိမ် တားဆီး၍ရလိုရငြားသူသည် ရတနာ့သုတ်အနက်ကို ရွတ်ဖတ်ပြန်၏။ မျက်စိစုံမှိတ်၍ စိတ်ကိုထိန်းကာရွတ်၏။

"နွေလေးလတို့တွင် ရှေ့ဦးစွာ နွေလဖြစ်သော တန်ခူးလတို့၌ဖူးပွင့်စည်ကား ပင်လုံးကျွတ် အဖျားရှိသော တောအုပ်ကြီးသည် ရွှန်းရွှန်းအိအိ အသရေရှိသကဲ့သို့ ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှသော နိဗ္ဗာန်ရောက်ကြောင်း ပရိယတ္တိ တရားတော်မြတ်ကို လောကုတ္တရာ စီးပွားအလို့ငှာ မြတ်စွာဘုရား ဟောကြားတော်မူလေ၏။ ဤမြတ်စွာဘုရားသာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော သစ္စာစကားကြောင့် သတ္တဝါတို့နှင့်တကွ တပည့်တော်မ၏ အစ်မ၌ ကပ်ရောက်သော ဘေးရန်ဝေဒနာခပ်သိမ်းသည် ချမ်းသာအေးမြခြင်းဖြစ်ပါစေသတည်း"





"စကြဝဠာတိုက်တိုင်း ..."

မွေး၏လက်ကို တစ်စုံတစ်ယောက် လာ၍လှုပ်၏။ မွေးသည် မျက်လုံးကို ဖွင့်ဖွင့်ချင်း မမအေး မျက်နှာပေါ်သို့ သူ့မျက်လုံး ရောက်သွားတော့သည်။ မမအေးသည် ခပ်ပြုံးပြုံးပင် ငြိမ်သက်စွာ အိပ်ပျော်နေဟန်ရှိ၏။ သူ့ရင်အုံတို့သည် ဘယ်သောအခါမျှ မလှုပ်သော ငြိမ်သက်ခြင်းမျိုးနှင့် ငြိမ်သက်လျက်ရှိပေပြီ။

သေခြင်းတရားကို ပြုံးရွှင်စွာ ရင်ဆိုင်နိုင်သူကလေးအတွက် ကောင်းရာသုဂတိသို့ လားစေရန် နောက်ဆုံးဆုမွန်ကိုသာ မွေးက တောင်းမိ၏။ သူ့မှာတော့ မျက်ရည်ဖြိုင်ဖြိုင်တို့သည်သာလျှင် မိုးသို့ ရွာချပြန်သည်တကား။

* * *

မတ်လဆန်းတွင် စစ်ခန်းတစ်နေရာမှ ကျိုင်းတုံသို့ ကိုကိုနိုင် ခေတ္တပြန်ရောက်လာ၏။ မမျှော်လင့်ဘဲ သူ့မိခင်ထံမှ စာတစ်စောင် ရောက်နေတော့သည်။ သူက မွေးထံမှစာရောက်နေမည်ထင်သော်လည်း မွေး၏စာ အစအနကိုမျှ မတွေ့ရပေ။ မေမေ့ထံမှ စာကိုဖောက်၍ဖတ်လိုက်၏။

သား

မေမေ စာရေးလိုက်တယ်၊ သားဟာ မေမေ့ထံကစာကို ချက်ချင်းရမည် မဟုတ်ဘူးဆိုတာတော့ သားရဲ့တပ်ရင်းမှူး ပြောလို့ သိပါတယ်။ ဒါကြောင့် မေမေ စိုးရိမ်ပုံတွေကို သား

www.burmeseclassic.com



ကြိုတင်အကြောင်း မကြားတာကို သားခွင့်လွှတ်လိမ့်မယ်လို့ မေမေ မျှော်လင့်တယ်။

အဖြစ်တွေကတော့ တော်တော် ဖရိုဖရဲပဲ၊ ဒီဖင်ဘာလ တုန်းက အေးဆုံးသွားတယ်။ အေးဆုံးပြီး မွေးဟာ သိပ် အားနည်းပြီးလဲတာပဲ။

ကိုကိုနိုင်သည် စာကို ဆက်မဖတ်ရဲသလို တန့်သွား၏။ "ထင်သားပဲ တီတီတွယ်ပြန်ပြီ" သူသည် တစ်ယောက်တည်း ပြောပြီးမှ စာဆက်ဖတ်၏။

မွေးကို ချက်ချင်းဆေးရုံတင် နှစ်ကြိမ်လောက် စစ်ဆေး ဓာတ်မှန်ရိုက်ကြည့်တယ်။ သားဆီ အကြောင်းကြားချင်ပေမယ့် သားဟာ ပြန်လာနိုင်မယ့် အခြေမဟုတ်ဘူးလို့ သိရတယ်။ အဆက်ကလည်း ဝေးလွန်းလို့ပဲ။ မွေးရောဂါက တီဘီပဲ။ ဒီရောဂါဟာ အားနည်းနေတုန်း ရောဂါရှိသူ အနားမှာနေရင် ခြောက်ပတ်အတွင်း အလျင်အမြန် ကူးစက်နိုင်တယ်။ မေမေ တော့ မေမေ့သဘောနဲ့ အစီအစဉ်တစ်ခု အမြန်ဆုံးလုပ်ပြီး ဆရာဝန်ညွှန်ကြားချက်အတိုင်း မဒရပ်ကို ပို့လိုက်တယ်။ သားက သားကိုမတိုင်ပင်ဘဲ မြန်မြန်ဆားကြီးလုပ်တာကို မေမေ့ကို အပြစ်တင်လိမ့်မှာပဲ။ မေမေ့ဆန္ဒကတော့ အဆုတ်နာအမြစ် ကြီးကို မွေးတို့အိမ်မှာ ပြတ်သွားစေချင်တယ်။ ဒါကြောင့် အထွေးနဲ့လေးလည်း စာမေးပွဲပြေရင်း တန်းလန်းနဲ့မို့ ကျန် ရစ်ကြတယ်။ သူတို့နှစ်ယောက်တော့ မေမေနဲ့ အတူတူရဲ့





အမေ စောင့်ရှောက်ထားပါတယ်။ မွေးကို ဆရာဝန် လူကြုံ တစ်ယောက်နဲ့ ထည့်လိုက်တယ်။ သား ခွင့်ရရင် ပြန်လာခဲ့ ပြီး အိန္ဒိယကို လိုက်ချင်လိုက်သွားပါ။

မေမေရဲ့ အစီအစဉ် မြန်ဆန်ပုံကိုသာ ခွင့်လွှတ်လိမ့် မယ်လို့ မျှော်လင့်ပါတယ်။ မေမေလဲ အကောင်းဆုံးတွေး လုပ် လိုက်တာပဲ။

သား ချမ်းမြေ့ပါစေ

မေမေ

ကိုကိုနိုင်သည် ရုတ်တရက် ကြက်သေ, သေနေမိ၏။ ဘာ လုပ်ရမှန်းမသိ။ ရန်ကုန်ပြေးလိုက်သွား၍လည်း မွေးနှင့်တွေ့ရတော့ မည်မဟုတ်။ ဒါလောက် သေရေးရှင်ရေးကိစ္စတွင် မေမေသည် ယခုလို မြန်မြန်ကြီး စီစဉ်လိုက်ခြင်းမှာ မသင့်လျော်လှဟု တွေးမိပြန်သည်။ သူ့ကိုစောင့်သင့်သေးသည်ဟု သူ့ဘက်မှ တွေးမိသော်လည်း သေရေး ရှင်ရေးဖြစ်၍သာ မေမေက အလျင်အမြန် စီစဉ်ခြင်းဖြစ်ချင်ဖြစ်မည်။ ယခုစာပင် တစ်လနီးမှ သူ့ထံရောက်လာ၏။ မွေးမှာ အဆုတ်မှရှိသေး ရဲ့လား။ ဒါလောက် မြန်မြန်နှင့်တော့လည်း အဆုတ်မှာ အပေါက်တွေ ဘာတွေ ဖြစ်သည်အထိတော့ မဖြစ်နိုင်ဟု၍လည်း ရော်ရမ်းကာ သူ့ တစ်ယောက်တည်း တွေးမိပြန်၏။

ချက်ချင်း မွေးထံသို့ သံကြိုးရိုက်မေးရန် ထမည်လုပ်ပြီးမှ မွေး၏လိပ်စာကိုလည်းမသိ။ မွေး ဘယ်ဆေးရုံတက်သည်ကိုတောင် မသိ သောအဖြစ်ကို တွေးမိပြန်ကာ မေမေ့ကို ဒေါသဖြစ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ထံသို့ သံကြိုးအရှည်ကြီးရိုက်ရန် ပြင်ဆင်ပြီးမှ စိတ်ကိုလျှော့လိုက်ပြန်၏။ မွေး၏လိပ်စာကို ပို့ပေးရန် သံကြိုးတစ်စောင်သာ မေမေ့ထံရိုက်လိုက်၏။

အိန္ဒိယကို လိုက်ပါသွားဖို့အထိ တပ်၏ အခြေအနေမှာ မဖြစ်နိုင်သေး။ ခွင့်ရက်ရှည်လည်း မပေးနိုင်သေးဆို၍ ကိုကိုနိုင်အဖို့ ဘာမျှမလုပ်ဖြစ်တော့ပေ။ သူသည် ရင်ထဲမှာ တင်းကြပ်ရှုပ်ထွေးလာသော အရှိန်ဒဏ်ကို မခံမရပ်နိုင်သလိုသာ ဖြစ်လာတော့သည်။ ဒေါ်တင်တင်နှင့် မမအေး၏ ဖြူလျော်လျော် ခြောက်သွေ့သွေ့ မျက်နှာတွေသာ သူ့မျက်လုံးထဲတွင် ပေါ်၍ပေါ်၍လာ၏။ မွေးကို အိပ်ရာပေါ်တွင် ဒီလိုများခွေခွေလေး မြင်ရပြီးမှာလား။

မွေး မသေပါစေနဲ့။ သူများတွေကို မသေအောင် စောင့်ရှောက်ရင်းမှ သူပါသေသွားမှဖြင့် ...။ ကိုကိုနိုင်သည် ကြောက်စရာ၊ စိတ်မချမ်းမြေ့စရာများကို တွေးရင်း တွေးရင်း စိတ်တိုလာသည်။ နှစ်လဆိုသည့် အချိန်အတွင်း မွေးဘာဖြစ်သည်ကို သူသိသင့်သည် မဟုတ်ပါလား။ တကယ်ဆို ခယ်မများကဖြစ်ဖြစ် စာရေးသင့်၏။ သူသည် ခယ်မလေးများကို ဒေါသဖြစ်ပြန်တော့သည်။

မွေးသည် အိန္ဒိယကိုများ ဝမ်းနည်းအားငယ်စွာနှင့် လိုက်သွားရလေသလား။

ဘာမဆို သူများအလှည့်ကျရင် "မေမေ အားငယ်နေလိမ့်မယ် ကိုကိုနိုင်၊ မမ ဝမ်းနည်းနေတော့မယ်" စသည့် တွေးခေါ်မှုတွေနှင့် အားပေးလိုက်ရသည့်ဖြစ်ခြင်း။ သူ့အလှည့်ကျတော့ တစ်ယောက်တည်း





ဖရိုဖရဲထွက်ခွာသွားရသည်ကို ကိုကိုနိုင် ရင်ထဲတွင် တဆွေ့ဆွေ့ဖြစ်နေသည်။

လိုက်သွားလိုက်မည်ကြံတိုင်း တာဝန်ကနောက်ပိုင်းမှ ချည်ထားပြန်သောကြောင့် သူ့ရင်ထဲတွင် တနုန့်နုန့်သာ ဖြစ်လာပြန်တော့သည်။ သူသည် မကျေမနပ်ဖြစ်ရင်းနှင့်ပင် နယ်ခြားဘက်သို့ တစ်ခါပြန်၍ထွက်သွားရပြန်သည်။

မွေး၏ ပုံပြင်တစ်ပိုင်းတွင် ကိုကိုနိုင်ပါဝင်ခဲ့ရသော အခန်းမှာ ဤအတိုင်းသာ ဖြစ်ခဲ့ပေသည်။ မွေး၏အတိတ်သည် ဝါးခယ်မမြစ်ကမ်းခြေမှ စ,ခွာကတည်းက မလှမပအဖြစ်တွေ တစ်ပုံတစ်ပင် တဖြည်းဖြည်းရွေ့လျားပျောက်ကွယ်ခဲ့လေသည်။ ယခုတော့ ပုံပြင်ထဲရှိ အရုပ်ဆိုးသော မိန်းကလေးသည် မဒနာပလီသို့ သွားသော လမ်းမကြီးပေါ်တွင် အတွက်နှင့် ပြန်လည်၍ တွေ့ဆုံရပါပကော။

* * *

မြစ်ကြောင်းအစပျောက်သလို မွေးနှင့်တွေ့ခဲ့သောအချိန်အဖြစ်အပျက်ကလေးများသည် မြန်မာပြည်တွင် ကျန်ရစ်ကာ တဖြည်းဖြည်း မွေးနှင့်ဝေး၍ မေ့ပျောက် တိမ်ကောသွားပေလိမ့်မည်ဟု အတွက်ကထင်၏။ သို့သော် မြေအောက်ရေစီးကြောင်းများကဲ့သို့ ကွယ်ပျောက်ရာမှ မွေးသည် ဘွားခနဲ ပေါ်လာခဲ့ပြန်သည်။

ထိန်းချုပ်ရခက်သော စိတ်ကြောင့်သာ မွေးကို မတွေ့လိုမမြင်လိုထင်သော်လည်း အမှန်တော့ သူ့စိတ်လေးများသည် မွေးကိုပြန်လည် တွေ့ဆုံရခြင်းအတွက် ကျေနပ်ရွှင်လန်းဟန်ကို ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တိမ်တိုက်များ လွင့်သလိုပင် လွင့်ပျံထွက်ခွာသွားတော့မည့် အစီအစဉ်နှင့် မွေးအပါးမှ ခွာခဲ့သည်။ အင်္ဂလန်တွင်နေပြီး ဆွစ်ဇာလန်သို့ရောက်ခဲ့၏။ ဆွစ်ဇာလန်မှအထွက်တွင် အမေ့ဆီသို့ပင် အကြောင်းမကြားပေ။ ဘဲလိုးသို့ဝင်ကာ အဆုတ်ထုတ်၍ ကုသနည်းကို လေ့လာ၏။ ထိုမှ အာရောဂျံကို ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

သူချစ်သော သူ့တိုင်းပြည်ကို ပြန်သည့်အချိန်တွင်ပင် သူသည် မွေးနှင့် ဝေးသောနေရာတွင် အစဖျောက်ကာ အဆုတ်နာဒုက္ခသည်များကို ကုသရန် စီစဉ်ပြီးဖြစ်ပေသည်။ သို့သော် 'အကြောင်း'ဆိုသည့် သဘောမှာ စကားနှစ်လုံးတည်းသာရှိ၍ ဆုပ်ကိုင်ပြနိုင်ခဲ့သော အရာ မဟုတ်သော်လည်း ထိုအကြောင်းတရားကိုမူ မည်သူမျှ ပြုပြင်ဖန်တီး၍လည်းမရ ကြိုတင်တွက်ဆ၍လည်း မရပါတကား။

ယခုတော့ အတွတ်အဖို့ ကောင်းတာတွေ ဖြစ်လာမည်လား။ မကောင်းတာတွေ ဖြစ်လာမည်လား မတွေးတတ်သော်လည်း စိတ်မှာ ယခင်ကထက် ချမ်းမြေ့လာသည်။ ယခင်ကလို အာရောဂျံတွင် နေချိန်များသည် ပျင်းရိရိ သေ့ခြောက်ခြောက် မဖြစ်တော့ပေ။ ညနေစောင်းလျှင် တာဝန်ရှိသော ရက်များမှအပ မွေးထံသို့ အမြဲလျှောက်လာခဲ့၏။

မွေးသည် အတော်ကြာပင် အိပ်ရာထက်တွင် နေရပေဦးမည်။ သူ့ဘေးရှိခုံပေါ်တွင် ထားရစ်သော အပူချိန်ပြ နေ့စဉ်မှတ်တမ်းထဲတွင် အဝါရောင်ပင် ရေးသားထားသေး၏။ အဝါရောင် ရေးထားသ၍ အိပ်ရာမှာ အမြဲလှဲနေရမည်ပင် ဖြစ်ပေသည်။ မွေး၏အိမ်ရှေ့တွင် တမာပင်မှ ပွင့်ဖတ်လေးများသည် မြေပြင်ပေါ် တဖွေးဖွေးကျလာကာ ပန်းမွေ့





ရာ ခင်းသကဲ့သို့ ဖွေးဖွေးလှုပ်နေတော့သည်။ တစ်ခါတစ်ရံ ပွင့်ကြွေများသည် မွေး၏ခုတင်ရှိရာသို့ လွင့်ပျံ့လာကြ၏။

မွေးသည် ပန်းခက်ပန်းပွင့်လေးများကို ငေးမျှော်ရင်း အတွတ် လျှောက်လာသည်ကိုမြင်လျှင် မျက်နှာလေးမှာ ဝင်းဝင်းပပ ဖြစ်၍လာတတ်လေသည်။

တွေ့တဲ့အခါတိုင်းလည်း "မွေး ဘယ်တော့ လမ်းလျှောက်ရမလဲ အတွတ်ရယ်" ဟူသော မေးခွန်းကိုသာ ခဏခဏ မေးတတ်ပေသည်။

"ကိုကိုနိုင့်ဆီက ဒီနေ့ စာလာတယ် အတွတ်ရဲ့"

တစ်ခါတစ်ရံလည်း သူ့ချစ်လင်ထံမှ စာရကြောင်း အိမ်အကြောင်းတွေကို တသီကြီး လျှောက်၍ မွေးက ပြောတတ်၏။

အိပ်ရာပေါ်တွင် နေရချိန်များကို မွေး ပျင်းရိငြီးငွေ့မည်ဆိုလျှင်လည်း ငြီးငွေ့စရာပင် ဖြစ်ပေသည်။

နွေ၏ အရိပ်အရောင်များပင် အာရောဂျံဝယ် တစ်စတစ်စ ပျောက်ကွယ်၍လာတော့သည်။ တောင်ဘက်ဆီမှ တောင်တန်းပေါ်တွင် ညိုမှောင်နေသော မိုးသား မိုးခြေများကို မြင်ရစပြုလာ၏။ တစ်ခါတစ်ရံတွင် ညင်သာစွာ တိုက်ခတ်လာသော လေတွင် မိုးသက်ရနံ့ပင် ပါ၍လာခဲ့လေသည်။ ဥသြသံသည်လည်း နွေနှင့်အတူ တဖြည်းဖြည်း ထွက်ခွာသွားတော့မည် ဖြစ်သည်အတွက် နွေကို တမ်းတသော ရင့်ရှုသံ သေးသေးနွဲ့နွဲ့ကိုသာ အဝေးမှကြားရတော့သည်။

"အတွတ် ...မွေး လမ်းမလျှောက်ရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အတွတ်သည် မွေး၏မေးခွန်းကို အလွတ်ရပြီး ဖြစ်၏။

"လျှောက်ရမှာပေါ့ မွေးရယ် ဖြည်းဖြည်းပေါ့။ ဒီရောဂါက စိတ်ရှည်ရတယ်။ စိတ်အေးအေး ထားရတယ်။ စိတ်အေးနိုင်သရွေ့ ကျန်းမာရေး ကောင်းလာမှာပဲ။ မွေး ခုလို စိတ်ပူနေမယ်၊ စိတ်စောနေမယ်ဆိုရင် ဘယ်လိုနားနား အလေးချိန်တက်မှာ မဟုတ်ဘူး။ အလေးချိန်က မွေးလာကတည်းက ၉၄ ပေါင် ခုထိ မတက်သေးဘူး။ စိတ်အေးအေး ထားပေါ့။ ပြီးတော့ ဂွန်ဆင်ကြီးရဲ့ လက်ထဲက ဗိုင်တွဲကို ပိုက်ဆံပေးပြီး မကြည့်ရဘူးနော်၊ သစ္စာဆိုတာ ရှိရမယ်"

အတွတ်က ညီမငယ်လိုပင် မွေးကို ပြောပြ၏။ မွေးသည် သူ့ကိုပင် ကမ္ဘာထင်နေသလား မသိ။ ငြိမ်သက်စွာ နားထောင်နေ၏။

"ဒီမှာ မွေးတာဘာတင်ဆိုတာ ပိုးတွေဘာတွေ စစ်တဲ့ဘက်က လူကြီးဟာ ဒီရောဂါကို ခြောက်နှစ်လုံးလုံး ခံစားရပြီး ဒီဆေးရုံမှာ ကုတယ်။ ရောဂါပျောက်တော့ သူအလုပ်ဝင်လုပ်ပြီး သူ့လို ဒုက္ခရောက်ရတဲ့ လူနာတွေကိုကုနေတယ်။ ကဲ ...မွေးက ဘာကြာမှာလိုက်လို့"

"အတွတ်ကလဲ ပြောတာပဲ။ မွေးလဲ ပျင်းလှပြီ။ စာလဲ ဖတ် ချင်သလောက် မဖတ်ရဘူး။ အိမ်ကိုလဲ အောက်မေ့တာပေါ့။ ခုလောက် ဆို မြန်မာပြည်မှာ ပိတောက်ပန်းတွေ ပွင့်တော့မယ်"

"ဟုတ်တယ် တို့များ ဝါးခယ်မက အိမ်ဝင်းထဲမှာလေ"

သူတို့နှစ်ယောက်သည် ငြိမ်သက်သွားကြ၏။ အေးချိုသော ပိတောက်ရနံ့ပင် သင်းပျံ့၍လာသလို ထင်ယောင်လာကြတော့သည်။ အပြင်မှ နေရောင်ခြည်သည် တဖြည်းဖြည်း ကျသွားတော့၏။





"တစ်ညလွဲတာကို ရက်ပေါင်းခုနစ်ရာ ဆွေးခဲ့တယ်၊ မောင့်မှာ ခင်နှင့်ဝေးခဲ့တာဖြင့် ကြာပါပြီကောကွယ် ...။ မိုးတွေညို့ရင် မျက်ရည်စို့တယ် ... စောင့်စားကာပဲ မောင့်မှာ တဝဲလည်လည်"

အသံလွှင့်တိုင်ကြီး မကျိုးဆင် မြန်မာ့အသံမှ ရေဒီယိုသီချင်းသံမှာ သူတို့နှစ်ယောက်ဆီသို့ လွင့်လာပြန်သည်။ ခပ်ဝေးဝေးတွင် တစ်ကိုယ်တည်းနေသော လုပ်ပျိုကြီး ဦးထွန်းတင်အခန်းမှ သီချင်းသံပင် ဖြစ်တော့သည်။ သူသည်လည်း အာရောဂျံသက် သုံးနှစ်တိုင်ခဲ့လေပြီ။

မိုးဦးကျပြီဖြစ်၍ မိုးသက်လေမှာ ထန်လာကာ တစ်ဖြုတ်တော့ ခပ်သဲသဲပင် ရွာချလိုက်၏။ မိုးရွာပြီးမှ အာရောဂျံ၏ ညနေသည် ပို၍ ရှုလှပနေသည်။ နေရောင်သည် ရွှေရောင်ဖျော့ဖျော့အတွေးဖြင့် စိမ်းနုသော ရွက်ပျိုများပေါ်တွင် လူး၍နေတော့သည်။ သဲမြေများပေါ်တွင် ရေစိမ့်ဝင်သွားပြီဖြစ်သည့်အတွက် လမ်းလျှောက်ရသည်မှာ ပို၍သန့်ရှင်း၏။

ယခုလို လှပသော ညနေခင်းတွင် မရွှေမွေးတစ်ယောက် လမ်း လျှောက်ချင်ရှာတော့မည်ဟု အတွတ်က တွေးမိ၏။ သူသည် မွေးထံသို့ ခပ်သုတ်သုတ်ပင် လာခဲ့လေသည်။

ယနေ့ညနေတွင်တော့ မွေး ခုတင် ပတ်လည်တွင် ပရိသတ် စည်ကားနေတော့သည်။ သူရောက်လာလျှင် ဆီး၍ကြိုကြ၏။

"ထိုင်ပါဦး ဒေါက်တာမိုးရဲ့" ဝမ်းသာအားရ နေရာပေးကြသည်။ ဧည့်သည်များမှာ မြန်မာပြည်မှ လူနာများ ဖြစ်ကြသည်။ သူတို့သည် မွေးနှင့် အတော်ပင် ရင်းနှီးနေကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆွေးနွေးလက်စ စကားကို ဆက်၍ပြောကြ၏။ စိတ်ပါလက်ပါ ပြောနေသူမှာ ရှိုင်သား ကိုသန်းမောင်ပင် ဖြစ်သည်။ အတွတ်သည် မွေ့ရာတင်နှင့် အနီးဆုံး ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်၏။ မွေ့က စံပယ်ကုံးကို ဆံထုံးတွင်ပန်ကာ သနပ်ခါးရေကျဲလူး၍ ထားပေသည်။ ကိုသန်းမောင် စကားပြောသည်ကို အားလုံးပင် နားထောင်နေကြ၏။

"စကားပြော ဆက်ဆံတာ နိုင်းရုံမကဘူး။ တချို့ ဆရာမတွေကလဲ ဘယ်လိုလဲ မသိပါဘူးဗျာ ..."

ကိုသန်းမောင်သည် ရန်ကုန်ဆေးရုံကြီးမှ တချို့ဆရာမလေးတွေ၏ ဆက်ဆံရေး ညံ့ဖျင်းပုံကို ပြောနေဟန်တူ၏။ သူသည် အာရောဂျံ သက်တမ်း ခြောက်လကျော်ပြီဖြစ်၍ ရောဂါသက်သာသောကြောင့် လမ်းလျှောက်ခွင့်ရပေပြီ။ ဦးသော်ဇင်ဆိုသူမှာ အဘိုးကြီးဖြစ်၍ ညာဘက်မှ နံရိုးသုံးချောင်းကျိုးကာ ခွဲစိတ်ကုသပြီးဖြစ်၍ နှစ်လမျှ နားပြီးလျှင် ပြန်ရတော့မည်ဖြစ်သည်။ သူကလည်း ရန်ကုန်ဆေးရုံကို နာကြည်းဟန်ရှိသည်။

"ကျွန်တော့်တုန်းကဆို ဒေါက်တာက ငြိမ်ငြိမ် အိပ်နိုင်းတယ် နောက်ဖေးတောင် ထ, မသွားခိုင်းဘူး။ ဟိုဘက်က လူနာက ဗိုက်ခွဲပြီးလို့ ဆင်းရတော့မယ်။ အဲဒါဗျာ ကျွန်တော့်ဆီက နောက်ဖေးသွားတဲ့ မတ်တတ်ကမုတ်ကိုယူပြီး အဲဒီဆင်းတဲ့လူနာကို အိမ်အထိ ငှားလိုက်တယ်။ ကျွန်တော်ဖြင့် အံ့ရော။ ကျွန်တော့် ရောဂါမကြီးလို့ အိမ်သာရောက်အောင်သွားဆိုရင် သွားပါတယ်ဗျာ။ ခုတော့ ဟိုလူနာကျတော့





စေတနာပုံပြီး ဆေးရုံက ပစ္စည်းအိမ်အထိ ငှားတာတော့ တရားလွန်တယ်ထင်တယ်။ နောက်နေ့ကျငှားလိုက်တဲ့ တာဝန်ကျ ဆရာမနဲ့ မတည့်တဲ့ ဆရာမ ခေါင်းမြီးရှည်လေးတစ်ယောက် မေးကြည့်တော့မှ ဘာရို ကိတ်အကောင်းစား တစ်ထည်ရလိုက်တယ်ဆိုပဲ"

"အဲဒါတွေကို သိသိချင်း ဆေးရုံအုပ်ကြီးတိုင်ဖို့ ကောင်းတယ်၊ လူကြီးတွေ သိရင် ချက်ချင်းအရေးယူပါတယ်"

အတွတ်က ဆေးရုံဘက်က ကာကွယ်၍ ပြောလိုက်၏။

"မတိုင်လိုပါဘူးဗျာ၊ သူတို့နဲ့ အလွမ်းသင့်အောင်ပဲ အတော်လိုက်လျော ပေါင်းနေရတာ။ တိုင်မိရင် စွာတဲ့အကောင်ဆိုပြီး ဘေးမယ်ထားမှ ဒုက္ခရောက်နေမယ်" အဘိုးကြီးက ခေါင်းလေးမော့ကာ ရယ်မော၍ ပြောပြ၏။

"ပြီးတော့ အလွမ်းသင့်သူတွေ ဆေးရုံတက်ရင် ပွဲတော်လားတောင်အောက်မေ့ရတယ်။ စားဟယ် ... သောက်ဟယ် တပြုံးပြုံးနဲ့၊ အချိန်လဲ မကန့်သတ်ဘူး။ ကျွန်တော့်နှမ ဗိုက်ခွဲတုန်းက ကိုယ်တွေ့။ သူတို့ မလိုတဲ့သူကျတော့ အစောင့်တစ်ယောက်ကို ဆရာဝန်လက်မှတ်နဲ့ ထားတာတောင် ဘာဖြစ်ပြန်ပြီ၊ ညာဖြစ်ပြန်ပြီနဲ့။ ကျွန်တော်တော့ ဆေးရုံကို မလွဲသာလို့တက်ရတယ်၊ စိတ်ကုန်ပါတယ်ဗျာ၊ ဒါတောင် ဗိုက်ဆံခန်းရဲ့ ဒုက္ခနော်"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ဒီမှာကျတော့ကော ဆက်ဆံပုံတော့ ပြေပြစ်ပါရဲ့၊ ဆရာဝန်မျက်နှာ မနက်တစ်ခါ မြင်ရပြီး ပျောက်သွားရော။ သူနာပြုဆရာမကလဲ တစ်နေ့သုံးကြိမ် အလှည့်ချိန်



www.burmeseclassic.com

www.burmeseclassic.com



လာယူတာကလွဲလို့ အနားမှာမရှိ။ ဦးထွန်းစိန်ကြီး ရောဂါသည်းလာတာ ဘယ်သူမှ သွားခေါ်လို့မရတာ ကြည့်လေ''

ဦးပုက ဝင်၍စိတ်ဖြေသာအောင် ပြောလိုက်သည်။ ဦးပု ရောက်လာသည်မှာ တစ်နှစ်နီးပေတော့မည်။ သူ့အဆုတ် တစ်ဖက်တွင် အပေါက်ရှိ၍လာရောက် ကုသခြင်းဖြစ်သည်။

''ဒါကြောင့် အကောင်းဆုံးနည်းက ကျွန်တော် စဉ်းစားတယ်။ ဒီမှာလဲ ဒီပီအေအက်စ်နဲ့ အိုက်ဆိုနက်စ်စားပြီး ထိုးဆေးက စတက်ရက်တိုမိုက်စင်းထိုးရတာပဲ။ တစ်ခုပဲ သာတာက စည်းကမ်းကြီးတော့ လူတွေကလဲ လိုက်နာတယ်။ ရေနဲ့လေကောင်းတယ်။ နေရာကကျယ်ဝန်းတယ်။ ဒီတော့ မြန်မာပြည်မှာ ဒီလိုလုပ်နိုင်ရင် ကျုပ်တို့လဲ ဒုက္ခမရောက်ဘူး။ ခုတော့ ငွေမလောက်လို့ ငွေရှာတဲ့ဒုက္ခ၊ သားတကွဲ မယားတကွဲဒုက္ခ''

''ဟုတ်တယ်ဗျို့'' ကိုသန်းမောင်သည် ဦးပုစကားကို ဆက်လက်၍ ထောက်ခံလိုက်၏။ ''ဟုတ်တယ် ဘယ်လိုဖြစ်လဲမသိ၊ တကယ်လိုတဲ့ တကယ့်လူနာကျတော့ ငွေစစ်လိုက်တာ၊ ဒီမှာ မနည်းချွေတာသုံးရတယ်၊ လူနာယောင်ဆောင်ပြီး လာကုတဲ့လူကျတော့ ငွေနှစ်ထောင်လောက်များ အေးအေးပဲ ရတယ်''

''အို . . ဒီလိုလူတွေ ရှိသေးတယ်''

မွေးက ရောဂါနှင့်ပင်း၍ ငွေရှာသည့်အဖြစ်ကို အံ့သြစွာ မေးလိုက်၏။





''မွေး ဘာမှ မသိသေးဘူး။ တချို့က ရောဂါက တော်တော်ရယ်၊ ကုလားတွေနဲ့ပင်းပြီး ငွေခိုးထုတ်တာ တစ်ပုံကြီးပဲ''

ကိုသန်းမောင် အဖြေကြောင့် မွေးမှာ မျက်လုံးလေး ပြူးသွား၏။

''ဖြစ်နိုင်ရင်တော့ ကောင်းပါတယ်။ ဒီလိုသွေ့ခြောက်တဲ့ လေတိုက်တဲ့ ရာသီဥတုရှိတဲ့နေရာတွေ မြန်မာပြည်အလယ်ပိုင်းမှာ ရှိနေတာပဲ။ အဲဒီမှာ နေရာကျယ်ကျယ်ဝန်းဝန်းရှာ၊ ပစ္စည်းကိရိယာရှာနိုင်ရင် ဆရာဝန်တွေလဲ ရှိလာမှာပါပဲ။ ပြီးတော့ ရောကလဲ ထုံးခတ်ပါတဲ့ရေ ရနိုင်တာပဲ''

အတွတ်သည် ထိုလုပ်ငန်းကို စိတ်ပါလာဟန်ရှိကာ ဝင်၍ ဆွေးနွေး၏။ ဦးပုက ခေါင်းညိတ်ရင်း ဆက်ပြော၏။

''တစ်ခု ဖေါက်တာမှီး စဉ်းစားကြည့်၊ ဒီအာရောဂ်ကို ထူထောင်တုန်းက ခုလို အကြီးကြီးမှ မဟုတ်ဘဲ။ မစ်ရှင်သာသနာပြုတွေက စတာပဲ။ ဟို ရုံးအနောက်က အဆောက်အဦဟာ လူ (၂၀)လောက်ပဲ ဆန့်တယ်။ အဲဒါက စ,ခဲ့တာ၊ ခုဟောင်းလို့ ပြိုနေပြီလေ။ အဲဒီက တစ်စတစ်စ ရောဂါပျောက်ကင်းသူတွေမှာ ဆင်းရဲသူလဲ ပါတယ်။ သူဌေးလဲပါတယ်။ သူဌေးတွေက တစ်ဆောင်စီ တစ်အိမ်စီ လှူရင်းက ခုလို ကျယ်လာတာ။ သူတို့လဲ အစမှာ အစိုးရကို အပူမကပ်ဘူး''

''ကဲ . . . ဦးပုတို့ လမ်းလျှောက်ကြဦး။ ဟိုဘက်က ဆရာမ တစ်ယောက် ဖြတ်လျှောက်သွားတာ မြင်တယ်။ လမ်းလျှောက်ချိန် မလျှောက်ရင် လာဆူဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသွန့်နှင့် ဒေါ်အေးကျင်ဆိုသူ အမျိုးသမီးနှစ်ဦးက သတိပေးလိုက်မှ သူတို့သည် လမ်းလျှောက်ရန် ထ,သွားကြတော့သည်။ မွေးအနားတွင် အတွတ်တစ်ယောက်တည်း ကျန်ရစ်၏။

"ဒီဆေးရုံရဲ့ ထုံးစံက လမ်းမလျှောက်နဲ့ဆိုလဲ မလျှောက်ရဘူး။ လျှောက်ခွင့်ပြုတဲ့လူကျရင်လဲ မှန်မှန်လျှောက်ရတယ်။ တစ်တိုင်းတစ်ပြည်မှာဆိုတော့လဲ လူနာတွေက နာခံတယ်"

"အတွတ် စာပွဲအံဆွဲထဲက နေ့စဉ်မှတ်တမ်းကို ယူကြည့်ပါဦး။ မနက်က ဒေါက်တာဂျေဖ္ရူ ဆေးရုံအုပ်ကြီးကိုယ်တိုင်လာတယ်။ အဝါရောင်ဖျက်ပြီး အဝါနုလို့ ရေးသွားတယ်။ မွေးထိုင်ရပြီ သိလား။ ပြီးတော့လဲ လေးနဲ့အတွေးလဲ ဒီကရှိပြီတဲ့၊ ဒီနေ့ စာလာတယ်၊ သူတို့ အလုပ်လုပ်ပြီး မွေးဆီကို ငွေပို့မယ်တဲ့"

မွေးက အားရဝမ်းသာပြော၏။ "ဒါကြောင့် မရွှေစာပန်းတွေပန်၊ သနပ်ခါးတွေ လူးနေတာကိုး။ မြန်မြန် ကျန်းမာလာမှာပါ။ ကဲ . . . ကဲ အတွတ် ကုလားထိုင် ရွှေ့ပေးမယ်။ ရှေ့ဘက်က မြေကွက်လပ်မှာ ဆင်းပြီးထိုင်"

အတွတ်နှင့် အဖော်ကုလားမသည် ကုလားထိုင် နှစ်လုံးကို ရွှေ့လိုက်ကြ၏။ မွေးသည် ကုလားထိုင်ပေါ်ထိုင်ရင်း အသက်ဝဝ ရှူလိုက်သည်။

"အမလေး ခုမှပဲ ကမ္ဘာကြီး မြင်ရတာ ကျနေတာပဲ" မွေးက ရွှင်လန်းစွာဆို၏။





"ဒီလိုပဲ မွေး တချို့ဆို တစ်နှစ်လုံးလုံး နေရတယ်။ မွေးနေတာ ခြောက်လကျော်ကျော်လေးပဲ"

"အတွတ် နေကြည့်ပါလား။ အိပ်ရာထဲ ခြောက်လနေရတဲ့ ဒုက္ခကို သိမယ်"

မွေးက ရန်တွေ့လိုက်မှ အတွတ်က ဟက်ဟက်ပက်ပက် ရယ်လိုက်တော့သည်။ သူတို့အနားတွင် လေများဖြည်းညင်းစွာ တိုက်ခတ်၍ စိတ်ရွှင်လန်းစရာဖြစ်နေပေသည်။ အဝေးရှိ ကျောက်တောင်ကုန်းများပေါ်တွင်လည်း ရွှေဝါနုရောင်ခြည်သွေးက လွှမ်းခြုံထားသောကြောင့် ရွှေတောင်ထွတ်များသဖွယ် လှပလှလေသည်။ စကားဝိုင်းမှ ထသွားသူတို့ လျှောက်သွားသော မြောက်ဘက်ယွန်းယွန်းနေရာတွင်မူ စိမ်းစိုသော တောအုပ်ငယ်လို သစ်ပင်ပျိုတို့ စုရုံးလျက် သာယာလှသည်။ လေတိုက်လိုက်တိုင်း နေရောင်ခြည်အောက်တွင် မြသစ်ရွက်များသည် လှပစွာလှုပ်ရှားကြလျက် ကြက်တူရွေးငယ်တို့၏ အော်သံမှာလည်း တစ်ပြိုင်နက်လိုလို ကြားရတတ်၏။ မွေးသည် အနီးကပ်၍ မကြည့်နိုင်သော ဥယျာဉ်ဆီသို့ လည်ဆန့်၍မျှော်ကာ ကြည့်ရသည်။ သူ့အခန်း ရှေ့တည့်တည့် ကွင်းပြင်ကိုကျော်လိုက်လျှင် အရှေ့တောင်ဘက်ယွန်းယွန်းတွင် အပြင်လူနာများအတွက် ဆေးပေးရုံကို တွေ့ရပြီး ဆေးပေးရုံနောက်တွင်မူ သဘာဝအလျောက် ဖြစ်နေသော ကျောက်သားလွင်ပြင်ကြီးကို တစ်စွန်းတစ်စတွေ့ရသည်။ သဘာဝမှာ လှပသည်ဆိုသော်လည်း ကိုယ့်ဌာနီမဟုတ်လေသောကြောင့် မွေးအဖို့ ပျော်စရာလို့ မမြင်ပေ။ မြက်ခင်းသည် လွှမ်းဆွတ်ကြည်နူးဖွယ်ရာသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



မွေးအဖို့ ကိုယ်အလေးချိန် မှန်မှန်မတက်လေသမျှ လမ်းလျှောက်ခွင့် နှောင့်နှေးမည်ဖြစ်၏။ လမ်းလျှောက်ခွင့်မရလျှင်လည်း ထိုကျောက်တောင်ကုန်းများနှင့် တောအုပ်ဆီသို့ သွားရဦးမည် မဟုတ်ပေ။ အဝေးကသာ မျှော်မှန်းရမည်ဖြစ်ပေသည်။ အကယ်၍သာ ယခုလို နားရုံမျိုးနှင့် မြန်မာပြည်ရှိ အစားအစာများသာဆိုလျှင် လူနာတစ်ယောက် အတွက် အလေးချိန်သည် လျင်မြန်စွာ တက်နိုင်မည်ဖြစ်သည်။ အိန္ဒိယတွင်မူ အစားအသောက်ကလည်း မြန်မာဟန်နှင့်မတူ။ လိုချင်တာကိုလည်းမရပေ။ ကြက်ဥ၊ နွားနို့ကိုသာ ညီစော် ဘယ်လိုပင်နံနံ နှစ်၍သောက်ရ၏။ ဆိတ်သားနှင့် ကြက်မှတစ်ပါး ဆေးရုံဈေးတွင် တခြားအသားမရှိပေ။ အတွတ်သည် မွေးလည်တဆန့်ဆန့်နှင့် မျှော်ကြည့်နေရာအနားသို့ ကပ်လာ၏။ မွေး၏ရွှင်ပျလန်းဆန်းလာသော ဟန်ကို မြင်ရသည့်အတွက် သူစိတ်မှာလည်း ချမ်းမြေ့လာပေသည်။

"မွေး ... ဟိုဥယျာဉ်ကို ကျော်လိုက်ရင် မဒနာပလီသွားတဲ့လမ်းမကြီးကိုရောက်ရော၊ အဲဒီလမ်းမကြီးဘေးမှာ မန်ကျည်းပင်လေးတွေ စီပြီးပေါက်နေတာ သိပ်လှတာပဲ။ အညာကျေးလက်တွေနဲ့ တူတယ်။ အဲဒီကနေ အတွတ်တို့နေတဲ့ အိမ်ဆီလာနိုင်တယ်။ မွေးအလေးချိန် မှန်မှန်တက်ရင် မကြာဘူး လမ်းလျှောက်ရမယ် ..."

အတွတ်သည် လက်ညှိုးညွှန်ရာသို့ မွေးက မျှော်ကြည့်လိုက်သေး၏။ သူအလေးချိန်တက်ဖို့ သိပ်မမျှော်လင့်ပေ။

"ကိုယ်အလေးချိန်တက်ဖို့ အသားများများ စားရမယ်လို့ ဒေါက်တာက ပြောပါတယ်။ အထူးသဖြင့် အမဲသားစားခိုင်းတယ်။ မွေးကလဲ ဒါတွေ မစားချင်ဘူး ..."





"ဘာလို့ မစားချင်တာလဲ"

"ဟင် ... အတွတ်ကလဲ အမဲသားကို မွေးမစားဘူး။ ဈေးက ကြက်နဲ့ဆိတ်ပဲရတာ။ ဒီမှာ ငါးပုစွန်က မြင်တောင်မမြင်ရဘူး။ ကြက်က အရှင်ကြီး၊ ကုလားမက သူသတ်ပေးမယ်လို့ ပြောပါတယ်။ ဟိုဘဝက အကုသိုလ်ကြီးလွန်းလို့ ခုဘဝ ဒုက္ခတွေ အနန္တခံရတဲ့အထဲ ဒီကြက်တော့ မသတ်ခိုင်းတော့ဘူး။ ဆိတ်လဲ ဆိတ်စော်နံလှပြီ"

အတွတ်သည် ခေါင်းတညိတ်ညိတ်နှင့် အယူသည်းလွန်းလှသော သူ့မွေးကို အထူးအဆန်းသဖွယ် ကြည့်နေ၏။

"ဒီတော့ ဦးပုတို့ ပြောသွားသလို မွေးတို့ မြန်မာပြည်ပြန်ရောက်ရင် အဖွဲ့တစ်ခုဖွဲ့ပြီး ဆောင်ရွက်ရအောင်၊ ဒီအဖွဲ့ရဲ့ လုပ်ငန်းအောင်မြင်အောင် ကူမယ်"

"ဒီလိုဆိုရင် အစိုးရမှာလဲ နိုင်ငံခြားငွေ အကုန်သက်သာမယ်မဟုတ်လား"

"သက်သာရုံတင်မကဘူး။ ငွေကြေးမတတ်နိုင်လို့ သေရတဲ့ လူမမာတွေအတွက်လဲ ကာကွယ်ရာကျမယ်၊ ဟိုမှာကရိုးရိုးကုသိုလ်ဖြစ်အခန်းမှာကို ခုတင်တစ်ခုရဖို့ ခဲယဉ်းတယ်။ ပြီးတော့ အဆုတ်နာဆိုပြန်တော့ တခြားလူနာတွေနဲ့ ရောထားဖို့ ဆရာဝန်တွေက လက်မခံချင်ဘူး။ ဒီတိုးချဲ့ အဆုတ်ခန်းမှာမှ ထားလို့ဖြစ်တာ။ အမှန်ဆိုရင် ဒီရောဂါဟာဖြစ်စမှာ ကောင်းကောင်းနားပြီး ကောင်းကောင်းစားရင် သိပ်ပျောက်လွယ်တယ်။ ရန်ကုန်လို ပြွတ်သိပ်နေတဲ့ သေတ္တာလို အိမ်လေးတွေမှာ နေတဲ့ လူတွေအဖို့ ဘယ်မှာသွားနားနိုင်မှာလဲ။ ဆေးရုံကလဲ နေ<del>ရာ</del>င်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ထားဦး၊ နေရာကျဉ်းတော့ နည်းနည်းဖြစ်တဲ့ လူကို များများဖြစ်တဲ့လူဆီ ကကူးမှာ စိုးရပြန်ရော''

မွေးသည် နားထောင်နေရာမှ သက်ပြင်းချရင်း ခေါင်းကို ဖြည်းဖြည်းယမ်းလိုက်၏။

''ဆရာဝန်တွေက ဘယ်လိုပဲပြောပြော၊ မွေး စိတ်ထင်တာက ဒီရောဂါဟာ လွန်လာတဲ့အချိန်မှာ ကုရင်ရောဂါ မတိုးအောင်သာ လုပ်လို့ရမယ်၊ လူစဉ်တော့ မီမယ် မထင်ဘူး။ ဒီတော့ ရောဂါတွယ်မှန်း သိသိချင်း မြန်မြန်နား၊ မြန်မြန်စားနိုင်အောင်ကို လုပ်ပေးရမယ်။ ရောဂါပိုးတွယ်ကို မခံမှဖြစ်မှာပဲ။ ဒီရောဂါရဲ့ ဒုက္ခဟာ အသည်းခိုက်အောင် ဒုက္ခပေးပြီး တစ်အိမ်ထောင်လုံးရဲ့ စီးပွားရေး အခြားတိုးတက်ရေးတွေပါ ဘယ်လောက် ထိခိုက်တယ်ဆိုတာ ဒီဝေဒနာကို ခံစားရဖူးသူတွေမှ တကယ်သိတာ''

အတွတ်သည် လန့်သွား၏။ သူ့စကားများသည် မွေးစိတ်ဓာတ်ကို မြင့်အောင် လုပ်မပေးနိုင်ဘဲ ပိုမိုပင် ကျဆင်းအောင် ပြောမိနေသလား။

''ဘာဖြစ်လို့လဲ မွေး၊ လူစဉ်မီပါတယ်။ ဆေးရုံဆင်းသွားပြီးမှ အလုပ်လုပ်နေတဲ့ လူတွေ အများကြီးပဲ''

''တချို့တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ဘယ်နှစ်နာရီ အလုပ် လုပ်ရမယ်၊ ဘယ်နှစ်နာရီ နားရမယ်နဲ့၊ သူဌေးနာကြီး၊ ဆင်းရဲ သူ ဆင်းရဲသားမှာ အချိန်ရသလောက် အလုပ်လုပ်ရတာပဲ။ ဒီတော့ သူတို့ညွှန်ကြားသလို မလိုက်နာနိုင်ရင် မြန်မြန်သေတာပေါ့။





ဒီရောဂါဟာ အင်မတန် စိတ်ချောက်ချားစရာ ကောင်းပါတယ်၊ အမျိုးတွေက တောင်ဝိုင်းပယ်၊ အပေါင်းအသင်းကလဲ ဝိုင်းပယ်နဲ့ နုနာလိုပဲ''

မွေးသည် မျက်နှာညှိုးကျကာ ပြောပြ၏။ သူတို့စကားပြောနေစဉ် ကျောက်တောင်ကုန်းဘက်ဆီမှ လာသော လမ်းလေးပေါ်တွင် သူငယ်တစ်စု လမ်းလျှောက်လာကြသည်။

''မွေး ဟိုသူငယ်တွေထဲမှာ ရှေ့ဆုံးက ဖြူဖြူမြင့်မြင့်နဲ့ မြန်မာ လူငယ်လေးတစ်ယောက် တွေ့လား''

အတွတ်က လူငယ်များဆီသို့ ညွှန်ပြကာ မေးလိုက်သည်။

''တွေ့ပါတယ်''

''ဒီသူငယ်လေးဆို အသက် ၂၀ ကျော်ပဲ ရှိသေးတယ်၊ လောကကြီးမှာ တက်စအရွယ်။ ဘယ်လောက် ပျော်ရွှင်စရာတွေကို ခံစားလို့ ကောင်းတဲ့အရွယ်လဲလို့။ မိဘက ချမ်းလဲချမ်းသာတယ်၊ သူ့နာမည် မောင်ရန်ခွင်းလို့ ခေါ်တယ်။ ဒါပေမယ့် အဆုတ်နာကြောင့် သွေးအန်လို့ ဒီမှာလာကုရတယ်။ သူ့ဘဝကို သူထိုင်ပြီး ဝမ်းနည်းမနေဘူး။ သူဝါသနာပါတဲ့ ကင်မရာလေးတစ်လုံးနဲ့ သူ့စိတ်ကိုသူ အလုပ်ပေးနေတာပဲ။ ဒီမှာနေတာ တစ်နှစ်နီးတော့မယ်''

အတွတ်သည် မွေးအား စိတ်ဖြေသာအောင် စကားပြောင်း၍ပြောပြနေပေသည်။ လူငယ်တစ်စုသည် သစ်ခက်များ၊ တောပန်းရိုင်း အပွင့်များကို ကိုင်ကာ သီချင်းဆို၍ သွားကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နံနက်တွင် စိတ်မချမ်းသာစရာကောင်းသည့် အလုပ်တစ်ခု လုပ်ရမည့်မို့ မွှေးသည် စိတ်ညစ်နေ၏။ ထုံးစံအတိုင်း အဝတ်အစားလဲကာ လန်ခြားပေါ်တွင် လိုက်ပါသွားရသည်။ တစ်လတစ်ခါ မှန်မှန် ဓာတ်မှန်ရိုက်ခြင်း အမှောင်ခန်းတွင် ကြည့်ခြင်း၊ သွေးစစ်ခြင်း၊ ကိုယ်ခန္ဓာကို စစ်ဆေးရခြင်းများကို မွှေးက မကြောက်ခဲ့ပေ။ ယနေ့ သွား၍လုပ်ရမည်မှာ ပိုက်ကိုမျိုချ၍ အစာအိမ်ထဲမှ အရည်ကိုထုတ်ကာ စစ်ဆေးကြည့်မည်ဖြစ်၏။ လစဉ်လတိုင်း မွှေးသည် ကြိုးစား၍မျို၏။ ပိုက်ကိုမျို၍မကျပေ။

အခန်းထဲတွင် အသက် ၄၀ ခန့် ကုလားကြီးတစ်ယောက်နှင့် ၁၀ နှစ်အရွယ် ကလေးငယ်တစ်ယောက် ရောက်နေနှင့်၏။ သူတို့သည် ဖလုံတစ်လုံးစီ ရှေ့ချကာ ပိုက်ကို စ,၍ မျိုနေကြပြီ။ သူတို့အနားတွင် ရာဘာပိုက်အဖျား အစာအိမ်သို့ ရောက်လျှင် စုပ်ယူရန် ကိရိယာနှင့် တကွ သူနာပြုဆရာမများသည် စောင့်နေသည်။ မွှေးက အခန်းထဲဝင်ဝင်ချင်း မျို့လာသည်။ ကလေးငယ်သည်ပိုက်ကို ကြိုးစား၍ မျိုချနေစဉ် တံတွေးများမှာ နှုတ်ခမ်းဝတွင် ပလုံစီကာ ထွက်နေတော့သည်။ မွှေးသည် အလိုလို အန်ချင်လာသည်။ သူ့အတွက် ရာဘာပိုက်မှာ ရေနွေးနှင့် ပြုတ်နေတုန်း ဖြစ်ပေသည်။

ဆရာမလေးသည် ရာဘာပိုက် အဆင်သင့်ဖြစ်လျှင် သူ့ထံ ယူလာသည်။

''အသက် ဝဝရှူလိုက်ပါ''

ဆရာမလေး၏ အင်္ဂလိပ်စကားပြောပုံမှာ နှုတ်ခမ်းလေးများ





လှုပ်သော်လည်း မွှေးက ကြောက်ရွံ့နေသည်။ အသက်ဝဝ ရှူလိုက်ကာ ပါးစပ်ဟပေးလိုက်လျှင်ပင် ဆရာမသည် ပိုက်အဖျားကို အာခေါင်တွင်းချကာ မျိုခိုင်းတော့၏။ မွှေးသည် ကြိုးစား၍ မျိုသော်လည်း ပျို့၍ပျို့၍ သာလာကာပိုက်ကို အန်ထုတ်လိုက်တော့သည်။ သုံးခါလောက် အန်ထုတ်လိုက်လျှင် ဆရာမသည် စိတ်တိုလာပုံရ၏။

''ဟိုကလေး ကြည့်စမ်း။ မျိုရလို့ ဝမ်းထဲက အရည်တောင် စုပ်ထုတ်နေပြီ၊ ရှင် မရဘူးလား''

ဆရာမက ဒေါသသံနှင့် ဝေါက်လျှင် မွှေးကလည်း ဒေါသဖြစ်လာ၏။ ပိုက်မျိုချမရ၍ မောနေရသည့်အထဲ ဆရာမ ဝေါက်သည်ကိုစိတ်တိုလာ၏။

''ဒါလောက်ပဲ ဒီအရည်ကို လိုချင်သလား''

''လိုချင်တယ်၊ ရှင့်အစာအိမ်မှာ တီဘီပိုး ရှိ,မရှိ စစ်ဆေးကြည့်ရမယ်။ အခု ရှင်ခြောက်လကျော်ပြီ၊ တစ်ခါမှ မျိုမရဘူး''

''ကျွန်မလဲ ကြိုးစားမျိုတာပဲ၊ မောလို့ သေတော့မယ်။ ဒါလောက် လိုချင်ရင် ဗိုက်ခွဲပြီး အစာအိမ်ထဲက အရည်ထုတ်ယူလေ''

မွှေးက ခပ်ပြတ်ပြတ် ပြောလိုက်တော့မှ ဆရာမမှာ လက်လျှော့သွားကာ မွှေးကို ပြန်ခွင့်ပြုလိုက်တော့သည်။ မွှေးသည် မောလည်း မောစိတ်လည်းတိုလာ၍ လစဉ်လတိုင်း ဒီပိုက်မျိုနေသည်မှာ ငရဲခံရသလို သို့မှာခဲယဉ်းနေသည်။ တခြားလူများ အလွယ်တကူ မျိုရလျက်နှင့် သူဘာကြောင့် မရသည်ကိုလည်း တွေးမရပေ။

အခန်းသို့ ပြန်ရောက်လျှင် သူအိပ်နေတော့၏။ နံနက်စာကို



www.burmeseclassic.com

www.burmeseclassic.com



နဂိုကစားမရသည့်အထဲ ပိုက်ကို မျိုရ၍ လည်ချောင်းမှာ နာကျင်နေတော့သည်။

သူသည် စိတ်ပျက်လက်ပျက်နှင့်အိပ်၍နေ၏။ ထမင်းမစားတော့လျှင် ချက်ပြီးသားထမင်းများကို သူယူကာ ထမင်းစား ပြန်တော့မည့်အကြောင်း ထမင်းချက်ကုလားမနှင့် စကားပြောနေရာကျ၍ လာလေသည်။ ကုလားမကို ပြန်လွှတ်လိုက်ကာ အိပ်မြဲအိပ်နေလိုက်သည်။

တစ်ရေးနိုးလျှင် တကျိုင်းကျိုင်းနှင့် လှည်းတစ်ခု သူ့အိမ်ခြေရင်းလမ်းပေါ်မှ ဖြတ်သွားသံကို ကြားရ၏။ နေ့လယ်၏ တိတ်ဆိတ်ပုံမှာ တစ်မျိုးခြောက်သွေ့ရသည့်အထဲ ထိုလှည်းသံမှာ စိတ်လှုပ်ရှားစရာလို သူ ထင်မိ၏။ မျက်လုံးဖွင့်ကြည့်လိုက်လျှင် သူသည် လန့်သွား၏။ ဟင်းလင်း ဖြစ်နေသော လှည်းပေါ်တွင် ခေါင်းကြီးတစ်ခုကို အဝတ်ဖြူစနှင့် အုပ်ထား၏။ အဝတ်ဖြူစပေါ်တွင် ပန်းသုံးပွင့် ခပ်ကျဲကျဲ တင်ထားသည်။ ကုလားနှစ်ယောက်သည် ထိုခေါင်းကြီးကို ကျောက်တောင်ကုန်းမြင့်ဘေးဘက်ဆီသို့ တွန်း၍ယူသွားကြသည်။ ကျောထဲမှ စိမ့်ခနဲဖြစ်ကာ အလိုလို ကြောက်သွားသည်။

"ဘုရား... ဘုရား ဘယ်သူများပါလိမ့်၊ သူတို့ သယ်သွားတဲ့နေရာဟာ သချိုင်းများလား"

သူသည် မျက်စိမှိတ်ထားသော်လည်း အိပ်မရပေ၊ လေရှိန်က ခပ်ပြင်းပြင်း တိုက်လာပြန်သည်။ ဂျပ်ဂျပ် ဂျပ်ဂျပ်နှင့် ယင်းမှ ဝါးလုံးများတိုင်ကို ရိုက်သံသည် တစ်ယောက်တည်း နေရစဉ် ပိုမိုကျယ်သလို ဖြစ်လာပြန်သည်။ သူသည် ထ,ထိုင်လိုက်၏။ လူနာများသည် အိပ်နေခဲ





ဖြစ်ဟန်ရှိ၏။ အနီးအနား အိမ်များကလည်း ငြိမ်သက်နေသည်။ နေ ခင်းကြီးကြောင်တောင် ထိုမျှ ငြိမ်သက်နေသည်ကို သူ့မှာ အနေခက်နေတော့သည်။

"ကိုထွန်းရေ ... ကိုထွန်းရဲ့ ... အနွဲ့ကို တစ်ယောက်တည်းထားခဲ့တော့မလား"

"ဟော ...ဘုရားရေ"

မွေးသည် အသံထွက်အောင် အော်လိုက်၏။ သူကြားသော အသံမှာ စကားလုံး ကွဲသော်လည်း အဝေးမှ ကြားသော အသံသဲ့သဲ့ ဖြစ်၏။

"တို့မြန်မာလူမျိုးထဲက သေတာ ဖြစ်မယ်။ ဒုက္ခပါပဲ"

သေသည့်လူအတွက် ဝမ်းနည်းသည် မှန်သော်လည်း ကျန်ရစ်သူအတွက် ပို၍ စိတ်မချမ်းမြေ့ပေ၊ သူသည် ခုတင်ခြေရင်းသို့ ဆင်းကာ ကျောက်တောင် ခြေရှိရာသို့ စူးစိုက်ကြည့်နေမိ၏။ မြန်မာ လေးငါးယောက် ခပ်လှမ်းလှမ်းတွင် စုနေသည်ကို မြင်ရတော့သည်။

ညနေ သုံးနာရီတွင် အဘီဂေးလ်သည် လာနေကျအတိုင်း သူ့ဆီလာကာ အပူချိန် လာယူ၏။

"ရှင်တို့ မြန်မာထဲကပဲ ဦးထွန်းစိန်ဆိုတာ ဆုံးသွားပြီ ဒီကနေ့ပဲ မီးသင်္ဂြိုဟ်တယ်"

အဘီဂေးလ်က သူ့ကို ပြောပြ၏။

"ကျွန်မ သူ့မိန်းမကို သွားမတွေ့ရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း . . . ဆရာဝန်ကြီး ဆုလိမ့်မယ်၊ ရှင်လမ်းလျှောက် ခွင့်မှမရသေးဘဲ။ ရလဲ ဘာဖြစ်လို့ စိတ်မချမ်းသာစရာ တွေသွားကြည့်မလဲ အေးအေး အိပ်နေပါ''

အဘိဂေးလ် ထွက်သွားသည့်တိုင်အောင် သူ့နားထဲတွင်မူ 'ကိုထွန်းရေ' ဆိုသော အသံ ကြားယောင်နေတော့သည်။ ဒီလိုနေရာတွင် မြန်မာထုံးစံအတိုင်း သရဏဂုံတင်ရန် ဘုန်းတော်ကြီးလည်း ရှိရာလိမ့်မည် မဟုတ်ပေ။

ထိုတစ်ညနေလုံးတွင် အထူး တိတ်ဆိတ်နေပေသည်။ မြန်မာများလည်း လမ်းလျှောက်မထွက်ကြ။ သူတို့စိတ်ထဲတွင် ဦးထွန်းစိန်အတွက် ဝမ်းနည်းနေဟန်ရှိ၏။

မွေးသည် ညဦးတွင် ဘုရားအရှည်ကြီး ရှိခိုးကာ မေတ္တာပို့အမျှဝေရသည်၊ အထူးသဖြင့် ဦးထွန်းစိန်ကို ရည်ရွယ်၍ အမျှဝေတော့သည်။ ခြောက်သွေ့သော ညကြီးတစ်ညလုံးတွင် သူသည် မျက်စိကြီးအကြောင်သားနှင့် အိပ်၍မရပေ။ ရှည်လျားသော ခွေးအူသံများမှာ သန်းခေါင်ယံကို ပို၍ခြောက်ချားစေပေသည်။

မနက်မိုးလင်း လမ်းလျှောက်ချိန်တွင် ဦးပုနှင့် ဦးထွန်းတင်တို့က သူ့ထံ သတင်းဝင်ပေးသွားကြ၏။ ဦးထွန်းစိန် ရောဂါမှာ ဘဲလိုးသို့ သွားရောက် စစ်ဆေးရန် စောင့်နေစဉ် သေဆုံးသွားကြောင်း အဆုတ်မှာ ကင်ဆာလား၊ အဆုတ်နာလား ခွဲ၍ မရခင် လည်ချောင်းမှာလည်း ကင်ဆာလိုဖြစ်ကာ အစာမဝင်တော့ဘဲ မောလာကြောင်း ၊ အမောဖောက်၍ သေဆုံးသွားကြောင်းနှင့် သူ့ဇနီး စိတ်အားငယ်စွာ ကျန်ရစ်ပုံ အကြောင်းများကို ပြောလျှင်မွေးက သူပါရောနှော၍ ငိုချင်လာသည်။





''ပြီးတော့ဗျာ . . . သူတို့ဆီ သေရတာ ဂေါ်ရင်ဂျီသေနည်းကျနေတာပဲ။ ဘုရားသိကြားမလို့ ကျုပ်တို့အားလုံး မြန်မာပြည် ပြန်ရောက်ပါစေလို့ ဆုတောင်းပါတယ်''

ဦးပုသည် ဆုတောင်းကာ ထွက်သွား၏။ သူတို့မှာလည်း စိတ် ဓာတ်ကျနေပုံ ရတော့သည်။

မွေးသည် ယခု သုံးလေးရက် အိပ်မပျော်နိုင်ဘဲ စိတ်က ခြောက်ချား၍ နေပေတော့သည်။ အတွတ်ကလည်း ညနေတိုင်း မပေါ်လာသည်မှာ နှစ်ရက်ပင် ရှိ၍ သွားလေသည်။ သုံးရက်မြောက် ညနေတွင် အတွတ်သည် ခပ်သွက်သွက် လျှောက်လာ၏။

''မွေး . . .''

မွေးသည် ခုတင်ပေါ်တွင် ခွေနေရာမှ ရုတ်တရက် ထထိုင်လိုက်၏။

''ဟော . . . အတွတ် ခုတလော ဘာလို့ မလာသလဲ''

အတွတ်သည် ကုလားထိုင်တစ်ခုကို ဆွဲထိုင်ရင်း . . .

''ခုတလော မအားဘူး မွေး''ဟု ပြောလိုက်၏ ။

''ထူးဆန်းလိုက်တာ၊ မြန်မာပြည်က လူနာကလေးတစ်ယောက် ကိုယ်အမြဲ သွားကြည့်တယ်။ သနားစရာ အလွန်ကောင်းပဲ။ ငွေမတတ်နိုင်လို့ အဖော်မပါဘဲ တစ်ယောက်တည်း လာနေရတယ်။ ကိုယ်ကလဲ စကားမစပ်မိတော့ သေသေချာချာ မမေးမိဘူး။ ဒီကနေ့မနက် ထမင်းစားရင်း သွေးအန်ပြီး သေနေလေရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

မွှေးသည် ပါးစပ်ဟောင်းလောင်းနှင့် ကြောင်သွားတော့သည်။

"အဲဒါ ဘယ်သူထင်သလဲ၊ သူ့လိပ်စာနဲ့ ဘာနဲ့ အခြေအနေ အနားက လူတွေ မေးကြည့်မှ မောင်မောင် ဖြစ်နေတယ်"

"ဘယ်က မောင်မောင်လဲ"

"တို့များ ဝါးခယ်မ ဘုရားကြီးလမ်းက ကိုအီဆွတ်သား အငယ် ဆိုးလေးလေ၊ အတွတ်ထွက်လာတော့ သူတို့က ငယ်ငယ်ရှိသေးတာ၊ သူတို့မှာ အမေလဲ မရှိဘူးလေ ..."

"သိပြီ ... သိပြီ"

မွှေးသည် ပိုမို၍ စိတ်မချမ်းမသာ ဖြစ်လာသည်။ သူသည် ပင်မြန်မာပြည်သို့ ရောက်ပါဦးမလားဟူသော စိတ်မှာ ချောက်ချား၍ လာတော့သည်။

"အဲဒါကွယ် ... ငွေလည်း ဘာမှမကျန်တော့လို့ ဦးထွန်းလှိုင်တို့၊ ဦးသာညာဏ်တို့နဲ့ ပိုင်းစုပြီး သင်္ဂြိုဟ်ဖို့ စီစဉ်ပေးနေရတယ်။ မွှေးစိတ်ငယ်သွားပြန်ပလား။ တစ်ခါမှ ဒီလိုဆက်တိုက် မြန်မာပြည်က လူနာတွေ မသေဖူးဘူး။ ဘယ်တတ်နိုင်မလဲ၊ အခိုက်မသင့်ရင် ဖြစ်တတ်တာပဲ။ မွှေးရောဂါက သေကိုမသေနိုင်ဘူး စိတ်ချ။ သိပ်ပြီး ကောင်းလာပြီ၊ စိတ်မပျက်နဲ့"

မွှေးက ဘာမှ ပြန်မပြောဘဲ ငိုချင်သလိုလို ငိုင်၍ နေမိတော့သည်။





"ခုတလော ကြားရတာတွေဟာ စိတ်မချမ်းမြေ့စရာချည်း ပဲကွယ်"

"ညဘက်ဆို အိပ်မပျော်ပြန်ဘူး ထင်တယ်၊ မျက်နှာချောင် နေတယ်"

မွှေးသည် အိပ်ရာပေါ် ပြန်ခွေလိုက်၏။ အတွတ်မျက်နှာမှာ အနည်းငယ် ပျက်သွားတော့သည်။ မွှေး စိတ်ငယ်နေပြီကို သိပြီး ဖြစ်ပေသည်။

"ဘယ့်နှဲ့ အိပ်ရမလဲ ..."

"ဘာမှ မဖြစ်ပါဘူးကွယ် ... ညကျ မေတ္တာသုတ်ကို ရွတ် ပြီးအိပ်။ အတွတ်လဲ မွှေးဆီကို အထူးမေတ္တာပို့ပါတယ်၊ စိတ်ချမ်း သာအောင်နေနော်၊ တော်ကြာ ကိုယ်အလေးချိန်လျော့သွားလို့ yellow bed ပြန်အလျှော့ ခံနေရဦးမယ်။ ကဲ ... အတွတ် ပြန်ဦးမယ်"

မွှေးက ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်၏။ ထိုညတွင် မွှေးသည် ခေါင်းရင်းဘက်နံရံတွင် ချိတ်ထားသော ဘုရားရုပ်ပုံတော်ရှေ့တွင် မီးများထိန်ထိန်ညီးအောင် ပူဇော်ထား၏။ ဗောဓိပင်ခြေရှိ ပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော ဘုရားသခင်၏မျက်နှာတော်မှာတည်ငြိမ်လျက်ရှိပေသည်။ ပလ္လင်တော်မှာမူ မီးရောင်ကြောင့် တလက်လက်တောက်ပနေ၏။ ဗောဓိညောင်ရွက်များကမူ စိမ်းစိုနုပျိုနေကြပေသည်။

မွှေးသည် ဘုရားရှိခိုးပြီး မေတ္တာသုတ်ကို ရွတ်၏။ အဝေးစစ်မြေရှိ ချစ်လင်ထံသို့ မေတ္တာပို့ရင်း မျက်ရည်များ စို့လာသည်။

www.burmeseclassic.com



ညီမလေးများနှင့် အဖေ့ထံ မေတ္တာထပ်ပို့ကာ ကွယ်လွန်သူ မေမေ မမတို့နှင့် ဦးထွန်းစိန်၊ မောင်မောင်တို့ကိုပါ မှန်းဆ၍ အမျှဝေလိုက် ရပြန်သည်။

ဘုရားသခင်၏ တန်ခိုးတော်ဖော် အာနုဘော်ကြောင့်လား မသိ သူ့စိတ်မှာ အတော်ပင် ငြိမ်သက်ကာ အေးချမ်းမှုကို ရတော့သည်။

ဘုရားရှိခိုးပြီး ထကာ ဖျာကိုသိမ်းနေစဉ် ညစောင့်အိပ်သော ကုလားမသည် သူ့အနားတွင် မတ်တတ်လာရပ်၏။ ဘုရားရုပ်ပုံကို မော့ကြည့်ရင်း လက်ညှိုးထိုးပြနေသည်။

"ဒီပုံကို ဒီမှာဘာလို့ ချိတ်ထားတာလဲ အစ်မ"

မွေးသည် ကုလားမပြောသည်ကို ရုတ်တရက် နားမလည်ပေ။

"ဘာပြောတယ် . . ."

"ဒီပုံကို ဒီမှာချိတ်ထားတာတွေ့ရင် မစ္စလွန်းက ဖြုတ်ခိုင်း လိမ့်မယ်"

မွေး၏ငြိမ်နေသော စိတ်များကိုလာ၍ ဆွပြန်သည်။ ညစောင့် ကုလားမမှာ ခရစ်ယာန်ဖြစ်ပေသည်။

"ကိုယ် အမြဲရှိခိုးဖို့ပေါ့ . . ."

"အစ်မ ဖြုတ်ထားရင် ကောင်းမယ်၊ မစ္စလွန်း တွေ့သွားရင် ဖြုတ်ခိုင်းလိမ့်မယ်"

မွေးသည် ခုတင်ပေါ် ပစ်ထိုင်လိုက်၏။





"ဟော့ မင်း ဘာမှမပြောနဲ့ . . . ငါ့ဘုရားကို ငါ့ဘာသာ ကိုးကွယ်တာ၊ မင်းတို့ဆေးရုံမှာ ဒီဘုရားပုံတော်ကို မချိတ်ရဘူး မရှိ ခိုးရဘူးဆိုရင် ငါသေသွားပစေ။ ဒီမှာလဲ ဆေးမကုတော့ဘူး၊ ငါပြန် မယ်၊ ဘယ်သူလာ ဖြုတ်ခိုင်း ဖြုတ်ခိုင်း ငါမဖြုတ်ဘူး။ အေးအေး အိပ်စမ်း . . ."

မွေး စိတ်တိုလာသည်ကို သိ၍လားမသိ၊ ကုလားမသည် ငြိမ် သွား၏။ မွေးစိတ်ထဲမှာလည်း ယခုတလော သုံးလေးရက်အတွင်း ပိုက် မျိုးရသည့် နေ့ကတည်းက အဆင်မပြေ၊ စိတ်မချမ်းမြေ့သည်မှာ ယနေ့ ညတိုင်အောင် ဖြစ်လာ၍ ဒေါသထွက်နေတော့သည်၊ အမှန်လည်း ထို ဆေးရုံမှာ ခရစ်ယာန်သာသနာပြုဆေးရုံဖြစ်၍ လူနာများက ကိုယ် ကိုးကွယ်လိုသော ဘာသာအလိုက် ရုပ်ပုံရုပ်ထုများကို လှူမြင်သာသော နေရာတွင် ထုတ်၍ထားခြင်းကို ယခင်က ခွင့်မပြုဟုဆိုပေသည်။

သို့သော် မွေး၏နံရံတွင် ချိတ်ဆွဲထားသော ဘုရားပုံတော် အတွက်မူ ဆရာဝန်များက ဘာမျှတစ်စုံတစ်ရာ ပြောသည်ကို မတွေ့ ရပေ။ ညစောင့်အိပ်သော ကုလားမက သက်သက်ဗိုလ်ကျခြင်းဖြစ်၏။

* * *

နောက်နေ့နံနက်တွင် Screening Reading ခေါ် အမှောင် ထဲတွင်ရောင်ခြည်ဖြင့် အဆုတ်ကို စမ်းသပ်ကြည့်ရှုစစ်ဆေးရန် ဆေးရုံ ဘက်သို့ တစ်ခါသွားရပြန်သည်။

သူ့အိမ်နှင့် မျက်စောင်းထိုးအိမ်မှ အိန္ဒိယတိုင်းသူ တစ်ယောက် မှာလည်း နောက်မှ လန်ခြားတစ်စီးပေါ်တွင် တလှုပ်လှုပ်ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမနောက်တွင် ခေါင်းဆွတ်ဆွတ်ဖြူနေသော အသက်(၆၀)ခန့် အဘိုးကြီးသည် မြေတွင်လျှောက်ကာ ပါလာလေသည်။

အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်သွားကြသည်။ ကြည့်တော့မည့်အချိန်တွင် လူနာအား လေးထောင့်မှန်နောက်တွင် ရပ်နိုင်း၍ မှန်သားကိုရင်ဘတ်ဖြင့် ထိထား၏။ ဆရာဝန်မှာ မှန်ရှေ့တည့်တည့်တွင် သားရေအကျီအထူကြီးကို ဝတ်ကာထိုင်နေလေသည်။ ထိုရောင်ခြည်မှာ လူ၏အသားအရေကို ထိနိုက်စေ၍ လူကောင်းဆရာဝန်အဖို့ အကာအကွယ်ယူထားခြင်း ဖြစ်ပေသည်။ လူနာတစ်ယောက်ကြည့် ချိန်မှာလည်း သိပ်ကြာရှည်ခြင်းမရှိလှ။ စက္ကန့်ပိုင်းလောက်ပင် ဖြစ်သည်။ ကြည့်မည့်အချိန်ရောက်လျှင် မှောင်ချလိုက်ကာ ခလုတ်တစ်ခုကို နှိပ် လိုက်လျှင် မှန်သားပေါ်တွင် လူ၏ခန္ဓာကိုယ်ထဲမှ အဆုတ်နေပုံကို တိုက် ရိုက်မြင်ရသည်။

မွှေးသည် သူ့ကိုယ်သူ ကြည့်ရှုပြီးလျှင် ထွက်မသွားသေးဘဲ အိန္ဒိယသူကို သူကြည့်ရန် စောင့်နေ၏။ ဆရာဝန်နောက်မှ ရပ်ကာ ကြည့်နေစဉ် မှန်ထဲတွင် မြင်ရသော ထိုကုလားမလူနာ၏ အဆုတ်မှာ ဖြူနေကာ အပေါ်တွင် အမည်းစက်လေးများ သမ်းနေတော့သည်။

သူသည် အဓိပ္ပာယ်ကိုတော့ ဘာမျှနားမလည်ပေ။ အခန်းအပြင်ဘက်သို့ရောက်လျှင် ထိုမိန်းမကို ဂရုစိုက်ကြည့်မိ၍ အသားမှာ ဝါညိုညိုကြီးဖြစ်ကာ ပိန်ချည့်နေတော့သည်။ ဆံပင်ဖြူဖြူနှင့် အဘိုးကြီးက သူ့ကိုတွဲ၍ လန်ခြားပေါ်တင်ကာ ထွက်သွားကြသည်။





မွှေးသည် ထမင်းချက် တပည့် ဘီဘီကိုမှ တမာပင်အောက်တွင် တွေ့ရသည်။

မွှေးတစ်ယောက်တည်း အားငယ်မည်စိုး၍ သူလိုက်လာကြောင်း လက်ဟန်ခြေဟန်နှင့်ပြ၏။ မွှေးသည် သူ့အိမ်သို့ ပြန်ရောက်လျှင် အရှေ့တောင်ဘက်ရှိ သီးပင်အောက်တွင်ထိုင်ကာ လူနာမိန်းမရှိရာကိုသာ လှမ်း၍ကြည့်နေမိသည်။ ဘီဘီက မီးဖိုထဲတွင် ထမင်းချက်လျက်ရှိ၏။ ခဏကြာလျှင် ဆံပင်ဖြူဖြူ အဘိုးကြီးသည် ကုလားလိုစာတစ်စောင်ကို ဖတ်ပြလိုက်၊ ပြောလိုက်နှင့် လုပ်နေသည်ကို လူနာက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

မွှေးသည် သူတို့ ဘာပြောသည်ကို သိချင်လာ၏။ ဘီဘီကို မေးလျှင် ဘီဘီသည် လက်ဟန်ခြေဟန်ထက်ပို၍ ပြောပြတတ်မည် မဟုတ်ပေ။ ခပ်လှမ်းလှမ်းမှ ဆေးရုံစာရေးလေးတစ်ယောက် လျှောက်လာ၍ ထိုလူနာနှင့် အဘိုးကြီးအနားမှာ ရပ်ကာဝင်ရောက် စကားပြောနေလေသည်။ ထိုစာရေးလေးမှာ အိန္ဒိယသားပင် ဖြစ်သော်လည်း အင်္ဂလိပ်လို မှတ်၍နေတော့သည်။

"အဘိုးကြီးက ဒီမိန်းမနဲ့ ဘာတော်လဲ"

မွှေးက စာရေးလေးကို မေးလိုက်၏။

"သူ့အဖေလေ ဟိုက်ဒရာဗတ်က လာဆေးကုတာ၊ သူ့မှာ ကလေးသုံးယောက်ရှိတယ်။ အဲဒါ ရှေ့လကုန်ရင် သူ့ယောကျ်ားက ခေါ်ပြီးလာပြမလို့တဲ့။ တစ်ယောက်တည်း သမီးမို့ အဖေကိုယ်တိုင် လိုက် ပြုစုတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်… သြော် သူ့ယောကျ်ားဆီက စာလာလို့ သူနား ထောင်နေတာကိုး။ သူ့ကလေးတွေနဲ့ တွေ့ရတော့မယ်နော်"

"ဟုတ်တယ်၊ ဟိုလထဲက သူကစာရေးလိုက်တယ်၊ သူဒီမှာ နေတာ သုံးနှစ်ရှိပြီ၊ သူ့ရောဂါဟာ ကုမရတော့ဘူး။ သိပ်ပြီးလဲ ကြာ မှာမို့ နောက်မိန်းမယူတော့လို့ သူကစာရေးလိုက်တယ်တဲ့။ ဒါကြောင့် သူ့ယောကျ်ားဟာ ရှေ့အပတ်ဆို မိန်းမယူတော့မယ်တဲ့။ စာလာလို့ အဘိုးကြီးက ဖတ်ပြနေတာ"

"ဘုရားရေ …"

မွေးသည် ဘုရားတမိ၏။

"ကျွန်တော် သွားဦးမယ်"

စာရေးလေးက နှုတ်ဆက်ကာ ထွက်သွား၏။ မွေးသာ တစ် ယောက်တည်းငိုင်ကာ ကျန်ရစ်၏။ နောက်မိန်းမယူသည်ပဲ ထားဦး။ ဘာကြောင့်များ မယားရှိရာသို့ စာရေးရပါသနည်း။ ထိုစာကိုရော အဘယ်လုပ်သူက ဘာကြောင့် ဖတ်ပြသည်မသိပေ။ မွေးသည် သားအဖ နှစ်ယောက်ကို အံ့သြနေပေသည်။

လူနာကို ကြည့်ရသည်မှာ ကလေးများကို တွေ့ရတော့မည် မို့ စိတ်ရွှင်လန်းနေလေသလား။ သူ့ချစ်သူ လင်သားအပေါ် စိတ်လျှော့ ကာ ခွင့်လွှတ်လိုက်ပြီမို့ နေသာနေလေသလားမသိ။ ခပ်ပေါ့ပေါ့ ခပ် အေးအေးဟန်ကို တွေ့ရတော့သည်။

မွေးစိတ်ထဲတွင် ထိုအိန္ဒိယသူကို ချီးကျူးနေမိသည်။ အမှန်





တော့ ထိုဆေးရုံတွင် တကယ့်ဝတ္ထုအများအပြားရှိကြသည်သာတည်း။ တီဘီရောဂါကြီးက ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဇာတ်လမ်း အနန္တကို ဖန်ဆင်း၍ပေး၏။ လူနာ လူသားများသည် ခေါင်းငုံ့ကာ ကပြကြရ၏။ မရှင်သေးသောနှလုံးကို အားယူ၍ ဖုံးကာအနိုင်နိုင်ပြုံးကြဟန် မှာရင်ထဲတွင် မချိစရာပါတကား။

သူ့မျက်စိထဲတွင် စစ်သားတစ်ယောက်ပီပီ ရင်ချီနေသော ကိုကိုနိုင့် ရုပ်ပုံလွှာသည် အထင်းသားပေါ်လာပြန်၏။ သက်ပြင်းချလိုက် ရင်း စိတ်မှာမောသွားတော့သည်။ တစ်လ နှစ်ကြိမ်ကျ သူ့ထံသို့ စာ မှန်မှန်ထည့်ရှာသည်။ သူသည် လက်ချိုး၍ရေတွက်ကြည့်၏။ မြန်မာပြည် မှ ထွက်လာသည်မှာ ခြောက်လကျော် ခုနစ်လအတွင်းသို့ ဝင်ခဲ့ပြီ။ အိန္ဒိယသို့ မထွက်ခွာခင် ခွဲခွာခဲ့သည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါး ကြာခဲ့၏။

မမအေး မဆုံးခင်က တစ်ကြိမ် နှစ်ယောက်တွေ့ခဲ့ကြရ သည်။ ထိုအချိန်မှာ နောက်ဆုံး တွေ့ကြခြင်းသာတည်း။

သူ့အနားဝယ် ဆီးရွက်ခြောက်တို့သည် ပရွက်ကောင်လေး များလို ပျံဝဲကာ ကျလာကြ၏။ တောင်လေသည် ခက်ထန်ထန်ပင် တိုက်လာကာ မိုးသားတို့ အုံ့မှိုင်းလာကြပြန်သည်။

သူ စိတ်မပျော်သည်မှာ သုံးရက်လုံးလုံးပင် ဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



နွေဦးပေါက်လာလျှင် မွှေးသည် လွတ်လပ်လာ၏။ လွန်ခဲ့သောတစ်ပတ်ကတည်းက ၄ ဖာလုံ လမ်းလျှောက်ခွင့်ကို မွှေး ရခဲ့လေသည်။

အတွတ်နှင့် တစ်ရက်ခြားလောက်လိုလို ညနေခင်းဘက်တွင် လမ်းလျှောက်ကြသည်။ တစ်ခါတစ်ရံ မဒနာပလီလမ်းမကြီးပေါ် လျှောက်ကာ ဝင်လုဆဲ နေရောင်အောက်မှာ ကျောက်တောင်တန်းများကို ကြည့်ကြသည်။ ကျောက်တောင်များသည် သဲပထဝီမြေပုံထဲကလို အပေါ်တွင် အဖျားချွန်ချွန်လေးများဖြင့် မြင်နေရ၏။ တောထူထပ်သည့်နေရာ မဟုတ်၍ တောင်တန်း တောင်ထွတ်များသည် မြေမှာဘွားဘွား ပေါ်နေကြပေသည်။

တစ်ခါတစ်ရံ သူတို့နှစ်ယောက် မဒနာပလီဘက်မှ ကုန်များတင်လာသော သားအုပ်ဘေးတွင် လမ်းလျှောက်လာကြသည်။ လားများသည် ပုကြသော်လည်း ပစ္စည်းများကျောပိုး၍ လျှောက်လာဟန်မှာ ချစ်ဖွယ်ကောင်းပေသည်။ မန်ကျည်းရွက်ကြွေများ လားများပေါ်တွင် ဝဲကာပျံကာ ကျလာကြသည်။ လမ်းဘေးတင်မှ အိန္ဒိယတိုင်းရင်းသားများ၏ တဲငယ်များမှာ ဖရိုဖရဲနှင့် ခပ်ကျဲကျဲတွေ့ရပေသည်။

မွှေးသည် ရှုမျှော်ခင်းအသစ်များကို မြင်ရ၍ စိတ်ပြောင်းလာဟန်ရှိပေသည်။ အတွတ် မျက်စိထဲတွင်မူ ငယ်ငယ်တုန်းက လယ်ကွင်းဘေးတွင် လမ်းလျှောက်ကြစဉ်ကလို မွှေးသည် နုပျိုရွှင်လန်းကာ အားတက်လာဟန်ရှိသည်ဟုထင်မိ၏။ မွှေး၏ပါးလေးများတွင် သွေးရောင်သမ်းလာကာ ငယ်တုန်းကလို မျက်စိကလည်း ကြည်ကြည်လင်လင်တောက်တောက်ပ ရှိလာပြန်သည်။





တစ်ညနေ မွှေးထံသို့ ထွက်မလာခင် အတွတ်သည် စာတစ်စောင်ကို ဖတ်နေ၏။ စာမှာကိုကိုနိုင့်ထံမှ ဖြစ်ပေသည်။ သူသည် စာကို သိမ်းဆည်းထားလိုက်ပြီး မွှေးထံသွားရန် စိတ်မပျော်သလိုဖြစ်လာသည်။ သူမသွားလျှင် မွှေးက မျှော်နေကာ အိမ်ထဲကထွက်တော့မည် မဟုတ်သည်ကို သတိရပြန်သည်။ မွှေးကို ငဲ့သောစိတ်၊ တွယ်တာသော စိတ်တို့မှာပို၍သာ ပြင်းပြလာရပါတကား။ မွှေးကိုတော့ ညနေတိုင်းတွေ့ချင်၏။ ပစ္စန္တရစ်လို ထင်ခဲ့ရသော အာရောဂျံသည် မွှေးရောက်လာကတည်းက နေပြည်တော်လို သာယာခဲ့၏။ သို့သော် ယနေ့ရရှိသော စာကခေါင်းထဲတွင် ဝင်နေသောကြောင့် မွှေးရှေ့ရောက်လျှင် သူဟန်ပျက်မှာကို စိုးနေ၏။

သူသည် စာကို မေ့ပစ်ကာ အဝတ်လဲ၍ မွှေးရှိရာသို့ ထွက်လာခဲ့သည်။ မွှေးသည် သူ့ကို အဆင်သင့် ကြိုနေသည်။

အမြဲမပြတ်ပွင့်သော အာရောဂျံ၏ စံပယ်ပန်းကို သီကာ ဆံထုံးတွင် ပန်ထားပြန်သည်။ သူ့လုံချည်သည် နန်းလုံးကြိုင်လို အဝါလုံးလေးများကျဲကျဲပါသော အပြာခံလုံချည်ပင်တည်း။ ပဒုမ္မာလက်တိုလေးနှင့် သူ့ဘေးတွင်ယှဉ်ကာ လိုက်ပါလာ၏။

မွှေး၏ကြည်ပြုံးသော မျက်နှာလေးကိုမြင်လေလေ အတွတ်သည် ဟန်ပျက်၍ပျက်၍သွားတော့၏။ စကားစများကို ရှာဖွေကာ သူသည် တတွတ်ဟွတ် ပြောလာ၏။

"ဒီတစ်ခါ တို့များ ရေပေးတဲ့ကန်ဘက် လျှောက်ရအောင်နော်မွှေး"



www.burmeseclassic.com

www.burmeseclassic.com



မွေးက ငှက်ငယ် ကလေးလိုပင် ကြော့ကြော့မော့မော့နှင့် ခေါင်းညိတ်ပြ၏။

"အဲဒါက ပဲခူးက လာဆေးကုနေတဲ့ မမဝင်းတို့အိမ်လေ။ သူ့ညီမ မမစန်းက လာပြီးပြုစုနေရတာ။ သူတို့လဲ မိန်းမသားနှစ်ယောက်ထဲပဲ၊ ဟိုဘက်ကဟာက မွေးကို တစ်ခါက အတွတ်ပြောတဲ့ မောင်ရန်နှင်း နေတာ။ ဒီဘက်တွဲနေတာက ဦးစံကူးတို့ပေါ့။ ကဲ ...လာ ဒီလမ်းသေးက ရေပေးကန်ကို သွားတဲ့လမ်းပဲ"

သူတို့သည် ဆင်ခြေလျှောတစ်ခုကို ဆင်းလိုက်လျှင် လမ်းလေးတစ်ခုကို တွေ့ရ၏။ ထိုလမ်းတစ်လျှောက်တွင်မူ လျှော်ပင်အခက်အဖျားချွန်အပင်ကြီးများမှာ တန်း၍ပေါက်နေလေသည်။ ထနောင်းပင်တန်းမှာ ရေကန်ဘက်သို့ နီးလာလေလေ စိပ်၍လာလေလေ ဖြစ်၏။ ဆေးရုံအလုပ်သမားတို့၏ နေအိမ်တန်းလျားများ၏ ဥယျာဉ်ဝင်းကလေးများကို ဖြတ်ကျော်လာပြီးမှ ရေကန်ရှိရာသို့ ရောက်လာသည်။ ရေကန်မှာ ပေ (၅၀)ခန့်အကျယ်ရှိ၍ အရှည်မှာ ပေ (၁၀၀)ကျော်ခန့် ခပ်မျောမျောပင် တူး၍ထားပေသည်။ အုတ်နံရံများစီကာ အထူးသံန့်ရှင်းအောင် လုပ်ထား၏။

မွေးက မောသည့်ဆိုကာ ထနောင်းပင်ခြေရင်းတွင် ထိုင်၍ နေပေသည်။ နေညိုစပြုလာပြီဖြစ်သောကြောင့် ချိုးကူသံမှာ ပျင်းတွဲ့တွဲ့လွမ်းဟန်ပေါက်လာ၏။ အဝေးရှိ ဆူးချုံစည်းရိုးလေးများအနားတွင် ဆိတ်ငယ်လေးများသည် ခုန်ပေါက်ပြေးလွှားနေကြပေသည်။

အတွတ်က မွေးအနားတွင် လာ၍ထိုင်ပြန်သည်။ မွေး၏





မျက်နှာပြင်မှာ ညနေ နေခြည်ဝါရွှေရွှေအရောင်ကြောင့် ပိုမို၍လှပနေသည်ဟု သူကထင်၏။

"ကိုကိုနိုင်တစ်ယောက်တော့ ပျင်းနေမှာပဲ။ ခုလိုလမ်းလျှောက်တာတို့၊ ညဘက် လ,ရောင်အောက်မှာ လမ်းလျှောက်တာတို့ သူသိပ်ဝါသနာပါတာပဲ"

မွေးက အဝေးသို့ မျှော်ကြည့်ရင်းမှ ကိုကိုနိုင့်ကို တမ်းတလာဟန်ရှိပေသည်။

"ပြန်ရတော့မှာပါကွာ။ ကိုယ်လဲ နောက် ခြောက်လဆိုပြီးရော၊ အတွတ်နဲ့ တူတူပြန်ပေါ့"

"ဆရာဝန်ကရော မွေးရဲ့အခြေအနေကို ဘာပြောလဲ"

"အို ...အနာက ခြောက်လာပြီ၊ နောက်ဆို ကျက်သွားရော။ နောက်ထပ် ခြောက်လဆို ပြန်ရပါတော့မယ်။ အနာကို ဘယ်တော့မှမတွေးနဲ့၊ ပျော်ပျော်သာနေ"

"အတွတ်က ပျော်ဖို့သာ ပြောနေ၊ ဘယ်ပျော်နိုင်မလဲ၊ တစ်ခါတစ်ခါ ကိုကိုနိုင့်ကို တွေးမိရင် သိပ်ဝမ်းနည်းတာပဲ။ သူဟာ မွေးရဲ့ဒုက္ခမြို့ကြီးကို သက်သက်ဝင်သယ်ရသလိုပဲ"

မွေးသည် ဝါးခြမ်းလေးတစ်ခုနှင့် မြေပြင်တွင် ဟိုခြစ်...ဒီခြစ် ခြစ်ရင်း ပြော၏။

"ဒီလိုပေါ့ သက်သက်ရယ်လို့တော့ ဘယ်ဟုတ်မလဲ တကယ်ချစ်လာတော့ ဒုက္ခနယ်လို့လဲ မထင်ပါဘူး။ ကဲ ...မွေးကို



www.burmeseclassic.com

www.burmeseclassic.com



အတွက်က ကိုကိုနိုင့်ကို ယူဖို့ပြောတုန်းကဆိုရင် မွေး စိတ်ထဲမှာ သိပ်စိတ်ချမ်းသာမှာ မဟုတ်ဘူး။ လက်ထပ်ပြီးတော့ ကိုယ်ပြော တာထက်တောင် ကိုကိုနိုင်ဟာ သဘောထားကြီးတယ်၊ စိတ်ပြည့် တယ်မဟုတ်လား။ ရှင်းရှင်းပြောရရင် ဖရက်နဲ့မညားခင်က ကွဲသွားကြ ရတာ ဘုရားမ,တာပဲ။ နို့မို့ရင် မြင်ယောင်သေးတယ်၊ မွေးကိုကလေး တွေနဲ့ ဒီကောင်ပစ်ပြေးမှာ။ မွေးရဲ့ဒုက္ခတွေကို ဒီကောင်ဘယ်ခံနိုင်မလဲ''

''ဟုတ်တော့ ဟုတ်ပါတယ်၊ မွေး ဒုက္ခတွေကရော မလွန် လွန်းဘူးလား''

''ဒါတော့ တမင်ဖန်တီးကြတာမှ မဟုတ်ဘဲ။ အကြောင်းက ဖြစ်လာတာကိုး။ ဒါပေမယ့် ချစ်လာပြီဆိုရင် လူတစ်ယောက်ဟာ နိမ့် တဲ့အခါမှာရော၊ မြင့်တဲ့အခါမှာရော လက်တွဲနိုင်ရမှာပေါ့ မွေး''

''ကျေးဇူးတင်ပါတယ်၊ အတွက်ရဲ့ စေတနာကို ကျေးဇူးတင် ပါတယ်။ အမှန်တော့ ကိုကိုနိုင်ကို မေမေ စိတ်ချမ်းသာပါစေတော့လို့ သာ မျက်စိမှိတ်ပြီး လက်ထပ်လိုက်ရတာပါ၊ စိတ်ထဲက နှစ်နှစ်ခြိုက် ခြိုက်မရှိလှဘူး။ ဒါပေမယ့် နောက်ပိုင်းမှာ ကိုကိုနိုင်ဟာ မွေးထင်တာ ထက် မွေးအပေါ်မှာ သည်းခံနိုင်တယ်၊ ယုယတယ် ပြီးကြင်နာတယ်။ ပြီးတော့လဲ စစ်သားဖြစ်ပေမယ့် မွေးကြိုက်တဲ့ စာပေသမားတစ်ယောက် ဖြစ်နေတော့တယ်''

''ဒါပေါ့ မိဘစကား နားထောင်တိုင်းလဲ အခါခပ်သိမ်း စိတ် မချမ်းသာရတယ်လို့ မဟုတ်ပါဘူး။ တစ်ခါတလေ ကိုယ်ကြိုက်တာယူ ပြီး ဒုံးနဲ့မျက်ရည် သုတ်နေရတာတွေ ပြည့်လို့''





''အံမယ် အတွက်က ကြီးကြီးကျယ်ကျယ် ပြောနေလိုက်တာ၊ အတွက်ကတော့ တစ်ယောက်တည်း ဘာလို့နေနေလဲ၊ အတွက် လက် ထပ်ဖို့ မစဉ်းစားသေးဘူးလား''

မွေးသည် ငယ်တုန်းက ဟန်လေးမျိုးဖြင့် ခေါင်းလေးငဲ့ကာ ခပ်ရိုးရိုးမေးလိုက်၏။ အတွက်မှာ မွေးမျက်နှာကို ရဲရဲမကြည့်ရဲတော့ သလို အဝေးရှိ ခြံစည်းရိုးများဆီသို့ မျက်နှာလွှဲလိုက်သည်။

''စဉ်းစားတာကတော့ အမြဲပေါ့''

သူသည် ခပ်တိုးတိုး ဖြေ၏။

''စဉ်းစားရင်လဲ ဒီကပြန်ရင် ရန်ကုန်ကျ လက်ထပ်ဖို့ ကောင်း ပြီ၊ ယောကျ်ားလေးတွေဟာ တစ်ယောက်တည်း အကြာကြီးနေလို့ မကောင်းဘူး''

မွေးက ထပ်၍ပြောလာပြန်သည်။ အလိုက်မသိတတ်သော မိန်းကလေးကို ဘယ်လိုများ အဖြေပေးရပါ့။ အတွက်သည် သက်ပြင်း ချလိုက်ကာ ခေါင်းယမ်းပြန်၏။

''ခက်တယ်မွေးရေ၊ အတွက်က ဆရာဝန်သာ ဖြစ်တယ်၊ စိတ် ကူးယဉ်သမားလဲဆန်သား။ တစ်သက်မှာ တစ်ခါသာ မြတ်မြတ်နိုးနိုး ချစ်ချင်တယ်။ ချစ်မိတဲ့သူကလည်း ကိုယ့်အပေါ်မှာ မချစ်၊ အဲဒီ မိန်းကလေးကိုချစ်တဲ့ အချစ်မျိုးနဲ့လဲ တခြားမိန်းမအပေါ်မှာ ချစ်မရ လေတော့ခက်တယ်။ အတွက်မှာ အိမ်ထောင်ရှယ်လို့ ဖြစ်မယ် မထင်ပါဘူး''

www.burmeseclassic.com



အတွတ်သည် ခပ်ညည်းညည်း စကားစ သတ်လိုက်၏။ မွေး မျက်နှာမှာမူ ပကတိစင်ကြယ်လျက်ပင် ရှိပေသေး၏။

"ဒီလိုဆို ရန်ကုန်ကျရင် ပြောပါ၊ မွေး ဆောင်ရွက်ပေးမယ်။ ဒီမိန်းကလေးကလဲ စိတ်ညွှတ်စေရမယ်၊ အတွတ်မေမေ ဒေါ်ဒေါ်သောင်း စိန်ကိုလဲ မွေးကိုယ်တိုင်ပြောပြမယ်။ အတွတ်တို့ လက်ထပ်ပွဲကို မွေး ကိုယ်တိုင် စီစဉ်ပေးမယ်။ အတွတ်ကိုလဲ မွေး မြလက်စွပ်လေး လက်ဖွဲ့ မယ်။ ဒီမှာ အတွတ် လက်ဖွဲ့တဲ့ စိန်လက်စွပ်လေးလေ"

မွေးက ခပ်သွက်သွက်လေး ပြောရာမှ ဘယ်လက်ခလယ်ရှိ စိန်လက်စွပ်လေးကို ထောင်ပြ၏။

"မြလက်စွပ် ဆိုကတည်းက စိမ်းတဲ့ သဘောပေါ့လေ"

အတွတ်မှာ လွှတ်ခနဲ ပြောလိုက်ပြီးမှ ကြောင်သွား၏။

"ဒီလို ဒီလို၊ မင်းနဲ့ကိုယ် ငယ်ငယ်တုန်းက ခဏခဏ ရန်ဖြစ်တဲ့ အထိမ်းအမှတ်လား"

သူသည် ကမန်းကတန်း သူ့စကားကို ပြန်အုပ်လိုက်၏။

မွေးသည် ဟက်ဟက်ပက်ပက် ပွင့်ပွင့်လင်းလင်း ရယ်လိုက်၏။

"မဟုတ်ပါဘူး အတွတ်ရာ၊ မြရဲ့သဘောက အေးချမ်းတဲ့ သဘောမို့လို့ပါ။ အတွတ်ကို ချမ်းမြေ့အေးချမ်းပါစေလို့ပါ"

အတွတ်သည် ခပ်မဲ့မဲ့ပင် ပြုံး၍ပြလိုက်သည်။

* * *





မွေးသည် တစ်နှစ်နှင့် ခြောက်လတိုင်တိုင် အာရှေဂျုံတွင် နေခဲ့ရ၏။ မြန်မာပြည်သို့ ပြန်ရမည့်နေ့တွင်မူ မွေး၏ပျော်ရွှင်ပုံမှာ မြက်ခင်းပေါ်ရှိ သမင်ငယ်လို မြူးကြွရွှင်ပျလျက်ရှိ၏။ သူ့အသုံးအဆောင် အစားအသောက်များကို အားလုံး ဝေငှခဲ့သည်။ လူနာအိမ်များမှ အစေခံများမှာ အားလုံး ဝိုင်းလာကြသည်။ မွေးသည် ငွေနှစ်ကျပ် သုံးကျပ်စီ ပေးခဲ့၏။ မနက်လင်းအားကြီး အတွတ်လာခေါ်ချိန်တွင် ဘီဘီသည် သူ့မျက်နှာ ညှိုးငယ်စွာနှင့် လာ၍နှုတ်ဆက်ရင်း ကားပေါ်သို့ ပစ္စည်းများ သယ်တင်ပေးသည်။ ကားထွက်လျှင် မွေး၏အိမ်မည်းမည်းလေးတွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင်ကာ သူနေရစ်တော့သည်။

မွေးကတော့ လွတ်ပြီကျွတ်ပြီ သဘောမျိုးဖြင့် အာရှေဂျုံကို နောက်တွင်မေ့ကာ ထားခဲ့တော့သည်။ သူတို့နှစ်ယောက် မဒနာပလိမှ ကပဒီအထိ ကားစီးကြသည်။ ကပဒီတွင် မီးရထားပြောင်းစီးကာ မဒရပ်သို့ ထွက်လာကြ၏။ မီးရထားပေါ်တွင် မွေးသည် အထူးပျော်ရွှင်နေပုံရလေသည်။

"ကိုကိုနိုင့်ဆီကို သံကြိုးရိုက်ပါဦး အတွတ်၊ သူ ရန်ကုန်မှာ ရှိပါ့မလား။ နောက်ဆုံးစာမှာတော့ ခွင့်ယူပြီး ရန်ကုန်မှာ လာစောင့်နေမယ်တဲ့။ ဆက်ဆက်ရိုက်နော်၊ လေယာဉ်ပျံပေါ်က ဆင်းဆင်းချင်း ကိုကိုနိုင်ကို တွေ့ရမှ၊ မတွေ့ရရင် အတွတ်တော့ အသိပဲ"

မွေးက ကလေးငယ်လို သွက်လက်ရွှင်ပျစွာ ပြောလေ အတွတ်က မောလေပင်ဖြစ်၏။ သူသည် မျက်နှာပျက်၍ပျက်၍ သွား



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ချက်ချင်းပင် ပြင်ရသည်မှာ အလုပ်တစ်ခုဖြစ်တော့သည်။

မဒရပ်ရောက်လျှင် လေယာဉ်ပျံလက်မှတ်အတွက် နှစ်ရက်လောက်နားကြရသည်။ ဗစ်တိုးရီးယားဟိုတယ်တွင် တည်းခိုနေစဉ်အတွင်းတွင် မွှေးဈေးသွားရာသို့ အတွတ်က လိုက်ရသည်။ ဘယ်နေရာရောက်ရောက် ဘာကိုဝယ်ဝယ် "ကိုကိုနိုင်ဖို့လေ၊ ကိုကိုနိုင်ကြိုက်တဲ့အရောင်လေ။ ဟာ...ဒါ ကိုကိုနိုင့်ဘောင်ဘီချုပ်ပေးဖို့။ ပလေကပ်လုံချည်လည်း ဖေဖေနဲ့ကိုကိုနိုင့်ဖို့ ဝယ်သွားရမယ်"

အတွတ်သည် ခေါင်းတညိတ်ညိတ်နှင့် နောက်မှ ပစ္စည်းများပိုက်ကာသယ်ကာနှင့် လိုက်၍လာတတ်သည်။ မွှေးပါးစပ်များမှ ကိုကိုနိုင်ဆိုသော စကားလုံးများကို သီးနေလေလေ သူ့ရင်ထဲတွင် ကျပ်တင်းတင်းကြီး ဖြစ်လာတော့သည်။

"ဒါက အတွတ်မေမေနဲ့ ကိုကိုနိုင့်မေမေဖို့။ အထွေးတို့နှစ် ယောက်ဖို့ အရောင်နုနုရွေးရမယ်"

ဆာရီလုံချည်များကိုလည်း သူကြိုက်ရာ ရွေးနေ၏။ အတွတ်ရင်ထဲတွင်မူ မြန်မာပြည် ပြန်ရောက်မည့် အချိန်အတွက် ရင်လေးနေသည်ကို မွှေးက မသိပေ။

မဒရပ်မှ မထွက်ခွာခင် ညနေခင်းတွင်မူ သူတို့သည် မဒရပ်ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်ကြသည်။

လှိုင်းပြာများသည် ကမ်းမှဝေးလေလေ အပြာရင့်ရောင်ကား





မှိုင်း၍သွား၏။ မွှေးသည် အတွတ်အပါးတွင်ရပ်ကာ ပင်လယ်ပြင်ကိုကြည့်နေသည်။ သူ့မျက်လုံးလေးများသည် သောကကင်းကာ ရွှင်ကြည်တောက်ပနေပုံရသည်။ ချစ်သူနှင့် တွေ့ရတော့မည့်အဖော ကြွနေပုံရသည်။

မွှေး ထိုနေ့ညက ဝတ်ထားသော လုံချည်မှာ ပင်လယ်ပြာနှင့် ဟပ်နေသည်။ မီးခိုးရောင်ပေါ်တွင် နှင်းဆီပွင့်ကျဲကျဲများ ဆင်ထားသော လုံချည်ဖြစ်၍ ပင်လယ်ပေါ်တွင် မိုးနေသော ကောင်းကင်ရှိ တိမ် များလို ညို့မှိုင်းမှိုင်းနောက်ခံတွင် ပုစွန်ဆီရောင်အသွေးများကယှက် သမ်းနေပေသည်။

ခြုံထားသော ပဝါပါးမှာ လေထဲတွင်လွင့်နေ၏။

"ဒီက ပြန်ရင်လေ ကိုကိုနိုင်က ခွင့်ရက်ရှည် ယူထားမယ်တဲ့။ ပြီးတော့ ပင်လယ်ကမ်းခြေတစ်ခုခုကို သွားလည်မယ်လို့ ပြောတယ်။ အတွတ်လည်း လိုက်ခဲ့နော်"

သူသည် အတွတ်ကို လှမ်း၍ပြောကာ သဲပြင်ပေါ် ထိုင်ချလိုက်ပြန်သည်။

"သူများ ချစ်သူနှစ်ယောက်ကြားမှာ ရှုပ်ပါတယ်။ မလိုက်ချင်ဘူး"

သူက မွှေးကို မကြည့်ဘဲ ပြောလိုက်၏။ မွှေးက ပြုံးကာ သူ့ ခြေသလုံးကို ပုတ်လိုက်သည်။

"ဒီတစ်ခါတော့ မွှေး ကိုကိုနိုင်နဲ့ မခွဲတော့ဘူး။ ကိုကိုနိုင်ဘယ်သွားနေနေ လိုက်မှာပဲ။ တောင်ကြားထဲမှာနေနေ တောထဲမှာနေနေလိုက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အတွတ်သည် သက်ပြင်းကို ချမိပြန်၏။ မတ်တတ်ရပ်ရင်းသာ မွှေးပြောသော စကားများကို မကြားသလို ပင်လယ်ပြင်ကို ငေးမော ကြည့်နေ၏။ နေရောင်ခြည် ပင်လယ်တွင် ပျောက်သွား၍ ပြန်ရန်အတွက် မွှေးကို ငုံ့ကြည့်လိုက်သည်။ မွှေးသည် သဲပြင်ပေါ်တွင် တုတ်ချောင်းလေး နှင့် ခြစ်ကာ စာရေးနေသည်။ သဲပြင်ပေါ်မှ စာလုံးများကို သူက ဖတ် ကြည့်လိုက်သောအခါတွင် 'ကိုကိုနိုင်' ဟူ၍ တွေ့ရတော့သည်။

* * *

ရန်ကုန်ကို ပြန်ရောက်သောနေ့မှာ မိုးဦးကျစ ဖြစ်သော်လည်း ရာသီဥတု ကြည်လင်လျက်ရှိသည်။ မွှေးသည် သူဝယ်လာသမျှကို အကောက်ဌာနတွင် တင်ပြရင်း၊ ခြေကမှ အပြင်သို့ တစ်ဘက်လှမ်း နေပေသည်။ သူ့မျက်နှာကလည်း အပြင်ခန်းဘက်ဆီသို့ တကြည့် ကြည့်ဖြစ်နေ၏။ အားလုံးကိစ္စများပြီးလျှင် အတွတ်သည် မွှေးထံမှ လက်ဆွဲအိတ်ကို လှမ်းယူကာ အပြင်ထွက်ရန် ပြင်လိုက်၏။ မွှေးသည် ရှေ့မှခြေလှမ်းကျဲကြီးနှင့် သွားကာဆွဲတံခါးကို တွန်းလိုက်၏။ ဧည့်သည် များ စောင့်ရန် အခန်းမှလေးနှင့်အထွေးက ပြေးလာကာ မွှေးကိုဖက် လိုက်သည်။ မွှေးသည် မျက်ရည်လေး လည်လာအောင်ပင် မွေ့ဖက် နှုတ်ဆက်၍ ဝမ်းသာသွားတော့သည်။ သို့သော် သူ့မျက်လုံးများသည် ဧည့်ခန်းဆောင်အတွင်း ကိုကိုနိုင်ကို လှည့်ပတ်ရှာ၏။ ကိုကိုနိုင်၏ အရိပ်အယောင်ကိုမျှ မမြင်ရပေ။

မွှေးသည် ညီမများနှင့်အတူ ကားပေါ်တက်ရသော်လည်း စိတ်ထဲမှ ကိုကိုနိုင် လာမကြိုသည်ကို မကျေနပ်နိုင်ပေ။ အတွတ်ကတော့ မျက်နှာမသာမယာနှင့်ပင် သူ့ကိုလာနှုတ်ဆက်၏။





"ကဲ...မွှေး၊ အထွေးတို့နဲ့ သွားတော့နော်၊ အတွတ် ည မှလာခဲ့မယ်"

မွှေးသည် ခေါင်းသာ ညိတ်ပြလိုက်၏။

"ကိုကိုတွတ်ကြီး လေးတို့ဆီ ဘာပါလဲ၊ ဒါပဲနော် ညနေကျ ယူခဲ့ရမယ်နော်" ညီအစ်မနှစ်ယောက်က ပြုံးကာရွှင်ကာ ပြောသည်ကို အတွတ်သည် လက်ပြရင်း သူ့ကားရှိရာသို့ ထွက်သွားတော့သည်။

ညီမငယ်နှစ်ယောက်က ပြန်လည်၍ တွေ့ဆုံကြရိုးနှင့်တွင် ဝမ်း သာအယ်လဲစကားပြောလာသလောက် မွှေးကမူ သွက်သွက်လက်လက် သိပ်မရှိလှပေ။ ခွင့်ယူကာ ရန်ကုန်တွင် လာစောင့်နေမည်ဆိုပါလျက် ယခု ဘာကြောင့်မလာပါသနည်း။ ကိုကိုနိုင် မလာနိုင်လျှင်လည်း ယောက္ခမကြီးဖြစ်ဖြစ် လာကြိုသင့်သည်။ မွှေးသည် တစ်လမ်းလုံး အထွေး နှင့်ပျော်ရွှင်လာသလောက် ယခုရောက်ချိန်တွင် စိတ်ထင့်လာတော့သည်။ သူ့ကိုက်လိုက်သော သံကြိုးများ မရှိလေသလား။ အထွေးတို့ထံနှင့် ယောက္ခမကြီးတို့ထံသို့ တစ်ပြိုင်နက် သံကြိုးရိုက်လိုက်ခြင်းဖြစ်၍ အထွေး တို့ကရပြီး ကိုကိုနိုင်မရဘူးဆိုသည်မှာ မဖြစ်နိုင်ပေ။ ကိုကိုနိုင်များ ရန်ကုန်လာခွင့် မရ၍လား။

"ကိုကိုနိုင် ရန်ကုန်မှာရော ရှိလား"

မွှေးက ဖြုန်းခနဲ မေးလိုက်၏။ အထွေးနှင့်လေးက မျက်နှာ ထားအနည်းငယ် ပျက်သွားကြ၏။ အထွေးက သွက်လက်သူပီပီ ဣန္ဒြေ ဆည်လိုက်ကာ "ရှိပါတယ်၊ မနေ့က လေယာဉ်ပျံကွင်းမှာ ဆိုကြို



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအစီအစဉ် လုပ်ထားပါတယ်။ ကိုကိုနိုင့်မှာ စစ်ရုံးက အရေးတကြီးကိစ္စများ ပေါ်လို့လားမှမသိ'' ဟု ပြောလိုက်၏။

''သူ ခွင့်မယူသေးဘူးလား''

''နက်ဖြန် သန်ဘက်လောက်မှ စ,ယူမယ် ထင်တယ်''

ကားမှာ ကမာရွတ်အပိုင်းကို ကျော်ကာ ပြည်လမ်းအတိုင်း မြို့ထဲမောင်းလာ၏။ မွေးသည် သူ့ကို ဘယ်ခေါ်လာသည်ကို မေးမရပေ။ သူတို့အိမ်မှာ ကမာရွတ်ထဲမှာ ဖြစ်သည်မဟုတ်ပါလား။

''ခု ဘယ်သွားမလို့လဲ လေး''

''ကိုကိုနိုင့် အိမ်ကိုလေ။ ဒီလို မမမွေး စိတ်မချမ်းသာမှာစိုးလို့ စာမရေးတာ၊ လွန်ခဲ့တဲ့နှစ် အောက်တိုဘာလတုန်းက ကိုကိုနိုင်မမွေးဆီ လိုက်မလို့ဘဲ။ ဒီရောက်တော့ သူ့မေမေ မမာတာနဲ့ မလိုက်ရဘူး။ အဘွားကြီးဟာ သွေးတိုးရောဂါနဲ့ ဆုံးသွားတယ်''

''ဟယ် …မေမေ ဆုံးသွားပြီ''

မွေးသည် အတော်လေးပင် တုန်တုန်လှုပ်လှုပ် ဖြစ်သွား၏။ သူ့အပေါ်တွင် မိခင်လိုကောင်းသော ယောက္ခမဖြစ်၍ စိတ်ထဲတွင် အတော်ပင် ထိခိုက်သွားမိ၏။

''ဟုတ်တယ်၊ ဒါကြောင့် ကိုကိုနိုင်လဲ အိန္ဒိယကို မလာဖြစ်ဘူး၊ အဘွားကြီးကို ဆေးရုံမှာ သူကြည့်ရသေးတာကိုး။ အဘွားကြီးက မသေခင် သူပြင်ဆောက်ခဲ့တဲ့ အိမ်ကိုရော၊ အတွင်းပစ္စည်းရော မမမွေးနဲ့ကိုကိုနိုင်ကို လွှဲပေးခဲ့တယ်။ အဲဒီအိမ်ကို မမမွေး တစ်ခါတည်း





တက်နေဖို့ ကိုကိုနိုင်က စီစဉ်ထားတာ။ မနေ့ကဆိုတာ သူ့မှာဖတ်ဖတ်မောနေတာပဲ။ အိမ်ကို ကိုဘဆောင်တို့လင်မယားနဲ့ လှအောင်မြင်ရတာ''

လေးက စကားစ သတ်လိုက်လျှင် မွေးရင်ထဲမှာ နည်းနည်းပေါ့သွား၏။ ကောင်မလေးတွေ လုပ်ကြံ၍ပြောသည်တော့ မဟုတ်တန်ရာ၊ ကိုကိုနိုင်သည် အသက်နှင့်ကိုယ် မြဲ၍တော့ နေတန်ကောင်းပါရဲ့။ စစ်ပိုလ်ဆိုသည်မှာ အသက်အန္တရာယ် နီးကပ်လွန်းလှ၍ တစ်ယောက်နှင့်တစ်ယောက် ခွဲခွာပြီး ပြန်တွေ့ရချိန်ကို မှန်းဆကောင်းသည် မဟုတ်ပေ။

ကားသည် အလုံလမ်းသို့ ချိုးကာ ရှမ်းလမ်းဘက်သို့ မောင်းလာ၏။ ရှမ်းလမ်းထဲတွင် အရှေ့ဘက်သို့ မျက်နှာပြုသော တိုက်ခံနှစ်ထပ်အိမ်တစ်ခုဝင်းထဲသို့ ချိုးဝင်လိုက်သည်။ ကိုဘဆောင်တို့ လင်မယားမှာ မွေးကို အားရဝမ်းသာ ကြိုဆိုကြရင်း ပစ္စည်းများကို မာလီနှင့်ဝိုင်းကာ သယ်ကြသည်။ မွေးသည် အိမ်ကြီးထဲသို့ စိတ်တထင့်ထင့်နှင့်ဝင်လာခဲ့ရ၏။ အိမ်မှာ ပုံစံရိုးသော်လည်း အထဲကခမ်းနားလှသည်။ ဝင်ဝင်ချင်း အခန်းမှာ လေ့ကားဦးတိုက်ဖြစ်၍ ဘယ်ဘက်တွင် ဧည့်ခန်းညာဘက်တွင် ထမင်းစားခန်းရှိလေသည်။ အပေါ်ထပ်တွင် အိပ်ခန်းများရှိဟန်တူသည်။ အောက်ခြေကြမ်းပြင်များသည် ပြောင်လက် ချောမွေ့နေသည်။

''ဗိုလ်မှူးနဲ့ လမ်းမှာလွဲလာကြတယ် ထင်တယ်။ ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



မှာထိုင်ဦးလေ။ မွေး ပစ္စည်းတွေ ကျွန်တော်တို့ အပေါ်သယ်သွားပါ့မယ်''

ကိုဘဆောင်က တကယ့်အိမ်တော်ပါ အဖော်ကြီးသဖွယ် ပြုစုမေ၏။ ကိုဘဆောင် မိန်းမသည် မွေးတို့သောက်ရန် လိမ္မော်ရည် ယူလာပြန်သည်။

"မိုလ်မှူးရယ် မနေ့ကတစ်နေ့လုံး မွေး အိပ်ခန်းကိုပြင်ရတာအမော။ နေရောင်ခြည် ကောင်းကောင်းရပြီး လေရရမယ်ဆိုလို့ အရှေ့တောင်ဘက် အခန်းကိုပြောင်းရတယ်။ ကျွန်မတို့ မနေ့က တစ်နေ့လုံးပဲ မအားဘူး''

"ဟုတ်ကဲ့ ...ဟုတ်ကဲ့ အတော်မောကြမှာပဲ၊ ကျေးဇူးတင်ပါတယ်''

မွေးသည် ဟန်ဆောင်ကာ ပြုံး၍စကားပြောရပေမယ့် လင့်မျက်နှာကို မြင်ရမှ ရင်ထဲကအလုံးကျနိုင်မည် ဖြစ်ပေသည်။ လိမ္မော်ရည် ဖန်ခွက်ကို ကိုင်သောက်နေရသော်လည်း ဝမ်းထဲသို့ မျိုမကျနိုင်သေးပေ။ ညှိခန်းစားပွဲပေါ်တွင် ကြည်မြသော ဖန်ပြာအိုးထဲ၌ သစ္စာပန်းအဖြူရောင်ကို စိုက်ထိုးထား၏။ အဝင်ဝနှင့် မျက်နှာချင်းဆိုင်နံရံပေါ်တွင် ကြာတောတစ်ခု၏ ပန်းချီကားကို ချိတ်ဆွဲ၍ထားပေသည်။ ခန်းဆီးများလည်း အပြာနုများဖြစ်၍ အေးချမ်းသော အရောင်ဖြစ်ကာ ညှိခန်းနံရံ မီးခိုးရောင်အနုနှင့် ပနံစားပေသည်။

"ကဲ ... မမမွေး အပေါ်တက်ပြီးနားဦး။ အထွေးတို့ ညနေမှလာခေါ်မယ်၊ အိမ်မှာ ဖေဖေတစ်ယောက်တည်းရယ်''





မွေးသည် ရင်ထဲမှာ အလိုလိုပူပိုက်နေ၏။ ဘာဖြစ်၍များ သူတို့သည် ကိုကိုနိုင် လာသည်အထိ မစောင့်လိုကြပါလိမ့်။

"အေးလေ အပေါ်မှာ လှဲနေဦးမယ်၊ ကိုကိုနိုင်လာမှ ဖေဖေ့ဆီလာခဲ့မယ်။ ခု အထွေးနဲ့လေးဖို့ လုံချည်ရယ်၊ ဖေဖေဖို့ လုံချည်ရယ်တက်ယူကြ''

မွေးက မတ်တတ် ရပ်လိုက်လျှင် ကိုဘဆောင်ဇနီးက လှေကားဝတွင် အဆင်သင့်စောင့်နေ၏။

"ကဲ... အပေါ် အိပ်ခန်းကို ကျွန်မလိုက်ပြမယ်။ ပြီးတော့ ကိုကိုနိုင် ပြောထားလို့ နွားနို့၊ ကြက်ဥနဲ့ ပန်းသီးတွေ အဆင်သင့်ရှိပါတယ်။ မွေး လိုချင်တဲ့ အချိန်ပြောပါ''

မွေးသည် သူ့အတွက် လိုလေသေးမရှိ စီစဉ်ထားသော ချစ်လင်ကို ကျေးဇူးတင်မဆုံးသလောက် ရောက်ရောက်ချင်း မတွေ့သည်ကိုပဲ စိတ်ထဲက ထင့်နေ၏။

အပေါ်ထပ်အိပ်ခန်းမှာ နံနက် နေရောင်ခြည်ဝင်နိုင်သော အခန်းဖြစ်၍ ပြတင်းပေါက်များပေသည်။ အိပ်ရာဖုံးသည် မွေးကြိုက်သော အဖြူခံဖြစ်၍ အပေါ်တွင် ပန်းနုရောင် ပဒုမ္မာကြာပန်းပွင့်များ ခပ်ကျဲကျဲ ရိုက်ထား၏။ ကြမ်းပြင်သည် ချောမွေ့ကာ ခုတင်ဘေးတွင် နီညိုရောင် ကော်ဇောတစ်ခု ခင်းထားပေသည်။

မွေးသည် ဆိုဖာတစ်ခုပေါ်၌ ထိုင်ပြီး လက်ကိုင်အိတ်ထဲမှ သော့ကိုယူကာ လေး၏လက်ထဲသို့ ထည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သေတ္တာဖွင့်ပေတော့။ လေးတို့အတွက် ဆာရီ နှစ်ထည်၊ ဖေဖေ့ဖို့ ပလေကပ်လုံချည် တစ်ထည်ပါတယ်။ ပြီးတော့ အပိုဝယ်လာတဲ့အထဲက လုံချည်နဲ့ ချည်ထဘီတစ်ထည်လဲ ထုတ်ပြီး ကိုဘဆောင်တို့ လင်မယားကို ပေးလိုက်ပါ"

မွေးက ဆိုဖာပေါ်တွင် ခဏမှီနေရင်း လေးတို့ကို ကြည့်နေ၏။

"မွေး . . . ကျွန်မတို့ကို ခေါ်ချင်ရင် ခုတင်ခေါင်းရင်းမှာ ဘဲလ်တပ်ထားတယ် နှိပ်ပါနော်။ ကိုကိုနိုင်က မွေး လေ့ကားအဆင်း အတက် သိပ်မလုပ်စေချင်လို့တဲ့"

"ကောင်းပါပြီ . . . ကောင်းပါပြီ"

မွေးသည် ကျေနပ်စွာ ပြုံးလိုက်၏။ ကိုဘဆောင်မိန်းမသည် ခေါင်းညွှတ်ကာ အခန်းအပြင်သို့ ထွက်သွားတော့သည်။ အဒေ့ါနှင့် လေးကလည်း ပစ္စည်းများယူကာ မွေး၏ပါးကို တစ်ချက်စီ နမ်း၍ထွက် ခွာသွားကြ၏။ မွေးသည် တစ်ယောက်တည်း ဆိုဖာပေါ်တွင် မှီကာ နေရစ်သည်။ လုံချည်အင်္ကျီကိုပင် လဲလိုစိတ်မရှိသေးပေ။

"ကလင် . . . ကလင် . . . ကလင်" ရုတ်တရက် မြည်လိုက် သော တယ်လီဖုန်းသံကြောင့် မွေးက လန့်သွား၏။ ပြီးမှ နံရံနားမှာ တယ်လီဖုန်းစားပွဲရှိရာသို့ ထသွားမိသည်။ ကိုကိုနိုင့်ဆီက သူရောက်, မရောက်မေးသော တယ်လီဖုန်း ဖြစ်ရပေမည်။ သူသည် မြူး၍ရွှင်သွား တော့သည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်လျှင် တစ်ဘက်မှ မိန်းမ အသံကြောင့် သူအံ့အားသင့်သွား၏။ တယ်လီဖုန်း





လက်ကိုင်ကိုကိုင်ရင်း စကားမပြောနိုင်ဘဲ ငိုင်ကာ 'အင်း'တွင်တွင် လိုက်မိ၏။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ပြောလိုက်ပါ့မယ် စိတ်ချပါ"

နောက်ဆုံး ထိုတစ်လုံးသာပြောပြီး သူသည် တယ်လီဖုန်းကို လွှတ်ချလိုက်၏။ ဆိုဖာရှိရာသို့ မနည်းအားယူသွားရသည်။ ဆိုဖာပေါ် ထိုင်ရင်း ဘာတွေဖြစ်နေကြသည်ကို သူတွေး၏။ ဘာကိုမှ နားမလည် ပေ။ စိတ်ထဲတွင် ပဟေဠိများ အများကြီး ဖြေနေရသလို ကျဉ်းကြပ် လာတော့သည်။

ဒေါက် . . . ဒေါက်နှင့် ဖိနပ်ခွာသံ ကြား၏။ သူ့ခြေသံပေပဲ။ ကိုကိုနိုင်လာပြီ။ မွေးသည် အခန်းဝသို့ လှမ်း၍ကြည့်လိုက်၏။ ကိုကိုနိုင် ၏ရင်ချီနေသော ကိုယ်လုံးသည် အခန်းဝတွင် ဘွားခနဲပေါ်လာသည်။

ကိုကိုနိုင်ကို မြင်လျှင်မြင်ချင်း မွေးသည် ကြိုးစား၍ ရပ်လိုက် ၏။ သို့သော် ခြေများက ကပ်နေသလို ထ၍မရပေ။ သူသည် အားယူ ကာ အနိုင်နိုင်ပြုံးနေသော်လည်း သူ့အပြုံးသည် မဲ့၍ပင်နေလေသလား၊ တကယ်မှ ပြုံးလေသလားမသိပေ။ နှုတ်ခမ်းကလေး နှစ်ခုမှာ ဆတ် ဆတ်တုန်နေ၏။ စီးသွန်ကျလာမည့် မျက်ရည်ကို မနည်းထိန်းနေရ ပေသည်။ ထိုင်ရာမှပင် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ကိုကိုနိုင် သည် သူ့လက်များနှင့် ကိုယ်ကို သိမ်းယူပွေ့လိုက်ကာ ဆိုဖာပေါ်ထိုင် လိုက်၏။ မွေး၏ပါးလေးကို အထပ်ထပ် နမ်းရှုပ်လိုက်၏။

"မွေး ပြန်လာပြီနော်၊ ကိုကိုနိုင် လာအကြိုလွဲသွားတာကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနိုင်သည် ဒီဂရီအမြင့်ဆုံးရောက်နေသလို တက်တက်ကြွကြွရှိသလောက် သူ့ရင်ခွင်ထဲက မွေးမှာ ငြိမ်သက်နေသည်။

"မွေး နေလို့ကောင်းရဲ့လား"

သူသည် ငုံ့ကာ မေးပြန်သည်။

"နေကောင်းပါတယ် ကိုကိုနိုင်။ မွေး ပြောစရာတစ်ခု ရှိနေလို့။ ခုန တယ်လီဖုန်း ဒပ်ဖရင်က လာတယ်။ ကိုကိုနိုင့်ဖနီး သားလေး မွေးတယ်တဲ့"

"ဟာ ... သားလေး"

ကိုကိုနိုင့်မျက်နှာသည် ရုတ်တရက် ဝင်းထိန်သွားပြီးမှ ချက်ချင်း မျက်နှာပျက်သွားတော့သည်။ သူသည် မွေးကို စေ့စေ့ကြည့်ရင်း ငိုတော့မလို ဖြစ်လာသည်။ မွေးသည် သူ့ရင်ခွင်မှ ထကာ ဆိုဖာစွန်းတွင် ပြောင်းထိုင်လိုက်၏။

"မွေး ... ကိုကိုနိုင်လေ"

သူသည် ဘာမျှမပြောနိုင်သလို မောလာ၏။ ပြင်းထန်စွာ အသက်ရှူချရင်း မွေး၏ ပခုံးလေးနှစ်ဖက်ကိုင်ဆုပ်ကာ ဖျစ်ပြန်သည်။

"မွေး ရောက်ရောက်ချင်း နေ့မှာမှ ဒီလိုဖြစ်ရတာ သိပ်စိတ်ထိခိုက်စရာပါပဲ. မွေး။ ကိုကိုနိုင် သိတယ်။ မွေး ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ သိတယ်။ ကိုကိုနိုင် သေချင်တယ်။ ကိုကိုနိုင့်အဖြစ်ဟာလေ ဘယ်လိုဖြစ်တယ်လို့ ကိုကိုနိုင် ဘယ်လိုပြောရမလဲ မွေးရယ်"

သူသည် မွေး၏ပခုံးနှစ်ဖက်ကို မ,ယူညှစ်ကာ မျက်နှာချင်း





ထိလုမတတ် ဆိုင်ကာ မေးပြန်သည်။ မွေးကတော့ အသက်မရှိသလို ငြိမ်သက်စွာ ပျော့ခွေနေသည်။

"ဝမ်းနည်းစရာကောင်းလိုက်တာ အချစ်ရယ်"

ကိုကိုနိုင်သည် အားမရသလိုပင် တတွတ်တွတ် ပြောနေ၏။ မွေးကို လွှတ်လိုက်ကာ လက်နှစ်ဖက် ပေါင်ပေါ်တွင် ထောက်ရင်း ခေါင်းကိုညွတ်ထားလိုက်၏။ သူ့အသံများ တုန်ကာထွက်လာပြန်သည်။

"ဒီမိန်းမနဲ့ ဖြစ်တဲ့အဖြစ်ကို ကိုကိုနိုင် လျှို့ဝှက်မထားချင်ပါဘူး။ မွေးဆီကို အသိပေးချင်လို့ အတွတ်ဆီကို စာလှမ်းရေးပါသေးတယ်။ မွေးရဲ့ အခြေအနေဟာ ဒီအကြောင်းတွေကို သိရင် စိတ်ထိခိုက်ပြီး ရောဂါတိုးမလား။ စိတ်ကို တင်းနိုင်ပြီလား။ ခံနိုင်ရည်ရှိပြီဆိုရင်လဲ ဖွင့်ပြီး ရေးတော့မယ်လို့ အကြောင်းကြားလိုက်သေးတယ်"

ကိုကိုနိုင့် လည်ချောင်းထဲတွင် တံတွေးများ တစ်နေသလို ဖြစ်လာပြန်သည်။

"အတွတ်က ဖြစ်သမျှ အကြောင်းတွေ မြန်မာပြည်ကျမှ ရှင်းတဲ့။ ခု မွေးကို ဘာမှ အသိမပေးနဲ့ဆိုလို့ ကိုကိုနိုင် မရေးတာ။ ကိုကိုနိုင် လျှို့ဝှက်ထားတာ မဟုတ်ပါဘူး မွေး"

မွေးသည် ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ ကိုကိုနိုင့်ကို ကြည့်နေဖို့အတွက် မျက်လုံးကို မနည်းအားယူပြီး ဖွင့်နေရသည်။ သူ့ခန္ဓာကိုယ်တွင်မှ သွေးမှရှိသေးရဲ့လားဟု အောက်မေ့ရလောက်အောင် ပျော့ခွေနေတော့သည်။

"ကိုကိုနိုင် ကိုယ့်ကိုယ်ကိုယ်မကာကွယ်ချင်ပါဘူး။ ဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းတာကို မိသွားတာဟာ ကိုကိုနိုင့်အပြစ်လဲ ပါပါတယ်။ ကိုကိုနိုင်ဟာ တစ်ခါပဲ မှားပြီး အဝေးမှာနေခဲ့တယ်။ သူ့ကို မိန်းမလို့ အသိအမှတ် မပြုခဲ့ပါဘူး။ ဒါပေမယ့် ကလေးရှိလာတယ်ဆိုတော့ တာဝန်အတိုင်း မွေးပေးလိုက်ပါတယ်။ ဒါမှလဲ ကိုယ်တရားမယ်လို့ ယူဆတယ်၊ မွေး ဒီအထိ လက်ခံတယ်မို့လား။ နောက်ဆုံး မွေးသိစေချင်တာက သူနဲ့ ဘယ်လိုပဲ ဖြစ်ခဲ့ဖြစ်ခဲ့ မွေးအပေါ် ကိုကိုနိုင့်အချစ်တွေ မလျော့ခဲ့ပါဘူး မွေး။ မွေးဟာ ကိုကိုနိုင်ရဲ့ တစ်ဦးတည်းချစ်သူပါ။ စိတ်ရောကိုယ်ရော မြတ်နိုးတဲ့သူပါ။ ကိုကိုနိုင့်ရဲ့ အချစ်ဆုံးမယားပါ မွေးရယ်''

ကိုကိုနိုင်သည် မွေးကိုယ်ကို ကိုင်လှုပ်ပြန်ကာ အကျယ်ကြီး အော်လိုက်၏။

''အချစ်ရယ် ဒီလိုကြီး ငြိမ်မနေပါနဲ့ဟင်၊ စကားတစ်လုံး လောက် ပြန်ပြောစမ်းပါကွယ်''

မွေးသည် စကားပြောနိုင်ဖို့ထက် အသက်ကို မနည်းရှူဖို့ ကြိုးစားနေရသည်။ ကိုကိုနိုင်သည် ထိုင်ရာမှ ထ,လိုက်ပြန်ကာ မွေးရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

မိုးဦးလေမှာ အခန်းထဲတွင် ဝှေ့ယမ်းတိုက်နေသည်က လွဲ၍ အားလုံး ငြိမ်သက်သလို ဖြစ်နေသည်။ မွေးသည် မျက်လုံးကို မှိတ်ထား၏။ ကိုကိုနိုင့်ကို ဘာစကားမျှ ပြော၍မရ၊ သူ့ဘဝအကြောင်းအထဲကို သူသည်ကြိုးစား၍ ခံရန်စိတ်ကို တင်းနေရပြန်သည်။ ကိုကိုနိုင့်အဖြစ်ကလည်း ဆောက်တည်ရာမရသလို လူးလာခတ်နေပေသည်။ အခန်း





ထဲရှိ တိုင်ကပ်နာရီမှ ၃ နာရီခွဲပြီဖြစ်၍ ဒင်ခနဲ အသံထွက်လာသည်။ ကိုကိုနိုင်သည် မွေး၏အပါးတွင် ကပ်၍ထိုင်ပြန်သည်။

''စိတ်မောနေပြီလား မွေးရယ်၊ ကိုကိုနိုင် မွေးပေါ် စေတနာ ဘယ်လိုထားခဲ့တယ်ဆိုပေမယ့် ကာယကံမြောက် အလုပ်က မွေးကို နှိပ်စက်ပြီထင်ပါရဲ့''

သူသည် မွေး၏ဆံစလေးများကို သပ်လိုက်ပြန်သည်။

''ဟဲ. . . ကိုကိုနိုင့်အပေါ်မှာ မွေးဘာယ်လိုတွေးလဲ၊ ဘယ်လို ယူဆလဲ၊ စကားလေးတစ်လုံးလောက် ပြန်ပြောပါဦး အချစ်ရယ်''

ကိုကိုနိုင့်ရုပ်သည် အနှစ်နှစ်ဆယ်ခန့်ပို၍ အိုမင်းရင့်ရော်လာ ဟန်ပေါက်တော့သည်။ ယူကျုံးမရခြင်း၊ နှမြောတသခြင်း ဝေဒနာမှာ လပေါင်းများစွာ ခံစားလာခဲ့ဟန်ရှိ၏။ မွေးသည် ကိုကိုနိုင့်လက်များကို ဖြည်းညင်းစွာ ဖယ်လိုက်ရင်း စကားပြောရန် အားယူလိုက်သည်။ နှုတ်ခမ်းများသည် သွေးမရှိတော့သလို ဖြူရော်နေရုံမက လှုပ်ရှားရန်လည်း အားမရှိတော့သလို အသံသည် ဖြည်းညင်းစွာ ထွက်လာ၏။

''မွေး . . . ခုစကားမပြောပါရစေနဲ့ဦး၊ မွေးကို ခွင့်လွှတ်ပါ ကိုကိုနိုင်။ မွေး သုံးလေးရက် စဉ်းစားပြီးမှ စကားပြန်ပါရစေ၊ ခုသုံးနာရီခွဲပြီ၊ ဆေးရုံမှာ ကိုကိုနိုင့်သားလေးကို သွားကြည့်ပါဦး''

ကိုကိုနိုင်သည် နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားမိပြန်သည်၊ ရင်ထဲမှဒဏ်ကိုမခံနိုင်သလို ခေါင်းကို ပြင်းထန်စွာ ယမ်းလိုက်၏။

''သားလေးလို့ မွေးပြောလိုက်တုန်းက ကိုကိုနိုင့် မျက်နှာ ဟာ ကြည်ပြီးဝင်းသွားတာပဲ၊ သားကို တွေ့ချင်မှာပေါ့၊ ဟို မိန်းမကလဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးမွေးပြီး အပင်ပန်းဆုံးအချိန်မှာ ကိုကိုနိုင့်ကို တွေ့ချင်မှာပဲ။ သွားလေ ကိုကိုနိုင် သွားလေ၊ မွှေး ဒီမှာနားဦးမယ်''

မွှေးသည် အားယူ၍ထလိုက်၏။ ကိုကိုနိုင်က ချက်ချင်းပင် မွှေးကို ပွေ့ယူကာ ခုတင်ပေါ်တွင် ယုယစွာ သိပ်လိုက်၏။ မွှေးမျက်နှာကို စေ့စေ့ကြည့်ပြီးမှ မျက်နှာလွှဲလိုက်၏။ တစ်လှမ်းချင်း ရှုံ့မဲ့သွားသော ကိုကိုနိုင့်ခြေသံမှာ အခန်းကြီးကို ချောက်ချား၍ ကျန်ရစ်စေတော့သည်။

မွှေးသည် မအေရပ်ကမ်းခြေကို သတိရ၏။ အဝေးသို့ တလှိမ့်လှိမ့်ကာ ကွယ်ပျောက်သွားသော လှိုင်းလုံးကြီးများလို သူ၏အစီအစဉ် အတွေးတို့သည် အဝေးသို့ တဖြည်းဖြည်းလွင့်ကာ ပျောက်ကြပါပြီ ကော။ အိန္ဒိယပြည် အပြန်တွင် ခွင့်ရက်ရှည်ယူမည်၊ ပင်လယ်ကမ်းခြေ တစ်ခုခုကို သွားရောက်လည်ပတ် နားနေမည်ဆိုသော အစီအစဉ်များမှာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်တော့၏။

ဒါကြောင့် ထွေးနှင့်လေးတို့ကလည်း မနေတတ်၊ မထိုင်တတ်နှင့် ပြန်ကြသည်။ အတွက်ကလည်း ကိုကိုနိုင့်ကို လေဆိပ်၌ မတွေ့သည့် တစ်ပြိုင်နက် မျက်နှာပျက်ရခြင်းတို့ကို မွှေးက အခုမှ တွေးမိ၏။ မွှေးသည် ငိုဖို့ကို သတိမရ၊ ယခုအချိန်တွင် ဘာလုပ်ရမည်ကိုလည်း သူစဉ်းစားနေမိသည်။ ဝမ်းနည်းအားငယ်၍ ငိုနေလို့ကော အကြောင်းထူး မည်လား။ သူ့စိတ်ထဲတွင် ရန်ကုန်သို့ ထွက်ခါစအချိန်ကို သတိရမိ၏။ သူများအိမ်၏ အစေခံတန်းလျားမှာနေ၊ ထမင်းဆိုင်မှာစား၊ သောက် တော့ ရေအိုးစဉ်ဘဝကို မရောက်ရုံတစ်မည်လေ နေရချိန်တွင် သူချစ်





ပါသည်ဆိုသော သူ့အချစ်ဦး ဖရက်ဒီက သူ့ကိုစွန့်ခွာသွား၏။ ဒီတုန်းက ထိုအချိန်သည် သူ့ဘဝတွင် 'အမှောင်ကြီးကျချိန်' သာတည်း။ ထိုစဉ်ကသာ သူသည် စိတ်လျှော့၍ စုန်ပစ်မျောလိုက်လျှင် မမှန်းဆနိုင်သော ကစဉ့်ကရဲအဖြစ်တွေက အများကြီး ဖြစ်နိုင်၏။ ထိုစဉ်တုန်းကပင် သူသည် အံကြိတ်၍ ရင်ကော့ကာ လင်းအရုဏ်တိုင် ကြံကြံခံ၍ ဒုက္ခမှောင်ထဲတွင် တိုက်ခိုက်လာနိုင်ခဲ့သေးသည် မဟုတ်ပါလား။

ယခုအဖြစ်ကတော့ ရင်ကွဲစရာတော့ မှန်သည်။ သို့သော် သူ့တွင် ယခင်ကလို ခြေမဲ့လက်မဲ့ 'မှောင်ကြီးကျချိန်' မဟုတ်တော့။ ယခု သူ့တွင် သက်တမ်းကလည်း ရင့်လာခဲ့ပြီ။ သက်တမ်းအလျောက် ခံနိုင်ရည်သတ္တိအတွက် တရားမွှေ၏အခံအမကိုလည်း' သူရခဲ့ပြီ မဟုတ်ပါလော။ စစ်မြေပြင်ဝယ် အတွေ့အကြုံများသော စစ်သားလိုပင် သူသည် ဘဝတိုက်ပွဲတွင် ဒဏ်ရာဒဏ်ချက်အမျိုးမျိုး ရခဲ့ပြီဖြစ်၍ တော်ရုံတန်ရုံ ဒုက္ခသည် သူ့ဦးခေါင်းကို မညွှတ်နိုင်စေတော့။ ယခုတွေ့ရသော အတွေ့ကိုဘယ်လို ကျော်တက်ရမည်ဆိုသောနည်းကိုသာ စဉ်းစားနေမိ၏။ ငိုကြွေးဖို့ ဆိုရန်ကမူ မျက်ရည်တို့သည် စောစွာသော ကာလကပင် ခဏခဏငို၍ ခန်းခြောက်ကုန်ကြလေပြီ။

ပြတင်းအပြင်တွင် မိုးသားများ အုံ့ဆိုင်းလာသော ကောင်းကင်ကို မွှေးသည် မွေ့ရာထက်မှ လှမ်းမျှော်၍မြင်နေရသည်။ နေ့လယ်ကပဲ ရာသီဥတုမှာ ကြည်လင်၍နေသေး၏။ ဘဝဆိုသည်မှာလည်း အုံ့ တစ်ခါကြည်တစ်လှည့်ပေပေါ့။

အာရောဂျံတွင်ပင် သူ့ထက် ကံဆိုးရှာသူ အိန္ဒိယတိုင်းသူကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့သေးသည် မဟုတ်ပါလား။ ထိုမိန်းမ၏ ညိုဝါဝါ သွေ့ခြောက်ခြောက်မျက်နှာမှာ မွှေး၏မျက်လုံးထဲတွင် ထင်ဆနဲ ပေါ်လာပြန်သည်။ ထိုအချိန်က သူ့ရုပ်သွင်၏ အေးဆေးပုံ ဟန်မပျက်ပုံကို မွှေးက သတိရလာ၏။ သူ့မှာ ကလေးတွေလည်းရှိသည်။ ရောဂါကလည်း အိမ်ပြန်ရက်ကို မမှန်းနိုင်ပေ။ အမှန်ဆိုလျှင်တော့ သေဘက်ကိုသာ နီးကပ်လျက်ရှိသည်။ ထိုမျှအားယုတ်လျော့နေချိန်တွင် လင်ဖြစ်သူ့ထံမှ နောက်မိန်းမ ယူမည့်အကြောင်း ပေးပို့လိုက်သော စာကိုဖတ်ပြစဉ်တွင် သူသည် တည်ငြိမ်အေးဆေးစွာ နားထောင်နိုင်ခဲ့သေးသည်။ ဒုက္ခအပေါင်းနှင့်တွေ့သော်လည်း တည်ငြိမ်စွာရင်ဆိုင်၍ တုန်လှုပ်ခြင်းမရှိသော အညည်အချင်းမှာ လူ့ဘောင်တွင် ရခဲလှစွာတကား။ အာသဝေါကုန်လေပြီးသော ရဟန္တာတို့၏ စွမ်းရည်သတ္တိမျိုးသာတည်း။ မွှေးသည် ချီးကျူးဖွယ်ကောင်းသော အိန္ဒိယသူ၏ အရည်အချင်းကို သတိရရင်း သူ့စိတ်ကိုဖြေ၏။ သူ့မှာက အသက်ခန္ဓာ မြဲနေသေးသည်။ မှန်မှန်နားနေသရွေ့ ဆရာဝန့်စကားကို နားထောင်နေသရွေ့ အသက်ရှည်စရာ လမ်းမအများကြီးရှိ၏။ အသက်ရှင်နေသ၍တော့ လူ့လောကတွင် အများကြီး အလုပ်လုပ်နိုင်သေးသည်။ တန်ဖိုးရှိသေးသည် မဟုတ်ပါလား။

တောသုံးတောင်ကို အစိုးရသော ခွန်အားဗလပြည့်စုံသည့် ခြင်္သေ့အသေကြီးနှင့် နှိုင်းစာလျှင် အသက်ရှိသေးသော ခွေးပိန်ညှော်ဝဲစားလေးသည် တန်ဖိုးအများကြီး ရှိသေး၏။

မွှေးသည် စိတ်ဖြေရင်း ဖြေရင်း ရင်တဖိုဖိုနှင့် အသက်ဝဝ ရှူရ၏။ အလကားနေရင်း လေများမှာလည်း လည်ချောင်းဝတွင် တစ်





ဆို့နေသလို ဖြစ်နေသည်။ နေ့လယ် လေယာဉ်ကွင်းက ရောက်စတွင် ညှော်ခန်းပေါ်ရှိ ပန်းအိုးထဲ၌ လှပဖြူစင်သော သစ္စာပန်းနိုင်ကို တွေ့ခဲ့ရပါသေး၏။ ထိုပန်းပွင့်ကို မြင်မြင်ချင်း ကိုကိုနိုင်၏ ချစ်မေတ္တာကို ဖြူစင်သန့်ရှင်းစွာ တွေ့ရပေသေးသော နိမိတ်ဟူ၍ သူကယူဆခဲ့၏။ ယခုတော့ ထိုသစ္စာပန်း၏ လှပလန်းဆန်းခြင်းသည် တခြားသူ၏အတွက် ပါလား။

မွှေးသည် ရင်ထဲမှာ ပို၍ပို၍ နာကြည်းလာ၏။ ယခင်က အဆုတ်နာကို ရွံရှာမုန်းတီးသည်ထက် သူသည် ဆယ်ဆမက နာကြည်းလာခဲ့သည်။ ရွံရှာလာခဲ့သည်။ သူ့ချစ်သူများ၏ ချစ်ခြင်းကို အဆုတ်နာက ခွဲခွဲသည်။ မေမေ့ကို ချစ်သည်။ မမကိုချစ်သည်။ သူတို့နှစ်ယောက်ကိုလည်း အဆုတ်နာက ခွဲခွာသွားရအောင် လုပ်ပြန်သည်။ အသက်ရှင်နေသေးသရွေ့တော့ အဆုတ်နာကို တိုက်ဖျက်ပစ်ရမည်။ သူ့လိုပင် အဆုတ်နာကြောင့် ဒုက္ခအန္တရာယ်ရောက်နေသော လူသားတို့ကို ကယ်တင်နိုင်ရန်အတွက် ဆောင်ရွက်ဖို့သာ သူ၏တစ်ခုတည်းသော ရည်ရွယ်ချက်အဖြစ် သန္နိဋ္ဌာန်ချလိုက်တော့သည်။

သူသည် ခေါင်းရင်းမှ ဘဲလ်ကို လှမ်းနှိပ်လိုက်လျှင် ကိုတဲခေါင် မိန်းမ မယယ်ခင်သည် အပြေးလေး ရောက်လာ၏။

"ကိုကိုနိုင့်အတွက် အိပ်ရာတစ်ခု ခေါင်းရင်းမှာ ပြင်ပေးလိုက်ပါ။ မွှေးအခန်းထဲကို ဘယ်သူမှ မလာပါစေနဲ့၊ ညဘက် အတွက်လာရင်တော့ လွှတ်လိုက်နော်"

မွှေးပြောသမျှ ငြိမ်သက်စွာ နားထောင်၍ မယ်ခင်က ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။ မွေးသည် အဝတ်အစားများ လဲကာ အိပ်ရာပေါ် ပြန်လှဲနေ၏။ မျက်လုံးထဲတွင် "သားလေး" ဟုပြောစဉ်က ရွှင်မှုသွားသော ကိုကိုနိုင့် မျက်နှာသာ ပေါ်၍ပေါ်၍ လာတော့သည်။

ညဦးဘက် အမှောင်သမ်းလာလျှင် အတွတ်သည် မွေးတို့ အိမ်ဝင်းထဲသို့ သူ့ကားလေးနှင့် ရောက်လာ၏။ ဧည့်ခန်းထဲသို့ ရောက်လျှင် အခန်းထောင့်တွင် ငြိမ်သက်စွာ ထိုင်နေသော ကိုကိုနိုင်ကို တစ်ယောက်တည်းတွေ့ရ၏။ ကိုကိုနိုင်သည် ဖြူရော်သော မျက်နှာနှင့် သူ့ကိုခေါင်းညိတ်ခေါ်၏။ သူသည် ကိုကိုနိုင့်အနားက ဆိုဖာပေါ်တွင် ထိုင်လိုက်၏။

"မွေး ကျွန်တော့်အကြောင်း သိသွားပြီ"

"ဟုတ်လား"

အတွတ်သည် သက်ပြင်းချလိုက်၏။

"သူ သိပ်ပင်ပန်းသွားပြီ ထင်တယ်။ လဲနေပြီ။ ခုထိလဲ ဘာမှ မစားဘူး။ ညနေက နွားနို့နဲ့ ကြက်ဥသွားပို့တာလဲ ပြန်ပေးလိုက်တယ်"

အတွတ်ရင်ထဲတွင် မွေး ကျန်းမာရေးအတွက် စိုးရိမ်လာပြန်သည်။

"ဘယ်လို ဖြစ်တာလဲ ကိုကိုနိုင်၊ ဖြည်းဖြည်း သိရင်ကောင်းမှာ"

"ကျွန်တော်လဲ မတွေးတတ်ဘူး။ ဘယ်လို တိုက်ဆိုင်ပြီး





ဖြစ်ကြတယ် မသိပါဘူး။ ဟိုမှာ ကလေးမျက်နှာမြင်ရ ခက်တယ်ဆိုလို့ ကျွန်တော် ခဏသွားတွေ့ပြီး လေဆိပ်ကို ဆင်းခဲ့တာပဲ။ ဟိုမိန်းမက လည်း နည်းနည်းမတ္တာပ်တိုင် တက်ချင်တယ် ထင်ပါရဲ့။ ကလေး မျက်နှာမြင်ပြီးတော့ ဆရာမကို အိမ်ထဲတယ်လိုပုန်းနဲ့ ဆက်နိုင်းလိုက်သတဲ့။ တစ်ခါတည်း မွေးနဲ့ဆုံနေတာပေါ့။ အဲဒီအချိန် ကျွန်တော်က လေယာဉ်ပျံ ကွင်းမှာ။ တမင်လုပ်ရင် ဒါလောက် တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မှာ"

ကိုကိုနိုင်သည် သက်ပြင်းချကာ စကားအဆုံးသတ်လိုက်၏။

"ကျွန်တော်ကတော့ ဟိုစာရကတည်းက သိပ်စိတ်မကောင်းတာ။ မွေးဟာ ကိုကိုနိုင်ကို လက်ထပ်ပြီးမှ ပိုပြီးနားလည်လာတယ်။ မြတ်နိုးလာပုံရတယ်။ အာရောဂျိုက စထွက်လာကတည်းက ကိုကိုနိုင်ဟာ တနိုင်တည်း နိုင်လာတာပဲ။ ဈေးထဲမှာလဲ ကိုကိုနိုင့်ဖို့၊ ဟိုဟာမြင်လဲ ကိုကိုနိုင့်ဖို့နဲ့ သူဘယ်နေရာမှ ကိုကိုနိုင့်ကို မမေ့ခဲ့ဘူး။ ပင်လယ်ကမ်း ခြေမှာလေညင်းခံပြီး လမ်းလျှောက်ကြတုန်းကတောင် သူ သဲပြင်ပေါ် မှာထိုင်ပြီး ကိုကိုနိုင့်နာမည်ကို သဲပြင်ပေါ်မှာ ရေးခဲ့သေးတယ်"

အတွတ်သည် ကြမ်းပြင်ကို ကြည့်ကာ တစ်လုံးချင်း ပြောနေလေသည်။

"ပြီးတော့ ကိုကိုနိုင့် စာထဲမှာ ရန်ကုန်ပြန်ရောက်ရင် ခွင့်ယူပြီး ပင်လယ်ကမ်းခြေ တစ်နေရာကို သွားလည်ဖို့ ပါတယ်ဆိုပြီး သူ စိတ်ကူးနဲ့ တော်တော် ပျော်နေတယ်။ သူက ဒီလိုဖြစ်လေ ကျွန်တော့်မှာ အနေရ အထိုင်ရကြပ်လေပဲ"

"အင်း . . . မွေးအဖို့ကလဲ ရင်ကွဲစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနိုင်သည် မွှေးက သူ့ကိုမြတ်နိုးသည်ကို သိရလေလေ သူ့အဖြစ်အတွက် ရင်ထဲမှာ မခံချည့်မခံသာ ဖြစ်လာလေလေ ဖြစ်တော့၏။ ဖြစ်ခဲ့သည့် အဖြစ်ကလည်း မေ့ပစ်လို့ရသည့်အဖြစ် မဟုတ်ပါတကား။ မွှေးကိုသာ သူက သနား၍ သနား၍လာ၏။

"ခု မွှေးက ဘယ်လိုဆုံးဖြတ်သတဲ့လဲ"

အတွတ်က မေးလိုက်၏။

"ဘာမှလဲ မပြောသေးဘူး။ သူ စဉ်းစားဦးမယ်တဲ့။ သူ့အိပ်ခန်းကို အတွတ်ကလွဲလို့ ဘယ်သူမှ မဝင်ရဘူးတဲ့။ ကျွန်တော့်အတွက်တောင် ခေါင်းရင်းမှာ သပ်သပ် အိပ်ခန်းပြင်ထားတယ်"

"အေးဗျာ၊ သူလဲ မြွန်မာကြီး မတွေးမခေါ်တာတွေ ဖြစ်လာတော့ လဲမသွားတာပဲ ကံကောင်း"

"ကျွန်တော်လဲ ဒါပဲ စိုးရိမ်တာပဲ၊ ဘယ်လိုပဲ သူကျွန်တော့်အပေါ် ဆုံးဖြတ်၊ ဆုံးဖြတ်၊ သူ့ကျန်းမာရေး မထိခိုက်အောင်တော့ အတွတ်ကူပါဦး။ ခုပဲ ဘာမှမစားတော့ဘူး"

"ကျွန်တော် သွားတွေ့ပါမယ်"

"တတ်နိုင်ရင် ကျွန်တော် တောင်းပန်ချင်တာက ဒီညအတွတ် အိမ်မပြန်ပါနဲ့၊ ကျွန်တော် အိပ်ခန်းတစ်ခုပြင်ပေးပါ့မယ်။ ညဥ့်ဘက် ရုတ်တရက် မွှေးသတိလစ်သွားမှာ ဘာမှာ ကျွန်တော် သိပ်စိုးရိမ်တယ်။ ကျွန်တော်နဲ့ တွေ့စက သူ့လက်ဖျားတွေ ကိုင်လိုက်တော့ အေးစက်နေတာပဲ"





"ကဲ ... ကျွန်တော် အပေါ်တက်ဦးမယ်၊ တစ်ယောက်ယောက်နဲ့ ပန်းသီးရယ်၊ နွားနို့ရယ် ပို့ခိုင်းလိုက်ပါ"

အတွတ်သည် ကိုကိုနိုင့် အဖြစ်အတွက်လည်း အတော့်ကို စိတ်မကောင်း။ အမှန်တော့ သူကျူးလွန်မိသော ပြစ်မှုအတွက် မွှေးကို ဂရုစိုက်မှုမှာ ပိုလွန်နေကာ သနားဖို့ကောင်းလာတော့သည်။ မွှေးနှင့် သူတို့၏ ဘဝသက်တမ်းတွင် ကိုကိုနိုင်သည် ဖျက်မရသော အမည်းစက်တစ်ခုကို ထင်အောင်လုပ်ခဲ့၏။ ထိုအမည်းစက်ကို ဖျက်စေလို၍ လုပ်လိုက်ရသည့်ဖြစ်ခြင်း။ ယောကျ်ားရင့်မကြီး ဖြစ်ပါလျက်နှင့် သူနှင့်မဆိုင်သော အိမ်ရှေ့မြက်ခင်း၊ အိမ်တွင်း၊ အိပ်ခန်း၊ မီးဖိုချောင်အထိ အားလုံးလိုက်၍ လုပ်ပေးပေသည်။ သို့သော် အမည်းစက်သည် မွှေး၏ အသည်းနှလုံးမှ ပျောက်ပါမည်လော။ လှေကားကို တစ်လှမ်းချင်း တက်ရင်း အတွတ်သည် မွှေးတို့ လင်မယားနှစ်ယောက်၏ ကံကိုစဉ်းစားလာသည်၊ သူကိုယ်တိုင်လည်း ဘာကြောင့်များ ဤမွှေးမွှေး၏ အချစ်ရေး၊ ကိုယ်ရေးကိစ္စတို့တွင် ဖာတ်လိုက်အဖြစ် ဝင်၍ ဝင်၍ ပါရပါသနည်း။

မွှေး၏ အိပ်ခန်းထဲသို့ အတွတ် ဝင်လိုက်လျှင် ရှိုးရိုး မီးတစ်လုံးမှာ အခန်းအလယ်တွင် လင်းနေ၍ မွှေးကို ခုတင်ပေါ်တွင် လှဲလျက်တွေ့ရသည်။ သူသည် ခုတင်ဘေးရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်၏။ မွှေးမျက်နှာမှာ အတော်နွမ်းနေပုံ ရပေသည်။ မွှေးသည် သူ့ကို လှမ်းကြည့်ကာ ပြုံးလိုက်လျှင် အတွတ် ရင်ထဲတွင် နင့်သွားတော့၏။

"မင်း ပြုံးနိုင်သေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အတွတ်က လွှတ်ခနဲ ပြောလိုက်၏။

"မေမေတို့တောင် မွေးထက်မက ဒုက္ခတွေ တွေ့ရတုန်းက ပြုံးနိုင်ကြသေးတာပဲ"

မွေးသည် ခပ်အေးအေးပင် ပြန်၍ပြောလိုက်သည်။ သူ စကားပြောနေစဉ် မမယ်ခင်သည် နို့နှင့်ပန်းသီးကို ခုတင်ဘေး စားပွဲတွင် လာ၍တင်ကာ ပြန်ထွက်သွား၏။

"မွေး လေယာဉ်ပျံကွင်းက တက်လာကတည်းက ဘာမှမစားဘူးဆို"

မွေးက ခေါင်းညိတ်ပြသည်။

"ပြုံးလို့တောင် နေနိုင်သေးတာပဲ မွေး အစာစားဖို့လဲ တတ်နိုင်ရမှာပေါ့"

သူက ခပ်ဖြည်းဖြည်းပင် ဆရာဝန်တစ်ယောက်ဟန်နှင့် ပြော၏။

"အိန္ဒိယက ဒေါက်တာက ဘာမှာလိုက်လဲ၊ ကောင်းကောင်း စား ရမယ်၊ ကောင်းကောင်း နားရမယ်လို့ မှာတယ် မဟုတ်လား"

"အခု နားနေသားပဲ၊ စားဖို့ကိုတော့ ကြိုးစားပါ့မယ်"

အတွတ်သည် စိတ်ပြီးသား ပန်းသီးတစ်စိတ်ကို လှမ်းယူကာ မွေးကို ပေးလိုက်၏။

"ဒါကို နည်းနည်း စားကြည့်ပါကွယ်။ မွေး ကိုကိုနိုင့်ကို ချစ်ရင်စားပါ။ မင်း အစာမစားလို့ သူသိပ်ပြီး စိတ်ပူနေတယ်"





မွေးသည် အတွတ်လက်ထဲမှ ပန်းသီးစိတ်ကို ယူကာ ဝါး နေ၏။

"အမှန်တော့ အာရောဂျမှာ ဟို ရေပေးကန်လေးဘက်သွားတဲ့ ညနေကို မွေး သတိရလား။ အဲဒီနေ့က ကိုကိုနိုင်ဆီက စာရတယ်၊ စာထဲမှာ သူအဖြစ်ကို မွေးကို အသိပေးချင်တဲ့အကြောင်း ရေးထားတယ်"

မွေးသည် အတွတ်ဘက်သို့ မျက်နှာလှည့်ကာ နားထောင် နေ၏။

"အတွတ်က အသိမပေးဖို့ စာပြန်လိုက်တယ်၊ ခုကိစ္စမှာ ကိုကိုနိုင့်မှာ အပြစ်မရှိပါဘူးကွယ်၊ မင်းတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ လားရှိုးမှာ နေတဲ့ခေတ္တကာလမှာလို့ လင်မယားနဲ့ များတူလို့လား။ မွေးကတခြား၊ သူကတခြား အမြဲလိုလိုနေခဲ့တာ မွေး သတိရမှာပေါ့"

မွေးက ခေါင်းညိတ်ပြ၏။

"ယောကျ်ားဆိုတာ ဘာပြောပြော ကိုယ့်မိန်းမနဲ့ ကိုယ့်အိမ်ထောင်လေးနဲ့နေဖို့ကို သာယာတာပဲ၊ အထူးသဖြင့် ကိုကိုနိုင်လို 'အိမ်တွယ်တာတ်သူ'အဖို့ ပိုပြီးသာယာတယ်။ ဒီကြားထဲ မွေးက အိန္ဒိယထွက်လာပြန်ရော။ ခုခေတ်က မိန်းကလေးတွေကလဲ အမေရိကန်ဆန်ဆန်တွေမဟုတ်လား။ သူတို့က အချစ်ရေးမှာ အရက်တို့၊ သိက္ခာတို့ဆိုတာ သိပ်မထားဘူး။ သူတို့အချစ်ကလဲ အသည်းနှလုံးက မလာပါဘူး၊ အကြောတွေက လာတာ။ အချစ်လို့တောင် ကိုယ်တော့ မခေါ်ချင်ဘူး၊ ဒါတွေက သူတို့လိုချင်လာရင် မယားကြီး ငုတ်တုတ်ရှိတာတောင်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ဖမ်းတာပဲ။ ကိုကိုနိုင်မှာလဲ မွေးနဲ့ခွဲနေရချိန်တွေများတော့ ညှတ်သွားတာပေါ့။ ကိုကိုနိုင်ဟာ မွေးကို ဘယ်လောက်ချစ်၊ ဘယ်လောက် ဂရုစိုက်လဲကွယ်။ မွေးလဲ သိပါတယ်။ ဒီတော့ ကိုကိုနိုင့် အပြစ်ကို မွေးက ခွင့်လွှတ်ဖို့ကောင်းတယ်''

မွေးသည် ပန်းသီးကိုဝါးရာမှ မျိုမကျသလို နှစ်မျိုးရင်း . .

'''မွေး ခွင့်လွှတ်နိုင်ပါတယ်'' ဟု တိုးတိုးပြော၏။

''ဒီလိုဆိုတော့ ကိုကိုနိုင်ကို ဘယ်လိုပြောလိုက်ရမလဲ။ ဘယ် လိုစီစဉ်ရမလဲ''

အတွတ်သည် မွေး၏အဆုံးအဖြတ်ကို သိချင်လာသည်။ မွေး က ပြုံးလိုက်ပြန်သည်။

''ဒါတော့ နောက်ရက်တွေမှ မွေးဖြည်းဖြည်း စဉ်းစားပြီး အဖြေပေးပါရစေ။ သုံးရက် အချိန်ပေးပါ။ ကိုကိုနိုင်ရော သူ့မေမေရော အချစ်တွေ ကျေးဇူးတွေဟာ မွေးအပေါ် ပုံနေပါပြီ''

အတွတ်သည် သက်ပြင်းချလိုက်၏။ မွေးကလည်း မျက်နှာ လွှဲကာ ခြင်ထောင်အမိုးကို ငေးစိုက်၍ ကြည့်နေလေတော့သည်။

''နက်ဖြန်ကိုတော့ အတွတ်လာနိုင်မှာ မဟုတ်ဘူး။ ပြန်နှင့် တဲ့ လူနာဟောင်းတွေရယ်၊ ဆရာဝန်တချို့ရယ်၊ အဆုတ်နာသမားတွေ အပေါ် ကူညီချင်တဲ့ လူတွေရယ် စုပေါင်းပြီး အစည်းအဝေး လုပ်မလို့ တဲ့။ ကိုယ်ပြောပြလို့ မွေးပါတက်ဖို့ လူကြီးတွေက လိုလားကြတယ်။ မွေးတက်မလား''





''သူတို့ ကြိုက်တဲ့တာဝန်ပေးလေ၊ မွေးယူဖို့ အဆင်သင့်ပဲ၊ ဘယ်နေရာကပဲ လုပ်ရလုပ်ရ။ နက်ဖြန်တော့ မလိုက်ပါရစေနဲ့ဦး''

''အေး . . . အေး နားပါဦးလေ။ မွေးရဲ့ ကိုကိုနိုင်က မွေးကို ဘယ်လောက်ချစ်တယ် အောက်မေ့လဲ။ ကိုယ် ဒီည မပြန်ရဘူးတဲ့။ မွေး တစ်ခုခု ဖြစ်ရင် ကုဖို့စောင့်အိပ်ရမယ်တဲ့''

မွေးသည် ပြင်းစွာ လေကို ရှူလိုက်ပြီးမှ . . .

''ကိုကိုနိုင် တစ်သက်လုံး စိတ်ချမ်းသာအောင် မွေး စီစဉ်ခဲ့ မှာပါ'' ဟုပြောလိုက်၏။

''ခဲ့မှာပါ'' ဟူသော စကားသုံးလုံးသည် အတွတ်စိတ်ကို ရုတ်တရက် ချောက်ချား၍ သွားစေလေသည်။ မွေးဘယ်လိုများ ဆုံး ဖြတ်မည်လဲ။ သူသည် မွေးကို ဆက်လက် ဖျောင်းဖျလိုသော်လည်း သူ့နှုတ်များမှ စကားလုံးများသည် မထွက်ရက်သလို ဖြစ်နေတော့သည်။ ကိုကိုနိုင့်ကို ယူရန်အတွက်ကိုလည်း ဟိုတစ်ချိန်တုန်းက သူရင်နာနာ နှင့် တရားဟောခဲ့ရ၏။ သူသည် တရားဟောဆရာကြီးလို ကြိတ်မှိတ် ၍ပြောခဲ့၏။ ယခုအချိန်တွင်လည်း သူပြောရပြန်သည်။

မျက်လုံးလေး အကြောင်သားနှင့် ခြင်ထောင်အမိုးကို စိုက် ကြည့်နေသော မွေးမျက်နှာမှာ ဘာအရိပ်အယောင်ကိုမှ မတွေ့ရ၍ သူ့စိတ်မှာ အုံ့ဩနေပေသည်။ မွေး ဘာကို စိတ်ကူး၍ ဘယ်လိုဆုံးဖြတ် သည်ကို သိလိုနေ၏။ ဤငြိမ်သက်သော မျက်နှာလေးတွင် ''ဖြစ်သမျှ အကြောင်းအကောင်းချည်းပဲ''ဟူသော သဘောကို နှလုံးသွင်းထားဟန်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်နေ၏။ ခေတ္တငြိမ်သက်နေသော သူတို့နှစ်ဦးရှိရာ အခန်းထဲသို့ ကိုကိုနိုင် ရုတ်တရက် ဝင်လာ၏။

"မွှေး ကိုကိုနိုင့်ကို ခွင့်လွှတ်ပါ။ အတွတ်ရှိတုန်း ကိုကိုနိုင် ပြစရာတွေရှိလို့ ဝင်လာတာပါ"

ကိုကိုနိုင်သည် ခုတင်ဘေးတွင် မတ်တတ်ရပ်ကာ ပြောလိုက်၏။ သူ့လက်ထဲမှ (၁၀)လက်မခန့် အရှည်ရှိသော သားရေသေတ္တာတစ်ခုကို ဖွင့်ကာ မွှေးခုတင်ဘေးရှိ ပန်းသီးတင်ထားသော စားပွဲပေါ်သို့ တင်လိုက်၏။ မွှေးသည် ကိုကိုနိုင့်ဘက်သို့ မျက်နှာလှည့်ကာ ကိုကိုနိုင် လုပ်သမျှကို ကြည့်ရှုနေသည်။ သေတ္တာထဲမှ ကိုကိုနိုင် ဆွဲထုတ်လိုက်သော အရာများမှာ စာခေါက်တစ်ခေါက်နှင့် စိန်များဖြစ်၏။

စိန်များကို ကိုကိုနိုင်သည် မွှေးလက်ထဲသို့ ထည့်လိုက်သည်။

"ညနေက ဒီအကြောင်းကိုတောင် စကားမစပ်မိဘူး။ ဟိုကိစ္စ ဝင်ရှုပ်ရတာနဲ့ပဲ"

ကိုကိုနိုင်သည် မွှေး၏ ဘေးဘက်ခုတင်စွန်းတွင် ထိုင်ကာ ပြော၏။

"ဒီစိန်တွေက မေမေ့ပစ္စည်းတွေပဲ။ သူမသေခင် မွှေးကို ပေးဖို့ဆိုပြီး ကိုကိုနိုင့်လက်ထဲ အပ်ခဲ့တယ်။ စာရွက်ကတော့ ဒီအိမ် စာချုပ်ပဲ။ ကိုကိုနိုင်နဲ့ မွှေးကို ပေးခဲ့တယ်"

မွှေးသည် စိန်များကို လက်ဖဝါးထဲတွင် ပွတ်သပ်ကြည့်ကာ အိပ်ရာခင်းပေါ်သို့ ချထားလိုက်၏။





"မေမေဟာ ယောက္ခမပေမယ့် အမေအရင်းလိုပါပဲ။ သူ့ကျေးဇူးတွေကို မွှေးတစ်သက်မှာ မမေ့ပါဘူး"

မွှေးသည် စိန်များကိုကြည့်ကာ ပြောပြရင်း အိပ်ရာမှအသာထ၍ စိန်လက်ကောက်၊ စိန်ဆွဲကြိုး၊ စိန်နားကပ်များကို သေတ္တာငယ်ထဲသို့ ပြန်ထည့်လိုက်၏။

"ဒါတွေ ကိုကိုနိုင် ပြန်သိမ်းထားလိုက်ပါဦး။ ကဲ ... မွှေးလဲ အိပ်တော့မယ်"

မွှေးသည် သူတို့နှစ်ယောက်ကို ယဉ်ယဉ်ကလေးနှင့် နှုတ်ဆက်လိုက်၏။ ကိုကိုနိုင်သည် စိန်များထည့်ကာ သေတ္တာကို ပိတ်လိုက်ကာ မယူ၍ အခန်းထဲမှ ထွက်သွားတော့သည်။ အတွတ်က ကိုကိုနိုင့်နောက်မှ လိုက်သွားတော့သည်။

ထိုညတွင် အတွတ်သည် ခေါင်းရင်းဘက်ရှိ အိပ်ခန်းနှစ်ခန်းအနက် အနောက်ဘက်အိပ်ခန်းတွင် အိပ်ရ၏။ အရှေ့ဘက်တွင် ကိုကိုနိုင်က အိပ်သည်။

အခန်းပြတင်းများမှ မီးရောင်များသည် ခြံထဲရှိ သရက်ပင်များပေါ်တွင် လင်းနေ၍ တစ်ယောက်အခန်းမှ တစ်ယောက် မအိပ်သေးကြောင်းကိုသိနိုင်သည်။ ညဥ့်ဦးပိုင်းသည် အမှန်တော့ တိတ်တောင်းလှသော်လည်း တိတ်ဆိတ်လွန်း၍ အင်မတန် ရှည်လျားလှသည်ဟု အတွတ်က ထင်သည်။ သူသည် လှပသောအိမ်ကြီးမှ တိတ်ဆိတ်နေသည်ကို သည်းမခံနိုင်သလိုဖြစ်လာ၏။ အိပ်ခန်းမှထွက်ကာ အပေါ်ထပ် လှေကားထိပ် ဧည့်ခန်းတွင် ထိုင်လိုက်သည်။ အပြင်တွင် လေထန်



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသက်လေတိုက် ခတ်နေပုံရ၏။ သူသည် ရေဒီယိုဂရမ်နားသို့ ကပ်လိုက်ကာ ရေဒီယိုဖွင့်လိုက်လျှင် ရေဒီယိုမှ ဂီတာသံကြောင့် တိတ်ဆိတ်နေသော အိမ်မှာအနည်းငယ် လှုပ်ရှားလာသလို ဖြစ်လာတော့သည်။

"ဖြေမပြေနိုင်ဘဲ ကြွေလုသည်း မေတ္တာတောင်ထု ချစ်မှုပုံခဲ့တယ်၊ လ,မင်းရောင်ရယ်၊ ရွှေအဆင်းပုံနှယ်၊ သာယာ သာယာကြည်နူးလှတယ်၊ အဲဒီအချိန်ဝယ် မောင့်အပါးမှာ ခင်လေးထိုင်လို့ရယ် ပလီပလာပြောတတ်ရှာသေးတယ်"

သီချင်းသံမဆုံးခင် ကိုကိုနိုင်သည် အိပ်ခန်းထဲမှ ကမန်းကတန်း ထွက်လာ၏။ အတွတ်ကို အံ့အားသင့်သလိုကြည့်ကာ 'အတွတ်ဖွင့်တာလား' ဟု မေးလိုက်၏။

"ဟုတ်ကဲ့"

"တဆိတ် သည်းခံပါ အတွတ်ရယ်၊ ဒီသီချင်းကို ကျွန်တော် နားမထောင်ပါရစေနဲ့"

အတွတ်သည် အသာ ထသွားကာ ရေဒီယိုကို ပိတ်လိုက်သည်။ အတွတ် ကုလားထိုင်တွင် ပြန်ထိုင်လိုက်လျှင် ကိုကိုနိုင်သည်လည်း သူ့အနားတွင် လာထိုင်သည်။

"ကျွန်တော် ခုခေတ် သီချင်းအဆိုကျော်တွေကိုရော၊ သီချင်းတွေကိုရော သိပ်အထင်မကြီးဘူး။ ဒီ ကိုမင်းသူရဲ့ "ပုံပမာ"သီချင်းကိုတော့ ကျွန်တော် သိပ်စွဲတာပဲ၊ ရူးပါတယ် ဆိုရမှာပေါ့။ မွှေးနဲ့ခွဲနေရချိန် ဒီသီချင်းသံကို ကျွန်တော် နားထောင်လို့မရဘူး။ ဒါလောက်ပဲ ကျွန်တော့်စိတ်ကိုလှုပ်ရှားစေတာပဲ"





သူသည် စကားစသတ်ကာ စီးကရက်တစ်လိပ် မီးညှိသောက်လိုက်၏။ အနားတွင် စီးကရက်ပြာများသည်လည်း ပြန့်ကြဲနေ၏။ အိပ်ချင်လာပုံ၊ ငိုက်မျဉ်းလာပုံလည်းမရပေ။ အသည်းအသန်ဖြစ်သော လူမမာကို စောင့်နေရသည်လည်း မဟုတ်ပေ။ သို့သော် ကိုကိုနိုင်ကို ကြည့်ရသည်မှာ ရင်မလင်းနိုင်သေး။ စိတ်မကျသေး၍ အိပ်ရန် စိတ်ရှိပုံမရပေ။

"ကျွန်တော် ပြောရခက်တယ် အတွတ်၊ တစ်နေ့နေ့ တစ်ချိန်တစ်ခါမှာ အတွတ်လဲ မိန်းမယူဦးမှာပဲ၊ အခုလဲ မိန်းမတွေ အသွေးအမြားကို အတွတ် တွေ့ခဲ့ဖူးမှာပဲ"

ကိုကိုနိုင်သည် စီးကရက်မှ တလိပ်လိပ်ထွက်လာသော မီးခိုးငွေ့ကို ကြည့်ရင်းပြော၏။

"ယောကျ်ားတွေဟာ တစ်ခါတစ်ခါ လက်ထပ်ပြီး မိန်းမတစ်ယောက်ကို ယူလိုက်ကြတိုင်း ရင်ထဲက နှစ်နှစ်ကာကာ မရှိဘူး။ ဆိုကြပါစို့။ ခန္ဓာကိုချင်းသာ ပူးပေါင်းလို့ရတယ်၊ စိတ်ချင်းကမရဘူး။ ဒါပေမယ့် အဲဒါကိုပဲ ညားတယ်၊ ပေါင်းသင်းတယ်လို့ ထင်နေကြတာကိုး။ တစ်ခါတစ်ခါတော့လဲ ကျွန်တော်တို့ ရင်ထဲက အင်မတန် မြတ်မြတ်နိုးနိုးရှိတဲ့မိန်းမကို ကျွန်တော်တို့ဟာ မရကြပါဘူး။ အတွတ် တစ်ဘဝမှာ သက်တမ်းတစ်ခုမှာ မြတ်နိုးတဲ့သူရယ်လို့ တွေ့ခဲ့ဖူးမှာပဲ"

အတွတ်သည် နားထောင်ရာမှ ပြုံးလိုက်ကာ ပြန်ပြောမိ၏။

"တွေ့ဖူးပါတယ် ကိုကိုနိုင်၊ ကျွန်တော် မြတ်နိုးတဲ့သူကို ကျွန်တော်ခုထိ စောင့်နေတုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား အေးဗျာ၊ လောကကြီးက တစ်ခါတစ်ခါ အင်မတန် မမျှော်လင့်တာတွေ၊ ဆန်းကြယ်တာတွေ ဖြစ်တတ်တယ်နော်။ ကျွန်တော်ကတော့ ကျွန်တော် တကယ်မြတ်နိုးတဲ့ မိန်းမကို တကယ်ရခဲ့တာပဲ။ ဒါပေမယ့် ကျွန်တော့်ရဲ့ အမှားကြောင့် မွှေးက ကျွန်တော့်ကို စိတ်နာမှာစိုးတယ်။ ကျွန်တော်လဲ ဘယ်လိုဖြစ်လဲမသိဘူး၊ စိတ်လွတ်သွားတာပါပဲ၊ မိန်းမက မေမြို့သူရုပ်စစ်၊ အသားလှလှနဲ့ ပြည့်ပြည့်ဖြိုးဖြိုး ရှိတယ်။ ဒါပေမယ့် အဲဒီအလှတွေဟာ ကျွန်တော့်ကို ဆွဲမထားနိုင်ဘူး။ ကျွန်တော် မှားပြီးတယ်ဆို သိပ်ကြောက်တာပဲ။ ဘာ လို့လဲဆိုတော့ ဒီလိုပွင့်ပြောရတာ ယောကျ်ားမပီသရာလဲ ကျပါတယ်လေ၊ အဲဒီမိန်းမစားမျိုးတွေမှာ ဦးနှောက်ရဲ့ စဉ်းစားဉာဏ်နဲ့ နှလုံးသားရဲ့ ခံစားမှုရယ်လို့မရှိဘူး"

"ကျွန်တော်ဆိုတဲ့ အကောင်ကလဲ စာတစ်အုပ်ဖတ်ပြီး ဆွေးနွေးချင်တယ်။ အဲဒီ ဆွေးနွေးဖို့ ပြဿနာတစ်ခုကို ဖြေရှင်းဖို့ဆိုတာတွေ ဘာမှ သူ့ခေါင်းထဲမှာ မရှိဘူး။ နိုင်လွန်ပါတိတ်လောက်ပဲ သူတို့နှုတ်ခမ်းက ထွက်တယ်။ ခက်တယ်ဗျာ၊ ကျွန်တော် စစ်ဗိုလ်ဖြစ်ပြီး ကြောက်နေတယ်။ ဘာကိုကြောက်လဲဆိုတော့ မွှေးက ကျွန်တော့်ကို စိတ်နာမှာ၊ ခွဲသွားမှာ"

သူသည် တကယ်ပင် ကြောက်ရွံ့စိုးရိမ်ဟန်ရှိ၏။ သူ့မျက်လုံးအသွင်အပြင်သည် တကယ်ပင် ပူပန်သော နှလုံးသားမှ အရိပ်အယောင်များ ပေါ်လွင်နေသည်။

"မွှေးမှာ ကျွန်းမာရေးသာ ကောင်းလိုက်ရင် တော်တော်





ထောင်တက်မယ့် မိန်းမပဲ။ ကျွန်တော်သူ့ကိုချစ်တာက သူ့ဟာသူ ဖန်တီးတတ်တယ်ဆိုတဲ့ သူ့ဒီအရည်အချင်းလေးကို ချစ်တာပဲ"

အတွတ်သည် နှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်ပေါ်တွင် လှဲချလိုက်၏။ လှော်တက်ကို ကိုင်တာ ရေဆန်တစ်လှည့် ရေစုန်တစ်လှည့်လှော်ခဲ့သော မွှေး၏ယယ်ယယ်က သဏ္ဌာန်ကို မြင်ယောင်လာပြန်သည်၊ ယယ်တုန်းက ဒီလိုလှေလှော်နိုင်သော စိတ်ဓာတ်ကို နှိုးကျူးမွယ် အရည်အချင်းဟု၍ မအောက်မေ့၊ ချဉ်စရာ ခေါ်းမာသော ကောင်မလေးတစ်ယောက်အဖြစ် မှတ်ထင်ခဲ့၏။ ယခုမှ သူ့မျက်စိအောက်တွင် အတိဒုက္ခတွေ တစ်ပုံတစ်ပင်ကြားက ရေဆန်လှော်ခဲ့သော အဖြစ်သည် အရည်အချင်းတစ်ခုသာတည်း။ ရန်ကုန်ပတ်ဝန်းကျင်သည် တောမှ တက်လာသော ဆင်းရဲသူလေးများ ဒုက္ခရောက်ချိန်၊ စိတ်ဓာတ်ပျက်ပြားချိန်တွင် အလွန်ဝါးမျိုဖျက်ဆီးလွယ်သော ပတ်ဝန်းကျင်ဖြစ်၏။ ကားနှင့် နိုင်လွန်ပင်လယ်ဝယ် စုံးစုံးမြုပ်ကာ ဘဝဆုံးကြသည်သာများခဲ့၏။ မွှေးကတော့ ခုံဖိနပ်စီး၍ ပိတ်အင်္ကျီဝတ်ကာ သူသည် မျက်စိစုံမှိတ်၍ ရေဆန်လှော်ခဲ့သည်တကား။ ယခု မွှေးအရည်အချင်းကို သိ၍ချီးကျူးမိ၍လည်း ချီးကျူးရုံသာ ရှိတော့မည်။ မြောက်မြားစွာ နောက်ကျခဲ့ပြီ မဟုတ်ပါလား။

ကိုကိုနိုင်သည် ဆေးလိပ်ကိုသာ ဖိသောက်ဆဲဖြစ်၏။ အတွတ်သည် ဘာကြောင့် သူတို့နှစ်ယောက် ယခုလို အချိန်ဖြုန်းသည်ကို တွေးကြည့်မိ၏။

"ကိုကိုနိုင် အိပ်ကြစို့လား။ မွှေးလဲ အိပ်မှာပါ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဘာကိုစောင့်နေကြတာလဲ။ မွှေးဟာ အဖြေချက်ချင်း ပြောမှာလဲ မဟုတ်ဘူး။ အိပ်ကြစို့နော်"

ကိုကိုနိုင်သည် ခေါက်ခနဲ ထလိုက်၏။

"မွှေးလဲ ဒီညအိပ်နိုင်မှာ မဟုတ်ပါဘူးဗျာ။ အာ ဟုတ်တယ်၊ ညဥ့်နက်နေပြီ"

သူသည် အပြောလွယ်သော်လည်း အိပ်မက်ရင်း လမ်းလျှောက်သူလို အခန်းထဲသို့ စိုက်လိုက်မတ်တတ် လျှောက်သွားတော့သည်။

* * *

အတွတ် မွှေးတို့အိမ်သို့ မရောက်သည်မှာ လေးရက်တိတိ ရှိသွားပေပြီ။ မနေ့က ညနေလောက်တွင် မွှေးသည် အဖြေတစ်ခုခုကို ကိုကိုနိုင်သို့ပေးပြီး ဖြစ်ပေမည်။ ယခုထိတော့ ဘာသတင်းမှ မကြားရသေးပေ။ မေမေကလည်း ဝါးခယ်မကို ပြန်နေ၍ အိမ်တွင်မရှိပေ။ သူ့မှာ တစ်ယောက်တည်း အဆုတ်နာ လူနာအား စောင့်ရှောက်ရေး အသင်းအတွက် အလုပ်ရှုပ်နေသည်။ ထိုအသင်းတွင် လူနာဟောင်း ဦးကျော်မြင့်ဆိုသူက အတွင်းရေးမှူးတာဝန်ကိုယူကာ ဆရာဝန်တစ်ယောက်က တွဲဖက်အတွင်းရေးမှူးဖြစ်ပေသည်။ နေရာရှာဖွေရေး အဖွဲ့ခွဲတွင်မူ မွှေးက အတွင်းရေးမှူးဖြစ်၍ သူက အဖွဲ့ငယ်၏ဥက္ကဋ္ဌဖြစ်၏။

ညနေပိုင်းတွင် မွှေးတို့အိမ်ဘက်ဆီသို့ ထွက်လာခဲ့၏။ ရာသီဥတုမှာ သာယာသည်မဆိုနိုင်သော်လည်း မိုးရွာ၍ မနေပေ။ ကောင်းကင်သည် မှုန်မှိုင်းမှိုင်းဖြစ်ကာ လေကစိမ့်၍တိုက်နေသည်။ မိုးပြင်းထန်စွာ





ရွာဦးမည့် အရိပ်အယောင်များပင်တည်း။ မိုးဦးကျတွင် တစ်ဖြိုက်လောက်သာ ခပ်စိပ်စိပ်ရွာခဲ့ဖူး၏။

အိမ်ထဲသို့ ကားအဝင်လိုက်တွင် တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အိမ်တံခါးကို ကိုဘဆောင် လာဖွင့်ပေး၏။

"ဗိုလ်မှူးနိုင် အိမ်ပေါ်မှာ ရှိပါတယ်"

ကိုဘဆောင်က ပြောပြ၍ သူသည်လှေကားကို တန်း၍တက်ခဲ့သည်။ ဗိုလ်မှူးနိုင် အိပ်ခန်းဘက်သို့ သွားကာ ခန်းဆီးကိုဆွဲလိုက်၏။ နောက်မှီ ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် စီးကရက်တံထောင်းထောင်းထအောင် ဖွာနေသော ကိုကိုနိုင်ကို တွေ့ရသည်။

"ကိုကိုနိုင် မွှေးရော"

ကိုကိုနိုင်က သူ့ထုံးစံအတိုင်း ခေါင်းညိတ်ကာခေါ်ပြန်သည်။

"ထိုင်ဦးလေ"

"ဆေးလိပ်တွေ သိပ်သောက်တာပဲဗျာ"

အတွတ်သည် မီးခိုးငွေ့များကို လက်နှင့်ယမ်းရင်း ထိုင်ကာ ပြောပြ၏။

"ကဲ... မွှေးက ဘာတွေ ဘယ်လို ဆုံးဖြတ်သတဲ့လဲ"

အတွတ်သည် အရေးတကြီး မေးလိုက်လျှင် ကိုကိုနိုင်သည် တစ်စုံတစ်ရာ မပြောဘဲ မျက်လုံးအကြောင်ကြီးနှင့် သူ့ကိုစိုက်ကြည့်နေ၏။

"ဘယ်လို ဆုံးဖြတ်သတဲ့လဲ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပင် ထပ်ခါ ကိုကိုနိုင်က မေးခွန်းထုတ်လိုက်သေး၏။

"ဟုတ်တယ်လေ၊ မနေ့ညက သူပြောတဲ့ သုံးရက်စေ့တယ်လေ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အချိန်စေ့လို့ အဖြေပေးပါတယ်"

ကိုကိုနိုင့်အသံသည် အာခေါင်ခြောက်ကြီးနှင့် မောမောပန်းပန်း ပြောနေရုံမက မျက်တွင်းများကလည်း ချောင်ကျကာ အိပ်ရေးဝပုံမရပေ၊ ထိုင်ရာမှ ဒယီးဒယိုင်နှင့် ထ,သွားကာ သူ့ခေါင်းအုံးအောက်မှ စာအိတ်တစ်အိတ်ကို ယူလာ၍ အတွတ်လက်ထဲ ထည့်လိုက်၏။

"ဒါ . . . ခင်ပျားရဲ့မွေး အဆုံးအဖြတ်လေ"

"သူရော . . ."

"သူ ခုပဲ ပြန်လာလိမ့်မယ်၊ အိန္ဒိယက ပြန်လာမှ သူ့ဖေဖေနဲ့ မတွေ့ရသေးလို့ သွားကန်တော့တယ်"

ဝုန်းခနဲပင် အသံမြည်အောင် ကိုကိုနိုင်သည် ကြိမ်ကုလားထိုင်ပေါ် ပစ်လှဲလိုက်သည်။ အတွတ်သည် စာကိုတုန်တုန်ယင်ယင်နှင့် ဆွဲယူကာ ဖတ်လိုက်၏။

ကိုကိုနိုင်

ရှိသေစွာ စာရေးလိုက်ပါသည်။ "အမှန်တော့ ခုစာထဲမှာ ရေးမယ့် ကိစ္စကို မွေးနဲ့ကိုကိုနိုင် မျက်နှာချင်းဆိုင် ပြောသင့်ပေမယ့် မွေးမှာ ဒီစကားလုံးတွေပြောဖို့ အားမရှိပါဘူး။





မွေးရဲ့ နှုတ်ခမ်းက မထွက်ရက်ပါဘူး။ ဒါကြောင့် စာပေါ်မှာ ရေးပြရတာပဲ။

ကိုကိုနိုင်ရဲ့ မေတ္တာတွေ ကျေးဇူးတရားတွေတော့ မွေးအပေါ်မှာ အနန္တပါပဲ။ မွေးအပေါ်မှာ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာလဲ မွေးသိပါတယ်။

ကိုကိုနိုင် မှတ်မိဦးမှာပေါ့၊ မွေးကိုချစ်တယ်ဆိုပြီး ပထမဆုံး ပေးတဲ့စာအရှည်ကြီးလေ။ အဲဒီအထဲမှာ မွေးရဲ့ အညိုအချင်းတွေကို တော်တော် ချီးကျူးခဲ့ပါတယ်။ ဒါပေမယ့် ကိုကိုနိုင်နဲ့ လက်ထပ်ပြီး မွေးဟာ ကိုကိုနိုင့်အတွက် ဘာများဆောင်ရွက်ပေးနိုင်ခဲ့သလဲ။

လက်ထပ်ကြတဲ့ ငါးနှစ်ဆိုတဲ့ သက်တမ်းမှာ လားရှိုးမှာ နေခဲ့တဲ့ တစ်လသာ လင်မယားနဲ့တူခဲ့ကြတယ်။ မွေးရဲ့ မိသားစု ဒုက္ခသုက္ခတွေနဲ့ပဲ မွေးဟာ အချိန်ကုန်ခဲ့တယ်။ အမှန်တော့ မိန်းမတစ်ယောက်အနေနဲ့ မွေးဝတ္တရားမကျေခဲ့ဘူး။ မွေးဟာ ကိုယ့်မိသားစုအပေါ်မှာပဲ သိတတ်မှုပိုခဲ့တယ်။

ကိုကိုနိုင်ပြောသလို မွေးဟာ အင်မတန်တော်ပြီး အစွမ်းရှိတယ်ဆိုတာ မှန်သင့်သလောက် မှန်ပေမယ့် မိန်းမမှာ တကယ်တမ်းရှိသင့်တဲ့ အရည်အချင်း မွေးမှာ ချွတ်ယွင်းခဲ့တယ်။ အဲဒါဟာ ဘာလဲဆိုတော့ မွေး သားမွေးပြီး မပေးနိုင်ခဲ့ဘူး။ ခုလဲ ဆရာဝန်က သားမွေးဖို့အင်အား မွေးမှာ မလုံလောက်သေးလို့ ကလေးမရှိအောင် နေရမယ်ဆိုတော့ မွေးဟာ လှုပ်ဖြစ်ရုံးနေတဲ့ မိန်းမပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ခင်နှင်းယု

အိန္ဒိယက ပြန်ရောက်တဲ့နေ့က မွေးက "ကိုကိုနိုင့် မိန်းမသားလေးမွေးတယ်"လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ကိုကိုနိုင်ရဲ့ မျက်နှာဝင်းပြီး ကြည်သွားပုံကို မွေးတစ်ခါမှ မတွေ့ဖူးသေးဘူး။

အတွတ်သည် ခေတ္တရပ်နားကာ ကိုကိုနိုင့်မျက်နှာကို လှမ်းရှုကြည့်မိ၏။ ကိုကိုနိုင်ကတော့ သူ့ကိုမကြည့်။ မျက်နှာကျက်တွင် တစ်စုံတစ်ခုကို မြင်တွေ့နေသလို စိုက်ကြည့်နေသည်။ သူသည် ကတုန်ကယင် ဖြစ်ရာမှ စာကိုဆက်ဖတ်ပြန်၏။

"သားဆိုတဲ့အသိက ကိုကိုနိုင်ရဲ့ နှလုံးကို ဘယ်လောက် ရွှင်ပြုံးစေသလဲ။ မွေး အရှည်ကြီး မရေးပါရစေနဲ့တော့။ မွေးဟာ ကံကိုကခေတဲ့လူပါ။ မွေးထိုက်နဲ့ မွေးကံသာ ရှိပါစေတော့။

မေမေပေးခဲ့တဲ့ အိမ်မှာ ကိုကိုနိုင့်သားရယ်၊ ကိုကိုနိုင့် မိန်းမရယ် အတူတူနေရစ်ခဲ့ပါ။ မွေးတော့ လေးတို့နဲ့ အတူနေပြီး မွေးလိုပဲ အဆုတ်နာရောဂါကြောင့် ဒုက္ခတွေအနန္တရောက် ကြရရှာတဲ့ လူသားတွေကို အကူအညီပေးဖို့ မွေးဆန္ဒကိုယ် ကိုလှူလိုက်ပါတော့မယ်။

မွေးကိုပေးတဲ့ စိန်တွေကိုလဲ ကိုကိုနိုင့်မိန်းမကို ပေးပါ။ မပေးလို့ မွေးကို အပိုင်ပေးပြီးသားဆိုရင်လဲ ဒီပစ္စည်းတွေကို အဆုတ်နာ လူနာများ စောင့်ရှောက်ရေးအသင်းကို လှူခွင့်ပြုပါ။



## မွေး

မွေးကို ခွဲခွာရလို့ ခံစားရတဲ့ ဝေဒနာဟာလဲ သားသားလေးမျက်နှာကို မြင်ရတဲ့အခါတိုင်း တဖြည်းဖြည်း သက်သာမှာပါပဲ။

ခုလို ချစ်တဲ့သူတွေနဲ့ အဖန်ဖန် ကွေကွင်းခြင်းဆိုတဲ့ ဒုက္ခတွေ အနန္တကို ဒါလောက်တွေ့ရက်နဲ့ မွေး တရားမရဘူးဆိုရင် မွေးလောက် မိုက်တွင်းနက်တဲ့သူဟာ မရှိတော့ဘူး။ သုခ၊ ဒုက္ခဆိုတဲ့ အကျိုးတရားတွေကို ဖန်တီးတာဟာ ဘဝ အစဉ်အဆက်က စိတ်အကြောင်းရင်းခံပဲ၊ ဒီစိတ်ရဲ့ လောဘ၊ ဒေါသ၊ မောဟ အကြောင်းအရင်းခံတွေကြောင့်၊ ဇောတွေကြောင့် မွေးဟာ ဝဋ်ဒုက္ခအစဉ်တွေကို ခံရတာပဲ၊ ဒီအကြောင်းရင်းဖြစ်တဲ့ 'စိတ်'ကို ပြတ်ရာပြတ်ကြောင်း တရားရှာမွေ့လို့ တွေ့ခဲ့ရင်တော့ ကိုကိုနိုင်ရဲ့ မွေးတစ်ယောက် ဒုက္ခသံသရာက လွတ်ပြီလို့ အောက်မေ့ပေတော့။

မွေးကို ခွင့်လွှတ်ပါ။ နှစ်ယောက် အတူတကွ ပေါင်းသင်းခဲ့ကြစဉ်အတွင်းမှာ ကိုကိုနိုင့်အပေါ် မွေးပြုခဲ့တဲ့ အဆိုးတွေရှိခဲ့ရင် မွေးကို ခွင့်လွှတ်ပါ။ ကိုကိုနိုင် သဘောထားပြည့်ဝမှု၊ အနစ်နာခံမှုတွေကိုတော့ မွေး တစ်သက်မမေ့ပါ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ

မွေး

စာဆုံးလျှင် အတွတ်သည် ငိုင်သွားတော့၏။ ကာယကံရှင် ကိုကိုနိုင် မပြောနိုင်တော့ သူကိုယ်တိုင်ပင် စိတ်မထိန်းနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မွေးလေ ကိုကိုနိုင်နဲ့ ဘယ်တော့မှ မခွဲတော့ဘူး။ တောထဲမှာပဲနေနေ၊ တောင်ကြားထဲမှာပဲ နေနေ မွေးလိုက်မှာပဲ"

အိန္ဒိယမှာနေတုန်းက မွေးပြောသော စကားလုံးများကို ကြားယောင်လာသည်။ မွေးသည် ဘယ်လိုများ ဆုံးဖြတ်လိုက်ပါလိမ့်။ ကိုကိုနိုင်ဘက်သို့ လှည့်ကြည့်လိုက်လျှင် ကိုကိုနိုင်သည် လူသေကြီးလို မလှုပ်မရှား။ အတွတ်ကို စိုက်ကြည့်နေလေသည်။

"သူ ဒီကို ပြန်လာမှာလား"

အတွတ်က စိုးရိမ်တကြီး မေးပြန်သည်။

"လာမှာပါ၊ လာဦးမယ်"

"ဒီတော့"

အတွတ်သည် ဘာဆက်မေးရမှန်း မသိပေ။

"ဒီတော့ မနေနဲ့တော့လေ။ သူစိတ်ချမ်းမှု ရစေချင်ရင် သူပြောတဲ့တိုင်း လုပ်ပေးရမယ်လို့ မနေ့က ပြောတယ်။ သူပြောသလို ကျုပ်… ကျုပ် လိုက်လျောပါတယ်၊ ဒါပေမယ့် ဟိုမိန်းမကိုတော့ ကျုပ်တစ်သက်မပေါင်းဘူး။ ပေးစရာရှိတာပေးလိုက်ပြီ၊ သားအတွက် တာဝန်ယူတယ်။ မနေ့ကပဲ ဟိုမိန်းမကိုစွက ဝတ်လုံနဲ့ ရှင်းလိုက်တယ်"

ကိုကိုနိုင်သည် တုံးတုံးတိတိအသံနှင့် ပြောလိုက်၏။

"စိန်တွေ မွေးလက်ထဲ အပ်လိုက်ပါတယ်။ ကျုပ်မြတ်နိုးတဲ့ သူကိုတောင် လက်လွှတ်ရသေးတာပဲ၊ ဒီစိန် ကျုပ်မလိုချင်ပါဘူး"





အတွတ်သည် ဘာမျှမပြောနိုင်ဘဲ အကြောင်သား ငိုင်နေမိ၏။

"မွေးဟာ တော်တော်စိမ်းနိုင်တဲ့ မိန်းကလေးပဲ၊ ကျွန်တော့်ကို စာပေးခဲ့ပြီး သူ့ဖေဖေဆီ ထွက်သွားလေရဲ့"

"ဟို မိန်းမကို ကွာပြီပဲ၊ သူလုပ်တာ အဓိပ္ပာယ်မရှိဘူး"

အတွတ်က ညည်း၏။

"သူ့ကြောင့်တဲ့ဗျာ၊ သူနဲ့ဝေးနေရင် ပြန်ဆက်ကြမှာပါတဲ့။ ဒါကြောင့် သူ အဝေးကိုရှောင်သတဲ့"

ကိုကိုနိုင်သည် ဟိုညကတည်းက အိပ်ပုံမရ၊ ဆံပင်များမှာလည်း ဖွာလံကြဲကာ ဆေးလိပ်လက်ကြားညှပ်ကာ ဆောင့်ကြောင့်ထိုင်နေသည်မှာ အတော်ပင် ပုံဆိုးပန်းဆိုး ဖြစ်နေပုံရပေသည်။ သူတို့နှစ်ယောက်သည် အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ၏။

"ခင်များနဲ့သူ ခရီးထွက်ကြဦးမယ်ဆိုတယ်၊ ဘယ်တော့လဲ" ကိုကိုနိုင်က အတွတ်ကို လှမ်းမေး၏။

"သန်ဘက်ခါ"

အတွတ်အဖြေဆုံးလျှင် ကိုကိုနိုင်သည် 'သန်ဘက်ခါ' ဟုလိုက်ဆိုလိုက်၏။ ကိုကိုနိုင့်စိတ်ထဲတွင် ထိုစကားလုံးကို ရွတ်ရသည်ကိုပင် မနှစ်မြို့သလို ဖြစ်လာသည်။

သန်ဘက်ခါဆိုသောနေ့ကို ရောက်ရပေဦးတော့မည်။ သူတို့အိမ်ထောင်၏ အပေါင်းအသင်း အတွဲအဆက်တို့၏ ပုံတစ်မျိုး အပြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလဲသည် သန်ဘက်ခါပေါ်တွင် သမွေတည်ပေဦးတော့မည်၊ သန်ဘက်ခါမှစတင်၍ မွှေးသည် ဤအိမ်ကြီးကို ခွဲခွာမည်ဖြစ်၏။ ဤအပြောင်းအလဲကြီးတစ်ခုကို ကိုကိုနိုင်က လက်မခံသည့်အတိုင်း သူ့စိတ်ထဲတွင် နည်းလမ်းရှာကြည့်၏။ အမှန်တော့ မွှေးတင်ပြသော ရည်ရွယ်ချက်သည် မဆိုးပေ။ အပြောင်းအလဲမဖြစ်ဘဲ ထိုရည်ရွယ်ချက် အောင်မြင်အောင် မလုပ်နိုင်ပေဘူးလား။ ကိုကိုနိုင်သည် သူ့ကိုယ်သူ မေးခွန်းထုတ်၏။ မွှေးဘက်က ပြန်တွေးလိုက်လျှင်လည်း ဝမ်းနည်းစရာပင်တည်း။ ရှုပ်ထွေးနက်နဲသော ပေါင်းသင်းဆက်ဆံရေးအကြားမှလည်းကောင်း၊ ဘဝ၏ အခက်အခဲကြားမှလည်းကောင်း ခန္ဓာကိုယ်ရော စိတ်ပါကြိတ်မှိတ်ထိုးဖောက် လူ့အကြားသို့ ဝင်လာပြီးခါမှ ကိုယ်နှင့်ဘဝတူ ကိုယ်စားရည်စရာ သားသမီးလေးတစ်ယောက်မှ မထားနိုင်ခဲ့သည်ကို မွှေးအဖို့ ကျေနပ်နိုင်မည် မဟုတ်ပေ။

ကိုယ်စားရည်နိုင်သော အဆုတ်ရောဂါကု ဆေးခန်းကြီးတစ်ခုကို တည်ဆောက်ပြီး ထားခဲ့နိုင်သေးပါမှ သူ့ဘဝတွင် ကျေနပ်ဖွယ်အများကြီးပင်ဖြစ်၏။ အီဂျစ်အစခေတ်ပိုင်းမှ ပိရမစ်ကြီးလိုပင် ကျောက်သားဖြင့် ကမ္ဘာတည် အဆောက်အဦကြီးများမဖြစ်စေကာမူ လူဖြစ်ခဲ့ရသူသည့် အထိမ်းအမှတ်၊ လူသားတို့၏ လုပ်အားနှင့် အသွေးအသားဆုတ်ယုတ်ကုန်ခန်းသည်အထိ ကြိုးစားပေးခဲ့ရသော အထိမ်းအမှတ်အဖြစ်တော့ ကျန်ရစ်ခဲ့နိုင်၏။ ဒီအထိမ်းအမှတ်တစ်ခု ကျန်ရစ်ရန်အတွက် သူ့ကို ခွဲခွာ၍ မွှေးထွက်သွားမည်ဆိုသည်မှာ လုံလောက်သော အကြောင်း မဟုတ်ပေ။ မိန်းမစိတ်ဆိုသည်ကလည်း သိနိုင်ခက်ခဲစွတကား။





မွှေးစိတ်ထဲတွင် နောက်မိန်းမသည် သားမွေးပေးနိုင်၍ ကိုကိုနိုင်က အချစ်ပိုချင်ပိုမည်ဟူသော အတွေးနှင့်သူ ရှောင်ထွက်ရန် စီစဉ်ခြင်းဖြစ်ချင်ဖြစ်မည်။ ဒုတိယအချက်အဖြစ် မွှေးက တင်ပြသည်မှာ သူရောဂါသည်ဖြစ်၍ ကွာသင့်သည်ဟု ဆိုသည်။ ကိုယ်လိုချင်တာတွေ လုပ်ချင်တာတွေ အောင့်အည်းမျိုသိပ်၍ သူများလုပ်လိုသမျှလုပ် ပေးခဲ့သူတစ်ဦးအပေါ် ဒါလောက် စိမ်းကားရမည်မှာလည်း တရားသဖြင့် ဖြစ်ပါမည်လား။

ကိုကိုနိုင်သည်လည်း တစ်နေရာတည်း မထိုင်တော့ပေ။ ဟိုဟိုသည်သည် လျှောက်ရာမှ စာအုပ်စင်ရှိရာ ထသွား၏။

အတွတ်သည်လည်း ပြတင်းတွင်ရပ်ကာ အပြင်သို့ငေးမိ၏။ ဟင်းလင်းပွင့်သော ကောင်းကင်ကို မြင်ရလျှင် ပြတ်သားသော အကြံဉာဏ်များ ရလိုရငြား မျှော်ရှုကြည့်မိ၏။ ကောင်းကင်၏သွင်ပြင်ကလည်း အကြံအိုက်သူ၏ မျက်နှာလို မိုးသားများနှင့် အုံ့မှိုင်းကာ ကြည်ကြည်လင်လင် မရှိပေ။ အမှန်တော့ အသည်းနှလုံးက ပေါ်လာသော သူ၏စိတ်ကူးကို ကောင်းကင်ပြင်က ဘယ်လိုမျှ အဆုံးအဖြတ်ပေးနိုင်မည် မဟုတ်ပေ။ သူဦးနှောက်ကသာ ဆုံးဖြတ်ရမည် ဖြစ်၏။

ဆံရစ်ဝိုင်းကလေးနှင့် နားကွင်းကျယ်ကျယ်ကို ပန်ကာ အသားမည်းအကျည်းတန်လှသော မျက်နှာဝိုင်းနှင့် ကလေးမလေး မျက်နှာသွင်ပြင်က ညှိုးစိမ့်စိမ့်နှင့် မိုပြည်ပြည်ဖြစ်လာကာ မျက်လုံးလေး ဝင်းဝင်းလက်လက်နှင့် ချစ်ဖွယ်ကောင်းလာသော မိန်းကလေး။

လက်ထပ်ပြီးနောက်ပိုင်းကျတော့လည်း ဖြစ်ပေါင်းခုံသော ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်အားခံနိုင်ရည်ရှိသော နှလုံးသား၏ အထိမ်းအမှတ်သဖွယ် တောက်ပသော မျက်လုံးအစုံသည် တည်ငြိမ်၍ တန်ခိုးရှိလာပြန်သည်။ ထိုမျက်လုံးလေးတွေနှင့် အစဉ်တွေ့ခဲ့ရတိုင်း သူ့နှလုံးသားတို့သည်လည်း အေးမြကြည်လင်ခဲ့ရ၏။ အိန္ဒိယမှာတုန်းကလည်း ထိုမျက်လုံးလေးနှစ်လုံးသာ သူ့ပတ်ဝန်းကျင်တွင် မရှိခဲ့ပါလျှင် သူထိုမျှကြာကြာ ပျော်ပျော်ရွှင်ရွှင်နေနိုင်မည် မဟုတ်ပေ။

သူသည် ပြတင်းမှ ခွာလိုက်၏။ သူ့ဆုံးဖြတ်ချက်အတိုင်း လုပ် ရန် ဆုံးဖြတ်လိုက်သည်။

သူက ပြတင်းကို နောက်မှီ၍ အခန်းတွင်းသို့ ကြည့်လိုက်လျှင် ကိုကိုနိုင်သည် စာအုပ်စင်ရှိနားတွင် ရပ်မြဲရပ်နေ၏။ စာတစ်အုပ်ကို သူ့လက်ထဲတွင် ဖွင့်၍ညာလက်ဖြင့် ကိုင်ထားသည်။ ဘယ်ဘက်ကမှ စာအုပ်ကြားထဲမှ ပန်းပွင့်ခြောက်နှင့်တူသော အခက်ခြောက်ကလေးတစ်ခုကို ကြည့်နေသည်။ အခက်လေးသည် ဝါညစ်ညစ်အရောင်ကလွဲ၍ ဘာအဆင်းမျှမရှိ။ သေ့ခြောက်ခြောက်ဖြစ်နေသည်။ ကိုကိုနိုင်က ထိုအခက်ကလေးကို ညင်ညင်သာသာကိုင်၍ နေသားတကျ စာအုပ်ထဲသို့ ပြန်ထားလိုက်သည်။

မိုးသားများသည် အုံ့သည်ထက် အုံ့မှိုင်းကာ ပြိုတော့မလို ညှို့မှောင်လာကြ၏။ ကမာရွတ်အိမ်တွင်မူ မွေးသည် မေမေကို ကန်တော့၍ ပြီးပေပြီ။ သူ ယခင်က အိပ်သောအိပ်ခန်းလေးကို အထွေအားရှင်းနိုင်လိုက်၏။ မိတ္ထီလာက ပြန်လာလျှင် သူလာ၍နေမည့် အစီအစဉ်ကို ပြောပြသော်လည်း သူတစ်ယောက်တည်းလား။ ကိုကိုနိုင်နှင့်အတူလားဆိုသည်ကိုမူ မွေးက တိတိကျကျ မပြောပေ။





အိမ်လေးကို အထူးအဆန်းသဖွယ် လှည့်ပတ်ကြည့်၏။ ထိုအိမ်လေးတွင် နှစ်ယောက် လက်ထပ်ခဲ့ကြသည်။ မွေးသည် သူ့ဘဝ၏ များပြားသော အတွေ့များ၊ မြန်ဆန်သော အပြောင်းအလဲများကို ပြန်၍တွေးမိ၏။ သူ့သဘောအလျောက် ဖြစ်ပျက်သော အကြောင်းတို့သာတည်းဟူ၍ စိတ်ကို လွှတ်လိုက်ပြန်တော့လည်း သက်သောင့်သက်သာ ရှိ၍သွားပြန်သည်။ အိမ်၏ခေါင်းရင်းဘက် ဘုရားခန်းသို့မဝင်ခင် ဧည့်ခန်းနံရံတွင်မူ ဘီးဆံထုံးမောက်မောက်ကြီးများနှင့် ဘီအေ၊ ဘီအက်စ်စီ ဒီဂရီဘွဲ့အဝတ်စုံများကိုဝတ်၍ ရိုက်ထားသော လေးနှင့်ထွေးတို့၏ပုံမှာ ဧည့်ခန်း၏ကျက်သရေလို ဖြစ်နေပေသည်။ သူတို့မျက်နှာများသည် လို ချင်သောဆန္ဒကို ဖြောင့်ဖြူးစွာရခြင်းဟူသော နှစ်သိမ့်မှုဖြင့် ရွှင်လန်းအားရစိုပြည်လျက်ရှိပေသည်။ မွေးသည် ညီမများပုံကို အတန်ကြာ စိုက်ကြည့်ပြီးမှ ဘုရားခန်းထဲသို့ ဝင်ခဲ့၏။ မေမေ၊ မမနှင့် ဘွားဘွားတို့၏ ကွယ်လွန်သူပုံများမှာ ဘုရားစင်အောက်နံရံတွင် ချိတ်ဆွဲထားလျက်ရှိသည်။

မွေးသည် ကြမ်းပြင်ပေါ်ထိုင်ချကာ ဘုရားကိုဝတ်ပြုလိုက်၏။ ဖယောင်းတိုင်ကို ယူကာ မေမေရှေ့တွင်တစ်တိုင်၊ မမရှေ့တွင် တစ်တိုင် ထွန်းညှိလိုက်သည်။

"သမီးကို ခွင့်လွှတ်ပါမေမေ၊ သမီးတစ်သက်မှာ ဖရက်ကို ကြိုက်တာကလွဲလို့ မေမေစိတ်တိုင်းကျ လုပ်ခဲ့ပါတယ်။ မေမေ့သမီးငယ်နှစ်ယောက်လဲ အခုဒီဂရီရပါပြီ။ သမီးတာဝန်ကျေအောင် ဆောင်ရွက်ပေးပါတယ်။ သမီးဟာ ကိုယ်လုပ်ချင်တာကို ဘာမှမလုပ်ရဘဲ သူများလုပ်ချင်တာကို လုပ်ပေးဖို့ မွေးဖွားလာတယ်ဆိုတာကိုလဲ နားလည်ပါတယ်။

www.burmeseclassic.com



နောင်ကိုလဲ မေမေ့ဆန္ဒအတိုင်း အများကောင်းကျိုးအတွက် သမီး စွမ်းအားရှိသမျှကို လှူမယ်ဆိုတာ မေမေ့ဓာတ်ပုံရှေ့မှာ သမီးကတိပြုပါ တယ်''

မွှေးသည် ပါးစပ်မှ တီးတိုးရေရွတ်တာ မေမေ့ကို ဦးချ၏။ အစ်ကိုတွေ နိုင်ငံရေးလုပ်ချိန်မှာရော၊ ညီမများ ကျောင်းထားချိန်မှာ ရော ခါးချိုး၍ အလုပ်လုပ်ရသူ အလုပ်သမားကြီးအဖြစ် မမပုံကို သူ ဝေးမောနေမိ၏။ တမ်မိသားစုမှာဖြစ်စေ တစ်နိုင်ငံမှာဖြစ်စေ တစ်ချိန် တွင် လူတစ်စု ကောင်းစားရေးအတွက် လူတစ်စုမှာ ခါးချိုးကာ ကုန်းခံ ရပါတကားဟူသော သဘောကို မွှေးက ပြန်၍သုံးသပ်မိ၏။

''မမလိုပဲ မွှေးလဲ ကျရာနေရာက အလုပ်လုပ်ဖို့ အမြဲကြိုး စားပါ့မယ်''

မွှေးသည် အသံများ တုန်လာ၏။ သူ့မျက်လုံးတွင် မျက်ရည် များ ဝေ့လာသော်လည်း မမဓာတ်ပုံထဲက မျက်နှာက အေးမြကြည်လင် နေသည်။ သွားတက်လေးများက သူ့အပြုံးကို တောက်ပစေပေသည်။ သူသည် ဓာတ်ပုံများ အနားကခွာလာခဲ့၍ အိမ်သားများကို နှုတ်ဆက် ကာ ကိုကိုနိုင့်အိမ်သို့ ပြန်လာခဲ့သည်။

မိုးဖွားလေးများစတင်ရွာသွန်းလာကြသည်။ မိုးချုပ်လာ၍ အပြင်တွင် အတော်ပင် မှောင်၍လာပေသည်။ ကိုကိုနိုင်နှင့် အတွတ် သည်လည်း အိမ်ပေါ်ခန်းမှ မထွက်ကြသေးပေ။ သူတို့အခန်းထဲတွင် ကိုဘဲဆောင်က မီးများလာဖွင့်ပေးသွား၏။

အပြင်မှာ မိုးသည် တဖြည်းဖြည်း သည်းလာ၏။ ကိုကိုနိုင်





သည် အတွတ်ကိုကြည့်ရင်း ''မွှေးပြန်ချိန် နောက်ကျလိုက်တာ'' ဟု စိုးရိမ်ဟန်နှင့်ဆိုသည်။ အတွတ်ကတော့ စိုးရိမ်သည်ထက် အလိုလို ထိတ်လန့်နေသည်။

မပြတ်နိုင်သော သံယောဇဉ်ကြောင့် ကိုကိုနိုင့်ရင်ထဲတွင် ဒုက္ခ ကြီးနေပုံရပေသည်။ အိမ်အောက်ထပ်မှ ကားတစ်စီး ဆိုက်သံကြားရ ပေသည်။

''ဟော အတွတ် သူပြန်လာပြီ ထင်တယ်''

ကိုကိုနိုင်သည် မတ်တတ်ရပ်လိုက်၏။ အတွတ်က အောက် ဆင်းရန် ခြေလှမ်းပြင်ရင်း ...

''ကျွန်တော် သူ့ကို သွားတွေ့ဦးမယ် ကိုကိုနိုင်'' ဟု ဆို၏။

ကိုကိုနိုင်သည် မတ်တတ်ရပ်ကာ ကျန်ရစ်၏။ မွှေးမှာအပေါ် သို့တက်မလာသောကြောင့် အတွတ်က အောက်သို့ဆင်းသွားသည်။

ဧည့်ခန်းထဲတွင် အရှေ့မြောက်ထောင့်ဆိုဖာအနီးမှ မတ်တတ် မီးတိုင်လေးတစ်လုံးသာ လင်းနေသည်။ ဂျပန်မီးအုပ်ဆောင်း ပန်းရောင် ၏ အရောင်မှာ ပတ်ဝန်းကျင်ကို ပြေပြေလေး လင်းနေပေသည်။ မွှေး သည် မီးတိုင်အောက်တည့်တည့် ဆိုဖာပေါ်တွင် ထိုင်လျက်ရှိ၏။ စိန်ကတ္တီပါ နှင်းကာအနက်မှာ မီးရောင်အောက်တွင် စိန်နက်လို တောက် ပနေသည်။ ပခုံးပေါ်ခြုံထားသော နှင်းကာအရောင်ကြောင့် မွှေး၏မျက်နှာ မှာ လှပစွာလင်းနေပုံရသည်။ အနားယူထားသည့်အရှိန်၊ ဆေးကုထား ပြီးသောအရှိန်ကြောင့် သူ့မျက်နှာသည် အပျိုဖော်ဝင်စလို မနုသည်က လွဲ၍ ပြည့်ပြည့်ဖြိုးဖြိုး၊ စိုစိုဝင်းဝင်းလေး ဖြစ်နေသည်။ အတွတ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဖူး စိုက်ကြည့်နေစဉ် မျက်လုံးများမှာ တဖျတ်ဖျတ် အရောင်ထွက်နေလေသည်။ အတွတ်သည် တဖြည်းဖြည်းလျှောက်လာကာ မွှေးအနားတွင် ထိုင် လိုက်၏။

ဖရက်နှင့်မွှေး ပထမဆုံး တွေ့သော ညနေကို အတွတ်က ပြန်လည်သတိရ၏။ ထိုညက သူသည်အပြေးအလွှား မွှေးကိုလာကြည့်စဉ် မီးတိုင်ဘေးဝယ် မွှေးကို ယခုလိုပဲ တွေ့ရ၏။ ယခင်မွှေး၏ ကုတ် ပေါ်တွင် အုပ်လုံးသိမ်းစ မဝင့်တဝင့် ဆံပင်များ ဝဲနေသည်ကလွဲ၍ ယခု မွှေးမှာ ဘာမျှမထူးခြားသလို သူ့စိတ်ထဲက ထင်သည်။ ယခုလည်း မွှေးသည် နောက်တွဲဆံထုံးကို သပ်သပ်ရပ်ရပ်ထုံးထား၏။ ယမန်နေ့ စိတ်ဆင်းရဲမှုဒဏ်ကို အပြင်းအထန် ခံစားထားရဟန် အရိပ်အယောင်မျှ မွှေးမျက်နှာတွင် မပေါ်ပေ။

"ဘယ်လိုလုပ်လိုက်တာလဲ မွှေး"

အတွတ်က ခပ်တိုးတိုးပင် မေးလိုက်၏။

"ဖြစ်သမျှအကြောင်း အကောင်းတွေချည်းပဲပေါ့ အတွတ်၊ အဲဒီအကြောင်းတွေ ဘာမှမပြောဘဲနေရင် မကောင်းဘူးလား။ ကဲ အသင်းမှာ မွှေးယူထားတဲ့ တာဝန်က ဘာ...နေရာရှာဖို့ ဟုတ်လား"

မွှေးသည် စကားကြောင်းကို ဖွတ်ပြောင်းပစ်လိုက်၏။ အတွတ်ကတော့ အင်မတန် ရှုမော၍ မကုန်နိုင်သော လှနတ်သွင်ကို ကြည့်သလို မွှေးကို ငေးကာကြည့်နေသည်။ သူ့ရင်ထဲတွင် တဖျတ်ဖျတ် လှုပ်ရှားကာ နှလုံးခုန်လာပြန်သည်။





"ဘယ်လို ပြောလိုက်တာလဲ မွှေးရယ်၊ ကိုကိုနိုင့်ကို မေသနား တော့ဘူးလား"

အတွတ်သည် ထပ်မံ၍ ဖြည်းဖြည်း ပြန်ပြောသည်။

"ကိုကိုနိုင် မကြာခင် စိတ်ချမ်းသာလာမှာပါ အတွတ်။ မွှေးက ဒုက္ခကောင်ကြီးပါ၊ ကိုကိုနိုင့်ကို အမြဲဒုက္ခပေးခဲ့တာပဲ။ သူ ရင်နာရရင် ခဏပေါ့။ ဒီအကြောင်းကို မပြောပါနဲ့တော့ အတွတ်ရယ်၊ မွှေးတောင်းပန်ပါတယ်။ အစည်းအဝေးကာသာ မွှေးဘာလုပ်ဖို့ ဆုံးဖြတ်လဲ"

မွှေးက ဖွတ်မေးနေတော့သဖြင့် အလုပ်အကြောင်းကို ပြောပြရသည်။

"မွှေးရယ်၊ အတွတ်ရယ်၊ ပြီးတော့ အင်ဂျင်နီယာတစ်ယောက်ရယ်၊ ဒေါက်တာမောင်မောင်ကြီးနဲ့ လူနာဟောင်း ကုန်သည် ဦးအောင်ဖေ၊ အဲဒီငါးယောက် မိတ္တီလာသွားပြီး နေရာကြည့်ရမယ်။ မိတ္တီလာနဲ့ မလှိုင်သွားလမ်းတစ်လျှောက်ကို ကြည့်ရမှာပဲ။ အဲဒီမှာ သစ်ပင်တွေ ပေါက်ပုံလဲ အာရောဂျံနဲ့ တူတယ်၊ လေကလဲ ခြောက်သွေ့တယ်။ နေရာလဲ ကျယ်တယ်။ ရေကိုတော့ ထုံးခတ်ပါတယ် မပါတယ်ဆိုတာ ကိုယ်တို့ စမ်းရမယ်"

"ငွေရေးကြေးရေးကရော"

"လူနာဟောင်းတွေ အကြံပေးသလို ခုရတဲ့ ငွေနဲ့ကိုယ်နိုင်သလောက် စမယ်လေ၊ တဖြည်းဖြည်း ငွေရှာရသလောက် ပွည်းကိုသာ ဝယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် ခေါင်းတညိတ်ညိတ် နားထောင်နေ၏။

"မွေးရဲ့ စိန်တွေကို နက်ဖြန်ပို့လိုက်မယ်။ စာရင်းထဲမှာတော့ ကွယ်လွန်သူ ဒေါ်မညွှန့် လှူဒါန်းပါတယ်လို့ ကိုကိုနိုင် အမေနာမည် ထည့်ပေးပါ"

"သူတို့ သုံးယောက် နက်ဖြန်ခရီးစထွက်ပြီး မိတ္ထီလာကနေ စောင့်မယ်၊ အတွတ်နဲ့မွေးက သန်ဘက်ခါမှ လိုက်ဖို့အတွက် စီစဉ်ထားတယ်။ ဘာလို့လဲဆိုတော့ မေမေ့ကို စောင့်နေတယ်။ မေမေ ဝါးခယ်မ ပြန်နေလို့ အိန္ဒိယကပြန်မှ မတွေ့ရသေးဘူး"

"ကောင်းပါတယ်လေ"

မွေးသည် ပြတင်းအပြင်ကို ငေးမျှော်ကြည့်နေ၏။ အတွတ်ကတော့ မွေး၏မျက်နှာကိုသာ စေ့စေ့ကြည့်နေသည်။ သူ့အကြံအစည်ကို ထုတ်ဖော်ပြောသင့် မသင့်ဆုံးဖြတ်မရဟန်ရှိလေ၏။ သူ့ရင်ထဲတွင် ... သက်တာတွင် မလှုပ်ရှားဖူးသော လှုပ်ရှားခြင်းမျိုးဖြင့် ရင်ခုန်နေတော့သည်။ တံတွေးများကို ခဏခဏမျိုချရင်း စကားပြောရန် ကြိုးစားနေ၏။ နောက်ဆုံး သက်ပြင်းချလိုက်ကာ ...

'မွေး'ဟူ၍ ခေါ်လိုက်သည်။ သူ့ခေါ်သံသည် တုန်တုန်ယင်ယင်ဖြစ်နေ၍ မွေးက အံ့သြစွာ သူ့ကိုလှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးများသည် အတော်ပင် အရောင်တောက်ပနေတော့သည်။ အမှန်တော့ အတွတ်သည် ဝမ်းထဲက သတ္တိလာရှိသလောက် သူ့မျက်လုံးကပါ တောက်ပလာခြင်းဖြစ်သည်။





"အိန္ဒိယမှာတုန်းက ဟိုရေပေးကန်သွားတဲ့ ညနေကို သတိရသေးလား"

သူ့မေးခွန်းမှာ အရင်ကလည်း မေးဖူး၍ မွေးကပြုံးရယ်ပစ်လိုက်သည်။

"သတိရပါတယ် အတွတ်ရဲ့။ ဘာလဲ ကိုကိုနိုင်ပေးတဲ့ စာအကြောင်း ပြောဦးမလို့လား"

"မဟုတ်ဘူး"

သူသည် သွက်သွက် ပြောလာ၏။

"အဲဒီညနေက အတွတ် လက်ထပ်ဖို့ မွေးက တိုက်တွန်းတာလေး သတိရသေးလား"

"ဪ ... ဒါလား။ သတိရပါတယ်။ ကဲ ... ဟုတ်ပါရဲ့။ ပညာ လဲစုံကြင်ယာလဲစုံ၊ အဲဒီမိန်းမကလေးကို မွေးပြောပေးမယ်။ ဒေါ်ဒေါ် လဲနက်ဖြန်ရောက်မှာ မဟုတ်လား"

မွေးက ရွှန်းရွှန်းဝေဝေ ပြန်ပြော၏။

"ဟုတ်တယ်၊ အဲဒီ မိန်းကလေးက ဘယ်သူလဲ ဆိုတော့ မွေးပဲ"

သူသည် တောက်လျှောက်ကြီး ပြောချလိုက်၏။ သူ့မျက်လုံးများကိုမူ မွေးမျက်နှာမှ မခွာပေ။ သူသည် ဘာပဲဖြစ်ဖြစ် ဖွင့်နှစ်မည် ဟန်ပေါက်နေသည်။

"ဘုရားရေ ... ဘုရား ... ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မွေးက အလွန့်အလွန်ပင် အံ့ဩခြင်း၊ အံ့အားသင့်ခြင်းဟန်ဖြင့် ကြောင်၍ကြည့်ကာ ဆိုဖာနောက်မှီသို့ ယိုင်သွားတော့သည်။

'ဘာပြောတယ်'ဟု ခပ်ကြောင်ကြောင်ကြည့်ကာ မယုံသက်ာသလို မေးပြန်သည်။

"မွေးလို့ ပြောနေပါပကော"

မွေးသည် မလှုပ်မရှား ကျောက်ရုပ်လို ငြိမ်သက်ကာ သူ့ကို ကြည့်နေ၏။

"မွေးကတော့ ထင်မှာပဲ ကိုကိုနိုင့်အိမ်ပေါ်ကမှ မဆင်းရသေးခင် ဒီစကားတွေ ပြောရက်တာ အံ့ပါရဲ့လို့ ထင်မှာပဲ။ ဒါပေမယ့် ပြောရ တယ်မွေး။ ကိုယ် နောက်ကျတတ်လွန်းလို့ ဒီတစ်ခါ ဖွင့်မိုက်ပြီး ပြော ရတာ"

မွေးသည် သူ့ကိုရဲတင်းစွာပင် စိုက်ကြည့်နေဆဲဖြစ်သည်။ ယခုမှ အသက်ရှူဖို့ သတိရသလို တစ်ချက်ရှိုက်၍ရှူလိုက်၏။

"ဖြစ်မှ ဖြစ်ရလေ အတွတ်ရယ်၊ အတွတ် ဘာတွေပြောနေတာလဲ"

မွေးက ခပ်တိုးတိုး ဆို၏။

"အတွတ်ပြောတာ ရှင်းရှင်းလေးပဲ မွေး။ မွေးကို အတွတ်ချစ်တာ ခုမှမဟုတ်ဘူး။ အဲ ဟိုကဗျာလေး ရွတ်ပြတဲ့ညနေကတည်းက ချစ်ခဲ့တာပဲ။ 'မချောစရာ၊ ချောစရာလျှင်' ဆိုတဲ့ ရင်တေဇောသာရ ကဗျာကို ရွတ်ပြတဲ့နေ့ကတည်းကပဲ။ ဒါပေမယ့် ကိုယ်က ဝမ်းထဲက





အချစ်ကို ဖော်မပြတတ်ဘူး။ အမြဲပဲ နှောင့်နှေးခဲ့တယ်။ ဖရက်က လက်ဦးသွားပြန်တော့ အတွတ် ဘယ်လောက်ရင်နာခဲ့ရတယ်ဆိုတာ မွေး မသိဘူးနော်"

အတွတ်သည် စကားပြောရာ၌ ရဲရဲဝံ့ဝံ့ ဖြစ်လာ၏။ သူသည် ထိုမျှရဲဝံ့စွာ အချစ်ရေးကိစ္စတွင် ပြောတတ်လိမ့်မည်ဟု သူမထင်ခဲ့။ ယခုတော့ ဘာကများ တိုက်တွန်း၍မသိ။ သူသည် နှစ်ရှည်လများ ခံစားခဲ့ရသမျှကို ရင်ထဲမှ အန်ထွက်လာကြ၏။

"ဒါပေမယ့် အတွတ်အချစ်ဟာ ငါရရင်ပြီးရောဆိုတဲ့ ကိုယ့်တစ်ဖက်တည်း ကြည့်တဲ့အချစ်မျိုး မဟုတ်ခဲ့ပါဘူး။ တို့ချစ်တဲ့မွေးကို စိတ်ချမ်းသာစေချင်တယ်။ ဒါကြောင့် ဖရက်ထံက စာတွေကိုတောင် မွေးစိတ်ချမ်းသာပါစေတော့လို့ ကိုယ်တိုင် ယူပေးခဲ့တဲ့အခါများ ရင်ထဲမှာ နင့်နင့်နေခဲ့ပါတယ်"

မွေးသည် မျက်လွှာချလိုက်တော့သည်။ သူသည် စကားတစ်လုံးမှပြန်မပြောတော့၊ ကျောက်ဆစ်ရုပ်တုလေးလို လှပစွာ ငြိမ်သက်နေ၏။

"ဖရက် မွေးကို ခွဲသွားတော့ ရှင်းရှင်း ဖွင့်ဝန်ခံရရင် အတွတ်ကြိတ်ဝမ်းသာမိခဲ့တယ်။ အင်္ဂလန်ကို မထွက်ခင် မွေးကိုတောင်းယူမလို့။ မွေးနဲ့ ကြီးကြီးတင်တို့က အတွတ်အပေါ် မောင်လိုသားလို အခင်ကြီးခင်နေကြတဲ့စိတ်ကို ရင်မဆိုင်ရဲတာနဲ့ အတွတ်အချစ်ကို မဖော်ပြနိုင်ခင် ကိုကိုနိုင်က လက်ဦးသွားပြန်ရော။ ကြီးကြီးတင်က ကိုကိုနိုင်နဲ့ သိပ်သဘောကျတယ်။ သူကပဲ အတွတ်ကတစ်ဆင့် မွေးကိုနားချခိုင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ်က ကိုကိုနိုင်နဲ့မပေးစားပါနဲ့ဗျာ။ ကျွန်တော်နဲ့ ပေးစားပါလို့ မပြောရက်ဘူး။ ဒါတွေဟာ ကိုယ်ညံ့တာတွေဆိုရင်လဲ ခံရမှာပဲ မွေး''

သူသည် ခေတ္တရပ်လိုက်၏။ မွေး၏ မျက်နှာမှစ၍ ခြေဖျားအထိ သူသည် အပြန်ပြန် ကြည့်မိသည်။

''အဲဒီနေ့တုန်းက ကိုကိုနိုင့်ကို ယူဖို့ နားချရတုန်းကများ အတွတ်ရဲ့ နှလုံးသားတွေကို နုပ်နုပ်စင်း ခံရသလိုပါပဲ။ ကိုကိုနိုင်ကလဲ အင်မတန် သဘောထား ပြည့်ဝသူမို့ ကိုယ်လဲနောက်ဆုတ်လိုက်ပါတယ်။ အင်္ဂလန်ကို ထွက်သွားရတုန်းကများ တစ်နေ့မှ မပျော်ရွှင်ဘူး။ မွေး နည်းနည်းမှ မရိပ်မိဘူးပေါ့''

မွေးက စကားတစ်လုံးမှ ပြန်မပြော။ မျက်လွှာပင် ဝင့်၍ မကြည့်ပေ။

''မွေး အတွတ်ကို စကားပြောပါဦး''

သူသည် ကိုယ်ကို ညွတ်ကာ မွေးမျက်နှာကို လိုက်ကြည့်ပြန်၏။

''အိန္ဒိယမှာ ကိုယ်တို့နှစ်ယောက် ပြန်တွေ့တော့ ဝမ်းသာလိုက်တာ မပြောနဲ့တော့။ ဒါပေမယ့် အတွတ် သစ္စာရှိရှိနဲ့ မွေးကို စောင့်ရှောက်ခဲ့ပါတယ်။ မင်းတို့နှစ်ယောက်ပေါ်မှာ ကိုယ်ထားခဲ့တဲ့ စေတနာကို မွေးသိရဲ့လား။ သိရင် မွေးခေါင်းညိတ်ပါကွယ်''

မွေးသည် ခေါင်းညိတ်လိုက်၏။

''ဘာကြောင့် ဒီစကားပြောရသလဲဆို ကိုယ်သူများမိန်းမကို





ကြာခိုချင်တဲ့ကောင် မဟုတ်ဘူးဆိုတာ သိစေချင်လို့။ ခုတော့ မွေးတို့ နှစ်ယောက် ရေစက်ကုန်ကြပြီ၊ အကြောင်းကံ ပြန်မဆုံတော့ဘူး။ ဆုံစရာရှိသေးတယ်ဆိုရင်လဲ ကိုယ့်စကားတွေကို ပြန်ရုပ်သိမ်းပါတယ်။ မဆုံကြတော့ဘူးဆိုရင်ဖြင့် အတွတ် စောင့်စားလာရတဲ့ အနှစ်နှစ် အလလ ဆန္ဒကိုပြည့်ပါမွေးရယ်။ ကုန်ခဲ့တဲ့ အချိန်တွေလို နောက်ကျမှာ စိုးလို့ ချက်ချင်းစဉ်းစား၊ ချက်ချင်းဆုံးဖြတ် ပြောတာပါ။ ဟင် မွေး ဘယ်လိုဆုံးဖြတ်လဲ မွေးရယ်၊ အတွတ်ကို စကားပြောပါဦး''

မွေးသည် ငြိမ်သက်မြဲ ငြိမ်သက်နေရာမှာ သူ့ခြေဖျားလေးများကို တစ်ဘက်နှင့်တစ်ဘက် ပွတ်နေ၏။ သူ့တစ်သက်တွင် မမျှော်လင့်သော စကားကို ကြားရရုံသာမက အတွတ်၏ကြေကွဲဖွယ် ဖတ်လမ်းအတွက် သူမျက်နှာထားရ ခက်နေတော့သည်။ အတွတ်ကမူ သူ့ကို ကြည့်ကာ ပြောပြန်သည်။

''တစ်ခါမှ အချစ်နဲ့ပတ်သက်လို့ အတွတ် မပြောခဲ့ဖူးဘူး။ ခုတောလည်း ခွင့်သာလို့ ပထမဆုံးပြောခြင်းပဲမွေး။ မွေးကို အတွတ် ဆက်ပြီး စောင့်ရှောက်ပါရစေ''

မွေးသည် သူ့ကို မော်ကြည့်လိုက်၏။ ယခုအခါ မွေးမျက်လုံးတို့သည် တောက်တောက်ပပ မရှိလှ။ မျက်ရည်များ ရစ်ဝိုင်း၍ ရီမှုန်မှုန် ဖြစ်နေတော့သည်။

''မွေးမှာ အကုသိုလ်ကံ ကုန်ပါပြီ။ အတွတ်နဲ့ လက်ထပ်ပြီး ပျော်ပျော်နေကြပါစို့ အချစ်ရယ်၊ အတွတ်ကို ချစ်နိုင်မယ် မဟုတ်လား''

အတွတ်သည် တောင်းတောင်းပန်ပန် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"အတွတ်ကို ခွင့်လွှတ်ပါ။ မြန်းစားကြီး ဘာ့ကြောင့် ပြောတယ်ဆိုတဲ့သဘောကို မွေးနားလည်ပြီလား။ စိတ်မဆိုးနဲ့နော်"

"နားလည်ပါတယ်၊ စိတ်မဆိုးပါဘူး"

"ဒါဖြင့် မွေးရယ် မြန်မြန်ပဲ ဆုံးဖြတ်ပါ။ အဖြေပြောပါနော် ကိုယ်တစ်ခါထပ်ပြီး နောက်မကျပါရစေနဲ့"

"နောက်မကျစေရပါဘူး အတွတ်"

မွေးက အားလျော့စွာ ပြောလိုက်၏။ အတွတ်၏ မျက်နှာမှာ ရွှင်လာသည်။

"နောက်ကျတဲ့အဖြစ် ရောက်အောင်လဲ နောက်တစ်ယောက်ကို မွေးမချစ်တော့ပါဘူး။ အတွတ်ကိုလည်း မွေး လက်မထပ်ပါရစေနဲ့ အတွတ်ရယ်"

မွေးသည် ဝမ်းနည်းပမ်းနည်း တောင်းပန်နေ၏။ သူ၏ ပြည့်ဖြိုးသော လက်ချောင်းကလေးများဖြင့် လက်ကိုင်ပဝါဖြူကိုယူကာ သူ့မျက်လုံးကို တို့လိုက်သည်။ အတွတ်ရင်ထဲတွင်တော့ ဟာခနဲ ဖြစ်သွားပြန်သည်။ အတွတ်သည် မွေး၏လက်ချောင်းလေးများကို ဆုပ်ယူကာ နမ်းလိုက်ချင်တော့သည်။

"မွေးကတည်းက ငွေရွှန်းကိုက်မွေးလာတဲ့ ကံလှတဲ့ မိန်းမပျိုတွေအများကြီးပဲ၊ သူတို့ထဲက တစ်ယောက်ယောက်ကို ယူပါအတွတ်။ မွေးကို မမျှော်လင့်နဲ့တော့နော်။ မွေး လင်နဲ့သားနဲ့ နေချင်ရင် ကိုကိုနိုင်ကို ဘာလို့ခွဲသွားမလဲ။ မွေးကာပ်နေချင်ရင် နေနိုင်တာပဲဟာ။ မွေးကို





ခွင့်လွှတ်ပါ အတွတ်ရယ်။ ကျန်းမာရေးချို့တဲ့ပြီး သားတစ်ယောက်တောင် အဖြစ်ရှိအောင် မမွေးနိုင်တဲ့မိန်းမဟာ အိမ်ထောင်ရေးကိုလဲ ဘယ်မှာ သာယာစေတော့မလဲ။ လူမမာကို ပေါင်းရသလို နေရမှာပေါ့"

မွေးက တစ်လုံးချင်း အားယူကာ ဖျောင်းဖျောင်းဖျဖျ ပြော၏။

"ကိုယ် ဆရာဝန်တစ်ယောက်ပါ မွေး"

"မွေးနားလည်ပါတယ်၊ ငယ်ငယ်တုန်းကလိုပဲ မွေးတို့ သန့်သန့်စင်စင်နဲ့ မောင်နှမလို ချစ်သွားကြရအောင် အတွတ်ရယ်"

"မွေးဟာ သိပ်စိမ်းတာပဲနော်"

"မစိမ်းပါဘူး။ မွေးဟာ ချစ်တတ်လွန်းလို့ ရင်နာခဲ့ရတာသေ တော့မယ်။ အတွတ်လဲ သိပြီးသားပဲ ထပ်ပြီး မချစ်ပါရစေနဲ့တော့။ အတွတ်ကို လက်မထပ်နိုင်ပေမယ့် အတွတ်နဲ့အတူ မွေးအလုပ်လုပ်မှာပဲ။ အတွတ်ဘေးမှာ အတူယှဉ်ပြီး အဆုတ်နာရဲ့ ဒုက္ခခံစားနေတဲ့ လူသားတွေအတွက် ဆောင်ရွက်ပေးနေရင် အတွတ်ကျေနပ်ပါတော့။ ခန္ဓာကိုယ်ချင်း မပေါင်းရပေမယ့် စိတ်ခတ်ချင်း ပူးပြီး ရည်ရွယ်ချက်တစ်ခုတည်းကို အတူဆောင်ရွက်သွားမှာ မဟုတ်လား"

အတွတ်သည် မျက်နှာကြီး နီမြန်းကာ ခေါင်းငုံ့နေမိပြန်သည်။ သူ့စကားများသည် နောက်ဆုံးပြောခြင်းပင် ဖြစ်ဟန်တူတော့၏။

"ကိုယ် တခြားမိန်းမကို ချစ်ချင်မှတော့ ဒါလောက် ကြာအောင်အချိန်မဖြုန်းဘူး မွေး။ ဒါလောက် ကြာအောင်လည်း မစောင့်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မွေး သိပါတယ် အတွတ်။ ဒါပေမယ့် အချိန်တွေ လွန်ခဲ့ပြီလေ။ ဒါကိုလဲ သတိရဦးမှပေါ့"

"မလွန်ပါဘူး"

"အို . . . ဒီလို ဖွတ်မပြောပါနဲ့ အတွတ်၊ သတိထားပါ။ တစ်နေ့နေ့ကျတော့ အတွတ်မှာ ချစ်ချင်သူ ပေါ်လာလိမ့်မယ်။ ကိုကိုနိုင် တောင်ပေါ်သေးတာပဲ"

အတွတ်သည် ကလေးငယ်လို ခေါင်းကြီးရမ်းကာ လက်ကာ၏။

"မွေး အယူအဆတွေ မှားနေပြီ။ ကိုကိုနိုင်လဲ မတွေ့ဘူး။ ကိုယ်လဲ တွေ့မှာ မဟုတ်ဘူး။ ဟိုဟာက ပြည့်တန်ဆာ သာသာတွေပါကွာ။ မွေးထပ်မပြောပါနဲ့။ ဒီစကားတော့ ထပ်မပြောပါနဲ့ မင်းက ဖရက်လို လူတွေ့ခဲ့ဖူးတာနဲ့ ယောကျ်ားတိုင်းကို ဖရက်နဲ့ နှိုင်းနေတယ်"

မွေးက မဲ့ပြုံးလေး ပြုံးလိုက်သည်။

"ယောကျ်ားတွေဟာ တယ်ပြီး စကားတတ်တယ်။ အတွတ် မပြောစေချင်ရင် မပြောဘူး။ မွေး အိမ်ပေါ်တက်တော့မယ်၊ သန်ဘက်ခါ မနက် ခရီးထွက်ဖို့ အဆင်သင့်လုပ်ပြီး စောင့်နေမယ် ဟုတ်လား"

အတွတ်က မဖြေ၊ မွေးကို စိုက်ကြည့်နေ၏။ မွေးကို အိမ်ပေါ် မတက်စေချင်ဟန် ပေါ်နေ၏။

"တကယ်ပဲ မွေး အတွတ်ကို မချစ်နိုင်ဘူးပေါ့၊ လက်မထပ်နိုင်ဘူးပေါ့"





မွေးက ခေါင်းညိတ်ပြ၏။ အတွတ်သည် ကုလားထိုင်ကို နောက် ပစ်မှီလိုက်တော့သည်။

"သတိရသေးတယ်၊ ကိုယ်ကဗျာလေး ရွတ်ပြတဲ့ ညနေက မွေးကလည်း ပြန်ဆိုပြသေးတယ်လေ။ 'စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့' ဆိုတာ မွေး မှတ်မိသေးလား။ ခုလဲ အတွတ်မှာ မွေးကို လက်ထပ်ချင်ပေမယ့်၊ ချစ်ချင်ပေမယ့် ကုသိုလ်ကြမ္မာမပါတော့ဘူးလို့ မှတ်ရမှာပေါ့ မွေး"

"ဟုတ်တယ်၊ ဘယ်လိုပဲ ချစ်ချစ် ကုသိုလ်ကြမ္မာဆိုတာ ရှိသေးတယ်"

မွေးက မတ်တတ်ရပ်လိုက်ကာ ဆက်ပြော၏။

"အတွတ်ရဲ့ စကားလုံးတွေ သိပ်လှတာပဲ၊ အပျိုလေးတစ်ယောက်ရှေ့မှာ ပြောနိုင်ရင် သိပ်ကောင်းမှာပဲ၊ မွေးကို ခွင့်ပြုပါဦး။ မွေး အိပ်တော့မယ်"

မွေးသည် သူ့ရှေ့မှပြတ်ကာ လှေကားဝဆီသို့ လျှောက်သွား၏။ မွေးပြောသည်မှာ မှန်၏။ ထိုမျှလှပသော စကားလုံးများမှာ သူသည် မွေးနှင့် ပထမဆုံးတွေ့ရပါလျက် ဘာကြောင့်များ မပြောခဲ့ပါလေသနည်း။ ခုမှတော့ အချိန်များသည် နှောင်းခဲ့ပါပကော။

အပြင်တွင် မိုးသက်လေသည် ပိုမို၍ပြင်းထန်စွာ တိုက်ခတ်လာသည်နှင့်အမျှ မိုးမှာသည်းထန်စွာ ရွာလာဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အတွတ်သည် ကျောက်ရုပ်လို ငြိမ်သက်စွာရပ်နေ၏။ ယခုလို အခြေမဟန်ရင်ဖြင့် စကားအဖတ်တင်ခံကာ သူ့အချစ်ကို ဖွင့်ပြောမည် မဟုတ်ပါပေ။ တွက်ခြေလွဲခဲ့ ပြန်ပါပကော။ မွှေးကို နောက်ထပ် ဘယ်လိုလုပ်ကာ မျက်နှာချင်းဆိုင်ရပါလိမ့်။ 'မပြောဘဲ နေမိရင်ကောင်း သား' ဟူသော နောင်တမှာပေါ်လာပြန်သည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိ၏။ တကယ်ဆိုလျှင် အချိန်ယူသင့်သေးသည် မဟုတ်ပါ လား။ ဘယ်လို မိန်းမပင်ဖြစ်ဖြစ် တစ်ယောက်နှင့် မကွဲကွာရခင် တစ်ယောက်အချစ် လက်ခံဖို့ဆိုသည်မှာ မလွယ်ပေ။ အထူးသဖြင့် မွှေးလို မိန်းအတွက် သာလွန်၍မလွယ်ပါတကား။ ယခုတစ်ခါမှသာ၍ ရှက်လည်းရှက်သည်။ ငိုလည်း ငိုချင်သည်။ မြန်သင့်သည့် အချိန်တွေ တုန်းက အမြဲနှောင့်နှေးခဲ့၏။ နှေးကွေးရမည့် အချိန်ကျမှ အလောတ ကြီးလုပ်မိသည်တကား။ အချိန်ကို မတွက်တတ်သော သူ့အပြစ်ကို ဒေါသဖြစ်လာ၏။

မိန်းမယူသောအတတ်နှင့် ဆရာဝန်အတတ်တို့သည် မတူပါ တကားဟု သူ့စိတ်ကိုဖြေကာ မတ်တတ်ရပ်လိုက်စဉ်တွင် လှေကား ဘက်ဆီမှ ပြင်းထန်သော ခြေသံနှင့်အတူ ကိုကိုနိုင်ရော မွှေးပါ ဧည့်ခန်းသို့ ဝင်လာသည်ကို အတွတ် တွေ့ရ၏။

ကိုကိုနိုင်သည် အထူးပင် ရွှင်လန်းအားရဟန်ရှိကာ ဘယ် လက် တစ်ဘက်နှင့် မွှေး၏ပခုံးကို ပိုင်ပိုင်နိုင်နိုင်ဖက်၍ လျှောက်လာ သည်။ မွှေး၏မျက်နှာတွင်မူ ဘာမျှထူးထူးခြားခြား အသွင်ကို မတွေ့ ရရုံမက ကိုကိုနိုင့်အမူအရာကို အတွတ်လိုပင် နားမလည်ဟန်ရှိ၏။ ကိုကိုနိုင်သည် ညာလက်ထဲမှ စာတစ်အုပ်ကိုလည်း ကိုင်လာခဲ့သည်။





သူသည် ရုတ်တရက် အားရွှစွာရယ်လိုက်၍ မွှေးရော အတွတ်ပါ လန့်သွားသည်။

"မွှေး ဒီမှာ ထိုင်ဦး။ အတွတ်လဲ ထိုင်"

သူသည် မွှေးကို ယုယစွာထိုင်ခိုင်း၍ မွှေးအနားတွင် သူက ထိုင်လိုက်သည်။

"မွှေးကို ကိုကိုနိုင် တစ်သက်လုံး ကွာမပေးဘူးဆိုတာ ပြော မလို့"

အတွတ်က ပါးစပ်ဟသွားကာ မွှေး မျက်လုံးများကမူ အံ့သြ ဟန်ရှိသွားသည်။ ကိုကိုနိုင်သည် လက်ထဲမှ စာအုပ်ကို ဖွင့်ပြလိုက်လျှင် စာအုပ်ထဲတွင် ညနေက တွေ့ရသော ပန်းခြောက်လေး ထွက်လာ၏။

"ကျွန်တော်က စစ်ပိုလ်ပေမယ့် သိပ်စိတ်ကူးယဉ် တွယ်တာ တတ်တယ်။ ဒီပန်းခြောက်လေးဟာ ကျွန်တော် ဆယ်တန်းနှစ် ကတည်းက သိမ်းလာခဲ့တဲ့ ပိတောက်ပန်းခြောက်။ ပိတောက်ပန်းကို ကျုပ်က အမျိုးသားပန်းလို့ သဘောထားပြီး သိပ်မြတ်နိုးတဲ့အကောင်း၊ ပိတောက်ရနံ့ မွှေးလာရင် ကျုပ်ဟာ အားသစ်တွေအမြဲ ကြွလာခဲ့တယ်။ ဒီပိတောက်ပန်းဆက်ကို ခြောက်သွားချိန်မှာ စာအုပ်ကြားညှပ်ပြီး သိမ်းခဲ့ တယ်။ လွှင့်မပစ်ရက်ပါဘူး။ အနံ့လည်းမရှိ၊ အဆင်းလည်းမဲ့တဲ့ ပန်း ခြောက်ကိုတောင် မစွန့်ရက်တဲ့ ကျုပ်လိုကောင်က မွှေးကို စွန့်ပစ်ရမယ် ဆိုရင် ရာဇဝင်ရိုင်းလှတယ် အတွတ်"

အတွတ်သည် ယခုအခါ ပါဝင်စွက်ဖက်၍ မပြောသာပေ။



www.burmeseclassic.com

www.burmeseclassic.com



"မွေးကလည်း ကျုပ်အချစ်ကို စမ်းတာဖြစ်ချင်ဖြစ်မယ်။ ကိုကိုနိုင့်အနေနဲ့တော့ မွေးကို ကွာမပေးဘူး။ ဒီအိမ်ကြီးမှာ ကိုကိုနိုင့်မိန်းမ အဖြစ် မွေးရှိနေရင် ကိုကိုနိုင်ကျေနပ်ပြီ။ မွေးလုပ်ငန်းတွေမှာရော ကိုကိုနိုင်ဘာလို့ မကူနိုင်ရမှာလဲ။ အပြောင်းအလဲ မဖြစ်ကြဘဲနဲ့ ကိုယ်လုပ်ချင်တဲ့ လုပ်ငန်းတွေ အောင်မြင်ရင် သာပြီးမကောင်းဘူးလား"

ကိုကိုနိုင် စကားဆုံးလျှင် မွေးသည် ကိုကိုနိုင် ဖက်ထားသောလက်ကို ဖယ်လိုက်၏။ သူ့မျက်နှာသည် တည်ငြိမ်ဆဲပင် ဖြစ်ကာ ကိုကိုနိုင့်အပါးမှ ခွာရင်း အသံမှန်ဖြင့် စကားပြောလိုက်သည်။

"အပြောင်းအလဲကို မွေးက သာမဖြစ်စေချင်သေးတယ်။ အထူးသဖြင့် ကိုကိုနိုင့်အပေါ်ထားရှိတဲ့ သဘောထားကို သာပြီး မပြောင်းချင်သေးတယ်။ ဒါပေမယ့် ဒီအပြောင်းအလဲကို ဘယ်သူက ဖန်တီးခဲ့တာလဲ၊ ရှိပါစေတော့။ ဒါတွေ မွေးပြန်ပြီး ဘယ်သူ့အမှားရယ်ဆိုတာ စိစစ်မပြပါရစေနဲ့တော့။ အိမ်ထောင်ရဲ့သုခကို မပေးနိုင်တဲ့ မိန်းမတစ်ယောက် ဟာ ဘယ်လိုပဲ အခွင့်သာသာ ကိုယ်ကျိုးတစ်ခုတည်းကြည့်ပြီး တွယ်ကပ်ပေါင်းသင်းနေဖို့ မသင့်ဘူး။ တစ်ဘက်လူကိုလည်း ကြည့်ရမယ်။ တစ်ခုကလည်း မွေးဟာ ပိတောက်ပန်းမဟုတ်ဘူးလူ။ ပိတောက်ပန်းသာ ဗီရိုထဲမှာ အမြတ်တနိုးထားလို့ရမယ်။ လူဆိုတာ ကတော့ထားရာမှာ နေလို့မှနေချင်နေမယ်။ သူကိုယ်ပိုင် တွေးခေါ်မှုလေးတွေရှိမှာပဲ။ အခု ဆုံးဖြတ်တာဟာ မွေးကိုယ်ရေးအတွက် မဟုတ်ဘူး။ မွေးရဲ့ ကျေးဇူးရှင်အတွက်ပဲ။ မွေးကို လွှတ်လပ်ခွင့်ပေးကြပါတော့"





မွေးသည် နောက်ဆုံးစကားလုံးများကို ဟစ်အော်ပြောဆိုလိုက်ကာ လှေကားရှိရာသို့ ပြေးသွားတော့သည်။

* * *

နောက်နေ့ နံနက်စောစောတွင် မိုးများသည်းထန်စွာ ရွာကျနေကြလေသည်။ နံနက်ခင်း နေရောင်ခြည်ပင် ပြူထွက်မလာသေး၍ မှောင်ကျနေသလို ဖြစ်နေပေသည်။

အတွတ်၏ ကားလေးသည် ကိုကိုနိုင်တို့အိမ်၏ ဆင်ဝင်အောက်တွင် ရပ်လိုက်သည့် တစ်ပြိုင်နက် သံဆွဲတံခါးသည် ပွင့်၍လာသည်။ တံခါးဝတွင် မွေး၏နောက်မှ ကိုကိုနိုင် ထက်ချပ်ပါ၍ လာခဲ့သည်။ အတွတ်ရှိရာသို့ ကိုကိုနိုင်သည် ငုံ့၍တစ်ချက်ကြည့်ကာ နောက်ပိုင်းတံခါးကို မွေးအတွက် ဖွင့်ပေးလိုက်သည်။ မွေးသည် ရှောစောင်အညိုတစ်ထည်ကို ခြုံကာ ငြိမ်သက်စွာကားပေါ်သို့ တက်လိုက်၏။ ကားတံခါးကို ကိုကိုနိုင်သည် ဖြည်းညင်းစွာ ပိတ်ပေးကာ တံခါးဝတွင် ငြိမ်သက်စွာ ကျောက်ရုပ်ပမာ ရပ်နေသည်။ ကိုဘဆောင်တို့က ပစ္စည်းများကို ကား ထဲသို့ ထည့်လိုက်၏။

ကားသည် မိုးရေထဲသို့ လိမ့်ကာ မောင်းထွက်သွားတော့သည်။ အတွတ်သည် တစ်ဘက်မှ ကားမောင်းရင်း တစ်ဘက်မှ ကိုကိုနိုင်ကို လက်ဖော့ရမ်းကာ နှုတ်ဆက်လိုက်သည်။

ကိုကိုနိုင်က ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ မွေးသည် ကိုကိုနိုင်ရှိရာသို့ တစ်ချက်ငဲ့၍ကြည့်လိုက်၏။ သူ့မျက်လုံးရှိ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



များကြောင့်လား၊ ရှေ့တိုးနေသော ကားမှန်ကြောင့်လားမသိ၊ ကိုကိုနိုင်ကို သဲကွဲစွာမမြင်ရပေ။

မိုးမှာကား ပိုမိုသည်းထန်စွာ ရွာကျလာကာ လိမ့်၍ပြေးသွားသော ကားလေးပေါ်သို့ သွန်ကျလာကြသည်။

လက်မထပ်ရသည့်ပင် ရှိစေဦးတော့၊ ယခုလို ချစ်သော်သူနှင့် ရည်ရွယ်ချက်တစ်ခုတည်းကို အတူသွားရသည်မှာ အတွက်အတွက် စိတ်ပြေစရာပင်တည်း။

မိုးဖြိုင်ဖြိုင် ရွာသွန်းခဲ့သော ယခုလို အချိန်သို့ ရောက်ပြီဆိုလျှင် အတွက်နှင့် မွေးတို့ အတူတကွ မွေးဖွားလာခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်။

* * *

**ခင်နှင်းယု**



BURMESE CLASSIC .com

# "မွေး" စာပေတိုက်မှ

## ဆက်လက် ထွက်ရှိလာမည့် စာအုပ်များ

၁။ ပင်တိုင်စံမပျိုး (တတိယအကြိမ်)

၂။ ယောက်ျားတို့အကြောင်း (စတုတ္ထအကြိမ်)

၃။ မဆိုးမပုံပြင် (ဒုတိယအကြိမ်)

၄။ ဘဒ္ဒနဝတီ (ဒုတိယအကြိမ်)

၅။ ပိုးခန်းဆီးနောက်မှငရဲခန်း (တတိယအကြိမ်)

၆။ လမင်းကြီး သာစမ်းပါ (စတုတ္ထအကြိမ်)

၇။ ပုံပြောကောင်းသော မိန်းကလေး (တတိယအကြိမ်)

၈။ သခွတ်ပန်း (ဆဋ္ဌမအကြိမ်)

၉။ သပြေ (စတုတ္ထအကြိမ်)

၁၀။ ဘုရင်ခံ မလိုချင်ပေါင် (တတိယအကြိမ်)

စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၏စာအုပ်များကို အမြတ်တနိုး စုဆောင်းသိမ်းဆည်းထားရှိလိုသူများ "မွေးစာပေ"သို့ ဆက်သွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## မွေးစာပေတိုက်တွင် ရရှိနိုင်သည့်စာအုပ်များ

(၁) ကြေးမုံရိပ်သွင်နှင့် အခြားဝတ္ထုတိုများ

ကြေးမုံ(သို့မဟုတ်)မှန်ပြင်ဟာ သူ့ပတ်ဝန်းကျင်ရဲ့ အဆင်းအသွင် အကျည်းတန် အရုပ်ဆိုးတာတွေရော အလှအပတွေကိုရော အထင်းသားပေါ်လွင်စေသလို စာရေးသူတစ်ယောက်ရဲ့ စာမျက်နှာလည်း သူ့ခေတ်ရဲ့အလှအပရော အကျည်းတန်တာတွေရော အားလုံးကို မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မစာအုပ်ကို "ကြေးမုံရိပ်သွင်"လို့ နာမည်ပေးခဲ့ပါတယ်။ (ခွင့်ပြုမှတ်-၅၀၀၇၁၃၀၆၀၅)

(၂) လာခြင်းကောင်းသောလူကလေးနှင့်မောင်မျိုးမင်း နိုးကြားလာခြင်း။

'မြေးကိုချစ်တာဟာ ရည်းစားဦးချစ်တာနဲ့တောင်မတူဘူးဗျနော်' ဆိုသွားရှာတဲ့ ဆရာဦးသော်တာဆွေရဲ့မှတ်ချက်၊ 'မြေးကိုချစ်တာ စာဖွဲ့ပါဦးလား'ဟု ဆရာမကြီးဂျာနယ်ကျော်မမလေးတို့ရဲ့ အကြံပေးမှုနှင့်အခြားသောကျေးဇူးရှိသူများကို ဦးညွှတ်လျက် ရေးသားပြုစုခဲ့သော မြေးဦးကျော်ကျော်ဝင်းနှင့်မြေးငယ် မောင်မျိုးမင်းတို့အကြောင်း။

မြေးကိုချစ်သော ဘွားဘွားများနှင့်
ချစ်လှစွာသော လူကလေးများ အထူးဖတ်ရှုရန်...။
(ခွင့်ပြုမှတ်-၅၀၀၄၈၅၀၅၀၇)

(၃) မင်းထင်စည်

မြွေဟောက်မြွေဆိုးအဆိပ်က အပေါက်ခံရသူကိုသာ သင့်သည်။ လောဘကိုမသတ်နိုင်၍ သိက္ခာမရှိသော မိန်းမကအဆိပ်က မြွေနှင့်မတူ။ သိပ္ပံပညာရှင်တို့က ဖန်တီးသော အနုမြူရောင်ခြည်နှင့်တူသည်။ မသုံးတတ်၊ အထိန်းမတတ်လျှင် ပတ်ဝန်းကျင်တစ်ခုလုံးကို အဆိပ်ငွေ့တဖြည်းဖြည်းသင့်တတ်သည်။

သူ့ဘဝတွင် အိမ်ထောင်ရေးအခက်ကြုံရ၍ အရက်နှင့်မေ့ကွက်ရှာသူ ပညာရှိပါမောက္ခတစ်ဦးအကြောင်း၊ နောက်ဆုံးအမှတ်တရ ပရဟိတကျောင်းတည်ထောင်ရာ၊ ထိုကျောင်း၏အမည်မှာ...
(ခွင့်ပြုမှတ်-၅၀၁၀၄၁၀၈၀၇)

BURMESE CLASSIC .com

www.burmeseclassic.com